
www.burmeseclassic.com



www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဒေါ်ခိုင်လှဦး (၀၁၆၆၁)
ရွှေငွေဝိုင်းစာပေ၊ အမှတ်(၃၉)၊ ၄၄-လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်း/ - ဒေါ်နွဲ့နွဲ့ရီ (၀၀၇၁၁)
အဖုံးပုံနှိပ်သူ ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၆၆)၊ ပြည်တော်အေးလမ်း၊
လေးထောင့်တန်းရပ်ကွက်၊ သဃ်္ဃန်းကျွန်း၊
ရန်ကုန်မြို့။

အကြိမ် - ပထမအကြိမ်
၂၀၁၆ ခုနှစ်၊ မေလ

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၅၀၀/-

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

သျှင်မ ၈၉၅.၈၃
ကိုယ်တည်ဆောက်မယ့်ကမ္ဘာ/ သျှင်မ၊
ရန်ကုန်။ ရွှေညာဏ်လင်းစာပေ၊ ၂၀၁၆။
၃၄၄ စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။
(၁) ကိုယ်တည်ဆောက်မယ့်ကမ္ဘာ




အခန်း (၁)

"အပြင်မှာတွေ့ရအောင် .."
"အင်း .. အဲဒါက .."
"ဒက် .. ဒက် .. ဒက် .."

ကောင်မလေးလက် လှုပ်သွားတဲ့အတိုင်း သူငယ်ချင်းတွေက ဒက်.. ဒက် .. ဒက်လို့ အသံထွက် အသိအမှတ်ပြုကြ၏။

ပြီးတော့ မော်နီတာမှာ ရောက်ရောက်လာသည့် စာတွေကို ခေါင်းတွေစုပြုံတိုးကြည့်ကြပြီး ...၊

"ဘာလဲ ပတ်ပြေးနေတာလား .."
"မဟုတ်ပါဘူး .. အဲဒါက .."
"ဒက် .. ဒက် .. ဒက် .."

သုံးယောက်သံကြီးမို့ ကျောလေးကော့သွားကာ နားငြီးသလိုနားကို ကလိပြလည်းမရ ...။

"လုပ်ပါ .. တစ်နေရာမှာပေါ့ .."
"အဲ့ဒါက .."
"ဒက် .. ဒက် .. ဒက် .."
"အပြင်ထွက်ဖို့ဆို သိပ်မလွယ်ဘူး .. ဆော်ရီးနော် .."

www.burmeseclassic.com



"ဒက် .. ဒက် .. ဒက် .."

"ကျွတ် .."

"ဟိုမှာရောက်လာပြီ .. ပြန်ပို့မှာပို့စမ်းပါ .."

နားငြီးတယ်လို့ပြန်အော်ဖို့တောင် အော်ခွင့်မပေးဘဲ စာရိုက်ဖို့အတင်းတွန်းထိုးနှိုးဆော်၏။ စော်တော်ချစ်ဖို့ကောင်းတဲ့ သူငယ်ချင်းတွေပါလား ..။

"ကောင်မလေး .."

"ဟင် .."

"တို့ကတော့ အရိပ်ပျောက်ရည်းစားထားတာ ဝါသနာမပါဘူး .."

"အဲ့လိုတော့ မဟုတ်ဝါဘူး .. ဒါပေမယ့် .."

"ဒက် .. ဒက် .. ဒက် .."

"ကဲ .. ဘော်ကြပါတော့ .. နားငြီးလို့သေတော့မယ် .."

ကွန်ပျူတာရှေ့ကနေ အတင်းတွန်းဖယ်ထရပ်လိုက်ပြီး ကောင်မလေးလက်ရောခြေရောခါ၍ အော်ပစ်၏။

သူမတို့ကလည်း အားကျမခံ ..။

"ဩော် .. ရှင်ကတော့ ဘာမှပြန်မဖြေဘဲ ဒေါ့ဒေါ့ဒေါ့တွေချည်းပဲအက်စထရာတွေလုပ်နေတာလေ .."

"အဲ့ဒါ ဘာဖြစ်လဲ .. ကိုယ့်ဇီလင်နဲ့ကိုယ် .."

"ဟုတ်တယ် .. ဘယ်တော့မှ အဆုံးသတ်မပြောချင်တဲ့ဇီလင် .."

"ဘာဖြစ်လဲ .."

"ဘာမှမဖြစ်ဘူး .. ရှင်နဲ့ပြောနေတာ တက်သစ်စနာမည်ကျော်အဆိုတော် .."

"အဲ့ဒါရော ဘာဖြစ်လဲ .."

"ကျုပ်တို့လည်း စိတ်ဝင်စားလို့ပေါ့ .."

"ငါ ဝင်စားတာ ဒီလောက်ပဲ .."

"ဟယ် .. ကြည့်စမ်း .."



"မကောက်နိုင်ဘူး .."

ကောင်မလေးက ကွန်ပျူတာရှေ့ကို ပြန်ထိုင်မယ့်ပုံမရှိတော့ဘဲ ဘီးကွန့်လက်ခါနှင့် ထွက်သွား၏။ ပြီးတော့ သွားလေရာတောက်လျှောက်မှာ အော်ပြောသွားတာက ပွဲတင်ထပ်အောင်ကျယ်လောင်လျက် ..။

"ထိုင်ချက်နေရတော့ ကွန်ပျူတာ ဒက်စတော့(ပ်)က ဟန်းနေပြီ၊ ဆယ်တွေက သံစုံမြည်နေရတဲ့အထဲ ကျောနောက်က ဟာမိုနီလိုက်နေတာတွေက သာယာနာပျော်ဖွယ်မရှိဘူး .."

"အောင်မယ်လေး .. အခု လောလောဆယ် သာသာနာပျော်ဖွယ်ဖြစ်နေတဲ့ အသံက ဒီကောင်မလေးမှ ဟုတ်ရဲ့လားဟ .."

အယ် ..။

ကောင်မလေး တုံ့ခနဲရပ်သွားသည်။ ပြီးတော့ လိုက်ကာစကြားထဲလှစ်ခနဲပြေးဝင်ပုန်းလိုက်၏။

"လှလွန်း ရေ .. အောင်မယ်လေး ငါ့နားကွဲတော့မယ်၊ ဘယ်မှာလဲလှလွန်း .."

"ရှန် ... တီလေး .. လာပြီ .."

လှလွန်း ပြေးလာပုံကို ဒေါ်ငြိမ်းချမ်း က ရှုံ့ရှုံ့မဲ့မဲ့ကြည့်နေလျက်နောက်မှာ မျောက်သေရုပ်လေးတွေနဲ့ ရုပ်ကျုန်ခဲ့ကြသည့်နှစ်ယောက်ကိုလည်းမြင်ကာ ..။

"အဲ့ဒီထဲမှာ ဘာဝင်လုပ်နေကြတာလဲ .."

"ဟို .. ကွန်ပျူတာ .."

"ဘာ ..."

"အောင်မယ်လေး .. လန့်လိုက်တာ တီလေးရယ် .."

ဒေါ်ငြိမ်းချမ်း က ဝတုတ်ထွားကျိုင်းနေသလောက် လှလွန်းခင် ကသေးကပ်ကပ်ပိန်ညှောင်ညှောင်လေးဖြစ်၏။ လှဝသလောက် ဒေါ်ငြိမ်းချမ်းရဲ့အသံ ကျယ်သလို လန့်ပဲလန့်နိုင်လွန်းတာလည်းလဲ လှလွန်းခင် ပဲဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ညည်းလေးက ကျူပ်သားရဲ့ ကွန်ပျူတာကို ဝင်ဆော့တယ် ဟုတ်လား .."

"ဆော့တာမဟုတ်ပါဘူး .."

"မဆော့ရင် ဘာလဲ .. ဘယ်မှာလဲ ဟိုတစ်ယောက် .."

"ဟင် .. ဘယ်တစ်ယောက်လဲ .."

"ဒီကောင်မလေး ဖြေ .. ဖျောက်မှုးလဲ မမ၊ ငါ သေချာကိုကြားလိုက်တယ်၊ ငါ့သားရဲ့ ကွန်ပျူတာကိုများ သင်းက ဟန်းနေသလေး ဘာလေးနဲ့ .."

သေစမ်း .. ဒီမိန်းမ ..၊

လှလွှန်း ရှုံ့မဲ့သွားရင်း ကောင်မလေးကိုပဲ ကျိန်ဆဲနေမိ၏။ သူများအတင်းအဖျင်းပြောတာ ဒီလောက်တောင် ခုနစ်သံချီဟစ်ပြီးတော့ ..၊

"အခုလေးတင် ခေါင်မိုးပွင့်အောင် အော်နေသေးတာ၊ ဘယ်မှာလဲ ဘယ်ရောက်သွားလဲ .."

"တီလေးရယ် .. တီလေးတစ်ယောက်လုံးရှိနေတာတောင် ခေါင်မိုးမပွင့်ခဲ့ဘဲနဲ့ .."

"ဘာပြောလိုက်တယ် .."

"ဖြည်းဖြည်းအော်ပါဆို .."

လှလွှန်း နားလေးတစ်ဖက်ကိုလက်နဲ့ ဖိကပ်ပိတ်ရင်း ရှုံ့ရှုံ့မဲ့မဲ့နှင့် ..၊

"တီလေးက တကယ်ပါပဲ .."

"ဘာတကယ်တာလဲ .. ညည်းလေးက အဒေါ်ကို အသံပြဲတယ်လို့ ပြောလိုက်တာလေ .."

"မဟုတ်ပါဘူး .. တီလေးလည်း အော်ပြောနေကျပဲဥစ္စာ .."

တူဝရီး ရန်ဖြစ်နေကြတာကို အခွင့်ကောင်းယူကာ ဖြူစင် နဲ့ ပုံရိပ်တို့ အသာလေးလစ်ထွက်ဖို့ခြေဖျားထောက်၍ အသက်အောင့်လျှောက်လာကြ၏။

တံခါးမကြီးဘက်ကို အောင်မြင်စွာ မျက်နှာမူပြီးကာမှ ..၊



"ဟိုနှစ်ယောက် .."

အယ် ..၊

သေလိုက်စမ်းတော့ ..၊

ကိုယ်လေးတွေ တုန်ခနဲဖြစ်သွားကာ မျက်နှာတွေမှာ သံပုရာသီးအလုံးလိုက် ဝါးမိသလို ရှုံ့တွပျက်ကျအောင် ဖြစ်ကုန်သော်လည်း ..၊

"ရှင် .. တီလေး .."

"အဟွန်း .."

"ဘာလဲ .. အသာလေးထွက်ပြေးဖို့ ကြံနေတာလား .."

"ဟင့်အင်း .."

"မဟုတ်ပါဘူး .. ဟိုလေ .. အိမ်ကကားရောက်နေပြီလားလို့ ထွက်ထွက်ကြည့်တာ .."

"မရောက်ဘူး .. ရောက်လာလည်း ပြန်သွားလို့မရဘူး၊ ညည်းတို့အုပ်စုတွေ တစ်နေ့လယ်လုံးသောင်းကျန်းမွှေနှောက်ထားကြတာတွေ ရှင်းသွားကြ .."

"တီလေးကလည်း ဧည့်သည်ကို .."

လှလွှန်း က သူငယ်ချင်းတွေကို ဖေးဖေးမမပြောပေးဖို့ကြိုးစားသော်လည်း ..၊

"ဧည့်သည်လို့မပြောနဲ့ အဲဒီဧည့်သည်တွေက ဖိတ်ဖိတ်မဖိတ်ဖိတ်လာတယ်၊ ပြန်ချင်ရင်ထပြန်သွားတယ်၊ ဒါကြောင့် ဧည့်သည်ကိုလည်း လုပ်ချင်ချင် မချင်ချင်ခိုင်းရမှာလဲ .. အိပ်ခန်းထဲမှာရော ဧည့်ခန်းမှာရော အခု အဲဒီအခန်း .."

ဒေါ်ငြိမ်းချမ်း က ကွန်ပျူတာရှိသည့်အခန်းထဲကို လက်ညှိုးထိုးပြီးမှ ချက်ချင်းပြန်ခေါင်းခါသည်။

"အဲ့ဒီထဲကို ထပ်မဝင်ကြနဲ့တော့၊ တော်ကြာ ရွှေနုံးပေ လာမှနိုင်းလိုက်မယ် .."

"တီလေးကို အဲဒါပြောတာ .. ဒေါ်ကြီးရွှေ လာရင် သိမ်းမှာပဲဟာ

www.burmeseclassic.com



သမီးတို့ မနက်ဖြန်သင်တန်းမှာ စာမေးပွဲရှိတယ် ..”

“အဲဒါကြောင့် လိုင်းပေါ်တက်ပြီး ကလိထိုးနေကြတာပေါ့ ..”

“မထိုးပါဘူး .. ဟို .. လိုချင်တာရှိလို့ ဒေါင်းလုတ်(ထ်)ဆွဲနေတာ..”

“တော် .. တော် .. ငါ ဒီလောက် မတုံးသေးဘူး၊ တွေ့လား .. ခုထိ ချောက်မှုံးလဲလေး ထွက်မလာသေးဘူး ..”

ဒေါ်ငြိမ်းချမ်း သာ မကအဲ့ သူမတို့အားလုံး ကောင်မလေး ကို လိုက်ရှာမိကြ၏။ ခေါင်းတွေသာ ပလုတ်တုတ်ဖြစ်သွားသည်။ တွေ့လည်းမတွေ့ .. ဘာသံမှလည်း မကြား ..။

“သွားကြ .. အမှိုက်တွေလိုက်ကောက်၊ ဆေးကြောရမယ့်ပန်းကန်တွေရှိရင် ထပ်ပြီး ဘေစင်မှာ သွားတင်ထား ..၊ အမှိုက်လှဲတဲ့သူကလဲ..”

“တီလေး ..”

“ပြော ..”

“သမီးတို့ ကြမ်းတော့ မတိုက်ရဘူးမို့လားဟင် ..”

“မတိုက်ရဘူး .. ကြမ်းက နေ့တိုင်းတိုက်နေရင် ပါကေးတွေပွန်းပြီး အလှပျက်မယ် ..”

“ကျေးဇူးပါ ပါကေး ..”

“ဘာရယ်!...”

“ဟင် .. ဘာမှမဟုတ်ဘူး တီလေး၊ သူ့ကိုပြောတာ .. အဟွန်းလက်သည်းရှည်တွေနဲ့ ခူးလိမ့်မယ်လို့ ..”

ဒေါ်ငြိမ်းချမ်း က ဝတုတ်နေသည့်ကိုယ်ခန္ဓာကြီးကိုသယ်ကာ တလှုပ်လှုပ်ထွက်သွား၏။ ဖြူစင် တို့ လှလွန်း နား ပြေးကပ်လိုက်ကြတာ ..၊

“လေး ရော ..”

“မသိဘူး .. သူ့ဘာသာ ခုနစ်သံချြည်ဟစ်ပြီး ထွက်သွားတာ၊ တီလေးနဲ့ တိုးလို့ ပြေးပုန်းလိုက်တာနေမှာပေါ့ ..”

“ဟုတ်ပဟယ် .. ငါတို့များ လေး လို မလျင်ဘူး ..”



“နင်တို့ကလည်း နောက်ကို စားစရာတွေဝယ်လာရင် တီလေး မြင်အောင် ယူမလာကြနဲ့ ..”

“နာခံပါ့မယ် ..”

“ပြီးတော့ ပါလာတာနဲ့စားကြရင် ပြီးပြီ၊ ပန်းကန်တွေယူပြီး လှယ်ထည့်တော့ ငါတို့ရဲ့ စားသောက်မြင်းက ကြီးမားကျယ်ပြန့်သွားတာပေါ့ ပန်းကန်တွေပါ မဆေးနိုင်းတာ ကံကောင်း ..”

“နောက်ဆို ဒီလိုမလုပ်တော့ဘူး ..”

ဖြူစင် က ခေါင်းလေးတခါခါနှင့် နားဆွဲလေးက တလှုပ်လှုပ်..၊

ပုံရိပ်က စကားများလျှင် တလစ်များတတ်ပေမယ့် အလုပ်ကျတော့ အပြောနည်းပြီး အလုပ်ကို သိမ်းကျုံးလုပ်တတ်သူဖြစ်သည်။

သူမပဲ အရင် အမှိုက်တွေလိုက်ကောက်ကာ ..၊

“ကဲ .. လုပ်စရာရှိတာလုပ်ကြနော် .. လေး ကို ရှာမနေနဲ့၊ ငါသိတယ် .. ခုလောက်ဆို အခန်းတစ်ခုခုထဲမှာ အကျအနနပ်နေပြီ ..”

“ဘယ်အခန်းလို့ထင်လဲ ..”

“စားစရာတွေ အဆင့်သင့်ရှိနေမယ့် အခန်း ..”

ဟင် !...၊

လှလွန်း ခေါင်းထောင်သွားသည်။

လေး .. တီလေးအခန်းထဲရောက်နေပြီလား ..၊

“လှလွန်း ..”

“ဟင် ..”

“ဟုတ်ပါ့မလား ..”

“ဟုတ် .. ဟုတ်နဲ့ မြည်နေကာ ..”

လှလွန်း တံမြက်စည်းကိုင်ပြီးမှ ပြန်လွှတ်ချကာ ..၊

“ငါ သွားခေါ်မှ တော်ကြာ မိုးမီးလောင်မယ် ..”

ကိုကိုကြီး ပြန်လာတာနဲ့တိုးလျှင် တီလေးနဲ့ ကိုကိုကြီးရဲ့ အင်အားကို နာဂစ်တောင်မီမည်မထင် ..။

www.burmeseclassic.com

www.burmeseclassic.com



"သွား … သွား … ငါတို့လုပ်ထားလိုက်မယ် …"

ဟင် …၊

ခေါင်းမြီးချမ်း ဘွားခနဲပေါ်လာသဖြင့် လှလွန်း နေရာမှာတင် ရပ်လိုက်ကာ …၊

"သမီး ရေအိမ်သွားချင်လို့ …"

"ရေအိမ် မအားဘူး …"

"ဘယ်သူဝင်နေလို့လဲ တီလေးရဲ့ …"

"ဘယ်သူမှ ဝင်မနေဘူး … မနက်တည်းက ရေချလို့မရတော့ ရေအိမ်တစ်လုံးလုံးပြည့်နေလို့ …"

လှလွန်း နှာခေါင်းလေးရှုံ့သွားသည်။ ပြီးမှ …၊

"ဒါဆို … တီလေးအခန်းထဲမှာ ရမှာပေါ့ …"

"ကျုပ်အခန်းက မနေ့တည်းက သုံးမရတာလေ မသိဘူးလား …၊ ရေမလာတာ နှစ်ရက်ရှိပြီ ဒီညနေမှ ပိုက်သမားခေါ်ပြီး ပိုက်တွေစစ်နိုင်းရမှာ … ညည်း ကိုကြီး အခန်းထဲက ရေအိမ်တစ်လုံးပဲ သုံးလို့ရတယ်…"

အပေါ်အိပ်ခန်းတွေမှာ ဘယ်မှာမှ သုံးမရတာ လှလွန်း တကယ်မသိပေ …။ အောက်ထပ်မှာတော့ အဆင်ပြေနေသားမို့ …၊

"အောက်မှာပဲ သွားပေါ့ … ဘာလုပ်ဖို့လဲ …"

"ဟုတ် …"

ခေါင်းမြီးချမ်း လှည့်ထွက်သွားတော့လည်း နောက်ကလိုက်ကြည့်ပြီး လှလွန်း မျက်လုံးပြူးနေ၏။ မီးဖိုချောင်ကိုမသွားဘဲ အိပ်ခန်းဆီကို တန်းတန်းမတ်မတ် …။

ဒီကိုယ်လုံးကြီးနဲ့ လှေကားပေါ်တက်နေတာကို သူမ အသာလေး ဆွဲတက်သွားလို့ရပေမယ့် အကြောင်းပြချက်ကမရှိ …။

"တီလေးအခန်းထဲရောက်နေရင်တော့ မလေး တစ်ယောက်ဆူခံထိပြီ …"

"ရောက်စရာလား …"

ဟင် !…၊



ရေကူးကန်ဘက်က မှန်ချပ်ကိုကာထားသည့် လိုက်ကာကြီး နောက်က ကောင်မလေး ထွက်လာတာစပ်ဖြဲဖြဲမျက်နှာလေးနှင့် …၊

"နင် အဲဒီထဲဝင်ပုန်းနေတာ …"

"ဟုတ်တယ် … ခုမှ တီလေး တကယ်အပေါ်တက်သွားတာမို့လို့ ခုမှ ထွက်လာရတာ …"

"အေးပါ … ပြဿနာကို လက်ပစ်ဖုံးခဲ့ရုံပြီး ဖြစ်ပြီဆို သူက အလွတ်…"

"ဘယ်မှာ ဖုံးခဲ့လို့လဲ … တီလေးကိုက အိုးကြီးသလောက် …"

"ဘာ … ဘာရယ် …"

"လေအိုးကြီးတာပြောတာ …"

နှုတ်ခမ်းလေးမဲ့နေပြီး ဆိုဖာပေါ်မှာ အိခနဲပစ်ထိုင်ချလိုက်၏။

"ကဲ … လုပ်ကြ မြန်မြန် …"

"ဘာ …"

"အံမာ … ရှင်ကရော …"

"လာမယ်လေ … ရှင်းရမှာက သုံးနေရာတောင် …"

"ငါတို့က သုံးယောက်နေရာယူပြီးပြီဆိုတော့ နင်က ဘယ်မှာလဲ…"

"သုံးယောက်စလုံးကိုကူမှာပေါ့ … အခု ခဏလေးပဲ …"

ပြောပြောဆိုဆို အိတ်လေးပြေးယူပြီး ဖုန်းထုတ်ယူသည်။ စားပွဲပေါ်မှာ သေချာချလိုက်ပြီး …၊

"ငါ ဒီဂိမ်းကိုမနိုင်ရင် ဘာမှ အာရုံစိုက်လို့ရမှာမဟုတ်ဘူး …"

"ဂိမ်းကလွဲပြီး အာရုံစိုက်ဖူးတာရောရှိလို့လား …"

"အေးလေ … နေ့ခွဲသစ်လေး နမျောစရာ …"

နေ့ခွဲသစ် က ချောလည်းချောသည်။ အောင်မြင်နေသည့် အဆိုတော်မို့ သူမတို့ကတော့ ကိုယ့်သူငယ်ချင်းလေးက မူပိုင်ရှင်ဖြစ်သွားတော့မည်၏။

ဒါပေမယ့် ကောင်မလေး ကတော့ ဂရုစိုက်ရမှန်းလည်း မသိ …၊ သူမရဲ့ ဖေးဗရေ့(ထ်)အဖြစ်ဆုံးက ဂိမ်းပဲဖြစ်၏။

လှလွန်း တို့ မောင်နှမက အဒေါ်အပျိုကြီးနဲ့ နေကြရကာ တောင်

www.burmeseclassic.com

www.burmeseclassic.com



မလေးကတော့ အဘိုးတစ်ယောက်ပဲရှိသည့်အဖြစ်မှာ အဒေါ်ဝမ်းကွဲကလည်း မော်ဒယ်လ်အေဂျင်စီတစ်ခုက အတွင်းရေးမှူးဖြစ်၏။

လှလွန်း နဲ့ ကောင်မလေး တို့က မိဘမဲ့ခြင်းလည်းတူကာ ...၊

ကောင်မလေး ရဲ့အမေက လှလွန်း တို့အဖေရဲ့ ယောက်ဖဘက်က ဆွေမျိုးတော်နေသေးသည်။ သေချာတွက်ကြည့်လျှင် သွေးသားမတော်ပေမယ့် ဆွေမျိုးစပ်လို့တော်ရနိုင်သေး၏။

ထို့ကြောင့် သူငယ်ချင်းလေးယောက်ထဲမှာ လှလွန်း နဲ့ ကောင်မလေး က ညီအစ်မသဖွယ်ရင်းနှီးချစ်ခင်နေကြကာ ဖြူစင် တို့ကလည်း ထိုနည်းအတိုင်း ရင်းနှီးခဲ့ကြတာဖြစ်၏။

ထို့ပြင် ကောင်မလေး က သူမတို့အုပ်စုထဲမှာ အလှဆုံး ...၊

ရယ်လိုက်တိုင်း ပါးချိုင့်ရာလေး ရေးရေးထင်လျက် မျက်တောင်များလေးတွေပင့်ကပ်ပေါ်လွင်သွားတဲ့အထိ နှစ်ခြိုက်စွာရယ်လျှင် အလှဆုံး ...။

သူမက ရည်းစားထားရခြင်းကို အပျင်းပြေရာသီဟု သတ်မှတ်ကာ ဂိမ်းဆော့နေတဲ့အချိန်ကမှ တန်ဖိုးကြီးသည်လို့လည်း ပြောတတ်၏။

ဒါဆို နင့်အတွက် ဘာအရေးကြီးဆုံးလဲမေးရင်တော့ ...၊

ဏ



အခန်း (၂)

"ဖုန်းပြောပြီး ပုခက်ထဲ ပြန်မထည့်ဘဲ ဆားမှာချခဲ့တယ်တဲ့ .."

"ခိုးပြောနေတုန်း အဲဒီတီလေးကအသံပြဲကြီးနဲ့လာတော့ ချပစ်ခဲ့တာပေါ့ .."

"ပဲကြာဇံသုပ်တယ်၊ ကြာဇံဟင်းခါးထပ်ချက်တယ်၊ ညနေကျတော့ လမ်းထိပ်မှာ ကြက်ကင်ထွက်ဝယ်စားတာတွေရော အိမ်မှာ ဘယ်ဟာမှ မကုန်ဘဲ အကုန်ပိုးလိုးပက်လက်ပဲတဲ့ .."

"ဘိုးဘိုးကလည်း စားချင်လို့လုပ်တာပဲဟာ .. လုပ်တာနဲ့ပဲ ကုန်အောင်စားရမှာလားလို့ .."

"အဆိုးဆုံးက ရေကူးကန်ထဲမှာ ကြက်ကင်တွေစားပြီး .."

"ဟား .. အများကြီးပဲ ဘိုးဘိုးရာ .."

"မြေးက အများကြီးလုပ်ခဲ့တာလေ၊ အလိုလိုမှ မယ်ငြိမ်း က အစတည်းက ပူစဝ်စပ်ရယ် .."

"ပူမှန်းသိလည်း လေး ကိုပဲ ဘာလို့ဆူနေတာလဲ .. အဲဒီတစ်ယောက်အရမ်းကို အတိုင်းအတောထူတာပဲ .."

"အေး .. နောက်ဆိုရင် မြေးကို အိမ်ဝကနေ မောင်းထုတ်လိုက်မယ်.."

"ဘယ်တော့မှ မထုတ်ဘူး .."

www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်က တလှုပ်လှုပ်နှင့် ဂိမ်းဆော့နေတာ လက်နှစ်ဖက်စလုံး မအားနိုင် .. ပြီးတော့၊ အားခနဲအော်ကာ ရှုံ့မဲ့သွားလျက် ..၊

"သွားပြီ .. ဘိုးဘိုး ကွိုင်ပူနေတာနဲ့ ရှုံးပြီ .."

"ကဲ .. ရှုံးရင်လည်း အဲဒါကိုချထားလိုက်တော့၊ ဖုန်းကိုင်ထားလည်းဂိမ်း .. ကွန်ပျူတာရှေ့ ရောက်လည်းဂိမ်း၊ သူများအိမ်မှာတောင် ဟိုက ကွန်ပျူတာကိုဝင်ဆော့ပြီး နှင်သလေး ယောင်းသလေးပြောခဲ့သေးဆို .."

ကောင်မလေးက လက်ကိုင်ကိုဘေးမှာချထားလိုက်ပြီး ဘိုးအေ ဖြစ်သူဘက်ကို တစ်ကိုယ်လုံး မြောက်ခနဲကြွသွားအောင်လှည့်ထိုင်၏။

"ဘိုးဘိုးပဲ စဉ်းစားကြည့် .."

"အင်း .. ပြော .. ပြော .."

"ကွန်ပျူတာကြီးက ဟန်းနေပြီ၊ အင်တာနက်တပ်ထားပြီး တစ်ခုခု လေးလုပ်ဖို့ဆို ဖျာလိပ်ပိုက်ပြီး စောင့်ရတယ် .."

"အဲဒီတော့ .."

"အဲ့ဒီတစ်ခုခုလေးလုပ်နေလို့ ကြာနေပြီဆို .. တီလေးက ပွားပြီ.."

"ဘာပွားတာတုံး .."

"ပွစိပွစိ မြည်တွန်တောက်တီးနေတာလေ .."

"သြော် .. အင်း .."

"ကုပ်စီးကပ်လိုက်တာဆိုတာ ကွန်ပျူတာဖွင့်လည်း ဖွင့်ပြန်ပြီ၊ စားစရာလေးလက်ကျန်မြင်လည်း မကုန်နိုင်မခမ်းနိုင် ဘာညာ .."

"မြေးကရော ဘာဖြစ်လို့လဲ အဲဒီမှာပဲ ဒါတွေသွားသွားလုပ်နေတာလဲ၊ အိမ်မှာလည်း ရေကူးကန်ရှိတယ်၊ သူတို့ကန်ကမှ ပေနှစ်ဆယ်လောက်ပဲရှိတာ .. မြေးမှာ သုံးဆယ်လေးဆယ်ကန်ကြီးနဲ့လေ .."

"ဘိုးဘိုးကလည်း လေး တစ်ယောက်တည်း .."

"သူငယ်ချင်းတွေကို ခေါ်ပေါ့ မြေးရဲ့ .. သူတို့တွေကို ဟိုအိမ်မခေါ် ပဲ့ဒီခေါ်လိုက်ရင် ရတာပဲ .."



"ဘိုးဘိုးက ဒါပဲသိတာ .."

"မြေးက ဘာတွေပိုသိလို့တုံး .."

"ပြောပြမယ်လေ .. ဘိုးဘိုးက နေရာတကာရဲ့အမွှန်ကျကျမှာ အိမ်ရာဝင်းကြီးတစ်ခုလို လို ်ုရေးတွေဘာတွေနဲ့ .."

"အဲဒါ ပိုမကောင်းဘူးလား .."

"မကောင်းပါဘူး .. လှလွန်း တို့ကျတော့ တိုက်ကြီးကလည်း လှတယ်၊ ပြီးတော့ ကျောင်းနားနီး ဈေးနားနီး ရေမီးအစုံနဲ့ .."

"မြေးရယ် .."

"ဘိုးဘိုးရယ် .. နေရာတကာမှာ ခမ်းနားထည်ဝါမှုတွေကို စားသုံးနေလို့မရတော့ဘူးဆိုတာ လေး ပြောတော့ ဘိုးဘိုးမှ လက်မခံဘဲ .."

"ဖြစ်ရလေ .."

"လေး တကယ်ပြောတာနော် .. အခု ယောဒိနန်းတော်ကြီး ဘယ်လောက်ခမ်းနားနေနေ လေး အတွက် ဘာမှမှမဟုတ်တာ .."

"အဲဒါ မြေးက ကလေးလို လွတ်လပ်ချင်တဲ့စိတ်နဲ့ ကြည့်တာကိုး၊ တစ်ခါတလေ အကျဉ်းထောင်ကြီးလို့တောင် ထင်နိုင်သေးတယ်၊ ဒါကြောင့်လည်း မြေးကို နေရာတကာ ဘိုးဘိုး မချုပ်ချယ်ခဲ့တာပေါ့ .."

"မချုပ်ချယ်လက်စနဲ့ တီလေးတို့ ဘာပဲတိုင်တိုင် ခေါ်င်းထဲ မထည့်နဲ့ ဘိုးဘိုးရာ .."

"ဘာ .. ဘယ်လို .."

"ဒီဘက်နားကဝင်လာရင် .. ဟိုဘက်နားက ထုတ်ပစ်လိုက် .."

"သြော် .. သြော် .. ဘိုးဘိုးကို သင်ပေးနေတာ .."

"ပြောပြတာပါ .. လေး ရဲ့ ဘိုးဘိုးက သူတို့လိုမဟုတ်ဘူးလေ၊ တိတ်ဆိတ်နေတဲ့နေရာမှာ တရားနှလုံးသွင်းပြီး အေးအေးချမ်းချမ်း နေတာ .."

"အဲဒါကို စိတ်အနှောင့်အယှက်မဖြစ်အောင် မြေးက ပြီး၊ရမှာပေါ့ .."

"လိမ္မာတယ်လေ ဘိုးဘိုးရဲ့ .. လှလွန်း ဆီ သွားလည်တာပဲရှိတာ

www.burmeseclassic.com

www.burmeseclassic.com



လေး ဘာများဆိုးခဲ့လို့လဲ ..."

ဦးသော်တာ ခပ်ပြုံးပြုံးကြည့်ရင်း သက်ပြင်းချ၏။ ပြောရလောက်အောင်လည်း ဆိုးလှတာမဟုတ်တော့ ဆိုဆုံးမဖို့ အစချီလိုက်တိုင်း စကားက ဒီလောက်မှာပဲ ပြီးတတ်ခဲ့၏။

မြေးလေးတစ်ယောက်ပဲရှိတာမို့ ခွေနည်းမျိုးနည်း ကိုယ့်အသိုက်လေးထဲမှာပဲ တတ်နိုင်သမျှ ပြည့်စုံအောင် ဖန်တီးပေးခဲ့သည်။

ဒီပြည့်စုံလွန်မြောက်မှုတွေကို ဆွေနီးမျိုးစပ်တွေ မိတ်ဆွေရင်းတွေကတော့ အထင်ကြီးအားကျနေကြပေမယ့် မြေးလေးကတော့ ကဲ့ရယ်နေပါပြီ ...။

"ဘိုးဘိုး ..."

"ဟင် ..."

"လေး ပြောတာ မှားသွားလို့လား ..."

"မှားတယ်လို့တော့ မဟုတ်ပါဘူး၊ ဒါပေမယ့် လူဆိုတာ ငါသာအကောင်းဆုံးလူလို့ မမှတ်ရဘူး၊ လူ့စိတ်သဘာဝကိုက ပြည့်စုံတယ်ဆိုတာ မရှိဘူးလေ မြေးရဲ့ .. ဘိုးဘိုးပြောတဲ့ ပြည့်စုံမှုက ချမ်းသာကြွယ်ဝမှုကိုပဲ မဟုတ်ဘူး၊ ကံ စိတ် ဥတု အာဟာရ အားလုံးပါတယ် ..."

"လေး ကလည်း ဘိုးဘိုးက လေး ကို ဆိုးတယ်ထင်နေလားလို့ ဖြေရှင်းတာပါ၊ လေး မှာ လိုအပ်ချက်တွေရှိသေးတာသိတာပေါ့ ..."

"ဒါဆို ဘာတွေလဲ တွေးကြည့်ဖူးလား ..."

"သေချာတော့ တွေးမရပါဘူး၊ ဟွန်း .. ဒါပေမယ့် တီလေး တိုင်ပြောနေတာတွေ များလွန်းတဲ့အခါ ငါ တော်တော်ဆိုးနေပြီလားလို့ တွေးမိတာပေါ့ ..."

"အဲဒီတော့ ဟုတ်တယ် .. ဆိုးမိတာပဲလို့ အဖြေထွက်သလား၊ တီလေးက အတိုင်းအတောထူတာ ဘာညာတွေးလိုက်တာလား ..."

ကောင်မလေး မချိုမချဉ်လေးပြုံးသွားကာ ဆံပင်ရှည်တွေကို နားသယ်စပ်နှစ်ဖက်ကနေ လက်ချောင်းလေးတွေနဲ့ ထိုးသိပ်၍ နောက်ပို့



ပစ်သည်။ ပြီးမှ ...၊

"ဘိုးဘိုးကလည်း တီလေး အရမ်းကျိုင်ပူတာ ဘိုးဘိုးသိသားနဲ့ ..."

"နို့ .. သူတိုင်ပြောတာတွေကရော မြေး မလုပ်မိဘဲ အပိုတွေထည့်တိုင်လိုက်တာပါလို့လား ..."

"ကြည့်ပါလား .. ဘိုးဘိုးက လေး ကို အပြစ်တင်ချင်တာ ..."

"မဟုတ်ရပါဘူးဗျာ .. မြေးကတွေးဖြစ်တယ်ဆိုတော့ ဘယ်လောက်ထိ မျှမျှတတ တွေးဖြစ်လိုက်သလဲလို့ပါ ..."

"ဒါကတော့ လူဆိုတာ ကိုယ့်ကိုယ်ကိုယ် ချစ်တဲ့အမျိုးပဲ .. ကိုယ့်ကိုယ်ကိုယ်တော့ အပြစ်မရှိဘူးပဲထင်တာပေါ့ ..."

"ဟား .. ဟား .. ဟား ..."

ဦးသော်တာ က မျက်နှာမော့၍ ခပ်ဟက်ဟက်ရယ်၏။

"ဘိုးဘိုးက ဘာလို့ရယ်တာလဲ ..."

"သဘောကျလို့လေ .. ဘိုးဘိုးမြေး စကားပရိယာယ်တွေကြွယ်နေလို့ ..."

"အဟွန်း ..."

"ဒါပေမယ့် မြေး မှတ်ထားရမှာက ကိုယ့်ရဲ့ လွတ်လပ်မှုအတွက်နဲ့ တစ်ပါးသူကို ထိခိုက်စေတာမကောင်းဘူး ..."

"တမင်ထိခိုက်စေချင်လို့လုပ်တာမဟုတ်ဘူးဆိုရင်ရော ..."

"အဲဒါကလည်း မြေးက ကိုယ့်ရဲ့လွတ်လပ်မှုကို ဦးစားပေးတွေးလိုက်တာပဲ .. တစ်ခါလုပ်မိလို့မှားသွားရင် နောက်တစ်ခါ ထပ်မဖြစ်အောင် ဆင်ခြင်ရတယ်၊ ဆင်ခြင်တုံတရားဆိုတာ လူတွေမှာပဲရှိတာလေ ..."

ကောင်မလေး ရှုံ့မဲ့မဲ့ဖြစ်သွားသည်။

"ဥပမာ မယ်ငြိမ်း က သူ့အတွက် ဒီလိုဖြစ်သွားတာ ထိခိုက်ခဲ့တယ်ဆိုရင် မြေးက နောက်တစ်ခါ ဆင်ခြင်ရမှာမို့လား ..၊ အခု ဘိုးဘိုးက မကြာခဏအတိုင်ခံနေရတယ်လေ ..."

www.burmeseclassic.com

www.burmeseclassic.com



ဆုံးမစကားပြောချင်ပြီဆို ဘိုးဘိုး တို့ ပထဆုံးသူငယ်ချင်းချင်းလို မေးခွန်းတွေမေး ရယ်ကာ စနောက်နေမည် ..။ ဒီက မခြွင်းမချန် ပြော ပြလိုက်လို့ကုန်ပြီဆိုမှ တစ်ခုချင်း ဆွဲထုတ်၍ အပြစ်ထောက်၏။

ထိုအခါ မျက်ကြောစင်းလေးနှင့် မလိမ်ပိုးမလိမ္မာပုံစံလေးခင်း၍ ကောင်မလေး ဘာမှမပြောနိုင်တော့ပေ ..။ ပြောသမျှ နားလည်ပြီး ကျွတ် တမ်းဝင်သွားတာတော့မဟုတ် ..၊

"မြေးက အခု ကျောင်းပြီးသွားပြီဆိုတော့ အိမ်ထောင်ပြုပေးသင့် တဲ့အရွယ် .."

"ဟာ .. မလုပ်နဲ့နော် ဘိုးဘိုး .. အဲ့ဒါကြီးက ဘယ်ကပါလာတာလဲ .."

"မပါပါဘူး ဘိုးဘိုးက ပြောပြတာပါ၊ မြေးရဲ့အန်တီချို ဆိုရင်.."

"အိမ်ထောင်ပြုလိုက်တာ အခု ကွဲသွားပြီလေ၊ ဘာများကောင်းလို့လဲ.."

"ဒါကို ဘိုးဘိုး ပြောချင်တာမဟုတ်ဘူး .. သူ အသက်ဆုံးဆယ်နှ ပြည့်ခါနီးမှ အိမ်ထောင်ပြုခဲ့တာ၊ သူ့ခင်ပွန်းကဆို သူ့ထက် သုံးနှစ်တောင် အသက်ကြီးသေးတယ်၊ ဒါပေမယ့် မမြဲခဲ့ဘူးလေ .."

"ဒါကျတော့ အနိစ္စ အိမ်ထောင်ရေးပေါ့ .."

ကောင်မလေး စကားကြောင့် ဦးသော်တာ က သွားတွေပေါ်အောင် ရယ်သည်။ ပြီးတော့ မြေး ခေါင်းလေးကို ချစ်စနိုးပွတ်သပ်ရင်း ..၊

"ကံကို ပုံချရရင်တော့ အိမ်ထောင်ရေးကုသိုလ်ကံဆိုတာ ရှိသေး တာကိုး မြေးရဲ့ .. မြေး အသက်ငယ်သေးပေမယ့် .."

"ဟာ .. လာပြန်ပြီ ဘိုးဘိုး .."

"အခု မဟုတ်သေးဘူး .. ဒါပေမယ့် ခေါင်းထဲမှာတော့ ထည့်ထား သင့်နေပြီ၊ မြေးကို ဒီတိုင်းဆုံးမရခက်နေရင်တော့ လွယ်လွယ်ကူကူ သဘောပေါက်အောင် ဆုံးမနိုင်မယ့် အိမ်ထောင်ဘက်တစ်ယောက်ရှာ ရတော့မှာ .."

"ဘိုးဘိုးပြောတော့ မြေးက မဆိုးပါဘူးဆို .."

"ဘိုးဘိုးက လိမ္မာစေချင်တာ .."



"အိမ်ထောင်ပြုလိုက်မှ အဲဒီလူကြီးက ဘိုးဘိုးလိုတောင် စိတ်မရှည် ရင် လေး နဲ့ မလွယ်ဘူး တကယ် .."

သင်းကလေးကပဲ ကြိမ်းလားမောင်းလားပါလား ..၊

"တီလေး ကွဲစိကွစတွေ အတင်းလွှတ်နေတာနဲ့ လေး ကိုတော့ အဲ့လိုလုပ်ပေးဖို့ စိတ်မကူးနဲ့နော် ဘိုးဘိုး .. တော်ပြီ .. တော်ပြီ နောက် တစ်ခါ တီလေး ရှေ့ကို မသွားတော့ဘူး .."

ဟင် ..၊

ဦးသော်တာ နားတွေကားသွား၏။

"ကိုယ့်ဘာသာ သူငယ်ချင်းတွေနဲ့ ရုပ်ရှင်သွားကြည့်မယ်၊ ကော်ဖီ ဆိုင်ထိုင်မယ် .. ဂိမ်းတွေလိုက်ဆော့မယ် .."

"မြေး ..."

"ဘာလုပ်မှာလဲ ဘိုးဘိုးရဲ့ .. သူ့အိမ်သွားပြီး အတိုင်အတောခံနေ မယ့်အစား .."

ပြောလိုက်မိတဲ့ ကိုယ့်အပြစ်ပါ ..။

ဦးသော်တာ ခေါင်းခါမိရင်း ချိုမိုင့် ကို သတိရသွား၏။ ဒီမြေး ကို ဒီအခေါ်နဲ့ပဲ လွှဲအပ်ရတော့မှာပါ ..။

စိုးရိမ်နေရတာလည်း ဒုက္ခ ..၊

ဂ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

"ဟော .. ချူမိုင် ပါလား .. မလာစဖူး .."

"ဟုတ်တယ် .. မမငြိမ်း ကို သတိရလို့လေ .. ပြီးတော့ ဆိုက်အဖက်(ထ်)ကင်းတဲ့ အဆီချဆေးနည်းလေး ရလာတာနဲ့ .."

"ဩော် .."

ဒေါ်ငြိမ်းချမ်း မျက်နှာကြီးချိုမြသွားသည်။ ကိုယ်လုံးကြီးတလှုပ်လှုပ်နှင့် ချူမိုင် နဲ့အတူ ပြန်ဝင်လာပြီး ဧည့်ခန်းမှာ ထိုင်ကာ ...

"ကျေးဇူးပါပဲ ချူမိုင် ရယ် .. ငါ့မှာ ဒီလောက်လည်း မစားပါဘူး၊ စားသလောက်ကို အသားဖြစ်နေတာ စိတ်ပျက်စရာကြီး .."

"မပျက်နဲ့ မမငြိမ်း .. မမငြိမ်း ကျန်းမာရေးကောင်းနေတာပဲ ကျေးဇူးတင်ရဦးမှာ .. ဒီတစ်ခါ အဆီချပေးက အစားလေးနည်းနည်းထပ်လျှော့ပြီး အိတ်ဆယ်ဆိုက်(စ်)လေးလုပ်ပေးရုံဘဲ အရမ်းလည်း ပင်ပန်းအောင် မလုပ်ရပါဘူး .."

"အေးပါ .. လုပ်ပါ့မယ် .. ခုချိန်မှာ အဆီကျဖို့ထက် ဒီ့ထက်တက်မလာအောင် ထိန်းထားနိုင်ရင်ပဲ ဝမ်းသာရမှာ၊ ဝလာလေ နေရထိုင်ရခက်လာလေကြီး .."

ချူမိုင် က ဆွဲလာသည့် ကတ္တူအိတ်လေးကို ပေါင်ပေါ်တင်လိုက်



ရင်း အိမ်ထဲကို မျက်လုံးဝေ့ကြည့်ကာ ...

"ကလေးတွေရော မမငြိမ်း .."

"သားကြီးက ကန်ထရိုက်တာတစ်ယောက်နဲ့ ချိန်းထားလို့ သွားတွေ့တယ်လေ .. လှလွန်း ကတော့ သိတဲ့အတိုင်းပဲ .."

"အဟွန်း .. မထူးပါဘူး မမငြိမ်း ရယ်၊ မီးလေးလည်း ဒီနေ့ သူငယ်ချင်းမွေးနေ့ရှိလို့တဲ့ ရုပ်ရှင်သွားကြည့်မယ်၊ ပန်းခြံဝင်မယ်နဲ့ ပြောတော့ ပြောသွားပါတယ်၊ လမ်းကြောင်းတွေက တန်းတန်းကိုစီလို့ .."

"ချူမိုင် ရယ် .. နင့်ကိုလည်း အဲဒါပြောချင်တာ၊ ကလေးကို ဘာဖြစ်လို့ မီးလေးလို့ခေါ်ရတာလဲ၊ မီးမီးလို့ ခေါ်ချင်လည်းခေါ်ပေါ့ .."

"ငယ်ငယ်တည်းက ဒီတိုင်းပဲခေါ်လာတာ မမငြိမ်းရယ် .."

"ဒါပေမယ့် မီးလေး ဆိုတာ မီးကိုတိုက်ရိုက်ခေါ်တာလေ၊ ပညတ်သွားရာ ဓာတ်သက်ပါတဲ့ အဲ့ဒီလိုခေါ်နေလို့ လေး ကို ဆုံးမမရတာပေါ့ .."

"မီးလေး က လွတ်လွတ်လပ်လပ်နေတတ်တာလေးပဲရှိတာပါ၊ အရမ်းဆိုးတဲ့ကလေးမဟုတ်ပါဘူး မမငြိမ်း ရဲ့ .. ပြီးတော့ သူ ဆိုသလောက် သူ့အပြုံးအရယ်လေးတွေ မြင်လိုက်ရင် ဘယ်သူမှကြာကြာ ဒေါသမထွက်နိုင်ဘူး .."

"ဟုတ်လို့လားအေ .. ငါဖြင့် ထွက်ရတာမှ သွေးတိုးများရှိရင် ငါ့ခန္ဓာကိုယ်ကြီးကို အဆီချချိန်တောင်ရလိုက်မှာမဟုတ်ဘူး .."

"အဟွန်း .. ဟွန်း .."

ချူမိုင် က စတက်(ပ်)ပုံ ရိုက်ဖမ်းထားသည့်ပန်းသာသာဆံပင်လေးတွေကို သပ်ရင်း ရယ်နေကာ ...

"အဲဒါ အိမ်ကို သူ ခဏခဏပဲလာနေလို့ သိလား .. အတူတူနေကြည့်လိုက်ရင် မမငြိမ်း သူ့ကိုချစ်သွားမှာ .."

"ဟုတ်ပါ့မလား ချူမိုင် ရယ် .. ငါဖြင့် အဲဒါလေးကို ငယ်ငယ်တုန်းက ကိုယ်လည်းဝိုင်းထိန်းပေးရဖူးလို့ ချစ်နေလို့သာမဟုတ်ရင် ...

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဖြစ်နဲ့ မောင်းထုတ်မိမှာပဲ .. အိမ်လာလိုက်ရင် လက်လက်ကိုထနေတာပဲ ..”

“အဟွန်း .. ဟွန်း .. ဟွန်း ..”

“ကလေးဆန်နေတာပါ မမငြိမ်း ရဲ့ .. ချို့ တို့ဆိုရင် အိမ်မှာ သူ တစ်နေကုန်ပျောက်နေတဲ့နေ့ဆို နေကိုမနေတတ်တော့ဘူး၊ ခုမှ ကိုယ့်အလုပ်နဲ့ကိုယ် မအားလို့ရယ် ..”

ပြောနေရင်း ဒေါ်ငြိမ်းချမ်း မျက်နှာကို အကဲခတ်နေမိသည်။ ကိုယ်လာခဲ့တဲ့ကိစ္စအတွက် ပြောမိပြီဆိုရင်တော့ အဆင်ပြေမှဖြစ်မှာမို့ ..၊

“လှလွန်း ဆိုရင်လည်း သူ့အစ်ကိုနဲ့ ခြောက်နှစ်ခုနစ်နှစ်ကွာတော့ ကစားဖော်မဟုတ်ခဲ့ဘူးလေ – သူတို့ခမျာ တစ်ဦးတည်းသော ကလေးတွေလို ဖြစ်နေတာပေါ့ .. ပြီးတော့ မိဘတွေက အစဉ်အဆက်ကပြည့်စုံကြွယ်ဝလာကြတာလေ .. ကလေးတွေကို ချစ်မဝ ရှုမဝနဲ့ အလိုလိုက်ထားခဲ့တာမို့လား ..”

ဟုတ်တော့ဟုတ်ပါသည်။ လှလွန်း လည်း ဒီလမ်းမသွားနဲ့ဆို သွားရမှ .. ဒါမလုပ်နဲ့ဆို မရရအောင် လုပ်လိုက်ရမှ စားဝင်အိပ်ပျော်ခဲ့တာ..။

ဒါပေမယ့် ကိုယ့်ကလေးမို့ အကောင်းမြင်ဝါဒနဲ့ပြောကြကြေးဆိုကောင်မလေးက နည်းနည်းတော့ပိုဆိုးတာမဟုတ်ဘူးလား ..။

“မမငြိမ်း ကို မေးမလို့ .. လှလွန်း ကို အစ်ကိုအောင်ထွန်း က ခေါ်နေတယ်ဆို ..”

“ဟုတ်ပ ..”

တွေးနေသည့်အကြောင်းကနေ ကလေးတွေရဲ့ဖအေဆီ စိတ်က ချက်ချင်းရောက်သွားသည်။ ရုပ်ကလည်း ချောလိုက်တာ မှန်နေကာ လူချောလူလှပညာတတ်မို့ ချစ်သူတွေကဝိုင်းဝိုင်းလည် ..။

အိမ်ထောင်ရေးအဆင်မပြေတာကို ဂရုမစိုက်နိုင်တဲ့အထိ ကမ္ဘာပတ်နေရတာကို ပျော်မွေ့နေတဲ့သူ ..။ ကလေးအမေ ဆုံးပြီးတည်းက



မြန်မာပြည်ကို တစ်ခါတလေပဲ ပြန်လာတတ်ကာ ကလေးတွေ အရွယ်ရောက်လာကာမှ ဘယ်မှာလာတော့လို့လဲ ..။

“ဟွန်း .. သင်းကို မရှိစာရင်းထဲထည့်ထားခဲ့တာ ကြာလှပေါ့၊ ပြီးခဲ့တဲ့လက သူ့သားနဲ့ပြောပါရစေဆိုလို့ လိုင်းပေါ်မှာ မျက်နှာချင်းဆိုင်တွေ့ကြတယ်လေ၊ သားနဲ့ အဖေ ဘယ်သူက အဖေမှန်းတောင် ခွဲမရအောင်ပဲ ..”

“ဟုတ်လား .. မမငြိမ်း ..”

“ဟုတ်ပါတယ် ချိုမိုင် ရယ် .. သူ့လိုလူက အမြဲတမ်းလှပနုပျိုနေအောင်ပဲ ပြုစုပျိုးထောင်နေမှာပေါ့၊ ငါတို့သားကြီးက တည်ကြည်တယ်၊ အလုပ်ကြိုးစားတယ်၊ သုံးတာစွဲတာလည်း မိန်းမတွေတောင် ရှုံးဦးမယ်၊ အသုံးနဲ့ အဖြုန်းကို ခွဲခြားသိလိုက်တာမှ ..”

“ဟုတ်တယ် .. ဟုတ်တယ် .. သားက ငယ်ငယ်လေးတည်းက မျက်နှာလေးက တည်တည်ခန့်ခန့်လေးရယ် ..”

“ဟွန်း .. ကလေးကိုမြင်တဲ့လူတွေက သားက အဖေလောက်မချောပါလားပြောကြရင် သူ့မှာ သွားကြီးအဖြီးသဲ့နဲ့ ..”

“မမငြိမ်း ရယ် အလှအပကို ဝါသနာပါတဲ့လူက ပါတာပဲ မမငြိမ်း ရဲ့ ..”

“ဟုတ်တယ် .. အခု သားကသာ အစိတ်သုံးဆယ်လောက်ဖြစ်နေတာ သူ့မှာ ဒီပုံစံ ဒီအရွယ်ပဲ၊ သင်းလက်ထဲကို ငါက ကလေးတွေ အပ်စရာလား .. သားကြီးကို လွှတ်လိုက်ရင် သူ့လိုမြာပွေတာတွေ ကူးမယ် .. သမီးငယ်ကို လွှတ်လိုက်တာနဲ့ သွားပြီ ..”

“လှလွန်း ကတော့ မျက်နှာမဘူပေမယ့် သူ့အဖေလို လွတ်လွတ်လပ်လပ်နေတတ်တာချင်း သွားတူနေတယ်နော် ..”

ထိုစဉ် ကော်ဖီနဲ့ မုန့် ရောက်လာတော့ ဒေါ်ငြိမ်းချမ်း က လှမ်းယူပြီး ချိုမိုင့် ရှေ့မှာ သေချာချပေး၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒီအပင်က သီးရင် ဒီအသီးပဲပေါ့ ချိုမိုင် ရယ် .. ဒါပေမယ့် ငါကတော့ အရောနှောမခံပါဘူး .."

"ဘာပဲဖြစ်ဖြစ် ဖအေက အရေးဆိုလာရင် မမငြိမ်း ပေးရမှာပဲလေ.."

"ငါက ပေးရဖို့ဖြစ်လာလည်း သားကြီးကဖြင့် ခါးခါးသီးပဲ .. နိုင်ငံခြားမှာ ဗိသုကာတွဲ့သွားယူတာတောင် ဖအေကို ဆက်သွယ်တာမှ မဟုတ်ဘဲ .."

"လုလွန်း ကရော .."

"သူ့ကိုတော့ မပြောနဲ့ .. ဖအေနဲ့ကို ပေးမတွေ့ခိုင်းရဲဘူး၊ ကော်ဖီသောက်ဦး ချိုမိုင် .. အေးဆေးဆိုရင်လည်း ထမင်းစားပြီးမှ ပြန်၊ ငါ့မှာ အမြဲတမ်းတစ်ယောက်တည်းချည်းပဲ စားသောက်နေရတာ .."

"ဘာချက်လို့လဲ မမငြိမ်း .."

"မသိပါဘူးအေ .. ရွှေနားပေ နဲ့လည်း ဘာမှမပြောရလေကောင်းလေပဲ .. သိချင် ကိုယ့်ဘာသာသွားဝင်ကြည့်ပေတော့ .. စားချင်တာမပါရင်လည်း ကိုယ့်ဘာသာဆွဲထုတ်ပြီး ချက်လိုက် .. သူ့ကိုခိုင်းနေရင် အိမ်ပြန်ရောက်တာနဲ့ လိပ်ခေါင်းဆေးသောက်ရမှာပဲ .."

ရွှေဝင်း ကနေ ရွှေနားပေ လို့ ပြောင်ခေါ်ခဲ့ကြတဲ့အထိ သူမကနားလေးသည်။

ရပ်ဆွေရပ်မျိုးလည်းဖြစ်ကာ သူမ အလုပ်လုပ်တာတော့ သဘောကျတာမို့ လိုအပ်တာတွေရှိပေမယ့် သည်းခံနေရတာဖြစ်သည်။

"အဲဒီ ကောင်မလေး ဟင်းချက်ကတော့ ကောင်းတယ်ဟဲ့ .. သိလား၊ သူ့တစ်ယောက်တည်းချက်ပြုတ်နေပြီဆို ဘာသံမှ မထွက်ဘူး၊ လုပ်တာတိုင်တာလည်း မြန်တယ် .."

"တစ်ခုခုဆို စာရေးပြလိုက်တာနဲ့ သူ ကြားအောင်ပြောရတာကဘာကများသလဲ .."

"ဒီလိုပဲဟယ် .. ခေါက်မိထစ်မိဖြစ်မှာစိုးလာရင် စာပြေးရေးရ



တော့တာပဲ .. စိတ်ရှည်သရွေ့တော့ အော်ပေတော့ပေါ့ .."

နှစ်ယောက်သားပြောပြီး ရယ်မိကြသေးသည်။

"ဟဲ့ .. နင်လာတုန်း ငါတိုင်ပင်စရာရှိသေးတယ် သိလား .. အချိန်ရတယ်မို့လား .."

"ရပါတယ် .. ဒီနေ့က ဟောလီးဒေး .."

"အေး .."

ဒေါ်ငြိမ်းချမ်း က သဘောတွေကျသွားကာ ..၊

"ရွှေနားပေ .."

အော်ခေါ်လိုက်တာ နည်းနည်းနောနောအသံမဟုတ် ..၊ ညှော်ခန်းတစ်ဖက်ခြမ်းက ခန်းဆီးစတွေဖြုတ်နေသည့် ရွှေနားပေ က ဆတ်ခနဲလှည့်ကြည့်သည်။

"ရောက်သီးသုပ် လုပ်လာခဲ့ .. ရောက်သီးသုပ် .."

လက်ကလည်း အသုပ်နယ်သလို နယ်ဖတ်ပြရသေးသည်။ အော်ပြောနေရသည့် ဒေါ်ငြိမ်းချမ်း ကို အားနာလို့သာ ပြုံးနေရပေမယ့် ချိုမိုင်နားတွေကွဲတော့ မလားထင်ရ၏။

ရပါပြီ .. မစားတော့ဘူးလို့တောင် ပြောလိုက်ချင်တော့သည်။

"ပြီးတော့ အဲဒီကောင်မလေး ယောင်တတ်လိုက်တာလည်း ကြာလေ ပိုဆိုးလေ သိလား ချိုမိုင် .."

"ဟုတ်တယ် .."

"ဟုတ်ပအေ .. သူ့ကိုထုချင်ရိုက်ချင်ရင် မျက်နှာချင်းဆိုင်ခေါက်ခနဲ ခေါက်ပစ်လိုက် ဘာမှမဖြစ်ဘူး၊ လန့်အောင်ဖျန့်အောင်တော့ သွားမရိုက်လိုက်နဲ့ .."

"လုပ်လိုက်ရင် ဘာဖြစ်သွားလဲ .."

"အောင်မယ်လေး ကိုယ်က တစ်ချက်ဆိုသူက တစ်ချက်ပဲ၊ သိပ်မနာရင် သူလည်း နာနာမရိုက်ဘူး ..၊ သူ နာသွားလို့ကတော့ ချွှာင်းခနဲ

www.burmeseclassic.com

www.burmeseclassic.com



ဆို ဖြန်းခနဲ ခံရပြီမှတ် ..”

“ဘုရားရေ ..”

“ခစ် .. ခစ် .. ခစ် ..”

ဒေါ်ငြိမ်းချမ်း က သဘောတွေကျပြီး ရယ်နေသေးသည်။

“ငါ့အသံကျယ်ကျယ် ငှက်ဆိုးထိုးသလို ဖြစ်လာရတာ သူ့ကြောင့်ပေါ့၊ ဘာပဲဖြစ်ဖြစ် ကိုယ့်မှာလည်း တစ်ယောက်တည်းလေ .. သူ့ကို ပြောဆိုနေရတဲ့ ကိုယ့်အသံကိုပဲ အဖော်လုပ်နေရသလိုဖြစ်နေပါပြီ ..”

“ဟုတ်တာပေါ့ .. မငြိမ်း ကိုလည်း ချို့ တကယ် လေးစားသွားပြီ ..”

“ဟင် .. ဘာဖြစ်လို့လဲ ..”

“ဒီလောက်ထိ ကိုယ်အပင်ပန်းခံပြီး သူ့ကို သည်းခံနိုင်တာလေ၊ မငြိမ်း က လေသံထွက်ဆိုးပေမယ့် စိတ်ရင်းနူးညံ့လို့ပေါ့ ..”

“နူးညံ့တာလည်း မဟုတ်ပါဘူးဟယ် .. ဒါပေမယ့် သူ့ကို ပြန်ပို့ဖို့ စဉ်းစားကြည့်တော့ သံတွဲမှာ သူ့ကိုလက်ခံမယ့် ဆွေမျိုးရင်းချာမရှိတော့ဘူး၊ သူ ငယ်ငယ်တည်းက နိုပ်စက်ခဲ့တဲ့ မိထွေးကလည်း သီလရှင်ဝတ်သွားပြီ၊ သူ့ကျောင်းမှာလာနေရင်တော့ ဖြစ်တယ်တဲ့ ..”

“ခေါ်ဖော်တော့ရသားပဲနော် ..”

“ဟုတ်တယ် .. ဒါပေမယ့် ရွှေနားပေ က ငါ့ကိုထိုင်တောင်ရှိခိုးတယ်အေ .. ငိုလိုက်တာလည်း မပြောနဲ့တော့ ဘယ်လိုလုပ် ပြန်ပို့ရက်မှာလဲ ..”

“အေးပေါ့ .. မငြိမ်း ရဲ့ မေတ္တာကို သူ သိနေတော့ ဒီမှာပဲနေချင်မှာပေါ့၊ အသက်သုံးဆယ်ရှိပြီဆိုပေမယ့် မိန်းမသားတစ်ယောက်အတွက် က အန္တရာယ်ရှိတာပဲ .. ကလေးတွေကလည်း ချစ်ကြလို့ တော်သေးတာပေါ့ ..”

ကလေးတွေဆိုမှ နူးညံ့ကြင်နာဟန်တွေ လွှမ်းမိုးနေသည့် ဒေါ်ငြိမ်းချမ်း



မျက်နှာ ဖျတ်ခနဲပြောင်းသွားကာ ..၊

“အောင်မယ်လေး ချစ်တာကတော့ နင့်တူမ အဆိုးဆုံးပါပဲ ချိုမိုင်ရယ် .. အဲ့ဒီ ရွှေနားပေ သူ့ကိုဆို ကြောက်တောင်ကြောက်နေတော့တာ ..”

“ဟင် .. ဘာဖြစ်လို့လဲ ..”

“အရမ်းစလို့ပေါ့ .. သူတို့အုပ်စု ရွှေနားပေ အားနေတာများမြင်လိုက်ရင် ကစားစရာအရုပ်ကျနေတာပဲ သိလား .. အပြင်ကရောက်လာကြရင်တော့ ဒေါ်ကြီးရွှေ အတွက်ဆိုပြီး စားစရာတွေ တစ်ယောက်တစ်မျိုး ဝယ်လာကြပါရဲ့ ..၊ ဘုရားသွားဖို့ တဘက်လေးတွေ သစ်ခွပန်းတွေတောင် ပါလာကြသေး ..”

“အင်း .. ပြီးတော့ စကြရောလား ..”

“စဉ်းစားသာကြည့်ပေတော့ ငါလည်း မခံနိုင်လွန်းရင်သာ ပြောရအောင်နေတာလေ .. ပြောကိုမပြောချင်ပါဘူးအေ ..”

“အင်း အဲ့ဒါ မပြောချင်တော့ရင် ထားလိုက်တော့ .. ခုန ချို့ ကို ပြောပြချင်တာရှိတယ်ဆို ဘာလဲ ..”

“အေး .. ဟုတ်တယ် ..”

ပြောနေတုန်း လက်ဖက်သုပ်နဲ့ ရေနွေးကြမ်းတစ်အိုး ရောက်လာသဖြင့် ဒေါ်ငြိမ်းချမ်း က မေးဆတ်ပြကာ ..၊

“တွေ့လား .. ငါးခြောက်ဖုတ်ဆိုရင် ဆီဆမ်းပြီးသားပဲ .. အဲဒါလေး တွေကျတော့ တော်ပြန်ရော ..”

“မမချို့ ထမင်းစားပြီးမှ ပြန်မှာ မှတ်လား ..”

“သြော် .. အေး ..”

“ဒါဆို ချက်လိုက်တော့မယ်နော် ..”

“အေး .. အေး ..”

“ရတယ် .. အေး .. အေး .. လိုက်ပြောမနေနဲ့၊ ခေါင်းညိတ်ပြလိုက်

www.burmeseclassic.com

www.burmeseclassic.com



ရင် ရပြီ ..."

ဒေါ်ငြိမ်းချမ်း က ချိုမိုင့် လက်ကိုလှုပ်ပြီး ပြောရင်း ရယ်ကာ ...၊

"သုံကြားအောင် နင်ပြောမယ်ဆိုရင် မျိုချလိုက်တဲ့လက်ဖက်သုပ်တွေ တစ်နေ့ရာကနေ ခုန်ပေါက်ကန်ထွက်လာကြလိမ့်မယ် ..."

"ဟယ် .. ညစ်ပတ်တယ် ကြည့်ခန်း .."

"ခစ် .. ခစ် .. ခစ် .."

နှလုံးနာသွားလို့ထင်သည်။ လက်ဖက်သုပ်ကို ခဏလေးနဲ့ သုံးလေးဇွန်း ဆက်တိုက်စားပစ်လိုက်တာ အာတွေလျှာတွေလည်း စပ်ဖျင်းနေပါပြီ ...။

"ဒီမှာ ငါပြောဦးမယ် .."

"ပြောပါလို့ဆို .."

"ငါ့သားကြီးကို အိမ်ထောင်ချပေးဖို့ ငါ စိတ်ကူးနေတာ သိလား.."

"ဟင် .."

ချိုမိုင် မျက်လုံးပြူးသွားသည်။

"ဘာဖြစ်လို့လဲ .. မောင်က ရည်းစားထားနေလို့လား .."

"မထားလို့ ခက်နေတာ ချိုမိုင် .. ငါ့သားက သူ့အဖေလို စန်းပွင့်တဲ့ရုပ်မျိုးမဟုတ်ပေမယ့် ခန့်ချောကြီးရယ်၊ အင်ဂျင်နီယာလည်းဖြစ်သေး၊ ဓနဥစ္စာချမ်းသာတာလည်း သိတော့ သူ့ရဲ့ ရှာနီးချုပ်စပ်က မိန်းမတွေက သိတ္တာတောင် မထိန်းနိုင်ကြဘူး .."

"ဟုတ်လား .. အိမ်တွင်းအောင်းနေတဲ့သူတောင် သိတယ်ဆိုတော့.. အင်း .."

"အဲဒါပြောတာပေါ့ .. သူ့ဟာသူ နိုင်ငံခြားအချင်းချင်းဘာပဲပြောပြော ရုပ်ရည်ကျတော့လည်း ပြောလောက်အောင်လှကြတာမဟုတ်ဘူး၊ နိုင်ငံခြားပြန်ဆိုတိုင်လည်း နင် စဉ်းစားကြည့်၊ တစ်ချို့က ပညာတော်သင်လို့ သူဌေးတစ်ယောက်ယောက်က ပညာဒါနပြုပြီး ကျောင်းထား



ရတာတွေ .."

"အင်း .."

"ရှာဦးဆရာတော်က ထားပေးတာတို့၊ တစ်ရွာလုံးကစုပေါင်းပြီး ထားရတာတို့၊ အဲ့ဒါတွေကို ဘာလုပ်ရမှာလဲ .. ငါက ချမ်းသာတာကို မက်မောလို့မဟုတ်ဘူး ချိုမိုင် .. ကိုယ့်ကိုမက်မောပြီး ယူမှာကို မလိုချင်တာ၊ ပြီးတော့ တစ်ယောက်ကိုယူလိုက်တာနဲ့ နောက်လိုက်နောက်ပါတွေတစ်အုပ်ကြီးပါလာပြီး ဖယားတွေရှုပ်ဦးမယ် .."

"အဲလို တကယ်ဖြစ်တဲ့ မိန်းကလေး မမငြိမ်း တကယ်သိထားလို့လား .."

"သေချာတော့ မသိပါဘူး၊ သားကြီးပြောပြတာတော့ အဲ့ဒီအတိုင်းပဲ .."

"ဒါဆိုရင်တော့ သူ မကြိုက်လို့ပြောပြဖော်ရတာပါ၊ သူ ကြိုက်နေရင် မမငြိမ်း မသိအောင် ကြိတ်ကြံမှာပေါ့၊ ဒီလောက်ဆိုးတဲ့ဘဝအခြေအနေမျိုးကို မမငြိမ်း က သဘောတူမှာမှမဟုတ်တာ .."

"မဟုတ်ဘူး ချိုမိုင် ရေ .. အဲဒီ မိန်းကလေးကို သူက သနားစရာလေးလို့ ပြောနေတာ သိလား၊ အလုပ်ကို ဘယ်လိုကြိုးစားတာ ဘယ်လိုစုဆောင်းနေရတာ၊ ရွာကိုချည်းပဲ ငွေတွေ ပို့ပေးနေရတာ စုံနေတာပါပဲ.."

"ဪ .. အဲ့လိုလား .."

"အဲ့လို .. အဲ့လို ယောကျ်ားတစ်ယောက်က မိန်းကလေးတစ်ယောက်ကို သနားစရာလို့မြင်လာရင် မမနဲ့ အဲဒါ မကြာတော့ဘူးပဲ .."

"ဒါဆိုလည်း ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲပဲ ဖိတ်ကြရင် မကောင်းဘူးလား .. မမငြိမ်း ရယ် .."

"အေးပေါ့ .. ဟင် .. ဘာ .."

အမှတ်တမဲ့ ခေါင်းညိတ်လိုက်ပြီးမှ ဒေါ်ငြိမ်းချမ်း မျက်လုံးပြူးသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"နင် ဘာပြောလိုက်တယ် ချိုမိုင် .."

"ဟင် .."

ချိုမိုင် ခုမှ လိုရင်းရောက်မှာမို့ သက်ပြင်းရှည်ကြီး မှုတ်ထုတ်လိုက်ကာ ..။

"မီးလေးကိုလေ သူ့ကို သူ့အရွယ် လူငယ်ချင်း ဘယ်လိုမှမဖြစ်စေချင်ဘူး၊ မမငြိမ်း လိုပေါ့ .. ကိုယ်က အဆင့်အတန်းမခွဲခြားပေမယ့် တမင်တကာ ငွေမက်လို့ လူကိုအရချိုင်တာမျိုးဆို သွားပြီပေါ့ .."

"ဟုတ်တယ် .."

"ခုခေတ် လူငယ်တွေကို လျှော့မတွက်နဲ့ သိလား၊ ယောက်ျားလေးတွေ ချာတိတ်အရွယ်ပေမယ့် သူတို့က မိန်းကလေးတွေထက်တောင် အကွက်ရွှေ့ကြသေးတယ်၊ ဇော်က ထောတယ်လို့၊ သူ့ ဖားသားရဲကြီးက ဟိုက်ဘော့စ်ဘာညာ သူတို့ခေါင်းထဲမှာ သချာတွေနဲ့ .."

"အဲဒါနဲ့ နင်ပြောတာက သားကြီးနဲ့ ကောင်မလေးကို ဟုတ်လား.."

"အင်းလေ .. ဒီထက်အကြောင်းသိဖာတ်သိပြီး လိုက်ဖက်မှုရှိတာ ဘယ်မှာတွေ့မှာလဲ .."

"မဟုတ်တာတွေ ပြောတော့မယ် ချိုမိုင် ရယ်၊ သားကြီးနဲ့ လေးကအသက်လည်းကွာတယ်၊ ကာရိုက်တာချင်းကလည်း .."

"ကာရိုက်တာကွာနေတာက အသက်ကွာလို့ပါ၊ ဒါပေမယ့် သားက ဒီလောက်လည်း မကြီးသေးပါဘူး မမငြိမ်း ရယ် .. ကွာလှ ခြောက်နှစ်ခုနစ်နှစ်ပေါ့ .."

"လှလွန်း နဲ့ လေး က ရွယ်ပူးဆိုတော့ ခုနစ်နှစ်ကွာမှာပဲ .. သူညီမရဲ့သူငယ်ချင်းကို သားကြီးက .."

"အဲဒါ မမငြိမ်း က လက်ခံအောင်ပြောလေ နော် .. ချို က ကိုယ့်ဆွေမျိုးချင်းမို့ မိန်းကလေးရှင်ဖြစ်ရဲ့သားနဲ့ ရှေ့မျက်နှာနောက်ထားပြီး ပြောနေတာပါ .."



"အေးပါ .. ငါသိပါတယ်၊ ဒါပေမယ့် အန်ကယ်လ်သော့ ကို ပြောပြပြီးပြီလား .. ဟို ပြောရရင် သူတို့က ငါတို့ထက် .."

"မမငြိမ်း ရယ် .. ချမ်းသာတဲ့အမှုနဲ့များ အန်ကယ်လ်ဘယ်တုန်းက မာန်မာနစကားပြောခဲ့ဖူးလို့လဲ ခုလည်း မီးလေးရဲ့ အိမ်ထောင်ရေးအတွက် စိတ်ပူတဲ့အကြောင်း ဖွင့်ပြောလာလို့ ချို စိတ်ကူးရတာ .."

"အန်ကယ်လ်သော် သိရင် သဘောတူမှာမဟုတ်ဘူး ချိုမိုင် ..၊ တခြားဟာကိုပြောတာမဟုတ်ဘူး၊ အသက်ချင်းကွာတာကိုပဲ .."

"ဒီလိုမဟုတ်ပါဘူး .. အန်ကယ်လ်က နှလုံးရောဂါအထူးကု ဒေါက်တာဇင်မင်း ကို စိတ်ကူးနေတာ၊ မမငြိမ်း သိလား .. 'နှလုံးလှ' ကိုယ်ပိုင်ဆေးရုံဥက္ကဋ္ဌလေ၊ ဒေါက်တာဒေါ်မြမြဇင် တို့ လင်မယားကို.."

"အင်း .. သိတယ်၊ အန်ကယ်လ်တို့နဲ့ တော်တော်ရင်းနှီးတာကို.."

"ဟုတ်တယ် အဲဒါကြောင့် သူ့စိတ်ကူးကို ချို့ ကိုပြောပြတာ၊ မမငြိမ်း သိပ်ပါဦး အထူးကုဆရာဝန်ကြီးတောင်ဖြစ်နေပြီဥစ္စာ၊ ပြီးတော့ ဒေါက်တာဇင်မင်း က ခပ်ပုပုနဲ့ ချောလည်းမချောဘူး၊ ဒီအသက်အရွယ်လောက်ဆိုရင်တော့ သားမောင်နဲ့ပဲ ပေးစားမှာပေါ့ .."

"ဒါပေမယ့် .."

"ဟင် .. ဒါပေမယ့် ဘာဖြစ်လို့လဲ .."

"နင့်တူမကို ငါကြောက်တယ်ဟဲ့ .."

"မမငြိမ်း ကတော့လေ .."

ချိုမိုင် ရယ်နေတော့ ဒေါ်ငြိမ်းချမ်း လည်း ရယ်လေသည်။ သို့သော် မဲ့တဲ့တဲ့ကြီးလည်းဖြစ်လျက် ..။

မျောက်မူးလဲ မမက .. ငါ့ချေးမ ..။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

"နိုး … နိုး …"

"ဟဲ့ … ဟဲ့ … အဲလိုကြီး ရိုက်မထည့်လိုက်နဲ့နော် …"

"မရိုက်ဘူး … စိတ်ကိုမဝင်စားတော့ဘူး … ရော့ …"

ဖုန်းကို ဖြူစင့် လက်ထဲထည့်လိုက်ပြီး နန်းကြီးသုပ်ကို တူနဲ့ ပြန်ဆွဲသည်။ ဖြူစင် က တခစ်ခစ်ရယ်ရင်း တစ်ဖက်ကိုလည်း ပြန်ပို့၍ …၊

"ရယ်ရတယ်နော် … နစ်ယောက်ပေါင်းပြီး ရည်းစားထားတာ ဟိုက တော့ သိရင် ရှုးပြီ …"

"ဘာမှမရှုးဘူး … သင်းတို့ကို မမြင်မစမ်းနဲ့ ရမ်းသမ်းအဖြေပေး လိုက်ရတာ ကိုယ့်အတွက် အနားမှာ ခေါင်းစားဖော်မရှိလို့ ဖြစ်မလား…"

"လုပ်ဦးဟာ သူ့အအမနဲ့ မိတ်ဆက်ပေးချင်လို့ပဲ ပြောနေတယ် …"

"မလုပ်နိုင်ဘူး … အဲဒီထိ စိတ်ကိုမဝင်စားဘူး၊ တကယ်ပဲ အစား သောက်ပျက်တယ် …"

နန်းကြီးသုပ်ထဲက ကြက်သွန်ဖက်တွေကို တူနဲ့ကောက်ကက်ဖယ် ပစ်ရင်း လေး က အ‌ေ‌ားပျက်တော့ အသံထွက်၏။

"လေး နော် … အဲ့တစ်ယောက်ကို ငါ့အကောင်နဲ့ နင်ပဲ လက်ခံ လိုက်တာ …"



"လက်ခံပေးထားတာ …"

"အဲဒါ နင့်တာဝန် မကင်းဘူးလေ … ပြောရမယ်ဆို ငါ့မှာတပ်ပုံက လှလို့မဟုတ်ဘူး၊ နင့်ရဲ့ ဒိုင်ယာလော့တွေမှာ ကြွေနေတာ …"

"သေပေါ့ …"

"အောင်မယ်လေး … ဟိုကတွေ့ဖို့ခေါ်လိုက်တာနဲ့ ချက်ချင်းကြီး စိမ်းကားသွားလိုက်တာ၊ သူပဲ အရမ်းချောတာပဲ သဘော်သားလောင်းလျာ လေးဘာညာနဲ့ …"

ပုံရိပ် ကလည်း လေး တစ်နင့်တစ်ပိုးစားသောက်နေတာကို မျက် စောင်းလေးရှယ်ပြီး ထောပနာပြုလေသည်။ နန်းကြီးသုပ်စားနေသည့် တူက တစ်ဖက်၊ အအေးဘူးကတစ်ဖက်နှင့် လေး က တစ်ချက်မှ ခေါင်း မဖော်ပေ …။

"ဒါပဲနော် … ကိုယ့်သဘောနဲ့ကိုယ် ဆုံးဖြတ်၊ သွားတွေ့မယ်ဆို ငါမပါဘူး …"

"မတွေ့ပါဘူး … ဒါပေမယ့် မြန်မြန်စားဟာ၊ နင့်လို ငါက စာရိုက် တာ မမြန်ဘူး၊ ကောင်းကောင်းကန်းကန်းလည်း ပြန်မပြောတတ်ဘူး… လာ လုပ်ဦး …"

"ဆုတောင်းလေ … ဒီမိန်းမ ဝါးမျိုနေပုံကြည့်ဦး၊ သူ့မှာ မစားသောက် ရဖူးဘူးဆိုတော့ …"

"စားနေရလေ စားချင်လေပေါ့ …"

"စားရလေလေ … ငတ်လေလေလို့ ပြောပါ လေး ရယ် …၊ ကိုယ့် ကိုယ်ကိုယ်ကျမှ စကားလုံးလှလှလေးရွေးမနေပါနဲ့ …"

"ဟီး …"

ပခုံးလေးတွန့်ရယ်ရင်း ကြက်သွန်ဖတ်ဘဲးတုံးတစ်တစ်ကြီးကို တူနဲ့ ညှပ်၍ ဆားချလိုက်သည်။ ပြီးတော့ အကုန်အစင်ကွာမကျခြင်းငှာ စိတ် တိုကာ လက်လွှဲချပစ်လိုက်လျှင် …၊

"ဟာ!…"

www.burmeseclassic.com

www.burmeseclassic.com



နောက်ကလှရိပ်နှင့် အသံထွက်လာသဖြင့် လေး လှည့်မကြည့်ရသေးဘဲ မျက်လုံးပြူးသွား၏။

"ဟင်!..."

"ကိုကြီးမောင် .."

ဖြူစင် လှည့်ကြည့်ပြီးခေါ်လိုက်သည့် နာမည်ကြောင့် သူမ မယုံနိုင်စွာ ဖျတ်ခနဲ နောက်လှည့်လိုက်လျှင် ..၊

"ကိုကြီး .."

"မင်းတို့ .."

မောင့် မျက်နှာကြီးတစ်ပြင်လုံး ညိုမှောင်နေ၏။ အသားလတ်လတ်မျက်နှာက မျက်နှာနီတာကို အညိုရောင်သမ်းလောက်အောင် ဖြစ်စေခဲ့လျက် ..၊

"သွားပြီကွာ .."

လေး နေရာမှ ကမန်းကတန်းထ၍ ခုံကြားထဲကထွက်သည်။ ဆိုင်ထဲမှာရှိသမျှလူတွေ စိတ်ဝင်တစားဖြစ်သွားချိန်မှာပဲ မောင့်ရဲ့ တိုက်ပုံအင်္ကျီလက်ဖျားစမှာ ကပ်တွယ်နေသော ကြက်သွန်ဖက်အစအနတွေက..၊

"လေး ပြန်သုတ်ပေးမယ်နော် ကိုကြီး .. ကန်တော့ .. ကန်တော့.."

"ဟေ့ .. ဟာ .. မလုပ်နဲ့ .."

တားချိန်မရ ဆွဲချိန်မရလိုက်ဘဲ တစ်ရှူးစနဲ့ ဖိသုတ်ပစ်လိုက်သဖြင့် လက်ဖျားစကနေ နာရီပေါ်ကတစ်ဆင့် လက်ခုံပေါ်သို့ ..၊

"ဟား .. သွားပါပြီ .."

"ဟင် .. ကိုမောင် ဘာဖြစ်သွားလို့လဲ .."

ရှေ့ကိုကျော်သွားပြီးမှ ပြန်လှည့်ပြေးလာသည့် ခြေလှမ်းတွေက ခလုတ်တိုက်မတတ်အရှိန်နှင့် မောင့်ဘေးမှာရပ်၏။ ပြီးတော့ လေး နဲ့ မောင့်အင်္ကျီလက်စတွေပေကျံနေတာကိုကြည့်၍ သဘောပေါက်သွားကာ ..၊

"စားသောက်ဆိုင်ထဲမှာ စားတာတောင် အိမ်မှာလို ဗရမ်းဗတာ



စားရသလားဟယ် .. တကယ်ပဲ ကိုယ့်ရုပ်ရည်လေးမှ အားမနာ .."

"ဘာ .. ဘာရယ် .. လေး ကိုပြောတာလား .."

"ဟုတ်တယ်လေ .. ဒါ မင်းကြောင့်မဟုတ်လို့လား .."

သူမက မောင်နဲ့အတူ ဒီနေရာကို ရောက်လာခဲ့သည့် ဓားမာလာဖြစ်သည်။ အတူတူဝင်လာပေမယ့် သူမက ညှော်သည်နဲ့အတူ ရှေ့ကရောက်သွားသောကြောင့် နောက်မှာ မောင် ဘာတွေဖြစ်ကျန်ခဲ့တာကို မသိလိုက် ..။

ထို့ကြောင့်လည်း သူမကိုယ်သူမ မောင်နဲ့ပတ်သက်ပြီး ပြောရေးဆိုခွင့်ရှိသူလိုမျိုး ..၊ လေး နဲ့ မိန်းကလေးတွေကို အထင်မြင်သေးသလို ကြည့်၍ ..၊

"ကြည့်ဦး၊.. ဒီလောက်တောင် စည်းမဲ့ကမ်းမဲ့ .."

"စည်းမဲ့ကမ်းမဲ့ဖြစ်ဖြစ် စည်းနဲ့ကမ်းနဲ့ဖြစ်ဖြစ် အမှတ်တမဲ့ဆိုတာ မရှိတတ်လို့လား၊ ဒီမှာ လူမှားပြီး ပါးရိုက်မိရင်တောင် တောင်းပန်ရင်ကျေနပ်ရတယ် .."

"ဒါဆို .. အခု ငါ မင်းကို ပါးရိုက်မယ်လေ၊ ပြန်တောင်းပန်ရင်ကျေနပ်ပေးမလား .."

"သြော် .. အဲ့လိုလက်တို့ပြီး ပါးရိုက်တာကိုလား .. ဒါဆို မေးနေရင်ကြာတာပေါ့၊ ရှင် အရင်ခံကြည့်လိုက်လေ .."

"လေး .."

လေး က အပြောနဲ့လက်နဲ့ တစ်ထပ်တည်း ..။

မြောက်ခနဲ တက်သွားသည့် လက်က အားပြင်းသည်။ ဓားမာလာ မျက်လုံးအဝိုင်းသားနှင့် ဒေးကြောင်သွား၏။ သို့သော် မောင့် လက်ထဲမှာ လေး ရဲ့ လက်လေးကို ဖမ်းဆုပ်မိသွားခဲ့ပြီး ..၊

"ဘယ်လိုဖြစ်တာလဲ .. ဘာဖြစ်လို့ လက်ပါတာလဲ .."

"အဲ့ဒီမိန်းမကြီးက လေး ကို ပါးရိုက်ဖို့ပြောနေတာ ကိုကြီး မကြားဘူးလား .."

www.burmeseclassic.com

www.burmeseclassic.com



"တောက် .."

သိင်္ဂါသမာဓိကို တန်ဖိုးထားကိုးကွယ်သူကျမှ လမ်းဘေးက စားသောက်ဆိုင်လေးထဲမှာ မိန်းကလေးတစ်အုပ်စုနှင့် ...၊

"သွားပြန်ထိုင်နေ .."

လေး လက်လေးကို ထိုင်ခုံမှာ ပြန်ထိုင်ကျသွားတဲ့အထိ ဆွဲလာပြီး တွန်းပို့လိုက်သည်။ ပြီးမှ စောမာလာ လက်မောင်းကို ခပ်ဖွဖွကိုင်၍ ...၊

"ဘာမှဖြစ်တာမဟုတ်ဘူး မစော .. ကလေးတွေက ကျွန်တော့်ညီမရဲ့ သူငယ်ချင်းတွေပါ .."

အတူထွက်သွားဖို့လက်ဆွဲလာပြီးမှ ပြန်လွှတ်လိုက်ရင်း ရှင်းပြမိသည်။ စောမာလာ က နောက်ကို သမင်လည်ပြန်တစ်ချက်ကြည့်လျှင် လေး က လက်သီးဆုပ်နှင့် လှမ်းရွယ်ပြကာ ...၊

"ဆွဲလို့ ပါသွားရသလိုလိုနဲ့ .. ဟွန်း .. မကျေနပ်ရင် ပြန်လှည့်လာလိုက် .. ဒီက ကျွေးဖို့အဆင်သင့်ပဲ .."

"ဒုက္ခပါပဲ လေး ရယ် .. နင့်ကိုတော့ ငါတို့တောင် လန့်လာပြီ.."

"ဟုတ်တယ် .. ငါ့ ဒေါသထဲပါမသွားချင်ရင် တော်ရာမှာ ခစားကြ .."

ရန်ဖြစ်ရတာ ကိုယ်လည်း ရှက်တာပဲ၊ ဒါပေမယ့် ရှက်လို့ ငုံ့ခံနေတော့ရော ဒီအရှက်က ရှက်စရာမကောင်းတော့ဘူး ဖြစ်သွားမှာမို့လို့လား ...။

"ဟွန်း .. မိန်းမကြီးကိုက .. ကိုကြီးကို သူ့ပစ္စည်းကျနေတာပဲ.."

"အေးနော် .. ချစ်နေကြတာလားမသိဘူး .."

"သူတို့က ဒီဆိုင်ထဲ ဘာဝင်လုပ်ကြတာလဲ မသိဘူး၊ ဘယ်မှာမှလည်း မထိုင်ဘူးဟ .. ဆိုင်ရှင်နဲ့စကားပြောပြီး ဘေးတံခါးကနေ ထွက်သွားကြတာ .."

"ဟိုဘက်ကွက်သစ်ကြီးထဲက အိမ်ရာစီမံကိန်းကို လာကြတာဖြစ်မှာပေါ့ ...၊ ဒီနေရာမှာ ဒီတစ်ဆိုင်ပဲရှိတာကို .."



"အေးလေ .. ဘာမှဝင်မစားတာကို ငါက ပြောတာပဲ .."

"ကဲ .. မစားရသေးဘူးဆိုရင် ပါဆယ်မှာပြီး လိုက်ပို့မလို့လား.."

အားလုံးရဲ့ စကားသံတွေ လေး ရဲ့ ဒေါသံကြောင့် တိတ်ကျသွားသည်။ ဆိုင်ထဲက လူတစ်ချို့၏ အကြည့်တွေကလည်း လေး ရဲ့ မျက်နှာလေးဆီမှာ ဝေ့ဝဲနေကြဆဲ ...။

"ဒီမှာ ပိုက်ဆံရှင်းမယ် .."

ပိုက်ဆံရှင်းဖို့ခေါ်တာက ချဲလင့်န်ခေါ်တဲ့အတိုင်း ...။

ပုံရိပ်က ကြောက်သလို ပခုံးလေးတွန့်၍ ...၊

"ဒေါသတွေ ဒေါသတွေ .."

"ဟုတ်တယ်ဟ .. ဒါက စီဆင်(န်)ဘယ်လောက်ရောက်သွားပြီလဲ မသိဘူး .."

"ဟိုလေ ဒီကြီးက ဝမ်း၊ တို့အဖွဲ့က ထူး .. ဗိတ်တာက သရီး .."

"မယ်ဖြူစင် .. နင့်ပါးစပ်ကို မပိတ်ရင် ဖိုက်(ဗ်)နက်ဝေါ့(ခ်)က အကြိမ်ကြိမ်အခါခါ တစ်ကနေ ပြန်စတတ်တယ်နော် .."

"ဟုတ်တယ် .. ဒီကောင်မလေးရဲ့ နက်(တ်)ဝေါ့(ခ်)ကလည်း ပြောလို့မရဘူး၊ ဗိတ်တော့မယ် ဝမ်း တူး သရီး .."

ခေါင်းချင်းဆိုင်၍ တိုးတိုးကြိတ်ကြိတ်ရယ်သံလေးတွေ ထွက်လာတော့ လေး မျက်နှာလေးပါပြုံးလာ၏။

မုန်တိုင်းနောက်က လေပြည်လား ...၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

"ဟိုမိန်းကလေးက မင်းကို ကာကွယ်ပေးနေလိုက်တာ အုပ်ထိန်းသူ ကျနေတာပဲဆို .."

"မဟုတ်ပါဘူး တီလေးရာ .."

"ပြီးတော့ မင်းက သူ့ကိုချော့မော့ပြီး ဖက်ခေါ်သွားတယ်တဲ့ .."

"ဘယ်သူပြောတာလဲ .."

"လှလွန်း .."

မောင် က မျက်နှာသုတ်နေသည့် တဘက်ကို တန်းပေါ်လွှားတင်လိုက်ပြီးမှ ဒေါ်ငြိမ်းချမ်း ဘက် လှည့်ကာ ..၊

"လျှောက်ပြောနေတာ .. အဲဒီမှာ လှလွန်း မရှိဘူး .."

"ဒါပေမယ့် လှလွန်း ကပဲ ငါ့ကို ပြန်ပြောတာ၊ ဘယ်သူကပြောပြော လှလွန်း က ဘာကြောင့်သိနေနေ ငါသိနေတာ ဘာဆန်းလို့လဲ.."

"မဆန်းပါဘူး .. ဒါပေမယ့် ကျွန်တော် နားပူတာပေါ့ တီလေးရာ၊ ဒီကောင်မလေး ဆိုတဲ့ သတ္တဝါမလေး၊ သူပဲ ပြဿနာရှာတယ်၊ ဦးအောင်တိုင်တော့လည်း သူပဲ၊ ပြီးတော့ အပိုအလိုတွေနဲ့ .."

ဒီကောင်မလေး သူ ထင်ရာဆို ဖွတ်ပြောတာတ်ပေမယ့် ဒေါ်ငြိမ်းချမ်း လောလောဆယ် မလိုလားနေတာက [illegible] ကို မဟုတ်ပေ ..။



ထိုစဉ် ရော်ဘာပူဖောင်းကြီးဖက်ပြီး ရေကူးကန်ဘက်ကို ဦးတည်ဆင်းလာသည့် လှလွန်း ကို မြင်လိုက်ကာ ..၊

"လှလွန်း .."

"ရှင့် .."

"ရှင့်ကိုထားပြီး လူအရင်လာ .."

လှလွန်း လှည့်ကြည့်ပြီး အခြေအနေကို သဘောပေါက်သွားသည်။

"ဘာလဲ မနေ့က လေး တို့နဲ့ ကိုကိုကြီး ဖြစ်ခဲ့တဲ့ပြဿနာလား.."

"ဟုတ်တယ် .."

"မောင်နော် .. ကလေးကို လှည့်မဲမနေနဲ့၊ ငါမေးတာ လေး နဲ့ ဖြစ်တဲ့ ရန်ပွဲမဟုတ်ဘူး၊ အဲ့ဒီတစ်ယောက်က .."

"စောမာလာ မို့လား .."

လှလွန်း ကြားဖြတ်ပြောလိုက်ပြီး ဒေါ်ငြိမ်းချမ်း သေးမှာ နေရာယူလိုက်၏။ ဒေါ်ငြိမ်းချမ်း က မောင်နှမနှစ်ယောက်ကို အံ့ဩသလိုကြည့်ကာ ..၊

"ကြည့်စမ်း .. ကလေးကတောင်သိနေပြီး ငါ မသိဘူး .."

"ကျွတ် .. ရှုပ်ကုန်ပြီကွာ .."

"မောင် .."

"တီလေး အကြီးကြီးပူနေပြန်ပြီ၊ စောမာလာ က ကျွန်တော်နဲ့ ဘာမှမဟုတ်ပါဘူးဆို .. ပြောတာလည်း နည်းနည်းပါးပါးယုံကြည်ပေးပါဦး .."

"ဒါဆို စောမာလာ ဆိုတာ တကယ်ပေါ့၊ ဟဲ့ .. ပြောစမ်း .. ခင်းသေးမှာပါလာတာ စောမာလာ ဆိုတာလား .."

"ဟုတ်တယ် .."

"လှလွန်း က ဒီနာမည်ကို ဘယ်လိုသိနေတာလဲ .."

"ကိုကိုကြီး စာကြည့်စားပွဲပေါ်မှာလေ၊ အဲ့ဒီအမည်ရဲ့ ဖိုင်တွေ ခထာခထာ

www.burmeseclassic.com



တွေ့တယ်၊ သူတို့ရဲ့ ဝက်(ဘ်)ဆိုက်ဒ်ထဲမှာလည်း ..”

“တော်ပြီ .. တော်ပြီ ..”

ဒေါ်ငြိမ်းချမ်း အသက်ရှူတွေ ပြင်းလေသည်။ ပြီးတော့ မောင့်မျက်နှာကို စူးစူးရဲရဲကြည့်ကာ ..၊

“အဲဒီတစ်ယောက်က ဗေဒါညိုရွာက လာနေတဲ့တစ်ယောက်ဆိုတာလား ..”

“မဟုတ်ပါဘူး .. စောမာလာ က ရန်ကုန်ကပဲ သူ့မိဘတွေက စိန်ခြူးရတနာဆိုင်နဲ့ ..”

“မေးတာကိုပဲ ဖြေစမ်းပါ မောင်ရယ် .. ငါ ဖိတ်စာရိုက်ဖို့မေးနေတာမဟုတ်ဘူး .. နောက်က အမြီးတွေ မပါစေနဲ့ ..”

မောင် သက်ပြင်းချပြီး နောက်ကဆံပင်တွေကို ရေသပ်သလိုနှင့် ထပ်ခါမိ၏။ ဘယ့်နှယ်ကြောင့် တီလေး ဒီကိစ္စကိုပဲ ဆတ်ဆတ်ထိမခံနိုင်ဖြစ်နေမှန်း မသိပါ။

ကိုယ့်ပတ်ဝန်းကျင်မှာ ကိုယ့်လိုပဲ လုပ်ငန်းမောင်နှမတွေရှိကြတာ အာဆန်းလို့လဲ ..၊ ဆင်းရဲချမ်းသာ ရွေးဖယ်ပေါင်းစေချင်တာမျိုးလည်း မဟုတ်ဘဲ ကိုယ့်အနီးအနားရှိနေသည့် ဘယ်မိန်းကလေးကိုမှ မနှစ်မြို့နိုင်ဖြစ်နေတာ နားမလည်နိုင် ..။

“သားကြီး ..”

“ဗျာ ..”

“မင်းကို တီလေးက ဝါသနာပါရင် လုပ်ပါစေဆိုပြီး ကြည့်နေတာနော် .. အဲဒီကရတဲ့ဝင်ငွေကို စိတ်ဝင်စားလို့မဟုတ်ဘူး .. မင်းကို ကုမ္ပဏီထောင်ရှိနွှင့်မပြုဘဲ ထားတာကိုသဘောပေါက် ..”

“ပေါက်ပါတယ် .. တီလေးက ဘာဖြစ်နေတာလဲ၊ ကျွန်တော် အလုပ်လုပ်နေတာ လုပေါင်းစုံနဲ့ ပြောဆိုဆက်ဆံရမှာပဲလေ .. လူပျိုဖျန်းအရွယ်လည်း မဟုတ်တော့ဘဲနဲ့ ..”



“အောင်မယ်လေး ကြီးမိုက်တွေကခက်တာ၊ အဲ့ဒီလိုလူတွေ များပြီဆိုမှ ခေါက်ထစ်ဆုံးမလို့မရ၊ အခန်းထဲ ထည့်ပိတ်ထားဖို့လည်း မလွယ် ..”

“ပြောပါဦး .. တီလေးက ကျွန်တော့်ကို ဘာဖြစ်စေချင်လို့လဲ ..”

တိုက်ရိုက်မေးလာတော့ ဖြေဖို့ခက်သွား၏။ မဟာနဖူးပြေပြေနှင့် ထူနက်နေသော မျက်ခုံးအစုံကို သေချာကြည့်နေ၏ ပြီးမှ ..၊

“ပေါက်ကရ မိန်းမတွေနဲ့ မနီးစပ်စေချင်လို့ပေါ့ ..”

“ကျွန်တော့်ဘေးမှာ ကျွန်တော့်လို အင်ဂျင်နီယာတွေချည်းပဲ တီလေး၊ ဆင်းရဲတာချမ်းသာတာတွေလည်းရှိတယ်၊ ဒါပေမယ့် ကျွန်တော် အလုပ်လုပ်နေတာ ချစ်သူရွေးဖို့မှ မဟုတ်တာ၊ သူတို့ဘဝတွေ ဘာဖြစ်ဖြစ် ကျွန်တော် စိတ်မဝင်စားဘူး၊ တီလေးလည်း စိတ်မဝင်စားပါနဲ့၊ ပြီးတော့ ဘယ်သူ့ကိုဖြစ်ဖြစ် ပေါက်ကရ မိန်းမတွေဆိုတဲ့ နာမ်စားသုံးတာလည်း မကောင်းဘူး ..”

“မကောင်းမှန်း ငါ သိတယ်၊ မင်း သိနေတာလည်း သိတယ်၊ ဒါပေမယ့် အန္တရာယ်ရှိသည်လို့ အလံနီပြထားတဲ့ ရေပိုင်နက်ထဲမှာပဲ အလောင်းတွေ ခဏခဏသွားကောက်နေကြရတယ်၊ အဲဒါ ဘာကြောင့်လဲ ဟိုးကမ္ဘာဦးအစတည်းက ဒီနေ့ထိ နည်းပညာတွေ ဘယ်လောက်ပဲ အဆင့်ဆင့်ပြောင်းလဲတိုးတက်လာနေနေ ချစ်ခြင်းမေတ္တာကို နိုင်းခေအမိန့်ပေးလို့ရတဲ့ နည်းပညာဆိုတာ မရှိသေးဘူး ..”

အပျိုကြီးတစ်ယောက်ရဲ့ စုဆောင်းရမိထားသော အချစ်မာတိကာလို့ ရေးသားထုတ်ဝေလိုက်လျှင် တစ်ခါတည်း ပေါက်သွားနိုင်၏။

ဘေးမှာ အသာလေးအသံတိတ်ပြီး နားထောင်နေသည့် ရှုလွန်းက ပခုံးလေးတွန့်ပြီး ပါးစပ်ပိတ်ရယ်၏။

တည့်တည့်စိုက်ကြည့်ပြီး ဆူခံထိနေရှာသည့် ကိုကိုကြီး ခများတော့ ရေယ်နိုင်ရှာ ..၊

www.burmeseclassic.com

www.burmeseclassic.com



"ငါပြောတာ နားလည်လား မောင် .. အချစ်ကြောင့် မှားနေကြတဲ့ အမှားတွေက ခေတ်အဆက်ဆက်ကနေ့ ဒီနေ့ထိ ကိုယ်ပိုင်သီအိုရီနဲ့ ရဲရဲဝံ့ဝံ့မှားနေကြတုန်းပဲ၊ အဲဒါကြောင့် ငါ မယုံဘူး၊ ငါ့သားကြီး လိမ္မာလှ လိမ္မာလှနဲ့ မိန်းမစကား နားထောင်ပြီး မအေကို ပြန်သတ်တဲ့ ဇာတ်တော်ရောမရှိခဲ့ဘူးလား .."

"မိန်းကလေးတစ်ယောက်ဖြစ်ပြီး ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းနိုင်တာရော၊ ရိုးသားကြိုးစားတာရော အဲဒီအမျိုးသမီးကတော့ တကယ်ချီးကျူးဖို့ကောင်းပါတယ်၊ သနားဖို့လည်းကောင်းတယ်၊ သူ့ခမျာ ဗိုက်ဆံရသမျှ စုဖို့အဓိကဖြစ်နေတာလေ၊ ဘာမှလည်း ကောင်းကောင်းမဝတ်ရ မစားရရှာဘူး .." တဲ့ ...။

မဝတ်ရ မစားရတာတွေကို ထိုင်ကြည့်နေခဲ့တဲ့အထိ ဘယ်လောက်တောင် ဂရုစိုက်ကြည့်နေခဲ့သလဲ၊ သနားစိတ်တွေ ကရုဏာတရားတွေနဲ့ ဘယ်လောက်တောင် နင့်နေခဲ့သလဲ ...။

တစ်ရွာလုံးရဲ့ ကျောင်းစရိတ်နဲ့ ဘွဲ့ရခဲ့တဲ့ မိန်းကလေးတစ်ယောက်အကြောင်းသိခဲ့ရပြီးတည်းက ဒေါ်ငြိမ်းချမ်း ရင်ထဲမှာ မောင့်ပတ်ဝန်းကျင်တစ်ခုလုံးကို အနိမ့်အမြင့် မမြင်တော့ပေ ...။

ဘယ်မိန်းကလေးကိုမှ မနှစ်မြို့နိုင်သည်မို့ စိတ်မချခြင်းတွေဖြစ်လာခဲ့ရ၏။

ဒီကောင်မလေး ...၊

စကားလမ်းကြောင်းပြီးသည့် လေး ကို ဖျတ်ခနဲသတိရလိုက် ၏။ ဒါပေမယ့် ဒီကောင်မလေးကလည်း သူမ သဘောကျကျေနပ်လောက်စွယ်တော့ မဟုတ်သေးပါ ...။

သို့သော် ...၊

"တီလေး .."

"ပြော .. ငါ့ကို မေးခွန်းတွေပြန်ထုတ်ဖို့တော့ မစဉ်းစားနဲ့ .."



"မဟုတ်ဘူးလေ .. ကျွန်တော်က ကလေးပိစိကွေးမှမဟုတ်တာ၊ တကယ်လို့ မှားသွားရင်တောင် ယောကျ်ားလေး၊ တီလေးက အပျိုကြီးဖြစ်ပြီးတော့ အချစ်ရဲ့ သီအိုရီတွေနဲ့ သက်သေထူနေတာ .. အဟွန့် .."

"ကြည့်စမ်း .. ခွေးကောင်လေး .."

"မေးကြည့်တာပါ .."

မောင့် မျက်နှာက ရယ်ချင်လက်စနှင့် ...၊

"ကျွန်တော့်ကို အိမ်ထောင်ချပေးမယ်ဘာညာစမလို့ စကားတွေခင်းနေတာတော့ မဟုတ်ဘူးမို့လား .."

ခုနတုန်းကတော့ မျက်နှာသေလေးနဲ့ တကယ့် လူရိုးလူအေးကြီးလို ...၊

ခုကျတော့ မျက်နှာလေး မချိုမချဉ် ပြောင်သလို ရယ်မလိုနှင့်...၊

"ဟုတ်တယ် အိမ်ထောင်ချပေးဖို့ စဉ်းစားရတော့မယ်၊ လူတွေကအသက်ကြီးလာရင် လိုချင်တာ ရွေးလို့ရနိုင်နေတုန်းက ချိုသလေး ခါးသလေးနဲ့ ရွေးရင်းနဲ့ အရွယ်လည်းလွန်လာရော အချိုနည်းကောင်းပါတယ်၊ ကျဆိမ့်လေးလည်း မဆိုးပါဘူး ဖြစ်လာရော .."

"ဟား .. ဟား .. ဟား .."

"ခစ် .. ခစ် .. ခစ် .."

"အံမယ် .. ဘာရယ်တာလဲ ဒါ .."

အကြီးကိုမနိုင်တော့ အငယ်ဘက်ကိုလှည့်သည်။ အကြောင်းသိပြီးသားမို့ လှလွန်း က ရေကူးကန်ဘက်ပြေးထွက်သွားလေသည်။

"မောင် .."

"ကျွန်တော် အရေးကြီးဖုန်း ချိန်းထားတာရှိသေးတယ် တီလေး"

"အံမယ် .. အံမယ် .. အခု အရေးကြီးသွားပြီလား .. ရှော်ီး .."

အကျီဝတ်လက်စနှင့် အပြင်ထွက်ဖို့ ခြေလှမ်းပြင်လိုက်သဖြင့် ဒေါ်ငြိမ်းချမ်း က ပြန်ဆွဲထားကာ ...၊

www.burmeseclassic.com

www.burmeseclassic.com



"မင်းကို တီလေး မိန်းမပေးစားမယ် .."

"တီလေးကလည်း အပျက်ပျက်နဲ့ဗျာ .."

"အပျက်နဲ့ ပေးစားမှာမဟုတ်ဘူး .. ချော်ချော်လှလှ နုနုငယ်ငယ်လေးနဲ့ ရှယ် ရွေးထားတာ .."

"တီလေးရာ .."

"အေး .. ဟုတ်တယ် .. တီလေးပဲ ကိုယ့်တူကို တစ်ရေးနိုးထကြည့်တာတောင် မျက်လုံးကျယ်မလာနိုင်မယ့် နွမ်းဖတ်ရွှတ်တွခံနေတာကြီးတွေနဲ့ လုံးဝ မပေးစားဘူး .."

"ဒါဆို .. အချိန်မရွေး ဆံပင်စုတ်ဖွား မျက်လုံးရကွင်းလောက်နဲ့ သရဲမကို ကျွန်တော်နဲ့ ပေးစားမှာလား .."

"ဘာ ...."

"ဟုတ်တယ်လေ .. တစ်ရေးနိုး ထကြည့်ပါတယ်ဆိုမှ သရဲမြင့်လိုက်မှ မျက်လုံးပြူးသွားမှာပေါ့ .."

"ကြည့်နူးမောင် .."

"အိပ်မှုန်စုံဝါးဖြစ်နေတဲ့ မျက်လုံးကို ကျယ်လောင်သွားအောင်လုပ်တာ မကြားဖူးဘူး .."

"ကြားဖူးမလား နင့်ဘေးမှာ အဲ့ဒါမျိုးမှ မရှိဘဲ .."

"တီလေးက ပြောလိုက်ရင် ဒါပဲ ကျွန်တော့်ဘေးမှာ ဘာတွေရှိနေနေကျွန်တော်နဲ့ ဘာဆိုင်လို့လဲ .. လုပ်ဖော်ကိုင်ဖက်မောင်နှမတွေကို တီလေးတစ်ယောက်တည်း ထင်ရာတွေးပြီး .."

"ဘာမှမဟုတ်သေးခင်တော့ လုပ်ဖော်ကိုင်ဖက်တွေပဲ ဒီမှာ သားကြီး .."

ဖြစ်သွားပြန်ပြီ ...၊

တီလေးတို့ တစ်ခုခုချော့မော့ပြောတော့မည်ဆို ဒီတိုင်း ...၊

"မောင် .."

"ဟုတ်ပါပြီ .. ကျွန်တော် မသွားသေးပါဘူး .. ပြော .."



"တီလေး စိတ်ကူးထားတာပဲရှိသေးတော့ အငယ်လေးကို သွားမပြောလိုက်နဲ့နော် .."

"ပြောသင့်ရင်တော့ ပြောရမှာပေါ့၊ မိန်းမရတော့မယ်ဆိုတော့ ဝမ်းသာအားရ ကြွားရမှာကို .."

"အေး .. ပြော .. ပြော .. ဝမ်းတောဘယ်လ်လေးဘာလေးနဲ့ ပွဲပေးပြီးပြော .."

တူဝရီးနှစ်ယောက် အပြန်အလှန်ရွဲ့ပြောနေကြပြီး လိုရင်းမရောက်နိုင် ...၊

ဒေါ်ငြိမ်းချမ်း မှာလည်း မောင့် အိမ်ထောင်ရေးအတွက် ကိုယ်ပိုင်စီမံပေးဖို့ အစတည်းက စီမံကိန်းကြီးတစ်ခုလို တစ်သီးတစ်သန့်ရေးဆွဲထားပြီးသားပါ ...။

ဒီစကားမျိုးပြောဖို့အတွက် သူမ ဒီလောက်ထိ ခက်ခဲနေရလိမ့်မည်လို့ မထင်ခဲ့ပေ ...။

ခုတော့ ပြောပါဆိုတာတောင် ပြောရခက်နေ၏။

သူမ ရွေးချယ်ရမည့် သတို့သမီးလောင်းကလေး ဖြစ်နေလို့လား ဒါမှမဟုတ် လေး ကို သူမ တကယ်သဘောကျရွေးချယ်ချင်တာ မဟုတ်သေးတဲ့သဘောလား ...။

မဟုတ်သေးဘူးဆိုရင်လည်း 'ဒီကောင်မလေး' လို့ ကိုယ်ပြောလိုက်တာနဲ့ မောင့် မျက်နှာဘာဖြစ်သွားမည်ကို ရင်မဆိုင်ရဲဖြစ်နေတာလား ...။

ဒါဆို ဘာဖြစ်လို့ ဒီကောင်မလေးကို သူမ ရွေးချယ်ဖို့ဆုံးဖြတ်လိုက်ရတာလဲ ...။

ငြိမ်းချမ်းရေ နင် သူတို့ချမ်းသာတာကို မက်မောပြီး လက်ခံခဲ့တာများလား၊ စဉ်းစားစမ်း ...။

ကောင်မလေး ဒီလောက်ဆိုးတာကို ...၊

www.burmeseclassic.com

www.burmeseclassic.com



"ဟလို .."

"... ... ..."

"ဟုတ်ကဲ့ ဦးကျော် .. ကျွန်တော် မဇော်နဲ့ ပြောပြီးပါပြီ၊ သူ အားလုံးအပြီးသတ်ပေးမှာလို့ပြောတယ် .."

"... ... ..."

"ကျွန်တော် လက်မခံရသေးပါဘူး၊ အဲဒီအလုပ်က ကိုရာဇာထွန်းတို့ ဆိုက်ဒ်နဲ့ နီးမယ်ထင်လို့ .."

ခေါင်မိုးချွန်း စဉ်းစားရင်း ခေါင်းရှုပ်နေစဉ် မောင် က ဖုန်းဝင်လာလို့ ပြန်ဖြေနေပြီဖြစ်၏။ ဒါပေမယ့် အဒေါ်ဖြစ်သူကို ခွင့်တောင်းသလိုကြည့်ပြီးမှ အခန်းပြင်ထွက်သွားတာဖြစ်သည်။

မင်္ဂလာကိစ္စပြောမှာစိုးလို့ ရှောင်ထွက်ဖို့ကြိုးစားတာမဟုတ်မှန်း သိလိုက်တော့ မချင့်မရဲဖြစ်သွားမိ၏။ ငါ့တူလေးက ငါပြောရင် နားမှာထို - ကျွတ် ..၊

နောက်မှပဲ ပြောပါတော့မည် ..။



အခန်း (၆)

"အိုခေ .. အိုခေ .."

"ဒါဆို စိတ်ချမယ်နော် .."

"စိတ်ချပါဗျာ .."

ညှို့သည်က အလုပ်ကိစ္စပြောဆိုအောင်မြင်သွားသဖြင့် ကားထဲဝင်ပြီးမှ နှုတ်ဆက်ရင်းစကားမပြတ်နိုင် ..။ ထိုစဉ် ခြံထဲကို ဆိုင်ကယ်လ်တစ်စီးကွေ့ဝင်လာတာ ဝေါခနဲ့ ..၊

ဟဲလ်မက်ဆောင်းထားပေမယ့် မိန်းကလေးမှန်း သိလိုက်သလို သူမက ဒီကောင်မလေး ပဲဆိုတာလည်း တန်းသိသည်။ ဖျတ်ခနဲလှည့်ကြည့်ပြီး ပြောလက်စစကားကိုဖြတ်၍ လက်ပြနောက်ဆုတ်လိုက်ကာမှ ..၊

"ကိုကြီးရေ .. ကိုကြီး .. ဘေးကို .. ဘေးကို .."

"ဘီ ..."

ဟွန်းသံကို အရေးပေါ်ဥဩသံကဲ့သို့ တအားတီး၍ ကိုယ့်ဆီကို ဆိုင်ကယ်လ်က တန်းတန်းမတ်မတ်ပြေးဝင်လာ၏။

"ဘေးဖယ် .. ကိုကြီး .."

"ဘီ ..."

"ဟ ..."

စနေတာလိုလို ဘာလိုလိုနှင့် အော်လာသဖြင့် မောင် ခပ်ကြောင်ကြောင်ဖြစ်သွားသည်။ ကိုယ့်ဆီတကယ်ကြီး ဝင်ဆောင်းလာတော့မှာ

www.burmeseclassic.com

www.burmeseclassic.com



ကို သိလိုက်တော့ ရှေ့မှာ ကားနှင့် ရှောင်စရာမရှိတော့ပေ ...။

"ဘုတ် ..."

"အင့် ..."

"ဝရော ..."

ကားနဲ့ ရင်ဘတ်တစ်သားတည်းဖြစ်သွားပြီလားမသိ ...၊

နောက်က ကပ်ပွတ်သွားသည့်ဆိုင်ကယ်လ်သံနှင့် လေက ဗိုးခနဲ အူထူသွား၏။

"ကိုကြီး လှုပ်မါဦး .. ရပ်လို့မရတော့လို့ .."

"ရပ်လို့မရတော့ဘူးတဲ့ .. ကျွန်တော် ထွက်လိုက်မယ် ကိုမောင်.."

"ဂျိမ်း .."

ညွှေသည်က အချက်ပေးပြီးမှ တံခါးပိတ်လိုက်တာပဲဖြစ်သည်။ သို့သော် သူ နောက်ဆုတ်ရှောင်တာ နောက်ကျ၏။

"ဂျိမ်း ..."

"ဟာ .. နေဦး .. နေဦး .. ညပ်နေပြီ .. ဦးတိုက်စိုး .."

တိုက်ပုံစတစ်ဖက် ညပ်ပါသွားသဖြင့် ကားနောက်ပြေးလိုက်ပြီး သေလုမျောပါးထုရိုက်ခေါ်ရ၏။ ဦးတိုက်စိုးခမျာ ကားကို ပြန်ရပ်ပြီး တံခါးပြန်ဖွင့်၊ ပြန်ပိတ်ကာ ခြံထဲကနေ ကတိုက်ကရိုက် မောင်းထွက်ရလေသည်။

ထို့ပြင် ပန်းခြံကို ဝိုင်းပတ်ထားသည့်လမ်းအတိုင်း ခြံဝကို ထွက်ရတာမို့ ဆိုင်ကယ်လ်ပြန်ဝိုက်ပါလာတာမြင်သည်နှင့် ဝုန်းဒိုင်းကြဲပြေးရရှာ၏။

"ကိုကြီး .. ကိုကြီး လှုပ်ဦး .. ရပ်လို့မရတော့ဘူး .. လှုပ်ပါဦး .."

"သေလိုက်တော့ .."

ဒေါသကြီးခဲ့သည့် ကိုယ်မှာ ချက်ချင်းခုန်ထွက်လာသည့်ပမာဏ တ ဒေါသနဲ့ ကိုယ် မျှရဲ့လားတော့င်မသိ၊ သို့သော် ညနေဈေးက ပြန်လာသည့် ဆွဲခြင်းလေးနဲ့ ရွှေနားပေ ကို လှမ်းမြင်လိုက်လျှင် ...၊

သွားပြီ ...၊

"ပေါ: .."



"ဒေါ်ကြီးရွှေ .. ဘေးကို .. ဘေးကို .."

လေး နဲ့ သူ သံပြိုင်အော်သံတွေထွက်သွား၏။ ရွှေနားပေ ကတော့ အေးဆေးပင် ...၊

"ဒေါ်ရွှေ ဘေးကို .. ဘေးကို ဆင်းလိုက် .."

ပါးစပ်ကြီးပြဲပြီး လက်ယပ်ပြနေသဖြင့် ရွှေနားပေ ခြေလှမ်းတော့ တုံ့သွားသည်။ ပြီးတော့ ဘာထင်သွားသည်မသိဘဲ သူတို့ကို ပြုံးပြနေသေး၏။ ဖြီးတော့မှ ...၊

ဟင် ...၊

ဝှေ့ဝှေ့ခါခါလာနေသော ဆိုင်ကယ်လ်ကို နောက်ပြန်ကြည့်ကာ...၊

"အောင်မယ်လေး .."

ဆွဲခြင်းကြီးကိုလည်း မချဘဲ တည့်တည့်ပြေးနေရင်း ပါးစပ်ကလည်း အသံကုန်အော်ကာ ...၊

"လေးရေ .. မစပါနဲ့ ကြော်က်ပါပြီ .. ကိုမောင် ရေ ကယ်ပါဦး.."

ဆိုင်ကယ်လ်က လိုက်တိုက်နေသည်ထင်ကာ လမ်းဘေးပြေးဆင်း၏။ ပြီးတော့ လွှတ်နေကာမှ ကယောင်ကတမ်း လမ်းပေါ်ပြန်ပြေးတက်သည်။

"အောင်မယ်လေးတော် .."

ဆိုင်ကယ်လ်ကို သူမကပဲ ပြေးတိုက်မလိုဖြစ်ကာ လမ်းဘေးကို ဒလိမ့်ခေါက်ကွေးလဲလေသည်။ ရွှေနားပေ့ ကိုပဲ စိတ်ပူသွားသဖြင့် ကိုယ့်အန္တရာယ်ကို မေ့သွားသည့်ခဏတွင် ...၊

"ဟာ .. ဟေ့ .."

ရှောင်ချိန်မရသဖြင့် ဘေးကိုခုန်ဆုတ်လိုက်ရာ ပန်းအိုးတစ်လုံး၏ နှုတ်ခမ်းကိုနမ်းမိ၏။ ဆိုင်ကယ်လ်အတိုက်မခံလိုက်သော်လည်း ပန်းအိုး ရောလူပါ ဥမ်းပစ်သွား၏။

"ဝရော .."

"လှလွန်း ရေ .. ဂျီလေး လှုပ်ပါဦး .."

ရပ်လို့မရမချင်း လမ်းရှိသည့်အဝိုင်းအတိုင်း ဆိုင်ကယ်လ်ပတ်ပြေးနေတာ ဘယ်နှစ်ပတ်ရှိပြီမသိ ...။ နောက်ဆုံး ခြံထောင့်မှာ လှန်းထား

www.burmeseclassic.com



သည့် ရွှေ့ရာခင်းတွေစောင်တွေကို ပြေးဆွဲကာ ပန်းပင်ပျိုးဖို့ မြောင်းဖော်ပြီး ဆွထားသည့် မြေသားပွပွပေါ် ပြေးလိုက်ပြီး ..၊

"ဒီဘက်ကို .. ယေား .."

"လာပြီ .. ကိုကြီး .. ကိုကြီး ဖယ်လေ .."

"ဖယ်လို့ရမလား .. ဒီဘက်ကိုခုန်ဆင်း .."

"ခုန်း .. ဝုန်း .."

"အား ..."

ဆိုင်ကယ်လ်တစ်ခြား လူတစ်ခြားဖြစ်သွားကာ ဆိုင်ကယ်လ်သည် ရေကူးကန်ဘက်ပျော်ပျော်ကြီးပြေးထွက်သွား၏။ လေး ကို ဆီးပွေ့ထားလိုက်သဖြင့် မောင့် ကျောပြင် မြေပြင်ပေါ်ပစ်ကျကာ ..၊

"အား .. လှုပ်လို့မရတော့ဘူး .."

"လေးရော ပဲ .."

"ဘာ .. ခင်ဗျားက .."

"ဟုတ်တယ် .. ကိုကြီး ကိုယ်ကြီးနဲ့ ဖိထားတာ ကျိုးပြီထင်တယ်.. အား .."

"လူပေါ်မှာနေပြီး ဘာကျိုးတာလဲ .."

"လက် .."

"ဟင် ..."

"ကိုကြီးကျောအောက်မှာ .."

ပတ်ဝန်းကျင်တစ်ပြင်လုံး ဆူညံမှုတွေ ရုတ်တရက်တိတ်ကျသွားပေမယ့် လဲနေသူတွေ ဘယ်သူမှ ပြန်မထနိုင် ..။ ရွှေနှားပေသည် ဆွဲခြင်းကိုဖက်လျက် ကွေးကွေးလေးသတိလစ်နေလျက် သူနဲ့ လေး နဲ့ ဘယ်သူမှ ရုတ်တရက် မထနိုင်ကြဘဲ ..။

အဲဒါ ဒီကောင်မလေးပဲဖြစ်လေသည်။

www.burmeseclassic.com



## အခန်း (၇)

"ဒီလောက်တောင် လက်လက်ထနေတာများ အံ့ဩပါရဲ့တော်.."

ဒေါ်ငြိမ်းချမ်း က ဒဏ်ရာတွေနဲ့ လူနှစ်ယောက်ကိုကြည့်၍ ရင်ဘတ်ထု၏။ တစ်ရေးနိုးသွားတုန်းက အိပ်မက်တွေမက်နေတာပဲထင်ကာ နောက်ဆို ညနေပိုင်းရောက်မှ မအိပ်တော့ဖို့တောင် ဆုံးဖြတ်လိုက်သေးသည်။

ပြီးတော့မှ အော်သံတွေက ပျောက်မသွားသဖြင့် လှဲနေရာမှ ထထိုင်လိုက်မိခြင်းသို့ရောက်ကာ အပြင်ထွက်ကြည့်မိသည့်အချိန်မှာ အကုန်လုံး အတုံးအရုန်း ..၊

လူတွေသာမကဘဲ သစ်ပင်ပန်းအိုးတွေပါ ယာခင်းထဲ ဆင်ရိုင်းမွှေသွားသလိုဖြစ်နေတာ ကိုယ့်မျက်စိကိုယ်ပင် မယုံနိုင်ပေ ..။

"ရန်ကုန်မှာ ဆိုင်ကယ်လ်တွေစီးနေကြတာ နယ်မြို့ကြီးနဲ့ တူလာလို့ စိတ်တွေညစ်နေရတဲ့အထဲ .. ငါ့ခြံထဲထိများဝင်ပြီး ဒုက္ခပေးလာသေးတယ် .. မပြောလိုက်ချင်ဘူး .."

"လေး က အန်တီချို ငယ်ငယ်ကစီးခဲ့တဲ့ ဆိုင်ကယ်လ်ဆိုပြီး ဒီမှာ ဆိုင်ကယ်လ်သော့ပြန်တွေ့တာနဲ့ .."

"ဟဲ့ .. အဲဒါ ညည်းက ဆိုင်ကယ်လ်စီး ဘယ်လောက်ကျွမ်းကျင်နေလို့လဲ .."

www.burmeseclassic.com

www.burmeseclassic.com



"စီးတတ်တာပဲဟာ .."

"အေး .. စီးတတ်တဲ့လူတွေချည်းပဲ သေနေကြတာလေ .. ဆိုင်ကယ်လ်မှောက်လို့ နှစ်ယောက်ပွဲသေတာတွေ၊ သုံးယောက်ပွဲသေတာတွေ၊ သေကုန်ကြရင် ဆိုင်ကယ်လ်တိုက်လို့ချည်းပဲ၊ မြန်မာနိုင်ငံမှာ လူဦးရေ တိုးတက်နှုန်းမြင့်နေလို့ပြန်လည်လျှော့ချရေးကို ဦးတည်ပြီး ဆိုင်ကယ်လ်တွေ မနားတမ်းသွင်းနေတာ .. ငါ့အိမ်မှာ ယောက်ျားလေးမွေးထားတာတောင် ဆိုင်ကယ်လ်စီးခွင့်မပေးခဲ့ဘူး .."

ပြောသွားတာ ဘာအရေးညာအရေးတွေလည်းပါ၏။ ဆေးခန်းမှာ သူနာပြုတွေ ရှိနေတာလည်း ဂရုမစိုက်ဘဲ ..၊

"ငါ့အိမ်မှာ အဝိုင်းပတ်စရာမရှိရင် ညည်း ဘယ်လိုလုပ်မလဲ လေး၊ ဟင် .. မတွေးရဲစရာအေ .."

"လေး ကလည်း ဘရိတ်မမိမှန်းသိတာည်းက တီလေးတို့အိမ်ကို သတိရပြီး ရောက်တဲ့နေရာနဲ့ နီးလည်းနီးနေတာနဲ့ .."

"ဟယ် .. လေး ဘာမှမဖြစ်ဘူးတော့ .."

"လေး ရယ် .. ဆိုင်ကယ်လ်မှောက်တယ်ဆိုလို့ လန့်သွားတာပဲ.."

ဒီမှာ ကြောက်လန့်သွားအောင် ဆူမလိုပြင်တုန်း မယ်သွက်သွက် ခါလေးတွေ သတင်းရတာ မြန်လှချေလား ..၊ နောက်ဆုံးက ဝင်လာသည့် လှလွန်း ကို မြင်လိုက်မှ တရားခံကိုသိကာ ..၊

"လေး ဆေးရုံရောက်သွားတာကို အရင်ဆုံးသိဖို့လိုအပ်တာ ဒါလေးတွေလား လှလွန်း .."

"တီလေးကလည်း ဘိုးဘိုးသော် က ဒီအချိန်ဆို မွှာရုံမှာ တရားနာသွားနေကျလေ၊ အန်တီချို့ ကိုတော့ သမီးဖုန်းဆက်ထားတာပဲဥစ္စာ .."

"ဟုတ် .. ဟုတ်ပါတယ် တီလေးရဲ့၊ သမီးတို့ကလည်း မေမေ့ မွေးနေ့အတွက် လက်ဆောင်ဝယ်မလို့ ထွက်လာရင်းနဲ့ ဒီနားရောက်နေကြလို့ တန်းရောက်လာတာပါ .."



မိန်းကလေးတွေကို ကြည့်ပြီး မောင် အားနာသွားမိသည်။ တီလေး ဘယ်လောက်ဆူဆူ ဘယ်လိုအော်အော် သူမလေးတွေခမျာ အမှတ်ထား ကြပုံလည်းမရှိ ..၊

"တီလေး ကလည်း ကျွန်တော့်ကို ဆေးရုံတက်နိုင်းတဲ့ကိစ္စ မတက် ဘူးလို့ သွားပြောပေးပါ၊ တော်ကြာ တက်မယ့်လူနာစာရင်းထဲ သွင်းလိုက် ဦးမယ် .."

"တီလေး ပြောလိုက်ပြီးပါပြီ .."

အကြောင်းရှာပြီး ကလေးတွေနားကခွာသွားဖို့ ဖန်တီးပေမယ့် မအောင်မြင် ..၊

"ကိုကိုကြီး ဘာဖြစ်သွားတာလဲဟင် .."

ဖြစ်ပုံကိုတော့ လှလွန်း ပြန်ပြောပြီးသားမို့ သိပြီးပြီဖြစ်သည်။ ဒါပေမယ့် လေး က ငုတ်တုတ်လေးခြေချထိုင်နေကာ မောင်က ခုတင် ပေါ်မှာ ပက်လက်မို့ ..၊

"ဖြူ တို့က ကိုကိုကြီး ဒီလောက်ထိသွားတာ မသိဘူး၊ လေး ကိုပဲ .."

"အောင်မယ်လေး .. အဲ့ဒီ လေး ဆိုတာလေးကိုဖက်ပြီး ကျုပ်သား ကြီးက အောက်မှာ ပိပြားနေတာလေ .."

"တီလေးရာ .."

"ဟယ် .."

"အဲ့လိုလား .."

"ဟုတ်တယ် .. အဲ့လိုပဲ .. သူ ဆိုင်ကယ်လ်မှောက်တာမဟုတ်ဘူး၊ မောင့် ကို ခြံထဲဝင်ပြီး ဆိုင်ကယ်လ်နဲ့ လိုက်တိုက်တာ .."

မိန်းကလေးတွေ ပါးစပ်လေးတွေအဟောင်းသားနှင့် ထိတ်လန့် ကုန်တော့ မောင် ပြုံးလိုက်မိသည်။ တီလေး အလွန်အကျူးပြောတတ် တာသိကြပေမယ့် တကယ်ပဲလားလို့ လန့်ဖျန့်တွေးမိသွားသည့် မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



လေးတွေနှင့် ..၊

"တီလေးကလည်း အလိုလိုကမှ ဆေးရုံက အက်ဆီးဒန့်ဖြစ်တာလားလို့ မေးနေတာကို လေး ပြဿနာတက်သွားပါဦးမယ် .."

လှလွန်း က သူငယ်ချင်းအတွက် စိတ်ပူရှာ၏။

"လေး .. ဘယ်လိုလဲ .."

ဟော ..၊

ဝင်လာသည့် ဆရာဝန်ကလည်း 'လေး' ကိုပဲ အရေးတယူပါလား..၊

ဒါပေမယ့် ကြည့်လိုက်တော့ ဒေါက်တာဇင်မင်း ကို တွေ့လိုက်ရကာ ..၊

ဒီဆရာဝန်က ချိုမိုင် ပြောတဲ့ နှလုံးရောဂါအထူးကု ဒေါက်တာဇင်မင်းလား ..၊

"သက်သာပါပြီ .. ဦးဇင် က ဒီမှာရောပဲလား .."

"ဟုတ်တယ် .. ဒီဆေးရုံက ဒေါက်တာဝင်းထွန်း က ကိုယ့်သူငယ်ချင်းလေ .. သူနဲ့လည်း ဒီမှာထိုင်တယ်၊ ဒါပေမယ့် ညီမရဲ့ ကေ့စ်ကို ကိုယ်တို့မကိုင်ရဘူးလေ .."

"ဟုတ် .."

"ခြေထောက်တစ်ဖက် လက်တစ်ဖက် ထိသွားတယ်ဆို .."

"ဟုတ် .. ဒါပေမယ့် .."

"အရိုးဆရာဝန်က ကိုယ့်ဆရာပါပဲ .. သူ့ကို ပြောခဲ့တယ်၊ ခြေထောက်က ဒဏ်ရာ ကိုယ့်ကိုတစ်ချက်လောက်ပြပါဦး .."

"အဟမ်း .."

ဒေါ်ငြိမ်းချမ်း က အားလုံးတိတ်ဆိတ်အကဲခတ်နေကြတာကို ချောင်းဟန့်သံနှင့် ဖြိုခွင်း၍ ..၊

"သူက အပေါ်ယံပွန်းပဲ့ရုံတင်ပါ၊ အရိုးတွေဘာတွေထိပြီး မက်ဒီကယ်လ်ချက်အပ်(ပ်)လုပ်ထားရတာက ဒီလူနာလေ .. အဟွန်း .."



"ဟင် .. ဪ .. ဟုတ်ကဲ့ အန်တီ .."

ဒေါက်တာဇင်မင်း က မချောပေမယ့် ရယ်လိုက်တော့ သွားရွယ်လေးတစ်ဖက်နှင့် ခင်မင်နှစ်လိုဖွယ်မျက်နှာမျိုးလေးရှိလျက် ..၊

"လူနာနှစ်ယောက်စလုံး အရေးကြီးပါတယ် ခင်ဗျ .. ဟုတ်ပါတယ်၊ ဒါပေမယ့် သူက မိန်းကလေးဆိုတော့ ခြေသလုံးမှာ ဒဏ်ရာဖြစ်တာက အလှပျက်သွားမှာစိုးလို့ပါ .."

ဒီတိုင်းပဲပြောပြီး လေး ရဲ့ ရှေ့မှာ ဒူးဖျားတစ်ဖက်ထောက်ထိုင်လိုက်ပြီး ဒဏ်ရာကိုကြည့်သည်။

"ကျွန်မ ပတ်တီးဖြေပေးရမလား ဒေါက်တာ .."

သူနာပြုတစ်ယောက် ပျာပျာသလဲရောက်လာပြီး ဘေးမှာ ထိုင်လိုက်တော့ ဒေါက်တာဇင်မင်း က ခေါင်းခါ၍ ..၊

"နေပါစေ ဆရာမ .. ဒီဘက်မှာလား ဒဏ်ရာက .."

"ဟုတ်ကဲ့ ဒေါက်တာ .. အတွင်းဘက်ကျပါတယ် .."

ဇင်မင်း က ခေါင်းညိတ်လိုက်ပြီး ဘောင်းဘီရှည်အနားစလေးကို ပြန်ဆွဲချပေးသည်။ ပြီးတော့ လေး မျက်နှာလေးကိုမော့ကြည့်ပြီး ပြုံးပြကာ ..၊

"စိတ်မပူနဲ့နော် .. ဒဏ်ရာကိုချုပ်လိုက်ရတာက ဒီတိုင်းထားရင် အမာရွတ်ကြီးထင်နေမှာ .."

"ဟုတ် .."

"ချုပ်ရိုးလှလှလေး ချုပ်ပေးဖို့ ကိုယ်သေချာမှာထားတာပါ၊ လေး ခြေထောက်လေး အလှပျက်မှာမဟုတ်ပါဘူး .."

"အောင်မယ်လေး မဟုတ်လို့ကတော့ အလှတင်မကဘူး၊ အသက်ပါ ပျောက်နိုင်တာသိလား .. သူ့အစား အန်တီ့တူက အနာခံလိုက်ရတာလေ .. အပြင်ဒဏ်ရာကြီးကြီးမားမားမဖြစ်ပေမယ့် ဒီမှာ လိမ်းဆောင်မလျှောက်နိုင်တော့ဘူး၊ အဟွန့် .. ဟွန့် .. ဒီလိုပဲ သူညီမနဲ့ အုပ်စုတွေ

www.burmeseclassic.com

အိမ်မှာ ဝုန်းဒိုင်းကြဲပြီး ထင်သလိုဆိုးနေသမျှ တို့တွေတော့ သည်းခံနေရ တာပါပဲ ... ဟွန်း ... အရမ်းဆိုးတဲ့ကလေးတွေ ...”

ချစ်စနိုးလိုလို စိတ်တိုသလိုနှင့် ရယ်သံစွက်၍ပြောပေမယ့် စကားသံ ထဲမှာ မလိုလားခြင်းကပါနေ၏။ အခန်းရဲ့ အပြင်မှာရှိနေကြသည့် ချိုမိုင် နဲ့ ဦးသော်တာ တို့ကတော့ ပြောသမျှကို ကြားနေရသဖြင့် မျက်နှာတွေ ပျက်နေကြ၏။

သူမတို့ ဒီနားကို ဒေါက်တာစင်မင်း ဝင်သွားတည်းကရောက်နေ ကြတာဖြစ်ကာ တခြားလူနာရှင်မိတ်ဆွေတစ်ယောက်နဲ့တွေ့လို့ ခဏလေး စကားရပ်ပြောလိုက်တာဖြစ်၏။

ထို့ကြောင့် အထဲက ပြောနေသမျှကို ကြားနေရင်း အထဲဝင်ဖို့ ခြေလှမ်းတွေက ဒီနားမှာပဲ ရပ်တန့်နေခဲ့၏။ ချိုမိုင် ကတော့ ဒေါ်ငြိမ်းချမ်း ရဲ့ စကားတွေကြောင့် ဦးသော်တာ မျက်နှာပျက်နေလေ နေရခက်လေ ပါ ...။

“သွားမယ်လေ ... အန်ကယ်လ် ...”

“ဟင် ...”

ဦးသော်တာ က ဘာမှမပြောသေးဘဲ သက်ပြင်းချနေသည်။ ပြီးမှ တွေဝေသည့် မျက်ဝန်းတို့နှင့် ချိုမိုင် ကို ကြည့်ကာ ...၊

“ငါပြောသားပဲ သမီးရယ် ... ဒီကိစ္စ သိပ်မလွယ်ဘူးဆိုတာ ...”

“အန်ကယ်လ်ရယ် ... ဟို ... မမငြိမ်း က အပြောဆိုးတာပါ၊ စိတ်ရင်း ကတော့ ...”

အသံတိတ်ခေါင်းခါနေသဖြင့် ချိုမိုင် ဘာစကားမှဆက်မပြောနိုင် ဘဲ ဖြစ်သွား၏။ ပြီးတော့ ... မောင်နဲ့ လက်ထပ်ပေးဖို့ မမငြိမ်း နဲ့ ပြော ထားပြီးကြောင်း ဖွင့်ပြောပြတော့ အန်ကယ်လ်ပြောခဲ့တာကို တွေး လိုက်မိသည်။

“စိတ်ရင်းကောင်းပြီး အပြောဆိုးတဲ့သူဖြစ်ဖြစ် အပြောချိုပြီး စိတ် ထားယုတ်တဲ့သူဖြစ်ဖြစ် ဒီနှစ်ရပ်က တစ်မျိုးတစ်စားတည်းပဲ သမီး ... အပြောချိုတဲ့လူကို အကဲခတ်ဖို့ မလွယ်ဘူး၊ အပြောဆိုးတဲ့လူကျတော့ စိတ်ရင်းကတော့ ကောင်းပါတယ်ဆိုတဲ့ သက်မှတ်ချက်အောက်မှာ သူ အမြဲတမ်းဆိုးခွင့်ရှိနေလိမ့်မယ် ... သူတို့ကြောင့် ကစ်ပါးသူကို စိတ်မချမ်း မြေ့စေတာကတော့ အတူတူပဲ ...” တဲ့ ...။

ဦးသော်တာ က စိတ်ထားနူးညံ့သလောက် စာနာစိတ်လည်းကြီး မားသူပါ။ သူ့ရဲ့အတွက က မြေးမလေးအ တွက် အကောင်းဆုံးအိမ်ထောင် ဘက်ကို ရွေးချယ်လိုတာပဲဖြစ်သည်။

“အကောင်းဆုံးတွေချည်း ဘယ်သူမှ မရနိုင်ဘူးဆိုပေမယ့် ငါ့မြေး ကတော့ ရတဲ့သူဖြစ်စေချင်တယ် ...”

ဆိုသည့် အတွက်မှတစ်ပါး ...၊

ဂ

www.burmeseclassic.com



## အခန်း (၈)

"ဝမ်းဝန်းတသာလက်ခံပါတယ်ဗျာ .. ကျုပ်လည်း အသက်ကြီးပါပြီ၊ ဒီမြေးမလေးအတွက် ဒေါ်ပွင့်ဖြူ တို့ မြေးနဲ့ဆိုရင် ဘာမှ ငြင်းစရာ မရှိပါဘူး .."

ဟင် ...၊

အပြင်က အတူပြန်လာကြသည့် လေး နဲ့ ချိုမိုင် တို့ ခြေလှမ်းတွေ တုံ့သွားကြသည်။

"ဘိုးဘိုးက လေး ကိုတဲ့ .."

အဒေါ်ဖြစ်သူကို ဝမ်းပန်းတနည်း လှည့်ပြောရင်း လက်ကိုဆုပ်ကိုင်ထားလိုက်ကာ ...၊

"လေး ဒဏ်ရာလည်း ပျောက်နေပြီဥစ္စာ၊ အဲဒါ ဖြစ်ထားလို့ ဘိုးဘိုး ချက်ချင်းစီစဉ်နေတာလားဟင် ..."

ချိုမိုင် ဘာပြောရမှန်းမသိဖြစ်နေတာက လေး လို အံ့ဩနေလို့ မဟုတ်ပေ ...။ ဒေါ်ငြိမ်းချမ်း နဲ့ သူမ ပြောပြီးတဲ့ စကားအတွက် တကယ်ကြီး ယုတ်နှုတ်ပြင်ဆင်ရတော့မှာက ဦးခေါင်းကို မိုးကြိုးပစ်ခံရတော့မယ့်ကိန်း ...၊

"လာ့ သမီးလေး .. လာ .. အန်တီတို့ သေချာမေးကြည့်ရအောင်



စိတ်မပူပါနဲ့ဦး .."

ဟုတ်ချင်မှလည်းဟုတ်မှာပါလို့ ကိုယ့်ဘာသာ ဖိဆန်ဆုတောင်းရင်း ...၊

"အန်ကယ်လ်သော် ထမင်းစားပြီးပြီလား .. သမီးတို့ အန်ကယ့်လ်အတွက် ကွေ့သယိုဝယ်လာခဲ့တယ် .."

"ဟုတ်လား .. ကောင်းတယ် .. ကောင်းတယ် .."

ဦးသော်တာ ဖုန်းချထားလိုက်ပြီး ဆိုဖာမှာ ဝင်ထိုင်၏။ ကားသံကြားလိုက်ပြီးသားမို့ ဒီမှာ ပြောနေတာတွေကို ကလေးတွေကြားပြီးပြီမှန်းလည်း တွက်မိကာ ...၊

"သမီးနဲ့ မြေးကို ပြောစရာရှိတာနဲ့အတော်ပဲ .. မြေးကို ပြောရခက်နေရင် သမီးကို အားကိုးရမှာ .."

မျက်နှာမှာ မြေးအတွက် ချစ်စနိုးအပြုံးရှိနေပေမယ့် ဒါကို မဖြစ်မနေလုပ်တော့မည်မှန်းသိနေကြသဖြင့် လေး နဲ့ ချိုမိုင် တို့ မပြုံးနိုင်ပေ...။

တူဝရီးနှစ်ယောက် အတူတူထိုင်လိုက်ကြပေမယ့် မျက်နှာတွေ မသာမယာရှိနေကြလျက် ...၊

"ဘိုးဘိုးက လေး ကို ယောကျ်ားပေးစားမလို့မို့လား .."

"အေး .. ဟုတ်တယ် မြေးရဲ့၊ သမီးချို ကိုလည်း အန်ကယ်လ်တောင်းပန်ရတော့မှာပဲ၊ သမီး တစ်ဖက်မှာပြောဆိုပြီးပြီထင်တယ် .. ဒါပေမယ့် .."

ဦးသော်တာ ဒီမှာပဲရပ်သွားကာ ချိုမိုင့် ကို အားနာသလိုကြည့်သည်။ ချိုမိုင် ရင်ထဲမှာ မကောင်းသော်လည်း ...၊

"မဟုတ်ပါဘူး ရပါတယ် .."

ပြောရင်း လေး ကို လှည့်ကြည့်မိသလိုဖြစ်ပြီးမှ မျက်နှာလွှဲရသည်။ ဘယ်ဘက်ကမှ ကာယကံရှင်တွေကို မပြောရသေးတာမို့ ပွဲလည်း ပျက်ရမယ့်အတူတူ လူငယ်တွေ နေရခက်အောင် မပြောပြတော့ဘို့ ဆုံးဖြတ်၍ ...၊

www.burmeseclassic.com

www.burmeseclassic.com



"မိသားစုတွေပဲ အန်ကယ်လ်သော် ကလည်း .. ဒေါက်တာတို့ မိသားစုနဲ့ဆိုရင် ဝမ်းတောင်သာရဦးမှာကို .."

ဦးသော်တာ ခေါင်းညိတ်ရင်းပြုံးနေ၏။ အန်တီချို နဲ့ ဘိုးဘိုး တို့ ဘာတွေပြောနေကြတာလဲ ..၊

သူမရဲ့ အိမ်ထောင်ရေးကိစ္စအတွက် ဘိုးဘိုးနဲ့ အန်တီချို အစတည်းက တစ်ခုခုစီစဉ်နေကြတာလား ..၊

လေး ရဲ့ အကြည့်တွေ ချိုမိုင့် ဆီ တည့်တည့်ရောက်၏။ ချိုမိုင်က သူမဘက်ကို တမင်မလှည့်ဘဲနေတာလား .. အမှတ်တမဲ့လားတော့ မသိ ..။

ထို့ကြောင့် ဘာမှမမေးဖြစ်လိုက်ဘဲ ..၊

"ကိုယ့်စိတ်က ဒါကိုသဘောတရလိုအပ်နေတုန်း ဟိုက ဓာတ်စက်ကမ်း လှမ်းလာတော့ အန်ကယ်လ်လည်း ချက်ချင်းမဖြေပေးလိုက်တော့တာ ဒေါ်ပွင့်ဖြူ နဲ့ ကိုညိုမှိုင်း တို့က တကယ့် မိတ်ဆွေရင်းတွေမို့လား၊ အချိန်ယူစဉ်းစားနေရမယ့်လူတွေမှ မဟုတ်တာ .."

"ဒါဆို .. တကယ်ယူရမယ့် လေး ကတော့ မစဉ်းစားရတော့ဘူး လား ဘိုးဘိုးရဲ့ .."

"မြေးကို ဘိုးဘိုးတို့က အကောင်းဆုံးဖြစ်အောင် စီမံပေးရမယ့် တာဝန်ရှိတယ် မြေး၊ ဒီထဲမှာ တာဝန်ကိုထမ်းဆောင်နေတာမျိုးမဟုတ် ဘဲ မြေးအတွက် မေတ္တာ စေတနာ ကရုဏာတွေနဲ့ အများကြီးပြင်ဆင် နေခဲ့တာမို့လို့ .."

"သမီးကလည်း ဘိုးဘိုးစေတနာတွေကို စော်ကားချင်လို့မှ မဟုတ် တာ .."

"မြေးက ဘိုးဘိုး စကားပြောနေတာကို ဖြတ်မပြောရဘူးလေ .."

နေ့လည်အပြုံးတို့မှာ မြေးအပေါ် ချစ်ခင်မှုအရာတွေပြည့်နှက် နေလျက် ..၊

"ကိုယ့်ကို ဆိုဆုံးမနေတာဖြစ်ဖြစ် သူတစ်ပါးက တစ်စုံတရာပြော



ပြနေတာဖြစ်ဖြစ် တစ်ဖက်ကစကားကို ပြီးဆုံးအောင် နားထောင်ပေးရ တယ်၊ ဆုံးမစကားအပြောမခံတတ်ရင် အဲ့ဒီကလေး လူလိမ္မာဖြစ်လာဖို့ မလွယ်ဘူး .. သူများစိတ်ချက်အပေါ် အလေးမထားဘဲ ကိုယ်ပြောချင် တာကို ဖြတ်ပြောတာ ဂရုမစိုက်တာကျတော့ လူမှုရေးမရှိတာ ရိုင်းပျ တာ .."

"လေး .."

လွှတ်ခနဲပြောမိမလိုဖြစ်သွားပြန်ကာ လေး ပါးစပ်လေးပြန်ပိတ် ပြီး မျက်လွှာချ၏။ ဦးသော်တာ က ပြုံးတာ ..၊

"ဘိုးဘိုးက မြေးကို အဲ့ဒီလိုကလေးဖြစ်မှာစိုးလို့ ဆုံးမတာပါ၊ မြေး က မဆိုးပါဘူး၊ အကျင့်တစ်ခုက ဖျောက်ဖို့ခက်တယ် မြေးရဲ့ လူတွေ ရှေ့ကျ ဆင်ခြင်မှာပေါ့လို့ မတွေးနဲ့ .. မရဘူး၊ လူမှုဆက်ဆံရေးနယ်ပယ် ဆိုတာ အရမ်းကို ကျယ်ပြောတယ် .."

ဦးသော်တာ က ဆုံးမစကားကို လူငယ်တစ်ယောက်ငြီးငွေ့လာ တော့ မပြောမိဖို့ ဆင်ခြင်တက်၏။

ထို့ကြောင့် ..၊

"ဒေါက်တာဇင်မင်း က အသက်အရွယ်အားဖြင့်လည်း အိမ်ထောင် ဦးစီးကောင်းတစ်ယောက်ဖြစ်နိုင်တဲ့ အနေအထားရှိနေပြီ၊ ပညာတတ် ဖြစ်သလို ရည်မွန်ယဉ်ကျေးမှုလည်းရှိတယ်၊ မိဘနောက်ခံလည်း ပြည့်စုံ တယ် .."

"လေး .. ပြောလို့ရပြီလား ဘိုးဘိုး .."

"ပြော .. ပြော .. မြေးက အိမ်ထောင်မပြုချင်သေးဘူးပဲပြောမှာ မို့လား .."

"ဘိုးဘိုးပဲ စဉ်းစားကြည့် .."

"စဉ်းစားပါတယ် .. ပြောပါ .."

လေး က တစ်ခုခုဆို တစ်ဖက်ကိုစဉ်းစားကြည့်နိုင်းတာမျိုး လေး ပြောနေကျ ..၊

www.burmeseclassic.com

www.burmeseclassic.com



"လေး က ကျောင်းပြီးတာနဲ့ လက်ထပ်ရမယ်ဆိုတော့ .."

"ကျောင်းပြီးတာနဲ့ ဘိုးဘိုးတို့ ဖမ်းလို့မနိုင်အောင် ကဲနေတာရော ဘယ်ကလေးလေးလဲ .."

"ဒါဆို လေး ဆိုင်ကယ်လ်မှောက်တဲ့ကိစ္စကြောင့် ဘိုးဘိုးက လက်ထပ်ပေးချင်တာပေါ့ .."

"တွန်းအားတစ်ခုလိုဖြစ်သွားတာမျိုး ဖြစ်ချင်ဖြစ်မယ်၊ မြေးကို စိတ်ချချင်တဲ့စိတ်ကတော့ မြေး တက္ကသိုလ်တက်နေတည်းကပဲ .."

"အန်တီချို လည်းရှိတယ်၊ အိမ်မှာ လေး အတွက် ဘာမဆိုလုပ်ကိုင်ပေးနေကြတဲ့ လူတွေလည်း အများကြီးပဲ .. ဘိုးဘိုးပဲ ပြောတော့ သူတို့အားလုံးက တာဝန်ကျေကြသလောက် သစ္စာရှိကြတယ်ဆို .."

"ဟုတ်တယ်လေ .."

"လေး ကိုလည်း ချစ်နေကြတာပဲဟာ .."

"မြေးက ချစ်ဖို့ကောင်းနေတာကိုး မြေးရဲ့ .."

"အခု ဘိုးဘိုးလည်း ကျန်းမာနေသေးတာကို လေး အိမ်ထောင်ပြုတာ ဒီလောက်တောင်လိုအပ်နေလို့လား .."

ဦးသော်တာ သက်ပြင်းချလိုက်ပြီး ချို့မိုင် ကိုလည်း လှမ်းကြည့်တာ ..။

"သမီးချို့ ရေ .. ညည်းတူမကို ညည်းပဲ နားလည်အောင်ပြောပြလိုက်တော့ .. ပြန်မေးနေတဲ့ မေးခွန်းတွေကို အန်ကယ်လ် မဖြေတတ်တော့ဘူး .."

"ဘိုးဘိုးကဘည်း သမီးကို အတင်းလက်ထပ်ပေးဖို့လုပ်နေတာ ဘိုးဘိုးပဲဥစ္စာ .. ဘိုးဘိုးနဲ့ပဲ ပြောရမှာပေါ့ ..၊ သမီး ဒီတိုင်းပဲနေချင်သေးတယ် .. နောက်နှစ်နှစ်လောက်တော့ .. ဟို .."

"ကတိပေးလိုက်ပြီ မြေးရဲ့ .."

"ဟင် ..."

"မြေးက နှစ်နှစ်လောက်ထပ်ပြီး အချိန်ယူရင် မောင်ဇင်မင်း က



အသက်နှစ်နှစ်ပိုကြီးသွားမှာလေ .. သူ့မိဘတွေကလည်း အဲဒီလိုဖြစ်သွားမှာစိုးကြတယ် .."

"သူတို့သား အသက်ကြီးသွားမှာစိုးတာနဲ့ လေး နဲ့ ရရာတာနဲ့ အမီလိုက်ရမှာလားလို့ .."

ငိုမဲ့မဲ့လေးဖြစ်နေပြီမို့ ဦးသော်တာ ချို့မိုင် ကို အကူအညီတောင်းသလိုကြည့်လေသည်။ သူမ တံတွေးတစ်ချက်မျိုချရင်း လေး ပခုံးလေးကို တယုတယဖက်ထားလိုက်ကာ ..။

"ဒီလိုလည်း ဘယ်ဟုတ်မလဲ မီးလေးရယ် .. အိမ်ထောင်ပြုတယ်ဆိုတာ လိုအပ်တာလေးသတိရမှ ဈေးမှာပြေးဝယ်လိုက်တာမျိုးလုပ်လို့မရဘူးလေ .. ထုံးစံကလနားတွေ၊ ဂုဏ်သိက္ခာတွေနဲ့ ကိုယ့်သမိုင်းကိုယ်ရေးရတာ .."

"ဒါဆို ကိုယ့်သမိုင်းကိုယ်ရေးလို့ရော မရလို့လား .."

"မီးလေးရယ် .. ကိုယ့်မျက်နှာကိုယ်တိုင်ခြယ်မှုန်းပြီးရင်တောင် လှမလှ မှန်ကြည့်မှသိတာမို့လား .. လူတစ်ယောက် ဘာတွေလုပ်ခဲ့သလဲ ကောင်းခဲ့သလား ဆိုးခဲ့သလားဆိုတာ ကိုယ့်ကိုယ်ကိုယ် သတ်မှတ်ကြတာမဟုတ်ဘူးလေ .. ပတ်ဝန်းကျင်က သတ်မှတ်တာ .."

ချို့မိုင် ပြောတာကို ငြိမ်ငြိမ်လေးနားထောင်နေတာကြည့်ပြီး ဦးသော်တာ ကျေနပ်သွားသည်။

"ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်ပြီး ငါက လှပြီးသားလို့ သတ်မှတ်ထားပေမယ့် သူများက လှလိုက်တာလို့ပြောတာကြားရရင် ရင်ထဲမှာ ဘယ်လိုဖြစ်သွားမလဲ .."

ချို့မိုင် က လေး ရဲ့ မေးဖျားလေးကို ချစ်စနိုးဆွဲလှည့်ပြီး မျက်နှာလေးကိုကြည့်ကာ ..၊

"သမိုင်းတွင်တာနဲ့ သမိုင်းတင်ခံရတာ လုံးဝမတူဘူး၊ အဲဒါကို မီးလေး နားလည်လာရင် ကိုယ့်သမိုင်းကိုယ်ရေးမယ်ဆိုတဲ့ စကားလည်း ထပ်ပြောမိမှာမဟုတ်တော့ဘူး၊ အဲ့ဒါ တကယ် .."

www.burmeseclassic.com

www.burmeseclassic.com



"သမိုင်းတို့ မရေးသင့်ရင်လည်း အိမ်ထောင်ရေးကိုတော့ ကိုယ်ချစ်တဲ့နဲ့ မယူချင်ပါဘူး၊ ပြီးတော့ ဦးဖင်မင်းကြီး က .."

ဘာမှဆက်မပြောဘဲ ရပ်ပစ်လိုက်သဖြင့် ခဏတော့ တိတ်ကျသွား၏။ ပြီးတော့မှ တစ်ခုခုကို သတိရသွားသလိုမျိုး ဦးသော်တာ ကိုကြည့်လိုက်ပြီး ..၊

"ဘိုးဘိုးတို့ အရင်တည်းက စကားတွေဘာတွေစထားကြတာ လားဟင် .."

"ဟုတ်တယ် .. သူ့မိဘတွေကလည်း သမီးမေမေနဲ့ ခင်မင်ကြတော့ သမီးတောင်းတာတွေဘာတွေ အစတည်းက ရှိခဲ့တာပါ .."

ဒါကြောင့် ဒီလူကြီး ငါ့ကို သိနေတာ .. ဟု တွေးဖြစ်ကာ ဆေးရုံပေါ်မှာ အရေးတယူလာကြည့်နှုတ်ဆက်သွားသည့်အပြုံးမျက်နှာကို သတိရသွားမိ၏။

ထိုနေ့မှာ ဝယ်လာသမျှတွေလည်း မစားဖြစ်တော့ဘဲ အခန်းတံခါးပိတ်နေခဲ့မိသည်။ ဒီလိုစိတ်ကောက်တတ်တဲ့အကျင့်မရှိခဲ့ဘဲ တွေးစရာတွေ များလွန်းနေသဖြင့် ကိုယ့်စိတ်ကူးနဲ့ကိုယ် နေခဲ့မိခြင်းပင် ..။

သို့သော် ချိုမိုင် က နှစ်ခါလာခေါ်ကာ နောက်ဆုံးတစ်ခေါက်မှာ တံခါးမဖွင့်မချင်း ပြန်မသွားတော့ဘဲ ..၊

"ဘာဖြစ်လို့ တစ်ညနေလုံး တံခါးပိတ်နေတာလဲ မီးလေးရယ် .. အန်ကယ်လ်သော် စိတ်မကောင်းဖြစ်နေရှာတယ်၊ ကိုယ့်အဘိုးက အသက်ကြီးပြီလေ .. စိတ်ဆင်းရဲအောင် မလုပ်ရဘူး .."

"ဒါဆို ဘိုးဘိုးက လေး စိတ်ဆင်းရဲနေကာကျတော့ ဘာဖြစ်လို့ လျှော့မပေးတာလဲ .."

"အန်ကယ့်လ်စိတ်ကို မီးလေး သိရဲ့သားနဲ့ကွာ .. ဘယ်လောက်နူးညံ့လိုက်လျောနေနေ သူ့ဘက်က လျှော့မပေးနိုင်တဲ့အချက်တွေက အဲဒါတွေပဲလေ .."

လေး မသိဘဲနေမလား ..၊



လူကြီးမိဘက ဆိုဆုံးမတာမှာ ဆူတာရိုက်တာဖြစ်ရင်တောင် စိတ်မကောက်ရဘူး၊ ဆိုးနွဲ့တာ စိတ်ကောက်တာတွေကို ကလေးဘဝ ချစ်စရာကောင်းအောင် နေရမယ် .. အစားငတ်ခံပြီး ဆန္ဒမပြရဘူး၊ အခန်းတံခါးပိတ်မနေရဘူး ..။

မိသားစုချင်းဘယ်လောက်ထိ စိတ်အခန့်မသင့်တာတွေ ကြုံရပါစေ .. တခြားနည်းနဲ့ ဖြေရှင်းရမယ် အိမ်က ထွက်သွားတာမျိုး ဘယ်တော့မှ မလုပ်ရဘူး ..။

ထိုစည်းမျဉ်း စည်းကမ်းတွေဟာ ဘိုးဘိုး ခွင့်မလွှတ်နိုင်သော အပြစ်များအဖြစ် လေး ငယ်စဉ်တည်းက သိထားခဲ့ရတာဖြစ်သည်။

"ချစ်ကြောက်ရိုသေဆိုတဲ့စကားဟာ အလကားမဟုတ်ဘူး မြေးရဲ့၊ ကြောက်ရွံ့ရိုသေခြင်းဆိုတာ အချစ်ရှိမှဖြစ်တာ၊ မချစ်လို့မကြောက်တာ ရိုသေလေးစားမှုမရှိလို့ မချစ်တာ အတူတူပဲ .. ဘယ်ကပဲမြစ်ဖျားခံလာလာ ကြောက်မှ ချစ်တာ ချစ်မှလည်း ကြောက်တာ .." တဲ့ ..။

"ဘိုးဘိုးက မြေးလေးကို ချစ်တယ်၊ ဒါပေမယ့် ငါ့ကို မရိုသေပါလား .. မချစ်ပါလားလို့ ခံစားမိလာရင်တော့ ခွင့်မလွှတ်နိုင်ဘူး၊ ပိုချစ်ရင် ပိုခံစားရတယ်၊ ဘိုးဘိုး ခွင့်မလွှတ်နိုင်တာတစ်ခုခု မြေး ကျူးလွန်ခဲ့ရင်တော့ မြေးကို လွမ်းရတဲ့စိတ်တွေကို အဆိပ်တောက်အဖြစ်ခံပြီး ဘိုးဘိုးက မေ့ပစ်လိုက်ဖို့ကြိုးစားရမှာပဲ .." တဲ့ ..။

ဘိုးဘိုးကို သူ ဘယ်တော့မှလည်း စိတ်နာစိတ်ပျက်မိမှာမဟုတ်ပါ။ ဘိုးဘိုးက ချစ်သလို သူ့အတွက်လည်း ဘိုးဘိုးက တစ်ဦးတည်းသော သွေးသားရင်းချာဖြစ်သည်။

မိဘလို မောင်နှမလို ပြီးတော့ ဘိုးအေတစ်ယောက်လို အချစ်များစွာဖြင့် ချစ်ခင်လေးစားခဲ့ရတာဖြစ်သည်။

သို့သော် ..၊

"လေး အိမ်ထောင်ကျသွားရင် သူများနောက်ပါသွားမှာကို ဘိုးဘိုးက ဘာဖြစ်လို့ အတင်းထည့်လွှတ်ချင်နေရတာလဲ .."

www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှာ ခံစားမိတဲ့အတိုင်း မေးလိုက်မိသည်။ ချိုမိုင် က သူမ ရဲ့ မွေ့ရာဘေးမှာ တင်ပါးလေးထိုင်နေရင်း သွားတွေပေါ်အောင်ပြုံး၏။

"တကယ်လို့ ဘိုးဘိုးဆုံးပါးသွားခဲ့ရင်ရော မီးလေးကို တစ်ယောက်တည်း မထားခဲ့ချင်ပါဘူးဆိုပြီး ထွက်မသွားချင်လို့ရမလား .. အန်တီချို က မီးလေးရဲ့ အရင်းအချာမဟုတ်ဘူးလေ .. ဒီမိသားစု ဒီစည်းစိမ်ဥစ္စာတွေနဲ့လည်း မဆိုင်ဘူး၊ အခုမှာ မီးလေးနဲ့ အေးအတူမှုအမျှ တစ်သက်တာ လက်တွဲသွားမယ့် ဘဝကြင်ဖော်ဆိုတာ အရေးမကြီးဘူးလား .."

"ဒါပေမယ့် .."

"လိမ္မာသားနဲ့ မီးလေးရယ် .. ဘဝကြင်ဖော်ကောင်းတစ်ယောက်ဖြစ်လာဖို့ဆိုတာ အရေးကြီးသလို လွယ်ကူတဲ့ကိစ္စလည်းမဟုတ်ဘူး၊ လူကြီးမိဘတွေက သူတို့မျက်လုံးမမှိတ်ခင်မှာ ငါ့သမီးလေးကို သူက တော့ ချစ်ရှာသား .. သည်းခံလိုက်တာ နားလည်ခွင့်လွှတ်လိုက်တာဆိုတာတွေ မြင်သွားချင်တာလေ .."

"ဒါပေမယ့် မိဘတွေဘက်က စေတနာအမှားတွေလည်း ရှိတတ်ကြတာပဲဆို .."

"တွေ့လား .. ဒါကျတော့ သိတတ်လိုက်တာ၊ အဲ့ဒီမှာ အဆိုးထဲက အကောင်းတွေရှိတယ်လေ၊ မှားသွားရင်လည်း ကိုယ့်ကိုကောင်းစေချင်လို့ စီစဉ်တဲ့ စေတနာအမှားပဲဆိုပြီး နားလည်ခွင့်လွှတ်ရမှာပေါ့၊ အဲဒီတော့ မီးလေးက သမီးလိမ္မာဖြစ်မယ်၊ ကိုယ့်ကြောင့် မိဘ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်ပြီး ဘဝကူးသွားရတာမျိုး မဖြစ်ခဲ့ရင် မီးလေးတစ်သက်လုံး နောင်တတွေနဲ့ ယူကျုံးမရဖြစ်မကျန်ခဲ့တော့ဘူး .."

အိမ်ထောင်ရေးကိစ္စကြီးကို ဘယ်လိုမှ လက်မခံချင်ပေမယ့် ဘိုးဘိုးကိုတော့ လေး ဒီလိုအဖြစ်မခံနိုင်ပါ။

ထို့ကြောင့် အတိုက်အခံတွေမပြောတော့ဘဲ ငြိမ်သက်နေမိ၏။

"အန်တီချို ကရော .."

"ဟင် .. ဘာလဲ .."



"လေး နဲ့ အတူတူနေမပေးနိုင်ဘူးမို့လား .. ခုတည်းက ကြေညာနေတာ .."

"မဟုတ်ဘူးလေ .. တစ်သက်တာ လက်တွဲဖော်ဆိုတာ မိသားစု မွေးချင်းတွေနဲ့ နေထိုင်တာကိုဆိုတာမှ မဟုတ်တာ ဆွေမျိုးဆိုအဝေးကြီးပေါ့ .."

"လေး သိပါတယ် .. အန်တီချို လည်း ဒီကိစ္စတွေထဲမှာပါတယ်ဆိုတာ .."

"ဟော့တော် .. မီးလေး စိတ်ဆိုးတာ အန်တီချို ပါ ပါနေတာလား.."

"ခု စိတ်မဆိုးတော့ပါဘူး .. ဒါပေမယ့် နောက်ဆို အန်တီချို့ ကိုလည်း ဘာမှမတိုင်ပင်တော့ဘူး .."

"ဘာဖြစ်လို့လဲ မီးရယ် .."

"အန်တီချို ကျတော့ လေး မသိအောင် ဘိုးဘိုးနဲ့ ကြိတ်ကြံနေခဲ့တာ.."

"မဟုတ်ရပါဘူးဟယ် .. မီးလေးကို အိမ်ထောင်ဘက်ရှာပေးချင်တယ်ဆိုလို့ ဝိုင်းကူပေးဖို့ကြိုးစားမိတာပါ ..၊ အန်တီချို ကိုယ်တိုင် အန်ကယ်လ် အဲ့ဒီလောက် မြန်မြန်ကြီး စီစဉ်မယ်ဆိုတာ သိကိုမသိခဲ့တာပါ .."

"ဒါဆို ဟိုဘက်မှာ စကားလွှန်ထားတယ်ဆိုတာ အန်တီချို ပြောဆိုပြီးနေတာမဟုတ်လို့လား .."

"ဟုတ် .. အဲ့ .. မဟုတ်ပါဘူး .."

ခေါင်းညိတ် ခေါင်းခါတွေလည်း ဖြစ်ကုန်ပါပြီ လေး ကတော့ အတင်းဆက်မမေးပေမယ့် မကျေနပ်သေးသည့် မျက်နှာလေးနဲ့ ဖြစ်နေဆဲ ..။

မမငြိမ်း သိနေရင် ဘယ်လိုနေမလဲ ..။

၇

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

"ဘာ .. ဘာပြောတယ် .."

ဖုန်းပြောနေရင်း မျက်လုံးက အချင်းဘယ်လောက်နဲ့ ပြူးဝိုင်းသွားခဲ့သည်မသိ ..။

"နင် တကယ်ပြောတာလား ချို .."

".... .... ...."

"နင့်ကို ငါပြောခဲ့သားပဲ ဒါပေမယ့် တကယ်တမ်း ဒီလိုလုပ်သွားတာကိုတော့ ခံစားရတယ် တကယ် .."

".... .... ...."

"ငါ့ကို တောင်းပန်စရာမလိုပါဘူး .. နင်က ကြားလူပဲ .. ငါရှက်တာက ဒီကိစ္စကို နင်က အသိပေးပြီးမှ အန်ကယ်လ်က တခြားလူနဲ့ လုပ်လိုက်တာကိုပဲ .."

".... .... ...."

"ငါကလည်း ဆွေမျိုးမကင်းတာရယ်၊ ကိုယ့်မျက်စိအောက်မှာ မြင်နေရတဲ့ ကလေးဖြစ်နေတာရယ်ကြောင့်ပါ ... ဒီကောင်မလေးရဲ့ ဆိုးမျိုးကို ဘယ်လိုလူမှ မခံနိုင်ဘူး .."

".... .... ...."

"အေး .. ရပါတယ်၊ အဆိုးထဲက အကောင်းလို့ပဲ မှတ်ရမှာပေါ့၊



သူ့ကိုမှ ချွေးမ မတော်ရရင်ဆိုပြီး ရင်ဘတ်ထုငိုလောက်စရာတော့ မရှိပါဘူး .."

ဖုန်းချပြီး ဒီဘက်လှည့်လိုက်တော့ နောက်မှ လှလွန်း က ရပ်ကြည့်နေလျက် ..၊

"အန်တီချို နဲ့ ပြောနေတာလား တီလေး .."

"ဟုတ်တယ် .."

ဆောင့်ဆောင့်အောင့်အောင့်ဖြေပြီး ထွက်သွားတော့ ရှေ့ကနေကာထားမိကာ ..၊

"လေး နဲ့ ကိုကိုကြီးကိုလားဟင် .."

"လှလွန်း ကလေးက ကလေးလိုနေစမ်း .."

"သမီးသိပါတယ် .. ဟိုတစ်နေ့တည်းက ဆေးရုံကထွက်သွားတော့ အန်တီချို နဲ့ တီလေး ပြောနေကြတာ .."

"သိရင် ဘာလို့လာထပ်မေးနေသေးလဲ .. ဖယ်စမ်းပါ .. ရှေ့က.."

"လေး တို့က သမီးတို့ထက် ချမ်းသာတယ်မို့လား တီလေးရယ်.. ဘိုးဘိုးသော် က .."

"ဟဲ့ .. ဒေါက်တာဇင်မင်း တို့က ဘယ်လောက်ချမ်းသာနေလို့လဲ.."

"ဒေါက်တာဇင်မင်း နဲ့ ဟုတ်လား .. လေး က အဲဒီဆရာဝန်နဲ့ ယူတော့မှာပေါ့ .."

ဒေါသထွက်မိတာနဲ့ ဘာတွေပြောမိနေမှန်းလည်း မသိတော့ပါ။

ဒေါ်ငြိမ်းချမ်း လှလွန်း ရဲ့ လက်မောင်းလေးကို ခပ်ဖိဖိဆွဲလိုက်ကာ ..၊

"ဒီကိစ္စ ညည်း အစ်ကိုကို ဘာမှသွားမပြောနဲ့နော် .. တော်သေးတာပေါ့၊ ငါ ဘာမှမှ ပြောမထားမိသေးလို့ .. ငါ့ရဲ့ မသိစိတ်မှာကိုက ဒီကောင်မလေးကို ချွေးမတော်ရမှာ စိတ်ညစ်နေခဲ့တာပါ၊ ငါ့သားဗိုဗို လောဘစိတ်ကလည်းရှိနေလို့ ခေါင်းညိတ်လိုက်မိတာ၊ ဖြစ်မလာတာလည်း ကောင်းတာပါပဲ .."

www.burmeseclassic.com



"တီလေး ကလည်း လေး က ချစ်ဖို့ကောင်းပါတယ် .."

"ရှင်ပဲ ချစ် .."

ကိုင်ထားသည့် လက်ကို ဆောင့်လွှတ်ပြီး ဒေါ်ငြိမ်းချမ်း လှည့်ထွက်သွားကာ ..၊

"ရွှေနားပေ .."

"..... ..... ..."

"ဩော် .. ငါလည်း ခေါ်မိပြန်ပြီ .. ဘယ်ရောက်သွားလဲ ဒီကောင်မလေး .."

ခေါ်လို့မကြားတဲ့လူကို လိုအပ်တိုင်းပဲခေါ်မိနေတာ နှစ်တွေကြာလည်း ခေါ်မိနေတုန်း ..၊

ကြည့်လိုက်တော့ ရွှေနားပေ က သေစင်ကြားထဲကို ဘာတွေကုန်းကွကြည့်နေသည်မသိ ..။

ဒေါ်ငြိမ်းချမ်း အသံပေးမနေတော့ဘဲ သူမ ကြည့်နေသလို လိုက်ငုံ့ကြည့်မိလျှင် ..၊

"အောင်မယ်လေး ...."

"အောင်မယ်လေး ...."

"ညား .. ညား .. အဲဒီဖားနဲ့ ငါနဲ့ ညား .."

မျက်နှာကြီးတစ်ခု သူ့ဆီသို့ အနီးကပ်ရောက်လာတာ ဖျတ်ခနဲ လှည့်ကြည့်ပြီး ရွှေနားပေ အသံပြာအောင်ထအော်၏။ ဒေါ်ငြိမ်းချမ်းလည်း လန့်ဖျန့်ရောအော်ကာ နှစ်ယောက်တည်းနဲ့ ပွတ်လောရိုက်သွားလေသည်။

"တီလေး .. တီလေး .. ဘာဖြစ်တာလဲ .."

လှလွန်း ပြေးလွှားရောက်လာလျှင် ဒေါ်ငြိမ်းချမ်း မျက်စိစုံမှိတ်ပြီး အော်နေကာ ရွှေနားပေ က ဘယ်ကိုမှန်းမသိသော လက်ညှိုးက ဟိုထိုးဒီထိုးနှင့် ဘာတွေပြောနေမှန်း မသိ ..။

"ဖား .. ဖား .. ဖားနဲ့ ငါနဲ့ .. ငါနဲ့ ဖားနဲ့ .."



"ဒေါ်ကြီးရွှေ .. ဒေါ်ကြီးရွှေ .."

"ဖား .. ဟင် .."

"ဘာတွေအော်နေတာလဲ .."

"ဟိုမှာ ဖား .."

"ဘယ်မှာလဲ .. အဲဒါ တီလေးလေ .."

"ဟိုမှာ .. ဟိုမှာ .."

သေစင်ထဲကို လက်ညှိုးပြန်ရောက်သွားမှ ကြည့်လိုက်တော့ ရေထျသည့်အပေါက်သေးသေးလေးတွေပေါ်မှာ ဝိပြားနေအောင် ကပ်ဝပ်နေသည့် ဖားပေါက်စက ရုတ်တရက်ကြည့်လျှင် ဖားမှန်းမသိ ..။

"အဲဒါ ဖားမှန်းသိသားနဲ့ ဒီလောက် ကြောက်ရလား ..၊ တီလေး.. တီလေး ဒီမှာ သူ ဖားတွေ လို့အော်နေတာ ဘာမှမဟုတ်ဘူး .."

ဒေါ်ငြိမ်းချမ်း ရင်ဘတ်ဖိထားရင်း ရုတ်တရက်စကားမပြန်နိုင်..၊

"ဒေါ်ကြီးရွှေ ကတော့လေ .. တီလေးကလည်း အလိုလိုကာမှ အလန့်တကြားဖြစ်တတ်တာကို တကယ်ပါပဲ .."

"ရွှေနားပေ .. နင် .. နင့်ကိုတော့ ငါ သက်မိတော့မယ် .. ဟင်း.. နော် .."

ပုံမှန်ပြန်ဖြစ်သွားပြီဆို ရွှေနားပေ တို့ ကုတ်ချောင်းချောင်းမျက်နှာလေးနှင့် ..၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

"စားကောင်းလား သမီး .."

"ဟင့်အင်း .."

"ဟင် .. စားမကောင်းဘူး ဟုတ်လား .."

"ပြောပါဦး သမီးရယ် .. ဘာတွေလိုအပ်သလဲ၊ သမီး ဘာကြိုက်တတ်တာလည်း မသိကြသေးတော့လေ .."

ယောက္ခမလောင်းတွေက ဆရာဝန်တွေဖြစ်ကြသလောက် ဟင်းရိုးတွေ ရှုတ်ပြရင်း ကျန်းမာရေးအတွက် ဒါလေးတော့ စားသင့်သည်။

ဒါလေးစားလို့ လေအောင့်တတ်တာကြောင့် ဒါလေးတော့ နည်းနည်းစားပေးရတယ် စသဖြင့် ထမင်းဝိုင်းစတည်းက မိတ်ဆက်ပေးထားသည့် ဟင်းတွေ ..၊

အသီးအရွက်ဆို နည်းနည်းလေးမှ မကြိုက်သည့် လေး အတွက် ကိုယ့်ကိုယ်ကိုယ် ကုန်စိမ်းတန်းထဲရောက်နေသလို ခံစားရခြင်းမှလွဲ၍ စားချင်သည့်အာသီသ အနည်းငယ်မျှ မဖြစ်ခဲ့ပေ ..။

မကောင်းလို့ မကောင်းဘူးပြောပြန်တော့ ဘိုးဘိုးက မျက်ခုံးပင့်ကြည့်သည်။ သူတို့တွေရဲ့ မေးခွန်းတွေက ဆက်တိုက် ..။

"ဟို .. ဒီလိုပါ .."



ချိုမိုင် ကပဲ ရယ်မောရင်းဖြင့် ကြားဝင်၍ ..၊

"မီးလေးက ဆိုင်ကယ်လ်ကီစွဖြစ်ပြီးတည်းက နေမကောင်းတာနဲ့ရောပြီး ခံတွင်းမလိုက်ဘူးဖြစ်နေတာ ဒေါက်တာတို့ ဟင်းတွေက ကောင်းပါတယ် .."

"အေးပေါ့ .. ကလေးတွေလိုပဲလေ ကလေးတွေဖျားပြီဆို စည်းကမ်းပျက်တာပဲ၊ သမီးကို ကဲ့ရယ်တာမဟုတ်ဘူးနော် .. လူကြီးတွေက နိုးနိုးပြီး အရမ်းအလိုလိုက်တော့ ချွဲနွဲ့လာတာကိုပြောတာပါ .."

ဒေါ်မြမြဖင် က နားလည်သည့်အပြုံးနှင့်ပါ ..။ ထိုပြင် လေး ကို ထမင်းစားနေရင်း ကြည့်သည့်အကြည့်တွေက ချစ်စနိုးအပြုံးတွေသာ ရှိလျက် ..၊

"ရတယ် .. သမီး စားမကောင်းရင် သစ်သီးလေးပဲ စားလိုက်နော် - နောက်ကျမှ သမီးအကြိုက်တွေမေးပြီး အိမ်ကမိန်းကလေးတွေကို မှတ်ခိုင်းထားမယ် .."

ပြောပြီး သားဖြစ်သူကို လှမ်းကြည့်ကာ ..၊

"သားကတော့ ဟင်းသီးဟင်းရွက်တွေဆို သိပ်ကြိုက်တာလေ .. ဆိတ်သေလို့ ဝင်စားတာ ဖြစ်မှာပေါ့ ..။"

လေး က အသံတိတ်ပစ်ခွင်းနေ၏။

"အသားငါးဆို ပေါင်းရင်ပေါင်း မဟုတ်ရင် နူးအိနေမှစားတာ.. ဟုတ်မှာပေါ့ .. ဒီလောက်အသက်ကြီးနေပြီကို သွားတွေ ဘယ်ကောင်းတော့မလဲ ..။"

"သားက ပျားလိမ္မော်လေးတွေ ခွာပေးထားတာ အမေ့လေးတွေတောင် မရှိတော့ဘူး သမီးရဲ့ .. ယူစား သမီး .."

"ဟုတ် .."

"နေ .. ကိုယ်ယူပေးမယ် .."

www.burmeseclassic.com

www.burmeseclassic.com



ခင်မင်း က ကိုင်ထားသည့် ဖွန်းနဲ့ခပ်ရင်းကို အသာချကာ လိမ္မော်သီးစိပ်လေးတွေရှိသည့် အဖြူရောင်ဗန်းကလေးကို ကိုယ်တိုင်လှမ်းယူပြီး ရှေ့မှာချပေးသည်။

အားလုံး၏အကြည့်တွေ လှုပ်ရှားမှုတွေက ကိုယ့်ဆီမှာပဲ ပျော်ဝင်နေတာမို့ လေး မျက်နှာလေးမှာ စိတ်ကျဉ်းကျပ်မှုတွေ ဖိစီးလာတော့သည်။

လူကြီးတွေ စကားပြောနေကြသည့် အပိုင်းမှာတော့ သူမ ဟန်မဆောင်နိုင်တော့ဘဲ ..။

"လေး .. ခေါင်းတွေမူးနေပြီ အန်တီချို .."

"ဟင် ..."

"ဟုတ်လား .. လာ .. ဒီမှာထိုင်၊ ကိုယ် ဆေးသွားယူဦးမယ် .."

လက်ကောက်ဝတ်လေးကို သွေးတိုးစမ်းမလို့ ကိုင်မည်ပြင်ပြီးကာမှ ခင်မင်း လက်ပြန်ရုတ်ကာ ဆေးသွားယူဦးမယ်ဖြစ်သွားခဲ့၏။

"နေပါစေ .. လေး အပြင်ထွက်ပြီး ဖုန်းပြောလိုက်ဦးမယ်၊ သူငယ်ချင်းနဲ့ စကားပြောလိုက်ရင် သက်သာသွားမှာ .."

"ဟုတ်လား .. သမီးက အဆန်းပါလား .."

"ဟုတ်တယ် မမြ .. လေး က ဂိမ်းတွေဆော့တယ်၊ သူငယ်ချင်းနဲ့ ဖုန်းပြောနေရတာကြိုက်တယ်၊ သူ နေမကောင်းဖြစ်ပြီဆို သူငယ်ချင်းတွေ ရောက်လာကြတယ်၊ မရှိကြရင်လည်း ဖုန်းပြောနေတော့တာပဲ .."

ဒီကလေးမလေး ညဉ့်ဆိုးတော့မရှိခဲ့ပါဘဲ ခုကျမှ ဘာတွေပြောပြီး ဘာတွေတောင်းဆိုနေတာလဲ ..၊ ချိုမိုင် လည်း လေး ပြောတတ်သမျှလိုက်ကာဖာထေးနေရရင်း အသက်ရှူတွေတောင် ကျပ်နေပါပြီ ..။

"ဘယ်လိုဖြစ်နေတာလဲ မီးလေးရယ် .. ခေါင်းနောက်နေရင် ငြိမ်ငြိမ်လေးထိုင်နေရတယ်လေ .. လာ .. လာ .. ဟိုမှာ ဒန်းလေးရှိတယ် .."



"ဟာ .. မထိုင်ချင်ပါဘူး အန်တီချို ကလည်း ဒီနားမှာဆို နေပါပြီ"

ခြံထဲ အေးအေးဆေးဆေးသွားထိုင်နေမှ ဟိုဘိုးတော်ကြီး ဆင်းလိုက်ရရင် ကွိုင် ..၊

"ဟလို .. ဖြူစင် လား .."

"..... ..... ....."

"အေး .. ဟုတ်တယ် .. အဲ့ဒါကြီးကို မမေးစမ်းပါနဲ့ဟာ ..၊ ဟယ် .. နေဦး နင့်ကို ဘယ်သူပြောတာလဲ .. ငါဖြင့် စိတ်ညစ်လို့ ဘယ်သူ့ကိုမှ မပြောသေးဘဲ ထားတာ .."

"..... ..... ....."

"လှလွန်း .. လှလွန်း ကရော ဘယ်လိုလုပ်သိနေတာလဲ .."

"..... ..... ....."

"သြော် .. အင်း .. တီလေးနဲ့ အန်တီချို တို့ ပြောဖြစ်ကြတာ ထင်တယ် .."

"..... ..... ....."

"ဟား .. မပြောပါနဲ့တော့ စိတ်ညစ်လိုက်တာမှ ဟင်းသီးဟင်းရွက်တွေကို အမျိုးမျိုးစီမံခန့်ခွဲထားတာ လေး 'ဟင်းသီးဟင်းရွက်စားခြင်းရဲ့ ကောင်းကျိုးများ' ဆိုပြီး ဆောင်းပါးရေးလို့ရတယ် သိလား .."

"..... ..... ....."

"ဟုတ်ပဟယ် .. အဲဒီပုဂ္ဂိုလ်ကြီးက အသီးအရွက်မှကြိုက်တာတဲ့၊ ငါတော့ သေပြီပဲ .."

"..... ..... ....."

"အမလေး အသားငါးစားရင်လည်း နူးမှအိမှတဲ့ .. သွားမကောင်းတဲ့ အဘိုးကြီးကျ .. အဲ့ -"

အားပါးတရပြောပြီး ဒီဘက်လှည့်လိုက်တာနှင့် ကိုယ့်နောက်ရောက်

www.burmeseclassic.com

www.burmeseclassic.com



နေသည့် လူရိပ်ကြောင့် လေး မျက်လုံးဝိုင်းသွားသည်။

"ဟင် .. အဲ .. ဟိုလေ .. နေဦး .. ငါပြောတာက .."

ခွေးစုတ်မ အသေရယ်နေတယ်၊ ဒီမှာ ခင်မင်းကြီး ငါ့ရှေ့ရောက်နေတာ ...၊

"အဲ .. အဲဒီလိုစားတာက အဘိုးအိုတွေပဲ စားတာလေ၊ အဟွန်း.. အန် .. အန္တရာယ်ကင်းတာပေါ့ဟာ .. အစာကျေလွယ်တယ်လေ .."

" ... ... ... "

"အေး .. ဒါပဲ .."

ဆက်တိုက်မေးနေသည့် မေးခွန်းတွေကို မဖြေတော့ဘဲ ဒီတိုင်းပဲ ဖြတ်ချပြီး ဖုန်းပိတ်လိုက်သည်။ ခင်မင်း ကတော့ ပြောနေတာတွေကို ကြားပေမယ့် စိတ်မဆိုးနိုင်သည့်ပြင် သနပ်ခါးရောင် ကိုယ်ကျပ်အင်္ကျီလေးနှင့် ဒူးကျဘောင်းဘီလေးဝတ်ထားသည့် သူမရဲ့ ချစ်စဖွယ်ပုံစံလေးတို့ပဲ တစိမ့်စိမ့်ကြည့်ပြီး သဘောကျနေမိသည်။

ဆံပင်က ကျောလယ်သာသာလောက်ရှည်ကာ ဆံမြိတ်နဲ့ ပါးရိုးလေးနားမှာ စတက်(ပ်)လုပ်ထားသဖြင့် ရှေ့ကကြည့်လျှင် ဆံပင်ရှည်တာနဲ့ မတူပေ ...။

ပျော့နွဲ့သည့်ဆံနွယ်လေးတွေ တလွှဲလွှဲနှင့် ဝင်းညက်သည့် မျက်နှာလေးက နုနုငယ်ငယ်ချစ်စဖွယ် ...။

"ဆက်ပြောပါကွ .. ဘာလဲ ကိုယ့်အတင်းပြောနေရလို့ အားနာသွားတာလား .."

"ဟွန်း ..ဟို .. မ .. မဟုတ်ပါဘူး .."

"အဟွန်း... ဟုတ်ပါတယ်၊ ကိုယ်က မင်းကိုလိုချင်တော့ ကညာပျိုနဲ့ ဓရာအိုဖြစ်နေမှာပေါ့၊ ဒါ စိတ်ဆိုးစရာမှ မဟုတ်တာ .."

သဘောထားကြီးသလို ရယ်မနေစမ်းပါနဲ့၊ အဲ့ဒါ သည်းခံတာ



မဟုတ်ဘူး မျက်နှာပြောင်တာ ...၊

လို့ စိတ်ထဲမှာ ပြောပြီး ပြုံးပြနေသည့် မျက်နှာကြီးကို [illegible] ပြလိုက်ချင်၏။ သို့သော် ...၊

"သူငယ်ချင်းနဲ့ ပြောနေတာ .."

"သိပါတယ် .."

"သူများဖုန်းပြောနေတာကို ရှင်က ဘာဖြစ်လို့ နားထောင်နေတာလဲ .. သူငယ်ချင်းချင်းပြောကြရင် လေး တို့က ဒီလိုပဲ .."

သူက သဘောကျသလိုရယ်လိုက်ရင်း ...၊

"ဟုတ်တယ်လေ .. ညီမ အားပါးတရကြီးအတင်းတုပ်နေတာ ချစ်ဖို့တောင် ကောင်းသေးတာကို၊ ကိုယ်ကလည်း ကြည့်ကောင်းအောင်နဲ့ ကြည့်နေမိတာပါ၊ နားထောင်မိတာ ကိုယ်ကပဲ ပြန်တောင်းပန်ပါတယ် .."

အဲဒီလောက်ထိ ခပ်ပြောင်ပြောင်ပါလား .. ဒီလူကြီး ...၊

"ခေါင်းမူးပြေသွားပြီဆိုရင် ခြံထဲမှာ ကိုယ်တို့ခဏလောက် စကားပြောလို့ရမလား .."

"ရ .. ဟင့်အင်း .."

"ဘာဖြစ်လို့လဲ .."

"လေး .. အဲ့ဒါတွေပြောချင်စိတ်မရှိလို့ပါ .."

"ဘယ်တော့လောက် ရှိမှာလဲ .."

"ဟင် ..."

"ကိုယ်တို့ စကားပြောဖို့လေ .."

"မသိဘူး .. ခုတော့ ဘာမှမပြောချင်သေးလို့ .."

"ကိုယ်က မင်းမဖြေနိုင်မယ့်မေးခွန်းတွေ မမေး[illegible]ဘူး၊ ကိုယ့်တို့တော့ ကြိုက်သလောက် မေးလို့ရတယ် .."

www.burmeseclassic.com

www.burmeseclassic.com



ဘယ့်နှယ် မလိုချင်ပါဘူးဆိုမှ ခြည်းပါ စမ်းပါနဲ့ ပါလား ..။

"မီးလေးရေ ပြန်ရအောင် .. သြော် .."

ချိုမိုင့် အသံ ကြားလိုက်ရပြီး မရှေးမနှောင်းမှာပဲ သူမတို့နားကို ရောက်လာ၏။

"စကားပြောနေကြတာလား .."

"ဟင့်အင်း .."

"ဟုတ်ကဲ့ .."

ဆန့်ကျင်ဘက်ဖြေသံနှစ်သံကြောင့် နှစ်ယောက်ကိုကြည့်ပြီး ချိုမိုင်က ရယ်သည်။ ပြီးတော့မှ ဇင်မင်း ကို အားနာပြုံးနှင့် ခေါင်းညိတ်ပြကာ ..၊

"ဒါဆိုလည်း နောက်မှ တစ်နေ့ရာမှာ စားသောက်ရင်း စကားပြောကြတော့နော် .. အန်ကယ်လ်သော် က မီးလေး သိပ်နေမကောင်းဘူးဆိုလို့ ပြန်တော့မယ်တဲ့လေ .."

"ဟုတ်ကဲ့ပါ .. ဒါဆို ညီမလေး အားတဲ့တစ်ရက်ရက် ကိုယ် လာခေါ်မယ်နော် .. စကားပြောရအောင် .."

အန်တီချို ဘာလုပ်လိုက်တာလဲ ..၊

စိတ်ညစ်တာတွေထဲမှာ အဲဒီလိုတွေရှိလာမှာက အမိက ..။

အိမ်ရောက်မှ သေချာကိုမေးရဦးမည်။

အန်တီချို ဘယ်သူ့ဘက်ကလဲ .. လို့ ..၊



အခန်း (၁၁)

"မပြောနဲ့နော် .. ဒါ ဂုဏ်ယူစရာမဟုတ်ဘူး .."

လို့ တီလေး တရေရေမှာနေသည့်ကြားက 'ကိုကိုကြီးနဲ့ နင့်ကို လက်ထပ်ပေးဖို့ အစက သဘောတူထားတာ သိလား' လို့ ပြောချင်တာတွေ လျှာဖျားမှာ လှုပ်လီလှုပ်လဲ့တွဲခိုနေကြ၏။

ခေါင်ငြိမ်းချမ်း ကလည်း လေး ရောက်လာတည်းက အနားက မခွဲဘဲ မျက်လုံးနဲ့ သတိပေးနေတာ တစ်ချက်လေးမှ မပြတ်ပေ ..။

'လေး နဲ့ ကိုကိုကြီး ညားသွားကြရင် အရမ်းကောင်းမှာ' လို့ မယ်လှလွန်း တို့ တောင့်တောင့်တတ ပြောတည်းက ခေါင်းနားပမ်းကြီးခဲ့ရတာ လူကိုယ်တိုင်ရောက်လာတော့ ဘယ်လိုမှ အလစ်မပေးရဲတော့ပေ ..။

"လှလွန်း .. တီလေး အကျီတွေအပ်ထားတာ ဒီနေ့ရမှာလေ၊ အဲ့ဒါ သွားရွေးပေးစမ်း .."

"လမ်းထိပ်လေးတင်ဟာကို တီလေးကလည်း .."

"ဟုတ်သားပဲ တီလေးရယ် .. လေး တောင် အန်တီချို့ ကို မွေးနေ့လက်ဆောင်ပေးဖို့ ရင်ထိုးလေးအပ်ထားတာ သွားရွေးရဦးမှာ .."

"နင် အဲ့ဒီအတွက်လာတာလား .. ငါ့ဆီ သပ်သပ်လာတာမဟုတ်ဘူးပေါ့ .."

"လမ်းက တစ်လမ်းစီပါဟ .. ဒီမှာ ဘောင်ချာထဲမှာကြည့် .. ဦးဝိစာရလမ်း အမှတ် (×××)တဲ့ .."

www.burmeseclassic.com

www.burmeseclassic.com



အိတ်ကိုယူ၍ ဘောင်ချာတောင်သေချာထုတ်မြလိုက်သေးသည်။ ပြီးတော့ ဘောင်ချာကို ဒီတိုင်းချထားပြီး အိတ်နဲ့ ဖိထားလိုက်ကာ…၊

"ငါတို့ အတူတူထွက်ရအောင် နှင့်ကို လိုက်ပို့မယ်ပြီးရင် ငါနဲ့…"

"အို … မလိုက်ရပါဘူး၊ အကျီရွေးရမှာက ဒီနားလေးတင်၊ အိမ်မှာလည်း အလုပ်ရှုပ်နေတယ် ကောင်မလေး ရေ … မကြာခင် သားကြီးကို လက်ထပ်ပေးမှာဆိုတော့ အိမ်မှာ ပြင်ရဆင်ရဦးမှာ …"

"ဟင် … ကိုကြီးကို …"

"ဟုတ်တယ် … ဟုတ်တယ် … သားကြီးက တည်တည်ခန့်ခန့် ထွားထွားကျိုင်းကျိုင်းဆိုတော့ ရာထူးရာခံနဲ့ သူ့ပုံစံကို ဘယ်သမီးရှင်က မဆို ဝဲလ်ကမ်းပဲလေ … ကြိုက်ရာခေါင်းခေါက်ရွေးရုံပဲ …"

"အိုးကောင်းမှကောင်း ခေါက်ကြည့်သလိုပေါ့နော် …"

"အေး … ဘာ …"

ဆတ်ခနဲ ခေါင်းညိတ်ပြီးမှ လူငယ်တွေ ဘန်းစကားကို တွေးမိသွားပြီး ဒေါ်သထွက်ဖို့သတိရ၏။

"ဘာအိုးလဲ … ငါ့စကားကို ရှုတ်နောက်နောက်လာမလုပ်နဲ့နော်…"

"ရေအိုးကိုပြောတာပါ … တိုးဘိုးတို့ပြောတော့ အိုးမှာ အနာပါမပါ လက်ဆစ်နဲ့ခေါက်ကြည့်ပြီး နားထောင်လိုက်ရင် သိတယ်တဲ့ …"

"ကျုပ်က လူခေါင်းကိုပြောနေတာ ကိုယ့်သားက ပုကွကွပုံဆိုး ပန်းဆိုးမဟုတ်တော့ ကြိုက်တဲ့မိန်းမ ခေါင်းခေါက်ယူလို့ရတယ်လေ၊ အဲဒါကြောင့် ဘယ်သူ့ကိုမှ လက်ညှိုးမထိုးသေးပါဘူး၊ စကားကျွံတော့ နှုတ်မရဘူးတဲ့ … သူများတွေလို ပြောလွယ်ဖျက်လွယ်လည်း အဖြစ်မခံနိုင်လို့ …"

"တီလေးက တစ်ယောက်ယောက်နဲ့ ရန်ဖြစ်ထားတာလားဟင… ဒေါသတွေ ကြီးနေသလားလို့ …"

လေး က တကယ်ဘာမှမသိတာ ပေမယ့် ဒေါ်ငြိမ်းချမ်း အနာပေါ် တုတ်ကျသွားရလေသည်။



"အောင်မယ်လေး လူကဲခတ်ကောင်းနေလိုက်တာ မယ်မင်းကြီးမ လေးရယ် … မသိတတ်ဆိုးရွားမိရင်လည်း ညည်းပဲ …"

"တီလေးကလည်း လေး ကိုပဲ ဆူနေတာပဲ၊ သူ ကောင်းကောင်း မေးတာပဲဟာ …"

လှလွန်း က လေး ဘာမှမသိလို့စိတ်ရင်းနဲ့မေးနေတာကိုသိသည်။ ကိုယ့်အပေါ် ဖြစ်နေရသည့် ဒေါသတွေကိုလည်း နားလည်နေသဖြင့်…၊

"တီလေးက ဒီလိုပဲသိလား၊ မနက်က ဒေါ်ကြီးရွှေ ကို စိတ်တိုပြီး အဲဒီကနေ တောက်လျှောက်ဆူနေတော့တာ …"

"ဩော် … ဒေါ်ကြီးရွှေ ဆိုမှ သတိရတယ်၊ ရွှေနားပေ ကို နောက်ဖေးမှာ ငါးခြောက်တွေလှန်းခိုင်းထားတာ သွားကြည့်စမ်း ဒီကောင်မလေးက စိတ်ချရတာမဟုတ်ဘူး …"

"ဟာ … ဒီလောက်ကတော့ ဒေါ်ကြီးရွှေ ရပါတယ်၊ တီလေးကလည်း…"

"ဘာနိုင်းနိုင်း ဘာမှထလုပ်လိုက်တယ်မရှိပါလား လှလွန်း … ကလေး ပီပီ ပေါ့ပေါ့ပါးပါးမရှိဘူး၊ သွား … ခု သွားကြည့် …"

"ဟွန့် …"

လှလွန်း မလေးတီလေးကန်ထရပ်လိုက်ကာ …၊

"ခဏနော် လေး … ငါ ခု ပြန်လာခဲ့မယ် …"

ခေါင်းညိတ်လိုက်ရပေမယ့် လေး က ပြန်တော့မို့ဆုံးဖြတ်ပြီးသား ပါ။ ဒေါ်ငြိမ်းချမ်း ဒေါသထွက်နေတာ ဘာကြောင့်မှန်းမသိသော်လည်း ကိုယ်နဲ့ပတ်သက်နေသလို ခံစားမိနေသဖြင့် ဆက်ပြီးထိုင်မနေချင်တော့ပေ။

"တီလေး … လေး ပြန်တော့မယ် …"

"ဟင် … ဩော် … အေး … အေး …"

ချက်ချင်း ပျာပျာသလဲ ပြုံးသွားပုံက လူကိုဝိုင်းတွဲပြီးကော့လဲ တံခါးဝကို လိုက်ပို့ဦးတော့မလိုလို …၊

တီလေး မျက်နှာကိုပဲစိတ်ကရောက်နေသဖြင့် ဒါကိုတွေးရင်း လေး မျက်နှာလေးမှာလည်း အပြုံးတွေ ပျောက်ဆုံးနေခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒီတစ်ခါတော့ ကားနဲ့ပေါ့နော် .. ကောင်းတယ် နောက်ဆို ဆိုင်ကယ်လ်တွေမစီးနဲ့ စီးရင်လည်း ဟိုတစ်ခါလို ဒီမှာဝင်လို့မရတော့ဘူးနော် .. ဘာဖြစ်လို့လဲဆိုတော့ ခြံထဲမှာ ကားထွက်ဖို့အတွက် အဝိုင်းနဲ့မပတ်တော့ဘူး၊ ဂငယ်ကွေ့ပြန်လှည့်ဖို့ ပန်းရန်သမားတွေနဲ့ ချိန်းပြီးပြီ.. မနက်ဖြန်ဆို စတော့မှာ .."

"ဩော် .."

လေး က ခေါင်းပဲညိတ်နေကာ ကားနားရောက်လာတော့ နှုတ်ဆက်လိုက်သည်။

"သွားမယ်နော် .. လှလွန်း ကို ပြောပေးပါဦး၊ တော်ကြာ မပြန်ပါနဲ့ဦးလုပ်နေမှာစိုးလို့ .."

"စိတ်ချ .. စိတ်ချ .."

ပြောနေကြတုန်း ခြံထဲကို မောင်တို့ကား ဝင်လာတာမြင်လိုက်၏။

"သားကြီး ပြန်လာပြီ .. ဧည့်သည်ပါလာတာလားမသိဘူး .."

ဒေါ်ငြိမ်းချမ်းက လေး ရဲ့ ကားနောက်မှာရပ်သွားသည့် ကားဆီ မျက်မှောင်ကုတ်ကြည့်နေ၏။ လေး ကတော့ ကားထဲဝင်လိုက်ပြီးဖြစ်ကာ လှလွန်း ထွက်လာမလားလို့ တစ်ချက်တော့ လှမ်းကြည့်မိသေးသည်။

"တီလေး .."

"ဩော် .. ဧည့်သည်ပါလာတာလား .."

ကျစ်ဆံမြီးရှည်တစ်ချောင်းတည်း ကျစ်ချထားကာ ကိုယ်လုံးသွယ်သွယ် အသားညိုစိမ့်စိမ့်လေးနှင့် ရှုချင်စဖွယ်ယဉ်စစလေးကို မြင်လိုက်ရပေမယ့် ..၊

"ဟွန်း .."

ခရီးကြိုပြုရမည့် ဒေါ်ငြိမ်းချမ်း ရဲ့ အပြုံးက အီတီတီဖြစ်နေ၏။ ကိုယ့်တူရဲ့ဘေးမှာ မြင်လိုက်ရသည့် မိန်းကလေးတိုင်းကို ဘာဖြစ်လို့ အားရကျေနပ်ခြင်းမဖြစ်ခဲ့ရသလဲဆိုတာ ကိုယ့်ကိုယ်ကိုယ်လည်း မသိတော့ပါ။

မဖြစ်တော့ဘူး ဒီတစ်ခါ တကယ်မဖြစ်တော့တာ ..၊



မောင့်ကို အမြန်ဆုံးကို လက်ထပ်ပေးဖို့လုပ်ရတော့မည်။ အိမ်ထောင်ပါလာသည့်အဆင့်က ဘာလဲ ..။

ဘာမှမဆိုင်ပါဘူး တွင်တွင်ပြောနေပြီး ကိုယ်နဲ့ မိတ်ဆက်ပေးဖို့များလား ..၊

"လီလေ မစော .. ဒါ ကိုယ့်အဒေါ်ပဲ၊ ဒေါ်ငြိမ်းချမ်း တဲ့ .. ကိုယ်တို့က တီလေးလို့ပဲခေါ်တာ .."

မောင်လည်း ကိုယ့်အဒေါ် မျက်နှာပျက်နေတာကို စောမာလာ ရိပ်မိသွားမှာ အားနာသဖြင့် ပေါ်တီကိုအောက်မှာပဲ မိတ်ဆက်ပေးလိုက်မိတာဖြစ်သည်။

တကယ်က အလုပ်မရှိအလုပ်ရှာပြီး အပြုံးအရယ်တွေဖန်တီးပေးလိုက်တာဖြစ်၏။ သို့သော် ထိုအချိန်မှာ လေး ကလည်း အိတ်ကို ဘေးမှာပစ်ချလိုက်မှ ရှေ့ဆိုင်ယူသွားရမည့် ဘောင်ချာကို သတိရသွားကာ..၊

"ကျန်ခဲ့ပြီ .."

သတိရရချင်း ပြန်ထွက်ဖို့ တံခါးကို ကမန်းကတန်းတွန်းဖွင့်လိုက်၏။ ကားကို ကျောပေးရပ်ပြီး စကားပြောနေကြသည့် မောင် နဲ့ စောမာလာ တို့နှစ်ယောက်မှာ စောမာလာ ၏ ကိုယ်ကို ဆောင့်တွန်းပစ်လိုက်သလိုဖြစ်သွားခဲ့ပြီး ..၊

"အမေ့ရေ .."

"ဟွဲ .."

ဒေါ်ငြိမ်းချမ်း ၏ ခြေထောက်ကို ခုန်ဖက်လိုက်သလိုဖြစ်သွားကာ..၊

"အောင်မယ်လေး .. သေပါပြီတော် .."

"တီလေး .."

မောင် ရုတ်တရက် ဖမ်းဆွဲလိုက်ပေမယ့် လက်ထဲမှာလည်း ဖိုင်အိတ်ထပ် ကိုင်ထားသဖြင့် ကိုယ့်လက်နဲ့ ကိုယ် ရှုပ်သွားပြီး မဆွဲမိလိုက်ပေ..။

အယ် ..၊

လေး တံခါးကြားထဲက မထွက်ဝံ့တော့ဘဲ ပါးစပ်လေးအဟောင်း

www.burmeseclassic.com

www.burmeseclassic.com



သားနှင့် ကြောင်ငေးကြည့်နေမိ၏။

စောမာလာ သည် မုလုကားသုံးထစ်ပေါ်မှာ ဝမ်းလျားထိုးမှောက်လျက် ခေါင်ငြိမ်းချမ်း ၏ ခြေထောက်ပိုင်းက သူမ ကိုယ်အောက်မှာ ပျောက်နေကာ ...।

"သေပါပြီ .. ငါ ထလို့မရတော့ဘူး၊ ကျိုးပြီ .. လုပ်ကြပါဦး..."

ခေါင်ငြိမ်းချမ်း ပက်လက်ကြီးကနေ လက်ပြအော်နေတာ လိပ်ဇ.နဲ့ကောင်နဲ့ ဝူနေလေသည်။

"ဟယ် .. တီလေး .."

လုလွန်း ပြေးထွက်လာ၏။ မောင်နှမနှစ်ယောက် ခေါင်ငြိမ်းချမ်း ကို တွဲထူကြရင်း စောမာလာ ကို လည်း တွင်တွင်ဆောင်းပန်နေကြရကာ ...।

"ဒီကောင်မလေး နော် .. မင်း .."

မောင် မျက်နှာကြီး နီရဲနေကာ ...।

"ဘာကြည့်နေတာလဲကွ .. ဒီမှာ လာဝိုင်းထူဦး .."

"ရှင် .. ဟုတ် .."

ကမန်းကတန်းခေါင်းညိတ်ပြီး တံခါးနောက်က ထွက်ကာ သူမ တွဲထူဖို့တာဝန်ယူရတာက စောမာလာ ကို ဖြစ်လေသည်။

ရှက်ရှက်နဲ့ ကိုယ့်ဘာသာ ပြန်ကုန်းထပေမယ့် ဒူးပြဲသွားသဖြင့် ထလိုက် ညွတ်ကျသွားလိုက်ရှိကာ စောမာလာ မျက်နှာတစ်ပြင်လုံးလည်း သခြေသီးမှည့်လို မည်းချိတ်ချိတ်ဖြစ်နေခဲ့၏။

မောင့် မျက်နှာကြီးကိုလည်း မကြည့်ရဲ ...।

စောမာလာ ကိုလည်း အဆမတန် အားနာခြင်းဖြစ်၍ တံတွေးမျိုပြီးရင်း မျိုနေမိကာ သူမ ဇက်လေးပုနေတော့သည်။

ဒီနေ့အဖို့လေးအတွက် ရာသီဥတုက မကောင်း ...။



## အခန်း (၁၂)

"ဆေးဖိုး ဘယ်လောက်ကုန်သွားလဲ မောင် .."

"ဒူးပြဲသွားတယ် လက်တံတောင်တွေရောပဲ .. ပြီးတော့ ခြေထောက် က ထောက်လို့မကောင်းဘူးဆိုတော့ ဓာတ်မှန်ရိုက်တာရိုက်နဲ့ သုံးသောင်းနီးပါးပဲ .."

"အောင်မယ်လေး ကုန်ပါပြီတော် .. ငါ့အတွက် ခါးနာဆေးဘူး တရော .."

"လေးထောင့်ငါးရာ .."

"ဈေးကြီးလိုက်တာဟယ် .. ခွါးကပ်ပလတ်စတာတွေ ပါသေးတယ်လေ .."

"မေးမနေနဲ့ တီလေးရာ .."

"ဟဲ့ .. မမေးလို့ရမလား၊ အလကားနေရင်းထိုင်းရင်း ကုန်ရတာ၊ ဒီကောင်မလေး .. ဒီကောင်မလေး ငါ့ဆီရောက်လာတိုင်း ကြိုဟ်မွှေတာ ကွန်ပျူတာပြင်ရ၊ အိမ်ရာခင်းတွေမှာ အစားအသောက်တွေစွန်းလို့ ဒုက္ခများရ၊ ခု ဆက်တိုက်ပိုက်ဆံတွေ ကုန်သွားတာ ကြည့်ဦး .."

"တီလေးနဲ့ ကိုကိုကြီးတို့ကလည်း ကိုယ့်အိမ်မှာဖြစ်သွားလို့ ဆေး

www.burmeseclassic.com

www.burmeseclassic.com



လေးကုပေးရတာကို တိုတိုထွာထွာနဲ့ ..”

“အံမာ .. ညည်းလေးက ဆရာကြီးလား ..”

“မဟုတ်ဘူးလေ .. လူ ကျန်းမာဖို့အစိက မဟုတ်ဘူးလားလို့ ..”

“ဒါက ကျန်းမာရေးချို့တဲ့ ချချာလို့ဖြစ်ရတာလား .. ဒီကောင်မလေး ငါ့ကို မကျေနပ်လို့ တမင်လုပ်တာ ..”

“ဖြစ်စရာလား တီလေးရယ် .. လေး ဒီထဲဝင်လာတည်းက တီလေး ချည်းပဲ ကွိုင်ပူနေတာ ..”

“ဘာပြောလိုက်တယ် ..”

အနားမှာ နီးနီးလေးဝင်ထိုင်ပြီးမှ ခေါင်ငြိမ်းချမ်း လက်ကို သဘိရ ပြီး လှလွန်း မသိမသာပြန်ထရပ်၏။

“သမီးပြောတာက လေး က တီလေးကိုဆို ဘာပြောပြော အမှတ် ထားခဲ့တာမှမဟုတ်တာ၊ ပြီးတော့ သူ ဒီလိုပဲ အမှားမှားအယွင်းယွင်းတွေ ဖြစ်သွားတတ်တာ သိသားနဲ့ ..”

“လှလွန်း ..”

“ရှင် ..”

“ညည်း အဒေါ် လူတွဲပြီး ထိုင်ထနေရတာတောင် ညည်း မျက်နှာ တစ်ပတ်မညိုးတဲ့အပြင် လေး က မှန်တယ် ငါ မှားတယ်ပေါ့ ..”

“လွဲနေတာလေးတွေ ပြောပြတာပါ၊ တီလေး ကို သမီးလည်း သနားတာပဲ ညကဆို တီလေး နာလို့ ညည်းနေတော့ သမီးငိုရသေး တယ် ..”

ဟုတ်လို့လားဆိုသည့် ခပ်စူးစူးအကြည့်ရဲ့နောက်ကွယ်မှာ ကျေနပ် ခြင်းတွေနဲ့ဖြစ်၏။

မောင် ကတော့ ခေါင်းတစ်ချက်ဖွပစ်ရင်း ...၊

“မဒော ကလည်း လေး ကို သိပ်အစာမကြေဘူး၊ သူ့ကို တမင်လုပ်



တယ်ထင်နေတာ ..”

“သူနဲ့ ဘာငြိထားလို့ တမင်လုပ်ရမှာလဲ ကိုကိုကြီးကလည်း ..”

“လုပ်တယ်ထင်ရင် လုပ်တယ်ပေါ့ဟယ် .. နောက်မလာလည်း အေးတာပဲ ..”

သူ့ကို ထိတာက ကိုယ့်ကိုပါလာထိလို့ စိတ်တိုနေရတာဖြစ်သည်။ လေး ကြောင့် စောမာလာ ဒီလိုဖြစ်သွားတာဆိုရင်တော့ နေသာသပ လေညှာကပါ။

သူ့မျိုးဒုက္ခရောက်တာကို လက်ခုပ်လက်ဝါးတီးချင်တာမျိုးတော့ မဟုတ်ပေမယ့် ယောကျ်ားလေးတစ်ယောက်အိမ်ကို လိုက်လည်ရတဲ့ အဆိ ရဲတင်းတဲ့ မိန်းကလေးမျိုးကို မလိုလားပေ ...။

“အဲဒါကြောင့် ဘယ်အရာကိုမှ ပုံသေကားချပ်တွက်လို့မရဘူးဆို တာ တကယ်မှန်တာပဲ ..”

“ဟင် .. ဘာကိုလဲ ..”

မောင် က စိတ်ညစ်နေသည့်ကြားက ဂရုစိုက်နားထောင်ပေးတော့ ရကာ ...၊

“ဘာကို ပုံသေကားချပ်ထုတ်နေတာလဲ ..”

“လူတစ်ယောက်ရဲ့ပုံစံကိုကြည့်ပြီး ရိုးတယ် ဆန်းတယ်တွက်ထား ကြတာတွေလေ၊ မင်းရဲ့ စောမာလာ ကိုပဲကြည့်ပါဦး ဖင်လောက် ရှည်တဲ့ ကျစ်ဆံမြီးကြီး တယမ်းယမ်းနဲ့ ..”

“အဲဒါ ဘာဖြစ်လို့လဲ တီလေးရာ .. ဒီလ ပိုက်ဆံအကုန်အကျတွေ များနေလို့ စိတ်ညစ်ရတဲ့အထဲ ..”

“အဲ့ဒါ ငါလည်း ညစ်တာပဲ .. ဒါပေမယ့် စောမာလာ့ကြောင့် ညစ်ရတာက ပိုဆိုးတယ် ..”

“တီလေး ညစ်တာ စောမာလာ ပါသွားပြန်ပြီလား၊ ဒီကောင်မလေး

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့လေ ..."

"ဟုတ်တယ် .. ဒီကောင်မလေး လို တစ်ချက်မှ မြေမထိအောင် ဖျတ်လွတ်နေတာလည်း မကြိုက်ဘူး၊ အဲ့ဒါထက် ပိုဆိုးတာက အပေါ်ယံ ခပ်တုံးတုံးပုံဖမ်းပြီး အတွင်းမှာ လောက်ကိုက်နေတာတွေပဲ .. ဘာလဲ မင်းက နာနေတာလား .."

"ကျွတ် .."

"ဟီ .. ဟီ .."

"ဘာလဲ .. လှလွန်း .. ဟီဟီ ဆိုတာ .."

"ဘာမှမဟုတ်ပါဘူး .."

"ဘာမှမဟုတ်ရင် မျက်နှာပေါ်က စပ်ဖြဲဖြဲက ဘာကြောင့်တုံး .. ငါတယ် .. အား .."

စိတ်နောက်ကိုယ်ပါ ခါးမတ်လိုက်မိကာ ဒေါ်ငြိမ်းချမ်း ရှုံ့မဲ့သွားလေသည်။

ကောင်မလေး ပေးတဲ့ ဒဏ်ရာက လူကို လက်တို့လှောင်ရယ်နေ၏။

ဟုတ်တယ် မယ်မင်းကြီးမ ညည်းကို ကျုပ် မေ့လို့မဖြစ်ဘူး ...။

စိတ်ထဲကနေ ကောင်းကောင်းကြိမ်းဝါးနေမိပေမယ့် 'သေပါပြီ' လို့ အော်နေရတာက ကိုယ်ပဲဖြစ်ကာ ...၊



အခန်း (၁၃)

"လေး ဘာစားမလဲ .."

"နေ့လယ်စာက စောသေးတယ်မို့လား .."

"ဆယ်နာရီကျော်နေပြီလေ လေး ရဲ့ .. ဘာလဲ လေး က ဒီအချိန် မစားတတ်ဘူးလား .."

တစ်လေးတည်း လေး နေတာကို ဒီလူကြီး ခေါ်နေတာကျမှ နားထဲမှာ ထော်လော်ကန့်လန့်ကြီးပါလား ...၊

"အင်း .. ရတယ်လေ .."

နားယားတာလိုလိုနှင့် လက်ချောင်းလေးနဲ့ထိုးပြီး ရှုံ့မဲ့မဲ့ပြောမိရင်း...

"ဦးဇင် အရင်မှာပါ .."

"ဘာဖြစ်လို့လဲ လေး .. နားယားနေလို့လား .. လက်ကြီးနဲ့ မကလိနဲ့လေ .."

သူမ ကလိနေတာမဟုတ်ပါ နားဖျားလေးမှာပဲ လက်ညှိုးလေးထိကပ်ပြီး ပွတ်နေခဲ့တာဖြစ်၏။ သူ မေးလိုက်မှ လက်ကို ဖျတ်ခနဲ ရုတ်လိုက်ကာ ...၊

"ဟင် .. ဦးဇင် က ရှုံ့လို့လား .."

"မဟုတ် ..."

"လေး က နားယားတာ နားခေါင်းယားတာတွေ အကျင့်လိုဖြစ်နေ

www.burmeseclassic.com

www.burmeseclassic.com



ပြီ ဦးခင်း ရဲ့ .. လူရူပြီဆို နှာချေတယ်၊ စိတ်လှုပ်ရှားရင် နှာခေါင်းနှိုက် နှာနှိုက်လုပ်တတ်တာတွေ အဲဒါ အလိုလိုကို ယားလာတာ ထိန်းနေလို့ မရဘူး ..”

ခင်မင်း မျက်မှောင်ကုတ်သွားသည်။ ပြီးတော့ မနှစ်မြို့သည့် အရိပ်တစ်ချို့ဖြတ်ပြေးသွားပြီးမှ ခွင့်လွှတ်နားလည်မှုကြီးစားသည့်အပြုံးနှင့် ..၊

“ဟုတ်လား .. အင်း .. လူတစ်ယောက်မှာ အကျင့်တစ်မျိုးစီရှိကြတာပဲ .. ဒါပေမယ့် တံငါနားနီး တံငါဆိုတဲ့ စကားပုံရှိတယ်မို့လား .. တိုယ်တို့အတူနေရင် လေး ရဲ့ အကျင့်လည်း ပျောက်သွားမှာပါ ..”

“လေး က အကျင့်မကောင်းလို့ ဦးခင် နဲ့တွေ့မှ အကျင့်ကောင်းမယ်ပေါ့၊ ဟုတ်လား .. အဲ့လိုပြောလိုက်တာလား ..”

“ဟုတ်တယ် .. အဲ .. ဒီလိုလေ လေးရဲ့ .. ကိုယ့်မှာလည်း မကောင်းတဲ့အကျင့်တစ်ခုနှစ်ခု ဒါမှမဟုတ် တော်တော်များများ ရှိနေနိုင်တယ်လေ၊ အဲဒါတွေကိုလည်း လေး က ကိုယ့်ကိုပြုပြင်ပေးရမှာပဲ ..”

လာသေးတယ် လူကြီးကိုက စကားပုံရိုင်းရိုင်းနှိုင်းရရင်လည်း မကောင်း ..၊

“တော်သေးတာပေါ့ .. ကိုယ်က ကိုယ်ရွေးလိုက်တဲ့ဆိုင်ကို မကြိုက်ဘူးလားလို့ ..”

“ကြိုက်ပါတယ် ..”

ပြောပြီး လေး က ဆိုင်ထဲကိုဝေ့ပတ်ကြည့်သည်။ အဖြူရောင်စားပွဲခင်းလေးတွေမှာ ထောင့်စွန်းမှာ ဆိုင်နာမည်ကို အနီရောင်စာလုံးလေးတွေနဲ့ ရိုက်ထား၏။

ကြမ်းခင်းနဲ့ ဘေးပတ်လည်မှာ အဖြူရောင်ကြွေပြားတွေခင်ထားပြီး ခပ်စိမ့်စိမ့်မြတ်တလေး အေးနေသည်။ နံရံမှုပ် အစိမ်းရောင်မီးလေးတွေက အလင်းရောင်မဟုတ်ဘဲ အေးမြခြင်းအတွက် ဖိအားဖြစ်နိုင်၏။

သူမ မျက်လုံးသွားတဲ့အတိုင်း ခင်မင်း က လိုက်ကြည့်ပြီး ပြုံးလိုက်ကာ ..၊

“ဒီမှာ နိုင်ငံတကာ အစားအစာတွေရတယ်၊ ဆီးဖုဒ်(ဒ်)လည်း အရမ်း



ကောင်းတယ်ကွ ..”

ပြောပြရင်း ရယ်လိုက်ကာ ..၊

“တကယ်ဆို အဲ့ဒီအစားအစာတွေ ကိုယ် လုံးဝမကြိုက်ဘူး၊ ခင်းက အသားငါးကြိုက်တယ်ဆိုလို့ ဒီဆိုင်ကိုတမင်ရွေးလိုက်တာ ..”

“ဟုတ်လား .. ကျေးဇူးပဲ ..”

လေး က မီနူးကိုလှန်ပြီး စားစရာတွေ အကျအနမှာသည်။ စားချင်တာရော မစားချင်တာရော အမျိုးပေါင်းများစွာ မှာကာ ..၊

“အမဲသားပြားကင်ကို အရမ်းမကျက်စေနဲ့နော် .. အနားလေးတွေတော့ တူးနေပေ့စေ၊ နေဦး ပုစွန်အစိမ်းသုပ်ကိုလည်း ခေါင်းတွေပါခွစေနော် .. အဲ့ဒီခေါင်းထဲက သွားတော့ခေါင်းဆီတွေ ဘာမှမထုတ်နဲ့၊ ပုစွန်က ခေါင်းမှာပဲအရသာရှိတာ အသားကပျော့စိစိကြီး မကြိုက်ပါဘူး ..”

ဝိတ်တာလူငယ်က ခေါင်းတော့ညိတ်နေပေမယ့် မျက်လုံးမှာ အံ့ဩခြင်းတွေ စိတ်ရှုပ်လာခြင်းတွေ အထင်းသားနှင့် ..၊

“အဲ .. ပြီးတော့ ချစ်ကဲန်း(န်)ကာရီ မှာဦးမယ်၊ ကြက်ခေါင်းသုပ်ရလားဟင် .. မျက်လုံးနဲ့ ဦးနှောက်စားချင်လို့ ..”

“ဗျာ ...”

“ဟယ် .. ဒီလောက် လူကို ပြူးပြဲကြည့်နေပြီးတော့ မကြားဘူးအံ့ရော ..”

“ဟုတ်ကဲ့ အစ်မ .. ကြားပါတယ်၊ အဲ့ဒါ မရလို့ပါ .. ဝက်ခေါင်းချဉ်စပ်သုပ်တော့ရတယ် ..”

“ဒါဆို မျက်လုံးတော့ရတယ်မို့လား .. တုတ်ထိုးဆိုင်မှာတောင် ရတာကို ..”

“ဟုတ်ကဲ့ ဝက်မျက်လုံးရပါတယ် ..”

“ဝက်မျက်လုံးတစ်ပွဲပေး၊ ဟိုလိုဒီလိုတွေ လုပ်မလာနဲ့နော် .. မျက်လုံးလေးတွေ ဒီတိုင်းစီပြီးထည့်လာပေး၊ မဆလာလေးဖြူးပြီး ကိုယ့်ဘာသာ

www.burmeseclassic.com

www.burmeseclassic.com



စားမယ် ..."

ဝိတ်တာက ခေါင်းကုတ်ဖို့ လက်မြှောက်လိုက်တာနှင့် လေး က ဗျာယီဗျာယာလိုက်ကြည့်ကာ ...၊

"ခေါင်းမကုတ်နဲ့လေ .. သူများအကြွက်စားပွဲသောက်ပွဲတွေကိုင်နေပြီး ခေါင်းကုတ်ရလား .. ရွံစရာကြီး .."

တိတ်ဆိတ်စွာကြည့်နေရင်း လင်းမြှောက်အရှုံးပေးနေသည့် ဇင်မင်း မျက်နှာက ရှုံ့ရှာပြနေသည့် လေး ကို ကြည့်ကာ တော်တော်တရားကျနေသည့်ပုံပင် ...၊

"ဝက်သားအချင်းပြုတ်ပြီး အခွေလိုက်လေးပေါ်မှာ ဆော့လေးနည်းနည်းရွှဲအောင် ဆမ်းခဲ့လိုက်၊ သပ်သပ်ပန်းကန်နဲ့ လာမချနဲ့နော် .. ဖြတ်လိုက် တို့လိုက် မစားချင်ဘူး၊ ဒီတိုင်း တစ်ခါတည်းစားမှာ .."

"အစ်မ .. အချင်းပြုတ်က အခွေလိုက်တော့ .."

"မရရင် နေပေ့စေတော့ .."

"ဒီမှာ ညီလေး အချင်းပြုတ်တော့ ရတယ်မို့လား .."

"အချင်းရတာက .."

"သူ စားချင်လဲ ဒီတိုင်းလုပ်လာပေးလိုက်ပါ၊ အဆင်ပြေအောင်ပေါ့.."

"ဟုတ်ကဲ့ .. ပြောကြည့်လိုက်ပါ့မယ် .."

ဝိတ်တာက လေး မှာတာတွေကို သေချာရေးမှတ်ရင်း မီနူးလှန်နေဆဲ သူမကို ဘာမှာဦးမှာလဲဆိုသည့် ထိတ်လန့်ခြင်းဖြင့်ကြည့်နေခဲ့၏။

မီနူးလှန်နေပြီး ပါတဲ့အမျိုးအမည်တွေကို မှာတာလည်းမဟုတ်၊ အိမ်မှာ ငုတ်တုတ်ထိုင်ပြီး ကိုယ်စားချင်သမျှ အိမ်အကူကို ထိုင်ခိုင်းနေတာမျိုးဖြစ်၏။

"မှာလေ .. စားချင်တာလုပ်ခိုင်းလို့ရတယ် .."

လေး က ဆတ်ခနဲခေါင်းညိတ်ပြီးမှ ဇင်မင်း ကို ပြန်ကြည့်ပြီး မျက်မှောင်ကုတ်သွားကာ ...၊

"လေး ကို ရွဲ့တာတော့မဟုတ်ဘူးမို့လား .."



"ဟာ .. မရွဲ့ပါဘူး .. ကိုယ်က လေး ကြိုက်တာတွေတွေ့ချင်လို့ တမင်ခေါ်လာတာပဲ .."

ဟွန်း .. မသိဘူးများမှတ်လို့၊ လူကို ရွံသလိုရှာသလိုနဲ့ကြည့်နေတာ ဒီက ရှင့်မျက်နှာကြီးကို ဖုန်းထောင်ထားတဲ့ထဲမှာ မြင်နေရတယ် ဦးဇင်မင်း ...

တစ်ရှူးဘောက်(စ်)မှာ ဖုန်းကို တမင်ထောင်ထားတာ သူ့မျက်နှာကို ကြည့်ချင်လို့ ...၊

ပီပီပြင်ပြင်ကြီး မမြင်ရပေမယ့် အသိသာကြီးဂါ ...။

"အစ်မ အသီးအရွက်ကြော် ဘာမှာဦးမလဲ မသိဘူး .."

"မမှာဘူး .. သြော် .. ဦးဇင် မှာလေ .."

"မမှာတော့ပါဘူး .. ကိုယ်လည်း မင်းစားတာ လိုက်စားမှာပေါ့.." ဟင် !...၊

တော်ကြာ ပန်းကန်ထဲ ဇွတ်ထည့်ပေးနေရင် သွားပြီ ...၊

ဖြူစင် နဲ့ လှလွန်း တို့ ဖုန်းဆက်ကြစမ်းပါ၊ မှာထားတဲ့အတိုင်း အတိအကျဆက်လိုက်စမ်း ...။

စားသောက်ပွဲတွေ လာချတော့ လေး လက်ဆယ်ချောင်းကိုဖြန့်ထား၍ စစ်တိုက်နိုင်းနေမိသည်။ ဝိတ်တွေလှုပ်ရှားကာ လာချသည့်စားပွဲတွေကိုလည်း မကြည့်ရဲ ...၊

ဒီလူကြီး စိတ်ပျက်အောင် ဟင်းဆယ်မျိုးလောက် စိတ်ပျက်ဖွယ်တွေမှာထားခဲ့တာ ခုတော့ သူက အပြုံးမပျက်ရှိနေပြီ .. ကိုယ်ဝဲ ...

"ပုစွန်ဆိတ်ခေါင်းက ဒီတိုင်းကြီး ကောင်းပါ့မလား လေး ရဲ့ အကောင်ကလည်း အကြီးကြီးပဲ .. အစိမ်းဆိုတော့လေ .."

"ရွံစရာကြီး .."

"ဘယ်လို .."

မြင်လိုက်တာနှင့် ပါးစပ်ကလွှတ်ခနဲထွက်သွားပြီးမှ ...၊

"ရွံစရာကြီးလို့ .. အဲ .. အဲ့လိုပဲထင်ကြတာလေ မကောင်းပါဘူးဟုတ်ပါတယ် .. တကယ်တော့ မကောင်းဘူး .."

www.burmeseclassic.com

www.burmeseclassic.com



"ဘာမကောင်းတာလဲ လေး ရဲ့ .."

"အဲ့ဒါလေ .. မဟုတ်ဘူး .. ရှုံ့စရာမကောင်းပါဘူးလို့ပြောတာ၊ ကြည့်ပါလား ဦးဇင် ရဲ့၊ ဟွန်း .. စားချင်စရာလေးပါ .."

ပန်းကန်ကို ရဲရဲမကြည့်ဘဲနဲ့တောင် မျက်နှာလေးက အီတီတီအပြုံး မဲ့မဲ့နှင့် ဖြစ်နေလျက် ...၊

"ရေသတ္တဝါတွေက ရှုံ့စရာမကောင်းဘူး .."

"ဘယ်သူကပြောတာလဲ .."

"အန်တီချို က .."

"ဒါဆို လေး က သူများပြောလို့ လိုက်စားကြည့်တာလား .."

"မစားပါဘူး .."

"ဟင်!..."

"စားတယ် .. စားတယ် .. မစားဘူးဆိုတာ ပုဇွန် .. အဲ .. ခုနလေ သူများပြောလို့စားကြည့်တယ်ဆိုတာ .. အဟွန်း .."

ဇင်မင်း ၏ လျှို့ဝှက်သောအပြုံးမှာ လေး မျက်နှာလေးကို မြတ်နိုး မဝနိုင်သည့် အကြည့်များလည်းပါနေကာ ...၊

"ကိုယ်က ပုဇွန်အစိမ်းသုပ်ဆိုတာ မီနူးထဲမှာပဲတွေ့ဖူးတာ၊ သူများ စားတာတောင် တစ်ခါမှ ထိုင်မကြည့်ခဲ့ဖူးဘူး၊ ဒီလောက် ပုဇွန်အကြီး ကြီးတွေကို အစိမ်းသုပ်ထားတယ်ဆိုတော့ .."

"ဒါက ဒီလိုပါ အစ်ကို .."

ဟင်းချိုပွဲလာချပေးသည့် ဝိတ်တာလေးက ကြားသွားသဖြင့် ...၊

"ကျွန်တော်တို့ရဲ့ ပုဇွန်အစိမ်းသုပ်က အကောင်သိပ်မကြီးပါဘူး၊ အစ်မက သွားတွေအဆီတွေပြည့်စုံအောင်မှာတော့ သွားကြီးကြီးရှိမယ့် အရွယ်ကို ရွေးထုတ်လိုက်ရလို့ပါ၊ အကောင်ကြီးမှ အဆီများတာလေ.."

"ဩော် .. ဟုတ်လား .."

ကောင်လေးကိုမေးရင်း သူမကို ငဲ့ကြည့်လိုက်တော့ လေး က လက်ဖဝါးလေးတွေ ဆုပ်လိုက်ချေလိုက်နှင့် ဟိုကြည့်ဒီကြည့် ...၊



"အကောင်ကတော့ တော်တော်ကြီးတယ်ကွ .. ဒါ ဘယ်လိုစားမှာ လဲ .. အကောင်လိုက်ယူဝါးမှာလား .. ဘယ်လိုဖွဲ့မှာလဲ .."

"ဟင် ..."

"ဒီမှာ ကိုယ်ကြည့်နေတာလေ .. ပုဇွန်ထုပ်ကြီးတွေကို အစိမ်းသုပ် ထားတော့ .."

"သိချင်ရင်လည်း ယူစားကြည့်ပါလား .."

"ဟား .. ဟား .. ဟား .."

"ဘာရယ်စရာပါလို့လဲ .."

မင်းက ရယ်စရာပဲ ချာတိတ်ရာ ...၊

ဇင်မင်း က ချစ်စနိုးစိုက်ကြည့်ရင်း ရယ်နေပေမယ့် အသားက မြေဖြူ သွားတွေက မလှမပနှင့် လေး မျက်လုံးထဲမှာတော့ စိတ်ပျက်ဖွယ် အတိပြီးနေရကာ ...၊

"အား .. ဗိုက်နာတယ် .."

"ဟင် .. ဗိုက်နာတယ် .."

"အင်း ..."

ထိုစဉ် ဝက်အချင်းနဲ့ အမဲသားပြားကင်ရောက်လာ၏။

"အစ်မ .. အဆင်ပြေပါ့မလား .. မြည်းကြည့်ပါဦး .. ကျွန်တော်တို့ က အကျက်ကင်ပဲရောင်းတာဆိုတော့ .."

"ငါက ကိုရီးယားစတိုင်လ်ပြောတာလေ၊ နိုင်ငံခြားအစားအစာတွေ ရတယ်ဆိုပြီးတော့ ငါ့ကျမှပဲ အစိမ်းစားသလိုလိုနဲ့ .."

"ဟာ .. အဲ့လိုမဟုတ်ပါဘူး အစ်မရဲ့၊ အစ်မကို မြည်းပါဦးဆိုတာ က မီးဖိုလေးနဲ့မှ .."

"တော်ပြီ .. တော်ပြီ ထားခဲ့တော့ .."

ဝိတ်တာ မျက်နှာငယ်ကျသွားတော့ ဇင်မင်း က လက်ပြပြီး သွား ခိုင်းလိုက်ကာ ...၊

"ဝက်အချင်းဆိုတာ ဒါလား .."

www.burmeseclassic.com

www.burmeseclassic.com



ပြောတော့လည်း လေး ရဲ့ မျက်လုံးတွေ ဖျက်ခနဲရွှေ့လျားလာပေမယ့် ဝက်အချင်းဆီကိုမရောက်ဘဲ ပြန်လည်ရုတ်သိမ်းသွား၏။

"ဒီတိုင်းစားတာ ကိုယ် တစ်ခါမှ မမြင်ဖူးဘူး၊ အခွေလိုက်ကြီးက နည်းနည်းတော့ ကြည့်ရဆိုးသလိုပဲနော် .. မေမေတို့ ပြောတော့ ခနွာငါးပါးနဲ့ သတ္တဝါတွေမှန်သမျှ အတူတူပဲတဲ့ ..၊ ဖွဲ့စည်းပုံလေးတွေ နည်းနည်းပါးပါးကွဲပြားတာလောက်ပဲရှိတယ်ဆိုတော့ ဝက်အချင်းနဲ့ လူ .."

"ဦးဇင်မင်း .."

"ဟင် .."

"ရှင် ပညာတတ်တစ်ယောက်ဖြစ်ပြီး ဒီလောက်တောင် လူမှုရေးနည်းရလား .."

"ဘာဖြစ်လို့လဲ .."

"သူများစားသောက်မယ့်ဟာကို .."

"ကိုယ် ဘာပြောမိလို့လဲ .. တရားရှာ ကိုယ်မှာတွေ့တဲ့၊ တရားသဘောနဲ့ကြည့်ကြည့်တာပါ၊ ပြီးတော့ လေး တစ်ယောက်တည်း စားမှာမဟုတ်ပါဘူး၊ ကိုယ်တို့ အတူတူစားကြမှာပဲ .."

"ဘာဖြစ်ဖြစ် ရှင် တရားရှာချင်ရင် ရှင့်ဆေးရုံမှာသွားရှာ .."

"အဟွန်း .. လေး က ကိုယ့်ကို စိတ်ဆိုးနေပြန်ပြီ၊ ကဲပါ .. ဟင်းတွေလည်းစုံနေပြီ .. စားရအောင် .."

သူက ထမင်းပန်းကန်လုံးလေး ရှေ့ထပ်ဆွဲယူကာ လေး ကိုလည်း တူတစ်စုံထုတ်ပေးပြီး သူလည်း ကိုင်သည်။ ပြီးတော့ မစားသေးဘဲ လေး ကို အကဲခတ်၏။

လေး က ဖုန်းဆီကိုပဲ စိတ်ရောက်ပြီး လှလွန်း တို့ကို ဒေါသထွက်နေတာမို့ အမှတ်တမဲ့ ..၊

သို့သော် တူကိုင်ထားပြီးတာကို သတိရကော့ စိတ်ညစ်ညူးစွာဖြစ်သွားခဲ့ရင်း ..၊

"ဗိုက်ထဲက ရစ်နေတော့ စားချင်စိတ်သိပ်မဖြစ်ဘူး .."



"ဒါ ရေတ်သီးအကြမ်းဖက်တွေ ဖယ်လိုက်မယ်နော် ..၊ ရော့ - ဒူးနှံလေးနဲ့ စားလိုက် .."

လေး ရင်ထဲမှာ ဒိန်းခနဲမြည်သွားသည်။ အသားငါးတွေ စိုစိုစိစိကြီး ပါးစပ်ထဲထည့်ဖို့မပြောနဲ့ အိမ်က မီးဖိုခန်းထဲကိုတောင် အထဲထိဝင်ပြီး စေ့စေ့စပ်စပ်တစ်ခါမှ လိုက်ဝင်မကြည့်ခဲ့ဖူးပေ ..။

အသားငါးညှီနံ့တွေလည်း မခံနိုင်၊ ကြော်တဲ့ လှော်တဲ့ ညှော်နံ့တွေ လှိုင်လှိုင်မိပြီဆိုလည်း လေး တို့ ဖျားပါပြီ ..။ ထို့ကြောင့် သူမအတွက်က စားစရာဘယ်ကရ စားပွဲပေါ်က ရပဲဖြစ်၏။

"ဒါနဲ့ လေး က ပုဖွန်မှာသွားပါတာ သိတယ်နော် .. ဘယ်နှစ်ချောင်းလောက်ပါတာလဲ .."

"အဲ့ဒီမှာ ပါးစပ်ဖြဲကြည့်လိုက်လေ .. သုံးဆယ့်နှစ်ချောင်းမပါတာတော့ သေချာတယ် .."

"ဟား .. ဟား .. ဟား .."

တမင်လှူကို ရှုံ့ချိတ်နေတာသိနေသဖြင့် ဘာမှမတုံ့ပြန်နိုင်ပေ ..။ စိတ်တိုမိကာ ..၊

"စားလေ လေး .. ကိုယ်က လေး နဲ့ အကြိုက်တူချင်လို့ လိုက်စားတာ၊ လေး ဘယ်လောက်မက်မက်စက်စက်စားနေသလဲဆိုတာ ကြည့်ပြီး အားကျသွားချင်လို့ .."

သေလိုက် ..၊

ပက်ခနဲသာပြောလိုက်ရရင် လက်ပါပါသွားနိုင်သေးသည်။ လေး ဒေါသတွေထွက်ရင်း ငိုချင်လာခဲ့၏။ ထိုစဉ် .. မျက်စိရှေ့ရောက်လာသည့် တစ်စုံတစ်ယောက်ကြောင့် လေး မျက်နှာလေးဝင်းလက်သွားသည်။

ကိုကြီး ..၊

မောင့်ကို အမျိုးသမီးတစ်ယောက်နှင့်တွဲလျက် ဝင်လာသောမြင်လျှင် လေး အပြင်းအထန်အကြံထုတ်သည်။ ဇင်မင်း က ကျောခိုင်းထိုင်နေတာမို့ မမြင်သေးလျှင် ..၊

www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီး .."

အသံဖလိုးလေးနှင့် မျက်နှာမှာပါ ဗီလင်လေးထည့်ပေးလိုက်သည်။ ဇင်မင်း က ကြားသွားတာနှင့် ဖျတ်ခနဲ နောက်လှည့်ကြည့်သည်။ ဆေးရုံမှာ တစ်ခါနှစ်ခါပဲ မြင်လိုက်ရတာမေမယ့် တိုက်ပုံနဲ့ ပုဆိုးပဲဝတ်ထားတတ်သည့် ထိုလူကို သူ မှတ်မိနေသည်။

လေး နဲ့ အတူ ဆေးရုံရောက်လာတာမို့ မှတ်မိနေတာလည်း ဖြစ်နိုင်ကာ သူ သိခဲ့တာက ဒီလူနဲ့ လေး နဲ့ ဆွေမျိုးတွေဟု ..။

"ရက်စက်လိုက်တာ .."

လေး အံလေးကြိတ်၍ပြောကာ စားပွဲပေါ်တင်ထားသည့် လက်ကို ဇင်မင်း မြင်အောင် ကျစ်နေအောင်ဆုပ်ပစ်လိုက်၏။

"သူက ကြည်နူးမောင် မို့လား .. မင်းရဲ့ ကာစင်ဆို .."

"ဆွေမျိုးစပ်လို့ရတိုင်း သွေးတော်တာမှ မဟုတ်တာ၊ လေး နဲ့ ဘာမှ မတော်ပါဘူး .."

ဆွေးငေးနေသည့် မျက်နှာလေးကြောင့် ဇင်မင်း မျက်ခုံးတွေတွန့်ကုတ်သွားသည်။ ဟိုနှစ်ယောက်ကတော့ ရိုးရိုးနဲ့ယဉ်ယဉ် လိုက်ဖက်တင့်တယ်နေကာ အပြုံးအရယ်တွေက နူးညံ့သက်ဝင်နေကြ၏။

လေး က တစ်ဖက်သတ်ချစ်နေတာလား၊ ဒါမှမဟုတ် ချစ်သူတွေလား ..။

ထိုကိစ္စမျိုးတွေ မေးမြန်းဆွေးနွေးကြဖို့အတွက် သူမနဲ့ အပြင်မှာတွေ့ကြတာပါ ..။

ဒါပေမယ့် ဘာမှမပြောဆို မမေးမြန်းရသေးဘဲ သူမလေး အသည်းကွဲနေတာကို တိုက်ရိုက်မြင်နေရကာ ..။

"လေး .."

စကားစပြီးမှ မေးဖို့သင့်တဲ့အချိန်မဟုတ်တာကို သတိရသည်။

"ဒါ လေး ရှိမှန်းသိလို့ တမင်လုပ်တာ .."

"မင်းနဲ့သူက .. ဟို .. ချစ်သူတွေလား .."



"ဟုတ်တယ် .."

ဇင်မင်း သိသာစွာမျက်နှာပျက်၏။ သို့သော် .. ဒီချာတိတ်မလေးခုလေးတင် သူ့ကို စိတ်ပျက်ဖွယ်တွေနဲ့ တိုက်ခိုက်ထွက်ပြေးဖို့ ကြိုးစားခဲ့တာ ..၊

'ဟုတ်တယ်' လို့ ချက်ချင်းပြန်ဖြေလိုက်တာမှာ ဇင်မင်း ရဲ့ သံသယဆွ အသက်ဝင်လာခဲ့ပြီး ..။

"သူ့ပုံစံက ဒီလောက်လွယ်လွယ်နဲ့ ပြောင်းလဲမယ့်ပုံစံမျိုးမဟုတ်ပါဘူး .."

"ဟုတ်သလား .. မဟုတ်ဘူးလား ရှင် ကြည့်လိုက်ပါလား ယုယနေကြတာ .."

"သူများကို တမင်တကာကြီး လှည့်ကြည့်တာ ရိုင်းတယ်ပေါ့ ချာတိတ်ရ.."

"မရိုင်းပါဘူး .. လှည့်ကြည့်လိုက်ပါဆိုမှ .."

ဒေါသသံလေး ထွက်လာမှ ဇင်မင်း က နောက်ထပ်လှည့်ကြည့်၏။ လေး က အကြံနဲ့မို့ သူ နောက်လှည့်လိုက်တာနှင့် ဆော့ပန်းကန်ထဲကို လက်နဲ့လှမ်းတို့ပြီး မျက်လုံးထောင့်ကိုတို့လိုက်၏။

သဘာဝကျအောင် မျက်ရည်ညှစ်ထုတ်ကြည့်တာမရပေ ..။ ထို့ကြောင့် ဖြစ်ချင်ရာဖြစ် မျက်လုံးစပ်သွားရုံထိရုံလေးပဲလို့ စိတ်ကူးလိုက်တာဖြစ်၏။

သို့သော် ကမန်းကတမ်းလှုပ်ရှားလိုက်ရသဖြင့် ဘာတွေဖြစ်ကုန်မှန်းမသိဘဲ မျက်စိတွေစပ်ကာ ဘယ်လိုမှ ဖွင့်မရတော့ဘဲ ..၊

အား .. သေပြီ .. သေစမ်း ..၊

မျက်နှာကို စားပွဲအောက်ရောက်မတတ် ငုံ့ချလိုက်ရကာ မသိရင်ဝမ်းနည်းလွန်းလို့ ငိုနေသလိုမျိုး ..၊

"သူတို့က ရည်းစားနဲ့တော့မတူ .. ဟင် .."

မျက်နှာငုံ့ချပြီး မျက်လုံးကို နှိုက်နေသဖြင့် ဇင်မင်း မျက်လုံးပြူးသွား၏။

www.burmeseclassic.com

www.burmeseclassic.com



"လေး .. ချာတိတ် .. မင်း ငိုနေတာလား .."

အား .. စပ်လို့သေတော့မယ် ..။

"အင်း .. ဟင့် .. ဟင့် .."

ငိုတာက စပ်လွန်းလို့ တကယ်ကိုငိုချလိုက်တော့တာဖြစ်သည်။ ခင်မင်း ဒါကိုတော့ တကယ်ပဲယုံကြည်သွားကာ တော်တော်လည်း စိတ်မကောင်းဖြစ်သွားမိလျက် ..။

"လေး ရာ .."

သူမဘက်ကို လှည့်ထိုင်ကာ ပခုံးလေးကို ဖွဖွကိုင်မိ၍ ..။

"ဟိုတစ်ယောက်က ရှို့တာဆိုရင် မင်း ဒီလို သူမြင်အောင်ငိုနေတော့ သူ ဝမ်းသာအောင်လုပ်ပေးသလိုဖြစ်နေမှာပေါ့၊ ပြီးတော့ ဘေးလူတွေ သတိထားမိကုန်မယ်လေ .. တိတ် .. တိတ် .."

မျက်ရည်တွေ ဒလဟော ထွက်ကျသွားသဖြင့် အတော်အတန်အဆင်ပြေသွားသည်မို့ သူ ချော့နေတဲ့အတိုင်းလေးက အက်တင်အပြည့်နှင့် မော့လာ၏။

သို့သော် ..။

"ဟင်!..."

လေး ရဲ့ မျက်လုံးတစ်ဖိုက်မှာ ငရုတ်သီးဖက် အစအနတွေနှင့်..။

"ဘယ်လိုဖြစ်လို့ မျက်နှာမှာ ဆော့ပေပေနေတာလဲ .."

"ဟုတ်တယ် များသွားလို့ .."

"ဘယ်လို .."

"စားတာလေ .."

"လေး ဘာမှမစားရသေးတာ .."

"မစားရသေးပေမယ့် မြည်းကြည့်လို့မရဘူးလား .."

ပိပိရိရိ မညာတတ်သည့် မျက်ဝန်းလေးတွေက မငြိမ်သက်တော့ပေ ..။ ထိုပြင် စပ်သည့်အရှိန်က မပြယ်သေးရာ ..။

"အဲဒါ မျက်ရည်သုတ်တော့ မျက်လုံးကိုသွားထိမိတာပေါ့ .."



ခင်မင်း တအံ့တသြကြည့်နေမိဆဲဖြစ်ကာ လေး မျက်နှာအတင်း ပြန်ငုံ့ပြီး ကမန်းကတန်းပွတ်သုတ်နေတော့ သူ့နှုတ်ခမ်းတွေ တဖြည်းဖြည်း ပြုံးယောင်သမ်းလာ၏။

ဒီနည်းလည်း မကောင်းသေးဘူး ချာတိတ်၊ မင်း လိမ်နေတာ သိပ်မှ အဆင်မပြေဘဲ ..။

"မျက်လုံးက အိုင်းလိုင်နာတွေပျက်ပြီး ပုံဆိုးနေပြီ လေး ရဲ့ .. မျက်နှာမော့ ကိုယ်သုတ်ပေးမယ် .."

"ရတယ် .."

"မော့ပါဆိုကွာ .."

"ရတယ်ဆိုမှ .."

ဘယ်ကိုထိကိုင်တာမှ မခံဘဲ လေး ဖျတ်ခနဲမော့လာတော့ မောင်လှမ်းကြည့်နေတာနှင့် ဆုံမိ၏။ လေး လို့ထင်ပြီး လှမ်းကြည့်မိတာဖြစ်ကာ လက်ထပ်တော့မှာကိုသိပြီးသားမို့ နှစ်ယောက်ရှိနေတာကိုလည်း မောင် မအံ့ဩပါ .. သို့သော် ..။

အမည်းရည်တွေ အရစ်လိုက်ကွက်ထနေသော လေး မျက်နှာကို မြင်လိုက်ရကာ ..။

"အဟွန်း .."

သွားတွေပေါ်အောင်ရယ်လိုက်သည့် မျက်နှာက လေး ရဲ့ ဒေါသတွေကို ပိုမိုပြန့်ကားသွားစေလျက် ..။

"လေး ပြန်တော့မယ် .."

"ဟာ .. လေး .. မှာထားတာအများကြီးကွာ .."

"မစားဘူးဆို မစားဘူးပဲ .."

ပြောပြောဆိုဆိုနှင့် မောင် တို့ နှစ်ယောက်၏ စားပွဲဆီ လျှောက်ထွက်သွားကာ မောင့် ဘေးမှာ ခြေစုံရပ်၏။

ကြည့်လိုက်တော့ ဘေးမှာထိုင်နေတာ ဆောမာလာ မဟုတ်သော နောက်ထပ်တစ်ယောက်ဖြစ်နေသဖြင့် သူမကတော့ လေး ကို သိပ်သားပုံ မပေါ်..။

www.burmeseclassic.com

www.burmeseclassic.com



ဟွန်း ...။

ကိုယ့် မျက်နှာမှာ ဘယ်လိုရုပ်ဆိုးနေပြီမှန်းသိလိုက်ပေမယ့် ထူးမှ မထူးတော့ဘဲ ...။

"ဒီမှာ .."

"ဘုတ် ..."

စားပွဲပေါ်ကို လက်ဖဝါးနှစ်ဖက်စလုံးနှင့် အသံမြည်အောင်ချ၍ လက်ထောက်ငုံ့ကာ ...။

"အဲဒါ ကိုကြီးကြောင့် သိလား .. လေး ငိုလိုက်ရလို့ အဲ့လိုဖြစ်သွားတာ .. အရှမ်းကို ဝမ်းသာသွားတယ်မို့လား .."

"လေး ..."

"ဟုတ်ပါတယ် .. လေး က လျှောက်ပြောနေတာ ခုနကလိုပဲ ရယ်လိုက်စမ်းပါ .."

ဘာမှ ရှင်းလင်းအောင်မပြောဘဲ လေး ဒီတိုင်းဝုန်းဒိုင်းကျဲပြီး ဆိုင်ထဲက ထွက်လာခဲ့သည်။ နောက်မှာ ဘယ်သူတွေဘာတွေဖြစ်ဖြစ် ဘာမှန်း မသိကြလေ ကောင်းလေ ...။

ဒီနေ့ မျက်စိစပ်ရကျိုးနပ်မှဖြစ်မည်။

လိုင်နာတွေပြန့်ပြီး လူရယ်စရာမျက်နှာကြီးနဲ့ ပြန်ရကျိုးလည်းနပ်မှ...

ဟိုလူကြီး စိတ်ပျက်ခေါသထွက်ပြီး မင်္ဂလာပွဲကို တစ်ခါတည်း ဖျက်သိမ်းလိုက်ပါစေ ...။

စိတ်ကူးတို့နှင့် လှလှပပလေးပြုံးလိုက်ပေမယ့် ကိုယ့်မျက်နှာကြီး ကို သတိရတော့ အော်တိုမစ်တစ်ပြန်တည်သွားသည်။

အိမ်ပြန်ရောက်မှပဲ ရယ်တော့မည် ...။



အခန်း (၁၄)

"မင်္ဂလာကိစ္စကို အမြန်ဆုံး စီစဉ်ချင်တယ်တဲ့ .."

ဟင်!...။

"ဒေါက် .."

"ဟယ် .. ဖိတ်ကုန်ပြီ .."

အိမ်အကူမိန်းကလေးနှစ်ယောက် ပျာပျာသလဲဖြစ်သွားကြသည်။ ဦးသော်တာ မြေး မျက်နှာကို အကဲခတ်၍ မျက်မှောင်ကုတ်သွားသည်။

"မြေး နေမကောင်းလို့လား .."

"ကောင်းပါတယ် .."

ဖိတ်သွားသည့် ကော်ဖီပန်းကန်ကို အေးမ နဲ့ ပုစူး က အသာလေး လာသိမ်းသွားကာ ပန်းကန်အသစ်တစ်စုံလာချပေး၏။ ကော်ဖီထည့် ပေးဖို့လုပ်လျှင် ...။

"မသောက်တော့ဘူး .. ထားလိုက်တော့ .."

"ဒါဆိုလည်း မုန့်တော့ကုန်အောင်စားလိုက်လေ မြေးရဲ့ .."

ဖွဲ့ထားသည့် ကိတ်ခြောက်ကိုတော့ ပြန်ကိုင်လိုက်ရကာ ...။

"သူတို့ သဘောကျ လေး တို့က ခေါင်းညိတ်ပြလား ဘိုးဘိုးရဲ့ .."

www.burmeseclassic.com

www.burmeseclassic.com



မဆီမဆိုင်စကားကို ကောက်ပြောလိုက်သဖြင့် ဦးသော်တာ နှုတ်ခမ်းနားရောက်နေသည့် ကော်ဖီပန်းကန်ကို ပြန်ချလိုက်ရ၏။

"ဘိုးဘိုးကလည်း ခေါင်းမညိတ်ရသေးပါဘူး၊ ဒါပေမယ့် လက်ထပ်ပွဲတန်းလုပ်ဖို့အတွက် စေ့စပ်ကြောင်းလမ်းခဲ့ကြတာမို့လား .."

"လေး ကလည်း လက်ခံပါတယ်လို့ ပြောထားတာပဲ .. ဒါပေမယ့်.."

"မြေးရယ် .."

"မနေ့တုန်းက ဦးဇင်မင်း နဲ့ လေး နဲ့ ဆွေးနွေးတာလည်း .."

လေး က ဆက်မပြောသဖြင့် ဦးသော်တာ က အာရုံစိုက်နားစွင့်နေ၏။

"ဘာမှလည်း အဆင်ပြေခဲ့တာမဟုတ်ဘူး .."

"ဘယ်လိုမြေး .."

"ဟို .. ဘာမှသေချာမပြောဖြစ်ခဲ့တာကိုပြောတာ၊ ဆိုင်မှာ စားစရာမှာတည်းက သူ့မျက်နှာကြီးပျက်နေတာ .."

"ဘာဖြစ်လို့လဲ .."

"လေး က အသားငါးတွေချည်းမှာနေလို့လေ .."

ဦးသော်တာ က ဖြစ်နိုင်ရဲ့လားဆိုသည့်အကြည့်နှင့် မျက်မှောင်ကုတ်သွားသည်။

"သူက အသီးအရွက်တွေချည်းစားတယ်၊ လေး က အသားတွေပဲကြိုက်တယ် .."

"သူက မြေးကို ငြိုငြင်တဲ့စကားပြောလို့လား မြေး .."

"ဘိုးဘိုးပဲ စဉ်းစားကြည့် .."

"အင်း .."

"ပါးစပ်က ဘာမှမပြောဘဲနေပေမယ့် သူ့ရဲ့ မနှစ်မြို့ဖြစ်နေတဲ့မျက်နှာကြီးက ရေဆူအိုးထဲထည့်ပြုတ်ထားတဲ့ ရှောက်သီးလုံးကြီးကျနေတာပဲ .."

"ဒီလောက်တောင် သိသိသာသာပြခဲ့တာလား .."



"ဟုတ်တယ် .. လေး ကလည်း ကိုယ့်ကို ဒါမျိုးလာလုပ်ရင် မခံဘတ်တော့ တမင်ကို စုံအောင်မှာစားလိုက်တာ .. အဲ့ဒါ သူက ဘာပြောလဲ သိလား ဘိုးဘိုး .."

"အင်း .. ဘာတဲ့လဲ .."

"ခုတော့ လက်မှမထပ်ရသေးတာ ပြဿနာမရှိပါဘူးတဲ့ .."

"အင်း .."

"လက်ထပ်ပြီးတဲ့အခါ တစ်ယောက်တစ်မျိုးဖြစ်နေရင်တော့ အဆင်ပြေမှာမဟုတ်ဘူးတဲ့ .. လေး ကို သူ တော်တော်ပြုပြင်ယူရမှာပဲတဲ့ .."

ဦးသော်တာ 'အင်း' မလိုက်နိုင်တော့ဘဲ ထူထဲသည့်မျက်ခုံးတန်းတို့ ထိဆက်မတတ်ကုတ်ချိုသွားသည်။ ပြီးတော့ မြေးဖြစ်သူကို ပြန်ကြည့်သည်။

အမှန်မပါပေမယ့် တရားလွန်တော့ မညာပါဘူးလို့ လေး ကိုယ့်ကိုယ်ကိုယ် အားပေး၍ ..၊

"ဘိုးဘိုး .. လေး က နည်းနည်းလောက် ပြန်ရွဲ့လိုက်မိတာပဲရှိတာပါ၊ လေး မှားသွားလို့လားဟင် .."

"ဒါ လုပ်တော့မလုပ်သင့်ပေမယ့် မှားခဲ့တယ်လို့တော့ မဆိုနိုင်ပါဘူး၊ ဒါပေမယ့် မြေးရဲ့ တစ်ချို့ကိစ္စတွေမှာ မပြောဘဲသိရမှာ မှန်ပေမယ့် တစ်ချို့ကိစ္စမျိုးကျတော့ ပြောလာတာကိုစောင့်ရတာမျိုးရှိတယ်၊ စကားကျွံရင် နှုတ်မရသလိုပဲ မပြောရသေးဘူးဆိုရင် ပြောဖို့မရည်ရွယ်ပါဘူးလို့ တစ်ဖက်က ရှောင်ထွက်လို့ရတယ်လေ .."

"ဒါဆို သူ့စိတ်ထဲမှာ လေး ကို မနှစ်မြို့တာတွေဖြစ်နေခဲ့တယ်ဆိုတာ ဘိုးဘိုး ယုံတယ်ပေါ့ .."

"သူ့ကို အဲ့ဒီမှာ အကဲခတ်လာခဲ့တာ ဘိုးဘိုး မဟုတ်ဘူးလေ .."

"လေး ပြောတာကို ယုံလို့မရသေးဘူးလို့ ပြောတာလား .."

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး မြေး .. ဘိုးဘိုးက မြေး သိထားသင့်တာကို ပြောပြရုံပဲ .. ဒီအဖြစ်အပေါ်မှာ ဝေဖန်တာမဟုတ်ဘူး .."

"လေး ကတော့ သူ့ကိုမခင်ပါဘူး၊ ရင်းနှီးလို့လည်း မရဘူး သူပြောတဲ့စကားတိုင်း လေး ကို နိုင်စားချင်တာလို့ပဲ ခံစားမိနေတယ်၊ သူ့ကိုယ်သူ အသက်ပိုကြီးတယ်၊ ဆရာဝန်ဆိုပြီး အစားအစာဆိုလည်း နေရာတကာ ကြေးများတိုင်းထွာနေအာ ဘာပြောပြော သူသိသူတတ် .."

သူ့နှုတ်ခမ်းက အပြုံးတွေကို ပြန်မြင်ယောင်ကာ လေး က မလိုလားတိုင်း ကိုယ်လိုသလိုဆွဲပြောနေခဲ့၏။ လူကို လက်လန်ပါတယ် ပြောပြီး လန့်ဖျန့်ပြေးအောင် ပညာပြလိုက်တာတောင်မှ ..၊

"အခု မြန်မြန်စီစဉ်ချင်တယ်ဆိုတာက အန်တီတို့ကလား .. သူကလား .."

"ကောင်လေးက လောနေတယ်လို့ပြောတာပဲ .."

သေလိုက်ပါလား ..၊

ထင်သားပဲ ဒီအဖေ ဒီအမေမှ မကယ်ရင် ဒီဘဝမှာ မိန်းမမရနိုင်တော့ပါဘူးဆိုတဲ့ရုပ်ကြီးနဲ့ လူကို အသေရရ အရှင်ရရဖြစ်နေတာ ..၊

ဒီလူကြီးနဲ့သာ ယူရရင် ငါသေပြီ .. တကယ်ကိုသေမှာ ..၊

"ဘာဖြစ်လို့လဲ မြေး .."

"သေမှာ .."

"ဟင်!..."

"အဲ .. မဟုတ်ဘူး ဘိုးဘိုး၊ ဟိုလေ .. သူ .. သူပြောသလိုသာ ဟိုဟာမစားရ .. ဒီဟာ မစားရနဲ့ရှောင်နေရရင် သေမှာလို့ အဲ့ဒါကိုတွေးမိလို့.."

ဦးသော်တာ ခပ်လေးလေးခေါင်းညိတ်ရင်း လက်သုတ်ပဝါကို ကိုင်လိုက်သည်။ ပါးစပ်ထဲတွေ့ကရာပြောလိုက်တာကို ဘိုးဘိုး ငိုင်သွားတော့ လေး ဝမ်းသာအားရဖြစ်သွားသည်။

နည်းနည်းလေး ကျန်နေသည့်မုန့်ကို ပါးစပ်ထဲအကုန်ထည့်လိုက်



ကာ တစ်ချက်နှစ်ချက်ပဲဝါးပြီး ပါးစောင်တစ်ဖက်ထဲမှာ ကပ်ထားလိုက်ကာ ..၊

"ဒီလူကြီး .. အဲ့ .. ဦးဇင်မင်း ကို ဘိုးဘိုး နှစ်ယောက်တည်း ခေါ်တွေ့ပြီး စကားတွေဘာတွေပြောကြည့်ပါလားဟင် .."

"ပြောဖူးတာပေါ့ မြေးရဲ့ .. ဒီကောင်လေးက အတော်ရည်မွန်တဲ့ကောင်လေးပါ၊ တစ်ဖက်သားအပေါ်မှာ နားလည်ခွင့်လွှတ်တတ်တဲ့စိတ်ဓာတ်လေးလည်းရှိတယ်၊ ဘိုးဘိုးက သူ့ဆေးခန်းထိ ရောက်ဖူးလို့သိတာ .."

"ဒါပေမယ့် လေး အပေါ်မှာကျတော့ အဲ့လိုမှမဟုတ်တာ၊ တစ်ချို့လူတွေက အရမ်းဟန်ဆောင်ကောင်းတာ၊ ဘိုးဘိုးပဲ စဉ်းစားကြည့် ဒီလူ အရမ်းကောင်းပါတယ်ဆိုတာ ဘိုးဘိုးလည်း အလုံးစုံမသိနိုင်ဘူးမို့လား.."

"အေးပါ .. ဟုတ်ပါတယ် မြေးရယ်၊ မင်္ဂလာကိစ္စကို ဘိုးဘိုး ပြန်စဉ်းစားပါ့မယ် ခုလည်း ဒိတ်လုပ်ဖို့ထိတော့ ဘိုးဘိုး ခေါင်းမညိတ်သေးပါဘူး .."

ဟေး .. လို့ ထခုန်လိုက်ချင်အောင် ဝမ်းသာသွားတာ ဘယ်လိုပြောရမှန်းတောင်မသိ ..။

"ဒီညနေ မောင်ဇင်မင်း က မြေးကို လာခေါ်ချင်တယ်လို့ ခွင့်တောင်းတယ် .."

"ဟင်!..."

တိတ်တခိုးပြုံးအိသွားသည့် မျက်နှာလေးက မအီမလည်ကြီးဖြစ်သွား၏။

"မနေ့ကပဲ ထမင်းအတူစားပြီးတာ ဘိုးဘိုးကလည်း သူ ခေါ်ချင်တိုင်း လိုက်ပေးနေရမှာလားလို့ .."

"ဘိုးဘိုး စဉ်းစားမိပါတယ်၊ ဒါပေမယ့် လူငယ်က ခွင့်တောင်းရင် လူကြီးက စဉ်းစားပေးရတယ်လေ၊ တစ်ဖက်က ယဉ်ကျေးမှုကို အသိ

www.burmeseclassic.com

www.burmeseclassic.com



အမှတ်ပြုပေးရတာကိုး မြေးရဲ့ ..၊ မြေး မလိုက်ချင် ဘိုးဘိုး အသင်ပြေအောင် ပြောလိုက်ပါ့မယ်၊ ဘိုးဘိုးလည်း သူနဲ့ မေးမြန်းဆွေးနွေးဖို့ တကူးတက တွေ့နေစရာမလိုတော့ဘူးပေါ့ ..”

ဟင်!...၊

လေး ထိတ်ခနဲဖြစ်သွားသည်။

“အိမ်မှာပဲ စကားစမြည်ပြောရင်း သူ့စိတ်ရင်းကို အကဲခတ်မိအောင် တီးခေါက်ကြည့်ရမှာပဲ ..”

“မဟုတ်ဘူး ဘိုးဘိုး သိပြီ .. ဘိုးဘိုးလည်း ခေါင်းညိတ်ပြီးသားဆိုတော့ ပြန် ခေါင်းခါစရာမလိုတော့ဘူး၊ လေး တို့လည်း သွားစရာရှိနေတာနဲ့လေ .. အဲ့ဒီကို သူ့ကို ပို့ခိုင်းလိုက်မယ် မကောင်းဘူးလား ဘိုးဘိုး..”

ဒီလူနဲ့ ဘိုးဘိုး လောလောဆယ်တွေ့ပေးလိုက်လို့ မဖြစ်သေးပေ..။ ခုန ဘိုးဘိုးနဲ့တွေ့ပြီး စကားပြောကြည့်ပါလားလို့ ပြောလိုက်တာက ကိုယ့်ဘက်က မရိုးသားသည့် စကားတွေအတွက် ရိုးသားဟန်ကာကွယ် ပြောလိုက်ရတာဖြစ်သည်။

တကယ်တမ်းတွေ့ဖို့ရှိလာရင်တောင် လောလောဆယ် ဘယ်လိုမှ မဖြစ်နိုင် ..။

တော်ပါသေးသည်။ ဘိုးဘိုး လက်ခံသွားလို့ ..၊



အခန်း (၁၅)

“သူတို့ လွတ်လွတ်လပ်လပ် ဝယ်ခြမ်းကြပါစေကွာ .. ဖြည်းဖြည်းလျှောက်ပါ ..”

“လေး က အစတည်းက လမ်းလျှောက်မြန်တာအကျင့် ..”

ဒါက အမှန်အကန်ပြောလိုက်တာပါ။ အပျိုဖော်ဝင်ပြီဆိုတည်းက ဟီးလ်ဒေါက်တွေစီးနေခဲ့တာမို့ ကိုယ့်ကိုယ်ကိုယ်ထိန်းရင်း စမတ်(တ်)ကျကျ လျှောက်သည့်အခါမှာ လမ်းလျှောက်မြန်ရတာက တမင်လုပ်ယူရတာမဟုတ်ပေ ..။

မျဉ်းတစ်ဖြောင့်တည်းမှာ ခြေလှမ်းကျဲကျဲလှမ်းမှ ခါး၊ တင်၊ ရင် အလှတို့ ပေါ်လွင်အောင် လှမ်းလို့ရသည်။ ဒါမှလည်း ကြည့်လို့ကောင်းတာဖြစ်၏။

ဒီအချိန်မှာ အရင်က မြန်ခဲ့တာထက် ပိုမြန်နေတာလည်းဖြစ်နိုင်သည်။ အဘယ့်ကြောင့်ဆိုသော် ကိုယ့်ဘေးမှာ ခင်ပွန်းလောင်းအဖြစ် ပါလာသူက ကိုယ့်အရပ်နဲ့ တစ်ညီတည်းဖြစ်နေရခြင်းနှင့် ပတ်သက်၍..

“လေး တို့က ဟက်ပီးနယူးရီးယားမှာ ပျော်ပွဲရွှင်ပွဲလုပ်ဖို့ ပစ္စည်းတွေဝယ်ရမှာ၊ လေးယောက်စလုံး တိုင်ပင်ပြီး ဝယ်ရမှာကို ..”

“ဒါဆို ကိုယ့်ကို အထုပ်ဆွဲဖို့ ခေါ်လာတာလား ..”

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူးလေ .. ဦးဇင် က လေး ကို အပြင်ခေါ်ချင်တယ်ဆို လေး တို့လည်း အပြင်ထွက်မှာမို့လို့ အတူလာကြတာပဲ .."

သူက နောက်ပြောင်သည့်အပြုံးနှင့် ရယ်လိုက်ကာ ..၊

"နောက်တာပါကွာ .. မျက်နှာလေးကလည်း တစ်ခုခု သဘောမကျဖြစ်သွားပြီဆို စကားပြောတတ်တဲ့ အရုပ်လေး သံပတ်ပေးလိုက်တာ ကျနေတာပဲ .."

"ဒါကတော့ ဦးဇင် ဘက်မှာ လူကြီးတွေအားကိုးရှိတယ်လေ .."

"ဘယ်လို .."

"လေး ကို မကျေနပ်တာနဲ့ ပြန်တိုင်ပြောလိုက်ရင် လေး က အဆူခံရမှာ .."

ဘိုးဘိုးနဲ့ စကားပြောမိတဲ့အခါ ကိုယ့်ကို မကျေနပ်တာ မှန်သမျှ ဘိုးဘိုး မေးလာရင်တောင် ဖွင့်မတိုင်ရဲအောင် တစ်ခါတည်း ချည်တုပ်ပြောထားလိုက်သည်။

"လေး ရယ် .. ကိုယ်က မင်းရဲ့ အပြောအဆိုအမူအရာလေးတွေကို တစိမ့်စိမ့်ကြည့်နေချင်တဲ့သူပါ၊ မင်းကိုယ်မင်း မသိပေမယ့် မင်း အရမ်းလှတယ်လေ .. ပြီးတော့ အရမ်းချစ်ဖို့ .."

"အမေ့ .."

လေး ရဲ့ အော်သံမဟုတ်ပေ .. သူ့စကားရှေ့မဆက်နိုင်အောင် မျက်နှာချင်းဆိုင်လာသည့် ရွယ်တူမိန်းကလေးတစ်ယောက်နဲ့ တည့်တည့်တိုက်ပစ်လိုက်ခြင်းဖြစ်သည်။

"သေပါပြီ .."

"ဆောရီးနော် ဖရန့်(ဒ်) ဆော်ရီး .. ရင်ဘတ်နာသွားလားဟင်.."

မိန်းကလေး ရင်ဘတ်လေးတစ်ခြမ်းကိုဖိ၍ ရှုံ့မဲ့နေ၏။ ဘေးကတစ်ယောက်က လေး တို့ နှစ်ယောက်ကိုကြည့်၍ ..၊

"ဒီလောကြီအရှင်းကြီးကို မမြင်လောက်အောင် မိုးမမြင်လေမမြင်ဖြစ်လာကြတာ .. ဟွန်း .. လာ သွားမယ် .."



ကိုယ်ထင်သလိုလုပ်လိုက်ရသဖြင့် လေး အသာလေးငြိမ်နေလိုက်သည်။

"လေး ရယ် .. နောက်မှာ ပြတ်ကျန်ခဲ့လိုက်တာ မြန်မြန်လာကြည့်စမ်းပါ၊ ဟော့ပေါ့လုပ်ဖို့ နင် ဘာတွေထည့်ဦးမလဲ .. ငါတို့ ကြိုက်တာတွေတော့ ရွေးထားပြီးပြီ .."

"အေး .. အေး .."

အဲဒီလိုဖြစ်ဖို့ မျှော်လင့်နေသည့် ခြေထောက်တွေက ဝမ်းသာအားရကြီး လှမ်းပြီးမှ ဇင်မင်း ကို အားနာပြုံးနှင့် သမင်လည်ပြန်တစ်ချက်တော့ ကြည့်ဖြစ်ခဲ့၏။

သို့သော် .. ရှေ့ပြန်လှည့်လိုက်သည့်အချိန်မှာ မြင်လိုက်ရသည့် လူတစ်စုကြောင့် လေး မျက်နှာပေါ်ကအပြုံးတွေ ကြက်ပျောက်ငှက်ပျောက် ..။

"ဟဲ့ .. ဟိုမှာ ကိုကိုကြီးတို့ပါလား .."

"ဟုတ်ပ .. မယ်လွန်း ရယ် .. နင့် ဘရားသားက ဘယ်တစ်ယောက်ညာတစ်ယောက်နဲ့နော် .."

လှလွန်း နဲ့ ဖြူစင် တို့ ပေါ့ပါးစွာရယ်ကြပေမယ့် လေး လည်ပင်းတွေ ချက်ချင်းကျပ်ခဲလာသည်။ နောက်မှာ ဦးဇင် ရှိနေသည်။ ရှေ့မှာ ကိုယ့်ချစ်သူဆိုတဲ့လူက မိန်းကလေးနှစ်ယောက်နှင့် ..၊

"ငါတော့ တိုင်ပတ်ပြီ .."

"ဟင် .."

ခုကျမှ လေး ပြောပြခဲ့တဲ့အဖြစ်ကို လှလွန်း တို့ သတိရသွား၏။ ပြန်ကြည့်လိုက်တော့လည်း သူတို့ကလည်း သူမတို့ကို မြင်သွားပြီဖြစ်ကာ စောမာလာ မျက်လုံးတွေက လေး ထံမှာ အစိမ်းရောင်ဆလိုက်ထိုးထားလျက် ..၊

"ဘယ်လိုလုပ်မလဲ လေး .. ဒီတစ်ခါ ကိုကိုကြီးကို နင် သွားနှုတ်ဆက်ကြောင်ရိုက်လို့မရလောက်ဘူး .."

"ဟုတ်တယ်ဟ .. စောမာလာ မျက်လုံးမှာ မီးအားက ဒိန်းဂျူးရုပ်(စ်)နော်.."

www.burmeseclassic.com

www.burmeseclassic.com



"သူက ဘာဖြစ်လို့ လေး ကိုပဲ တင်းနေရတာလဲ၊ မတော်တဆ တစ်ခါ ဖြစ်ဖူးတာလေးနဲ့ .."

သုံးယောက်ထဲမှာ ပုံရိပ် က လေး ဘက်က မခံရပ်နိုင်ဖြစ်တဲ့သူ..။

သူမတို့ကို လှမ်းမြင်တည်းက မောင် လည်း စိတ်ညစ်သွားလေသည်။

"မဖော ကလည်း လေး က သူ့ကိုတမင်လုပ်တယ်လို့ အထင်လွဲနေတာ" ပဲ ပြောခဲ့ဖူးပါသည်။ ဒါကို ရှာတိတ်မတွေက တားခွဲမယ် တုတ်ခွဲမယ်တွေဖြစ်နေကြတာလား ..။

"လေး .."

ဇင်မင်း ကလည်း နောက်ရောက်နေပေမယ့် ရှေ့မှာ မညီညွတ်သည့် လူစုနှစ်စု ရင်ဆိုင်မိတော့မှာကို လှမ်းမြင်လိုက်၏။ ထို့ကြောင့် လေး ရဲ့ ဘေးကို တိုးသွားပြီး နားနားကပ်ကာ ..၊

"ဟိုနေ့ကလို ကလေးဆန်ဆန်တွေ လျှောက်မလုပ်နဲ့နော် .. လာသွားရအောင် .."

သူ တားထားလို့ မျိုသိပ်နေလိုက်ရတာဆိုရင်လည်း သိပ်တော့ မဆိုးပါ။

ခလေး က ခေါင်းညိတ်ပေမယ့် အင်တင်တင်မှုန်ကုတ်ကုတ်လေး လုပ်ထားလိုက်သည်။ ဒီနေရာမှာ သရုပ်ဆောင်နေဖို့မလိုတော့ဘူး သတ်မှတ်ပြီး ကျော်ဖြတ်သွားဖို့ပေမယ့် ..၊

"ကိုမောင် တို့ မောင်နှမ ဒီနေရာမှာ လာဆုံနေကြပါလား .."

မျက်နှာချင်းဆိုင်မိတာနှင့် စောမာလာ စတင်နှုတ်ဆက်သည်။ လှလွန်း ကို ရည်ရွယ်တာပေမယ့် အကြည့်တွေက လေး ထံ ဆွဲသွားပြီးမှ ပြန်လွှဲ၍ ခပ်မဲ့မဲ့ပြုံးကာ ..၊

"အုပ်စုလိုက် သိပ်မသွားနဲ့ဦး ညီမလေးရဲ့ .. မထင်မှတ်တဲ့ပြဿနာတွေ တက်လာဦးမယ် .."

မောင် ခေါင်းကြီးသွားသည်။ ပြဿနာစပြီဆိုတာ သိလိုက်ကာ ဇင်မင်း ဆီ အကြည့်ရောက်သွား၏။ ဖြစ်စေချင်တာက လေး ကို ဒီနေရာ



ဘနေ အမြန်ဆုံးခေါ်ထုတ်သွားဖို့ ..၊

သို့သော် ဖြစ်စေချင်တာအားလုံးကို ကျော်လွန်၍ မဖြစ်စေချင်သမျှသည် ..

"မမပြောတာက ကိုယ်က မမှားလည်း ပြဿနာဆိုတာ ကိုယ့်ဆီရောက်လာတတ်တာပဲကွ ..၊ ဟိုတစ်နေ့ကတောင် ဆူဇန် ပြဿနာရှာခံလိုက်ရသေးတယ်လေ .. ဘာဖြစ်တာလဲ မေးကြည့်ပါလား .."

ဆူဇန် ဆိုသည့်နာမည်ကို ခုမှ သိရတာပေမယ့် ဟိုနေ့က မောင်ဆားမှာရှိနေသူမှန်း လေး သေချာသိနေသည်။ ထို့ကြောင့် ကိုယ်နဲ့ ဘာမှ ခဆိုင်တာတွေ သူမနဲ့ ဘာမှမဟုတ်တာတွေ တစ်ခုခုထပြောလိုက်မှာစိုးကာ စောမာလာ မျက်နှာရှေ့ကိုပဲ ဇွေ့ခနဲကပ်ပစ်လိုက်ကာ ..၊

"ဒေါ်စောမာလာ က ဒီအသက်အရွယ်ရောက်နေတာတောင် ကလေးကလား တို့တာထောင်တာတွေလုပ်တတ်နေသေးတယ်နော်.. အံ့သြစရာပဲ .."

"ဘာ ..."

"လေး ..."

"လေ ..."

ယောက်ျားနှစ်ယောက်ထံမှ နာမည်တစ်မျိုးတည်းကို ပြိုင်တူခေါ်သံ ထွက်လာ၏။ ဒါပေမယ့် ပွဲကဆူနေပြီမို့ သူတို့အသံတွေလည်း တိုးမပေါက်နိုင် ..၊

"မင်းကလား တို့ကို .."

"ဟုတ်တယ် .. ရှင့်ကိုပြောနေတာ၊ ပြဿနာတစ်ခုဖြစ်ရင် အဲဒါကို ရှင်းလိုက်ရုံပဲ၊ မပြီးနိုင်မစီးနိုင် ပြုံးမယ်ဖွဲ့ပြီး ကျူဖော်ရှာနေတာ ဘယ်လောက်စိတ်ပျက်ဖို့ကောင်းသလဲ .."

"ကျူဖော်ရှာတာမဟုတ်ဘူး .. ကိုယ်နဲ့ ဖက်ဖြစ်ဖို့မတန်ဖို့ရှောင်နေတာ .."

"အခု ဘည့်တည့်တိုးပြီလို့ မှတ်လိုက်တော့ ဘယ်လိုလဲ .."

www.burmeseclassic.com

www.burmeseclassic.com



လေး က မေးဖျားလေးပင့်ပြီး မျက်စပစ်၍ စိန်ခေါ်၏။

"မင်း .. မင်းက ငါ့ကို စိန်ခေါ်တယ်ဟုတ်လား .."

စောမာလာ ကလည်း အသက်ထက် ဒေါသကပိုကြီးနေရကာ အပြောနှင့်အတူ လက်ရွယ်ပြီးဖြစ်လျက် ..၊

"အံမယ် လုပ်ကြည့်ပါလား .."

"လေး ..."

"အား ..."

ကိုယ်လုံးချင်းပစ်တိုက်ပစ်လိုက်သဖြင့် စောမာလာ လက်ရွယ်ရင်း ပက်လက်လန်လဲကျသွား၏။ ပတ်ဝန်းကျင်လူတွေစုပြုံလာကြကာမှ စောမာလာ ရှက်စိတ်တွေဝင်လာခဲ့၏။

သူမကို ဆူဇန် စိုးရိမ်တကြီးတွဲထူလိုက်ချိန်တွင် လေး ရဲ့ ရှေ့မှာ မောင် က ကာဆီးထားကာ လှလွန်း တို့ ဖြူစင် တို့ကလည်း ဒေါသ မျက်နှာတွေနှင့် သူမကို တန်းစီကြည့်နေကြ၏။

"ဘာကြည့်နေတာလဲ .. နင်တို့တွေ အရမ်းလွန်နေပြီ သိလား .."

ဆူဇန် က သူငယ်ချင်းအတွက် ရင်ထုမနာသံနှင့် ..၊

"တစ်ခါက အမှတ်တမဲ့ဆိုရင် အခုဟာက တမင်တကာကြီး နင်တို့တွေ လွန်လွန်းတယ် .."

"ဘာလွန်တာလဲ .. ဘယ်သူကစတာလဲ .."

ဖြူစင် က ကက်ကက်လန်ပြန်ပြော၏။ မောင် ဝင်ပြောဖို့ကြိုးစားပေမယ့် အသံတွေ ပို၍အင်အားကောင်းသွားမှာစိုးကာ ပါးစပ်ပြင်ရင်းနဲ့ ဘာမှမပြောနိုင်ဘဲဖြစ်နေ၏။

"ဟွန်း .. သူများပါးစပ်နဲ့ပြောရင် ပါးစပ်နဲ့ပဲပြောပေါ့၊ မကြီးမငယ်နဲ့ လက်ပါဖို့ကြိုးစားသေးတယ် .."

"ဟုတ်ပ .. ဒီကသာနေးနေရင် ခုလောက်ဆို လေးပါးကွဲနေပြီ.."

"ချာတိတ် တော်တော့ .. တော်တော့ .."

"ဒီကလက်ရွယ်တာလေ .. တကယ်ရိုက်ရသေးလို့လား .."



"တကယ် ရိုက်မရိုက် ဒီက စောင့်ကြည့်ရဦးမယ်ပေါ့ .."

လေး က ကာထားသူတွေရဲ့ နောက်ကနေ လှမ်းအော်ကာ မောင့်ကိုယ်ကြီးကိုတိုးတိုက်၍ အတင်းထွက်ဖို့လုပ်၏။

ကာနေရုံနဲ့ မရတော့သဖြင့် လေး ရဲ့ ခါးလေးကို မောင် ဆွဲဖက်ထားလိုက်ကာ ..၊

"ပြောနေတာ မကြားဘူးလားကွ .. လူလို နားမလည်ဘူးလား.."

"နားလည်တယ်လေ .. သူကမှ မပြီးနိုင်တာ .."

"ဆူဇန် .. ခင်ဗျားလည်း တော်ပါတော့ဗျာ .. ဈေးထဲမှာဆိုတာလည်း သတိထားပါဦး .."

"ဒီမှာ စော ခံနေရတာ ဘယ်နှစ်ခါရှိပြီလဲ ကိုမောင် .."

"ဟာ .. တော်ပါတော့ဆိုဗျာ .."

မောင် ဒေါသထွက်လာကာ လှလွန်း နဲ့ လေး ရဲ့ လက်တစ်ဖက်စီကို ဆွဲ၍ နေရာမှ လှည့်ထွက်လာခဲ့၏။ ဘယ်သူ့လက်ကိုဆိုပြီး ရွေးချယ်ဆွဲလာခဲ့တာမဟုတ်ပေ ..။

သူ ဦးဆောင်ထွက်မှ အားလုံးပါလာမှာမို့ အနားမှာရှိနေသူတွေကို ဆွဲထွက်လာခဲ့တာဖြစ်သည်။ သူ ထွက်သည့်အတိုင်း ဖြူစင် တို့ပါလာကြတာ တိတ်တိတ်ဆိတ်ဆိတ် ..။

ရှက်သည့်စိတ်နှင့် ခြေလှမ်းတွေက ဒီလောက်မြန်မြန်လျှောက်နေတာတောင် ကားပါကင်ကို မရောက်နိုင် ..။ ပြီးတော့ မောင့် မျက်နှာနီမြန်းနေကာ တက်တစ်ချက်ခေါက်ရင်း ..၊

အပြင်ထွက်မိတိုင်း ပြဿနာတက်ရပါလို၏လို့ ဆုတောင်းမှားခဲ့သလား ..။

ဂ

www.burmeseclassic.com



အခန်း (၁၆)

"ဖြစ်ရလေအေ .. မိန်းကလေးတွေဖြစ်ပြီး ဈေးထဲမှာ ရန်ဖြစ်ရတယ်လို့ .."

"သူက စတာ တီရလေးရဲ့ .."

"ဟုတ်တယ် တီလေး .. ဖြူ တို့တောင် မခံနိုင်ဘူး၊ အဲ့ဒီ နောက်ကျမယ်တော်ကြီးက တကယ်တော့ တစ်လုံးချိုင့်ကြီးရယ် .."

"ဘာလဲ .. နောက်ကျမယ်တော်ကြီးက .."

"ကိုကိုကြီးက သူ့ကို မစော လို့ခေါ်တာလေ၊ နာမည်လိုမခေါ်ဘဲ စာလုံးပေါင်းနဲ့ခေါ်လိုက်ရင် မစောရင် နောက်ကျတာပေါ့ .."

သေချာရှင်းပြပြီးမှ လှလွန်း စက်လေးပွဲ့ရယ်သည်။ လေး ကို လှမ်းကြည့်လိုက်တော့ ဘာတွေ နက်နက်နဲနဲတွေးနေသည်မသိဘဲ မျက်မှောင်လေးကုတ်၍ ငေးနေ၏။

"ဟွန်း .."

ခေါင်းငြိမ်းချမ်း ရဲ့ ဒေါသမပါသော မျက်စောင်းက လေး ကိုပဲ တိုက်ရိုက်ပစ်ခွင်းလျက် ..။

"ဟိုက အသက်ကြီးတဲ့လူတွေမို့လို့ သူတို့ကစတယ်ဆိုတာ လွန်



ဘဲယ်ပဲ သားလိုက်ပါတော့၊ ဒီကောင်မလေး ရဲ့ မာဇဝင်ကတော့ တည်သျှက်တည်ဆဲပါပဲ .. ဟုတ်တယ်မို့လား လေး .."

"ဟင် .."

"ဒါ ညည်း စခဲ့တဲ့ ပြဿနာပဲ .. ဟိုတစ်ခါကလည်း သူ့ခမျာ ပုံပျက်ပန်းပျက်လဲကွဲပြီး ဆေးရုံတွေဘာတွေတက်လိုက်ရသေးတယ်၊ ခုသည်း သူပဲ ခံသွားရတယ် .."

"ကံစီမံရာအတိုင်းပါပဲ .."

"ဘာ ..."

"တီလေးပဲ စဉ်းစားကြည့် .."

"ဘာကို စဉ်းစားရမှာလဲ .."

"တည့်တည့်တိုးမိကြတယ်၊ သူပဲ ပြန်စတယ်၊ လေး မှာလည်း ကိုယ့်ပြဿနာကိုယ် .."

"ဘာပြဿနာလဲ .."

လေး ရုတ်တရက် အသံတိတ်သွားသဖြင့် လှလွန်း က ဝင်၍ ..၊

"သမီးတို့ အုပ်စုထဲမှာ ဒေါက်တာဇင်မင်း လည်းပါတယ် တီလေးရဲ့ .."

"ဟင် .. သူက.မိန်းကလေးတွေထဲ ဘာလိုက်လုပ်တာလဲ .."

"သူက လေး နဲ့ လိုက်လာတာလေ၊ လေး က သမီးတို့နဲ့ အတူသွားတော့ သူပါလာတာပေါ့၊ ဒါပေမယ့် အုန်းခနဲလည်း ဖြစ်ကုန်ရောသူ မရှိတော့ဘူး .."

"ရှက်လို့ဖြစ်မှာပေါ့အေ .."

အကြည့်က လေး ဆီ ထပ်ရောက်ပြန်ကာ ..၊

"လက်ထပ်ဖြစ်သွားရင်တော့ ဒီဆရာဝန့်ဘဝကို ပေါ်မြင်ယောင်သေးတယ်၊ ခုပဲ ဈေးလယ်ခေါင်မှာ အရှက်ကွဲလို့ ပြန်ပြေးရတယ်၊ နောက်

www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် ..”

“တီလေးကလည်း ကိုယ့်အုပ်စုတွေပဲဥစ္စာ သားပြေးစရာလားလို့ သမီးတို့သာမရှိရင် ဒီရန်ပွဲကလည်း နော်ဝက်ကျမယ်တော်ကြီးနဲ့သာ မဟုတ်ဘူးဆိုရင် လေး တစ်ယောက်တည်း တွေးတောင်မတွေးရဲဘူး..”

“ညည်းတို့တွေရှိလို့လည်း ထားခဲ့တာနေမှာပေါ့အေ .. ညည်းတို့ လေးယောက်ပေါင်းမိရင် ကျိုးတွေလိုပဲ ဝိုင်းအာမှန်းသိနေလို့ဖြစ်မှာပါ၊ ဆရာဝန်တစ်ယောက်က ရန်ပွဲထဲမှာ ကန့်လန့်ကန့်လန့်ပါရဲပုံါမလား..”

“ကိုကိုကြီးလည်း ဗိသုကာပညာရှင်ပါပဲ ..”

“ဒါကလည်း သူ့ညီမ ပါနေသေးလို့လေ ..”

“ဘယ်ကလာ တီလေး ကလည်း လေး ကို တားမရလို့ ကိုကိုကြီး ဆွဲဖက်ထားရတာ မမြင်ဘဲနဲ့ ..”

“ဟမ်ခု...”

လှလွန်း က လေ. အစားသူမချည်းပဲ ဒိုင်ခံပြောပေးနေကာ ရန်ပွဲ အကြောင်းကိုလည်း မာတ်ပုံရိုက်ပြသလို မြင်လာအောင် ခရေစေ့တွင်းကျ ပြောပြနေသည်။

“ညကျ ငါတို့ပြန်လာရဦးမှာဆိုတော့ သွားမယ်နော် .. လှလွန်း..”

ဖြူစင် နဲ့ ပုံရိပ် တို့က စကားဝိုင်းထဲကထွက်၍ ပြန်သွားကြ၏။ လေး ကတော့ ရေထသောက်လိုက်၊ ပြန်ထိုင်လိုက်နှင့် လှလွန်း ပြောပြ နေတာ သူမအကြောင်းမဟုတ်သည့်အတိုင်း ..၊

ဒေါ်ငြိမ်းချမ်း ကလည်း ဒီမှာနားထောင်နေပေမယ့် မျက်လုံးက လေး ရဲ့ လှုပ်ရှားမှုတိုင်းမှာဖြစ်သည်။ တကယ်တော့ ဆေးမာလာ အလုပ် မဟုတ်တာပဲဆိုတာ အသိသာကြီးပါ။ အစတည်းကလည်း သိပ်ကြည့် မရခဲ့တာမို့ ဒီမိန်းကလေးနဲ့ဖြစ်လာပြီဆို ကိုယ်ကနိုင်လာတာကို ကျေနပ် မိ၏။



ဒါပေမယ့် လေး ကိုလည်း ဘယ်တော့မှ အလိုမကျခဲ့သည့်စိတ် အခံကရှိနေခဲ့သည်ဖြစ်ရာ ..၊

“ဟွန်း .. ငါ့သားကြီးလည်း ဘယ်လောက်အရှက်ကွဲလာသလဲ မသိဘူး ပြန်လာတည်းက အခန်းထဲဝင်သွားလိုက်တာ ထွက်ကိုမလာ တော့ဘူး ..”

“ကိုကိုကြီးက ..”

လှလွန်း ပြောမလို့ရှိသေးသည်။ ဖုန်းလာသံကြောင့် ရှေ့မဆက်နိုင်၊ ပြီးတော့ လေး က ဖုန်းထုတ်ကိုင်လိုက်သဖြင့် နားစွင့်ပြီးသားဖြစ်နေခဲ့၏။

“ဟလို .. ဘိုးဘိုး ..”

“.... .... ....”

“ဟုတ် .. ဘိုးဘိုးကို ဘယ်သူပြောတာလဲဟင် ..”

“.... .... ....”

“သြော် .. ဘိုးဘိုးကို ပြန်ပြောဖို့ ဦးအောင်ပြေးသွားတာပေါ့ ..”

“.... .... ....”

“ဟုတ်တယ် ဘိုးဘိုး .. ကိုကြီးနဲ့ သူ့အလုပ်ထဲက အစ်မတွေနဲ့..”

“.... .... ....”

“လေး ကို ကိုကြီးက မဆူပါဘူး၊ လေး တို့ မလွန်ဘူးဆိုတာ အားလုံး သိတာပဲဟာ ..”

“.... .... ....”

“ကောင်းပါတယ် ဘိုးဘိုးရဲ့ .. လေး ဘာမှမဖြစ်ဘူး၊ ရန်ဖြစ်ကြ တာလည်း လုံးထွေးသတ်ပုတ်ကြတဲ့အဆင့် မရောက်လိုက်ပါဘူး .. ဒေါသထွက်ပြီး တွန်းထိုးမိကြရုံပဲ ..”

“.... .... ....”

“ဟုတ် .. ဘိုးဘိုး .. ဟုတ် .. ဟုတ်ကဲ့ပါ၊ ဘယ်မှမသွားပါဘူး၊

www.burmeseclassic.com

www.burmeseclassic.com



အန်တီချို လည်း ဒီကိုပဲလာမှာတဲ့ အားလုံး တီလေး တို့အိမ်မှာပဲ စုကြမှာ ..."

ဖုန်းပြောနေတာကို နားထောင်ရင်း လှလွန်း က အနားကပ်လာကာ ပြီးတာနှင့် အူယားဖားယားမေးတော့သည်။

"ဘာတဲ့လဲ .. ဒီမှာနေလို့ ပြောတယ်မို့လား .."

"အင်း .. ငါ ပြောခဲ့ပြီးသားပါဆို .. တခြား ဘယ်ကိုမှ ညဘက်ကြီး လျှောက်မထွက်နဲ့တဲ့ .."

"ဟေး .."

လှလွန်း က လေး ရဲ့ တစ်ကိုယ်လုံးကို သိမ်းကျုံးဖက်လိုက်ကာ..၊

"ဒီည တကယ့် ဟဲက်ပီးနယူးရီးယား ပဲကွာ .."

ဒေါ်ငြိမ်းချမ်း က ရှုံ့တိရှုံ့မဲ့ကြည့်၍ လှည့်ထွက်သွားကာ ...၊

အေးပေါ့ .. ပျော်ကြပေါ့ .. တစ်နှစ်ပြီးလို့ နောက်ထပ်တစ်နှစ်လာတာက ဆန်းတာကိုး ..၊

အလကား အပိုအလုပ်တွေ ...၊

ဂျူ



## အခန်း (၁၇)

ခြံကျယ်ခြင်း၊ မိသားစုနည်းခြင်း အကြောင်းတွေက ပွဲတစ်ခုခုဆို လူငယ်တွေအားလုံး ဒေါ်ငြိမ်းချမ်း အိမ်မှာပဲ စုပေးရဖို့ဖြစ်လာခဲ့၏။

လူငယ်တွေကို ဝရန်တာပေါ်ကနေ ငုံ့ကြည့်ရင်း 'ကလေးတွေ အများကြီး မွေးထားခဲ့မိရင် ကောင်းသား' လို့ တောင် တွေးမိတော့သည်။

ထစ်ခနဲဆို 'သမီးတို့က မောင်နှမ နှစ်ယောက်တည်းရှိတာ ခြံကြီးကလည်း အကျယ်ကြီးဥစ္စာ' လို့ လှလွန်း အကြောင်းတွေပြပြီး ပူဆာသည်။

ထို့ပြင် သားကြီးက နေရာတကာ လှုပ်ရှားပြေးလွှားတတ်သူလည်း မဟုတ်တော့ သူမလေးပျော်ပါစေဆိုပြီး ကြည့်နေလိုက်ရ၏။

ဒီပွဲမှာတော့ သားကြီးတို့ ယောကျ်ားလေးတွေ အုပ်စုကလည်း ဆယ်ယောက်လောက်တော့ရှိမည်ထင်သည်။ လှလွန်း တို့က ရေကူးကန်ဘက်မှာဖြစ်ကာ ...၊

'တခြားကလေးတွေမပါဘဲ ငါ့ကလေးလေးတွေချည်းဆို ဘယ်လောက်ကောင်းမလဲ' လို့ တွေးရင်း ပြုံးမိ၏။

ဒီကလေးနှစ်ယောက်ကိုတောင် အစ်မက မွေးပေးထားလို့ပဲ ထိန်းကျောင်းခွင့်ရခဲ့တာပါ။

"ဟေး .. ဖြောင်း .. ဖြောင်း .. ဖြောင်း .."

www.burmeseclassic.com

www.burmeseclassic.com



အောက်ထပ်ကိုရောက်လာတော့ ရွှေနားပေ တစ်ယောက်တည်း လက်ခုပ်လက်ဝါးတီးပြီး ခုန်ပေါက်အော်နေတာ ကလေးတစ်ယောက်လိုပင် ..။

"ဘာတွေဖြစ်နေတာလဲ .."

မေးဆတ်မေးပြီး ခြံထဲကိုလိုက်ကြည့်တော့ ရွှေနားပေ က လှုလွှန်းတို့ ကစားနေကြတာကို လက်ညှိုးထိုးပြပြီး ..၊

"လှုလွှန်း နိုင်သွားတယ် မမကြီး၊ ဘောလုံးလေးကောက်ပြီး ပြေးတာလေ၊ ခြံကိုပတ်ပြေးတာ သိလား .. ကျွန်မ ခြံထဲဆင်းကြည့်မယ်နော်.. ခဏလေးပါ .."

"အို .. မကြည့်ရပါဘူး၊ သွားမိရင် ညည်း ပြန်တက်လာမှာမဟုတ်တော့ဘူး၊ သူကတော်တော် အလွယ်တကူခေါ်လို့ပြောလို့ရတာဆိုတော့.."

ခေါင်းခါပြလိုက်တာနှင့် မဆင်းရဘူးဆိုသည့်အဖြေကို သိကာ ရွှေနားပေ ရှုံ့ရှုံ့မဲ့မဲ့လေးဖြစ်သွားသည်။

ခေါ်ငြိမ်းချမ်း အထဲဝင်လာခဲ့ကာ ကလေးတွေ ညအဆာပြေစားဖို့ သွားရည်စာတွေပြည့်စုံရဲ့လား တစ်ချက်ဝင်ကြည့်သည်။

မိုးချုပ်သွားရင်တော့ သူမ ဘုရားရှိခိုးပြီးတာနှင့် စောစီးစွာ အိပ်ရာဝင်မှာဖြစ်သည်။ ထိုစဉ် ဖုန်းလာသဖြင့် ကိုင်လိုက်ရာ ..၊

"မငြိမ်း .. ချို ပါ .."

"အေး .. ပြောလေ ချို .."

"ချို မလာဖြစ်တော့ဘူးဆိုတာ ပြောမလို့၊ ကလေးတွေ ဆော့နေကြတာထင်တယ်၊ ဖုန်းခေါ်တာ မကိုင်လို့ .."

"ဟုတ်မှာပေါ့အေ .. နင်က ဘာဖြစ်လို့ မလာတာလဲ ကလေးတွေ ချည်းပဲအေ .."

"ဒီမှာလည်း ပွဲရှိတော့ အတင်းဆွဲထားကြလို့လေ၊ ပြီးတော့ အန်ကယ်လ် ဖုန်းဆက်တယ် မငြိမ်း ရဲ့ .. လေသံကြည့်ရတာ အန်ကယ်လ် စိတ်ထိခိုက်နေတဲ့ပုံပဲ လူကြီးဆိုတော့ စိတ်ညစ်နေတဲ့အခါ တစ်ယောက်



တည်းဖြစ်နေရင် ပိုခံစားရမှာလေ၊ ဒါကြောင့် ချို ပြန်မှဖြစ်မှာ .."

"ဘာဖြစ်လို့လဲ .. နှလုံးရောဂါ ပြန်ထနေလို့လား .."

"မဟုတ်ပါဘူး မငြိမ်း ရယ် .. အန်ကယ်လ်က ကိုယ့်ကိုယ်ကိုယ် ကျန်းမာအောင်နေတတ်တဲ့သူပါ၊ အခုဖြစ်တာက သူ့ကြောင့်ဆိုပြီး စိတ်မကောင်းဖြစ်တာမျိုးပါ၊ မနက်က ယုဇနပလာဇာမှာ မောင့် မိတ်ဆွေ မိန်းကလေးနဲ့ .."

"သိပြီ .. သိပြီ .. စောမာလာ နဲ့ .."

"ဟုတ်တယ် .. အဲ့ဒါတွေ မငြိမ်း သိပြီးပြီမို့လား .."

"သိတာပေါ့အေ .. ငါတောင် စိတ်တိုနေသေးတာ၊ ဒီမိန်းကလေး က မိန်းမငယ်တွေထက်တောင် ဆိုးနေသေးတယ်၊ ဒီမှာ မတော်တဆ ဖြစ်သွားတည်းက သူက မယုံကြည်ဘဲ စိတ်ခုနေခဲ့တာ .."

"ဟုတ်တယ် မငြိမ်း .. အဲ့ဒီကိစ္စက မောင်တို့နဲ့ လေး နဲ့ ဖြစ်ကျန်ခဲ့တဲ့ကိစ္စ၊ အန်ကယ်လ် စိတ်မကောင်းတာက လေး ကို ထားခဲ့ပြီး ဖင်မင်း က ပြန်လာခဲ့တာကိုလေ .."

"အေး .. ငါလည်း စိတ်ထဲတော့ တစ်မျိုးဖြစ်သွားသေးတယ်၊ ဒါပေမယ့် သားကြီးတို့နဲ့ ဆွေမျိုးတွေပဲဆိုပြီး ထားခဲ့တာလည်း ဖြစ်နိုင်တယ်လို့ တွေးမိတာ .."

"ဆွေမျိုးဖြစ်တော့လည်း ဖြစ်ရတာက သူစိမ်းမိန်းကလေးနဲ့လေ မငြိမ်း ရဲ့ .. ပြီးတော့ အဲ့ဒီမိန်းကလေးက မောင့် ချစ်သူဆိုရင်ရော မခက်ဘူးလား၊ အန်ကယ့်လ်မျက်စိရှေ့ကနေ ထွက်သွားကြတာက လေး ကို သူ ခေါ်သွားတာက နှစ်ယောက်တည်းပဲလေ မိန်းကလေးကို ကာကွယ်စောင့်ရှောက်ဖို့တာဝန်က သူ့မှာပဲရှိတာမဟုတ်ဘူးလား .."

"အေး .. ဟုတ်တယ် .."

"ဒါကို သူက ထားခဲ့ပြီး ပြန်လာတာ တွေးသာကြည့်တော့ .."

"ဒါနဲ့ သတင်းပြန်ရောက်သွားတာ မြန်သားပဲ .. လေး က ဈေးကပြန်ပြီး ဒီမှာတစ်ခါတည်း ဝင်နေတာမို့လား .. ဘာလဲ ဖုန်းဆက်တိုင်

www.burmeseclassic.com

www.burmeseclassic.com



လိုက်လို့လား .."

"မတိုင်ပါဘူး မမငြိမ်း ရယ် .. ဇင်မင်း ပဲ ဖုန်းဆက်ပြောတာ၊ အဲဒါကို သူ့မိဘတွေသိလို့ ဒီလို[illegible]ရဲ့သင့်ဘူး တွေးမိသွားတဲ့ပုံပဲ သိလား .. သူဆက်ပြီး သိပ်မကြာဘူး [illegible]နဲ့တီမြ တို့ ဖုန်းဆက်တယ်တဲ့၊ သူ့သားအစား တောင်းပန်ပါတယ်လေ၊ ဂုဏ်ဆိုးတာက သူ့သား ဂုဏ်သိက္ခာကို တန်ဖိုးထားတာတွေ၊ အရှက်အကြောက်ကြီးတာတွေ ပြောသွားတာပဲ .."

"အောင်မယ်လေးဟယ် .. အရှက်အကြောက်ကြီးနေတော့ရော သူများက လူကြားထဲမှာ ဆော်ကားတာကို ခံလိုက်တာနဲ့ ဂုဏ်ပါဝါတွေ တော်တော်ကြီးမားသွားရောလား .."

"အန်ကယ်လ်က အဲဒါကို စိတ်မကောင်းဖြစ်သွားတာ၊ သူ ယုံကြည်မိခဲ့တဲ့သူက ကလေးကိုထားပစ်ခဲ့ပြီး ကိုယ်လွတ်ရုန်းထွက်လာခဲ့တော့ ဒီအဖြစ်ကြောင့် မဟုတ်ပေမယ့် ဒီလိုစိတ်ဓာတ်ကို လန့်သွားတာလေ၊ ချို့ ကို ပြောပြနေတော့ တော်တော် ခံစားနေရတဲ့ပုံပဲ .."

"အင်း .. ဒါကြောင့်လည်း စိန်ကဲရွှေကဲထက် လူကဲခတ်ဖို့ခက်တယ်လို့ပြောတာပေါ့ .."

"ဟုတ်ပါတယ် မမငြိမ်း ရယ် .. မမငြိမ်း ဆိုရင် အပြောဆိုးတာမျိုးလေးရှိတတ်ပေမယ့် စိတ်ထားကောင်းတယ်လေ၊ ခုလည်း အန်ကယ်လ် သဘောပေါက်နေပါပြီ .."

"ဟိုး .. ဟိုး .. ကျူပ်ကိုတော့ ထပ်ဆွဲမထည့်နဲ့တော့ ချို့ .. တော်ပြီ .. တော်ပြီ .. တစ်ခါဆိုရင် မှားယွင်းမှု၊ နှစ်ခါဆိုရင်တော့ ကိုယ်သုံ့တာဖြစ်သွားပြီ .."

"ဟင့်အင်း ဆွဲမထည့်ပါဘူး၊ ချို့ က မမငြိမ်း ကို ယုံကြည်တဲ့သူလေ၊ ဒါကြောင့် နဂိုတည်းက မမငြိမ်း ဘက်က ဒီတိုင်းပဲရှိနေခဲ့တာပါ၊ အန်ကယ့်လ်ကိုလည်း ပြောပြခဲ့သေးတယ်၊ ဒါပေမယ့် အန်ကယ်လ်က တော့ ကိုယ့်ကလေး အမိုက်လေးကို သည်းခံနိုင်ပါ့မလားလို့ တွေးပူ



တာပေါ့ မမငြိမ်းရယ် .. နော် .."

"ဟွန်း .. ဟွန်း .."

"အခုက ချို့ ယုံကြည်စွာပြောခဲ့တဲ့စကားကို အန်ကယ်လ် လက်ခံသွားပြီထင်လို့ ပြောပြတာပါ၊ လေး ရဲ့ အိမ်ထောင်ရေးမှာ ချို့ ထပ်မပါတော့ဘူးလို့လည်း ဆုံးဖြတ်ထားပြီးပါပြီ၊ တကယ်တော့ အန်ကယ်လ်က အဆင့်အတန်းနိမ့်တာမြင့်တာအခါကနဲ့ ရွေးချယ်နေတာမဟုတ်ပါဘူး မမငြိမ်း ရယ် .. ချစ်ခြင်းမေတ္တာနဲ့ ရွေးချင်ခဲ့တာပါ .."

"ချို့ ရယ် .."

"တစ်ခါတလေ စေတနာအမှားဖြစ်သွားတာမျိုးပါ၊ အန်ကယ့်လ်ကို ချို့ အရမ်းသနားတယ်၊ ခုလည်း မိတ်ဆွေတွေတားနေလို့ လူမှုရေးအရ နေနေရတာ စိတ်ကတော့ အန်ကယ့်လ်အတွက် ပူနေတုန်းပဲ၊ ချို့ တို့ကို ဆွေနီးမျိုးစပ်ပဲတော်တယ်လို့ သဘောမထားဘဲ တူမချင်းနဲ့ မခြားစောင့်ရှောက်ခဲ့တာ မမငြိမ်း ရဲ့ .."

"ချို့ ကို စောင့်ရှောက်ပေးခဲ့တာလည်း စောင့်ရှောက်ရကျိုးနပ်တာပါပဲ ချို့ ရယ် .. နင်ပြောနေတဲ့ စကားတွေထဲမှာလဲ နင့်ရဲ့စိတ်ရင်းကပေါ်နေပြီ၊ ဘာပဲဖြစ်ဖြစ် ငါကလည်း အန်ကယ့်လ်ကို မမုန်းပါဘူး၊ နင် ပြောတာတွေအရ ငါ သူ့မြေးကို ရှုံ့မဲ့ကဲ့ရယ်နေတာတွေကြောင့် ငါ့လက်ထဲ မထည့်နိုင်တာပဲဆိုတာ ငါ သိလိုက်တယ်၊ ငါကလည်း ငါပဲလေ .."

"မမငြိမ်း ရယ် .."

"အေးပါ .. ငါတို့ချင်း ဘာမှ အနေခက်စရာမလိုပါဘူး၊ တို့နှစ်အိမ်က ဆွေမျိုးတွေပဲမဟုတ်ဘူးလား .. အခု နင့်တူမ ခြံထဲမှာလေ နေ့လယ်က ဘာဖြစ်ခဲ့သလဲဆိုတာ သတိရသေးရဲ့လားတောင်မသိဘူး .."

"မမငြိမ်း .. မောင် ကရော .."

"ဟင် .. ဘာလဲ .."

"သူ့မိန်းကလေးနဲ့ လေး နဲ့ ဖြစ်တော့ .."

www.burmeseclassic.com

www.burmeseclassic.com



"သူ့မိန်းကလေးမဟုတ်ရပါဘူးအေ .. အဲဒီ စောမာလာ နဲ့တော့ မပြောစမ်းပါနဲ့၊ သားကြီးကလည်း မရိုးမသားစိတ် မရှိဘူးဆိုတာ ငါ လုံးဝသိပါယ် .."

"ဟုတ်ကဲ့ပါ .. ချို မေးတာက အစု လေး ကို ပြုံငြင်နေတာမျိုး.."

"ပြန်လာကြတုန်းကတော့ ဘာမှမဖြစ်တဲ့ပုံပါပဲ .. ဒီထက်ဆိုးတာတွေတောင် ငါတို့ လိုမ့်ခံနေရတာ ချို ဂုယ်၊ ဒါကျမှ ဘာဖြစ်လို့ စိတ်ပူနေရတာလဲ .."

"မမငြိမ်း ရယ် ပြောရင်လည်း ခံရတော့မှာပဲ ချို တို့ချင်း ပြောထားတဲ့ကိစ္စ အဆင်မပြေဖြစ်ခဲ့ပြီးမှ .. ဟို .."

"သိတယ် .. နင် အဲဒါကို ရည်ရွယ်ပြောနေမှန်း၊ ငါက အန်ကယ့်လ်ကို ခေါ်သထွက်ပြီး လေး ကို သည်းမခံနိုင်ဖြစ်နေမှာစိုးတာမို့လား၊ အစတည်းက လေး ကို ငါ့ချွေးမဖြစ်စေချင်နေတာမှ မဟုတ်ဘဲ .. သားကြီးကိုလည်း ဒီကိစ္စ ဘာမှပြောထားတာမဟုတ်ဘူး .. အားလုံးက အရင်တိုင်းပဲ ပူမနေနဲ့ .."

ဖုန်းချလိုက်ပြီးတော့ 'ဩော် .. ချိုမိုင် .. ချိုမိုင်' လို့ ရေရွတ်နေမိသေးသည်။ ဘာရယ်မဟုတ်ဘဲ ခုလို ဖွင့်ပြောပြီးကြတော့လည်း ရင်ထဲပေါ့သွားတာပါပဲ ..။

နာရီကိုကြည့်ပြီး ဒေါ်ငြိမ်းချမ်း ဘုရားသောက်တော်ရေကပ်ဖို့ ဘုရားခန်းဘက်ကို ထွက်လာခဲ့မိသည်။

အချိန်က ညရဲ့ ပျိုမျစ်ခြင်းကို စတင်ဖန်ဆင်းခဲ့ပြီး ..၊



အခန်း (၁၈)

"ရေကူးပြိုင်မယ် .."

"ဘာ .. ရေကူးပြိုင်မယ် ဟုတ်လား .."

"ဟုတ်တယ် .."

"လှလွန်း နော် .. ဒီဇင်ဘာညကြီး .."

"ဒီဇင်ဘာ ဘာဖြစ်လဲ .. အေးမှ မအေးတဲ့ဟာ .. ပြီးတော့ ငါတို့ ပြေးလွှားထားတာ ကိုယ်မှာ လက်တစ်လုံးကြိုးလေးတွေနဲ့ဖြစ်နေကြပြီ.."

ဒါလည်း ဟုတ်တုတ်တုတ်ဆိုသည့် အကြည့်တွေ ထိန်လင်းနေသည့် မီးရောင်အောက်မှာ ဆုံမိကြ၏။

ပြီးတော့ မျက်လုံးချင်းတိုင်ပင်တာ အားမရနိုင်ဘဲ မေးဆတ်တိုင်ဝင်၍ ..၊

"ဘယ်လိုလဲ .."

"မဆိုးပါဘူး .."

"ဟုတ်တယ် .. အိတ်(စ်)ဇယ်ဆိုက်(စ်)လုပ်ပြီးသားတောင် ဖြစ်သေးတယ် .."

သုံးယောက် ညီညွတ်သွားတာကြားတော့မှ လှလွန်း က ဟားခနဲ

www.burmeseclassic.com

www.burmeseclassic.com



ရယ်ကာ ကန်ဘောင်ပေါ်မှာ နောက်ပြန်ထိုင်လိုက်ပြီး ..၊

"ဒီရေကူးကန်လေးမှာ ပြိုင်ဖို့ကို ငါက ရေကြီးခွင်ကျယ်လုပ်နေပါ့မလားဟယ် .."

"ဒီရေကူးကန်လေးလို့တော့ မပြောနဲ့ လှလွန်း ..၊ လေး တို့ ကန်ကြီးက ကျယ်ပေမယ့် အနက်ဆုံးမှ ငါးပေပဲရှိတာ .."

"ဟုတ်တယ်လေ .. ဒီကန်က ခြောက်ပေရှိတယ်၊ ဟိုမှာက လေးတစ်ယောက်တည်းအတွက် သီးသန့် .. ဒီမှာက ကိုကိုကြီးလည်းရှိတယ်၊ သူ့အပေါင်းအသင်းတွေလည်း လာမယ်၊ ယောကျ်ားလေးရှိတော့ ယောကျ်ားကူးလို့ရအောင် နက်ရတာပေါ့ .."

"ဟုတ်ပါပြီ .. အဲဒီတော့ ဆက်ပြော .."

"ပြောမယ် .. လေး ဘယ်လိုလဲ .."

"ဘာလဲ .. လေး တို့က စိန်ခေါ်ရင် ဘွာမခတ်ဘူး .."

"သိပါတယ် .. ရှင်က စိန်မခေါ်ဘဲနဲ့လည်း ကိုယ်လုံးချင်း ပြေးတိုက်ပါတယ် .."

"ဟွန်း ..."

"မိန်းမ ရုပ်လေးသနားကမားနဲ့ .."

"ဒီလောက်လှပြီးတော့လို့ ပြောစမ်းပါ လှလွန်း ရယ် .. သနားကမားထက်သာပြီးသားပါ .."

လေး က ခပ်မြင့်မြင့်တင်စည်းထားသည့် ဆံပင်တွေကို နဖူးမှာပတ်ထားသည့် ရောင်စုံကွင်းလေးပေါ် တင်ထားသဖြင့် ပခုံးချိုက်သာသာ ကိုယ်ကျပ်ချိုင်းပြတ်အင်္ကျီလေးနဲ့ လှနေ၏။

ပေါင်လယ်လောက်ရှိသည့် နက်ပြာရောင်ဘောင်းဘီတိုလေးကလည်း သွယ်လျသည့် ပေါင်တံအလှကို ဖော်ကျူးနေသလိုပင် ..၊ ပါးမို့လေးတွေက ချွေးစတို့နှင့် ပြောင်တင်းတင်းလေးရှိနေဆဲမို့ ထရိန်နင်ပြီးစအားကစားမယ်လေးလို ပင်ပန်းပေမယ့် ညှိုးနွမ်းဟန်တစ်စက်မှ မရှိ..။



သူမတို့ ကစားပွဲတွေတစ်မျိုးပြီးတစ်မျိုး ကျင်းပ ပြေးလွှားနေကြဘာကို မောင် တို့ ဘက်ကနေ လှမ်းမြင်နေရ၏။

ကိုယ့်စကားကိုယ်ပြောရင်း တစ်ချက်တစ်ချက်သာ လှမ်းကြည့်ဖြစ်ကြပေမယ့် ကြည့်လိုက်မိတိုင်း ကြည်ပြာဖျော့ဖျော့လေး ဝတ်ထားသည့် လေး ကသာ အားလုံးမျက်လုံးမှာရှိနေလျက် ..၊

"ကိုမောင် .."

"ပြော .."

"ပြောလို့ပြောတာမဟုတ်ဘူး ဒီကောင်မလေး က တော်တော်ချစ်ဖို့ကောင်းတယ်နော် .. မင်း .."

"အဲဒါဘာဖြစ်လဲ .."

"မင်းလည်း အသိုးစာရင်းဝင်နေပြီ .."

"မင်းကိုလည်း မကျွေးဘူး၊ ပူမနေနဲ့ .."

"ငါကလည်း မင်း သိုးတာပုတ်တာကို စိတ်မဝင်စားဘူး ဟောကောင်၊ ငါ့အစ်မဆိုရင် ဒီနေ့ထိ ဘယ်လောက်စေးနဲလည်း သိလား .."

"ဘယ်လိုလုပ်သိမှာလဲ မင်းအစ်မက ငါ့မိန်းမမှ မဟုတ်တာ .."

"ဟောကောင် .. ဟောကောင် .."

"ဟား .. ဟား .. ဟား .."

သျှား နဲ့ မောင် နဲ့ ပြောနေတာကို အားလုံးဝိုင်းရယ်ကြ၏။ သူတို့ကတော့ ဂစ်တာတီးမည်၊ သီချင်းဆိုမည်၊ ဒါပဲဖြစ်ကာ အထူးဆန်းဆုံးအလုပ်က အိုးကြီးကြီးတည်ထားပြီး ကြက်ခြေထောက်ပေါင်းများစွာနဲ့ ချဉ်ပေါင်ခါးတွေထည့်ပြုတ်ကာ နောက်ထပ် မီးပုံကြီးပေါ်မှာတော့ ဘဲတစ်ကောင်ကင်ထား၏။

အချက်အပြုတ်တွေကို တာဝန်ယူထားရသည့် သျှား နဲ့ နေရောင်တို့က မီးဖိုနဲ့ မနီးမဝေးမှာထိုင်တာတောင် မိန်းကလေးတွေရှိသည့်ဘက်ကို မျက်နှာမူ၍ ..၊

www.burmeseclassic.com

www.burmeseclassic.com



"ငါပြောချင်တာက ငါ့အစ်မကပ်စေးကပ်တာကို မဟုတ်ဘူးကွ.."

"မသိဘူး .. မင်းအစ်မ လေးဆယ်ကျော် ငါးဆယ်တွင်းရောက်နေလို့ အစွဲထုတ်ဖို့ကြံနေသလားလို့ .."

"ကိုမောင် နော် .. ပြောရင်းနဲ့ စော်ကားတာတွေ ကမ်းပါးဖွဲ့လာပြီ .."

"အဟွန်း .."

"ငါ့အစ်မ ခုမှ သုံးဆယ့်ခြောက်ပဲရှိသေးတာ .."

"တွေ့လား .. ကြော်ငြာဝင်ပြီ .."

"အတိအကျပြောပြနေတာ .. ဒီမှာ ငါ့အစ်မဆိုရင် ဘယ်လောက်ကပ်စေးနဲလည်းသိလား .."

"မသိဘူးဆိုမှ ထပ်ပြောရမလား .."

"မပြောနဲ့တော့ .."

သျှား က မောင့် ပါးစပ်ကို ယပ်တောင်နဲ့ လှမ်းကာလိုက်ပြီးမှ...၊

"ထမင်းကြမ်း ကျန်ရင်ကွာ တစ်ခါတလေ ချေးကျပြီး သိုးချင်ချင်တောင်ဖြစ်ထယ်လေ .. အဲဒါကို ထမင်းပူပူပေါ် ထပ်ဖြန့်ပြီး ပြန်ရောတယ် .. ကြည့် .."

"ဘယ်လိုလုပ်ကြည့်ရမှာလဲ .. သူကမှ မပြတာ .."

"ဟာ .. ဒီဝဲစားတော့ .."

"ဟား .. ဟား .. ဟား .."

သျှား က ဆဲသာဆဲနေပြီး သွားကြီးအဖြီးသားဖြစ်သွားကာ ပြီးတော့ သူပါရောယောင်ရယ်၏။ ပြီးတော့မှ ...၊

"လိုရင်းကိုမရောက်တော့ဘူး .. ဒီကောင် ကျောင်းတုန်းက အကျင့်တွေ ပြန်ပေါ်လာတယ် တွေ့လား သန်းနိုင် .. အလုပ်လုပ်နေရင်တော့ စောမာလာ တို့ ဖူးဖူးမှုတ်ထားတဲ့ကြားမှာ ရပ်တည်ကြီးနဲ့ .."

"ဟာ .. **ကိုမောင်** က အဲ့လိုကြီးလား .."



သန်းနိုင် က တအံ့တသြကြီးထဖြစ်ကာ ...၊

"မိန်းကလေးတွေက သူ့ကို .."

"ဟုတ်ပ .."

"သန်းနိုင် နော် .. မင်း .."

မောင့် မျက်နှာက မီးပုံကအလင်းရောင်ကြောင့်လည်း ဖြစ်နိုင်ပေမယ့် စပ်ဖြဲဖြဲနီရဲရဲကြီး သိသာလျက် ...၊

"ပေါက်ကရတွေလျှောက်ပြောကြည့် .."

"ပေါက်ကရတွေ ပြောတာမဟုတ်ဘူးလေ၊ သျှား ပြောတာ မဟုတ်ဘူးလား မင်း .. ယောကျ်ားလေးကသာ မိန်းကလေးတွေကို .."

"သန်းနိုင် .."

"ဦးစားပေးရမှာလေ .. လေဒီဖက်(စ်)

"ခိ .. ခိ .. ခိ .."

"သူတောင်းစား .."

"မိန်းကလေးတွေကြားထဲမှာ မင်းက .."

"ဟုတ်တယ် သန်းနိုင် .. ဒီကောင် တော်တော်ကဲထူးတာ မိန်းကလေးတွေ သူ့ကို ဘာကြိုက်နေသလဲတော့မသိပါဘူးကွာ ...၊ ရုပ်ရည်အားဖြင့်တော့ ရှက်ကြမ်းရေကြိုပါပဲ .. အရုပ်အမောင်းလေးကသာ .."

"ဟုတ်တယ် .. ဒီကောင့်အရုပ်ကတော့ .."

"ဒီလောက်ကြီးလည်း မပြောပလောက်ပါဘူး .. စကားပြောလေး.."

"အဲဒါကတော့ ဒီကောင်အသံကိုက .."

"ဒေါသထွက်လာရင် ကျက်သရေကိုမရှိဘူး .."

"နေရောင် .. မင်း ဘာပြောချင်တာလဲ .. မက်ဆေ့ချ်လေး ဘာလေး အရင်ပို့ .."

"တစ်စက်မှ သုံးစားမရတာ မိန်းကလေးတွေက မသိတာလေ၊ အဲ့ဒါကိုပြောချင်တာ .."

www.burmeseclassic.com

www.burmeseclassic.com



"ဟား .. ဟား .. ဟား .."

"ဟား .. ဟား .. ဟား .."

အားလုံး ဝိုင်းရယ်တော့ မောင် ကန်နာခေါင်းတစ်ချက်ပွတ်ကာ..၊

"မင်းအစ်မကြီးကတော့ ငါ့မှမရရင် နေ့စဉ် ပျွမ်းခုနစ်ပတ်လောက် ထိုးနေမယ်ဆိုပဲ .."

"ဟုတ်လား .. မသန္တာ ကလေ .."

"အေးဟ .. ဒါကြောင့် အသက်လေးဆယ်မပြည့်သေးဘဲနဲ့ နဖူး ပြောင်လာတာ ထင်တယ် .."

သူ့အလှည့်ကျတော့ သျှား မျက်နှာကြီး ရှုံ့မဲ့နေကာ ..၊

"ငါက သူ့ကို ပူပူနွေးနွေးလေးနဲ့ရောသမဖို့ အကြံပေးတာကို စေတနာ နားမလည်ဘူး ဝဲစား .."

"ဘာ .. ဘာ .."

"ဘယ်လို .."

မောင် အံ့သြသွားသလိုလှည့်ကြည့်၏။ အားလုံးက ရှုပ်ထွေးသွားသည့်မျက်နှာတွေနှင့် ပြန်မေးကြကာ ..၊

"ဘာလဲ ပြန်ပြော .."

"မပြောတော့ဘူး .. စေတနာပျက်သွားပြီ .."

"လုပ်ပါ .. ကိုမောင် မကြားအောင်ပြော .."

"ဟဲ .. ဟဲ .. အားလုံးတောင့်တလို့ ငါ ကိုယ်ထင်ပြရမှာပေါ့ .."

အားလုံးရယ်နေကြပြီး မောင် မျက်နှာပျက်နေတော့ သျှား သဘောကျသွား၏။ ပြီးတော့မှ ..

"ထမင်းကြမ်းကို ထမင်းပူပူလေးနဲ့ရောလိုက်တော့ အသစ်လေးစားရသလိုဖြစ်သွားရောလေ .. ငါတို့အရွယ်တွေ ဘယ်အသက်ပဲဖြစ်ဖြစ် ပူတူးတူးလေးတွေနဲ့ .."

"ခွေးကောင် [illegible]ကတော့ .."



မောင် အမိအရ ထပိတ်သည်။

"မပိတ်ရင် မီးဖိုထဲက ထင်းစနဲ့ မိတဲ့နေရာ ထိုးပစ်လိုက်မှာ .."

"ဘာလဲ .. ဒါ ရင်ထဲမှာ မီးစတစ်စလို ပူထူရှိန်းဖိန်းသွားတဲ့ သဘောလား .."

"ဟုတ်တယ် .. မင်းအစ်မနဲ့ တွေ့မှဖြစ်မှာ .. အဲ့လိုမျိုး .."

"လုပ်မနေပါနဲ့ မောင် ရာ .. မင်း အဲဒီချာထိတ်မလေးကို .."

"သျှား .. ပေါက်ကရတွေ လျှောက်ပြောမနေနဲ့ .."

"ညနေက မင်း မျက်နှာကြီးကိုကြည့်ပြီး ပြောတာတွေ .."

"အေး .. ဟုတ်တယ် .. ငါတို့ကို စောမာလာ နဲ့ ဖြစ်တဲ့ကိစ္စပြောပြတော့ သူ့ကို ဒီလောက် ဖူးဖူးမှုတ်ထားခဲ့တဲ့ မိန်းကလေးတွကို ငြင်းငြင်နေတဲ့ရုပ်ကြီးက ဘာနဲ့တူသလဲ .."

"ရည်းစားထိ ခါးကြည့်ဆိုတာမျိုး .."

"ဟုတ်တယ် ရည်းစားမဟုတ်ပေမယ့် အရိပ်တကြည့်ကြည့် နားလည်ခွင့်လွှတ်လာခဲ့ရတဲ့ အကြင်နာသံယောဇဉ်တွေနဲ့လေ .. ဘာတဲ့ သန်းနိုင် သူ ပြောတာ မင်း သတိရသေးလား .."

"သိပ်ရတာပေါ့ .. ငယ်တဲ့လူကို အပြစ်ပြောလို့မရဘူးတဲ့၊ သူရွယ်လိုက်တဲ့ ဃက်ချက်သာမိသွားရင် ကောင်မလေး ပုံခနဲလဲသွားမှာတဲ့.."

"အေးလေ .. ငါ့ကိုလည်း မဇန် ပြောပြတယ်၊ ကိုမောင် က ဟို ကောင်မလေးကိုများ ကြိုက်နေလား မသိဘူးတဲ့ .. ကောင်မလေးကို ဆွဲခေါ်သွားလိုက်တာ သူတို့ကိုတောင် လှည့်မကြည့်တော့ဘူးတဲ့ .."

"ငါ့ညီမလည်း ပါတယ် .. သူတို့ကိုလှည့်ကြည့်နေရအောင် တော်ပါဆိုတာ တော်လို့လား .. လူတွေကြားထဲမှာ ပွဲစည်နေလို့ ငါ တားနေတာ တိုးလို့ကိုမပေါက်ဘူး .."

ပြန်ပြောရင်း ဒေါသတွေ တစ်ကပြန်စနေတော့ သျှား တို့ အသံတွေ တိတ်ကျသွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



“မစော ကလည်း မထင်ရဘူး၊ မဇနီ က ပိုဆိုးတယ်၊ ငါ တကယ် စိတ်ပျက်တာ ..”

“ဒါနဲ့ အပျော်အပျက်လေးတွေထားပြီး အတည်အတံ့လေးတွေ မေးကြည့်ရအောင် ..”

နေရောင် က စကားစပြီး ချောင်းဟန့်လိုက်သေးသည်။ ပြီးမှ ...၊

“မင်းနဲ့ အဲဒီချာတိတ်မ စားသောက်ဆိုင်ထဲမှာ တစ်ခါဖြစ်ကြသေးတယ်ဆို ..”

“ဟုတ်လား .. ဘာဖြစ်ကြတာလဲ နေရောင် .. စိတ်ဝင်စားစရာကြီး ..”

“တို့လည်း မသိရပါလား ..”

သူငယ်ချင်းတွေက သီးခြားတာဝန်တွေကိုယ်စီထမ်းဆောင်နေကြတာလည်းပါကာ လက်ရှိအင်ဂျင်နီယာရုံးမှာ အတူလုပ်သည့် မိတ်ဆွေတွေလည်းပါကြတာမို့ စောမာလာ တို့နဲ့ ရင်းနှီးသမျှကို ရုံးက သူငယ်ချင်းမိတ်ဆွေတွေက သိကြပေမယ့် ဒီနေ့မှ လာဆုံကြသည့် ကျောင်းတုန်းက သူငယ်ချင်းတစ်ချို့က မသိကြသေး ...။

“အဟဲ .. ရှောခ်အသေးစားလေးရှိခဲ့တာကို ပြောတာပါ .. မင်းတို့ကလည်း ဖွတ် ..”

“အေးလေ .. ဆက်ပြော ..”

“ပြောမလို့ ငါက သေချာအောင်မေးနေတာ၊ အဲဒီနေ့က စားသောက်ဆိုင်ကပြန်တော့ မဇနီ ငါ့ကိုပြောပြတယ် ..”

“မဇနီ ကလည်း မင်းကိုချည်းပဲ ရင်ဖွင့်နေပါလား ..”

“ငါ့ကိုပဲ ဖွင့်ချင်လို့ဖြစ်မှာပေါ့ ..”

မောင် က ရွဲ့တော့ နေရောင် က ပြန်ရွဲ့သည်။ မောင် က ရှုံ့မဲ့မျက်နှာထားတော့ နေရောင် က ပခုံးတွန့်ပြောင်ပြကာ ...၊

“အဲ့ဒီမိန်းကလေးတွေက ငါ့အစ်မရဲ့ ငယ်သူငယ်ချင်းတွေကွ ..



တောင်တောင်အီအီတွေ မတွေးနဲ့ ..”

“ဟုတ်လား .. မင်း အစ်မကရော သွား အစ်မလို သုံးဆယ်ခြောက်နှုံးပြောင်ပြောင်လား ..”

“ပြောရင် သတ် ..”

ထိုင်နေသည့် ခုံတွေရွေ့လာကြပြီး နေရောင့် ဘေးမှာ ဝိုင်းကပ်မေးကြ၏။ နေရောင် က စပ်ဖြဲဖြဲခေါင်းခါ၏။

“မပြောချင်တာ ချန်ထားလိုက်တော့ .. ဆက်ပြော ဆိုင်ထဲမှာ ဘာတွေဖြစ်ခဲ့တာလဲ ..”

“မဇနီ ပြောတာတော့ ကောင်မလေးက ရည်းစားလိုလို ဘာလိုလိုသူနဲ့အထင်လွဲပြီး လာစွပ်စွဲတာမျိုးတဲ့ .. ကောင်မလေးကို အဲဒီတုန်းက မဇနီ က မသိသေးဘူးလေ၊ ငါကမေးမှ ဒီကောင်ပြောပြတာ၊ အဲဒါ ဒီကောင်မလေးဆိုတာ ..”

“ဟုတ်လား ကိုမောင် .. မင်း ငါတို့ကို လျှို့ထားတာလား ..”

“လျှို့စရာလားကွ .. ငါ့ညီမ သူငယ်ချင်းအရွယ်လေးကို ငါက ဘာဖြစ်လို့ စိတ်ကူးရမှာလဲ ..”

“ဟော့ကောင် မိန်းကလေးက မဟုတ်ဘဲနဲ့တော့ ..”

“မဟုတ်ဘဲနဲ့ပြောတာက အဲဒီတုန်းက သူ့နဲ့ စေ့စပ်ထားတဲ့ ဆရာဝန်ပါလာတယ်လေ၊ ငါထင်တာတော့ အဲ့ဒီ ဆရာဝန်အထင်လွဲပြီး သဝန်တိုအောင် လုပ်တာပဲ ..”

“ဒါနဲ့ပဲ မင်းက ခွင့်လွှတ်လိုက်ရပြန်ရောလား .. တကယ်လို့ မဇနီ နေရာမှာ မင်း ရည်းစားဆိုရင် အဲဒါ ကွိုင် ..”

“ဘာမှ ကွိုင်စရာမလိုဘူး၊ ဘာမှမဟုတ်တာကို ကွိုင်ပူလို့ကတော့ အဲဒီလို ယုံထင်ကြောင်ထင်မိန်းမမျိုးကို သုံးလုံးပဲပေးလွှတ်လိုက်မယ်..”

“စီယူတီ ..”

“ဟုတ်တယ် ..”

www.burmeseclassic.com

www.burmeseclassic.com



"သေချာတယ် .. မင်းရဲ့ပေးဆပ်မှုတွေက အမြဲတမ်း ဒီကောင်မလေးဘက်မှာ .."

"လာပြန်ပြီ .."

"ဟုတ်တယ်လေ .. ဒီကောင်မလေးကြောင့် ဆေးရုံရောက်ရတာ ဘယ်နှစ်ခါလဲ .."

"မတော်တဆတွေချည်းပဲ .."

"ခံယူတဲ့လူပေါ် မူတည်သေးတယ် .."

"ဟုတ်တယ် မောင် .. မင်း ဝါရီများမနေနဲ့၊ ဒီကောင်မလေးကို ကိုယ့်အတွက် ထည့်ထားလိုက် .."

"လျှောက်ပြောမနေနဲ့နော် .. ငါတို့က ဆွေမျိုးတွေ .."

"ဟိုတုန်းက မင်းမျိုးမင်းနွယ်တွေဆို မဟာစည်မဟာဆွေးကို သိင်္ဂီရွှေခွက်မှာပဲ တင့်တယ်စေတယ်တဲ့ .."

"ဘာဆိုင်လို့လဲ .."

"ဆိုင်တာပေါ့ကွ .. မောင်နှမဝမ်းကွဲတွေပဲ ပြန်ပေးစားကြတာလေ၊ တခြားသွေးရောနှောခံတာမှမဟုတ်ဘဲ မင်းတို့က ဆွေနီးမျိုးစပ်.."

"ကဲ .. တော်ပါကွာ .. ဘယ်နှစ်နာရီထိုးပြီလဲ .."

"ဆယ့်တစ်ပဲရှိသေးတာ .."

"သီချင်းဆိုကြမလား .."

"ဒီတိုင်းမဖြစ်ဘူး .. အမြည်းလေးနဲ့မှ .."

"ငါတို့ ချလို့ရပြီလား ကိုမောင် .."

"ရလောက်ပြီ .. ဒီအချိန်ဆို တီလေး မထွက်တော့ဘူး .."

သန်းနိုင် တို့က ဝှက်ထားကြသည့် ပုလင်းတွေခွက်တွေကို ထုတ်ယူလိုက်ပြီး တဟဲဟဲရယ်သည်။

"တီလေး သိမှာစိုးလို့ မလုပ်နဲ့ မင်းလည်းချ .."

"မင်းတို့ဟာကြီး မကြိုက်ဘူး .. ငါက အိမ်ထဲသွားယူမှာ .."



"ရေခဲစိမ်ထားတာလား .."

"ဟုတ်တယ် .. ဒီကောင် ဘဲကင်တင်လိုက်ကာမှ ပြေးထည့်လိုက်တာ .."

မောင် က အနံ့မပြင်းသည့် အကောင်းစားနိုင်ငံခြားအရက်ကို ကြိုတင်သိမ်းဆည်းထားတာဖြစ်သည်။ ဒီအနံ့လောက်က မနက်ကျရင် အမျိုးမျိုးသော နည်းတို့နဲ့ ဖျောက်ဖျက်လို့ရသည်။

တီလေး မသင်္ကာဖြစ်ရင်တောင် ဟိုလိုဒီလိုအကြောင်းပြဖို့ မခဲယဉ်းပေ ..။ သို့သော် ..၊

"ဒီလိုရမလား ကိုမောင် ရာ .."

"အေးလေ .. ရေခဲမစိမ်ပေမယ့် အတူတူပဲ၊ မရဘူး .. ဒါပဲသောက်.."

"ဟိုမိန်းကလေးတွေတော့ သနားပါတယ် .. ဖော့ဘူးတွေ ကျွတ်ကျွတ်အိတ်တွေထဲက မုန့်တွေပဲ ထုတ်စားရရှာမှာ .."

လှမ်းကြည့်ပြီး သန်းနိုင် က သနားသံတမင်လုပ်ပြော၏။

"ကဲ .. ဟာ .. ဒီမှာ ဝိုင်းကြ .."

"ဘဲကင်က မွှေးနေပြီ၊ ဒါနဲ့ ကိုမောင် ဘဲကင်တစ်စိတ်လောက် လှလွန်း တို့ကို သွားပေးလိုက်လေ၊ သူတို့မှာ အချိုရည်ဘူးတွေ ရှိမှာပေါ့ကွ .. စားပါစေ .."

"လှလွန်း လား .. ငါသွားပေးဖို့မလိုဘူး .. ဒီက အနံ့ရတာနဲ့ လာတောင်းမှာ .."

"ဒီလိုလား .. ငါတို့က မယ်တော်လေးတွေအတွက် ဦးဖယ်ထားရမယ့်သဘောပေါ့ .."

"ကဲ .. ကဲ .. ကိုမောင် မင်း ပုဆိုးကြီး လက်ကချထားစမ်းပါကွာ၊ မီးဖိုဘေးမှာ ယပ်တောင်မလိုဘူး .."

မောင် က တစ်ဖက်စ 'မ' ထားသည့်လက်ကို လွှတ်လိုက်ရင်း ရယ်ကာ ..၊

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ်မို့လား .. မင်း ယပ်တောင်ခပ်ပေးနေဖို့မလိုတော့ဘူးပေါ့ .."

"မလိုတော့တာ ကြာပြီဆရာသမား .. ဘဲကင်က ကြွပ်ရှနေလွန်းလို့ အိုဗာဟိုက်နဲ့ ကော့နေတာ .."

မောင် က ရယ်ရင်း သူတို့တွေကို ဝိုင်းစီထားသည့်ခုံမှာ ဝင်ထိုင်လိုက်လျှင် ...၊

"ကိုကိုကြီး .. ကိုကိုကြီးရေ လာပါဦး .."

ဟင် ...၊

မိန်းကလေးတွေဘက်က ဝရုန်းသုန်းကားသံတွေ ထွက်လာပြီး လှလွန်း ဒီဘက်ကိုပြေးလာပြီး လက်ယပ်ခေါ်နေတာ ဗျိုင်းပျံနေတဲ့အတိုင်း ...။

"ကိုကိုကြီး လာပါဦး .. လေး ရေနစ်နေလို့ .."

မောင် ပုဆိုးစနှစ်ဖက်စ ဆတ်ခနဲမပြီး ရေကူးကန်ဆီပြေးသွားမိ၏။ နောက်က သျှား တို့တွေ ပြေးလိုက်လာပါလာပြပေမယ့် မောင့် ပြေးနှုန်းကို မမီ ...။

ကန်ကို ရောက်တာနှင့် မီးရောင်တွေဖွေးထိန်နေသော ရေပြင်မှာ ရေဂယက်ကြီးထနေဆဲကိုမြင်လိုက်ကာ ...၊

"ဗွမ်း ..."

မောင် ဒီတိုင်းကန်ထဲခုန်ချလိုက်၏။ ရေထဲမှာ ရေမွန်းသွားသည့် လေး ကိုယ်လေးက ပျော့ပျော့ငြိမ်ငြိမ်လေး တအိအိပြိုနေသဖြင့် သူ အသာလေးဆွဲပွေ့ပြီး ရေပေါ်ထိုးတက်လိုက်သည်။

"ဗွမ်း .."

"ဟော .. ဟိုမှာ .."

"လေး .. လေး သတိလစ်နေပြီ .."

ပါလာတာ မြင်တော့လည်း အားလုံးခုန်ဆွခုန်ဆွဖြစ်ကုန်ကြ၏။



ရေတိမ်သည့်အပိုင်းမှာ ခြေထောက်မိကာ မောင် က လေး ရဲ့ ပါးလေးကို တဖက်ဖက်ပုတ်နှိုး၏။

လေး ခေါင်းလေး ဟိုဘက်ငိုက်ဒီဘက်ငိုက်နဲ့ လည်နေကာ သတိမရ ...၊

"လေး .. ဟိတ် .."

"ဟော့ကောင် .. ကန်ပေါ်တင်လေကွာ .."

လှမ်းအော်ကြမှသတိရသည်။ ထို့ကြောင့် လေး ရေတစ်ခါတည်းအန်ထွက်သွားအောင် ပခုံးပေါ်စွေ့ခနဲ မှောက်ထမ်းလိုက်၏။ ထိုအခါကျမှ ...၊

"အွန့် .. အဟွတ် .. အဟွတ် .."

လေး ချောင်းတွေဆိုးပြီး အသံထွက်လာ၏။

"ပေး .. ပေး .. ငါ့ကိုပေးလိုက် .."

လေး ကို လက်ကမ်းနေသည့် သန်းနိုင် လက်ထဲ လှမ်းထည့်လိုက်ပြီးမှ မောင် မျက်စိမျက်နှာပျက်ကာ ...၊

သွားပြီ ...၊

လေး ငုတ်တုတ်လေးထိုင်လိုက်တာမြင်သည်နှင့် မောင့် ခေါင်းကြီးနှစ်ဆကြီးသွား၏။

"ရရဲ့လား .. ညီမလေး .."

"ဟုတ် .. အဟွတ် .. အဟွတ် .."

"ငါ မှားတာပါ လေး ရယ် .. ငါ့ကြောင့် .."

"ငါတို့က သဘောတူခဲ့တာပါ .. ဒါပေမယ့် ငါက နည်းနည်းညစ်ပတ်လိုက်လို့ ပန်းဝင်သွားတာ .."

ဖြူစင် က လှလွန်း စိတ်မကောင်းဖြစ်နေမှာစိုးလို့ ဝန်ခံရှာကာ လေး ပခုံးလေးကိုဖက်၍ ...၊

"လေး က အမှန်အကန်ပြိုင်တော့ စကတ်အကျပ်နဲ့ ဘယ်လိုလုပ်

www.burmeseclassic.com

www.burmeseclassic.com



ကားမလဲ .."

"ငါ့ညီမတွေကတော့ အလန့်ပဲကွာ .."

"အေးလေကွာ .. ဒါတောင် ဒီမောင်ဘသည်မို့လို့နော် .."

သူတို့ ပြူးနိုင်ရယ်နိုင်ဖြစ်နေကြသေးမယ့် ကန်ပေါင်ပေါ်မှာ လက်နှစ်ဖက်ကွေးတင်ထားရင်း မောင် ခုထိခေါင်းပေါ်တက်မလာသေးသဖြင့်..။

"ဟိတ်ကောင် .. ဘာလုပ်နေတာလဲ .."

"ဘာမှမလုပ်ဘူး .. ငါ့ဟာငါနေတာ .."

"မင့်ဟာမင်းနေနေတာ မြင်တယ်လေ .. ရေထဲမှာ ဘာလုပ် .."

ပြောနေရင်း သွား မျက်လုံးကြီးပြူးထွက်လာ၏။ ပြီးတော့ မောင့်ကို ပြူးတူးပြဲတဲကြည့်ကာ ..။

"ကိုမောင့် မင်း ပုဆိုးမရှိ .."

"သွား .. သူတောင်းစား .."

"ဖြန်း .."

"ဟား .. ဟား .. ဟား .."

ရှက်ရှက်နှင့် ရိုက်ပုတ်ထုတ်လိုက်သည့် ရေတွေ ကန်ပေါင်ပေါ် ဖွန်းခနဲခုန်ထွက်လာကြလျှင် သွား ခွက်ထိုးခွက်လန်ရယ်ရင်း ထပြေး၏။

သဘောပေါက်သွားကြကာမှ နေရောင် တို့ ဝိုင်းရယ်ကြကာ ..။

"ကောင်းတယ် .. နေရာတကာ ပုဆိုးကြီးတကားကားနဲ့ .."

"ကိုယ့်အကြောင်းကိုယ်မသိဘဲ ပြောဆင်းရသလားဟ .."

"ဆင်းသွားတုန်းကတော့ စူပါဟီးရိုးကြီးလိုလို .. ဟား .. ဟား.."

"ကိုကိုကြီးကလည်း ဆောင်းဘီပါတာပဲဟာ .."

လှလွန်း က အစ်ကိုဘက်က ဝင်ပါဖို့ကြိုးစားပေးမယ့် ပိုဆိုးသွားသည်။

'ဆောင်းဘီပါသားနဲ့ တက်မလာဘူးဆိုတော့ မပါဘူးလား' ဆိုသည့် မေးခွန်းတွေနဲ့ ဖြူစင် တို့တွေ လှမ်းကြည့်ကြ၏။ အဆိုးဆုံးက သူ့ရှေ့



နီးနီးလေးမှာရှိနေသော လေး ရဲ့ မျက်ဝန်းလေးတွေ တအံ့တသြစူးစူးစမ်းစမ်းနှင့် ငုံ့မိုးကြည့်လာလျှင် ..။

"ဘာကြည့်တာလဲ .. ကောင်စုတ်မလေး .."

ပခုံးလေးကို တွန်းပစ်လိုက်ပြီး တစ်ဖက်လှည့်ပေးလိုက်တာလည်း မရ ..။

လေး က အတင်းပြန်လှည့်ကြည့်ကာ ..။

"ကိုကြီးက ဘာမှမပါ .."

"ဟုတ်တယ် မပါဘူး .. ခင်ဗျားကြောင့် ငါ ပြန်ဆွဲချလိုက်ရင် သေဦးမယ် .."

အရှက်ကွဲနေကာမှတော့ ရှက်နေလည်း ပိုဆိုးမှာပဲမို့ ဒေါသကို လွှတ်လပ်ခွင့်ပေးလိုက်၏။

"လှလွန်း ပုဆိုးတစ်ထည်သွားယူပေး .."

"ဟုတ် .. ကိုကိုကြီး .. ဟုတ် .."

"ဟား .. ဟား .. ဟား .."

"ကိုမောင် .. ကိုမောင် .. ကိုမောင် .."

"မင့်အစ်မကို ထားပစ်ခဲ့လို့ တမ်းတနေတာလား .."

"ရှက်ရမ်းရမ်းနေပြီ ဟား .. ဟား .. ဟား .. ရမ်းစေဗျာ .. ရမ်းစေ"

ထိုညမှ ချမ်းနေတာကို အကြောင်းပြ၍ လွတ်လပ်စွာ သောက်စားပစ်လိုက်၏။

ဟက်ပီနယူးရီးယားလို့ တိုင်ပင်ခေါ်ပြီး အော်ကြချိန်မှာ သူတို့အသံတွေ မပီချင် ..။

ဣ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

"ဘုရားရေ .."

"ဟုတ်တယ် ချို ရေ .. ငါလည်း မပြောချင်တော့ပါဘူး၊ ဖြစ်တာက ငါ့အိမ်ထဲမှာဆိုတော့ .."

"ဘယ်လိုဖြစ်ရတာလဲ ပြောပါဦး မမငြိမ်း ရယ် .."

ဖုန်းကို ဘယ်လက်ကနေ ညာလက်ပြောင်းကိုင်ရင်း ရင်ထဲမှာမူ တာက လည်ချောင်းတွေပါ ကျပ်ခဲခဲကြီးဖြစ်လာခဲ့သည်။

လေး နဲ့ မောင့် ကို အိပ်ခန်းထဲမှာ မိုးလင်းမှ တွေ့ကြသည်တဲ့ ..။

"ညတုန်းက ငါလည်း သူတို့အသံတွေ မခံနိုင်လွန်းလို့ ကိုးနာရီခွဲလောက်တည်းက ပုတီးစိပ်ရင်း ဝင်အိပ်နေတာ၊ လူငယ်တွေဆိုတော့ ဒီညမျိုးမှာ အသောက်အစားလေးပါကြမှာပဲဆိုတာလည်းသိတယ်၊ နေရာတကာ တားဆီးမနေချင်တာနဲ့ မသိချင်ယောင်ပဲဆောင်နေလိုက်ဖို့လေ.."

နားထောင်နေရတာ ရင်တွေတလှပ်လှပ်တုန်နေတော့သည်။

"ပြီးတော့ ဒီကောင်လေးတွေကိုလည်း သိနေတာပဲ ဖြစ်မယ့်ဖြစ်တော့ သူစိမ်းနဲ့မဟုတ်ဘဲ မောင် နဲ့ပဲဖြစ်ရတယ်ဟယ် .. ဒါပေမယ့် ငါ့ကလေးကလည်း ယောင်ယောင်ရမ်းရမ်းလုပ်တာမဟုတ်ရပါဘူး ချို ရယ်၊ ဖြစ် .. ဖြစ်တာက မောင့် အိပ်ခန်းထဲမှာရယ် .."



"ဘယ်သူ့ပဲလွန်လွန် မမငြိမ်း ရယ် .. ချို အန်ကယ်လ်သော့ ကို ဘယ်လိုပြောပြရမှန်းတောင် မသိတော့ဘူး .."

"ဒီလိုပဲ ပြောပြလိုက်တော့ ချို .. အခု ကောင်လေးတွေလည်း မပြန်ကြသေးဘူး၊ အဲဒါ နင် ဖြစ်ဖြစ်လာပြီး ငါတို့အားလုံးရဲ့ ဂုဏ်သိက္ခာအတွက် တစ်ခုခုစီစဉ်ပေးမှဖြစ်မယ် .."

"ဘယ်လိုလုပ်မလဲ မမငြိမ်း .. အဲဒါတွေကို ချို က စီစဉ်ပေးခွင့် မရှိဘူးလေ .. အန်ကယ်လ်လည်း ဘုရားဝတ်ပြုနေတာ ဆင်းတောင် မလာသေးဘူး .."

"ဒါဆိုလည်း သူ ဆင်းလာမှပေါ့ဟယ် .. ငါလည်း စိတ်ညစ်ပါတယ် ချို ရယ် .. ပြောရရင်ဆွေမျိုးချင်းမို့လို့သာ နင့်တူမ မယ်လက်လက် ထလေးကပါ ယောကျ်ားလေးတွေနဲ့အပြိုင်လုပ်ထားတာသိလား .. ဟိုသင်း .."

"ဟင် .. ဘယ်လို .. သောက်ထားတာလား .. ဟုတ်လား မမငြိမ်း.."

"ဟုတ်တယ် .. ညတုန်းက ရေကူးပြိုင်ကြရင်း ရေနစ်တယ်တဲ့.."

"ဘုရား .. ဘုရား .. လေး ရေနစ်တာ .."

"အောင်မယ်လေး .. ညတုန်းက ဖြစ်တာကို အဲ့ဒီမှာ အသက်ထွက်အောင်ပူနေပြန်ပြီ၊ ရေနစ်တာကို မောင် ပဲ ဆင်းကယ်ခဲ့တာ၊ အဲဒါ ညည်း နက်တော့ .. ကဲ .. လာခဲ့ပါဟယ် .. ရောက်လာမှပဲပြောပြတော့မယ် .."

ဖုန်းကိုင်ထားရင်း ချိုမိုင် ဒီတိုင်းပဲရပ်နေမိလေသည်။ သူမ ဘယ်လိုပြောရမလဲ ..။

ညတုန်းက သူမ လိုအိမ်မှာရှိနေရင် ဒီလိုဖြစ်မှာမဟုတ်ဘူးလို့ အန်ကယ်လ်တွေးတော့မှာပါ။ မသွားဘဲနေလိုက်တာက ကိုယ့်အကြောင်းနဲ့ ကိုယ် ခိုင်လုံပေမယ့် ဘာပြဿနာမှ မရှိခဲ့ရင်လည်း ကောင်းသား..။

နောက်ဆုံးမှာ သူမ ဒီသတင်းဆိုးကို စောစောစီးစီး မပေးတော့ဖို့ ဆုံးဖြတ်ကာ ဒေါ်ငြိမ်းချမ်း ဆီကို တစ်ယောက်တည်းပဲ ထွက်လာခဲ့မိသည်။

သူမ ရောက်သွားတော့ အားလုံးကို ဧည့်ခန်းမှာမြင်လိုက်ရကာ

www.burmeseclassic.com

www.burmeseclassic.com



လှုံလွန်း နဲ့ လေး ကို မတွေ့ ..။

"သူ့ဘိုးဘိုး ပါလာမှာဆိုပြီးတော့ ဝင်သွားလိုက်တာ ခေါ်ထုတ်လို့ကို မရတော့ဘူး ချိုမိုင် .."

"ဘယ်လိုဖြစ်ကြတာလဲ သားရယ် .."

လူငယ်တွေကတော့ တစ်ချို့က ပြန်ကုန်ကြပြီလို့ပြောသည်။ မောင်နဲ့အတူ ယောကျ်ားလေးသုံးလေးယောက်ပဲရှိတော့ကာ ချိုမိုင် ဝင်သွားတာနှင့် မောင့် ဘေးကနေ ထဖယ်ပေးကြ၏။

"အန်တီချို့ ကလေးကလည်း ပြောရခက်တဲ့ ကလေးမှန်း အန်တီချိုသိပါတယ်၊ ဒါပေမယ့် သားကိုပဲ မေးရတော့မယ် ဘာကဘယ်လိုတွေဖြစ် .."

"ကျွန်တော် .."

"အင်း .."

"ကျွန်တော်တို့ ဘာမှမဖြစ်ဘူး အန်တီချို .."

"အေးပါ သားရယ် .. အန်တီချို က သားကိုယုံပါတယ်၊ ဘာမှမဖြစ်ကြတာကိုပဲ ဒီလိုအနေအထားရောက်ခဲ့ရတာလေး သိချင်လို့ပါ၊ လေး ကို မေးရင် ဒီကလေးလေးက ကြောက်ရင် လျှောက်ညာတော့မှာ.."

မောင် က ဆံပင်တစ်ချက်သပ်ပြီး နီချင်ချင်ဖြစ်နေသည့် မျက်နှာကို ငုံ့ပစ်သည်။ ပြီးတော့ မော့လာပေမယ့် ဘယ်ကိုမှမကြည့်ဘဲ ပြန်ငုံ့သွားခဲ့ပြီး ..။

"ဒါပေမယ့် ကျွန်တော် မှားသွားပါတယ်၊ မှားတာက ကျွန်တော်သောက်ထားမိလို့ပါ .. မမှားဘူးလို့ ယုံကြည်နေတာက ကျွန်တော်အဲ့လိုလူစားမျိုးမဟုတ်ပါဘူး .."

ချိုမိုင် က ခေါင်းတညိတ်ညိတ်နှင့် နူးညံ့ကြင်နာသောမျက်ဝန်းတို့ဖြင့်သာ စကားပြောနေခဲ့၏။

"ကျွန်တော့်အခန်းထဲကို လေး ကို ကျွန်တော်ကိုယ်တိုင် ပွေ့ခေါ်လာခဲ့တာလို့ ဒေါ်ကြီးရွှေ က ပြောတယ် .."



ဘုရား ..။

ချိုမိုင့် ရင်ထဲမှာ ပူပြင်းသွား၏။

"အဲဒါကိုလည်း ကျွန်တော် သိနေသလိုပဲ .. ဒါပေမယ့် ဘာကြောင့်ဆိုတာမသိဘူး၊ ကျွန်တော် အဲဒီလောက်ထိလည်း တစ်ခါမှ မမူးခဲ့ဖူးပါဘူး၊ အရက်သောက်ထားမိတဲ့အတွက် ကျွန်တော့်စကားတွေက ဆောင်မဝင်ဘူးဆိုတာ သိပါတယ် .."

"မဟုတ်ဘူး .. မဟုတ်ဘူး .. အန်တီချို အဲဒီသဘောနဲ့ မတွေးဘူး.."

"တွေးတွေး မတွေးတွေး ဒါ မဖွယ်ရာတဲ့ကိစ္စကြီး ချိုမိုင် .. ငါ့အိမ်ထဲမှာ ဖြစ်ပျက်သွားတာ ငါ့မှာတာဝန်ရှိတယ် .."

ဒေါ်ငြိမ်းချမ်း က မိန်းကလေးတွေရှိနေသေးတာကိုပါ ငဲ့ကြည့်ပြီး မောင့် ဘေးကို လျှောက်လာကာ ..။

"အရက်သောက်ထားတယ်ဆိုတဲ့စကား မင်း နောက်ထပ်မပြောနဲ့၊ ဒါ ဂုဏ်သိက္ခာကြီးမားစေမယ့်စကားမဟုတ်ဘူး၊ လေး ရဲ့ အဘိုးကအသက်ကြီးလှပြီ .. ဒီဘက်ကစကားတစ်ခွန်းကြောင့် ဒုက္ခများသွားနိုင်တယ် .. ဒီတော့ ချိုမိုင် .."

တွေဖြစ်သူကိုပြောနေရင်း ချိုမိုင့် ဘက် လှည့်ကာ ..။

"ငါက ယောကျ်ားလေးရှင်ရဲ့ မိဘပဲ .. ဒီတော့ ငါကိုယ်တိုင်အန်ကယ့်လ်ဆီမှာ သမီး တောင်းမယ် .."

မောင် ဖျတ်ခနဲမော့ကြည့်၏။ သို့သော် ဘာမှမပြောဘဲ ပြန်ငုံ့သွားခဲ့သည်။ ဖြူစင် နဲ့ ပုံရိပ် တို့ လက်တို့မျက်စပစ်ရင်း အနေခက်လာကြဘာ ..။

"တီလေး .. ဟို .. သ .. သမီးတို့ ပြန်တော့မယ်နော် .. လှုလွန်းဆရ .. ငါတို့ပြန်ပြီ .."

အသိပေးပြီးသည်နှင့် ခွင့်ပြုမိန့်ကိုမစောင့်ဘဲ ထရပ်လိုက်ကြသည်။

"နေကြဦးလေ .. အိမ်က လာကြိုမှာမဟုတ်ဘူးလား .."

ဒေါ်ငြိမ်းချမ်း ရိုးရိုးပဲပြောတာကို ဖြူစင် တို့ ဆတ်ခနဲတုန်သွား

www.burmeseclassic.com

www.burmeseclassic.com



ကြ၏။

"ဒီမှာ ညအိပ်ညနေပြီးမှ ဟိုကမသိ ဒီမှသိပြန်သွားလို့ မဖြစ်ဘူး.."

"သမီးတို့ ဖုန်းဆက်မှာပါ .."

"သားတို့ရေ .. မင်းတို့ထဲက တစ်ယောက်ယောက် အိမ်က ကား လေးမောင်းပြီး ကလေးတွေကို အိမ်တိုင်ရာရောက်လိုက်ပို့စမ်းပါကွယ်.. ဖြစ်တယ်မို့လားဟင် .."

လှလွန်း က ကိုယ်တိုင်လိုက်ခေါ်ပြီး လူစုထားတာမို့ ထိုကားနဲ့ပဲ ပို့စေချင်တာဖြစ်သည်။

ရှိနေသည့် လေးယောက်ထဲမှာ သန်းနိုင် က ခေါင်းညိတ်ပြီး ချက် ချင်းထရပ်သည်။ အပြင်က အခြေအနေကို ထွက်ကြည့်ပြီး လှလွန်း အထဲ ကို ပြန်ပြေးဝင်သွားကာ ..၊

"လေး ရေ .. နင် ငိုင်နေလည်း အလကားပဲ .."

"ဘာ ..."

မျက်ရည်တွေအရွဲသားနှင့် လေး မျက်နှာလေး ဆတ်ခနဲမော့လာ ၏။ လှလွန်း က မွေ့ရာပေါ်ကို ဝုန်းဒိုင်းကြဲခုန်တက်ပစ်လိုက်ပြီး ..၊

"နင် ငါ့ယောက်မ ဖြစ်တော့မယ် .. လုံးဝသေချာသွားပြီ .."

"လှလွန်း နော် .."

"ဟာ .. တကယ်ပြောနေတာ မယုံဘူးလား .."

"ငါတို့က ဘာဖြစ်လို့ ယူရမှာလဲ .. လုံးဝမယူဘူး .."

"အန်တီချို လည်း သဘောတူတယ်၊ တီလေး က ဘိုးဘိုးသော် ဆီမှာ လိုက်တောင်းပေးမှာတဲ့ .. ဟာ .. ဟ .. ပျော်စရာကြီး .."

"လှလွန်း .."

"ဘာတုံး .."

"ငါတို့ ဘာမှမဟုတ်ဘူးဆိုတာ နင် သိတယ်နော် .."

"မသိပါဘူး .. ဘာကိုသိရမှာလဲ .."

ဟင်...၊



လေး ငေးငေးငိုင်ငိုင်လေးဖြစ်သွားပုံက အားကိုးမဲ့သွားသလိုပင်..။

လှလွန်း က မေးဖျားလေးကို ပွတ်သပ်ရင်း ရယ်နေကာ ..၊

"နင် ပြောတာလည်း စဉ်းစားကြည့်ဦးလေ .."

"ဘာစဉ်းစားစရာလိုလို့လဲ .. ငါတို့ ရေခဲသေတ္တာထဲက ဝီစကီ ပုလင်းလေး ခိုးထားပြီး အခန်းထဲမှာ သောက်တယ်လေ .."

"ငါတို့ မဟုတ်ပါဘူး .. နင်ပါ .."

"နင်တို့ရော မသောက်ဘူးလား .."

"တစ်ငုံစီ ငုံကြည့်တာ .."

"အဲဒါ သောက်တာပဲ .."

"ငါတို့မှာ အဲ့ဒီတစ်ငုံစီနဲ့တင် အော့အန်ပျမ်းစိုင်းနေကြတာလေ၊ နင်ပဲ ချမ်းနေတာအတော်ပဲဆိုပြီး အသားကုန်မော့သောက် .. ပြီးတော့ သားတယ် ယံတယ်နဲ့ .."

"ငါ အလက်ဂျစ်တွေပါ ထွက်လာလို့ ရေချိုးခန်းထဲပြေးဝင်ပြီး ဘုတ်နေရတာ .."

"အဲဒါတွေ ငါတို့မှ မသိတော့တာ .."

လေး မျက်ရည်တွေပြန်လည်ဝေ့သီလာခဲ့၏။ အသွားမတော်တော့ ဘစ်လှမ်းဆိုတာ ခုမှပဲ နားလည်လာတော့သည်။ သူမ သူများထက် ငါ်စပ်စုတတ်တာ မှားမှန်းသိလေပြီ ..။

လူကြီးတွေရဲ့ ဆုံးမစကားကို ဒီဘက်နားကဝင် ဟိုဘက်နားကထွက်..၊

သူမ တစ်ကိုယ်လုံး ယားယံပြီး နေမရတော့ မှန်ရှေ့ပြေးကြည့်မိ သည်။ လည်ပင်းတွေ မျက်နှာတွေမှာ အဆုပ်လိုက်အကွက်လိုက် နီရဲ နေတာတွေ မြင်တော့ လန့်သွား၏။

အလန့်တကြားပြန်နှိုးကြည့်တော့လည်း အားလုံးနေရာမကျစွာ အိပ်ပျော်နေကြတာ အတုံးအရုန်း ..၊

သူမတို့ မူးပြီးအော့ကြအန်ကြဖြစ်နေတုန်းကတော့ ရေချိုးခန်း အစင်မှာ နေရာလုပြီး ရှုပ်ထွေးနေခဲ့ကြသည်။ ခုကျတော့ အိပ်ပျော်ကုန်

www.burmeseclassic.com

www.burmeseclassic.com



ကြပြီဖြစ်၏။

သူမမှာတော့ သူများတွေလို အော့အန်ရုံနဲ့မပြီးဘဲ ယားလို့ကုတ်ဖဲ့နေရတာ ခါတ်လိုက်နေတဲ့အတိုင်း ...။ ထို့ကြောင့် ရေချိုးပစ်ဖို့ ရေချိုးခန်းထဲ ဝင်လာခဲ့သည်။

ဆပ်ပြာဘူးညှစ်နေတုန်း တံခါးခေါက်သံကြားတော့ မူးနေသည့်အသိက လှလွန်း တို့ပဲထင်ကာ ...၊

"ဝင်ခဲ့ .."

တံခါးကပွင့်သွားသည်။ မျက်ကြောစင်းစင်းခပ်ယိုင်ယိုင်နှင့် ဝင်လာသူက မောင် ဖြစ်နေကာ သူမလက်ထဲက ဆပ်ပြာဘူး လွတ်ကျသွားခဲ့၏၊

"ကို .. ကိုကြီး .."

"ဟမ် .. ဘယ်သူ ရှိနေတာလဲ .."

"ထွက် .. ပြန်ထွက်သွား .."

သူ့ကို တွန်းထုတ်ဖို့သတိရပေမယ့် ဆပ်ပြာတွေနဲ့ ခြေထောက်က ချော်ထွက်သွားခဲ့၏။ ပြီးတော့ ခေါင်းထဲမှာ မီးပွင့်တွေဖြာထွက်ကုန်သည်။

ပြီးတော့ ဘာမှမသိတော့ပေ ...။

"အဲ့ဒါ ကိုကြီးကြောင့် .."

"ဘာ .. ကိုကြီးလဲ .."

နှစ်ယောက်တည်းပဲထင်နေရာက မောင့်အသံကြားလိုက်တော့ လေး ဖျတ်ခနဲလှည့်ကြည့်မိ၏။ မောင်က ခြေလှမ်းကျဲများနှင့် ဝင်လာကာ လေး ရဲ့ ဘေးမှာ ထိုင်ချလိုက်ပြီး ဘေးတိုက်လှည့်၍ ...၊

"မင်း .. ဘာဖြစ်လို့ မိန်းကလေးဖြစ်ပြီး အရက်တွေသောက်ရတာလဲ .. ပြော .."

"ကိုကြီး ဒီထဲဘာလို့ဝင်လာတာလဲ .. အလိုလိုကာမှ ဟိုလိုဒီလိုတွေထင်နေကြတဲ့ဟာ .."

လှည့်ကြည့်လိုက်တော့ လှလွန်း ဘယ်အချိန်က ဆင်းပြေးသွား



သည်မသိ ...။

လေး မွေ့ရာပေါ်ကဆင်းဖို့ လှည့်လိုက်သည်နှင့် မောင် က လက်ကို အမ်းဆွဲထားလိုက်ကာ ...၊

"ဘာလိုညာလိုထင်နေတာတွေ မပြောနဲ့ .. အခု မင်းနဲ့ ငါ လက်ထပ်ရတော့မယ် .. အဲဒါ နားလည်လား .."

"ဘာလို့ လက်ထပ်ရမှာလဲ ကိုကြီးနဲ့ လေး နဲ့ ဘာဆိုင်လို့လဲ .."

"မင်းနဲ့ရော ဘယ်သူက ဆိုင်ချင်လွန်းလို့လဲ .. ဒီမှာ နောက်ထပ်ဒြိုး ကိုကြီးကြောင့်လို့ ထပ်ပြောကြည့် .."

"ပြောတော့ ဘာဖြစ်လဲ လက်ကိုလွှတ်ပါ .."

"ပြောတော့ ငါက မင်းကို ရမ်းကားတဲ့သဘောရောက်သွားတာ ဆို! .."

"ကိုကြီး မရမ်းကားပေမယ့် လေး ကို ကိုကြီး အိပ်ခန်းထဲခေါ်ထည့်ထားလိုက်လို့ .."

"ဟ .. အဲဒါ .. ငါ့ကိုယ်ငါတောင် ဘာလုပ်မိမှန်းမသိဘူး .."

"ငါ့ကိုယ်ငါတောင်မသိဘဲနဲ့ ဘာဖြစ်လို့ ဂုဏ်သိက္ခာစကားတွေပဲ ပြောနေတာလဲ မောင် .."

နောက်ထပ် ဒေါ်ငြိမ်းချမ်း ဝင်လာကာမှ လှလွန်း က နောက်မှာဘုတ်ချောင်းချောင်းလေးပါလာ၏။

"ဒါ ဘယ်သူမှားတယ်လို့ ငါ မပြောချင်ဘူး၊ ဒါပေမယ့် ကျွန်တော်မမှားခဲ့ဘူးလို့ တွင်တွင်ငြင်းနေတာ မင်း မှားတယ် .."

"တီလေး .. ကျွန်တော့်ကို .."

"ဘာမှမပြောနဲ့တော့ မောင် .. နောက်ဆုံးမှာ ကျွန်တော် တာဝန်ယူပါ့မယ်ဆိုတဲ့စကားပြောရင်တောင် ကိုယ်ကောင်းဖို့အတွက် အလွတ်ချန်းစကားပြောတာ ယောကျ်ားကောင်းမဟုတ်ဘူး၊ မင်းက မမှားဘူးဆိုရင် မှားနေတဲ့ မိန်းကလေးကို ထိုးအပ်ရမယ့်ဘက်မှာ ဘယ်လိုဖြစ်သွားမလဲ .."

"လေး က ခေါင်းထိသွားလို့ သတိလစ်သွားတာ တီလေး .."

www.burmeseclassic.com

www.burmeseclassic.com



"တော်တော့ .."

"လေး မှ မမှားတာ .. တီလေးပဲ စဉ်းစားကြည့် .."

"စဉ်းစားကြည့်နေရမယ့်ကိစ္စမဟုတ်ဘူး၊ ညည်းလေးလည်း နောက်ထပ် ဘာစကားမှမရှည်နဲ့တော့ .."

ဒေါ်ငြိမ်းချမ်း မျက်နှာကြီးက ကိုယ့်ဘက်လှည့်လိုက်တော့ တည်ကြည်ဖြောင့်မတ်မှုတွေဘာမှမပါဘဲ မြင်နေကျဒေါသများပဲဖြစ်ကာ ကြားနေကျအတိုင်း ...၊

"ဘယ့်နှယ် .. ကိုယ့်ရဲ့ လူကြီးမိဘ ကိုယ့်ကြောင့် ဘယ်လိုမျက်နှာငယ်ရမလဲ ပြန်မတွေးဘူး .. ဘာလေးမှန်းကို မသိဘူး .. သွားကြ .. သွားဘာမှ စောဒကတက်ဖို့စိတ်မကူးကြနဲ့ တောင်တောင်အီအီတွေလုပ်ဖို့လည်း မတွေးနဲ့နော် .. ဒီတစ်ခါ မှားတဲ့အမှားက နောက်ဆုံးပဲဖြစ်ပေစေ –"

ဘယ်သူကရော စီနီယာတွေနဲ့ မှားပါရစေပြောနေလို့လဲ ...၊

မောင့် မျက်နှာရှုံ့မဲ့သွားသည်။ လေး က ပွစိပွစိရေရွတ်၏။ မောင်ထထွက်သွားတော့ ဒေါ်ငြိမ်းချမ်း က မျက်မှောင်ကုတ်နှင့် လိုက်ကြည့်နေရင်း ဒီဘက်ပြန်လှည့်ကာ ...၊

"မောင် က လူပျိုကြီးဖြစ်နေပြီ .. သူ့ ဂုဏ်ရှိန်နဲ့သူ တည်တည်တံ့တံ့နေနေတဲ့အရွယ် .."

"လေး က သူ့ကို ခဲ(ဂဲ)နဲ့ သွားပစ်ချလို့လား .."

"ခဲ(ဂဲ)နဲ့ မပစ်ပေမယ့် .. ဟင် .. အောင်မယ်လေး .. ညည်းက ကျုပ်သားကြီးကို သစ်ကိုင်းပေါ်ကမျောက်လို့ ပြောလိုက်တာပေါ့ .."

"ဥပမာပြောပြတာ .."

"ဥပမာ နှိုင်းတိုင်း မရိုင်းစိုင်းရဘူးအေ့ .."

"ဒီအရွယ်မှ အမြီးမပေါက် ဘာမျောက်လဲဆိုတာကျတော့ရော.."

ဒေါ်ငြိမ်းချမ်း ကိုယ့်ကိုယ်ကိုယ် ပြန်စမ်းမိမတတ်ဖြစ်သွားသည်။

"တစ်ချို့ လူပျိုကြီးတွေ မိန်းမရသွားရင် မျောက်အုန်းသီးရသလိုလို့တောင် ပြောကြသေးတာ .."



ကြည့်စမ်း ...၊

"ခို ..."

လှလွန်း က ကိုယ့်အပေါ်မျက်လုံးပြူးနေလေ ပါးစပ်ပိတ်ရယ်လေ...

"တီလေး ပဲ စဉ်းစားကြည့် လေး ကကျတော့ မျောက်မူးလဲမလို့ပြောတာကြီးကို တောက်လျှောက်ခံလာရတယ် .."

လာပြန်ပြီ .. မျောက် ...၊

"သူ့ကို သစ်ကိုင်းကြားက မျောက် .."

"တော်စမ်း .. တော်စမ်း .. ငါပြောလိုက်ရရင် မကောင်းတော့ဘူး .."

"မကောင်းတာတွေပဲ အမြဲပြောနေပြီးတော့ .."

"ဘာ ..."

"ဒေါသထွက်နေတာတွေကိုပြောတာပါ .."

"ဒီကောင်မလေး .."

"ရှန် .."

"ညည်းလေးကို ကျုပ်က ဂုဏ်သိက္ခာမထိခိုက်အောင် ကာကွယ်ပေးနေရတာ .."

"တီလေးက ပြောရင်လည်း မကြိုက်ဘူး .."

"အံမယ် .."

"လေး က ဘာမှမှမဖြစ်တာ ဘာလို့ဂုဏ်သိက္ခာ ထိခိုက်ရမှာလဲ.."

"မောင့် ရင်ခွင်ထဲမှာ ညည်းကို အားလုံးမြင်ကြတာလေ .."

"အဲဒါ လေး သတိလစ်သွားလို့ ကိုကြီးက ပွေ့ခေါ်သွားတာပါဆို–တီလေး သိလား .."

ပြောနေရင်း လေး က အားတက်သရောသံလေးနှင့် ဒေါ်ငြိမ်းချမ်းဘက်ကို စွေ့ခနဲလှည့်ထိုင်ကာ ...၊

"အပြင်လူတွေ မြင်တာလည်း မဟုတ်ဘဲနဲ့နော် .. ကိုကြီးက သူ့သူငယ်ချင်းတွေကို ရှင်းပြလိမ့်မယ်၊ လေး တို့ သူငယ်ချင်းတွေကလည်း ဘယ်သူ့ကိုမှ ပြန်ပြောပြမှာမဟုတ်ပါဘူး .. အဲ့ဒါကို ထားလိုက်တော့

www.burmeseclassic.com

www.burmeseclassic.com



လေ .. နော်လို့ .. နော် ..”

“ယော့အေး .. ငါက သင်တန်းက ကောင်တွေဆီ မက်ဆေ့ချ်ပို့လိုက်ပြီးပြီ ..”

ဟင် !...၊

လှလွန်း က ဖုန်းကိုထောင်ပြပြီး တံခါးပေါက်ဆီ နောက်ဆုတ်တိုးလိုက်၍ ...၊

“ငါတို့နှစ်ယောက် ခွေမျိုးအရင်းကြီးတော်သွားကြပြီလို့ မကြာခင် စားရတော့မယ်လို့ .. အပေါ်း ..”

“ကြည့်စမ်း .. လှလွန်း .. သစ္စာဖောက် ..”

“အံမယ် .. ငါ တစ်ယောက်တည်းဖောက်တာမဟုတ်ပါဘူး၊ ဖြူစင်တို့က သူတို့အိမ်ကို ဘယ်လိုပြောလဲသိလား .. လေး နဲ့ လှလွန်း တို့ ကိုကိုကြီးဇွေစပ်ပွဲလုပ်နေလို့ အိမ်ပြန်နောက်ကျတာပါ့တဲ့ ..”

“ဟယ် !...”

ကောင်မလေးတွေ ဤသို့ဤနှယ်ဖုန်းဆက်နေကြပါသည်လို့ကို သန်းနိုင် မက်ဆေ့ချ်ပို့သဖြင့် အပြင်မှာ ကိုကိုကြီးလည်း လည်ပင်းနင်နေပြီဆိုတာ ပြန်မပြောဖြစ်လိုက်ပေ ...။

ဒေါ်ငြိမ်းချမ်း ကတော့ ဘာမှဆက်မပြောတော့ဘဲ ...၊

“ကျွတ် .. ဘာတွေမှန်းကို မသိပါဘူးဟယ် ..”

ထမီတစ်ဖက်စ ‘မ’ ရင်း အပြင်ထွက်သွားလေသည်။ လှလွန်း က တစ်ခစ်ခစ်ရယ်သည်။

“ယောက်မရေ .. လစ်ပြီ .. ငါ ..”



## အခန်း (၂၀)

လက်ထပ်ပွဲကို ဟိုတယ်လ်မှာ တခမ်းတနားကျင်းပခဲ့သည်။ နောက်တစ်ရက်ကျမှ တီလေးတို့ခြံထဲမှာဖြစ်ကာ နှစ်ပွဲစလုံးက စည်ကားစိုပြည်နေလေသည်။

ထိုပွဲတွေမှာ စိတ်ညစ်ရဆုံးက မောင် ပဲ ဖြစ်ကာ၊ လေး ကို တစ်ခါကြည့်မိတိုင်း ခေါင်းတစ်ခါသပ်မိ၏။

“တွေ့လား ကိုမောင် .. အဖြူရောင်သတို့သမီးလေး ဘယ်လောက်လှသလဲ .. ကိုယ့်ကိုယ်ကိုယ် ကံထူးလို့ထူးမှန်း မသိဘူး မျက်နှာကြီးက ဖြစ်နေတာ ..”

“အဲ့ဒါ မင်း နားမလည်လို့ သန်းနိုင် .. သူ့ဟာသူ လေလုံးမိနေတာ..”

“ဟုတ်လား .. ဘာလဲ .. ငါ မသိလိုက်ဘူး ..”

“ဂျီ အကြီးကြီးနဲ့ ပစ်ထားတာလေ .. စကားကြီးစကားကျယ်တွေ လွှတ်တင်ပြီး သူ့ရင်ခုန်သံသူ ပြန်မကြားရဲဘူးဖြစ်နေတာ ..”

“တော်ကြစမ်းပါကွာ .. ညစ်နေရတဲ့ထဲ ..”

“ညစ်ရမယ်လေ .. မင်း ညစ်နေရတဲ့အကြောင်းကိုပဲပြောနေတာ..”

“လျှောက်ပြောမနေနဲ့ .. ငါ့သတို့သမီးက ဒီကောင်မလေး ဖြစ်နေတာကိုပဲ မယုံနိုင်ဖြစ်နေလို့ ..”

www.burmeseclassic.com

www.burmeseclassic.com



"အေးလေ .. မင်း ပုံစံကြီးနဲ့ ဒါလေးကိုရမယ်လို့ ငါတို့တောင် မထင်ကြတဲ့ဟာ .."

"ကျွတ် .."

"ကျွတ်မနေနဲ့ ဟဲက်ပီးနယူးရီးယားမှာ မင်း ထီပေါက်တာနော်.. ဒါက ဘချလာရီးယား .."

သူငယ်ချင်းတွေက စားသောက်နေခြင်းကိုပါ စွန့်လွှတ်၍ သူ့ကို စနောက်လို့မပြီးနိုင် ..။

သူကတော့ ဟိုတယ်လ်ပွဲမှာတုန်းက စောမာလာ ရဲ့ သူငယ်ချင်း တစ်ယောက် ကပ်စသွားတာကိုပဲ သတိရနေမိပြီး စိတ်ကမလုံ ..။

"သတို့သမီးက ဒီကောင်မလေး ဆိုတော့ ဟိုကောင်မလေး လား၊ ဟိုအမျိုးသမီးလားလို့ တွေးရင်ရသေးတာပေါ့နော် .."

"ကိုမောင့် ဇနီးက လှလွန်း ရဲ့ သူငယ်ချင်းလေးဆိုတဲ့ ကောင် မလေးလား .. နာမည်က ဒီကောင်မလေး လား .."

သိပ်မရင်းနှီးသူတို့က ဒီနာမည်ကိုပဲ အထူးအဆန်း ..၊

"ဒါကတော့ နာမည်ပဲကွ .. မင်းကတစ်မျိုး .." တဲ့ ..။

သူများ တို့ကတော့ သူ့ခံစားချက်ကို ကဲ့ရယ်ကြ၏။ တကယ်တော့ လူကိုက နုနုငယ်ငယ်လေးဖြစ်နေရသည့်ထဲမှာ နာမည်ကပါ ဝိစိညှောင့် တောင့်ဖြစ်နေရသည့်အတွက် ပူနေတဲ့မျက်နှာကို ရေခဲသေတ္တာထဲ ပြေး ထည့်ထားချင်အောင် ထားစရာမရှိဖြစ်နေခဲ့ရသည်။

ပြီးတော့ လေး ဒီလောက်ထိလှနေတာကိုလည်း ကိုယ့်ဇနီးဖြစ်တော့ မည်ဆိုမှ သတိထားကြည့်ဖြစ်သည့်မျက်လုံးတွေက သစ္စာမရှိ ..။

နေ့တိုင်းမြင်တွေ့နေကျလိုပဲ ကြည့်တယ်၊ ကျော်တယ်ပေါ့ ..။ ပြီးတော့ ပျောက်သွားရင်ပြီးတာပဲ .. ခုကျမှ သူမ ရယ်နေလေ ပါးမို့က ခပ်ရေးရေးပါးချိုင့်လေးက ထင်းလာလေ ..။

နက်မှောင်သွယ်တန်းသည့် မျက်ခုံး၊ ကော့ချွန်နေသည့် နှာတံလုံး လုံးလေးနှင့် သွားတန်းလေးတွေကလည်း လှနေသည်။ ခုလို ဂါဝန်လေး



နဲ့ကျတော့ နုသစ်လတ်ဆတ်နေသည့်အလှတို့နဲ့ ဇာည်ဝါနေပြန်၏။

ဒါပေမယ့် လေး ရဲ့ အလှအပတွေကို သူ့ဘက်က တရားဝင်ဖတ် ရှုခွင့်ရှိရဲ့လား ..။

လေး နဲ့ သူ့ကြားမှာ နှောင်တည်းလောက်ဖွယ် ချစ်ခင်ရင်းနှီးမှုဆို တာ ဘာမှမရှိခဲ့ဘဲ လက်ထပ်လိုက်ရတော့ ဂုဏ်သိက္ခာဆိုသည့်အကြောင်း ပြချက်ကြီးနဲ့ ..။

တစ်ယောက်တည်း လှူကွယ်ရာ ခဏခဏထွက်နေမိပြီး မောင် ကိုယ့်ကိုယ်ကိုယ်လည်း ဘာဖြစ်နေမှန်းမသိ ..။ လေး ကတော့ ငြင်းခဲ့ တုန်းက ငိုကာရယ်ကာနှင့် ခါးခါးသီးသီး ..။

ခုကျတော့ သူမက သူငယ်ချင်းတွေနဲ့ ပုတ်ခတ်ရယ်မောပြီး ဘာ တွေငြင်းခုန်နေကြမှန်းမသိ ..။ ပြီးတော့ သွားတန်းလေးတွေပေါ်အောင် ရယ်နေတာ အားပါးတရ ..။

"ကိုကြည်နူးမောင် .."

ဟင် ..၊

မထူးဖြစ်လိုက်ခင် လှည့်ကြည့်မိလျက်သားဖြစ်သွား၏။ သူ့နား ရောက်နေသူက ဒေါက်တာဇင်မင်း ..။

မျက်နှာပူခြင်းသည် တစ်ကနေ ပြန်စ၍ တရှိန်းရှိန်းထ၏။

"ဒေါက်တာ .."

"ဟုတ်ပါတယ် .. ကျွန်တော် လေး နဲ့ စေ့စပ်ခွင့်ရခဲ့ဖူးတဲ့ ဒေါက်တာ ဇင်မင်း ပါ .."

ပြောပြီး လက်ကမ်းတော့ သူ့လက်ပြန်ကမ်းပေးမိကာ ..၊

"ကျွန်တော်က .."

"သိပါတယ် .. ကွန်ဂရက်ကျူလေးရှင်း .."

"သဲန့်ခ်ယူ .."

ဇင်မင်း က ဆွေးမြည့်နေသည့်အပြုံးနှင့် ခေါင်းညိတ်၏။ ပြီးတော့ ညှော်ခံပွဲထဲမှာ ပြုံးနေသည့် လေး မျက်နှာလေးကို လှမ်းကြည့်ရင်း ..

www.burmeseclassic.com

www.burmeseclassic.com



“သူ ပျော်နေတယ်နော် .. ကျွန်တော့်ကို သူ ပြောပြတုန်းက ကျွန်တော် သိပ်မယုံဘူး ..”

“ဗျာ ...”

“ခင်ဗျားက သူချစ်သူဆိုတာ ..”

မောင် မျက်ခုံးနှစ်ဖက် မသိမသာမြင့်တက်သွားသည်။

“ကျွန်တော့်ကို လက်မထပ်ချင်ယို့ သူ မဟုတ်တာတွေတအား လျှောက်လုပ်ခဲ့တာလေ .. ဟွန်း .. ကျွန်တော် စိတ်ပျက်သွားအောင်ပေါ့၊ ဒါကြောင့် ခင်ဗျားတို့ဆိုင်ထဲ ဝင်လာလို့ သူ ငိုတော့ အဲ့ဒါလည်း မဟုတ်က ဟုတ်ကတစ်ခုပဲလို့ သတ်မှတ်ထားလိုက်တာ ..”

မောင် ခုမှ ဆက်စပ်တွေးမိသွားသည်။ အစက သူ တွေးမိတာ ဒီလိုမဟုတ်ခဲ့ပေ ..။

“ခုမှပဲ နားလည်သွားတယ်၊ ဒါပေမယ့် တစ်ခုတော့ရှိနေသေးတယ် ကိုကြည်နူးမောင် .. ကျွန်တော်တို့နဲ့ ခင်ဗျားတို့ ပလာဇာမှာ ရင်ဆိုင်မိကြတော့ ကျွန်တော် တစ်ကိုယ်ကောင်းဆန်ဆန် ရှောင်ထွက်လာခဲ့မိတာ မှန်ပါတယ်၊ အဲဒါမျိုးကို ကိုယ်တိုင်မကြုံဘူးခဲ့တော့ ရှက်တာတစ်ခုကလွဲပြီး ရုတ်တရက် ဘာမှ မတွေးနိုင်ခဲ့ဘူး ..”

ပြောနေရင်း သူ နင်းထားသည့် မြက်ခင်းပြင်ကို ငုံ့ကြည့်နေသေးသည်။ ပြီးမှ ပြန်မော့၍ ...

“ကျွန်တော် နောက်မှ ကြားရတာက ကိုကြည်နူးမောင် က ကိုယ့်အုပ်စုကိုထားခဲ့ပြီး လေး ရဲ့ လက်ကိုဆွဲထွက်လာခဲ့တယ်တဲ့၊ ဒါကြောင့် ဘာဘာသော် အနေနဲ့ ခင်ဗျားကို အမှတ်ပြည့်ပေးလိုက်တာလည်း သဘာဝကျပါတယ် ..”

“ကျွန်တော် ဆုတစ်ခုကို ရယူဖို့ပြိုင်ခဲ့ကြတာ မဟုတ်ဘူးထင်တယ် ..”

“မှန်ပါတယ် .. မဟုတ်ပါဘူး၊ ဒါပေမယ့် ကျွန်တော်ကလည်း ပြိုင်ဘက်မရှိဘူးလို့ ထင်ခဲ့တဲ့အချိန်ကနေ တစ်ယောက်တည်း အလဲလဲ



ကွဲကွဲထွက်ခဲ့ရတာလေ .. ပွဲလန့်သွားရင်တောင် ပြန်စဖို့ ငြိမ်သက်ဖို့တော့ စောင့်ရတယ်မို့လား .. အခု ဒီပွဲက အရမ်းမြန်လွန်းနေသလားလို့ ..”

“သားရေ ..”

သူတို့စကားပြောနေကြတာ မှောင်ရိပ်ထဲမှာမဟုတ်ပေ ..။ တစ်ယောက်က အညိုရောင်အနောက်တိုင်းဝတ်စုံနဲ့ ဖြစ်ကာ တစ်ယောက်က အဖြူရောင်နဲ့ဖြစ်သည်။

သူတို့နှစ်ယောက်ကို လှမ်းမြင်လိုက်သဖြင့် ဒေါ်မြမြဇင် နဲ့ ချိုမိုင် တို့က အသံပြုလိုက်ရင်း လျှောက်လာကြ၏။

ချိုမိုင် မျက်လုံးထဲမှာ ခေါင်းတစ်လုံးစာလောက်အရပ်ပိုမြင့်နေသော မောင် နဲ့ ဒေါက်တာဇင်မင်း ကို လှမ်းမြင်ပြီး လေး ရဲ့ ကဲ့ရဲ့စကားတွေကို ပြန်သတိရသွားမိသည်။

“အတူတူသွားလာပြီဆို အဲ့ဒီ ဦးဇင် က လေး ရဲ့ ဘေးမှာ တစ်ရွယ်တည်းတစ်ညီတည်းပဲ .. အန်တီချို ပဲ စဉ်းစားကြည့် လေး တောင်မှ ငါးပေငါးပဲရှိတာ သူက နည်းနည်းလေးမှ မကျော်နိုင်တာ ဘယ်လိုယောကျ်ားလဲ ..” တဲ့ ..။

မောင် နဲ့ လက်ထပ်ရမယ်ဆိုတော့လည်း ညဦးတုန်းက သူမလေး ညည်းနေသေးသည်။

“မီးလေးရယ် .. ပုတော့လည်း ပုလို့၊ ရှည်တော့လည်း ရှည်လို့နဲ့ ညည်းလေးအကြိုက် ဘယ်သူလိုက်နိုင်ပါ့မလဲ ..”

“အန်တီချို ပဲ စဉ်းစားကြည့် .. သူနဲ့အတူတွဲပြီး ရှည့်ခံကြရင် လက်ညှိုးနဲ့လက်မ ကပ်ကြည့်လိုက်သလိုကြီးဖြစ်နေမှာလေ .. အဲဒီလောက် ဓါတ်လိုက်ဒါဆိုဒ်ကြီးနဲ့မှ လေး နဲ့ လက်ထပ်ဖို့ဖြစ်လာရသလား .. ဒီမိန်းမကိုက ကံဆိုးတာ ..” တဲ့ ..။

ပြီးတော့ ကြိမ်းဝါးနေသေးသည်။

“သူနဲ့များ ဒီတစ်ခါထပ်ပြီး လက်ချင်းချိတ်မိရင် သတ် ...”

“မေမေတို့ ပြန်ကြမယ်လေ သား .. မင်း ညီမကို နှုတ်ဆက်ဦး

www.burmeseclassic.com

www.burmeseclassic.com



မလား ..”

ဒေါ်မြမြဖင် အသံကြားမှ ချိုမိုင့် စိတ်တွေ ဇင်မင်း မျက်နှာဆီ ပြန်ရောက်၏။

“ရောက်လာတုန်းက ကိုယ်တိုင်လက်ဖွဲ့အပ်ခဲ့တာပဲ မေမေ .. နှုတ်မဆက်တော့ပါဘူး ..”

“သားကို မမငြိမ်း ရှာနေတယ် သား..”

“ဟုတ်ကဲ့ ..”

လူကြီးတွေကို နှုတ်ဆက်ပြီး တစ်ယောက်တစ်နေရာစီခွဲထွက်ကြဖို့ ခြေလှမ်းပြင်၏။ သို့သော် တစ်ယောက်ကိုတစ်ယောက် ပြန်ငဲ့ကြည့်၍ ..၊

“ခွင့်ပြုပါဦး ဒေါက်တာ ..”

“ကျွန်တော်က ခွင့်တောင်းရမယ့်သူပါဗျာ .. ပြန်ရမယ့်သူက ကျွန်တော်ပါ၊ ဒါပေမယ့် ကျွန်တော်တို့ နောက်ထပ်ဆုံရင်တော့ အေးအေးဆေးဆေး စကားပြောခွင့်ကြုံမယ်ထင်ပါတယ်နော် ..”

ဒေါက်တာဇင်မင်း အကြည့်တွေက ဆွေးမြည့်ခြင်းသက်သက် ဟုတ်ရဲ့လား ..။

ချိုမိုင် သာမက မောင့် မျက်လုံးတွေမှာလည်း ဒီလိုအတွေးတွေ ဖြစ်သွားတာ သိသာ၏။

လေး နဲ့ သူ ဘာကြောင့် လက်ထပ်ဖြစ်ခဲ့တာလဲဆိုတဲ့ ဖြစ်ရပ်အမှန်ကို သိခဲ့ရင် ဘယ်လိုနေမလဲ ..၊



အခန်း (၂၁)

“ဘာကြောင့် လက်ထပ်ခဲ့ရတာဖြစ်ဖြစ် အိမ်ထောင်တစ်ခု ထူထောင်ပြီးသွားပြီလို့ မှတ်ရမယ် ..”

ဦးသော်တာ မျက်နှာက နူးညံ့တည်ငြိမ်နေပေမယ့် လေး ကို ကြည့်နေကျ ချစ်စနိုးနားလည်ခွင့်လွှတ်ခြင်းတွေ လျှော့ပါးနေခဲ့၏။

တစ်ယောက်ထိုင်ဆိုဖာကြီးထက်မှာ ဦးသော်တာ က ထိုင်နေကာ၊ သားက ဆိုဖာတွေမှာ ဒေါ်ငြိမ်းချမ်း နဲ့ ချိုမိုင် တို့ ရှိနေကြ၏။

မင်္ဂလာပွဲ နှစ်ရပ်စလုံးမှာ ဆွေနီးမျိုးစပ်ထဲက လူကြီးပိုင်းတစ်ချို့ တက်ရောက်ချီးမြှင့်ခဲ့ပေမယ့် ခုချိန်မှာတော့ မိသားစုတွေချည်းရှိနေကြလျက် ..၊

“ငါတို့တွေ အစတည်းက ဆွေမျိုးတွေပါ၊ အခု ပိုရင်းသွားပြီဆိုတော့ မယ်ငြိမ်း ကို အန်ကယ်လ် တစ်ခုပြောချင်တယ် ..”

“ဟုတ်ကဲ့ ပြောပါ အန်ကယ်လ် ..”

ဦးသော်တာ က ကြမ်းပေါ်မှာ ကန်တော့ဖို့ထိုင်နေကြသည့် မောင် နဲ့ လေး တို့ကို မျက်လုံးဝေ့ကာ ..၊

“အန်ကယ်လ် မြေးကို ညည်း လက်ထဲအပ်တယ်၊ သူ မလိမ္မာတာရှိရင် ဆုံးမပါ၊ တူ ဆိုပေမယ့် ကြည်နူးမောင် ရဲ့ မိဘလိုဖြစ်နေတော့ ခမ်းက ညည်းရဲ့ချွေးမပေါ့၊ ချွေးမလိုမဟုတ်ဘဲ သမီးလိုသဘောထားပြီး ဆုံးမသွန်သင်ပါ ..”

“ဟုတ်ကဲ့ပါ ..”

www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ့်လ်မျက်နှာ ဘာညာတွေ ညည်းထောက်စရာမလိုဘူး၊ အလိုအပ်ဆုံးက စေတနာမှန်ဖို့ပဲ .."

ကိုယ့်မြေးက မလိမ္မာမှတော့ သူနိုးကို ဘဏ္ဍာတိုက်စောင့်ခန့်အပ်ရတော့မှာပါ။ ကိုယ်က ဒီမိန်းကလေးအပြောဆိုးလွန်းလို့ တခြားမိသားစုထဲ ထည့်ဖို့ ကြိုးစားခဲ့သည်။ သူမလေးကတော့ တွဲခေါ်သည့်လက်ကို ပုတ်ထုတ်ပစ်ပြီး ဒီအသိုက်အဝန်းထဲကိုပဲ ပြန်ခုန်ချ၏။

"အန်ကယ်လ်ကတော့ တစ်ကိုယ်တည်းဖြစ်သွားပြီဆိုတော့ ဗုဒ္ဓဂါယာဘုရားဖူးထွက်ဖို့ စီစဉ်ထားတယ်၊ ပြီးတော့ ဗုဒ္ဓဘာသာထွန်းကားတဲ့ နိုင်ငံတွေကို ဆက်သွားမယ်လို့ စိတ်ကူးထားတယ်၊ ကျန်းမာရေးက ခွင့်ပြုခဲ့ရင်ပေါ့ .."

"ဘိုးဘိုးက လေး ကို စိတ်ဆိုးလို့ တစ်ခါတည်း အိမ်တံခါးပိတ်လိုက်တာလား .."

ကောက်ခနဲ ထမေးလိုက်သည့် လေး ရဲ့ ငိုသံလေးနဲ့ မေးခွန်းကြောင့် ချိုမိုင် ပါ မျက်ရည်တွေဝေ့လာ၏။

ဦးသော်တာ က လေး ကို ကြည့်၍ အေးချမ်းသည့်အပြုံးနှင့် ..၊

"ဘိုးဘိုးကတော့ အဲ့လိုမဟုတ်ဘူး မြေး၊ မြေး ဒီလိုထင်နေတယ်ဆိုရင် ဘိုးဘို ပြန်လာတဲ့အခါ ဘိုးဘိုး အမောဆို့အောင် မကောင်းတဲ့ သတင်းတွေနဲ့ ဆီးကြိုမနေနဲ့ .. ဘိုးဘိုး စိတ်ဆိုးနေတယ်ထင်ရင် ကျေနပ်လောက်မယ့်အခြေအနေမျိုးရောက်အောင် ပြန်ကြိုးစား .."

ဘိုးဘိုးက ဟုတ်တယ်လို့မပြောပေမယ့် မဟုတ်ဘူးလည်း မငြင်းသည်မို့ ဟုတ်သည်လို့ပဲ မှတ်ရမှာဖြစ်ကာ လေး မျက်နှာလေးပျက်နေရာ၏။ ထို့ပြင် မျက်ရည်တွေ ပြန်ဝိုင်းနေသည့် မျက်နှာလေးက သနားဖွယ်လေးဖြစ်နေခဲ့လျက် ..၊

"ဘိုးဘိုးကို လေး ချစ်တယ် .."

အသံတုန်လေးနှင့်ပြောတော့ ဦးသော်တာ မျက်နှာညိုမှောင်သွားသည်။ သို့သော် လေး ကို မကြည့်ဘဲ တစ်နေရာမှာ အကြည့်တွေလွှဲထားကာ ..၊



"မြတ်စွာဘုရား ပွင့်တော်မူစဉ်ကာလတုန်းက ဘုရားကို လေးစားကြည်ညိုလွန်းလို့ ဘုရား သီတင်းသုံးတော်မူနေတဲ့ ကျောင်းတော်ကို အရောက်သွားဖို့ ရပ်ဝေးက ကြွလာကြတဲ့ ရဟန်းနှစ်ပါးရှိတယ် မြေးရဲ့.."

ဦးသော်တာ က လေး ကို မကြည့်ပေမယ့် ကြည်လဲ့သော မျက်ညည်ရောင်တို့ စွန်းထင်းနေခဲ့ရင်း ..၊

"ခရီးဝေးကို ဖြတ်သန်းခဲ့ကြရင်း လမ်းခရီးမှာ ရေကြည်တော်ပြတ်လပ်တဲ့ဒုက္ခနဲ့ တွေ့ကြတယ်၊ ဒီလိုနဲ့ ရေကိုတွေ့ပြန်တော့လည်း အနည်းငယ်သော်ရေက မသန့်စင်ဘူးဖြစ်နေတယ်၊ အဲ့ဒီမှာ ကိုယ်တော်တစ်ပါးကတော့ ရေသောက်မှ ဘုရားရှင်ကို ဖူးမြော်ဖို့ အရောက်သွားနိုင်မှာဆိုပြီး ဒီရေကိုပဲ သောက်တော်မူပြီးခရီးဆက်တယ် .."

ဦးသော်တာ ပြောပြနေသည့် ဇာတ်ဝတ္ထုမှာ အားလုံးက ငြိမ်သက်စွာ နားထောင်နေခဲ့ကြ၏။

"နောက် ကိုယ်တော်တစ်ပါးကတော့ ရေစစ်တော်မပါဘဲ ဒီရေကို ငါ့ဝမ်းမီးငြိမ်းအတွက် မသောက်သင့်ဘူးလို့ ဆင်ခြင်မိတယ် .."

"အဲ့ဒါ ဘာဖြစ်မှာမို့လို့လဲဟင် .."

ချိုမိုင် က သိချင်နေကြသည့်လူငယ်တွေကိုယ်စား မေးပေးသလိုဖြစ်သွားကာ ဦးသော်တာ ပြောလာမှာကို စောင့်စားနားစွင့်နေခဲ့ကြ၏။

"ဘာဖြစ်မှာမို့လို့လဲဆိုတော့ ကိုယ် မမြင်နိုင်တဲ့ သက်ရှိပိုးမွှားသတ္တဝါလေးတွေ ရေထဲမှာပါသွားရင် သေကုန်မှာစိုးလို့ပေါ့ ပုထုဇဉ်အနေနဲ့ ဒီနေရာမှာ မေးခွန်းတွေ မေးစရာရှိနိုင်ပေမယ့် ရဟန်းတို့ စောင့်ထိန်းရတဲ့ သိက္ခာပုဒ်တွေက နည်းတာမှမဟုတ်ဘဲ .."

"ဒါဆို အဲ့ဒီရဟန်းက လုံးဝမသောက်ခဲ့ဘူးပေါ့နော် .."

"မသောက်ဘူး .. တခြားမှာလည်း ရေမရှိတော့ ဘုရားရှင်ကို ဖူးမြော်ခွင့်မရဘဲ အဲ့ဒီမှာပဲ တရားနှလုံးသွင်းရင်း ခန္ဓာဝန်ချသွားခဲ့ရတယ်၊ ဘုရားရှင်ကို ဖူးမြော်ခွင့်ရတဲ့ ရဟန်းကတော့ ဘုရားမှာ ဒီအဖြစ်အပျက်အလုံးစုံလျှောက်ထားပြီး ကြည်ညိုစွာ ဖူးမြော်တယ်ပေါ့.."

လေး နားထောင်နေရင်း မျက်ရည်စက်တို့ တစ်စက်ချင်းကျလာ

www.burmeseclassic.com

www.burmeseclassic.com



ကြ၏။ ဦးသော်တာ အကြည့်တွေကလည်း မျက်နှာလေးငုံ့နေသည့် လေး ထံသို့ စူးစိုက်လာခဲ့ရင်း ...။

"ဘုရားရှင်က သဗ္ဗညုတဉာဏ်တော်အစွမ်းနဲ့ ကြည့်လိုက်တဲ့အခါမှာလည်း ပိုးမွှားမစင်တဲ့ရေကို မသောက်ခဲ့တဲ့ ရဟန်း ခန္ဓာစဲသွားပြီဆိုတာကို မြင်တော်မူခဲ့တယ်၊ ဒါကြောင့် ခန္ဓာစဲခဲ့တဲ့ ရဟန်းအတွက် သာခု သုံးကြိမ်ခေါ်ခဲ့တယ်၊ ထပ်ပြီး မိန့်ကြားတော်မူတာက ငါဘုရားရှေ့မှာလာပြီး ဦးခိုက်ရှိခိုးနေတာထက် ငါ ချမှတ်တဲ့ ဝိနည်းတော်တွေကို လိုက်နာကျင့်ကြံနိုင်မှ ဘုရားကို ချစ်ရာရောက်တယ်တဲ့ .."

သူ့စကားကို အဆုံးသတ်ရင်း လေး မျက်ရည်ကျနေတာကို ကြည့်နေသေးသည်။ ပြီးမှ ...။

"ဘိုးဘိုး ပြောတာကို မြေး နားလည်တယ်လို့ ဘိုးဘိုး ထင်တယ်-"

လေး အင့်ခနဲ ရှိုက်လိုက်ပြီးမှ ...။

"ဟုတ် .."

"အရာရာကို အကောင်းဆုံးပြန်ဖြစ်အောင် ကြိုးစားဖို့ မလွယ်သေးဘူးဆိုရင်တောင် ဘိုးဘိုးရဲ့ ဆုံးမစကားတွေကို မမေ့ဘူးဆိုရင် မြေး ဘာလုပ်ရမယ်ဆိုတာ နားလည်မှာပါ .."

စကားဆုံးသည်နှင့် ဦးသော်တာ နေရာမှ ထရပ်လိုက်သည်။ ပြီးတော့ တစ်ခုခုပြောဦးမလို ငုံ့ကြည့်ပြီးမှ ဘာမှမပြောတော့ဘဲ ထွက်သွားလေသည်။

ချိုမိုင် က နောက်ကပါသွားလျှင် ...။

"ချိုမိုင် .. သမီး .."

"ရှင် .. အန်ကယ်လ်၊ သမီး ဘာလုပ်ပေးရမလဲဟင် .."

ဦးသော်တာ အသံတွေက ထိန်းချုပ်မှုကင်းမဲ့သွားသကဲ့သို့ တုန်ယင်နေခဲ့လျက် ...။

"အားကိုးရှိနေတဲ့ ကလေးတစ်ယောက်ဟာ .. တစ်ယောက်က ရိုက်ရင် အားကိုးတဲ့ရင်ခွင်ထဲကို ပြေးဝင်မှာပဲ၊ မြေးကို အဲ့ဒီလိုမဖြစ်စေချင်ဘူး -"

"အဲ့ .. အဲ့ဒါကို .."



"မနက်ဖြန်ကစပြီး အန်ကယ်လ် အိမ်မှာမရှိဘူးဆိုတာ မြေး သိပါစေ-"

ဟင် ...။

"ညည်းကိုမေးရင် မသိဘူးပဲပြော .."

"ဟုတ် .. ဟုတ်ကဲ့ .."

"ဟိုအရင်တုန်းက တရုတ်ပြည်မှာဆိုရင် ကိုယ့်ကလေးကို သူများအိမ်မှာအပ်ပြီး သွန်သင်ဆုံးမစေတယ်တဲ့၊ ငါ အဲ့ဒီလိုမလုပ်ရက်ခဲ့လို့ မြေးတစ်ယောက်ကို ငါ မဆုံးမနိုင်ခဲ့ဘူး .."

ဒီလောက်လည်း လေး က မဆိုးပါဘူး အန်ကယ်လ်ရယ်လို့ ပြောချင်သော်မယ့် မပြောရဲ ...။

"ငြိမ်းချမ်း ဘယ်လိုမိန်းကလေးဖြစ်ဖြစ် သူ့မိဘဖြစ်သွားပြီ သူ ကြည့်ရမယ်၊ လေးစားနာခံတတ်ရမယ်၊ အဲဒီအတွက် ငါ ဒီအနီးအနားမှာ ရှိနေလို့မဖြစ်ဘူး .."

အန်ကယ့်လ်ကို ဒီလောက်ထိ ပြတ်သားနိုင်လိမ့်မည်လို့ သူမ မထင်ခဲ့ပေ ...။

"ညည်းအတွက် အခက်အခဲ အကျိုးအကြောင်းတစ်ခုခုရှိလာရင် ဘထ ငါ့ရဲ့မိတ်ဆွေကြီးကို ညည်း သိပါတယ်၊ သူ့ကို ဆက်သွယ်လိုက်ပါ .."

ဒီလောက်စိတ်ညစ်နေသည့်ကြားက သူမအတွက် ထည့်သွင်းစီစဉ်ခဲ့သေးသည်။ ချိုမိုင် ခေါင်းတွင်တွင်ညိတ်မိရင်း မျက်ရည်တွေ ပြည့်လာခဲ့၏။

ဦးသော်တာ ရဲ့ ကား ထွက်သွားသည်နှင့် ...။

"ဘိုးဘိုး .. ဘိုးဘိုးရော ဘိုးဘိုးကို လေး ပေးစရာရှိသေးတယ်.."

"မီးလေး .."

"ဘိုးဘိုး ပြန်သွားပြီ .. ဟုတ်လား .."

သူမရဲ့ လက်လေးတွေကို ဖမ်းကိုင်ထားရင်း ချိုမိုင် ခေါင်းညိတ်လိုက်တာနှင့် လေး ဟီးခနဲခြေဆောင့်ငိုလေသည်။

သူမရဲ့ လက်တစ်ဖက်ထဲမှာ ကျစ်နေအောင် ဆုပ်ကိုင်ထားသည့် လေး ဒေါက်ခနဲလွတ်ကျသွားလျှင် နောက်က ပြေးလိုက်လာသည့်

www.burmeseclassic.com

www.burmeseclassic.com



လုလွန်း က ကောက်ယူလိုက်၏။

လေး ဝတ်ထားနေကျ ဆွဲကြိုးက လော့ကတ်လေးဖြစ်ကာ ဖွင့်လျှက်သားလေးမို့ အထဲမှာ ထည့်ထားသည့် ဦးညွှန့်တာ နဲ့ လေး ရဲ့ နှစ်ယောက်တွဲပုံလေးကို စိတ်မသက်သာဖွယ်တွေ့လိုက်ရလေသည်။

ချိုမိုင် က လှမ်းကြည့်သဖြင့် လုလွန်း က ချိုမိုင့် လက်ထဲ ပြန်ထည့်ပေးပြီး နောက်ဆုတ်နေလိုက်၏။

"တိတ်ပါ မီးလေးရယ် .. ဘိုးဘိုး ဘုရားဖူးကပြန်လာရင် တွေ့ရမှာပဲကွယ် .. နော် .."

"မဟုတ်ဘူး .. လေး ကို မနက်ဖြန်ကစပြီး မလာစေချင်တော့တာလေး သိတယ်၊ အဲ့ဒါ .. အဲ့ဒါ ဘိုးဘိုး မုန်းလို့လုပ်သွားတာမဟုတ်ဘူးဆိုတာလည်း လေး သိတယ်၊ ဒါပေမယ့် ဘိုးဘိုး ဘယ်သွားသွား လေးကို သတိရနေမှာ၊ ဒီပုံလေးဆိုရင် ဘိုးဘိုး ဟန်မပျက်ထုတ်ကြည့်လို့ရတယ်လေ၊ အဲဒါလေး ဘိုးဘိုးကို ပေးလိုက်ချင်လို့ပါ ဘိုးဘိုး အရမ်းရက်စက်တယ် သိလား .."

ပြန်မလို့ထွက်လာကြသည့် သန်းနိုင် တို့ သူငယ်ချင်းတွေလည်း လေး ရဲ့ ငိုသံကြောင့် တံခါးဝနေ ကားနားထိရောက်အောင် ခြေလှမ်းတွေ မှားကုန်ကြပြီး ကိုယ့်ကားမဟုတ်ဘဲ တံခါးဖွင့်လို့ဖွင့်၊ ဟုတ်ရဲ့သားနဲ့ ပြန်လှည့်မိလိုမိ ...။

ဒီကောင်မလေး ရယ်နေတာလေးကတင် ချစ်စရာကောင်းတာမဟုတ်ဘူး .. ငိုနေတာတောင် သူများလိုက်ငိုချင်အောင် ခက်ပါ့ ...။



## အခန်း (၂၂)

လေး ငိုချင်တိုင်ငိုပြီး မျက်နှာသစ် အင်္ကျီအဝတ်စားလဲပြီးမှ နာရီကြည့်ဖြစ်သည်။

အချိန်က ည ဆယ့်နှစ်နာရီတောင် ထိုးခဲ့ပြီဖြစ်၏။

အပြာနုနုပျော့အိသော မွေ့ရာကြီးပေါ်မှာ မောင် က ခေါင်းအုံးနှစ်လုံးဆင့်ကို ထောင်ထားပြီး လှဲသလို မှီသလိုနှင့် တကယ်တမ်းက အိပ်နေတာဖြစ်၏။

"ကိုကြီး .. ကိုကြီး ဘာလုပ်နေတာလဲ .."

"ဟင် .. ဘာလဲ .. ခုမှ မှိန်းရတာကိုကွာ .."

"မှိန်းချင်ရင် အပြင်မှာ ထွက်မှိန်း .."

"ဘာ ..."

"လေး .. ဒီမှာ အိပ်မလို့ .."

"ဘာ ..."

"တဘာဘာနဲ့ ဘာဖြစ်နေတာလဲ .."

"မင်းကရော ဘာတွေပြောနေတာလဲ ဒါ မင်းနဲ့ ငါ့အတွက် အိပ်ခန်းလေ .."

"အဲ့လိုမပြောနဲ့လေ လေး နဲ့ ကိုကြီး သဘောတူကျေနပ်လို့ ယူ

www.burmeseclassic.com

www.burmeseclassic.com



ကြတာမှမဟုတ်ဘဲ .."

"အဲဒီတော့ .."

"လင်မယားလိုနေကြဖို့ မလိုပါဘူး .."

"ဟား ...."

"အပိုတွေပြောမနေချင်ဘူး ကိုကြီးရယ် .. လေး ငိုထားရတာ ခေါင်းတွေကိုက်နေပြီ ဖယ်ပေး .."

"ဖယ်မပေးနိုင်ဘူး .. ဒီမှာ မအိပ်ချင်တဲ့သူ ထွက်အိပ် .."

"ပြီးရော .."

လေး က မွေ့ရာတစ်ဖက်စွန်းဝင်အိပ်လိုက်ကာ ကိုယ်ပေါ်ကို စောင်ဆွဲတင်ရင်း ...၊

"လူကို လာထိကြည့် တစ်လမ်းလုံးကြားအောင် အော်ပစ်မယ်၊ မနက်မိုးလင်းတာနဲ့ အိမ်သားတွေရှေ့မှာ ပြောပြပြီး တိုင်မယ် .."

"လေး .. မင်းက .."

"ကိုယ့်ကိုယ်ကိုယ် သိက္ခာတွေ စွတ်တင်နေပြီး ဒါကျမှ နယ်ကျော်လို့ကတော့ လေး တို့ ဘယ်လောက်အားမနာတတ်သလဲဆိုတာ လက်တွေ့ပြလိုက်မယ် .."

လူသာ ငြိမ်သွားပြီး ပါးစပ်ကမငြိမ် ...၊

ဘယ်သူကရော ကျော်ပါရစေ ကျူးပါရစေ ဖြစ်နေလို့လဲ ...၊

ကိုယ့်မာနနဲ့ ကိုယ် အတိုက်အခံနေပြလိုက်ရပေမယ့် အိပ်ချင်စိတ်တွေပါ ပျောက်ရှသွားခဲ့သည်။ သူမလေး ဝင်လာရင်တော့ ဘိုးဘိုးပြောသွားတာတွေနဲ့ပတ်သက်ပြီး ချော့မော့နှစ်သိမ့်ပေးမလို့ စိတ်ကူးခဲ့တာဖြစ်၏။

သူမနဲ့ သူ့အတွက် အကြင်လင်မယားအဖြစ် နယ်ပယ်တစ်ခုကိုဖြတ်သန်းကြဖို့မလွယ်ဘူးဆိုတာ အစတည်းက တွေးခဲ့ပြီးသား ...။

ဒါပေမယ့် ရိုးသားစွာရင်းနှီးကြလို့မရဘူးတဲ့လား ...။

ဟိုတုန်းက သူလည်း လှလွန်း ရဲ့ သူငယ်ချင်းအဖြစ် အမြဲဝင်ထွက်



နေခဲ့သည်။ ကိုယ်ကလည်း ချာတိတ်တွေအရွယ်မဟုတ်တော့ ရယ်ပြုံးပြောဆိုဖြစ်ကြတာထက် မပိုခဲ့ပေ ...။

သူမနဲ့သာမက ဖြူစင် တို့နဲ့လည်း ခင်ခင်မင်မင်ရှိခဲ့ကြတာပဲဖြစ်၏ ၊ အခုက သူမနဲ့ သူ ဇနီးမောင်နှံအဖြစ် တစ်ခန်းတည်းအတူရှိခဲ့ကြပြီး ...၊

သူ့ဘက်က သူမနဲ့ ဒီထက်ရင်းနှီးခွင့်ရှိချင်တာတော့ အမှန်ပဲဖြစ်သည်။ ဒါကလည်း ကရုဏာစိတ်တွေ ဖိစီးလာခဲ့တာကြောင့်ဖြစ်နိုင်၏။

ဘယ်သူ့ဘက်ကပဲ မှားခဲ့ပါစေ သူ့ကြောင့်သာ ဒီအခြေအနေထိဆိုးခဲ့တာဖြစ်သည်။ ထို့ကြောင့် လေး ကို ဘိုးဘိုး ခေါ်သထွက် စိတ်ပျက်ခဲ့ခြင်းတွေမှာ သူ့မှာ တာဝန်ရှိနေသည်လို့ ခံစားမိနေခဲ့၏။

လေး ရင်ထဲမှာလည်း ဒီတိုင်းစွဲထင်ပြီး ကိုယ့်ကို မုန်းတီးသွားနိုင်သလား ...၊

ချစ်ကြဖို့ မလိုသေးပေမယ့် မုန်းတီးသွားမှာလည်း မလိုချင် ...၊

ထိုစဉ် ဖုန်းဝင်လာသဖြင့် လေး နိုးသွားမှာစိုးကာ အသံအရင်ဖျောက်လိုက်သည်။ ပြီးတော့ အပြင်ထွက်လာခဲ့ရင်း ...၊

"ပြော .."

"မင်း ဘယ်လိုလဲ .."

"တော်တော်စိတ်ဝင်စားနေတယ် ဟုတ်လား .."

ဖုန်းထဲမှာ သျှား အသံက တိုးတိုးတိတ်တိတ်ပေမယ့် အတော်သဘောကျနေပုံဖြစ်လျက် ...၊

"ငါ သိနေတယ် ကိုမောင် .. မင်း မျက်ရည်ထိုင်သုတ်ပေးနေရပြီမို့လား .."

"အိပ်နေပြီ .."

"ဟမ်!..."

"ခေါင်းကိုက်လို့တဲ့ .."

"မင်းတို့ ဘာမှ မဘာရဘဲနဲ့လား .."

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် .."

"သြော် .. လျှောက်တွေးနေပြန်ပြီ၊ ငါပြောတာက မင်းတို့က ကြည်ကြတာမဟုတ်ဘူးလေ .. အဆင်ပြေပြေဆိုဖြစ်ကြသေးလား၊ ဒါမှမဟုတ် ရန်ထပ်ဖြစ်ကြသေးလား .. ဘာမှမဖြစ်ရဘဲနဲ့ အိပ်သွားတာလား .. အဲ့ဒါ"

"နောက်ဆုံးမေးတဲ့ဟာပဲ .."

"ဟာ .. မင်း ဒီလောက်တောင်ကွာ .."

"ဘာလဲ ..."

"ဘာမှမဟုတ်ပါဘူး .."

"မဟုတ်ရင်လည်း အိပ်တော့ .."

"အိပ်တာက ဘယ်အချိန်အိပ်အိပ် ရတယ် ဟော့ကောင်၊ မင်းကို မေးချင်တာတွေ မနက်ထိ မအောင့်နိုင်လို့ .."

လက်တစ်ဖက်ကနေ စီးကရက်ထုတ်၍ နှုတ်ခမ်းကြားမှာတပ်ကာ ဒီလက်နဲ့ပဲ မီးခြစ်၍ ညှိလိုက်သည်။ ပြီးတော့ ဝရန်တာရဲ့ တန်းပေါ်မှာ ဒီတိုင်းတင်ထားလိုက်ပြီး ...

"ဘာမှ မမေးနဲ့တော့ ဖြေချင်စိတ်မရှိဘူး .."

"အေးပါ .. မင်း ခုထိ မအိပ်နိုင်ဘူးဆိုတော့ ငါ မင်္ဂလာမဆောင်ဘူးပေမယ့် ယောကျ်ားချင်း ကိုယ်ချင်းစာပါတယ် .."

"သွား မင်း ထင်ရာတွေ စွတ်ရွတ်ပြောမနေနဲ့၊ သူနဲ့ငါ့ဆီမှာ မင်းတို့ထင်သလို ဖြစ်လာစရာ ဘာဖီလင်မှ မရှိဘူး .."

"သိတယ်လေ .. ဒါပေမယ့် မင်းက လက်ထပ်ပြီးမှ ရည်းစားဘဝက ပြန်စချင်လို့လား၊ မချစ်ဘဲ လက်ထပ်ကြရပေမယ့် လက်ထပ်ပြီးရင်တော့ ချစ်ဖို့ကြိုးစားရမှာပဲလေ .."

"ချစ်တာမုန်းတာတွေကို ကြိုးစားကြည့်လို့ရသလား .."

"ရတာပေါ့ .. မင်းတို့နှစ်ယောက်က ရန်သူတွေမှမဟုတ်တာ၊ လက်ထပ်ပြီးပြီဆိုရင် မင်းက အများကြီးပေးရမယ်၊ သူက လိုချင်ချင် မလိုချင်ချင် လက်ခံရမှာ မိန်းမသားသဘာဝလေ၊ ဒီလိုနဲ့ပဲ ရင်းနှီးမယ်၊



သံယောဇဉ်တွေ တွယ်လာကြမယ် .. ကဲ .."

"ငါ့ကို ဘာတွေပေးခိုင်းနေတာလဲ .."

"အချစ်နဲ့ နီးစပ်နိုင်တာတွေပေါ့ကွ .. ငါက ရိုးရိုးပြောနေတာနော်၊ ဒါကျတော့ စွတ်ရွတ်တွေးနေတာက မင်း .."

စီးကရက်ရှိုက်ရင်း သူ ပြုံးလိုက်မိသည်။ ပြီးတော့ အပြုံးသည် ခပ်မဲ့မဲ့ဖြစ်လျက် ...

"အချစ်နဲ့ နီးစပ်ဖို့ ဘာဖြစ်လို့ ငါကချည်းပဲ ကြိုးစားရမှာလဲ .."

"စလာပြီ .. မင်း .."

"ဟုတ်တယ် .. လူက ပလူမွှေး ပလူတောင်နဲ့ အကြီးကြီးတွေပြောတာ ငါလည်း တင်းတာပဲ .."

"ဘယ်မှာ ပလူမွှေး ပလူတောင်လဲ .. လေး ကိုများ ပလူမွှေးပလူတောင်လို့ ဘယ်နေရာကိုပြောတာလဲ .."

"သွား .."

"မေးကြည့်တာပါ .. ကျောင်းပြီးနေတဲ့အရွယ်၊ ဒီလောက်လှလှ ပပဖွံ့ထွားနေတာလေးကို .."

"ငါ့ထက် အများကြီးငယ်တယ်ကွ .."

"လုပ်ပြန်ပြီ ဘာငယ်တာလဲ .."

"အသက် ..."

"ယောကျ်ားလေးက ကြီးတာကြီးခွင့်ရှိတယ်ကွ၊ အသက်ဖြစ်ဖြစ် ဂိုက်ဆိုက်ဖြစ်ဖြစ် ယောကျ်ားက ယောကျ်ားနဲ့ တူရမှာပေါ့၊ မင်းတို့ မောင်နှမကိုက အသက်ကွာနေတဲ့ကိစ္စ .. လှလှန်း သူငယ်ချင်းမို့ လှလှန်း အရွယ်ဖြစ်နေတာ ဘာဖြစ်လဲ .. မဟုတ်တာတွေလျှောက်တွေးပြီး မင်း ဆုံးရှုံးကုန်ပြီနော် .. ကိုမောင် .."

"ဆုံးရှုံးပါစေ ရသလောက်ယူတာမျိုး ငါ မလုပ်ချင်ဘူး .."

"လေး ကို မင်း စိတ်ဝင်စားတယ်မို့လား .. ဟုတ်ရင်ဝန်ခံ မညာကြေး .."

www.burmeseclassic.com

www.burmeseclassic.com



"ငါ ခံချင်မှခံမှာပေါ့ကွ .. အိပ်မှာအိပ်စမ်းပါကွာ .. ဘာလဲ ငါလည်း ဘချလာနိုက်မလုပ်ဘဲနဲ့ ကိုယ့်ဘာသာ ဝိုင်းဖွဲ့လုပ်ကြတာလား.."

"မင်းကို ရစ်နေတယ်လို့ ပြောချင်တာဟ်ား .."

"ရစ်နေတာပဲ .."

"ခွေးကောင် .. စေတနာနဲ့လည်း အိပ်ပျက်ခံပြီး သတိပေးရသေးတယ် .."

"မပေးနဲ့တော့ ကျေးဇူးတင်တယ် ဂွတ်ဒ်နိုက် .."

ဖုန်းကို တစ်ဖက်ကကိုင်ထားရင်း စီးကရက်တိုတဲ့အထိ ဝရန်တာမှာ ရပ်နေခဲ့မိသည်။ အလုပ်နဲ့လူနဲ့ကလွဲပြီး တခြား အလုပ်ရှုပ်စရာဘာမှ ခေါင်းထဲမှာမရှိခဲ့သည့်သူ့အတွက် ညဆို ဆယ်နာရီ ဆယ်နာရီခွဲလောက်ထက်ပိုပြီး အိပ်ပျက်ခဲ့တာ မရှိခဲ့ပေ ..။

ခုတော့ ညဉ့်နှစ်နာရီကျော်ခဲ့ပြီဖြစ်၏။ ဘာကြောင့်ပဲဖြစ်ဖြစ် အိပ်ပျက်ပါစေတော့ ..၊

ဒါက မင်္ဂလာဦးည ..၊

ကိုယ့်အဖြစ်ကို သဘောကျပြီး ပြုံးလိုက်မိသည်။ ဒီလို သတို့သားမျိုး ကိုယ်ဖြစ်လာလိမ့်မယ်လို့ နည်းနည်းလေးတောင် မတွေးမိဘူးပေါ့..။

ကြည်နူးမောင် မကြည်နူးနိုင်တဲ့ ညပါလား ..။



## အခန်း (၂၃)

"အမျှ .. အမျှ .. အမျှ .."

"နှောင် .. ဝေ .. ဝေ .. ဝေ .."

"အမျှ .. အမျှ .. အမျှ .."

"နှောင်ဝေ .. ဝေ .. ဝေ .."

"အမျှ .. အမျှ .. အမျှ .."

"ဟား .. သေပါပြီ .."

နောက်ထပ်ကြေးစည်သံမလာခင် နားနှစ်ဖက်ကိုစုံပိတ်၍ လေ ငေါက်ခနဲထထိုင်၏။

မျက်နှာသစ်ပြီး ဝင်လာသည့် မောင် က တဘက်နဲ့ မျက်နှာပွတ်သုတ်ရင်း လေး ကို အထူးအဆန်းကြည့်၏။

"ဘာလဲ .. ဆွမ်းတော်ထကပ်မလို့လား .. တစ်ရေးထငိုနေတာလား .."

"အဲဒါတွေဖြစ်တဲ့ပုံ ပေါက်နေသလား .. ဒီမျက်နှာက .."

"မသိဘူးလေ .. ခုမှ ငါးနာရီပဲရှိသေးတာ မွေ့ရာပေါ်မှာ ငုတ်တုတ်ကြီးဆိုတော့ .."

"ကိုကြီး .. ဘုရားရှိခိုးနေတာ တီးလေးလား .."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် .."

"သေပြီ .. အဲဒါမှ တကယ်သေတာ .."

"ဘာ .. ဘယ်သူလဲ ခုပဲ အမှုံ့ေနေတာ ကြားနေရတဲ့ဟာ .."

မောင့် မျက်နှာကို လေး စိတ်ပျက်စွာ မော့ကြည့်မိ၏။ ပြီးတော့ ဆံပင်တွေကို ထပ်ဖွမိကာ ..၊

"လေး ဘာမှမအိပ်ရသေးဘူး၊ မေပွှာတွေပို့နေတည်းက နိုးနေတာ၊ အမှုံ့ဆေတော့လည်း လော်စပီကာတစ်ဆော်နေသလား မှတ်ရတယ်.."

"အမှုံ့ဝေတာ ကျယ်ကျယ်ပို့မှ များများကြားနိုင်ပြီး သာဓုခေါ်နိုင်တာ .."

"ဘယ်သူပြောတာလဲ .."

"ဟ .. မင်း ဗုဒ္ဓဘာသာမဟုတ်ဘူးလား .."

"မသိဘူး .. ဘိုးဘိုးဆိုရင် အဲ့လိုမှမကျယ်တာ၊ ဘုရားရှိခိုးတာ ဆမယ့် သူများ အနှောင့်အယှက်ဖြစ်သွားရင် မကောင်းဘူးတဲ့၊ လူတိုင်း မျက်စိနှစ်လုံးပွင့်တာနဲ့ တဘက်ဆောင် ပခုံးပေါ်တင်ပြီး ဘုရားရှေ့ ပြေးထိုင်နိုင်ကြတာမဟုတ်ဘူးတဲ့၊ ကိုယ်က နားလည်ငဲ့ညှာတတ်ရမယ်တဲ့.."

"တီလေးကတော့ နားမလည်တတ်ဘူးပေါ့ .."

"ပြောပြတာလေ .. ဒီမှာ ညဥ့်နက်မှ အိပ်ရတာ .."

"ကိုယ် ခုထိ တစ်ရေးမှ မအိပ်ရသေးဘူး .."

ဟင် ...၊

လေး က မွေ့ရာပေါ်ကဆင်းဖို့ ခြေချလိုက်ပြီးမှ မော့ကြည့်၏။ မောင် က တဘက်စောင်ကို ဒီတိုင်းတန်ပေါ်ပစ်တင်လိုက်ကာ ..၊

"အချိန်ကလည်း မိုးသောက်နေထွက်ချိန်ရောက်နေပြီမို့လို့ မျက်နှာ သစ်လိုက်ရတာ .."

"ဘာဖြစ်လို့ မအိပ်တာလဲ ကိုကြီးက .."

မောင် က လေး ရဲ့ဘေးမှာ ဝင်ထိုင်လိုက်၏။ လေး ကိုယ်လေး ယိုင်သွားပေမယ့် ဒီတိုင်းပဲနေလိုက်သည်။ ပန်းနုရောင် ညဝတ်အကျႌပွပွ



သောင်းဘီရှည်ပွပွလေးနှင့် လေး ရဲ့ ပါးပြင်လေးတွေကလည်း နှံ့ရဲနေ၏။

ဆံနွယ်လေးတွေ ကပိုကရိုကျနေပုံနှင့် မျက်နှာနုနုလေးက မီးရောင်အောက်မှာ ဝင်းဝင်းစက်စက်လေး လှနေလေသည်။

လေး သူ့ကို အမှတ်တမဲ့မော့ကြည့်နေမိပြီးမှ ချက်ချင်း မျက်နှာ ပြန်လွှဲ၏။ ပြီးတော့ ထသွားမလို့ပြင်လိုက်လျှင် ..၊

"နေဦး .."

မောင် က လေး ရဲ့ လက်မောင်းလေးကို ဆွဲထားလိုက်ပြီး ..၊

"မေးထားပြီးတော့ ကိုယ် ပြန်ဖြေတာကို စောင့်ဦးလေ .."

ငါ အစား 'ကိုယ်' လို့ ပြောင်းသွားတာကို သတိထားမိပြီး လေး မျက်နှာပျက်၏။ မောင် နဲ့ သူမ မရင်းနှီးချင်ပေ၊ ခုချိန်ထိ မောင့် ကို လှလေး ရဲ့ အစ်ကိုကြီးအဖြစ်ထက် ပိုမိုသော ခံစားမှုမျိုး သူမမှာ မရှိပေ ..။

"ဖယ်ပေးပါ .. လေး မျက်နှာသွားသစ်မလို့ .."

"နောက်မှသစ် .. မင်းနဲ့ စကားပြောစရာတွေရှိလို့ ဟိုတွေးဒီတွေးနဲ့ အိပ်မပျော်ခဲ့ရတာ .."

ဘာတွေများ ဒီလောက်အရေးကြီးနေလို့လဲ ..၊

လေး ကတော့ လက်ထပ်လိုက်ရတာကိုရော သူနဲ့ပတ်သက်တာ တစ်စုံတရာကိုရော ဘာတစ်ခုမှ ရင်ထဲမထည့်ထားခဲ့ပေ ..။ ဒါက တမင်တကာ ဖယ်ထုတ်ထားရတာလည်း မဟုတ်ဘဲ အထူးတလည်တွေးတော နေခဲ့မိတာဖြစ်၏။

ညက သူမ အလှူးအလှိမ့်ခံစားလိုက်ရတာက ဘိုးဘိုးနဲ့ ဝေးကွာသွားခဲ့ပြီဆိုသည့် မှုလောင်သောကကြောင့်သာဖြစ်၏။

"လေး ..."

"..... ....."

"အရင်ဆုံးပြောချင်တာက မင်း ကိုယ့်ကို ကိုကို လို့ ခေါ်ပါလား.."

"ဟင် .. ဘယ်လို .."

www.burmeseclassic.com

www.burmeseclassic.com



"မင်းကို အဆင့်တွေကျော်ပြီး တောင်းဆိုနေတာမဟုတ်ဘူး၊ ညီမလေး ကလည်း ကိုကိုကြီးလို့ခေါ်နေတာ မင်းက .."

"လေး က ကိုကြီးလို့ပဲခေါ်တာ .."

"အဲ့ဒါကို တစ်လုံးချိန်းလိုက်ရုံပဲကွာ .."

"တစ်လုံးချိန်းရုံနဲ့ မပြီးပါဘူး၊ ကိုကိုလို့ ခေါ်တာကြီးက .."

"မင်းပဲ မောင်နှမမဟုတ်လို့ လုလွန်း ခေါ်သလို မခေါ်ချင်ပါဘူး လို့ ပြောခဲ့ဖူးတာမို့လား .."

"အဲ့ဒါ တမင်ပြောတာ သုံးလုံးခေါ်ရတာ ချင်းလို့ .."

မောင် က ပြုံးလိုက်ပြီး လေး ရဲ့ ပခုံးလေးကို ဖက်လိုက်သည်။ လေး က အတိအကျဖယ်ချပစ်၏။ သူကလည်း ထပ်မကြိုးစားတော့ပါ။

"ဘာပဲဖြစ်ဖြစ် မောင်နှမ ခေါ်သလို ဆင်တူနေတာကြီးတော့ မခေါ်နဲ့ကွာ .. အလိုလိုကမှ ကိုယ့်ညီမ သူငယ်ချင်းအရွယ်လေးကို လက်ထပ်ခဲ့လို့ ကိုယ့်စိတ်နဲ့ကိုယ် နေရခက်နေတာ .."

"အဲဒါကြောင့် အရင်လိုပဲနေကြရင် နေရခက်စရာမလိုတော့ဘူးပေါ့ .. လေး နဲ့ ကိုကြီး လက်ထပ်ခဲ့ကြတာ မသင့်တော်တဲ့ အကြောင်းရင်းတွေကြောင့် လူကြီးတွေ ဆန္ဒအရပဲ၊ အခု လက်ထပ်ပြီးပြီ .. ကိုယ့်သဘောနဲ့ကိုယ် နေကြရင်ပြီးတာပဲ .."

"အဲ့ဒါက ဘာကိုပြောတာလဲ .."

"ဘာကိုပြောရမှာလဲ လင်မယားဆိုတာကြီးကို မေ့ထားလိုက်ပေါ့.."

"ဘယ်လောက်ကြာတဲ့အထိလဲ .."

လေး ဘာဖြေရမှန်းမသိ ..။

"တစ်နေ့နေ့မှာ မင်းနဲ့ ကိုယ် ကွာရှင်းကြမှာပဲလို့ တွက်ထားတာ လား .."

"မသိဘူး .. ဒါပေမယ့် လေး တို့ တစ်ယောက်နဲ့တစ်ယောက် ဘာမှမ ဖြစ်ကြတာ .."

"ဘာလဲ .. မင်း ကိုယ့်ကို ရင်မခုန်နိုင်တာလား .."



"ကိုကြီးကရော လေး ကို ဘယ်တုန်းက လူရာသွင်းတဲ့အကြည့်နဲ့ ကြည့်ခဲ့ဖူးလို့လဲ .. ဒီအိမ်မှာ လေး ကြောင့် စိတ်ပျက်လို့ ညည်းညူနေကြတဲ့ အသံတွေချည်းပဲ .."

"ကိုယ့်ကို ပြန်မမေးပါနဲ့ .. ကိုယ်က မင်းကို ရင်ခုန်နေပြီဆိုရင် လည်း မင်း ဆန္ဒမပါဘဲ ဘယ်အရာကိုမှ အဓမ္မယူမှာမဟုတ်ဘူး၊ အဲဒီ တော့ ကိုယ်လည်း မင်း ဆန္ဒကို မမေးတော့ဘူး၊ ဒီအိမ်ထောင်ရေးနဲ့ ပတ်သက်ပြီး ကွဲဖို့ကွာဖို့ထိ မင်း ဘယ်တော့မှ မစဉ်းစားပါနဲ့ .."

တည်ကြည်လေးနက်စွာ ပြောနေသည့်မျက်နှာကို လေး က စိုက်ကြည့်နေခဲ့၏။ ခုကျမှ လူကို ကောက်ကပ်မက်မောသွားတာတော့ မဖြစ်နိုင်ပါ။

သူ့အသက်အရွယ်နဲ့ လိုက်ဖက်တဲ့ ဆင်ခြင်မှုမျိုးပဲဖြစ်နိုင်သည်ဟု တွေးမိသည်။ ကိုယ်ကလည်း ခိုင်မြဲစေမယ့် ဘာညာမတွေးမိပေမယ့် ဖျက်ဖို့ပြင်ဖို့တွေလည်း စိတ်ကူးထဲမှာ မရှိခဲ့ပေ ..။

"ပြီးတော့လေ .. ကိုယ့်ကို ဘယ်လောက်စိတ်ဆိုးစရာတွေ့တွေ့ တီလေးတို့ လုလွန်း တို့နဲ့ ဘာပြဿနာရှိရှိ အိမ်ကထွက်သွားတာမျိုး ဘယ်တော့မှ မလုပ်ရဘူး .."

"ကိုကြီးက လေး မှာ သွားစရာအိမ်မရှိတော့ဘူးဆိုပြီး မှာနေတာ လား .."

"ဟုတ်တယ် .. ဘိုးဘိုးသော် ရှိနေရင် ဘယ်ပြောမလဲ၊ အခု မင်း ထွက်သွားရင် ကိုယ်တို့မသိတဲ့တစ်နေရာရာကို ရောက်သွားတော့မှာ၊ မင်း အဆင်ပြေနေလား မပြေဘူးလား ကိုယ်တို့ သိနိုင်မှာမဟုတ်သလို အန္တရာယ်တစ်ခုခုနဲ့ ငြိမိနေပေမယ့် ကိုယ်တို့ဆီ အကြောင်းမကြားနိုင် အောင် မင်း ဖြစ်နေတာမျိုးကြုံနေရင်လည်း ဘယ်သူဘာတတ်နိုင်မှာ လဲ .."

"လေး .. အဲဒီလို မိန်းမမျိုး မဟုတ်ပါဘူး .."

"ဘာလဲ .. ထွက်မသွားဘူးလို့ ပြောတာလား .."

www.burmeseclassic.com

www.burmeseclassic.com



"အင်း .."

"အိုခေ .. ကတိပေးပြီးရင်တော့ တည်ရတယ်နော် .."

လေး ခေါင်းညိတ်လိုက်ပြီး အတွေတွေထရပ်လိုက်စဉ် အိမ်မြောင် တစ်ကောင် လေး ရင်ဘတ်ပေါ် ဖက်ခနဲပြုတ်ကျလာ၏။

"အား ..."

အိမ်မြောင်မှန်းသိလိုက်တာနှင့် အော်လည်းအော်သည်။ ပုတ်ထုတ် ခါချပြီးမှ မောင့် ကို ခုန်ဖက်၏။

"လာပြီ .. အား .."

ပြုတ်ကျသွားသည့် အိမ်မြောင်က ဒီဘက်ကိုပဲ ပြန်ပြေးလာလျှင် မောင့် ကိုယ်ကို ဖက်ထားရင်း ပတ်ပြေးရာ မောင် ပါ တစ်ပတ်လည် နေ၏။

ပြီးတော့ သူမ ခြေထောက်လေးကို နင်းမိမှာစိုးလို့ ညှာနေရင်း မွေ့ရာစပ်ပေါ် လုံးထွေးလဲကျသွားခဲ့၏။

လေး မွေ့ရာပေါ်မှာ ပက်လက်လေးဖြစ်နေကာ သူမ မျက်နှာထက် မှာ မျက်နှာက သူ့လက်နှစ်ဖက်သာ ထောက်မထားလျှင် အိကြာကွေး ထက် ဆိုးသွားနိုင်၏။

ဒီအခြေအနေကျမှ လေး နောက်ထပ် ကြောက်ရွံ့စရာတစ်ခုကို သတိရလာသည်။ ပြန်ထဖို့ပေမယ့် ချထားသည့် ခြေထောက်တွေက သူ့ခြေထောက်တွေနဲ့ ငြိနေသည်။

သူ့လက်နှစ်ဖက်ကြားမှာ သူမ ကိုယ်လေး ညပ်နေသဖြင့် ..၊

"အိမ်မြောင်ကြောက်လို့ လန့်သွားတာ .. ဖယ်ပေး .."

"ခုတော့ ကိုယ့်ကိုကြောက်နေပြီလား ."

"ဟင့်အင်း .."

ဟင့်အင်းပြောသည့်အသံလေးက မသိမသာတုန်နေသဖြင့် သူ ပြုံး လိုက်မိကာ ..၊

"ခုနေ မင်းကို နမ်းလိုက်ရင် ဘာဖြစ်သွားနိုင်မလဲ .."



"အို .. မရပါဘူး၊ ဖယ်ပေးနော် .."

"ဘာဖြစ်လို့ မရတာလဲ .. မင်းကို ငါ ပိုင်တာပဲ .."

"ကိုကြီးပဲ ဖလေး သဘောမတူရင် ဘာမှ အဓမ္မမယူဘူးဆိုပြီးတော့.."

"အဲ့ဒီတော့ ကျွားသနားမှ နွားချမ်းသာမယ်ဆိုတာ သဘောပေါက် ပြီလား .."

"ကိုကြီးနော် .. အနိုင်ရနေတာကို တော်တော်ကျေနပ်နေတယ်.. ဟွန်း .."

"မင်းကို အနိုင်ရနေသရွေ့ ရန်ပဲဖြစ်နေရမှာကို ကျေနပ်စရာလား ကွ .. မင်းက သူများကိုအနိုင်ခံချင်တဲ့ မိန်းကလေးမှ မဟုတ်ဘဲ .."

"ဖယ်ပေးပါဆိုမှ .."

"မင်းနဲ့ ကိုယ် အပေးအယူတစ်ခုလုပ်မယ် .."

မောင် က လုံးဝဖယ်မပေးဘဲ လေး ရဲ့ မျက်နှာလေးကို စိုးမိုးကြည့် နေရင်း ..၊

"ကိုယ့်ကို ကိုကိုလို့ခေါ်ရမယ် .."

သူက ခဏနားပြီး လေး ဘာမှမပြောမှ ဆက်၍ ..၊

"အဲဒါ တစ်ခုပဲ မင်း လိုက်လျောပေး .."

"လေး က ဘာပြန်ရမှာလဲ .."

"မင်းက ဟင့်အင်းဆိုရင် ကိုယ် ဘာကိုမှ အဓမ္မမယူဘူး .."

လေး က စဉ်းစားခန်းဝင်၏။ ပြီးမှ ခေါင်းညိတ်လိုက်ကာ ..၊

"ဘာကိုမှနော် .."

သူမ မေးပုံလေးကြောင့် ပြုံးလိုက်မိသည်။ မျက်နှာလှလှလေး..ကို ငေးစိုက်ကြည့်ရင်း တော်တော်နဲ့ ခေါင်းမညိတ်ဖြစ်ခဲ့ဘဲ ..၊

"အိုခေ .. မင်း ပြောသလိုပဲ .."

သဘောတူခေါင်းညိတ်ပြီးတာနှင့် မတ်မတ်ပြန်ရပ်လိုက်ကာ သူမ ကို လက်ကမ်းပေးလိုက်သည်။ လေး က သူ့လက်ကိုအားမပြုဘဲ သူမ ဘာသာ ထရပ်လိုက်ပြီး ဆံပင်တွေအင်္ကျီတွေ သေသပ်အောင်ပြုပြင်၏။

www.burmeseclassic.com

www.burmeseclassic.com



"ရှင့် ညီမအရွယ်ဆိုတဲ့ ခံစားချက်ကြီး ရှင့်မှာ တော်တော်ဖိစီးနေတဲ့ပုံပဲ .."

"ရှင် ဆိုတာကြီးလည်း မကြိုက်ဘူး .."

"မတတ်နိုင်ဘူး .. ရှင် အစတည်းကထည့်ပြီးတောင်းဆိုထားရင်တော့ တစ်မျိုးပေါ့.."

"ခု တောင်းဆိုလို့လည်း ရပါတယ် .."

"ဟင် ..."

လေး က လျှင်သည်။ သူ စကားစလိုက်တာနှင့် လှည့်ကြည့်ရင်း နောက်ဆုတ်ရှောင်ပြီးဖြစ်ကာ ...၊

"ရမလား .. ဟွန်း .. ပြောကိုပြောဦးမှာ .. ရှင် .. ရှင်ကြီး .. ကဲ .."

ရွံ့စောင်းခေါ်သွားတာ မေးဖျားလေးပါ ပင့်နေသေးသည်။ ပြီးတော့ ဖျတ်ခနဲလှည့်ထွက်သွားတာ ဆံနွယ်တွေပါ လွှန့်ခနဲခါ၏။ မောင် သွားတွေပေါ်အောင်ရယ်ရင်း ဆံပင်တွေ သပ်နေမိသည်။

ဒီလို ခဏခဏစိန်ခေါ်နေရင်တော့ မလွယ် ...၊

ဂျ



အခန်း (၂၄)

"ဘာစားချင်သလဲ အဲ့ဒီထဲမှာ ဖွင့်ကြည့်ပြီး စားချင်တာလုပ်ခိုင်း.."

လေး အိပ်ရာထလာတော့ ဒေါ်ငြိမ်းချမ်း မျက်နှာက မကြည်လင်..။

စားပွဲပေါ်မှာ မုန့်ဘူးနှစ်ဘူးလောက်နဲ့ ကော်ဖီကရားလေးတစ်လုံး ပဲတွေ့ကာ စားပွဲကြီးတစ်ပြင်လုံး ပြောင်သလင်းခါနေတာတောင် အားမနာ ..။

အိမ်မှာဆို မုန့်တစ်ခုခုလုပ်မထားလျှင် မုန့်အမျိုးပေါင်းများစွာ စားပွဲပေါ်မှာ အပြည့် ..။

ဘိုးဘိုးက ဘရေ့ဖက်(စ်)ဆို မုန့်တစ်ခုလောက်နဲ့ ကော်ဖီပဲသောက်ပေမယ့် သစ်သီးတွေ အချိန်ပြည့်ထားပေးရသည်။ အများကြီးမဟုတ်ရင်တောင် ပန်းသီးဆို အနည်းဆုံးတစ်ခါစားလျှင် နှစ်စိပ်လောက်တော့ ခဏခဏစားတတ်၏ ။

ကော်ဖီသောက်ရင်း စကားပြောဖြစ်သွားလို့ ကြာသွားရင်တောင် သစ်သီးတစ်မျိုးလောက် ယူစားတတ်သေးသည်။

"မငြိမ်း တို့က စိတ်ရင်းကောင်းတွေပါ မီးလေးရယ်၊ သူတို့က နည်းနည်းတော့ စစ်တယ်၊ မီးလေးက သူတို့နဲ့ နေရတော့မှာဆိုတော့ ကွဲပြားခြားနားမှုတွေ သိပ်မလုပ်နဲ့နော် .." တဲ့ ...။

www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ပွဲပြီးတော့ အန်တီချို က ကပ်သင်သွားခဲ့သည်။ နည်းနည်းတော့ စစ်တယ်ဆိုတာ ကပ်စေးနဲတာကြီးကို ပြောတာမှန်း ခုမှပဲ သေချာသဘောပေါက်တော့သည်။

စားနေတဲ့မုန့်တွေကိုက အချိုတွေများများ ဈေးပေါပေါမုန့်တွေ ရယ် ..။

"လေး .. နင် စားပြီးပြီလား .."

"ဟင့်အင်း .."

လှလွန်း က သူငယ်ချင်းမျက်နှာကို မိုးလင်းတာနဲ့ တန်းမြင်ရသဖြင့် ပျော်နေကာ လေး အတွက်ပါ ခုံဆွဲပေးသေးသည်။

"လာ .. ဒီမှာထိုင်၊ ဒီခုံမှာ ကိုကိုကြီး ထိုင်နေကျဆိုတော့ နင်က ဒီမှာ .."

"ဟဲ့ .. ဖြော် .. ပေါက်ကရ၊ ယောကျ်ားလေးရဲ့ ညာဘက်မှာ ဇနီးမယား မထိုင်ရဘူးလေ၊ ညာဆိုတာ ညီမ အစ်မကိုထားတာ၊ ဇနီးက ဘယ်ဘက်မှာပဲထိုင်ရတယ်၊ မိသားစုဓာတ်ပုံတွေထဲမှာ နမနဲ့ မိန်းမကို ဒီနည်းနဲ့ ခွဲခြားကြည့်ရတယ် .."

"အဲ့ဒါ ဘယ်သူပြောခဲ့တာလဲဟင် .."

"ရှေးပညာရှိတွေရဲ့ စကားပေါ့ မယ်လှလွန်း ရယ် .. ညည်းလည်း စပ်စပ်စုစုတွေ တတ်နေပြီပဲ .."

ပြောရင်း လေး ကို မျက်လုံးဝေ့သေးသည်။

"ဘယ်မှာလဲ .. သားကြီးက မနိုးသေးဘူးလား .."

"မနိုးသေးဘူး .."

"မနိုးသေးရင် နှိုးရတယ်လေ၊ ဇနီးမယားဆိုတာ ကိုယ့်ကိုယ်ကိုယ် သန့်စင် စားသောက်ဖို့ပြင်ဆင်ပြီးတာနဲ့ ယောကျ်ားကို နှိုးရတယ်၊ ဒါတောင် မနက်လေးနာရီ ဆွမ်းထချက်ပြီး ဘုရားဆွမ်းတော်ကပ်တာ ဘုရားရှိခိုးတာတွေ မပါသေးဘူးနော် .. ပြီးတော့ ညည်း ကိုယ်တိုင်



ချက်ပြုတ်ပါလို့လည်း ကျုပ် မပြောသေးဘူး၊ ဘာမှ တတ်မှာမှမဟုတ်တာ .."

"တီလေးကလည်း .."

"တိတ်တိတ်နေစမ်း လှလွန်း .. ဒါ ငါ့ချွေးမဖြစ်နေပြီ၊ အလည်လာတဲ့ နင့်သူငယ်ချင်းမဟုတ်တော့ဘူး .."

ဒေါ်ငြိမ်းချမ်း က လှလွန်း ကို လှည့်အော်လိုက်ပြီးမှ လေး ကို ပြန်ကြည့်ကာ ..၊

"ယောကျ်ားမျက်နှာသစ်နေရင် တဘက်လေးကိုင်ထားပြီး စောင့်နေရတယ်၊ ပုဆိုးအင်္ကျီထုတ်ထားပြီးသားဖြစ်နေရတယ်၊ အင်္ကျီဝတ်နေရင်တောင် လက်လေးဆွဲတင်ပေး ကြယ်သီးလေးတပ်ပေးလုပ်ရတာတဲ့ .."

"အစတုန်းက အဲဒါတွေ သူ့ဟာသူ မလုပ်တတ်ဘူးလား .."

"ဘာရယ် .."

"လေး တောင် ခိုင်းရမယ့်လူတွေအနားမှာ ငါးယောက်လောက်ရှိပေမယ့် အင်္ကျီတော့ ကိုယ့်ဘာကိုယ် ဝတ်တတ်တယ်၊ နောက်မှာ ဇစ်ဆွဲဖို့တွေ ချိတ်တပ်ဖို့တွေ လိုရင်သာ .."

"ငါ့ကိုရွဲ့မေးနေတာလား ကောင်မလေး .. အိမ်ထောင်ကျပြီဆိုရင် ဒါတွေအားလုံးက ဇနီးမယားတာဝန်ပဲ ညည်း အိမ်မှာ နေခဲ့သလိုနေလို့ မရဘူး .."

"တီလေးကလည်း ထားလိုက်ပါဗျာ .. ဒီမှာ ကျွန်တော် နိုးနေပြီ.."

မျက်နှာက မကြည်မလင် နီတီတီနှင့် အိပ်ရေးမဝဘဲ ထလာရတဲ့ ပုံစံဖြစ်နေ၏။ မောင့်ကိုကြည့်ပြီး ဒေါ်ငြိမ်းချမ်း ဘာကိုမှန်းမသိဘဲ စိတ်တိုသွားမိကာ ..၊

"မင်းကိုလည်း ပြောထားမယ်နော် .. ငါဆုံးမနေရင် ဝင်မသိ ဝင်မထိုးနဲ့၊ ဒီကောင်မလေး ဆိုတာ နုံနုံအအလေးမဟုတ်ဘူး၊ အားလုံး ခေါင်းတက်နင်းသွားမှာ .."

www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါကြီးကိုပဲ နပ်နပ်စင်းပစ်ချင်တာ .."

ဘုရားရေ ..၊

မဲ့မဲ့ရွဲ့ရွဲ့နဲ့ ပါးစပ်ထဲထည့်လိုက်သည့် မုန့်တစ်ကိုက်က နှုတ်ခမ်းနား ရောက်နေသည့် ကော်ဖီပန်းကန်ထဲ ပြုတ်ကျလုလု ..။

"နပ်နပ်နပ်နပ်စင်းပစ်ချင်ရှာလို့ .."

"အောင်မယ်လေး နားကွဲပါပြီ .."

ရွှေနားပေ နားနားကပ်ပြီး နှစ်ခါထပ်အော်လိုက်သည့် လေး အသံကြောင့် မောင် နဲ့ လှလွန်း တို့ပါ ရှုံ့မဲ့သွားကြ၏။

"အဲ့ဒါကို နပ်နပ်စင်းပြီး .."

"ဟဲ့ .. တော်ပါတော့ .. တော်ပါတော့ .. အမလေး လေး .."

ကော်ဖီပန်းကန်ပြန်ချပြီး ဒေါ်ငြိမ်းချမ်း ကမန်းကတန်းထရပ်သည်။ မီးဖိုခန်းက တစ်ခန်းသပ်သပ်ပေမယ့် ပဝါပါးလေးပဲ ခြားထားတာမို့ ဟိုဘက်က အသံကြောင့် ဒီဘက်မှာ မနေနိုင် ..။

"ဒီကောင်မလေး .."

"ရှင် .."

"ညည်း ငါ့ကို စောင်းချိတ်ချင်တာလား၊ ရွှေနားပေ အကြောင်း မသိလို့လား .. ဟင် .."

ဒေါ်ငြိမ်းချမ်း လုံးလုံးကွကွနှင့် ပြေးဝင်သွားမှ လေး က လှည့်ကြည့်၍ ..၊

"တီလေးကို ဘာဖြစ်လို့ စောင်းချိတ်ရမှာလဲ .. ဒေါ်ကြီးရွှေ ကြားအောင် အော်ပြောနေရတာကို .."

"ရွှေနားပေ ကို နားနားကပ်အော်လေ .. သူ လန့်ဖျန့်ပြီး မကြားတော့လေပဲ၊ နောက်ဆို အမြဲမှတ် ကိုယ့်ဟာကိုယ် လုပ်နိုင်ရင်လုပ်၊ မလုပ်နိုင်ရင် သူ့ကို ပုံစံလုပ်ပြ .. မျက်နှာချင်းဆိုင်ပြောပြရင် တစ်ခါတစ်ခါ ပါးစပ်လှုပ်တာကြည့်ပြီး သူ ပုံဖော်တတ်တယ် .."



"ဟုတ် .."

"ဒီအိမ်မှာ ငါပဲ ကျယ်သလားမှတ်ပါတယ်၊ အဲ့ပါရဲ့တော် .. မိန်းကလေးငယ်ငယ်ရွယ်ရွယ်နဲ့ .."

"ဟုတ်လား .. ကြီးမှ ကျယ်ရတာလား .. လေး မကြားဖူးပါဘူး.."

"ဟယ် .."

"မကြားဘူးလို့မေးတာပါ၊ ကြီးကျယ်တယ်ဆိုတဲ့စကားက အဲ့ဒီက လာတာပေါ့ .. ဒါကြောင့် ငယ်ကျယ်တယ်ဆိုတာမရှိတာကိုး .."

"ဒီကောင်မလေး .."

ဒေါ်ငြိမ်းချမ်း စိတ်တိုသလောက် တအားအော်ပစ်လိုက်မိသည်၊ လေး ပခုံးလေးကျုံ့သွားပြီးနောက်တွန့်သွားလျက် ..၊

"ကြီးမှကျယ်ရတာ သိပါပြီ တီလေးရဲ့ .. မအော်ပါနဲ့တော့ .."

လေး မျက်နှာလေးရှုံ့မဲ့နေကာ နားကိုကလိရင်း မကြားတကြားနှင့် ..၊

"နားကို အူသွားတာပဲ တကယ်ပါပဲ .. ရှားတယ် .."

"ဘာပြောလိုက်တယ် .."

"ကဲပါ တီလေးရယ် .. လေး က ဟင်းချက်နိုင်းနေတာမို့လား .. လာပါ .. ကော်ဖီပြီးအောင်သောက်ပါ .."

လှလွန်း က ရယ်ရင်း ဒေါ်ငြိမ်းချမ်း ကို လက်ဆွဲခေါ်သွား၏။ လေး ကိုလည်း မျက်စိမှိတ်ပြသွားသေးသည်။

"ဟင်း .. ဟင်း .. ငါမပြောလိုက်ချင်ဘူးနော် ဒီကောင်မလေး .."

ပြန်ထိုင်ပြီးမှ လက်သီးဆုပ်နှင့် စားပွဲကို နှစ်ချက်လောက်ထုပစ်မိ၏။ ထို့ပြင် ရှေ့တည့်တည့်မှာ ကော်ဖီသောက်နေသည့် မောင့် မျက်နှာက မချိုမချဉ်ဖြစ်နေရာ ..၊

"မင်းက ဘာဖြစ်နေတာလဲ မျက်နှာက စပရင်တွန့်နဲ့ .."

"ဘယ်မှာလဲ မတွန့်ပါဘူး .."

www.burmeseclassic.com



ပြောပြီး မျက်နှာကို ကြောင်တောင်တောင်ပြန်စမ်းနေသေးသည်။ ဒေါ်ငြိမ်းချမ်း ကိုယ့်ကိုယ်ကိုယ် ဘယ်ဘဝရောက်နေမှန်းတောင် မသိတော့ပါ။

ဒီကလေးတွေ လူကို ရယ်စရာအရုပ်တစ်ရုပ်ထင်နေကြသလား ..။

"ဒါက ဘယ်လဲ .."

"ပြီးပြီလေ .."

"ခုပဲ မင်္ဂလာဆောင်ပြီးတယ် .. အလုပ်ကသွားဦးမလို့လား .."

"မသွားပါဘူး .."

ပြောပြီး မီးဖိုခန်းဘက် လှည့်သွားသဖြင့် ဒေါ်ငြိမ်းချမ်း ၏ မျက်ဆောင်းတစ်ချက် မောင့် ကျောပြင်ကို ပစ်မှန်သွားသည်။

"ဘာစားချင်လို့လဲ ချာတိတ် .."

"ဟင် ..."

လေး က လှည့်ကြည့်ပြီးမှ ပြန်လှည့်သွားကာ ..။

"ဒီမနက်တော့ ကော်ဖီနဲ့ မုန့်ပဲ သွားစားလိုက်ပါကွာ .. နောက်နေ့တွေဆို ညဘက်တည်းက မနက် ဘာစားချင်သလဲစဉ်းစားပြီး ကိုယ့်ကို ပြောထား .. ဒေါ်ကြီးကို ကိုယ်မှာထားပေးမယ် .."

"ဘရေ့ဖက်(စ်)စားဖို့ကို ညတည်းက စဉ်းစားထားရအောင် လူတွေ က စားဖို့သောက်ဖို့ချည်းပဲ အချိန်ပြည့်တွေးနေကြတာမှမဟုတ်တာ ကိုကိုရဲ့ .."

လေး ရဲ့ ကိုကိုဆိုတာလေးကြောင့် မောင့် ရင်ထဲမှာ ဖျတ်ခနဲ တစ်ချက်ခါသွားသည်။ ဘယ်လိုခံစားမှုမျိုးလဲဆိုတာမသိပေမယ့် ဒီကောင်မလေးကပဲ အသွင်ပြောင်းသွားတာလိုလို ..။

"ပြီးတော့ အဲဒီပေါ်က မုန့်တွေလည်း လေး မကြိုက်ဘူး .."

"ဒါဆို ဘာမုန့်နဲ့စားချင်လဲ ကိုယ် အခုသွားဝယ်ပေးမယ် .."

"ဟင့်အင်း .. လန့်ချိုပဲ တစ်ခါတည်းစားတော့မယ်၊ ဒီမှာ ဒေါ်ကြီးရွှေ



ကို ငါးခူစဉ်းကောလေးလုပ်ပေးဖို့ ပြောနေတာလေ၊ နုပ်နုပ်စင်းထားတာကို စင်းကောလို့ခေါ်ပါကယ်ဆိုမှ လေး ပြောပြတာလည်းမသိဘူး .."

မောင် က ရွှေနားပေ နဲ့ ရှေ့မှာချထားသည့်ငါးကို သွားငုံ့ကြည့်ကာ ..။

"အဲ့ဒါ ငါးခူမဟုတ်ဘူးလေကွာ .. ဒီလောက်အကြီးကြီးကို ဘယ်လိုစင်းမလဲ၊ ဒါကြောင့် မင်းပြောနေတာကို မကြားတာနဲ့ ဘာလုပ်ရမှန်းမသိတာနဲ့ သူ ယောင်နေတာ .."

"အဲဒါ ငါးခူမဟုတ်ဘူးလား .."

"မဟုတ်ဘူး .. ငါးခူမဟုတ်ဘူးလား .."

"မဟုတ်ဘူး .. ငါးခူတို့ ငါးကျည်းတို့က မဲမဲလေးတွေလေ၊ နှာခေါင်းပေါက်နားမှာ အမွေးတွေနဲ့ ငါးခူနှုတ်ခမ်းမွေးဆိုတာ မကြားဖူးဘူးလား .."

"ဟင့်အင်း .."

"အခု မှတ်ထားလိုက်တော့ .. ဒါ ငါးခူမဟုတ်ဘူး .."

"မဟုတ်ရင် ဘာငါးလဲ .."

"အဲ!...."

ငါးကိုပြန်ကြည့်ပြီး မောင် နဖူးကုတ်၏။ ပြီးတော့ ရယ်ကျဲကျဲနှင့် ..။

"ငါးကြင်းလား .. ဒါမှမဟုတ် ငါးချင်းတွင်းဆိုလား ငါးကြင်းလိုပဲကွာ .. အဲဒါမှမဟုတ်ရင် ငါးသလောက်လား မသိဘူး .."

"ကျန်သေးတယ် မောင် .. ထပ်စဉ်းစားဦး၊ ငါးဖီးမတို့ ငါးရံ့တို့ ငါးပတ်တို့ ငါးခေါင်းပွ .."

"တီလေး .."

နောက်မှာ ခါးထောက်ရပ်နေသည့် တီလေးကို လှည့်ကြည့်ပြီး မောင် က ရယ်ကာ ..။

www.burmeseclassic.com

www.burmeseclassic.com



"သိရင်လည်း ပြောပြလိုက်ပါလား .. ကျွန်တော်လည်း သေချာ
မသိတာ .."

"ယောကျ်ားလေးက မသိရင် ထားလိုက်ပါဦး၊ ညည်းလေးက
ခိန်းကလေးလေ မချက်ပြုတ်တတ်ရင်တောင် ငါးလောက်ကတော့ သိရ
မှာပေါ့ .."

"လေး မှ မကိုင်ဘူးတာ .."

"မကိုင်ဘူးလည်း မြင်တွေ့နေရတွေပဲလေ .."

"ငါးမြင်ရင်တော့ ငါးမှန်းသိပါတယ် .."

"တော်လိုက်တာအေ .."

"လေးက အပိုပြောနေတာမဟုတ်ဘူး တီလေးရဲ့၊ သူ့အိမ်မှာဆို
နက်အိပ်ရာကထရင် သွားပွတ်တံပေါ်သွားတိုက်ဆေးလေးပုံပြီး နှစ်
ယောက်သုံးယောက်က မျက်နှာသစ်တဲ့ဝေယျာဝစ္စလုပ်ပေးကြတာ .."

"မျက်နှာသစ်တာလေးကို နှစ်ယောက်သုံးယောက်က ဘာလုပ်
ကြတာလဲ .."

လှလွန်း က လေး တို့ဆီမှာ ဘုရားကိုးဆူပူဇော်ပွဲလုပ်တိုင်း အိမ်မှာ
လိုက်အိပ်ဖူးတာမို့ သေချာသိနေတာတွေကို ပြောပြတာဖြစ်၏။

"မျက်နှာသစ်ဖို့လေးပဲတော့ ဘယ်ဟုတ်မလဲ ဖြီးတာလိမ်းတာတွေ
ဘရေ့ဖတ်စ်စားတာတွေအထိ အဲဒီသုံးယောက်က လေး နားမှာပဲလေ၊
ချက်ပြုတ်တာက နှစ်ယောက်သုံးယောက်သပ်သပ် .."

"မီးဖိုချောင်မှာ နှစ်ယောက်သုံးယောက်ကြီး မလိုပါဘူးအေ .."

"တကယ်တမ်းကျတော့ ထောင့်ကိုစေ့နေတာပဲသိလား၊ သားငါး
ကိုင်တဲ့သူကကိုင်၊ တောင်းထုတာ ဟင်းရွက်ခြွေတာကသပ်သပ်၊ ကိုင်
တွယ်သွားသမျှကို နောက်ကသန့်ရှင်းရေးလိုက်လုပ်တာက တစ်ယောက်
လေ .. သုံးယောက်တောင်ဆိုပြီး လက်ရှုပ်နေတယ်ထင်လို့လား၊ ဘာမှ
ရှုပ်ဘူး .. မီးဖိုခန်းကြီးကျယ်သလောက် လက်လက်ကိုတောက်နေတာ



ပဲ .."

"အံမယ် .. ကျုပ်အိမ်မှာရော လက်လက်မတောက်လို့လား .."

လေး ရှေ့မှာ ဒါတွေပြောမနေစေချင်သောကြောင့် ဒေါ်ငြိမ်းချမ်း
က လှည့်ထွက်လာလျှင် လှလွန်း က ပါလာပြီး ..၊

"သမီးတို့အိမ်မှာ လက်လက်တောက်တာက ဒေါ်ကြီးရွှေ ဖက်ဖက်
မောနေရတာလေ၊ တီလေးရော အေးဆေးနေရလို့လား၊ ဟိုအိမ်မှာ သမီး
အဲ့ဒီလိုလူတွေများတာကိုပြောမိတော့ ဘိုးဘိုးသော် က ဘာပြောလဲသိ
လား .."

"အင်း .. ဘာတဲ့လဲ .."

"ဘယ်သူပဲဖြစ်ဖြစ် စိတ်ပန်းလာရင် နှုတ်ကြမ်းတယ်တဲ့၊ နှုတ်ကြမ်း
ရင် ကိုယ်လည်းကြမ်းတယ်တဲ့၊ ကိုယ် ပိုက်ဆံပေးထားတဲ့အလုပ်သမား
ကမယ့် ကိုယ်က ညှာမှ သူတို့သက်သာမယ်တဲ့၊ သက်တောင့်သက်သာ
လုပ်နေရတဲ့အလုပ်ဆိုတော့ မငြီးငွေ့ဘူး၊ မငြီးငွေ့တော့ အလုပ်ပေါ်မှာ
ပြေပြေပြစ်ပြစ် ကျိန်ဟယ်ဆဲဟယ်မရှိတော့ဘူးတဲ့ .."

"အောင်မယ်လေးဟယ် .. ငါတို့ ရွှေနားပေ ဆို ဘယ်တော့မှ မပြ
ရူပါဘူး၊ ကျိန်ဆဲဖို့ဆိုဝေးရော .."

"တီလေး ကြားအောင်တော့ ကျိန်နေပါ့မလားလို့ .."

ဒေါ်ငြိမ်းချမ်း အသံတိတ်သွား၏။

"ဟုတ်လည်း ဟုတ်ဘာပဲ တီလေးရဲ့၊ လူများတော့ တာဝန်တွေ
ကိုယ်စီနဲ့ ဖြစ်သွားရော ကိုယ့်တာဝန်ကိုယ်ယူကြတော့ သူတို့ကို မြင်လိုက်
ရင် အသက်နှစ်ဆယ် အစိတ်အရွယ်တွေလည်း လှနေတာပဲ၊ သုံးဆယ်
လေးဆယ် အမျိုးသမီးတွေဆိုလည်း သပ်သပ်ယပ်ယပ်ကြည်ကြည်လင်
လင်တွေပဲ .."

ဒေါ်ငြိမ်းချမ်း လေး နေလာခဲ့တဲ့ဘဝကို ထဲထဲဝင်ဝင်သိလိုက်ရသဖြင့်
ရင်လေးသွားခဲ့မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ လေး ကိုလည်း ချစ်ကြတယ်သိလား၊ ခေါင်းဖြီးပေးတဲ့လူကလည်း မထိရက်မကိုင်ရက်သလို တယုတယနဲ့၊ ဖိနပ်လေးစီးပေးတာ .. နားဆွဲလေးတွေ ချိန်းပေးတာကအစ နောက်ပြီး လေး ပြင်ဆင်ပြီးရင် သူတို့က ရှေ့ကကြည့်လိုက်၊ နောက်ကကြည့်လိုက်နဲ့ သဘောတွေကျနေကြတာ .."

"ဟွန်း ..."

"မမလေး အပြင်မှာ အကြာကြီးနေရင် ကျွန်မတို့ မနေတတ်တော့ဘူး၊ မမလေးကိုပဲ မျှော်နေတာလို့ပြောတဲ့လူနဲ့ .."

"ဖားတာပါအေ .."

"မဟုတ်ပါဘူး၊ မမရဲ့ ဝေယျာဝစ္စလေးတွေလုပ်ပေးနေရတာကို အရမ်းပျော်တာပဲလို့ပြောတာလည်း စိတ်ရင်းနဲ့ ပြောမှန်းသိသာနေတာကို .."

"ခုကျတော့ အဲဒီဟာလေးတွေ အလုပ်ပြုတ်ကုန်ပြီလား .."

လှလွန်း က ဖြေနိုင်မှာမဟုတ်ပေမယ့် ချိုမိုင် ကိုတော့ မေးကြည့်မိ၍ စိတ်ကူးပေါက်မိသည်။ ဒေါ်ငြိမ်းချမ်း အဲ့လောက်ထိ စိတ်ဝင်စားသွားဘာဖြစ်၏။

"တီလေး .. တီလေး စိတ်ဝင်စားမယ့် လေး အကြောင်းနောက်တစ်ခုရှိသေးတယ် သိလား၊ ပြောရမယ်ဆို နှစ်ခုတောင် .."

"ဘာလဲ .. စိတ်မဝင်စားချင်လည်း သိထားဖို့တော့ လိုတာပဲကို .. ပြော .."

"လေး က မီးဖိုချောင်က ညှော်နံ့တွေ တအားမိသွားရင် မူးတတ်တယ် .."

"အောင်မယ်လေးတော် .."

"ဟုတ်တယ် .. ပြီးတော့ သားစိမ်းငါးစိမ်းနံ့တွေ မခံနိုင်လို့ ဘယ်တော့မှ မီးဖိုချောင်ထဲမဝင်ခဲ့ဖူးဘူး၊ အဲဒါကြောင့် လေး ဘာမှသိမှာမဟုတ်ဘူး .."



"မြတ်စွာဘုရား .."

"အဲဒါကြောင့် သူ မသိတာတွေပြောရင် တီလေး ခွင့်လွှတ်လိုက်တော့ .."

"ဖြစ်ရလေ ငါ့ဘဝရယ် .."

"တီလေးကို ရွှံ့နေတယ်ထင်မှာစိုးလို့ ကြိုပြောထားတာ .."

"လက်စသတ်တော့ ညည်းလေးက သူ့ကို ငြိုငြင်မှာစိုးလို့ ကျုပ်ကို ကြိုတင်အသိပေးနေတာပေါ့လေ .."

"မဟုတ်ပါဘူး တီလေးရယ် .. စကားနည်းရန်စဲလေ .."

"မတတ်နိုင်ဘူးအေ .. စဲချင်မှလည်းစဲမယ်၊ နည်းချင်မှလည်း နည်းမယ် အိမ်ထောင်ကျကာမှတော့ အပျိုလိုနေလို့ရမလား ကိုယ့်ရွာမှာ ကြက်ဖ .. သူများရွာမှာ ကြက်မ .."

"အဲ့လိုသာဆိုရင် လေး တော့ နားရမှာကိုမဟုတ်တော့ဘူး .."

"ဘာ .. ဘယ်လို .."

"အလုပ်တွေ ကျုံးလုပ်ရတော့မှာလေ၊ ကြက်မလေးလို ငြိမ်ဝပ်ပိပြားလာတာနဲ့ ဒေါ်ကြီးရွှေ လို ဂိုဏ်းဝင်သွားမှာပေါ့၊ စိတ်တောင်မကူးပါနဲ့ တီလေးရယ် .. နော် .. တီလေး တိုက်ကြီးအကြီးကြီးမှာ ဒေါ်ကြီးရွှေ တစ်ယောက်တည်းထားပြီး ခိုင်းနေတာ၊ လေး ရောက်လာပြီဆိုပြီး .."

"လှလွန်း ရေ .."

"ရှင် .."

"ညည်းက ကျုပ်ကို ကျွန်ပိုင်ရှင်စံနစ်ထဲက လမ်းထွက်လျှောက်လာတဲ့ ကျွန်ထိန်းများမှတ်နေလားဟင် .."

"မှတ်တော့ မမှတ်ပါဘူး .."

"မမှတ်ရင် မပြောနဲ့ ချေးမနဲ့ အလုပ်သမားတော့ ငါ ခွဲခြားနိုင်တယ် .."

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ငြိမ်းချမ်း ရင်ထဲမှာ တကယ်ရှိနေတာက လေး ကို ပြောဆို မနိုင်မှာ စိုးရိမ်နေသည့်စိတ်ပဲဖြစ်သည်။

ဒီလောက်ထိ အတွင်းကျကျမသိခဲ့ပေမယ့် လေး ကို ဦးသော်တာ တစ်ဦးတည်းသော မြေးလေးမို့ ဘယ်လောက်ထိ ချစ်မြတ်နိုးစွာ အလို လိုက်အကြိုက်ဆောင်ထားခဲ့သလဲမှန်း သိပြီးသား ..။

ဒါကြောင့် ဒီမိန်းကလေးကို ငါ ချုပ်ကိုင်ထားနိုင်မှ ဖြစ်မည်ဆို သည့် သတိချပ်ခြင်းဖြင့် ခပ်တင်းတင်းခပ်မာမာဆက်ဆံနေရတာဖြစ်သည်။

ပြီးတော့ ကိုယ့်တူ မျက်နှာကလည်းရှိသေးသည်။ မနေ့ကမှ လက် ထပ်ပြီးခဲ့သည်၊ ဒီမနက် မောင့်ရဲ့ မျက်ဝန်းတွေမှာ လေး ကို ချစ်မြတ် နိုးသည့်အရိပ်တွေမြင်နေရပြီ ..။

ဒီကောင်မလေးကို သူမလည်း ချစ်ခင်ယုယဖို့သာ ကြိုးစားရတော့ မှာပါ ..။

ဒါပေမယ့် ခုတော့ ..၊

ဂ



## အခန်း (၂၅)

"အဆင်ပြေရဲ့လား မီးလေး .."

"ပြေပါတယ်၊ အန်တီချို က လေး ဆီ ဘာဖြစ်လို့ မလာတာလဲ ဟင် .."

"အလုပ်အရမ်းရှုပ်နေလို့ပါ မီးလေးရယ် .."

"အလုပ်ရှုပ်နေလည်း ခါတိုင်းတော့ တစ်ပတ်နှစ်ရက်လောက် တော့ အိမ်မှာလာနေတာလဲ .."

"အဲဒါက မီးလေးကတစ်ယောက်တည်းရယ်လေ၊ အန်ကယ်လ် သော့် ကျန်းမာရေးကိုလည်း ဂရုစိုက်ချင်တာကိုး ကလေးရဲ့၊ အခု မီးလေး က မိသားစုရှိသွားပြီ ကိုယ်ကမချစ်တဲ့လူကို ယူရတယ်ဆိုရင်တောင် လုလွန်း က မီးလေးရဲ့ အချစ်ဆုံးသူငယ်ချင်းလေးလေ .. ပြီးတော့ သူစိမ်း တွေမှ မဟုတ်ကြတာ .."

"အန်တီချို ပြောသလို လေး ပျော်နေရရင် သိပ်ကောင်းမှာပဲ .." တစ်ဖက်က အသံတိတ်သွားတော့လည်း လေး စိတ်မကောင်းနိုင်..၊

"ဒါပေမယ့် လေး စိတ်တော့မဆင်းရဲပါဘူး .. ဟိုလေ .."

"အင်း .. ပြောလေ မီးလေး .."

"ဟို .. အန်တီချို လာရင်တော့ လေး အတွက် ဘာကင်တစ်ခြမ်း

www.burmeseclassic.com

www.burmeseclassic.com



လောက်ရယ်၊ ဝက်စတူးတစ်ပွဲလောက်ရယ် .. ပြီးတော့ ..”

“နေပါဦး သမီးလေးရယ် .. မှာတာတွေက သွားရည်စာလည်း မဟုတ်ပါလား၊ ထမင်းစားမကောင်းလို့လားဟင် ..”

“ဟုတ်တယ် ..”

ပြောပြီးမှ ပတ်ဝန်းကျင်ကို ကြည့်ရသေးသည်။ ပြီးတော့ ပေါင်ပေါ်တင်ထားသည့် စာအုပ်ကြီးကို ဘေးကစာအုပ်တွေ ဖရိုဖရဲပေါ် ဖြစ်သလို တွန်းချပစ်လိုက်ပြီး ထရပ်ကာ ..။

“လေး ဒီရောက်တည်းက ဘာမှ မယ်မယ်ရရစားလို့မဝင်ဘူး၊ အပြင်ထွက်စားမယ်ဆိုတော့လည်း ..”

“အပြင်ထွက်စားစရာလား မီးရယ် .. ကိုယ်က အိမ်ထောင်ရှင်ဖြစ်နေပြီလေ ..”

“အဲဒီအိမ်ထောင်ရှင်ဆိုတာကြီးကြောင့် ဆင်ခြင်နေရတာ အပြင်လည်း မထွက်ရဘူး၊ ပိုက်ဆံလည်း မသုံးရဘူး၊ အပေါ်စားမုန့်တွေလည်း မျိုချရတယ်၊ ဘယ်လိုကြီးမှန်းမသိ ချက်ထားတာတွေလည်း စားနေရတယ်၊ မကောင်းတာကို မကောင်းဘူးပြောပြန်ရင်လည်း ကိုယ့်ဘာသာချက်ပါလားလို့ပြောတာက တစ်မျိုး ..”

“အဲဒါတွေကို ..”

“မနက်လေးနာရီ ငါးနာရီ ဘုရားထရှိခိုးရင်လည်း ဓမ္မာရုံဆွမ်းပတ်က ဆွမ်းချက်ဖို့နှိုးတဲ့ အသံချဲ့စက်ကမှ တိုးနေသေးတယ်၊ ဟို ရှေးရိုးစကားလေ ကြက်မတွန်လို့ မိုးမလင်းဘူးဆိုတာ အိမ်မှာတော့ တီလေးကြောင့် မိုးလင်းတာပါပဲလို့ စာဆိုပြင်လိုက်ချင်သေးတယ် ..”

“လေး .. မီးလေး တော်ပါတော့ အနားမှာတစ်ယောက်ရှိလို့ ကြားသွားမှဖြင့်ကွယ်၊ အဲဒီလိုမပြောရဘူး မီးလေး ငရဲကြီးမှာပေါ့ ..”

“တီလေးကို ကြက်မလို့ပြောတာမှ မဟုတ်တာ ..”

“မဟုတ်ပေမယ့် ..”

“မဟုတ်ရင်ပြီးတာပဲပေါ့ .. လေး အဲဒီအသံကြောင့် အိပ်ရေးမဝဘဲ



အဆောကြီးနိုးနိုးနေရတယ်၊ အဲဒါကစပြီး တစ်နေကုန် စိတ်မကြည်တော့ဘူး၊ တစ်ခါတလေ ခေါင်းတွေကိုက်သေးတယ်၊ ထမင်းစားတဲ့အချိန်ကောင်းကောင်းလေးစားရရင် တော်သေးတာပေါ့၊ ခုတော့ ဟင်းချက်ရင် အများဆုံးမှ သုံးမျိုးပဲ၊ ပြီးတော့ ငါးပိရည်တွေ တို့စရာတွေရောစားပွဲပေါ်မှာ ဟင်းရွက်ခင်းကြီး သောင်တင်နေတဲ့အတိုင်း ..”

“မီးလေးရယ် .. ဖြည်းဖြည်းပြောပါ၊ အန်တီချို မမှတ်မိတော့ဘူး..”

“မှတ်မိမလား အန်တီချို က လေး ပြောနေတာတွေကို စိတ်ညစ်လက်ညစ် နားထောင်နေတာ ..”

“မဟုတ်ပါဘူး ကလေးရယ် ..”

“လေး သိတယ် .. အန်တီချို လည်း ဒီမှာအဆင်ပြေအောင်နေဖို့ပဲ ပြေ့မှာ ..”

“အန်တီချို မတိုက်တွန်းဘဲ မီးလေးက လေးလေးနက်နက်တွေးတတ်ရမှာလေ၊ ဒါက အိမ်ထောင်ရေးဖြစ်သွားပြီ၊ မီးလေး စားချင်တာတွေ အန်တီချို ဝယ်ပေးချင်ပေမယ့် မုန့်ပဲသွားရည်စာဆို တော်သေးတယ်၊ ဟင်းလျာတွေ အန်တီချိုသယ်လာရင် အိမ်ရှင်ကို စော်ကားသလိုဖြစ်သွားမှာ ..”

လေး ဘာမှမပြောဘဲ ငြိမ်သွားသည်။

“အဲ့ဒါကလည်း သူတို့ အန်တီချို့ ကို ဘယ်လိုထင်ထင် ဂရုမစိုက်ပါဘူး၊ မီးလေးက သူတို့နဲ့ ကျန်ခဲ့ရမှာလေ၊ မီးလေးကို ငြိုငြင်ကြမှာစိုးလို့ပါ၊ ဒါပေမယ့် စိတ်ညစ်မသွားနဲ့နော် .. အခု စားချင်တာတွေအကုန်လုံးပြော အန်တီချို တစ်ခုမကျန်ဝယ်လာမယ်၊ မီးလေးက အန်တီချို့ ကို မှာထားတယ်လို့တော့ ပြောမထားနဲ့ ဟုတ်ပြီလား ..”

လေး မျက်နှာလေးပျက်နေကာ အသံတိတ်ခေါင်းညိတ်လိုက်မိသည်။ ပြီးမှ အန်တီချို မမြင်နိုင်တာတွေးမိပြီး ..။

“ဟုတ် ..”

“မီးလေး အန်တီချို့ ကို စိတ်မကောက်နဲ့နော် ..”

www.burmeseclassic.com

www.burmeseclassic.com



"မကောက်ပါဘူး .."

"လိမ္မာတယ် ကလေးက၊ မီးလေးကို မမငြိမ်း အရမ်းပြောတာ ဆိုတာတွေ လုပ်လားဟင် .."

"ဟိုတုန်းကလိုပါပဲ .."

အန်တီချို အသံတိတ်သွားတော့ စိတ်မကောင်းဖြစ်သွားပြီကို သိလိုက်ကာ ..၊

"သူလည်း လေး ကို ညှာပါတယ်၊ အိပ်ရာစောစောထဖို့လည်း မပြောဘူး၊ ဘာလုပ်ပါ ညာလုပ်ပါလည်း မခိုင်းဘူး၊ ဒေါသထွက်နေတတ်တာပဲရှိတာပါ .."

"အေးပါ .. မီးလေးရယ်၊ တစ်ယောက်သဘော တစ်ယောက် သိသွားကြရင် ပျော်စရာကြီးဖြစ်သွားမှာပါ၊ သူက ကောက်ကျစ်တဲ့စိတ်ထားမျိုးမရှိဘူးဆိုတာ အန်တီချို ယုံကြည်တယ်၊ ပြီးတော့ မီးလေးကို အနေ ပြောနေပေမယ့် ဟိုတုန်းတည်းက မြင်တွေ့လာခဲ့တဲ့ သံယောဇဉ်နဲ့ အခု ချွေးမလေးဖြစ်သွားတော့ မကြာခင် ချစ်လာမှာပါ .."

"လေး ကလည်း တီလေးကို ခင်ပါတယ်၊ သူပြောတိုင်းလည်း စိတ်မဆိုးပါဘူး၊ လေး မခံနိုင်တာပါလာရင် ပြန်ပြောလိုက်တာပဲ၊ အဲ့ဒါကြောင့် စိတ်ထဲမှာ ဘာမှခံစားမကျန်ခဲ့ဘူး .."

"အေး .. အေး .. မီးလေးက အစကတည်းက အရမ်းဖြူစင်ပြီးချစ်ဖို့ကောင်းတဲ့ ကလေးလေးပဲ၊ အန်တီချို သိတာပေါ့၊ ဒါနဲ့ မောင် ကရော မီးလေးကို ကြင်ကြင်နာနာရှိလားဟင် .."

"သူ ကြင်နာချင်တိုင်းကြင်နာလို့ရမလား .. ချစ်သူတွေမှ မဟုတ်ဘဲနဲ့.."

"အို .. အဲ့လိုကြီးမလုပ်နဲ့လေ၊ မိန်းမသားဆိုတာ ကိုယ့်ယောကျ်ား မျက်နှာသာပေးခြင်းနဲ့ ရပ်တည်ရတာ မီးလေးရဲ့၊ ကိုယ့်ယောကျ်ား ကိုယ့်ဘက်မပါရင် ယောက္ခမအိမ်မှာ မျက်နှာတွေအများကြီးနဲ့ .."

"အန်တီချို ရယ် .. အဲဒါတွေက သူတို့အခြေအနေနဲ့ သူတို့အကြောင်း



တွေပါ၊ ခုခေတ်မှာ ယောကျ်ားကိုသေအောင်ပြုစု၊ ယောက္ခမ ယောက်မတွေကိုဖားပြီး ခိုကပ်နေတဲ့မိန်းမမျိုးတွေမရှိတော့ဘူး၊ ခိုချင်တိုင်းလည်း ခိုလို့မရတော့ဘူးလေ .. မောင်တစ်ထမ်း မယ်တစ်ရွက်ရှာစားနေရမှတော့ ဘယ်သူ့ကို မျက်နှာလိုမျက်နှာရလုပ်ရမှာလဲ .. ဟွန်း .."

"ဒါကျတော့ စကားတွေတတ်လှချေလား ငါ့ကလေးလေးက .."

"စာအုပ်ထဲမှာ ဖတ်ဖူးသမျှတွေ လေး အကုန်သိတယ်၊ ခုလည်း လေး က သူတို့အိမ်မှာ ခိုကပ်နေမှာမှမဟုတ်တာ၊ ဘိုးဘိုးနဲ့လည်း ခွဲမနေနိုင်ဘူး၊ ခွဲနိုင်ရင်တောင် ဘိုးဘိုးကို တစ်ယောက်တည်း ပစ်မထားဘူး၊ ဘိုးဘိုး ပြန်လာတာနဲ့ ဟိုကိုပြန်သွားမှာ .."

အန်တီချို အသံတိတ်သွားပြန်သည်။

"အန်တီချို နော် .. ဘိုးဘိုးဆီ မေးလ်တွေပို့ပြီး လေး ပြောတာတွေ ပြန်မပြောနဲ့၊ အိမ်ထောင်ရေးဘာညာတွေကိုငဲ့ပြီး လေး ပြန်လာနေမှာ [illegible]းတာနဲ့ ဘိုးဘိုး အချိန်တွေဆွဲနေလိမ့်မယ် .."

"ဟင်း ..."

"သက်ပြင်းချလိုက်တာလား .."

"အင်းပေါ့ .. မီးလေးက အိမ်ထောင်တစ်ခုကို ရိုးမြေကျ ပေါင်းဖက်မယ်လို့မှ မဆုံးဖြတ်သေးဘဲ မောင့်ကိုပဲ ကြည်ဖြူနိုင်အောင် ကြိုးစားပါလားကွယ်၊ မောင်က ဗိသုကာတစ်ယောက်လည်းဖြစ်တယ်၊ ရုပ်ရည်လေးအသင့်အတင့်နဲ့ အားကိုးချင်စရာယောကျ်ားမျိုးပါ၊ ပြီးတော့ လေ .."

"အန်တီချို ကလည်း .."

"ပြောတာကို ဆုံးအောင်နားထောင်ပါဦး မီးလေးရဲ့၊ အန်တီချို မမငြိမ်း နဲ့ ဖုန်းပြောတုန်းကတောင် နည်းနည်းမေးကြည့်သေးတယ် ကလေးတွေ အဆင်ပြေပါ့မလားလို့လေ .."

"ဘယ်လိုလုပ်ပြေမှာလဲ .."

"ဒါပေမယ့် မမငြိမ်း ကတော့ မောင်က သံယောဇဉ်ရှိခဲ့တဲ့ပုံပဲလို့

www.burmeseclassic.com

www.burmeseclassic.com



ပြောတယ်၊ အန်တီချို လည်း မင်္ဂလာပွဲဘုန်းက မြင်တယ်လေ၊ မောင်က မီးလေးကို တကြည့်ကြည့်နဲ့ပါ ..”

“ကြည့်ရမှာပေါ့ .. လေး က လှနေတာကိုး ..”

“အဟွန်း .. ဟွန်း ..”

“မဟုတ်လို့လား .. ဘာရယ်တာလဲ၊ တစ်ချို့ကပြောသွားသေးတယ်၊ လှသန်ကြီးနဲ့ ရွှေမင်းသမီးလေးတဲ့ ..”

“အဲ့လောက်တော့ မောင်က ပုံမဆိုးပါဘူး မီးလေးရယ်၊ ရုပ်လက်ရှည်တွေ တိုက်ပုံတွေနဲ့ အနေများတော့ ပြီးတော့ သူက ဘောင်းဘီရှည် လည်း မဝတ်တတ်ဘူးလေ ..”

“ဘောင်းဘီရှည်သာဝတ်လိုက်ရင် သွားပြီ အန်တီလေးရေ ..”

“ဘာဖြစ်လို့လဲ သူ့အရုပ်အမောင်းနဲ့ဆို နိုင်ငံခြားအက်ရှင်မင်းသားတွေတောင် ရှုံးသွားဦးမယ် ..”

“အန်တီချိုကတော့ သူ့ဘက်က မဲပေးချင်နေတဲ့သူကိုး၊ တော်ပါတော့ .. သူ့အကြောင်းမပြောနဲ့တော့ ..”

“မီးလေးတို့ ရန်တော့ မဖြစ်ကြဘူးမို့လားဟင် ..”

“မဖြစ်ပါဘူး ..”

“ဟို ..”

“ဟင် .. ဘာလဲ ..”

“ဟိုလေ .. ဘယ်လိုမေးရမလဲတောင်မသိတော့ဘူး၊ သူနဲ့ မီးလေး မင်္ဂလာဦးည ..”

လေး ရင်ထဲမှာ ဒိန်းခနဲထမြည်သွား၏။

“အဲ့ဒီညကို မပြောချင်တော့ဘူး သိလား .. လေး ကိုယ်ပေါ်ကို အိမ်မြှောင်ပြုတ်ကျတာလေ၊ ဘာရမလဲ ကြောက်ကြောက်နဲ့ ကိုကို့ပေါ်ကို လေး ခုန်တက်ပစ်လိုက်တာ ..”

အမှန်အတိုင်းတွေပေါ်ကုန်မှာစိုးလို့ လှိုးလွှဲပြောလိုက်ပေမယ့် အန်တီချို ဘယ်လိုသဘောပေါက်သွားသည်မသိ ..၊



“ကောင်းတာပေါ့ .. အဟွန့်ဟွန်း .. အဲဒါနဲ့ပဲ ဇာတ်လမ်းတွေကလို မင်းသားနဲ့ မင်းသမီး အဆင်ပြေသွားရော ဟုတ်တယ်မို့လား ..”

ပြေစရာလား ..၊

“အန်တီချို နော် ..”

အဲဒီလိုစကားတွေမကြားချင်လို့ တားဆီးလိုက်တာက ရှက်စနိုးဖြစ်သွားသည်ထင်၏။

“ဟုတ်ပါပြီ .. ရှက်သွားရင်လည်း မပြောတော့ပါဘူး၊ မီးလေးအခု ဘာလုပ်နေလဲ ..”

“စာအုပ်ဖတ်နေတာ ..”

“အိပ်ရာထဲမှာလား ..”

“ခြံထဲမှာပါ အိမ်ထဲမှာဆို ဘယ်မှာနေနေ တီလေးက ရာကြဲပြောနေတာပဲ ..”

“ဘာတွေပြောတာလဲ ..”

“လေး က ဟင်းတွေစားမကောင်းလို့ ချက်ပြုတ်နည်းစာအုပ်တွေဖတ်နေတာလေ ..”

“ဟင် .. တကယ် ..”

“ဟုတ်တယ် .. အဲဒါ သူသိရင် ဘာပြောဦးမလဲ မသိဘူး၊ အနည်းဆုံးတော့ ထေ့တာငေါ့တာတွေပါမှာပဲ ..”

“သူက အဲ့လိုပြောတတ်တာ ဝါသနာလိုဖြစ်နေတာ မီးလေးရဲ့၊ ကိုယ့်အဒေါ်ရင်းတစ်ယောက်လို သဘောထားပြီး သည်းခံလိုက်ပါကွယ်..”

“ဒါဆို ဒါပဲနော် အန်တီချို၊ လေး ဖုန်းက ဘက်ထရီမရှိတော့ဘူး ..”

“အေး .. အေး .. အန်တီချို လည်း ပိုက်ဆံကုန်တော့မယ်ထင်တယ်၊ မီးလေး စားချင်တာတွေ မက်ဆေ့ချ်ပို့ထားလိုက်နော် .. အန်တီချို လာမယ့်နေ့ကိုလည်း မက်ဆေ့ချ်ကြိုပို့လိုက်မယ် ..”

“ဟုတ် ..”

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းချလိုက်တာနှင့် လှလွန်း ရောက်လာတာ ကွက်တိဖြစ်နေကာ…၊

"ဘယ်သူနဲ့ပြောနေတာလဲ .."

"အန်တီချို နဲ့ပါဟာ .. ငါ့ဆီကို တစ်ခေါက်မှတောင် ပေါ်မလာလို့ .."

"နင် ခေါ်တာလား .."

"မဟုတ်ပါဘူး၊ အန်တီချို ခေါ်တာ၊ ဘာဖြစ်လို့ စစ်ဆေးနေတာလဲ တီလေး မေးခိုင်းတာလား .."

"မဟုတ်ပါဘူး လေး ရယ်၊ နင် ငါ့ တီလေးကို ခေါင်းထဲသိပ်မထည့်ပါနဲ့၊ သူ့လေလုံး ဘယ်လိုပြင်းတာ အစတည်းကသိထားပြီးသားကို .."

"ဟိုတုန်းက နင့်တီလေးလေ .. အခု သူပြောသလိုဆို ငါ့ယောက္ခမဖြစ်နေပြီ .."

"ဘာပဲဖြစ်ဖြစ် သူ့လေသံလည်း မပြောင်းဘူးဆိုတော့ နင်လည်း ဟိုတုန်းကလိုပဲ ပြောစရာရှိပြန်ပြော၊ အမုန်းတွေ အငြိုးတေးတွေတော့ မထားနဲ့နော် .."

"မထားပါဘူး၊ ဒါပေမယ့် နေရာတကာဆူနေတော့ စိတ်တော့ ညစ်တာပေါ့ဟ .."

"ကိုကိုကြီးကလည်း အဲ့ဒါကို စိတ်မဖြောင့်လို့ထင်တယ်၊ အလုပ်ကနေ ဖုန်းချည်းပဲခေါ်နေတယ် .."

"ဟင်!…"

"နင့်ကို ဆယ်မိနစ်တစ်ခါခေါ်တာ လုံးဝမအားဘူးဖြစ်နေတယ်တဲ့၊ အဲ့ဒါကြောင့် အိမ်ထဲကဖုန်းကိုခေါ်တာ .."

"ဘာတွေအရေးတကြီးဖြစ်နေလို့လဲ .."

"မသိဘူးလေ .. အိမ်ကိုခေါ်တော့ တီလေး တစ်ခါကိုင်လိုက်တယ်၊ ပြီးတော့ ငါ့ကို အော်ခေါ်ပါလေရော၊ နှစ်ခါရှိပြီတဲ့ လေး ကို လိုက်ရှာပေးလိုက်စမ်းတဲ့ .."



နောက်ထပ်ကြောက်ရမယ့်လူတစ်ယောက် ပေါ်လာပြီလားလို့ တွေးမိပြီး လေး မျက်နှာလေးမဲ့နေ၏။

"သေချာတယ် .. ငါ့ကိုမြင်ရင် ကွိစိကွစတွေပြောတော့မှာ .."

ပြောလို့မှ မဆုံးသေးခင် ဖုန်းမြည်လာသဖြင့် ဒေါသပေါင်းများစွာက ဖုန်းဆီမှာ စုပြုံသွား၏။

"ပြော .. ပြော .. အရေးပေါ်ဖြစ်နေရင်လည်း ဥသြဆွဲပြန်လာလို့ရတယ် .."

"ဟာ .. စက်သေနတ်ပစ်တာကျနေတာပဲ၊ မင်းကို ငါက ဆူရမှာ မင်းကချည်းပဲပါလား .."

"လေး က ဘာလုပ်လို့ဆူခံရမှာလဲ .. ကိုကို လုပ်နေလို့ ခုမှ တကယ်ခံရတော့မှာ .."

"ဘာ!…"

"တီလေးကိုချည်း သွားခေါ်နေတော့ လေး ဘာတွေလုပ်နေလဲလို့ ဖြစ်နေပြီ .."

"အခု မင်းက ဘာလုပ်နေလို့လဲ .. ဘယ်မှာလဲ .."

"ခြံထဲမှာလေ .. ဘာလဲ ခြံထဲတောင် မထွက်ရဘူးလား .."

"ထွက်လို့ရတယ်လေ၊ ကိုယ် ဖုန်းခေါ်နေတာ လုံးဝမရဘူး၊ တစ်နာရီနီးပါးလောက် ဘယ်သူနဲ့ပြောနေတာလဲ .."

"ရည်းစားနဲ့ .."

အယ်!…၊

လှလွန်း မျက်လုံးလေးဝိုင်းသွားသည်။ ကိုကိုကြီးက ဘာသိဘာသာနေတတ်တာမို့ နေရာတကာတော့ မလေးမစားမပြောရဲခဲ့တာ အမှန်ပင်။ ပြီးတော့ အိမ်ထောင်သည်ဖြစ်နေကာမှ ဒီကိစ္စကြီးကို ပြီးနေပွယ် ပြောချလိုက်ရလား …၊

"ကိုကိုနော် .."

"ဘာကိုကိုနော်လဲ .. ပြောတာဆိုတာ ဆင်ခြင်၊ မင်းကို မရိုက်ရဲ

www.burmeseclassic.com

www.burmeseclassic.com



ဘူးထင်နေလား ..”

“ရိုက်ရဲမှန်းသိပါတယ်၊ ရှင်ကြီးက ဂေါ်ဇီလာဆိုက်ကြီးနဲ့ဆို တော့ ဗလအားကိုးနဲ့လည်းဖြစ်နေတာပဲ၊ ဒါပေမယ့် ဇော်း ကလည်း ဂရုမစိုက်ဘူးဆိုတာ ပြောထားဦးမယ် ..”

“လေး .. လေး တော်တော့လေဟာယ် .. မဟုတ်ဘဲနဲ့ ..”

လှလွန်း က ဖုန်းကိုဝင်ဆွဲဖို့လုပ်သည်။ လေး က တံတောင်နဲ့ တွတ်ပြီး ပြန်ရုန်းကာ ..၊

“ဖယ်စမ်းပါ .. လေး တို့က မနိုင်လို့ပြာနေလည်း မကြောက်ဘူး၊ တ္ခကတစ်မျိုး အခေါ်ကတစ်မျိုး ငါ့ကို ဝိုင်းကျပ်နေကြတာ ..”

ဖုန်းပြောရင်း လေး မျက်ရည်ကျနေပါပြီ ..။

“ဖုန်းကျသွားပြီမို့လား .. ပေး .. ပေး .. မငိုပါနဲ့ လေး ရယ်၊ နင် ကလည်း ..”

လေး ငိုပြီဆို နှုတ်ခမ်းထောင့်လေးတွေ ညွှတ်ကျသွားတတ်တာ ကလေးငယ်လေးနဲ့တူနေသဖြင့် သူမ ငိုတာမြင်လျှင် လှလွန်း တို့လည်း မျက်ရည်လည်ရတာအမြဲ ..။

ခုလည်း လေး ကို ချော့ရင်း လှလွန်း မျက်ရည်ဝဲနေပြီဖြစ်၏။

“ကိုကိုကြီးက ငါ့ကိုတောင် တစ်ခါမှ လက်နဲ့မရွယ်ခဲ့ဖူးဘူး၊ နင့်ကို သူ ဒီလောက်ချစ်တာ ..”

“ဘာချစ်တာလဲ ဘာမှမချစ်ဘူး၊ ချစ်ဖို့လည်း မလိုဘူး၊ ငါ့မှာ ဖုန်းပြောတာတောင် အချိန်အကန့်အသတ်နဲ့လား .. ခြံထဲဆင်းမိတာ တောင် အပြစ်ဖြစ်သွားသလား ..”

“မဟုတ်ပါဘူး လေး ရယ် .. နင်က ရည်းစားနဲ့ဖုန်းပြောနေတာ လို့ ရွဲ့ပြောလိုက်လို့နေမှာပါ၊ ချစ်တော့ သဝန်တို ..”

“လာပြန်ပြီလား ချစ်တာတွေ ..”

လေး အော်ပြီး ပခုံးကို တွန်းလိုက်သဖြင့် လှလွန်း ခမျာ ခုံတန်းလေး ပေါ် ဖင်ထိုင်လေးကျသွားရှာသည်။



ဒါပေမယ့် စိတ်ဆိုးဖို့ သတိမရ ..၊

“နင့်ကို ကိုကိုကြီးက သတိရနေလို့သာ ဖုန်းခဏခဏဆက်နေတာပေါ့ .. ပြီးတော့ နင်ကလည်း ကိုကိုလို့တောင် ခေါ်နေကာမှ ..”

“အဲဒါ ငါ ခေါ်ချင်လို့ခေါ်တာမဟုတ်ဘူး ..”

လေး က လှလွန်း ရဲ့ ဘေးမှာဝင်ထိုင်လိုက်ပြီး မျက်ရည်သုတ်ကာ ..၊

“ဆောရီးဟာ .. နင် နာသွားလား ..”

“မနာပါဘူး .. နင် အရမ်းခံစားနေရတာ ငါ သိနေတဲ့ဥစ္စာ၊ ငါ တစ်ဝက်မျှခံလို့ရရင်တောင် ခံပေးချင်သေးတယ်၊ ပြောပါဦး နင် ကိုကိုကြီး ကို ကိုကိုလို့ခေါ်နေတာက ..”

“သူ အတင်းခေါ်ခိုင်းတာလေ ..”

“ဟင်!...”

“နင်က ကိုကိုကြီး၊ ငါက ကိုကြီးနဲ့ သူ စိတ်မသန့်လို့တဲ့၊ ငါ့ကို သူ့နှမအရွယ်လေးမို့လို့ပဲ ရှက်နေသလိုလို ..”

“ကိုကိုကြီးကလည်းနော် ..”

“အေးပေါ့ .. ငါကပဲ သူ့ကိုမှ လက်ထပ်ခွင့်မရရင် ဘဝပျက်ရတော့မှာကိုး ..”

“မဟုတ်တာ လေး ရယ်၊ ကိုကိုကြီး စိတ်ထဲမှာ အဲ့လိုမျိုးမရှိလောက်ပါဘူး၊ နင်တို့ အဆင်မပြေတော့ ငါလည်း ဝမ်းနည်းရတာပဲ၊ ခုဆို ငါတို့သူငယ်ချင်းတွေ အုပ်စုလိုက် မသွားလာဖြစ်တော့ဘူး ..”

လေး ကို ခေါ်ထုတ်မသွားရဘူးလို့ တီလေးက တသမတ်တည်း အမိန့်ထုတ်ထား၏။ သူမတို့လည်း ဖုန်းတွေပြောဖြစ်ကြပေမယ့် လေး ကို မထားခဲ့ရက်တာမို့ ဘယ်မှမသွားဖြစ်ကြတော့ပေ ..။

“ဒါပေမယ့် ငါတို့လည်း မသွားဘူး၊ နင်လည်း မကျန်ခဲ့တော့ဘူးလေ .. ဟိုလေ .. ကိုကိုကြီးနဲ့တော့ ရန်မဖြစ်ကြပါနဲ့ဟာ ..”

“ငါက ဖြစ်ချင်လို့ဖြစ်တာလား .. သူများပြောချင်တိုင်းပြောတာ

www.burmeseclassic.com

www.burmeseclassic.com



တော့ မခံနိုင်ပါဘူး၊ တီလေးက တီလေးမို့လို့ ခွင့်လွှတ်ထားတာ ..”

လေး ရဲ့ ရှိုက်သံတစ်ချို့ပါသွားသည်နှင့် တစ်ဖက်မှာလည်း ဆက်ပြောလို့မရတော့အောင် မောင့် မျက်နှာကြီး ဈာက်နေခဲ့၏။

“ဘာတဲ့လဲ .. ဘာဖြစ်တာလဲ ..”

“မင်းတို့ထောင်ပေးနေတာနဲ့ လေး ငိုသွားပြီ ..”

“ဟာ .. ဟုတ်လား ..”

“အံမာ .. ငါတို့က မင်းကိုပဲပြောတာ၊ လေး ကို အဲ့လိုပြောလိုက်လို့ မချွန်ဘူး၊ ကိုယ့်ဘာသာဂိုက်ပေးကြမ်းသွားတာ ပြန်စဉ်းစား ..”

“ငါ ပြန်မယ် ..”

“တွေ့လား ..”

“ကိုမောင် .. ငါတို့မပြီးသေးဘူးလေ ..”

“မင်းတို့ မပြီးသေးတာ ငါ ကူစားပေးလို့ရလား ..”

“ဒါပေမယ့် ဒကာခံတဲ့သူမရှိတော့ အောက်တာပေါ့ကွ ..”

“ဒါဆိုလည်း ထားခဲ့လိုက်တော့ ..”

“ကိုမောင် .. နေပါဦး ..”

ထရပ်လိုက်ကာမှ သန်းနိုင် က လက်ကိုဆွဲထားကာ ..၊

“ဖြစ်သွားတဲ့အကြောင်းကို ထားပါတော့ .. ဖြစ်ရတဲ့အကြောင်းရင်းလေး ရှင်းပြသွားပါဦး ..”

“ဘာလဲ ..”

“မင်း အခု အလုပ်လာတာလည်းမဟုတ်ဘူး၊ တီလေးက လုပ်ငန်းသစ်ပြောင်းတော့လို့ပြောလို့ အဲ့ဒါပြောရင်း လာဆုံကြတာလေ ..”

“အဲ့ဒီတော့ ဘာဖြစ်လဲ ..”

“အေးလေကွာ .. ငါတို့ မင်းရဲ့ဘတ်ချလာနိုက်လည်း ဘာမှမစားခဲ့ဘဲနဲ့ ခုလည်း အဲ့ဒီအတွက် ကျွေးတာမဟုတ်ဘူး ..”

“ပြောစမ်းပါ .. အဲ့ဒီတော့ ဘာဖြစ်လို့လဲ ..”

“မင်း .. ဒီဝိုင်းပြီးရင် ပြန်မှာတောင်မှ ကောင်မလေးကို ဘာဖြစ်လို့



ဖုန်းတွေ ဒီလောက်ခေါ်နေတာလဲ ..”

“ခေါ်ချင်လို့ကွာ ..”

မောင်က လက်ကိုရုန်းထွက်လိုက်ပြီးမှ စီးကရက်ကို စားပွဲနဲ့ ဖိကပ်ချေပစ်၍ ..၊

“နောက်ဆို မင်းတို့စကားတွေ နားမထောင်တော့ဘူး ..”

“အံမာ ..”

သျှား ရဲ့ ‘အံမာ’ သံကြီးကြောင့် မောင်က ပြုံးစိစိနှင့် ..၊

“ဟုတ်တယ် မင်းတို့ကြောင့် ..”

“အံမာ .. ကြည့်စမ်း ..”

“ကိုမောင် မင်းနော် .. ဒီကောင်မလေးနဲ့ ငါတို့ကို စစ်မျက်နှာဖွင့်မပေးနဲ့ ..”

“အေးလေ .. သူ့ချာတိတ်မက သိပ်မစွာဘူးဆိုတော့ ..”

“မောင်နော် .. ဒီကောင်မလေးကို ငါတို့ကြောက်တာ မင်း အသိ..”

နောက်ကနေ လှမ်းအော်နေကြတာ မပြီးနိုင် ..။

ကားပေါ်တက်လိုက်ရင်း မောင် ရယ်လိုက်မိကာ ..၊

ဘာထူးလို့လဲ ဒီမှာလည်း ကြောက်လွန်းလို့ ဖုန်းခေါ်နေရတာပဲ..

ခုလောက်ဆို တီလေးနဲ့မျှား တွေ့နေကြပြီလားမသိ ..။

ကိုယ့်ကြောင့်ဆိုသည့် ပြစ်ချက်တစ်ခု တိုးသွားတာကတော့ သေချာနေပါပြီ ..။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၆)

"ဘာတဲ့လဲ .."

"စိတ်ပျက်ပါတယ်ဟာ .. တောင်မေးမြောက်မေးနဲ့ .."

နှစ်ယောက်စလုံး ဖုန်းဘီလ်ကုန်နေသဖြင့် မောင့် ကွန်ပျူတာနဲ့ ဝင်ဆော့နေကြတာဖြစ်သည်။

"လာပြန်ပြီ တွေ့ရအောင်တဲ့ .."

"ဟာ .. ဒါတော့ မရဘူးလေ၊ တော်တော့ .. တော်တော့ အောက်လိုက်တော့ အဲ့တစ်ယောက်ကို .."

"လှလွန်း နော် .. ဟိုတုန်းကဆို ပြတ်ပြတ်မပြောလိုက်ပါနဲ့၊ ဒါလေးက ချောပါတယ်နဲ့ .."

"ဒါကတော့ ကိုယ့်ယောက်မလေး ဖြစ်နေပြီဥစ္စာ .. အယွန်း .."

"မရဘူး .. ဒီတစ်ယောက်က အတော်ချောနေတာ၊ ပြောရဦးမယ်"

တစ်ယောက်ကိုမပြောတော့ဘဲ နောက်တစ်ယောက်နဲ့ ဆက်ပြောနေတော့ လှလွန်း မျက်နှာငယ်လေးနဲ့ပဲ ဆက်ကြည့်နေရရှာ၏။

ဟိုအရင်လို ခေါင်းချင်းဆိုင်ပြီး တခွိခွိမရယ်ဖြစ်တော့တာ ဘာကြောင့်မှန်းတော့မသိ ..။

"ဒီမှာ တွေ့လား .. ဝက်ခြံဖုလေးတွေတောင် မြင်နေရတယ်၊ ဒါ



360 အားကိုးနဲ့ချောနေတာမဟုတ်ဘူး၊ လုံးဝသေချာတယ် .."

လှလွန်း က လေး ချဲ့ပြသည့်ပုံကိုကြည့်၍ မျက်နှာက အီတီတီနှင့် ခေါင်းလည်း မညိတ်ချင် ညိတ်ချင် ..။

"နေဦး .. သူ့သီချင်းတွေကို ငါ ဒေါင်းလုတ်(ဒ်)ဆွဲလိုက်ဦးမယ်"

"ဘယ်နှစ်ပုဒ်တောင်လဲ .."

"သုံးပုဒ်တည်းပါဟာ .. ကျွတ် .. လိုင်းက မကောင်းဘူး၊ ဒီလောက်စုတ်နေတဲ့ ကွန်ပျူတာကို ခုထိ မလဲတာ အံ့ရော .."

"အံ့ဩမနေနဲ့ .."

"ဘုတ် .."

မောင့် အသံနှင့်အတူ ကွန်ပျူတာခုံပေါ် ဖိုင်တစ်ချပ်ဘုတ်ခနဲ ကျလာသဖြင့် လှလွန်း လန့်ဖျန့်သွား၏။ ထို့ပြင် မောင်က သူမ ရပ်နေသည့်နေရာကို ဝင်လိုက်သဖြင့် အလိုလိုနောက်ဆုတ်ပေးမိလျက် ..၊

"ကိုကိုကြီးက အစောကြီးပဲ .."

"ဘာအစောကြီးလဲ .. ငါ အလုပ်သွားတာမဟုတ်ဘူး .. သွား .."

စကားလှည့်ပြောရင်း နှင်ထုတ်သလို မေးဆတ်လိုက်သဖြင့် လှလွန်း မသွားချင် သွားချင်နှင့် ..၊

"ကိုကိုကြီး .. ဟို .. ခုန လေး ပြောလိုက်တာကလေ .."

"နင့်ကို ငါ မေးနေလို့လား .. သွား .. ကိုယ့်အလုပ်ကိုယ်သွားလုပ် .."

အိမ်ကိုပြန်ရောက်ချင်ဇောတွေဖြစ်နေတုန်းက သူ ဖုန်းခဏခဏဆက်မိလို့ တီလေးတော့ လေး ကို ကျိုင်းရှာနေပြီလို့ထင်ခဲ့သည့် ပူပန်စိတ်နဲ့ဖြစ်သည်။

မြင်လိုက်ရတော့ သူမလေးက ချက်တင်ထိုင်နေတာ ပြုံးလို့ရွှင်လို့ မော်နီတာကို တစ်ချက်စိုက်ကြည့်ပြီး မောင့် မျက်နှာ ခင်းသွား၏။

"မင်း အဲ့ဒါတွေလုပ်နေလို့ ဒီ ကွန်ပျူတာစုတ်သထက်စုတ်နေတာ .."

www.burmeseclassic.com

www.burmeseclassic.com



"လေး တစ်ခါတလေမှ ဝင်သုံးတာ .."

မျက်တောင်ကော့လေးတွေမှာ မျက်ရည်စိုနေဆဲကို မြင်လိုက်ပြီး မောင့်စိတ်တွေ အနည်းငယ်ပြေကျသွားခဲ့ပြီး ..၊

"တစ်ခါတလေတွေက ဘယ်လောက်တောင်များနေပြီလဲ တွက်ကြည့်လေ၊ မင်းနဲ့ လှလွန်း တွဲနေတဲ့နှစ်တွေ နည်းသလား .."

"အဲဒီတော့ ကိုကို့ ကွန်ပျူတာကို နောက်ထပ်မသုံးနဲ့လို့ ပြောချင်တာလား .."

"သုံးတာမှမဟုတ်တာကွ .. ခုပဲ မင်း ဒေါင်းလုတ်(ဒ်)ဆွဲနေတယ်၊ အဲဒီကနေ ဘယ်လောက်တောင် ဗိုင်းရပ်(စ်)ကိုက်သလဲ မင်းသိလား.."

"မသိဘူး .."

"မသိလို့ သိအောင် ပြောနေတာ .."

"သိကို မသိချင်တာမို့လို့ ပြောမနေနဲ့ .. အပိုပဲ .."

"ကောင်မလေး .."

"လက်ကိုမကိုင်နဲ့ .. ဖယ် .."

လေး က ထထွက်သွားသည်နှင့် မောင်က လက်ကိုဆွဲထားလိုက်ကာ ..၊

"မင်း ငါ့ကို လင်ယောကျ်ားဆိုတဲ့ အသိလေး နည်းနည်းပါးပါးထားဦး၊ ဘာပြောပြော ခံအော် .. ဘာဖြစ်ဖြစ် အကောင်းမမြင်ဘူး .."

"အကောင်းပြောမှ အကောင်းမြင်မှာပေါ့ .."

"နားတောင်တဲ့သူက လက်ခံတဲ့နားနဲ့ ထောင်လေ .."

"အခု .. ဒီကွန်ပျူတာ သုံးနေပြီလားဆိုပြီး ပြန်ပြေးလာရတာလား .."

"တွေ့လား .. မင်း .."

"ဖယ်ပေး .."

"မသွားနဲ့ဦး .."

"မင်းကို လာခေါ်တာ .."



လက်ကိုရုန်းနေရင်း ရပ်တန့်သွားပြီး လေး က မော့ကြည့်သည်။

"မင်း ဘာမှကောင်းကောင်း မစားရဘူးမို့လား၊ အပြင်မှာ မုန့်လိုက်ကျွေးမယ် .."

လေး မျက်နှာ ဖျတ်ခနဲကြည်သွားသည်။ သို့သော် မျက်မှောင်လေးကုတ်သွားကာ ..၊

"မစားဘူး .."

"ဘာဖြစ်လို့လဲ .."

"ပြန်လာရင် ဟိုမေးဒီမေး စစ်ဆေးခံရဦးမှာ .."

"အဲ့ဒါတွေ ဘာလို့ထည့်တွေးနေတာလဲ .. သွား အကျီသွားလဲ .."

လေး တကယ်ကို မထွက်ချင်တော့တာဖြစ်သည်။ တီလေးကို မမုန်းဘူးဆိုပေမယ့် ဒေါသဖြစ်လာလျှင် ကိုယ့်မှာလည်း သည်းခံနိုင်စွမ်းသိပ်ရှိတာမဟုတ် ..။

ထိန်းနေသည့်ကြားက ခံပြောခံအော်တွေ ဖြစ်လျှင် ကိုယ်ပဲ မိန်းမဆိုးဘဝမှာ နွံနစ်ရမည်။ ဘိုးဘိုး ပြန်လာလျှင် ဝမ်းသာအားရဆီးကြိုနိုင်ဖို့ ဘိုးဘိုး စိတ်ချမ်းသာဖွယ်တွေ သူ့မဘက်မှာ ရှိနေစေချင်၏။

တို့ကြောင့် ဒီနေ့ကစပြီး ကောင်းအောင်နေတော့ဖို့ ကြိုးစားမည်။

"မလိုက်ချင်ဘူး .. ကိုကိုပဲ သွားစားတော့ .."

"ပြီးရော .. ဒီတိုင်းပဲ လိုက်ခဲ့ .."

"ဟင် .. ကိုကို ဘာလို့အတင်းဆွဲနေတာလဲ .. လေး မလိုက်ပါဘူးဆိုမှ .."

လက်ကို ပြန်ရုန်းနေရင်း ကားပေါ်ကို အော်တိုမစ်တစ်ပါသွားခဲ့၏။ မောင်က တံခါးပိတ်ပေးပြီးမှ တစ်ဖက်က ဝင်ထိုင်ကာ ...

"မင်းကို လက်ဆောင်ဝယ်ပေးစရာလည်းရှိလို့ အေးဆေးလိုက်ခဲ့.."

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၇)

"တီလေးက အရမ်းရေးဆန်တာကွ .. ကိုလည်း ဒါကြောင့် ပုဆိုးနဲ့ တိုက်ပုံ မချွတ်ဖြစ်တော့တာလေ၊ လက်ထပ်လက်စွပ်ဝယ်ဖို့ လှလွန်းက သတိပေးသေးတယ်၊ ကိုယ့်ဘာသာမှာ ဒီလိုလုပ်တာတွေ ထုံးစံမရှိဘူး၊ ဘာညာတွေမြည်တွန်တောက်တီးနေတာနဲ့ .."

စိန်နန်းတော်မှာ လက်စွပ်လိုက်ကြည့်ရင်း မောင်က ပြောပြနေ၏။

"ကိုယ်လည်း မင်းကို ပေးချင်ပါတယ်၊ ဒါပေမယ့် တားနေတာကို ဆန့်ကျင်ပြီး လုပ်လိုက်ရမှာကျတော့ မရဲတာမဟုတ်ဘူး ရှက်သလိုလို ဘာလိုလိုနဲ့ .. ဟွန်း .."

သူ ပြုံးလိုက်တော့ လေး အမှတ်တမဲ့ကြည့်မိသည်။ တိုက်ပုံနဲ့ ပုဆိုးနဲ့ပေမယ့် ကိုယ်လုံးမကားသည့်ပြင် ဗိုက်သားရှပ်ရှပ်မို့ သူ့ပုံစံက ပုံတုံးတုံးကြီးတော့ ဖြစ်မသွားပါ။

ပြီးတော့ မောင်က ဆံပင်အုပ်ထူကာ ပခုံးထောက်အောင်ရှည်တာမို့ ဆံပင်တွေအားလုံး သိမ်းလှန်ထားတာကပဲ မျက်နှာကို နုပျိုသွားစေ၏။

"ဟိုလက်စွပ်လေး မလှဘူးလား .."

သူက လက်စွပ်ကြည့်နေတုန်း ကိုယ်က သူ့မျက်နှာကို ငေးနေမိ



သဖြင့် သူခိုးလူမိသလိုဖြစ်သွားကာ ဘယ်သူမှမသိဘဲ တစ်ယောက်တည်းရှက်သွားမိ၏။

ပြီးတော့ ရင်ထဲမှာ ပူပူထူထူကြီး ကျန်ရစ်လေသည်။

"ဟော့ .. ဟိုမှာ ပြနေတယ်လေ .."

လေး က မျက်စိရှေ့ရောက်လာမှ ကြည့်ဖြစ်ကာ ..၊

"သိပ်မလှဘူး .."

"ဒါဆို ကြည့်ဦးလေ .. ဘာမှ မကြိုက်ရင် လိုချင်တဲ့ဒီဇိုင်းပေးပြီး အော်ဒါအပ်ခဲ့မယ် .."

"ရှိပါသေးတယ် အစ်မရဲ့ .. ဒီနေ့မှ ရောက်တဲ့ ဒီဇိုင်းလေးတွေ ငါးမျိုးလောက်ရှိတယ်၊ ကိုရီးယားဒီဇိုင်းသစ်လေးတွေလည်း အရမ်းလှတာပဲ .."

ကက်ရှာမယ်လေးက သဘောကောင်းသည်။ လက်စွပ်တွေထပ်ထုတ်ပြနေရင်း နောက်ဆုံးတစ်ခုကို ချပေးလိုက်လျှင် ..၊

"ဒါလေးက .."

"ဟော့ .. ညီုရေ အဲဒါ အော်ဒါယူမှာလေ .. တော်ကြာ လာတော့မှာ .."

"ရှင် .. ဟုတ်ကဲ့ မမ .."

သူမက မောင် တို့ကို အားနာသည့်အပြုံးနှင့် ပြန်ကြည့်ကာ ..၊

"ဆောရီးပါနော် .. ဒါက မှာထားတာမို့လို့ပါ၊ အစ်မ ဒါလေးတွေထဲက မကြိုက်ဘူးလားဟင် .."

"လှပါတယ် .. ဒါပေမယ့် သူများမှာထားမှန်းသိလိုက်လို့လား မသိဘူး .. အဲ့ဒါလေးက ပိုလှသလိုပဲ .."

"ဩော် .. ကဲ .."

"ကြိုက်ရင် မှာခဲ့လိုက်လေ၊ ဒါပေမယ့် သူများအပ်ထားသလို ပုံစံတူကြီးတော့ လိုက်မလုပ်ပါနဲ့ .."

"ဆော်ရီးပါရှင် ညီု ကလည်း အပ်ထားတာကိုမှ ပြမိတယ်၊ အစ်ကို

www.burmeseclassic.com

www.burmeseclassic.com



တို့ကို အားနာလိုက်တာ ..."

"ရပါတယ် .. ကျွန်တော် မယူတော့ဘူး .."

အသံသည် လေး ရဲ့ နောက်ကျောကဖြစ်ကာ လှည့်ကြည့်လိုက်တော့ ဒေါက်တာဇင်မင်း ဖြစ်နေ၏။

"လေး ကြိုက်နေရင် အဲဒါ ယူသွားပါ .."

"ဦးဇင် က .."

ဇင်မင်း က မောင့်ကိုပါ လှမ်းကြည့်ပြီး ပြုံးပြကာ ...၊

"ကိုယ်လည်း စေ့စပ်ဖြစ်မယ်ထင်တယ်၊ ဒီတစ်ခါတော့ ကိုယ့်သဘောမပါပါဘူး၊ မေမေပဲ စီစဉ်တာ .."

လေး မျက်နှာပူသွားသည်။

"ဦးဇင် စေ့စပ်ဖို့ပဲ .. လေး မလိုချင်ပါဘူး .."

"မဟုတ်တာကွာ .. ကိုယ်က အလကားပေးနေတာမှမဟုတ်တာ ဒီဖိုင်းကိုလည်း ခဲခဲယဉ်းယဉ်းစဉ်းစားထားရတာမဟုတ်ပါဘူး၊ မေမေနားပူလွန်းလို့ အင်တာနက်ပေါ်က ရှာပြီးအပ်လိုက်တာ၊ လေး လိုချင်ရင် ပိုက်ဆံပေးဝယ်ရမှာလေ .. ကိုယ် ပေးတာလို့ မယူဆနဲ့ပေါ့ .."

ကောင်းပါ့မလား ...၊

ကိုကို ဘာမှဝင်မပြောပေမယ့် ကြိုက်မှာမဟုတ်တာတော့ သေချာသည်။ သူမ ကိုကို့ကို ကြောက်လို့တော့မဟုတ်ပါ။ ယောကျ်ားနှစ်ယောက်ရဲ့ ရင်ထဲကို မမြင်နိုင်ပေမယ့် ဦးဇင် က ကိုယ့်ကို သဘောကျခဲ့တဲ့သူ...။

ပြီးတော့ လက်ထပ်အံ့ဆဲဆဲကျမှ ပျက်ထားခဲ့တာလည်း မကြာသေး ...။

"နေပါစေ .. လေး မယူတော့ဘူး .."

"ဟာကွာ .. လေး ကတော့လုပ်ပြီ .."

ဇင်မင်း က ဒီတိုင်းရပ်ကြည့်နေသည့် မောင့်ထံ မျက်လုံးရောက်ကာ ...၊

"လက်ဖွဲ့လို့ပဲ သဘောထားပါလို့တောင် မပြောရဲတော့ဘူး၊ ကို



ကြည်နူးမောင် နည်းနည်းလောက် ဝိုင်းပြောပေးပါဦး .."

မောင်က ရှိုးကေ့ပေါ်ကွေးတင်ထားသည့်လက်ကို အသာပြန်ချလိုက်ပြီး လက်ပိုက်သည်။

ထို့ပြင် ပြုံးသည်တည်သည်မမည်သော မျက်ဝန်းတို့ဖြင့်ကြည့်၍—

"ကျွန်တော်ကလည်း သူ ကြိုက်တာယူပါစေဆိုပြီး ကြည့်နိုင်းထားတာလေ၊ ဒီတစ်ဆိုင်မှာ မတွေ့တော့လည်း နောက်တစ်ဆိုင်ပေါ့—"

"ဒါ သူ ကြိုက်နေပြီပဲ ကိုကြည်နူးမောင် ရယ် .. ကျွန်တော့်အထင်သူ တစ်ခုခုတွေးပြီး ယူရခက်နေတာပါ ခင်ဗျား တိုက်တွန်းဖို့ တစ်ချက်ပဲ လိုတာ .."

"ဟွန်း .."

မောင်က ပြုံးလိုက်ပြီး လေး ပြန်တွန်းလိုက်သည့် လက်စွပ်ဆီ မျက်တောင်ဖျားတို့ စင်းချကြည့်ရင်း ...၊

"ပေးတယ်ဆိုတာလည်း ပေးတိုင်းမကောင်းဘူး ဒေါက်တာ၊ တစ်ခါနှစ်ခါထက်ပိုပြီး ပေးလာရင် ရိုင်းပျခြင်းမည်တယ် .."

ဇင်မင်း မျက်နှာ တင်းခနဲဖြစ်သွားသည်။ သို့သော် ချက်ချင်းပြေပြစ်အောင် ပြင်ဆင်လိုက်ပြီး ...၊

"ဆောရီးပါ .. ကျွန်တော်က လေး အတွက်ဆို ဘာဖြစ်ဖြစ် ဖြည့်ဆည်းပေးချင်တဲ့စေတနာဓာတ အရင်ဖြစ်ဖြစ်နေတယ် .."

မောင့် မျက်ခုံးတွေ ဆတ်ခနဲတွန့်ကျုံ့သွားတော့ ဇင်မင်း က ပြုံး၍ ...၊

"ကျွန်တော် စေတနာအရင်းခံကို ဘာမှ သေချာပြခွင့်မရလိုက်ဘဲ နောက်ဆုတ်ကျန်ခဲ့ရတော့ .."

"ကိုကို .. သွားအောင် .."

လေး က မောင့် လက်မောင်းကိုဖက်၍ အတင်းထွက်သည်။ ဇင်မင်း အကြည့်တွေက လေး မျက်နှာတည်တည်လေးထက်မှာ ဆွေးငေးစွာ စူးစိုက်သွားခဲ့ပြီး ...၊

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ပြောချင်တာတွေ အရမ်းများနေလို့ ရှိင်းသွားတယ်ဆိုရင် ဆော်ရီးနော် .. လေး ကိုယ့်ကို လိုအပ်ရင် အချိန်မရွေးဖုန်းဆက်ပါ၊ မင်းရဲ့ မိတ်ဆွေကောင်းအဖြစ် အမြဲရှိနေပေးပါ့မယ် .."

ခင်မင်း ရဲ့ စကားတွေက မောင့် ကျောပြင်ကို လက်နက်တွေနဲ့ လာရောက်ပစ်ခွင်းနေသလိုပင် ..။ ကျောခိုင်းခဲ့ပြီးမှ ကျိခနဲအံကြိတ်မိ၏။

ဘယ်လိုအထာတွေနဲ့ ပြောနေသလဲဆိုတာ ယောကျ်ားချင်းမသိဘဲ နေမလား ..။

"တောက် .."

"ကျိမ်း .."

ဂါဝန်စလေးရဲ့ အောက်ဖျားစကို လှည့်သိမ်းနေတုန်း တံခါးဆောင့်ပိတ်လိုက်သဖြင့် လက်မညပ်အောင် ကမန်းကတန်းပြန်ရုတ်လိုက်ရင်း လေး လန့်ဖျန့်သွား၏။

မောင် ဟိုဘက်ကသွားထိုင်လိုက်တော့လည်း ကားက သိမ့်ခနဲဖြစ်ကာ နှစ်ချက်သုံးချက်မြောက်ခုန်သွား၏။

"ဘယ်လိုဖြစ်နေတာလဲ ကိုကို .. ဒီမှာ ဂါဝန်စညပ်သွားပြီ .."

"မင်း မညပ်ဘူးမို့လား .. ထားလိုက် .."

"ဒီက အရှောင်မမြန်ရင် လေး လက်ကျိုးနေလောက်ပြီ သိရဲ့လား ကိုကို ဘာဖြစ်နေတာလဲ .."

"ဘာ ..."

မောင် ကားပေါက်ထဲကို သော့ထည့်မလို့ ပြင်ပြီးမှ လက်ပြန်ရုတ်လိုက်သဖြင့် ကားသော့က အောက်ပြုတ်ကျ၏။

"ဘယ်လိုမေးလိုက်တယ် .. မင်း .."

"ကိုကို့မှာပဲ ဒေါသရှိနေတယ်ထင်နေလား .."

"ဩော် .. မင်းကလည်း ဒေါသထွက်နေတယ် ဟုတ်လား၊ အဲဒီ လက်ဆွဲကို မယူရလို့လား .."

"လေး သိတယ် .. လေး အဲဒီလောက် အတွေးအခေါ်မညံ့ဘူး၊



ကိုကို ကြိုက်ကြိုက်မကြိုက်ကြိုက် လေး အဲ့ဒါကို မယူသင့်ဘူးဆိုတာ သိပြီးသား .. ခုလည်း ယူမလာခဲ့ဘူး၊ အဲဒါ ကိုကို မပြီးနိုင်ဘူးလား .."

"မင်းရဲ့ ဒေါက်တာကောင် ပြောလိုက်တာ မင်း မကြားဘူးလား.."

"ကြားတယ်လေ .. လေး ကရော လိုအပ်ရင် ခေါ်မယ်နော်လို့ ပြန်ပြောခဲ့လို့လား .."

"မင့် ..."

ကျွတ် ..၊

မောင် ဆထက်ထမ်းပိုး ကြီးမားလာသည့်ဒေါသကို စုတ်သပ်ဖြေရင်း စတီယာရင်ကိုပါ ထုမိ၏။

သူ ဘာဖြစ်လို့ ဒေါသတွေ ဒီလောက်ထွက်နေတာလဲ ...၊

"မင်း လူကိုတစ်ခွန်းမကျန် ခံပြောတာတွေ သတိထား .."

"မထားနိုင်ပါဘူး ပြောရမယ့်အကြောင်း ရှိနေရင် ပြောမှာပဲ .."

"တောက် ..."

တက်ခေါက်မိလား စုတ်သပ်တာလား ...

ကိုယ့်အသံတောင် ကိုယ်မသိတော့ပေ ..။ အသက်ရှူတွေပြင်းနေသည့် ကိုယ့်ရင်ဘတ်ကြီးကိုတော့ သတိထားမိနေရကာ ...၊

စိတ်လျှော့လိုက်တော့ မောင် ..၊

အဲဒါ ဒီကောင်မလေး ပဲ ..၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၈)

ညဘက်ရောက်ပြီဆို ဒီခေါက်ခုတင်လေးကိုခင်းပြီ ..၊

အခန်းထဲဝင်လာရင်း ဒေါသက အပေါက်ရှာထွက်၏။ ကိုင်ထားသည့် စာအုပ်ကို စားပွဲပေါ်အသံမြည်အောင်ပစ်ချ၍ ..၊

"ဒီမှာပဲ လာအိပ် .. ခင်ဗျားကို ဘယ်သူမှ ဗလက္ကာရ မလုပ်ဘူး.."

"မအိပ်ချင်လို့ .."

သူမက လှည့်မကြည့်ဘဲ မက်ဆေ့ချ်ပို့၏။ ပြီးတော့ အိပ်ခင်းခင်းဖို့ လုပ်နေလျှင် ..၊

"ထားလိုက်ဆိုမှကွာ .."

"ဟာ .. ကိုကို ဘာလုပ်တာလဲ .."

"သိမ်းတာလေ .."

မောင်က ခုတင်ကိုဆွဲခေါက်ပစ်ရင်း မျက်နှာတင်းနေ၏။

"ကိုကိုနော် .. လေး ပင်ပင်ပန်းပန်း ခင်းထားရတာ .."

"ဟုတ်တယ် .. မင်း ညတိုင်းပင်ပန်းနေတာ မမြင်ချင်လို့ .."

ဒီခုတင်ခင်းပြီးပြီဆို လေး လက်ဖဝါးလေးတွေကို ဆုပ်ချီဖြန့်ချီ လုပ်နေတာ စိတ်မချမ်းသာပေ ..။ ကိုယ် ဝိုင်းခင်းပေးရအောင်လည်း ဒီလိုပဲ အိပ်တော့လို့ ကိုယ်တိုင်သတ်မှတ်ပေးနေသလိုဖြစ်မည်။



တားပြန်ရင်လည်း လူကို ဟိုလိုဒီလိုထင်မှာမခံနိုင်သည့်မာနနှင့် မတားဖြစ်ခဲ့ ..။

ဒီနေ့တော့ မာနတွေ မျိုသိပ်ရတာတွေကို သည်းမခံနိုင်အောင်ဖြစ်လာခဲ့ရကာ ..၊

"ဟိုမှာပဲ အိပ်ရမယ်၊ ဒါ ကျဉ်းကျဉ်းလေးနဲ့ အိပ်တတ်တာလည်း မဟုတ်ဘူး၊ တော်ကြာ ခြေထောက်က ပြုတ်ကျ လက်ကပြုတ်ကျ.."

"လေး ဘာသာ တစ်ကိုယ်လုံးပဲကျကျပေါ့ .."

"ကျလို့မရဘူး၊ ခင်ဗျား ကျချင်တိုင်းကျနေတာက အရေးမကြီးဘူး၊ အသံတစ်ခုခုထွက်လာတိုင်း ငါက အိပ်ရေးပျက်ရတာ .."

"ကိုကိုက ယောကျ်ားကောင်းယောကျ်ားမြတ်ကြီးဖြစ်ပြီး မွေ့ရာထူထူအိအိ ကျယ်ကျယ်ပြန့်ပြန့်ကြီးမှာ အေးဆေးစွာ စံတော်မူနေတာလေ .."

"မင်းကို ဘယ်သူက ဒီကျဉ်းကျဉ်းမှာ သွားအိပ်နိုင်းလို့လဲ .."

စကားပြောနေရင်း ထွက်သွားလိုက် ဝင်လာလိုက်နှင့် စားပွဲပေါ်မှာ လက်ပ်တော့ပ်ဖွင့်ပြီးသား ဖိုင်တွဲတွေချပြီးသားဖြစ်သွားကာ ..၊

"ဒုန်း .."

ထိုင်ခုံကို ဆွဲလိုက်ပြီးမှ မထိုင်သေးဘဲ လေး ကို ပြန်ကြည့်သည်။ လေး ကလည်း ရပ်နေသည့် နေရာမှာပဲ ကျောက်ရုပ်လေးအတိုင်း ..။

"ဘာရပ်လုပ်နေတာလဲ .."

"ကိုကို့ အမိန့်ကို ဘယ်လိုတော်လှန်ဖို့ဆန်ရင် ကောင်းမလဲလို့ စဉ်းစားနေတာ .."

"ရလား ..."

"မရသေးလို့ ရပ်နေတာပေါ့ .."

စားပွဲမှာ ဝင်ထိုင်လိုက်ရင်း မောင်က ပြုံးသည်။

"ရမှာမဟုတ်ဘူးဆိုတော့ စဉ်းစားမနေနဲ့ မွေ့ရာပေါ်မှာပဲ သွားအိပ်"

www.burmeseclassic.com

www.burmeseclassic.com



"ကိုကို ဖယ်ပေးမှာလား .."

"ဘာ!..."

ကျောခိုင်းနေရင်ကနေ တစောင်းဖျတ်ခနဲ လှည့်ကြည့်ကာ ...၊

"မင်းက လူကိုမယုံသကာနဲ့ .."

"ကိုကို့ကို ယုံပေမယ့် လေး ဟာ ကိုယ့်ကိုယ်ကိုယ် မယုံဘူး .."

ဘာပြောလိုက်မှန်းမသိဘဲ မောင် မျက်မှောင်ကုတ်သွားသည်။ ခုန က ခုတင်ဖြန့်ခင်းရင်း အပမ်းတကြီးဖြစ်နေသော ဖြူဖြူစင်စင်မျက်နှာလေး ပြန်ပေါ်လာကာ ...၊

"ဟို .. လေး က အိပ်ရင် .. အိပ်ပြီဆိုရင် .. ခွ .."

လွှတ်ခနဲတစ်ခွန်းတည်းထွက်သွားပေမယ့် မောင် နားလည်လိုက် သဖြင့် ရယ်ချင်သွားသည်။ နှုတ်ခမ်းတွေ ဖိစေ့ပြီး ထိန်းထားလိုက်သော် ငြား မျက်ဝန်းတွေမှာ ရယ်မြူးရိပ်တို့ သိသာစွာ ဖြစ်ထွန်းသွားခဲ့၏။

လေး က လက်ဖဝါးလေးချင်း နှစ်ချက်လောက်ပွတ်ပြီးမှ ...၊

"လေး ကလေ အိပ်ရင်လည်း နှစ်နှစ်ခြိုက်ခြိုက်ကြီးပျော်တာ .. ပြီးတော့ ဖက်လုံးရှိမှ .."

"ရှိတာပဲ မင်း တစ်ရပ်လောက်ကိုရှိတာ ကြိုက်သလောက် ဖက် ထားလို့ရတယ် .."

"ဟင့်အင်း .."

လေး ချက်ချင်းခေါင်းခါ၏။ ဒေါသထွက်ရင် ထွက်သလို အော် တတ်ပေမယ့် စိတ်က ညှံ့သက်သွားပြီဆိုလည်း လေး ရဲ့ လေသံဟန်ပန် လေးတွေ ရိုးစင်းသွားပုံက အံ့ဩလောက်ဖွယ် ...၊

"လေး မှ ငြိမ်ငြိမ်လေးမအိပ်တတ်တာ၊ ဖက်လုံးက တစ်ခါတစ်ခါ အနားမှာမရှိတော့ဘူး၊ အဲ့လိုဖြစ်ရင် .."

"ဘာဖြစ်လဲ .."

လှလွန်း ကို မေးကြည့်ပါလားလို့သာ ပြောလိုက်ချင်တော့သည်။



"လေးရယ်လေ .. ညတုန်းက လူကို ခြေကန်ဆွဲတာသိလား၊ ငါ့ ကို သူ့ဖက်လုံးမှတ်နေတာ .."

"အဲဒါများ အိပ်ပျက်ခံနေရလား ဖြူစင်ရယ် .."

"ဟုတ်တယ် .. လှလွန်း နင်က သူ့အိမ်ခဏခဏသွားအိပ်ဖူးတော့ သူ့အကြောင်း သိနေမှာပေါ့နော် .. ငါဖြင့် ညက သူ့ကြောင့်ကောင်း ကောင်းမအိပ်ရပါဘူး၊ တော်ကြာ ဗိုက်ပေါ်ဖြတ်ရိုက်ခံလိုက်ရသလို အင့်ခနဲ .. တော်ကြာ ရင်ဘတ် .."

"ခစ် .. ခစ် .. သူ့ခြေထောက်ကြီးလား .."

"ဟုတ်ပ .. ဟုတ်ပ .. လူလေးက သေးသေးနဲ့ ငါ့ပေါ်ပစ်ပစ်ကျ လာတဲ့ခြေထောက်တစ်ဖက်ကတော့ စကြာဝဠာက ဂြိုဟ်တုတစ်စင်း ပြုတ်ကျလာသလား မှတ်ရတယ် .."

"ငါဆို ဖက်လုံးအပိုတစ်လုံး ဆောင်ထားတာဟ၊ နင့်လို တစ်ခါ နှစ်ခါခံဖူးတယ်လေ၊ ဟွန်း .. အမြဲတမ်းမခံရအောင် ဉာဏ်သုံးရတာ ပေါ့၊ လူကိုဆွဲပြီဆို သူ့ဖက်လုံး ကိုယ့်လက်မီရင် ယူထည့်ပေးလိုက်တယ်၊ မမီရင်တော့ ကိုယ်ဖက်ထားတဲ့ အလုံးလေး ထည့်ပေးလိုက်တာပေါ့၊ သူ ခွစရာလေးရသွားရင် ပြီးပြီ .."

"ဟုတ်တယ် .. ဟုတ်တယ် .. တစ်ခါနှစ်ခါလောက်တော့ ဖြစ် လေ့ဖြစ်ထထင်တယ် .."

"ခစ် .. ခစ် .. ခစ် .."

သူငယ်ချင်းတွေစကားဝိုင်းထဲ ကိုယ် ပြန်ရောက်သွားသလို ပြန် စဉ်းစားမိရင် ဒါတွေကို မောင် သိအောင် ဘယ်လိုပြောရမှန်းလည်း မသိ ...။

သူငယ်ချင်းတွေနဲ့ သူ့အိမ်လိုက်လည် ကိုယ့်အိမ်ခေါ်သိပ်နဲ့ ခရီး ဝေးသွားကြတာတွေလည်းရှိသည်။ ထို့ကြောင့် လှလွန်း တို့ ဖြူစင် တို့ သူမအကြောင်း အသိဆုံး ...။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ .. ပြောလေ .. ဟင့်အင်းဆိုပြီးတော့ ဘာလဲ .."

"မသိတော့ဘူး .. လေး ကိုကိုနဲ့ အိပ်လို့မဖြစ်ဘူးဆိုတာပဲ သိတယ်၊ ကိုကို ဘယ်လောက်ပဲ သမာဓိရှိရှိ လေး ကိုက လွှတ်လွှတ်လပ်လပ်အိပ်တတ်တဲ့ အကျင့်ကြီးရှိနေတာ .."

မောင် ကုန်စင်အောင် သဘောပေါက်သွားသည်။

"ဒါဆို မင်း တစ်သက်လုံးကိုယ်နဲ့ အတူမအိပ်တော့ဘူးလား .."

လေး မျက်နှာလေး ရဲခနဲဖြစ်သွားသည်။ မောင်က သူမရှေ့ထိ ထလျှောက်လာကာ ..၊

"ကောင်းတာဖြစ်ဖြစ် ဆိုးတာဖြစ်ဖြစ် လူတစ်ယောက်မှာ အကျင့်တစ်မျိုးတော့ရှိကြတာပဲ၊ ငါ့မှာ မကောင်းတဲ့အကျင့်ရှိနေရင်လည်း မင်းနဲ့ တစ်သက်လုံး ပတ်သက်နေမှာပဲ၊ မင်း ဘယ်လိုမိန်းကလေးဖြစ်နေနေ အဲဒါလည်း ကိုယ်နဲ့မပတ်သက်လို့မရဘူး .."

"ဒါပေမယ့် ကိုကိုက အအိပ်ဆတ်တယ်တဲ့ .."

"အဲ့ဒီတော့ .."

"လေး ဘာသာ တစ်ယောက်အိပ်လေးပေါ်မှာ လိမ့်နေတာတောင် ကိုကို အိပ်မရတာကို .."

"မင်းက ငါ အိပ်ပျက်မှာစိုးတာလား .. အကြောင်းပြချက်တွေပေးနေတာလား .."

"ကိုကိုကရော ဖယ်လည်းမပေးချင်ဘူး၊ လေး ဘာသာ .."

"ဘာတစ်ခုမှမှ သဘာဝမကျတာ ဒီမှာ လေး .. မင်း အချစ်ဇာတ်လမ်းတွေထဲကလို စိတ်ကူးယဉ်မနေနဲ့၊ ငါကလည်း မင်းကို စိတ်ကူးယဉ်ခွင့်ပေးထားတာမဟုတ်ဘူး၊ မိန်းမတစ်ယောက်ကို ကြောင်တောင်တောင်ကြည့်ပြီး သွေးဆူလို့ ပွေ့ပိုက်မိတာမျိုး မလိုချင်လို့ .."

"လေး က .."

"မင်းကို ငါ သံယောဇဉ်ရှိခဲ့တယ် .. ခုလည်းရှိတယ်၊ ဒါပေမယ့်



ငါ့ညီမသူငယ်ချင်းအရွယ်လေးဆိုတဲ့ အသိက ငါ့ကို တားဆီးနေတယ်၊ တစ်ခုပြောဖို့ရှိတာက မင်းနဲ့ ငါ့ကြားမှာ အမုန်းဆိုတာ မရှိခဲ့ဘူး .."

"ဒါကတော့ .."

"ပြော .."

"မရှိခဲ့ပေမယ့် ရှိရင်ရှိလာမှာပေါ့ .."

လေး မျက်နှာလေးမှာ အလိုမကျခြင်းတွေ ခရီးနှင်စပြုၿ၏။

"ကိုကို မာနရှိသလို လေး လည်း ကိုယ့်အမှန်တရားနဲ့ ကိုယ်ပဲ .."

"ငါ့အမှန်တရားက ဦးဆောင်ပြီး မင်းရဲ့ အမှန်တရားကတော့ သက်သေပြချက်တစ်ခုပဲဖြစ်ရမှာ၊ အဲဒါကို မမေ့နဲ့ .."

"ကိုကို အဲ့ဒီလို လွှမ်းမိုးချင်တဲ့စိတ်ဓာတ်မျိုးရှိလိမ့်မယ်လို့ လေး မထင်ခဲ့ဘူးသိလား .."

"အဲဒီစိတ်မျိုးရှိရင်တောင် မင်းကိုတော့ ငါ လွှမ်းမိုးချင်လို့ပြောနေတာမဟုတ်ဘူး၊ အဲ့ဒါ သေချာတယ် .."

"မသိဘူး .. လေး နားမလည်ဘူး၊ ကိုကိုနဲ့ လေး နဲ့ သဘောတူထားပြီးသား .. ကိုကို ထွက်အိပ်ပေး .."

"အဲဒါတွေ မပါဘူးလေ၊ မင်းကိုလည်း ထိချင်တို့ချင်လွန်းလို့ ပြောနေတာမဟုတ်ဘူး၊ ခုနပြောတဲ့စကား ပြန်ဆက်ရရင် လောလောဆယ် မင်းနဲ့ငါ တစ်ယောက်ကိုတစ်ယောက် တကယ်နားလည်မှုတွေ ရလာတဲ့အထိ စည်းမကျော်ဖို့ ကန်သတ်ပေးထားတာ .."

"လေး က အိပ်မောကျပြီး လွှတ်လွှတ်လပ်လပ်အိပ်နေတဲ့အချိန်မှာ ကိုကိုက လူပ်တာနဲ့နိုး၊ အသံတစ်ခု ချွတ်ခနဲကြားတာနဲ့ မျက်လုံးဖွင့်ကြည့်၊ အဲဒါကြီးကို လေး ဘယ်လိုအိပ်ရမှာလဲ .."

"ပျော်အောင်အိပ်ကြည့်လေ .. ငါ့ဘက်က စည်းမကျော်ဘူးလို့ ကတိပေးထားပြီးသား .."

"အဲဒါတွေလည်း မဟုတ်သေးဘူး၊ ဖက်လုံးလွတ်ပြီး ရှင်ကြီးကို လိုက်

www.burmeseclassic.com

www.burmeseclassic.com



ဖက်မိမှာ သေချာနေလို့' လို့ စိတ်ထဲရှိတာတွေအော်ပြောပစ်ချင်သည်။

လေး ဘာမှမတတ်နိုင်တော့ဘဲ မွေ့ရာစပ်မှာ ဆောင့်ခနဲထိုင်ချပစ်မိ၏။ သူက လက်ပိုက်မဖြုတ်ဘဲ ကြည့်နေဆဲနှင့် ...၊

"ဗိုက်မဆာဘူးလား .."

ဟင် ...၊

စားသောက်မည်ဆိုမှ တစ်ခုကို သတိရကာ လေး တက်ကြွသည့် မျက်နှာလေးနဲ့မော့ပြီး ...၊

"ကိုကို အိပ်ဆေးသောက်လေ .."

"ဘာ!..."

ကြည်လင်နေသည့် မျက်နှာက စဝေစဝါးအကြည့်တို့နှင့် ...၊

"ဘာဖြစ်လို့ အိပ်ဆေးသောက်ရမှာလဲ .."

လေး က ဆံပင်လေးခါထုတ်ပစ်ပြီး လက်နဲ့ ပြန်သပ်ချကာ ...၊

"အိပ်ရာဝင်ခါနီးမှပါ .. ကိုကို အိပ်ပျော်နေအောင်လို့ပေါ့ .."

မဟာဉာဏ်ကြီးရှင်ပါလား ...၊

"ကိုကို့အလုပ်ပြီးတဲ့အထိ လေး ထိုင်စောင့်မယ် .."

ဒီကောင်မလေး ဒီလောက်တောင်စိုးရိမ်နေတာလားလို့ တွေးမိပြီး မောင် ပင့်သက်ရှိုက်၏။ ပြီးတော့ သူ့ပဲ အလျှော့ပေးလိုက်ဖို့ ဆုံးဖြတ်လိုက်ရကာ ...၊

"အိုခေ .. မင်း အဲဒီမှာအိပ်လေ .."

"ဟင် ..."

"ဟိုခုတင်ပြန်သွင်းပြီး ကိုယ်အိပ်မယ် .."

"တကယ် .."

လေး ဖျတ်ခနဲ လက်ခုပ်တီး၍ ဝမ်းသာအားရလေးထဖြစ်လေသည်။ မောင် ကိုယ့်အဖြစ်ကို သဘောကျပြီး ပြုံးလိုက်မိကာ ...၊

"ယူအိုခေ .."



"ရက်(ပ်) .. သဲန့်ခယူ .."

လက်မလေးပြန်ထောင်ပြပြီး မွေ့ရာပေါ် ချက်ချင်းရောက်သွား၏။

"နေဦးလေ .. မင်း ဘာမှမစားရသေးဘူးမို့လား .."

"ရတယ် .."

"ဘာရတာလဲ .. မင်း ဂျစ်ကန်ကန်လုပ်နေလို့ ကိုယ်လျှော့လိုက်တာနော် .. အဲဒီ လျှော့ရတဲ့အကြောင်းရင်းက မင်းကို စားသောက်ပြီးမှ အိပ်ဖို့ပြောချင်လို့ပဲ .."

"ရတယ်ဆိုမှ .."

ဘယ်တုန်းတည်းက အိပ်ချင်နေသည်မသိ ...။

ချက်ချင်း စောင်ခေါင်းမြီးခြုံလိုက်ပြီး ငြိမ်သက်သွားသည်။ သို့သော် ဖျတ်ခနဲ စောင်ပြန်ကွာကာ မျက်လုံးပြူးပြူးလေးတွေ သူ့ဆီ ဦးတည်လာပြီး ...၊

"ကိုကို ညဉ့်နက်အောင်လုပ်နေမှာလားဟင် .."

"ပြောလို့မရဘူး .."

သိပ်မရှိပါဘဲ တမင်ဖြေပေးလိုက်ပြီး စားပွဲဘက်ပြန်လှည့်လိုက်သည်။ လေး ခဏလေး ဒီတိုင်းငိုင်နေ၏။ ပြီးမှ စောင်တွေထပ်ဆွဲတင်ပြီး နှစ်ပတ်လောက်ထပ်လိမ့်သည်။

ပြီးတော့ ရစ်ပတ်ထားသည့် စောင်တွေထဲကနေ လက်တစ်ဖက်ပြန်ထုတ်ဖို့ အသေအလဲကြိုးစားပြန်၏။ ရှိုးကေ့စ်မှန်ထဲကနေ ကြည့်နေရင်း မောင့် နှုတ်ခမ်းတွေ အပြုံးကြောင့် ခပ်လွန့်လွန့်ဖြစ်၏။

သူမ လက်ထုတ်ခြင်း အောင်မြင်သွားသဖြင့် ထိုလက်က ဖက်လုံးကို လှမ်းဆွဲကာ အနားမှာ ထိကပ်ထားပြီးမှ လက်ပြန်ထည့်လျှင် ...၊

"ဟွန်း .."

သူ မရယ်ဘဲမနေနိုင်တော့ပေ ...။ ထိုအခါ သူမ မျက်နှာလေး လှစ်ခနဲပြုလာပြန်ကာ ...၊

www.burmeseclassic.com

www.burmeseclassic.com



"ကိုကို ဘာပြောလိုက်တာလဲ ရယ်လိုက်တာလား၊ လေး ့ကို ကြည့်နေတာလားဟင် .."

မောင် လက်ပ်တော့ပ်ဖွင့်လိုက်ရင်း သူမကို လှည့်မကြည့်ဘဲ ..၊

"ကိုယ့်မှာ နောက်မျက်စိပါနေတယ် ထင်လို့လား .."

သူမ ဘာမှထပ်မမေးပေမယ့် ခုန အသံတစ်ချက်ကိုတော့ သံသယမပြေနိုင်စွာ ဒီတိုင်းနေနေသေးသည်။ ပြီးမှ ခေါင်းမြီးပြန်ခြုံ၏။

မောင့် အကြည့်တွေ ရှိုးကေ့စ်ဆီ ပြန်ရောက်သွားပြီး ရယ်ရင်းခေါင်းခါမိ၏။ ရန်တွေ့နေတော့လည်း တကယ်ကို အနိုင်မခံအရှုံးမပေးအကြောက်အလန့်မရှိတဲ့ သတ္တိတွေနဲ့ ..။

ခုကျတော့ ဘာမှမဟုတ်ခဲ့တဲ့အတိုင်း ..၊

မင်းကရော ဘာသတ္တဝါလဲ ကြည်နူးမောင် ..၊

မင်းပြောသွားတဲ့ ဆင်ဖမ်းမယ်၊ ကျားဖမ်းမယ်တွေက ဘယ်မှာလဲ ..၊

'ရှေးရှေးတုန်းက ပုံပြင်လေး' လား ..။

ဂု





## အခန်း (၂၉)

အိမ်မှာ ဘယ်သူမှမရှိသည့်အချိန်မို့ လေး မီးဖိုချောင်ထဲ တန်းဝင်ခဲ့သည်။

မြင်နေကျအတိုင်း ချက်ပြုတ်ကြော်လှော်မည့် အသီးအရွက်တွေက ဇလုံတွေ၊ ဇကာတွေထဲမှာ တန်းစီရှိနေကြလျက် ..၊

"ဘဲဥတွေ ဘာလုပ်မှာလဲဟင် .."

အနားမှာ သွားမေးတော့ ရွှေနားပေ က လှည့်ကြည့်သည်။ ဘာလဲလို့ မေးဆတ်၏။ လေး က သူမ မကြားနိုင်မှန်းသိကာ ဘဲဥကို ထောင်ပြမှ ..၊

"သြော် .. မမကြီးအတွက် ကြက်ဥပွတင်းလုပ်ပေးမှာလေ၊ ဒါက ကိုမောင့်အတွက် သပ်သပ် ဘဲဥပေါင်းပေးရမှာ .."

ကြက်ဥနဲ့ ဘဲဥတွေရောရှုပ် ဇကာလုံးလေးထဲ ထည့်ထားတာကို ကြည့်ကာ လေး ခေါင်းညိတ်လိုက်၏။

မနက်ကပဲ တီလေး အပြင်မသွားခင် ကော်ဖီသောက်နေရင်း သူမကို ချီးမွမ်းခန်းဖွင့်သွားတာ ကြားခဲ့သေးသည်။

"ရွှေမင်းသမီးက ဘဲဥတောင် ဖြောင့်အောင်ကြော်တတ်ရဲ့လားမသိဘူး ..၊ စားချင်တာတွေကျတော့ ဘယ်စားဖိုမှူးမှ လိုက်မမီနိုင်အောင်

www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်လေးက သိမှသိ ..” တဲ့ ...။

လေး ဟင်းချက်နည်း သုံးမျိုးလောက်တော့ မှတ်ထားပြီးပါပြီ ...။ ဒါပေမယ့် မနက်ကပြောသွားသည့်အသံ ကြားလိုက်ရကာမှ ဘဲဥကြော် ကြည့်ဖို့ စိတ်ကူးရသွားတာဖြစ်သည်။

ဘိုးဘိုး ပြန်လာလျှင် သူမ ဘယ်လိုကြိုးစားဆင်ခြင်နေတယ်ဆို တာတွေ ပြောပြဖို့ရှိမှဖြစ်မည်။ ပြီးတော့ တီလေးက ကိုယ့်ကို မခိုင်းပေ မယ့် ပြောနေသည့်စကားလုံးတွေက အလုပ်ပင်ပန်းရတာထက်ပိုပြီး ခံရ ခက်လာတာ သိသာလာသည်။

“သမီး ဘာစားချင်လို့လဲ ..”

ရွှေနားပေ က ငရုတ်သီးထောင်းပြီးသားတွေကို ဖန်ပန်းကန်လုံး လေးထဲ ထည့်ယူလာပြီး လေး မျက်နှာကို လာကြည့်ပြီး မေးသည်။ လေး က ခေါင်းခါ၍ ...။

“ဝိုင်းလုပ်ပေးမလို့ ..”

လက်ဟန်ပြပြီး ကျယ်ကျယ်ပြောလိုက်တော့ ရွှေနားပေ မျက်လုံး ပြူးသွား၏။

“ဝိုင်းလုပ်ပေးမယ် ..”

“အင်း ...”

“မလုပ်နဲ့ မလုပ်နဲ့ .. အဒေါ်ကို မမကြီး ဆူလိမ့်မယ် ..”

ခေါင်းရောလက်ပါခါပြီး ထိတ်ထိတ်ပျာပျာငြင်းလေသည်။ လေး ကလည်း ခေါင်းခါပြီး မရမက ဘေးမှာဝင်ရပ်ကာ ...။

“လုပ်မှာပဲ .. ဒေါ်ကြီး ဖယ်ပေး ..”

“ဟမ် .. ဘာ ..”

“ဖယ်ပေးလို့ ..”

“မလုပ်ပါနဲ့ဆို ဒါဆို ကြည့်တော့ကြည့်နေမယ်လေ နော် ..”

ထိုစဉ် ...။

“ရွှေနားပေ .. ဟဲ့ .. ဘယ်သူမှမရှိကြဘူးလား၊ အိမ်ရှေ့မှာ ဖုန်း



မြည်နေတယ်မို့လား ..”

ဒေါ်ငြိမ်းချမ်း အသံကြားလိုက်တာနှင့် လေး က ရွှေနားပေ ကို မီးဖိုခန်းကနေ အပြင်ရောက်အောင် တွန်းထုတ်လိုက်၏။

“ဟဲ့ .. ဘာလုပ်နေတာတုံး ..”

“မမကြီး .. လေး ..”

“ဟင် .. ဘာလဲ .. ဒီကောင်မလေး ..”

“ဟုတ်တယ် ..”

မျက်နှာချင်းဆိုင် စကားပြောကြရင်တော့ ရွှေနားပေ က ချောလို့ ပါ။ သူမက လေး အထဲမှာ မီးဖိုကိုင်နေတာကိုပြောဖို့ ကြိုးစားသော် လည်း ...။

“ကဲ .. ဖုန်းအရင်သွားကိုင် သွား .. အောင်မယ်လေးနော် .. ငါ ပြန်လှည့်လာလို့ပဲ၊ အိမ်ရှေ့တံခါးလည်း မပိတ်၊ ခေါ်တာတောင် မကြား ဘဲနဲ့ လုလွန်း ရော .. လုလွန်း ..”

“ဒီမှာ တီလေးရေ .. ရေဆာလို့ ခဏလေး ..”

တီလေး အပြင်ထွက်လို့ လိုက်ရပြီဆို လမ်းကြောင်းက တစ်ကြောင်း တည်း ဘယ်တော့မှ မပြီးတတ်ပေ ...။ ထို့ကြောင့် ပြန်လှည့်လာရတုန်း ရေဘူးရော မာလာကာသီးတွေရော ကားထဲထည့်ယူသွားဖို့ လုလွန်း လောဘကြီးနေစဉ် ...။

“ဒါက ဘာတွေဝင်လုပ်နေတာလဲ ကောင်မလေး ..”

မီးဖိုခန်းဘက်ကို ရောက်သွားသည့် တီလေး အသံကြောင့် လုလွန်း တရုတ်ကပ်မှန်ကို လှန်ကြည့်လိုက်မိသည်။

ဟော့တော် ...။

ဘဲဥတစ်လုံးကိုင်ရင်း မီးဖိုရှေ့မှာ လေး ...။

“မီးဖိုကိုဖွင့်ထားပြီး ဘာမှ မတည်ရင် ဂတ်စ်ကုန်တာပေါ့အေ ..”

“ဘဲဥကြော်မလို့ပါ ..”

ဒေါ်ငြိမ်းချမ်း က တအံ့တဩလာငုံ့ကြည့်ပြီးမှ ပြုံးတုံးတုံးဖြစ်သွား

www.burmeseclassic.com

www.burmeseclassic.com



ကာ ..၊

"မိန်းမဗီဇက အဲ့ဒါပဲ .. ဘဲဥကြော်မယ်ဆိုရင် မီးတွေများတယ်.."

ဂတ်စ်မီးကိုတောင် ပြန်လျှော့ပေးလိုက်သေးသည်။ ပြီးတော့ အထပ်စင်မြင့်ကြီးဘက်ကို လှည့်ကြည့်ရင်း ..၊

"သတိရလို့ ပြန်လာတာ ရွှေနားပေ ကို ခိုင်းရတာ တစ်ခါမှ အဆင်မပြေလို့ ကြုံတုန်း ကိုယ့်ဘာသာဝင်ဝယ်လာမလို့လေ .."

လေး အသံတိတ်နေတာကို ဒေါ်ငြိမ်းချမ်း သတိမထားမိ ..၊

"ဟင်းခတ်မှုန့်တွေလည်း ကုန်တော့မယ်တွေ့လား၊ ရွှေနားပေ ငါ့ကို ဘာမှမပြောဘူး၊ နှမ်းဆီလည်းမရှိတော့ဘူး၊ ပဲဆီတွေ ငါ မကြိုက်တာ သိသိနဲ့ .."

လိုက်ကြည့်ရင်း ကိုင်ကြည့်သည့်ဘူးတွေ ပုလင်းတွေကို ပြန်ချခဲ့ပြီး လေး ဘက် လှည့်ကြည့်ကာ ..၊

"မီးတွေ အလကားဖွင့်ထားတယ်အေ .. ဘာရပ်လုပ်နေတာလဲ .."

ပြောတော့ပြောပေမယ့် လုပ်ကိုင်နေရင်း လှည့်ပြောတာမို့ လေးက ပခုံးလေးစောင်းပြီး ကွယ်လိုက် ခြေထောက်လေးပြင်လိုက်နှင့် အကြံထုတ်နေ၏။

တစ်ယောက်တည်း စမ်းလုပ်ပါမယ်ဆိုမှ ဘာဖြစ်လို့များ ပြန်လှည့်လာကြတာလဲမသိ ..။ ဒီဘဲဥဆိုတာလေးက ဖြူဝင်းလုံးချောနေတာ ဘယ်ကနေ ခွာထုတ်ရမှာလဲ ..၊

ဒါမှမဟုတ် လက်နဲ့ ဖျစ်ညှစ်ချရတာလား ..။

ဘဲဥမှာ အကြံအိုက်နေတာကတစ်မျိုး၊ တီလေးရောက်လာပြီး မွှားများနေတာတွေက တစ်မျိုး ..။

တံတွေးတွင်တွင်မျိုချရင်း တီလေး ထပ်လှည့်ကြည့်တော့ ဒေါ်ကြီးရွှေချထားပေးခဲ့သည့် ဒယ်အိုးမည်းမည်းလေးကို မီးဖိုပေါ် ကောက်တင်ထားလိုက်သည်။

လုပ်စမ်း .. နှင့် မှတ်ထားတဲ့ဟင်းချက်နည်းတွေထဲမှာ ဘဲဥကြော် မပါဘူး ..။



ဒါပေမယ့် ဒါ လွယ်လွယ်လေးရယ် ..၊

"ဟဲ့ .. အိုးတူးနေပြီ ဆီထည့်လိုက်လေ .."

"ဟုတ် .."

"အောင်မယ်လေး .. အောင်မယ်လေး .. အဲ့ဒါဆီမဟုတ်ဘူး၊ ငါဆေးသောက်တဲ့ သစ်ခေါင်းပျားရည်တွေဟဲ့ .. ဆီပုလင်းက ဟော့ဒီမှာ.."

"ဒီပုလင်းသေးသေးလေးက .."

"ဟုတ်တယ် အဲ့ဒါ ဆီ မှတ်ထား၊ ဘာလဲ .. ဆီကို ကျုပ်က မီးဖိုဘေးမှာ ရာဝင်အိုးနဲ့ တည်ထားရမှာလား .."

ဒေါ်ငြိမ်းချမ်း က အနားကထွက်မသွားတော့ဘဲ သူ့ဟာသူ ဆီထည့်ပေးပြီး ရပ်ကြည့်နေ၏။ ပြောမယ့်သူရှိနေတော့မှ စိတ်တွေများပြီး လေး ဘာလုပ်ရမှန်းမသိဖြစ်သွား၏။

ထို့ကြောင့် ဟိုကိုင်ဒီကိုင် လက်ကဖြစ်ရင်း မျက်လုံးထဲမှာ လှလွန်းမျက်နှာလေး ရုပ်ခနဲဖြတ်ပြေးသွားလျှင် ..၊

လှလွန်း ..၊

နောက်ထပ် မျက်လုံးပြန်ဝေ့တော့ လှလွန်း က ဟိုဘက်ကနေ ဘဲဥကို ကိုင်ပုံပြကာ လေး ကိုင်ထားသည့် ဓားကို လက်ညှိုးထိုး၏။

ပြီးတော့ ဘဲဥကို ဓားဖျားလေးနဲ့ အသာလေးခေါက်၍ ပန်းကန်လုံးထဲ ဖွင့်ချလိုက်ပုံထိ သေချာလုပ်ပြနေသည်။

သူငယ်ချင်းချင်းမို့ ကိုယ့်သူငယ်ချင်း ဘာဖြစ်နေသည်ကို သိလိုက်၍ဖြစ်သည်။ လေး ကလည်း အဖြေတစ်ခုကို သိရသည်နှင့် ချက်ချင်း အကောင်အထည်ဖော်သော်ငြား ..၊

ဘဲဥကို စဉ်းတီးတုံးပေါ် ချလိုက်ကာ ဓားနဲ့ခုတ်ချလိုက်၏။

သွားပြီ ..၊

"အောင်မယ်လေးတော် .."

ဒေါ်ငြိမ်းချမ်း အသံကြီးကြားလိုက်တာနှင့် မှားပြီမှန်းသိလိုက်ကာ လှလွန်း ဆီ လှမ်းကြည့်လိုက်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



လုလွန်း က ဓားကိုချလိုက်တော့ ချထားခဲ့တော့လို့ လက်နဲ့ပြနေပေမယ့် လေး က တစ်ချိုးထင်သွားပြီး ကွဲထားသည့် ဘဲဥပေါ်ကို ဓားနဲ့ နှပ်နှပ်စင်း၏။

"မေမေကြီး ကိုမောင် ကလေ .. အဲတော့ .."

"ဖိတ် .. ဖိတ် .. မီးဖိတ်လိုက်တော့ လဲသာသေလိုက်ပါတော့ ကောင်မလေးရယ် .. ဟဲ့ .. ရွှေနားပေ မီးဖိတ်လို့ပြောနေတယ် .."

ဒေါ်ငြိမ်းချမ်း ရင်ဘတ်ထုကာ ပွတ်ပွတ်ညည်းသွားလေသည်။ လုလွန်း ပြေးလာပြီး လေး ကို ဆွဲထုတ်သွား၏။ သို့သော် ..။

"ဘဲဥကို အစရှာမရတဲ့ မိန်းမမျိုး ဒီတစ်ခါပဲ တွေ့ဖူးပါတယ် အရပ်ကတို့ရေ .. ငါရတဲ့ချွေးမက ဘဲဥကို ဓားနဲ့ ခုတ်သတဲ့၊ မကြုံဘူး မကြားဘူးတာတွေအေ .. လက်တွေ့သာမမြင်ရရင် ယုံမိမှာတောင် မဟုတ်ဘူး .."

"တီလေးကလည်း တော်ပါတော့ .. လေး ငိုနေပြီ .."

"မတတ်နိုင်ဘူးဟော့ .. ဆီကျက်ကျက်ဆူနေတဲ့အထဲ ပစ်များထည့်လိုက်ရင် ငါ့အိမ်တော့ ပြာပုံဖြစ်ပြီ၊ ဒီလိုမိန်းမလေးမျိုးနဲ့များ ငါ့သားကြီး ထမင်းတစ်လုတ် ဘယ်လိုစားမလဲ .. မတွေးရဲဘူး .. မတွေးရဲဘူး .."

လုလွန်း ခေါင်းကုတ်ပြီး လေး ကို ပြေးချော့ရပြန်သည်။

"ကိုကိုကြီးလာရင် ငါတိုင်ပြောပေးမယ် သိလား လေး .. တီလေး က တစ်ခါတစ်ခါ အရမ်းဆိုးတာပဲ၊ မငိုနဲ့နော် .. နင်ကလည်း ဘာလို့ ဝင်လုပ်ရတာလဲဟာ .. ဘာလဲ ငါတို့ကွယ်ရာမှာ တီလေးက ဒါတွေ လုပ်ရမယ်ပြောလို့လား .."

"ဟင့်အင်း .."

လုလွန်း ထည့်ပေးသည့် တစ်ရှူးစလေးနဲ့ နှပ်သုတ်ရင်း လေး က ခေါင်းခါသည်။ နောက်တစ်စရောက်လာတော့ မျက်ရည်တွေကိုပါ ကုန်စင်အောင် သုတ်ပစ်၏။

"ဘယ်သူမှ မပြော .. ငါ့ကိုက ဒီနေ့မှ ကြံဖြတ်မွှေတာ .."



"နင် ဟင်းချက်နည်းတွေ ဖတ်ထားတယ်မို့လား .."

"ဟုတ်တယ် .. ဘဲဥအကြောင်းမှ မပါတာ .."

"လေး ရယ် .."

"နင်က ဓားနဲ့ခုတ်ပြတော့ ငါလည်း အထဲမှာ အရည်တွေရှိနေမယ် မထင်တော့ဘူးပေါ့ .."

"ဘဲဥအစိမ်းက အရည်တွေမှန်း သိကိုမသိတာလား .."

"သိတယ်လေ .. ပန်းကန်ထဲရောက်သွားတာတွေ၊ အိုးထဲထည့်လိုက်တာတွေ မြင်ဖူးတာပေါ့၊ ဒါပေမယ့် ဘယ်လိုခွာထုတ်လိုက်မှန်း မသိဘူး .."

"ခွာတာက ပြုတ်တာကိုမှ ခွာရတာ လေး ရဲ့၊ ငါက ဓားနဲ့ခုတ်ခိုင်းတာမဟုတ်ဘူး၊ အခွံလေးက ပါးပါးဆတ်ဆတ်လေးရယ်လေ .. အဲ့ဒါကို ဓားဦးလေးနဲ့ အသာလေးခေါက်ပေးလိုက်ရင် ကွဲပြီ .."

မျက်ရည်ပြည့်နေသည့် မျက်ဝန်းလေးတွေက စိတ်ဝင်စားဟန်နှင့် အရောင်လက်လာ၏။ ပြီးတော့ ငိုချင်နေတာကို မေ့သွားပုံပေါ်ကာ မျက်တောင်တွေဖိခတ်ပစ်ရင်း ..။

"ငါ့ကို အခု လုပ်ပြပါလား .."

"ဟဲ့ .. လုလွန်း ရေ .. ငါ့ကို ဆေးရှာပေးစမ်း၊ ဘာလုပ်နေသလဲ ငါ ဆေးသောက်ပြီး သွားမယ့်ဟာကို .."

"လာပြီ တီလေး .."

ဒေါ်ငြိမ်းချမ်း က တစ်ခုခုခေါင်းခဲပြီဆို ခေါင်းကြည်ဆေးလေး ရေနဲ့မျှောချတတ်၏။ လုလွန်း က အသံပေးပြီးမှ လေး ရဲ့ ပခုံးလေးကို ဖက်ကာ ..။

"ငါ သင်ပေးပါ့မယ် .. ဟင်းမချက်တတ်ပေမယ့် ဘဲဥကြော်တော့ ဟင်းရှက်ကြော်တာလောက်တော့ ငါ လုပ်တတ်ပါတယ်၊ နင်လည်း အဲ့ဒါလေးတွေလုပ်တတ်သွားရင် တခြားဟင်းတွေဆို သိပ်မခက်တော့ဘဲ ဖြစ်သွားမှာ သိလား ..၊ ဒါပေမယ့် ဒီနေ့တော့ မလုပ်နဲ့ဦးနော် .."

www.burmeseclassic.com

www.burmeseclassic.com



"ငါ ရပါတယ် .."

"ဟင် .. ဘာရတာလဲ လေး ရယ် .."

"ဘာမှမဟုတ်ဘူး .. ရပါတယ်ဆိုမှ .."

"ခုန ကိုကိုကြီး ဖုန်းခေါ်တာသိလား၊ နင့်ကို ခေါ်ခိုင်းတာဖြစ်မယ် ငါ ကိုကိုကြီးကို .."

"ခု ဖြစ်တာတွေ ဘာမှ သွားမပြောနဲ့နော် .. ငါ့ဘာသာ အရူးထလို့ ဖြစ်ရတာ၊ ပြီးတော့ ငါ ချက်ပြုတ်တတ်ချင်တာက ဇနီးကောင်းတစ်ယောက် ဖြစ်ချင်လို့လည်းမဟုတ်ဘူး၊ ဘိုးဘိုး ပြန်လာရင် စိတ်ချမ်းသာစရာတစ်ခုခု ငါ့ဘက်က ပြင်ဆင်ထားပြီးသား ဖြစ်နေချင်လို့ .. ငါ ချက်တဲ့ ဟင်းဆိုပြီး ဘိုးဘိုးကို ကိုယ်တိုင် တည်ခင်းကျွေးချင်တယ် .."

"အေးပါ .. ဘယ်သူ့အတွက်ဖြစ်ဖြစ် ငါကတော့ နင့်ကို ပျော်ပျော်ရွှင်ရွှင်နဲ့ တက်ကြွနေတာကိုပဲ မြင်ချင်တယ်၊ ပြီးတော့ ကိုကိုကြီးနဲ့ ကြင်ကြင်နာနာ .."

"ကဲ .. တော်ပါတော့၊ ခေါ်နေပြီ ဟိုမှာ သွားတော့ .."

"အေးပါ .."

လှလွန်း က ထရပ်လိုက်ကာ ..၊

"လေး နင် ငိုမနေနဲ့တော့နော် .."

"အင်း ..."

"အောက်လည်း ဆင်းမနေနဲ့တော့၊ ဖုန်းကိုလည်း အနားမှာချထားစမ်းပါ လေး ရယ်၊ နင်က ဂိမ်းဆော့ဖို့တစ်ခုပဲ ဖုန်းသုံးချင်တာ အရမ်းသိသာတာပဲ .."

"ကဲ .. သွားပါဆိုဟာ နားငြီးတယ် .."

"ကိုကိုကြီးက ဖုန်းခဏခဏ ဆက်နေတာ၊ နင်က ဖုန်းတခြား လူတခြားနေတော့ .."

"အဲဒါနဲ့ပဲ လည်ပင်းမှာ ဆွဲထားရတော့မှာလား .."

"ဟင်း ..."



မပြောတော့ဘူးဆိုသည့် မျက်နှာလေးနှင့် ခါးနှစ်ဖက်ထောက်၍ သက်ပြင်းချမိ၏။ ပြီးတော့မှ လက်ကိုပြန်ချ၍ ..၊

"သွားမယ် အပြန် မုန့်ဝယ်လာခဲ့မယ် .."

နှုတ်ဆက်ပြီး ရှာခနဲလှည့်ထွက်သွား၏။ သို့သော် တံခါးနားရောက်လျှင် ..၊

"ဒေါင် .."

"အမေ့ရေ .."

ဘာကိုတိုက်မိမှန်းမသိဘဲ ဆူညံသွား၏။ ငုံ့ကြည့်လိုက်တော့ ခြင်ဆေးဖျန်းသည့်ဘူး ..။

"လေး .. နင် ဒါကြီး .."

"ဟုတ်တယ် .. ဒီထဲမှာ ပိုးဟပ်တွေလည်းတွေ့လို့ ပြီးတော့ အိမ်မြှောင်ရောပဲ .."

မင်္ဂလာဦးညကြီးမှာ အိမ်မြှောင်စုတ်ကြောင့် ဒုက္ခတွေ့တော့မလို့ ဖြစ်ခဲ့ရတာကို မမေ့နိုင်၊ ဒါကြောင့် ဝယ်ထားခဲ့တာဖြစ်၏။

"ဒါကြီးက အိမ်မြှောင်သတ်လို့မှမရတာ၊ ခြင်ဆေးဘူးကြီးကို –"

"ရရ မရရ သွားပါဆိုဟာ .."

လေး စိတ်ဆင်းရဲရခြင်းကို ဒီလောက်ထိ တစ်ခါမှ မခံစားခဲ့ရဘူးပေ။ ရင်ထဲမှာ ပူလောင်နေတာ ဘယ်လိုခံစားချက်ကြီးမှန်းမသိဘဲ လိုအင်ဆန္ဒမပြည့်ဝခြင်းကြောင့် ဖြစ်ရသည့် သောကပါလားလို့လည်း နားမလည် ..။

သူမ ဒီလောက်ထိ မသိတတ်ဆိုးရွားတဲ့သူဖြစ်နေသည်မှန်း ကိုယ့်ကိုယ်ကိုယ် မသိခဲ့တာအံ့သြမိသည်။ ဘဲဥ မကြော်တတ်ခြင်းဟာ ဒီလောက်တောင် သိမ်ငယ်ဖွယ်အဖြစ်မှန်းလည်း တီလေးရဲ့ ရင်ဘတ်ထဲ အောင်းနေသည့်အသံတွေကြောင့် နားလည်ခဲ့ရ၏။

ဒါကို ငါမှားသွားပြီဆိုပြီး နောက် မလုပ်တော့ဘဲနေမှာလား ..၊ မဟုတ်ဘူး ..၊

www.burmeseclassic.com

www.burmeseclassic.com



ဒါ မှားတာပဲရှိသေးတယ်၊ ဘာဖြစ်လို့ ပြင်ဆင်ကြိုးစားခွင့်မရှိရမှာလဲ ...၊

ထိုစဉ် အပြင်ကနေ တံခါးခေါက်သံပေါ်လာကာ ...၊

"လေး ရေ .."

"ရှင် ..."

"ကိုမောင့် ဆီက ဖုန်းလာနေတယ် သမီးရဲ့ .. လာပြောဦး .."

"မလာချင်တော့ဘူး ဒေါ်ကြီးရွှေ ဟန်းဖုန်းကို ခေါ်လိုက်လို့ပြောပေး.."

တံခါးဖွင့်ပြီး လက်နဲ့အမူအရာလုပ်ပြ၍ သွားတော့ဖို့ပြောလိုက်လျှင် ရွှေနားပေ ' က ချက်ချင်းထွက်မသွားဘဲ ကိုင်ထားသည့် ယောင်းမနဲ့ လက်ညှပ်လေး တဆဆနှင့် ...၊

ပြီးမှ ...၊

"နေပါဦး သမီးရယ် .. ခေါ်နေတာ ခဏခဏရှိပြီဆိုတော့လေ.."

"ဒေါ်ကြီးရွှေ ဘာချက်နေတာလဲ .."

"ဟင် .."

ယောင်းမကို ကိုင်ပြပြီးမေးတော့ သူမ ပြောလိုက်တာက တခြား၊ လေး ပြန်မေးတာကတခြား၊ ရွှေနားပေ ကြောင်တောင်တောင်ဖြစ်သွားသည်။

"ချက်လို့မပြီးသေးဘူးလားလို့ .."

"ဟင် .. အဲ .. ဟုတ်တယ်၊ မဟုတ်ဘူး .. ပြီးသွားပြီ .."

ဟင်းချက်တာကို မေးမှန်းသိတော့ လေး ကို ကြောက်သည့်မျက်လုံးတို့နှင့်ကြည့်ပြီး အမှားမှားအယွင်းယွင်း ...။

"သွားမယ်နော် .."

"ဒေါ်ကြီးရွှေ .."

"အောင်မယ်လေးနဲ့ ဘဲဥနဲ့ကွဲ .."

ကမန်းကတန်းပြန်လှည့်ပြေးကာမှ လေး က ဆွဲလိုက်သဖြင့် ရွှေနားပေ သက်မြှောက်ခြေမြှောက်လန့်ဖျန့်သွားပြီး ထင်ရာတွေ ယောင်ရမ်းပြောတော့သည်။



"ဒီမှာ လေး ပြောမလို့ .. လေး ကို ကြည့်ပါဆို .."

"ဟင် .. လေး .. အင်း .."

"ညနေ ဘာတွေချက်ဖို့ရှိသေးလဲလို့ .."

လေး တအားအော်ပြောလိုက်တော့ မျက်နှာလေးငုံ့ပြီး ရှုံ့မဲ့သွားကာ ...၊

"ဟို .. ငါးရံ့ခေါင်းခြောက်နဲ့ ပဲကုလားဟင်း .."

"အင်း ..."

"ညနေကျမှ လုပ်တော့လေ .. ညနေကျမှ အဲ့ဒါ .. အဲ့ဒါ ချက်မှာလို့ .."

"ပြီးတော့ရော .."

"ဒါပဲလေ .."

လေး ထပ်အော်မှာစိုးပြီး လေး ပါးစပ်ကိုပဲကြည့်နေကာ ကမန်းကတန်းဖြေရှာသည်။ လေး က ရွှေနားပေ့ လက်နှစ်ဖက်ကို တောင်းပန်သလိုဆုပ်ကိုင်ပြီး ပြုံးပြလိုက်ကာ ...၊

"ညနေ လေး ကို သင်ပေးနော် .."

"ဟင် ..."

"လေး ကို သင်ပေးလို့ .."

အော်ပြောလိုက်တော့ အွန့်သွားပြန်ကာ ...၊

"ကြားပါတယ် သမီးရဲ့ .. ဟိုလေ သင်ပေးမယ်၊ ဘာ .. ဘာမှတော့ ဝင်မလုပ်ရဘူးနော် .."

"ဒီတစ်ခါမှ လုပ်တတ်မှ လုပ်မှာပါ .."

ငြိမ်းချမ်းရေးရသွားတော့ ခံစားနေရတာတွေ ရင်ထဲမှာ ပေါ့သွားသလိုလို ...။

ခုနက အကြီးကြီးသောကများနေရခြင်းက ဘာမှမဟုတ်တော့သည့်အတိုင်း ...။

စားပွဲမှာ ပြန်ထိုင်ကာ ဟင်းချက်နည်းစာအုပ်ကိုဆွဲယူလှန်ပြီး ဖျတ်ခနဲပြန်ပိတ်ပစ်သည်။ မြန်မာ့ဟင်းလျာကိုတောင် ဘာမှန်းမသိဘဲ နိုင်ငံ

www.burmeseclassic.com

www.burmeseclassic.com



ခြားအစားစာတွေကို လေ့လာပြီး ခြေလှမ်းကျဲလိုက်မိသေးသည်။

လေး ရေ .. နင်လည်း လွှတ်ချင်နေပြီ ..။

နေရာမှ ထရပ်လိုက်တာနှင့် ဖုန်းမြည်သံစဲ့သံကို ကြားလိုက်ရ၏။

ဖုန်း ..၊

ဖုန်း ဘယ်ရောက်နေလဲ ..၊

ကိုကိုကြီးကို ဟန်းဖုန်းကို ဆက်ဖို့ပြောထားပြီး ဖုန်းရှာထားဖို့ မေ့နေသည်။ အသံနောက်လိုက်ရှာရင်း မွေ့ရာခင်းတွေပါ ဆွဲဖယ်ဖွပစ်ကာ အိပ်ခန်းထဲမှာ ရှိသမျှအံဆွဲတွေ လျှာထွက်လျက်တန်းလန်းနှင့် ရှုပ်ထွေးပွထကုန်လေသည်။

ဖုန်းသံတိတ်ကျသွားတော့ ကိုယ့်ခေါင်းကိုယ် ထုလိုက်မိသည်။ ကိုကိုကြီး ဟိုတစ်ခါကလို ဒေါသအလုံးတွေ ပို့လွှတ်ပါတော့မည်။

ထိုစဉ် ဖုန်း ဘယ်မှာလဲဆိုတာသတိရသွားသည်။ မွေ့ရာကြီးကို ခေါင်းရင်းကနေ ကွေ့ပတ်သွားကာ ကြမ်းပေါ်မှာ အပုံလိုက်ကျနေသည့် တဘက်စောင်လေးကို ဖယ်လိုက်တော့ အောက်မှာဖုန်း ..၊

ညက လက်နဲ့ တွန်းလိုက်သလိုဖြစ်သွားပြီး ဖုန်းကျသွားတာကို သိသည်။ နောက်တော့ မေ့သွားခဲ့၏။ ဒီလောက်တောင် ဆန့်ပြန့်လူးလို့မှ် အိပ်တတ်သည့် ကိုယ့်ရဲ့ အကျင့်ကောင်းလေးတွေကို ပြန်တွေးမိကာ ဒီတစ်ခါ သူမ မပြုံးဖြစ်တော့ပေ ..။

ဒါ ဂုဏ်ယူစရာမဟုတ်ဘူး ပြင်ရမယ် လေး ..၊ မိန်းကလေးဆိုတာ ဘာဖြစ်ဖြစ် နူးညံ့ညင်သာရမယ် ..၊ ကြာလာရင် နင် ဒီလောက် အသုံးမကျတာတွေက ဘိုးဘိုးရဲ့ ဂုဏ်သိက္ခာကိုပါ ထိခိုက်တော့မှာ နားလည်ရဲ့လား ..။

တီလေး နင့်ကို ပုတ်ခတ်ပြောလာတော့မှာ ..၊

မွေ့ရာစပ်မှာ ပြန်ထိုင်လိုက်တာနှင့် ဖုန်းက ထပ်မြည်လာရာ ..၊

"ဟလို .."

"မင်းနဲ့ ဖုန်းက ဘယ်နှစ်မိုင်လောက် ဝေးနေလို့လဲ .."



"နေ့လယ်က လေး အောက်ရောက်နေလို့ ပြန်တက်လာတော့လည်း ဒေါ်ကြီးရွှေ လာပြောတော့ ပြန်မဆင်းချင်လို့ ခုနတုန်းက ဖုန်းမြည်တော့ ဖုန်းက ရှာမတွေ့ဘူး၊ ရှာနေရင်းနဲ့ .."

"တော်ပြီ ကောင်မလေး .. အခု မင်းကို ကပ်ပြောရတော့မယ်၊ နောက်ဆယ်မိနစ်လောက်ကျရင် ကိုယ်လာခေါ်မယ် .."

"ဘာလုပ်မလို့လဲ .."

"လက်စွပ်တွေ အော်ဒါမှာထားတယ် .."

"ဟာ .. အဲဒါတွေကလည်း မပြီးတော့ဘူး၊ လက်ထပ်ပြီးနေပြီ ဥစ္စာ .."

"ကောင်မလေး .."

"ပြော .."

"အဲဒီကိစ္စတွေကို မင်းတို့ မိန်းကလေးတွေကပိုပြီး ရူးသွပ်ကြတာ နော် .."

"လေး မှ မရူးသွပ်တာ .."

"မင်း ဘာမှမှ စိတ်မဝင်စားတာ ဘယ်ရူးသွပ်မလဲ၊ စိတ်ဝင်စားလာတဲ့အခါ ဒီပျက်ကွက်မှုတွေနဲ့ မင်း ငါ့ကို တစ်သက်လုံး ထိုးနက်ရှု့ချိတ်နေရင် ငါ့မှာ လက်နက်မဲ့ပြီ .."

"ကိုကိုက နောင်ရေးအတွက် လက်နက်ပြင်ဆင်နေတာပေါ့ .."

"ဟုတ်တယ် .. ခင်ဗျားကို ကြောက်လို့လေ .."

"ရင်ခုန်ချင်စရာ လက်ထပ်လက်စွပ်လေးပဲ .."

"ရင်ခုန်ဖို့ စိတ်ကူးရော မင်းမှာရှိလို့လား .."

"ရင်ခုန်ဖို့စိတ်ကူးကြည့်တယ်ဆိုတာ လေး မကြားဖူးပါဘူး .."

"ဘယ်ကြားဖူးမလဲ ငါ မင်း မျက်စိအောက်က ပျောက်သွားတာနဲ့ မင်းစိတ်ထဲမှာ ငါမှမရှိတော့တာ .."

ကိုကို ဘာတွေပြောနေတာလဲ ..၊

ပြောတဲ့ပုံက ဒါကို မကျေနပ်နေသည့် ကလေးဆိုးကြီးလို ..၊

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို အဝတ်စားသွားလဲတော့ ကိုယ်က ဖုန်းကြိုဆက်တာပဲ၊ မင်းမှ မကိုင်တာ .. အခု အေးဆေးလုပ်နေလို့မရဘူး၊ မင်း ရှစ်မိနစ်လောက်ပဲ အချိန်ရမှာ .."

"ဟာ .. မလိုက်ချင်ပါဘူး၊ ကိုကိုပဲ ရွေးခဲ့ .."

"မင်း ကြိုက်မကြိုက် ပုံကြမ်းပြချင်လို့ မင်းပါမှဖြစ်မှာ၊ လက်စွပ်က ဆန်းဒေးကျမှရမှာ .."

"ကိုကို ကြိုက်ရင် ပြီးရောလေ .."

ကိုယ့်မှာမီးဖိုချောင်ဝင်ဖို့ အစီအစဉ်တွေနဲ့မို့ ..၊

"ကိုကို လေး ရဲ့ လက်အတိုင်းသိတယ်မို့လား .."

"သိတယ်လို့ ဘာဖြစ်လို့ထင်ရတာလဲ .."

လေး ဘာလို့ မေးလိုက်မိမှန်းတောင် ကိုယ့်ကိုယ်ကိုယ် မသိ ..။

"ဒါပဲကွာ .. ကိုယ် ကားမောင်းနေလို့ .."

"ကိုကို့ လေး မလိုက်ချင်ဘူးနော် .."

ပြောလိုက်ပေမယ့် ဖုန်းက ကျသွားသည်။ လေး မျက်နှာလေးရှုံ့မဲ့ကာ အဝတ်ဗီရိုကိုသွားဖွင့်ပြီး အကြာကြီးရပ်နေမိ၏။

အိမ်မှာဆို ဒီနေ့ ဘာရောင်လေးဝတ်ချင်တာ ပြောလိုက်ရုံ ..၊

ကျပ်တဲ့အကျီမဝတ်ဘူး၊ ပွတဲ့ အကျီတွေမထုတ်နဲ့ ..၊

ဒါပဲပြောရုံနှင့် နားဆွဲလက်ကောက်ကအစ ဖိနပ်ထိ လိုက်ဖက်ရာ သွေပေါ်လာတာ Search ထောက်လိုက်တာထက်မြန်သည်။

ခုတော့ ..၊

သူမ စိတ်ညစ်ဖွယ်တွေ တွေးနေတုန်း၊ မက်ဆေ့ချ်ဝင်လာတာက ပျော်ရွှင်ဖွယ် ..၊

"ကောင်မလေး ညနေမှ စောစောပြန်ခဲ့ပြီး လာခေါ်မယ် .. ဆောရီး"



အခန်း (၃၀)

"လှလွန်း .. သူတို့လက်ထပ်ခဲ့တာ တစ်လပြည့်တော့မယ်မို့လား.."

"ဟုတ်မယ်ထင်တယ် .."

"ကျော်နေပြီထင်တာ .."

လှလွန်း က ကားမောင်းနေရင်း တစ်ဖက်ကြောထဲဝင်ဖို့ အသေအလဲကြိုးစားနေ၏။ ဒေါ်ငြိမ်းချမ်း က သူမဘာသာ တွက်ချက်နေရင်း..

"တစ်လပိုင်း ကိုးရက်နေ့ကဆိုတော့ အခု .. ပလုတ်တုတ်ရေ .."

ကားက ချက်ချင်းဝိုက်ဆွဲလိုက်သဖြင့် ဒေါ်ငြိမ်းချမ်း ယိမ်းထိုးသွား၏။

"ကျော်ခွတက်မနေပါနဲ့ သမီးရယ်၊ ကိုယ့်အိမ်ကိုပြန်တာပဲ စိတ်လောနေရင် မှားတတ်တယ် .."

"ကိုယ့်အိမ်ကိုယ်လည်း မြန်မြန်ပြန်ချင်တာပဲ .. တီလေး ကမ္ဘာပတ်နေတာ တစ်နေ့လယ်လုံး .."

"ဘယ်မှာတစ်နေ့လယ်လုံးလဲ ခုမှ လေးနာရီခွဲပဲရှိသေးတာ .."

"နေ့လယ်စာ အပြင်မှာစားလိုက်ရတယ်လေ .. အဲဒီတုန်းက .."

"ခု ပြန်လာပြီပဲ လှလွန်း ရယ် .. ငါ့မှာလည်း တစ်ခါတလေပဲ ထွက်ရတာ၊ ကိုယ်တိုင်လုပ်နိုင်တာလေးတွေ ဒီလိုပဲ လျှောက်သွားရတာပေါ့ .."

www.burmeseclassic.com

www.burmeseclassic.com



"တီလေး ထွက်ချင်တိုင်းထွက်လို့ရအောင် ဒရိုင်ဘာငှားထားပါလားလို့ .."

"လွယ်လိုက်တာ မယ်လွန်း ရယ် .. ဒရိုင်ဘာတွေ ဒီလောက်ဈေးကြီးပြီး ကိန်းကြီးခမ်းပြီးနိုင်တာ .."

"ကိန်းကြီးခမ်းကြီးကိုဖယ်ပြောပါ၊ တီလေး ဒရိုင်ဘာစရိတ်အကုန်မခံချင်လို့ မခေါ်တာများ .. ဟွန်း .."

"ဒါလည်းဒါပေါ့ .. ဟိုတုန်းက ကျုပ် ဒရိုင်ဘာနဲ့ အမြဲနေလာတာ၊ အိမ်မှာ နှစ်ယောက်တောင်ခေါ်ထားတာပဲ၊ လခမှ လေးသောင်းပဲရှိတယ်၊ ပြီးတော့ ခြောက်သောင်း ရှစ်သောင်းဆိုလည်း ပေးရတာပဲ၊ အခု သူတို့က စရိတ်ငြိမ်းတောင်မှ တစ်သိန်းခွဲလောက်တောင်းနေတာ .."

"တီလေးရယ် .. ရေမြင့်တော့ ကြာမြင့်တာပေါ့ .."

"တော်ပါအေ .. ငါ အဲ့ဒီကိစ္စပြောချင်တာမဟုတ်ဘူး၊ သားကြီးနဲ့ လေး တို့ အိမ်ထောင်သက်တမ်းတော်တော်နဲ့ကို ရှေ့မတက်နိုင်တာစိတ်ပျက်လို့ .."

"ဘယ်လို .."

လှလွန်း က ကားမောင်းနေရင်း ဖျတ်ခနဲလှည့်ကြည့်၏။ ပြီးမှ ရှေ့ပြန်လှည့်ကာ ..၊

"ဘာကိုပြောတာလဲ .. ရက်တွေလတွေကို ကိုယ့်ဘာသာဆွဲချချင်နေတာလား .."

"ဟုတ်တယ် .. ခုမှ တစ်လဆိုတော့ .. ဟင်း .."

သက်ပြင်းရှည်ကြီးချလိုက်ရင်း ..၊

"အသက်တို့မယ်သူမို့လို့လား မသိဘူး၊ ကောင်မလေး ရဲ့ အမေဆိုရင် လက်ထပ်ပြီးတာနဲ့ လေး ကို တန်းရတာ၊ အိမ်ထောင်သက် တစ်လကလေးတစ်လပဲ .."

ဟင် ...၊

လှလွန်း တအံ့တဩလှည့်ကြည့်မိပြန်၏။



"တီလေးက မြေးလိုချင်နေတာလား .."

ဒေါ်ငြိမ်းချမ်း က ရှုံ့တွတွမျက်နှာကြီးနဲ့ ခေါင်းညိတ်ရှာကာ ..၊

"ဟုတ်တယ် .. ငါက အဒေါ်ဆိုပေမယ့် တော်စပ်ပုံအရ အဒေါ်တော်တာလေ၊ အသက်က အဒေါ်အရွယ်မကတော့ဘူး၊ ဒါကြောင့် ချိုမိုင်ကသာ မငြိမ်း လို့ခေါ်နေတာ သူက ငါ့သမီးအရွယ်လောက်ဖြစ်နေတာပေါ့ .."

"ဘာဆိုင်လို့လဲ .. ကလေးနဲ့ .."

"သားကြီးလည်း ကလေးအဖေ ဖြစ်ထိုက်နေပြီလေ .."

"လေး **ကတော့** ငယ်ပါသေးတယ်၊ အဲဒါသွားပြောရင် စိတ်တောင်ဆိုးဦးမှာ .."

"**စိတ်ဆိုးစရာလား** .. လင်ယူပြီးရင် သားမွေးရမှာပဲ .."

ဒီနေရာမှာ ဒေါ်ငြိမ်းချမ်း ဒေါသတွေပါလာသည်။

"ပြီးတော့ မိန်းကလေးတွေ ဒီအရွယ်မှာ သားသမီးလွယ်တာ အသင့်တော်ဆုံးပဲ၊ မိခင်က နုပျိုကျန်းမာသလို ကလေးလည်း ကျန်းမာမယ်၊ ပြီးတော့ လေး နဲ့ သားကြီးနဲ့ ကလေးရရင် ကလေးလေးက အရမ်းချစ်ဖို့ကောင်းမှာပဲ .."

ဒါကျတော့ မျက်နှာကြီးက ပြုံးအီနေရှာ၏။

"ဟဲ့ .. တီလေး စဉ်းစားမိတယ် သိလား .. ဟိုဥစ္စာ .."

"ဘယ်ဥစ္စာလဲ .."

ဒေါ်ငြိမ်းချမ်း လှလွန်း ကိုပြောဖို့ နည်းနည်းတော့ ဆွံ့အသွားသည်။ သို့သော် ..၊

"သူတို့ ဟဲက်ပီးနယူးရီးယား ညမှာ စခဲ့ကြတာဆိုရင်တော့ တစ်လခွဲလောက်ရှိပြီလေ .. အင်း .. ဒါပေမယ့် ကိုယ်ဝန်ရှိလာရင် ဒီလောက်ဆို သိရပြီပေါ့ .. ဒီ မျောက်မူးလဲလေး ဒီလောက် လက်လက်ထနေသော .."

"ခစ် .. ခစ် .. ခစ် .."

နောက်ထပ် အားပါးတရ ရယ်ချင်သေးပေမယ့် အားကာခြဲထဲကို

www.burmeseclassic.com

www.burmeseclassic.com



ကွေ့ဝင်လာခဲ့ပြီဖြစ်သည်။

ဒေါ်ငြိမ်းချမ်း မျက်နှာကြီးပုပ်သိုးနေကာ တံခါးဖွင့်ဆင်းရင်း ...၊

"အေးပါ .. ရယ်ပါ .. ညည်းတို့ကတော့ ရှေ့ရေးနောင်ရေးမှ မသိကြဘဲ၊ ငါ့မှာ ရွှေနားပေ နဲ့ တစ်သက်လုံးနေလာရင်းနဲ့ ငါပါ လိုင်းကူးတော့မှာသိရဲ့လား၊ ပြောဖို့ရှိတာတွေ မေ့လို့မေ့ .. သူ့လိုပဲ ယောင်တောင်ပေါင်တောင်တွေဖြစ်လို့ဖြစ် .."

"ဂျိမ်း .."

လှလွန်း က ဟိုဘက်ကနေ တံခါးဖွင့်ဆင်းကာ ...၊

"တီလေးဘာသာ အားမရတိုင်း အော်ဟစ်ပြောနေတာပါ၊ အော်လွန်းလို့ နားတွေပါးတွေထူလာတာပဲဖြစ်မှာ .."

"ဟုတ်တယ်ပေ့ .. ဟုတ်တယ် .. ကြာကြာနေရင် ငါ သူ့ထက်ကန်းသွားနိုင်တယ် .."

တူဝရီးနှစ်ယောက် စကားပြောရင်း ဝင်လာကြ၏။ ထိုစဉ် လေး ကို လှမ်းမြင်လိုက်ကာ ...၊

"လေး .. မီးဖိုထဲဝင်သွားတာမို့လား .."

"ဟင် .. ဟုတ် .."

လှလွန်း လည်း မြင်သည်။ မီးဖိုချောင်မဝင်ပါနဲ့ဦး သေချာမှာထားခဲ့သားနဲ့ ...၊

စိတ်ပူသွားသဖြင့် တီလေး မေးတာကိုတောင် မဖြေနိုင်ဘဲ ရှေ့က ဦးအောင်သွားဖို့ပြင်လိုက်မိ၏။

သို့သော် ...၊

"ဘယ်ကိုလဲ ညည်းက .."

ဒေါ်ငြိမ်းချမ်း က လက်ကိုလှမ်းဆွဲထားလိုက်ပြီး ...၊

"ရော့ .. ဒါတွေ သွားသိမ်းစမ်း၊ ငါက ချထားပြီးရင် မေ့တတ်လို့ .."

စိန်လက်ကောက်နှစ်ကွင်းပါသည့် ကတ္တီပါဘူးပြားလေးနှင့် ဘဏ်



က ထုတ်လာကာစ တစ်သောင်းတန်အုပ်တွေ ...။

"တီလေးကလည်း စာကြည့်ခန်းထဲ ခဏဝင်ထည့်ထား .."

"မရှည်နဲ့ .. သွားသိမ်းဆို သိမ်း .."

လက်ထဲ အတင်းထည့်ပေးပြီး သူမပဲ တင်ပါးဆုံကြီးတွေ လှုပ်လှုပ်ခါခါနှင့် ရှေ့ကချီတက်၏။ ထို့ပြင် ...၊

"မီးဖိုခန်းထဲကို ဝင်သွားတာ လက်ထဲမှာ ဘာကိုင်ထားလဲမသိဘူး၊ အင်း .. ရွှေနားပေ နဲ့ မတတ်တဲ့သူနဲ့တော့ တွေ့ပြီပေါ့အေ .. ပြောလည်း ဂရုမစိုက်ကြဘူး .."

ပါးစပ်က ပေါက်ပေါက်ဖောက်သွားတာ တောက်လျှောက် ...၊

လေး ကတော့ ကိုယ့်အာရုံနဲ့ ကိုယ်နောက်ကိုလည်း သတိထားမနေ ...။

"လေး .. လာလေ သမီး၊ ဒီဟင်းအိုး မြည်းကြည့်၊ အပေါ့အငံလေး မှတ်ထား ဒေါ်ကြီး ငါးဖယ်ဆုပ်စင်းလေး လုံးလိုက်ဦးမယ် .."

ဖွင့်ထားသည့် ဂတ်စ်မီးဖိုနှစ်လုံးနှင့် ရွှေနားပေ က လှည့်မကြည့်ဘဲ ပြောသည်။ လေး ကလည်း ဟင်းအိုးဆီ မသွားနိုင်သေးဘဲ လက်ထဲမှာ ပါလာသည့် ခြင်ဆေးဘူးနှင့် ပုရွက်ဆိတ်တန်းရှိနေသည့်ဘက်ကို သွားကာ ...၊

"ဒီလောက်သန့်သန့်ရှင်းရှင်းရှိနေတာတောင် တော်တော်အနံ့ခံကောင်းတဲ့သတ္တဝါလေးတွေ .. လာခဲ့ .."

ကိုယ့်ဘေးမှာလှုပ်လှုပ်ရွရွနဲ့ရှိနေပြီး အနားရောက်မလာတော့ ရွှေနားပေ က ဟင်းအိုးအဖုံးဖွင့်လိုက်ရင်း လှည့်ကြည့်သည်။

ဒေါ်ငြိမ်းချမ်း လည်း အခန်းပေါက်ဝကိုရောက်လာပြီဖြစ်ကာ ...၊

"လေး .. လေး မလုပ်နဲ့ .."

"အောင်မယ်လေး .. ဟဲ့ .. ဟဲ့ .."

"ဖြီး .. ရှူး .."

"ဝုန်း .."

www.burmeseclassic.com

www.burmeseclassic.com



တားဆီးကြသည့်အသံနှစ်ရပ်သည် ဝုန်းခနဲ အသံကြီးနှင့်အတူ ဝင်းထိန်ရဲတောက်တက်လာသည့် မီးလုံးကြီးအောက်မှာ ပျောက်ကွယ်လျက် ...။

"မီး .. မီး .. အဲ့ဒါ မီးလောင်တာ .."

ရွှေနားပေ က လက်ညှိုးထိုးပြီးအော်သည်။

"ဟုတ်တယ် .. အဲ့ဒါ ဟုတ်တယ်၊ ဂတ်စ်အိုးကြီး ထပေါက်တော့မှာ၊ ပြေးကြ .. ပြေးကြ .."

"မမကြီး ပြေး .."

"အေး .."

အေး ဆိုပြီး ဒေါ်ငြိမ်းချမ်း က ပြေးဝင်သည်။

"မမကြီး ပြေး ကောင်မလေးရေ ပြေး .. လှလွန်း ရေ .. ကိုမောင်ရေ .."

ရွှေနားပေ လှူစေအောင်ခေါ်၍ ဇွေ့ဇွေ့ခုန်နေ၏။ ဒေါ်ငြိမ်းချမ်း က ရွှေနားပေ ကို ဖြောင်းခနဲဝင်ရိုက်ပစ်လိုက်လျှင် ...၊

"အောင်မယ်လေး .. မီး .. အဲဒါ မီး .."

ရွှေနားပေ အော်ပြီး လှည့်ပြေး၏။ သို့သော် အပြင်ကိုမရောက်ဘဲ စားပွဲခုံကို ပတ်နေတာဖြစ်ကာ ...၊

ဒေါ်ငြိမ်းချမ်း ကလည်း ထမီတစ်စဆွဲပြီး နောက်က ထပ်ချပ်မကွာ လိုက်နေ၏။

"ဟယ် .. မီးတွေ .."

လှလွန်း ပြေးဝင်လာကာ မီးတောက်တွေဘေးမှာ စားပွဲကို ပတ်ပြေးနေကြသည့် ဒေါ်ငြိမ်းချမ်း တို့ကို ကမန်းကတန်းဝင်ဆွဲသည်။

ဂတ်စ်နံ့တွေကြောင့် လူက သတိလစ်မတတ်ကြောက်ရွံ့ပူထူနေကာ နောက်ကိုတစ်ချက်မှ လှည့်မကြည့်ရဲတော့ပေ ...။ ထိုစဉ် မောင် ဘယ်လိုပြန်ရောက်လာသည်မသိလိုက်ဘဲ ပြေးထွက်လာကြသည့် လှလွန်း-တို့ကို မြင်လိုက်လျှင် ...၊

"ဘာဖြစ်တာလဲ .. လေး ရော .."



"ကိုကိုကြီး .."

လှလွန်း မဖြေလိုက်ရပေ၊ မောင် က ပြန်ဖြေတာကိုမစောင့်ဘဲ အခန်းထဲမှာ အခြေအနေတစ်ခုခု ဆိုးရွားနေမှန်းသိလိုက်သဖြင့် ပြေးဝင်သွား၏။

"ဟာ ..."

သူ ထိတ်ခနဲဖြစ်သွားသည်။ လေး က မီးတောက်တွေရှေ့မှာ မျက်လုံးအကြောင်းသားနှင့် တောင့်တောင့်လေးရပ်နေဆဲ ...၊

"လေး .. အပြင်ထွက် .."

လေး ကို အော်လိုက်ပြီး မီးသတ်ဘူးလေး ပြေးဖြုတ်လိုက်သည်။ တကယ်ဆို အကြောက်ကြီးနေကြသဖြင့် အခြေအနေဆိုးသွားတာဖြစ်သည်။

ဂတ်(စ်)မီးက စပရေးနောက်ကို လိုက်လောင်တတ်သည်ဖြစ်ရာ မီးဖိုဘေးမှာ ခြင်ဆေးမဖြန်းသင့်သလို ဖြစ်လာတာကိုလည်း မကြောက်သင့်ပေ ...။

ဂတ်(စ်)ခလုတ်ကောက်ပိတ်လိုက်တာနှင့် ဒီကိစ္စက ပြီးသွားခဲ့ပေမယ့် ...၊

"လေး .."

မီးတောက်တွေ ပျောက်ကွယ်ချိန်တွင် လေး က ကြမ်းပြင်ပေါ်မှာ ခွေခွေလေးလဲကျမေ့မျောနေ၏။ မောင် က လေး ကို ပွေ့ယူကာ အပေါ်ထပ်ကို တောက်လျှောက်တက်လာခဲ့၏။

လှလွန်း လှမ်းမြင်လိုက်ပေမယ့် တီလေး ကလည်း ဧည့်ခန်းမှာ ထိုင်ရင်း ကယောင်ကတမ်းတွေပြောနေဆဲမို့ ထပြေးသွားလို့မရပေ ...။

တီလေးနဲ့ ဒေါ်ကြီးရွှေ ကို ရေတိုက်ပြုစုရင်း ရင်တွေတုန်နေတာလည်း မပျောက်နိုင်ဘဲ ...။

လေး ဘာမှမဖြစ်စေနဲ့ ...၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၁)

"ဟယ် .. မီး .. မီး .."

"လုပ်ကြပါဦး .."

တီလေးက မီးတောက်တွေထဲ ရေတွေနဲ့ ဖျန်းလိုက်၏။ မီးတွေ ပြန့်ပြေးများပြားသွားကာ တီလေး မျက်နှာကြီးမှာ ရဲခနဲဝင်းထိန်သွား၏။

"အောင်မယ်လေး .. ပူလိုက်တာ လုပ်ကြပါဦး .."

"တီလေး ..."

မီးစွဲလောင်သွားသည့် တီးလေးဆီကို ပြေးသွားရင်း လေး တအား အော်လိုက်မိ၏။

"လေး .. ကောင်မလေး .."

ဟင်!...။

လေး ငုတ်တုတ်ထထိုင်ပြီး ရုတ်တရက် သူမ ဘာဖြစ်သွားခဲ့မှန်း သတိမရ ...။

"ဟိတ် ..."

"ကိုကို .."

"ရော့ .. ရေသောက်လိုက်ဦး .."



လေး ရဲ့ ဘေးမှာ ကိုကိုရှိနေသည်။ မွေ့ရာစပ်မှာ လေး ကို နောက်ပြန်ထိုင်လျက် ရေ လှမ်းယူပေး၏။

"ကိုကို .. တီလေးရော .. တီလေးတို့ ပြန်လာကြတယ်၊ ဒေါ်ကြီးရွှေနဲ့ လေး နဲ့ .."

"ဟုတ်တယ် .. မီးလန့်သွားတာ အခု ပြီးသွားပြီ .."

လေး မျက်ရည်တွေ အိခနဲ ဝိုင်းတက်လာသည်။

ကိုကို့မျက်နှာက တင်းမာမှုတို့ လုံးဝရှိမနေဘဲ နူးညံ့ပြေပြစ်နေသည်။ လေး ကို လှည့်ကြည့်သည့် မျက်ဝန်းတွေက ချစ်စနိုးရယ်မြူးရိပ်တို့ ထင်လျက် ...၊

"ဘာဖြစ်လို့ မျက်ရည်တွေကျဖို့ ဟန်ပြင်နေတာလဲ .."

ပြောပြီး လေး ရဲ့ လက်ဖဝါးလေးကို ဆုပ်ကိုင်လိုက်သည်။ သူမဘက်ကို ကိုယ်တစောင်းလှည့်ထိုင်၍ မျက်နှာချင်းဆိုင်ကြည့်ကာ ..၊

"ဂတ်(စ်)မီးက အန္တရာယ်ရှိပေမယ့် သိပ်ကြောက်ဖို့မလိုပါဘူး၊ ဒါပေမယ့် ဘယ်မီးမဆို ပေါ့ဆမှုမရှိရင် ပိုကောင်းတာပေါ့ .."

"လေး က မီးဖိုနားမှာ ခြင်ဆေးဘူးနဲ့ .."

"ဟုတ်တယ် .. နောက် အဲ့လိုမလုပ်ရမှန်း သိသွားပြီမို့လား၊ ဒါကို သတိထားဖို့ပဲလိုတာ၊ တွေးပြီး ကြောက်နေစရာမလိုဘူး .."

"ကိုကို .."

"ပြော .."

"ကိုကို ပြန်ရောက်မလာရင် ဘာတွေဖြစ်ကုန်မလဲ မသိဘူး .."

"ဘာမှမဖြစ်ထိုက်လို့ ကိုယ် ပြန်ရောက်လာတာပဲ၊ ပြောနေရင်းနဲ့ ဖြည့်ဖွတ်ပူပန်နေပြန်ပြီ .. အဲဒါ ထားလိုက်တော့ အခု နေရဲ့ထိုင်ရဲ့တာ အဆင်ပြေရင် .."

"တီလေး ဘယ်လိုနေလဲဟင် .. သူ လေး ကို ပိုမုန်းသွားပြီ .."

"မတော်တဆဖြစ်တာပဲကွ .."

"မဟုတ်ဘူး .."

www.burmeseclassic.com

www.burmeseclassic.com



လေး မျက်ရည်စက်တွေကျလာတာမြင်တော့ သူ သနားသွားမိသည်။ မေးဖျားလေးကို မော့ယူလိုက်တော့ မျက်နှာလေးက အလိုက်သင့်ပါလာကာ ...၊

"လေး ကို မီးဖိုချောင်ထဲ ထပ်မဝင်ရဘူးလို့ တီလေး ပြောသွားတာ၊ အဲဒါကို လေး က .."

"မင်းက အိမ်ကိုမီးနဲ့ရှို့ဖို့ ကြိုးစားတာမှ မဟုတ်ဘဲ၊ ညဦးက တောင် တီလေးက မေးနေသေးတယ်၊ မင်း အကြာကြီး သတိလစ်နေလို့ ဆရာဝန်ပင့်ဖို့လည်းပြောတယ် .."

လေး အံ့ဩသွားသည်။ မောင်.က လေး ရဲ့ မျက်ရည်ကြောင်းလေးတွေကို လက်မနဲ့ အသာလေး ဖျက်ပေးလိုက်ကာ ...၊

"ဘာဖြစ်လို့ ခုမှ ထမင်းဟင်းချက်တတ်ချင်နေရတာလဲ .."

လေး သူ့ကိုကြည့်နေပြီးမှ ဘာမှမဖြေ ...။

"လှလွန်း က ပြောတယ်၊ မင်း ပြောပြတဲ့အတိုင်းပေါ့ .."

ဘိုးဘိုးကိုပဲ ချက်ကျွေးချင်တာလို့ပြောခဲ့တာကို သတိရပြီး မျက်နှာပူသွားမိသည်။ မောင် ကတော့ နားလည်သည့်အပြုံးတွေနဲ့ပါ။

"ဘာပဲဖြစ်ဖြစ် မင်း စိတ်မြန်လက်မြန်လုပ်တတ်တာ အန္တရာယ်ရှိတယ်၊ ဘိုးဘိုးသော် ကရော မင်း ချက်ကျွေးတာကို စားချင်ပါတယ်လို့ ဘယ်နှစ်ခါပြောခဲ့ဖူးလို့လဲ .."

"မပြောဘူးပေမယ့် လေး ကို လိမ္မာစေချင်တာ .."

"မင်းကို အရမ်းဆိုးတာပဲလို့ ပြောဖူးတယ်ပေါ့ .."

သူ့မျက်နှာကို နားမလည်သလိုပြန်ကြည့်မိကာ လေး ခေါင်းခါမိ၏။

"ဒါဆို ဘာဖြစ်လို့ ကိုယ့်ကိုယ်ကိုယ် ဆိုးတယ်လို့ပဲထင်နေတာလဲ၊ လူတိုင်းမှာ ပြည့်စုံကောင်းမွန်နေကြတာမှ မဟုတ်တာ၊ မင်းရဲ့ ဘိုးဘိုး က လိမ္မာစေချင်တယ်ဆိုရင်လည်း မင်းကို ကိုယ့်ဘက်ကငြိုငြင်စရာဖြစ်မှာစိုးတာကြောင့်ပဲ၊ ဘာဖြစ်လို့လဲဆိုတော့ မိန်းမတစ်ယောက်ရဲ့



အရည်အချင်းကောင်းများကို သူ့ရဲ့ အိမ်ထောင်ရေးမှာပဲ အမှတ်ပေးတာလေ .."

ပြောပြရင်း မောင် က ပြုံးလိုက်သည်။ ဘယ်အချိန်ရှိနေပြီမှန်း မသိပေမယ့် မီးရောင်အောက်မှာ မောင့် မျက်နှာက ရှင်းသန့်ချော့မွေ့နေလျက် ...၊

"မင်း သိလား .. ကိုယ် မင်းကို မွေ့လာခဲ့တဲ့အချိန်မှာ ဒီကောင်မလေးဆိုတဲ့ မိန်းကလေးသာ ငါ့ဘဝထဲမှာမရှိတော့ရင်ဆိုတဲ့ အတွေးက ကိုယ်ပိုင်ဆိုင်မက်မောခဲ့သမျှအရာအားလုံးပေါ်မှာ လွှမ်းမိုးသွားသလိုပဲ၊ မင်းကို ပြန်လိုချင်တဲ့ ဆန္ဒတစ်ခုကလွဲရင် ကိုယ် မက်မောတာ ဘာမှမရှိတော့ဘူးဖြစ်သွားတယ် .."

သူ့ကိုကြည့်နေသည့် လေး ရဲ့ မျက်ဝန်းလေးတွေ အလိုအလျှောက်လွှဲဖယ်သွားခဲ့သည်။ တစ်စုံတစ်ခုတော့ လှုပ်ခတ်ခြင်းက လူကို လေပူတွေနဲ့ စတင်ဆွတ်ဖျန်းသကဲ့သို့ နေရထိုင်ရခြင်းက သက်တောင့်သက်သာမရှိ ဖြစ်လာခဲ့သည်။

မောင် က လေး ရဲ့ လက်ဖဝါးလေးကို ခပ်ဖိဖိဖျစ်ဆုပ်ထားရင်း လက်ချောင်းသွယ်သွယ်လေးတွေကို ပွတ်သပ်နေလျက် ...၊

"အဲဒါကြောင့် ကိုယ့်အတွက် မင်းရှိနေဖို့ထက် ဘာမှမလိုအပ်ဘူး မိန်းမတို့ရဲ့ အရည်အချင်းကောင်းများစွာဆိုတာ ကိုယ်က မတောင့်တဘဲ မင်းကိုယ်တိုင် ပေးချင်လာတဲ့အခါ အခု မင်းအတွက် ခက်ခဲနေတာတွေအားလုံးက အသေးအဖွဲလေးတွေဖြစ်သွားမှာပါ .."

ကိုယ်တော်ချင်တာက သူ့အတွက်မဟုတ်ဘဲ ဘိုးဘိုး စိတ်ချမ်းသာစေချင်တာလို့ ပြောခဲ့ပြီးသား ...။

"ခုနေ မင်းရင်ထဲမှာ အရာရာဟာ ဘိုးဘိုးအတွက်ပဲဖြစ်နေမှာပဲ အဲဒါ ဘယ်အချိန်ထိဖြစ်နေနေ ကိုယ် ကြည်ဖြူပါတယ်၊ ကိုယ့်အတွက် အရာရာဆိုတာ တစ်နေ့နေ့တော့ ရှိလာမှာပဲ .."

ကိုကို ငါ့ကို ရည်းစားစကား ပြောနေတာလား ...၊

www.burmeseclassic.com

www.burmeseclassic.com



လေး ရဲ့ သံသယမျက်ဝန်းလေးတွေ သူ့ မျက်နှာဆီရောက်သွားပြန်သည်။ ဖေ့စဘွတ်မှာ ဗာတွေအပြန်အလှန်ရိုက်ရင်း ရည်းစားတွေ ထားခဲ့ဖူးသည်။

တွေ့ကြရအောင်ပါဆိုရင်လည်း သူငယ်ချင်းတွေ လက်ဝါးရိုက်ပြီး ရောက်အောင်သွားခဲ့ဖူးတာတွေရှိသည်။ ဒါပေမယ့် ဘယ်လိုပုံစံ အဆင်းသဏ္ဍာန်ရှိတယ်ဆိုတာ ကွယ်ရာကကြည့်ပြီး လှည့်ပြန်ခဲ့တာပဲဖြစ်၏။

မျက်နှာချင်းဆိုင်ကြည့်ကြပြီး ချစ်စကားပြောခဲ့ဖူးတာ တစ်ခါမှ မရှိခဲ့ပေ ...။

ယောကျ်ားတစ်ယောက်က သူ့ရဲ့အချစ်ကို ဖော်ပြချင်ပြီဆို ဘယ်လို အကြည့်မျိုးတွေပြောင်းလဲသွားတတ်သလဲ ...၊

ဘယ်လိုစကားလုံးတွေနဲ့ အရင်ဆုံး ပြင်ဆင်လာကြသလဲ၊ သူမကြုံဖူးခဲ့တာ ဘာရှိလို့လဲ ...၊

ထို့ကြောင့် မောင့် မျက်ဝန်းနဲ့အကြည့်တွေကို သူ့စကားတွေနဲ့ ထပ်တူ ညီ၊မညီ မခွဲခြားနိုင်ပေ ...။

ထိုအချိန်မှာပဲ ဒေါ်ငြိမ်းချမ်း တို့ ရောက်လာကြသဖြင့် မောင် က လေး လက်လေးကိုလွှတ်၍ နေရာရွှေ့ထိုင်လိုက်၏။

"သတိရပြီလား .."

ဟုတ်ကဲ့လို့တောင် လေး မပြောနိုင် ...၊ တီလေး မျက်နှာကိုပဲ ထိုင်လိုက်တဲ့အထိ လိုက်ကြည့်နေမိ၏။ လှလွန်း ကတော့ လေး ရဲ့ ဘေးမှာ နီးကပ်စွာထိုင်လိုက်ပြီး ...၊

"လေး ရယ် တော်သေးတာပေါ့၊ ငါ နင့်ကို အဲ့ဒီထောင့်မှာမှန်းလုံးဝ သတိမထားဘူး၊ တီလေးတို့ကိုပဲ တန်းခနဲမြင်ပြီး ဆွဲခေါ်ပြေးခဲ့တာ ငါ့ကို ခွင့်လွှတ်ပါနော် .."

"ဘယ်သူ့မှာမှ အပြစ်မရှိပါဘူး .."

ဒေါ်ငြိမ်းချမ်း နှုတ်မှ နူးညံ့မှုတသော စကားတို့ကို မယုံနိုင်ဖွယ်ကြားခဲ့ရပြီး ...၊



"ဖြစ်စေချင်တဲ့စိတ်ရင်းနဲ့ လုပ်ခဲ့ကြတာမှမဟုတ်တာ .."

သူမက လေး ကို နားလည်သည့်အကြည့်တို့နှင့် ရှုံးစိုက်ကြည့်၏။ လေး လောက် ပြည့်စုံချမ်းသာသည့်မိန်းမငယ်လေးတစ်ယောက်က ဘာမှမသိနားမလည်တာ အပြစ်မဟုတ်မှန်းလည်း သူမ နားလည်သည်။

ဒါပေမယ့် ပြောနေဆိုနေရတာက ဒါတွေကို သိတတ်နေစေချင်သည့်လောဘကြောင့်ပဲဖြစ်သည်။ သူမ လည်း မှားခဲ့တာပဲမို့ ကလေးက တစ်ဖွတ်ထိုးလုပ်လိုက်တော့ ကိုယ့်အမှားကိုပြန်တွေးမိခဲ့သည်။

လေး ကိုလည်း အဆမတန် သနားမိလေသည်။ သူမ ဒီလောက်ထိဆူပြောခဲ့သည့်ကြားက တတ်ချင်သည့်ဇောနှင့် သင်ယူဖို့ကြိုးစားခဲ့ရှာ၏။

"ညနေက ကျွန်မသင်ပေးနေတာ သူ အားလုံးကို ကောင်းကောင်းမွန်မွန်လိုက်မှတ်နေတာ၊ တကယ်ကို ဆားနဲ့ ဟင်းချိုမှုန့်တောင် ခွဲခြားမသိတာ .." တဲ့ ...။

ရွှေနားပေ က အကုန်ပြန်ပြောပြ၏။

"မသိတာတွေ အကုန်လျှောက်မေးတော့တာပဲ၊ ပြီးတော့ ဘဲဥနဲ့ ကြက်ဥကိုကြည့်ပြီး ကြက်မတွေက ဒါကြီးကို ဘယ်ကနေ ထုတ်တာလဲတဲ့ .."

"ကြက်ခြံထဲမှာဆိုရင် စောင်ခင်းပေးထားရတာလား ..၊ ကြက်ဥမှာ ဘာဖြစ်လို့ ဘာမှမပေတာလဲနဲ့ စုံနေတာပဲ၊ သူ မေးပြီးတော့ ရယ်နေသေးတာ မမကြီးရယ် .. တစ်ညနေလုံး အဆင်ကိုပြေနေတာပဲ .."

"အဲဒီ ပုရွတ်ဆိတ်တန်းကို ဘယ်လိုမြင်သွားပြီး ခြင်ဆေးဘူးက ဘယ်ကရလာမှန်းလည်း မသိဘူး၊ သူ အဲဒါသွားယူလာတာ ကျွန်မလုံးဝကို မသိလိုက်လို့ပါ .." လို့ ပြောပြခဲ့သေးသည်။

ခြင်ဆေးဘူး ဝယ်လာရတဲ့အကြောင်းကိုတော့ လှလွန်း က ဖြည့်စွက်ပြောပြတာပါ။

"တီလေး ကို တောင်းပန်ပါတယ် .."

လေး ရဲ့ အသံလေးကြောင့် သိထားတာတွေကို တွေးနေရင်း ပြုံးမိ

www.burmeseclassic.com

www.burmeseclassic.com



ကာ ..၊

"မလိုပါဘူးအေ .. ငါကတောင် ညည်းလေးကို စိတ်ပူနေရတာပါ၊ ဘာဖြစ်လို့လဲဆိုတော့ လမ်းမှာတွေးလာခဲ့မိတာတွေ မဖြစ်သေးလို့တော်သေးတယ်ဆိုပြီးတော့ .."

ဟင်!...၊

လှလွန်း က ရိပ်မိလိုက်မေမယ့် လေး က မသိသေး ..။

"အဟွန်း .."

ဒေါ်ငြိမ်းချမ်း က မောင့် မျက်နှာကိုလည်း လှည့်ကြည့်ကာ ..၊

"ညည်းတို့နှစ်ယောက် လက်ထပ်ခဲ့တာ သိပ်မကြာသေးပေမယ့် ငါက မြေးလိုချင်နေပြီလေ .."

မျက်နှာ ဖျန်းခနဲပူရှိန်းသွားသည်။ မောင် က မျက်နှာဘယ်လွှဲရမှန်းမသိသည့်ပုံဖြစ်သွားပြီးမှ ခပ်ငုံ့ငုံ့နှင့် လည်ပင်းပွတ်နေ၏။

"ဒါပေမယ့် ညနေကလိုဖြစ်တာမျိုးက လနုနုလေးနဲ့ဆို ပျက်စီးနိုင်တယ်လေ .."

"တီလေးရာ .. ဘာတွေပြောနေမှန်း မသိဘူး .."

"ထွက်လာပြီ .. မင်း အသံ .."

"ကျွတ် ..."

မောင့် မျက်နှာမဲ့လျက် နေရာမှ ထထွက်သွားလေသည်။ လှလွန်းက လက်ဝါးလေးနဲ့ ပါးစပ်ပိတ်ရယ်ရင်း ..၊

"လူပျိုကြီး ရှက်သွားပြီ .."

"ဘာလူပျိုကြီးလဲ .. လူပျိုကြီးဆို ငါက မြေးတောင်းစရာလား .."

ဒေါ်ငြိမ်းချမ်း က တူဖြစ်သူကို မျက်စောင်းရွယ်ပြီးမှ လေး ဘက်ပြန်လှည့်၍ ..၊

"နောက်ဆို ပျံခနဲ နုံ့ခနဲ မနေရတော့ဘူး၊ မီးဖိုချောင်ဗာယီရတွေ စိတ်ဝင်စားရင် ခဏတစ်ဖြုတ်ဝင်မေး လေ့လာ .. အသည်းအသန်တတ်မြောက်ဖို့ မကြိုးစားနဲ့ .."



"တီလေးပဲ သူများကိုပြောရင် နှင်ပဲငဆ .."

"အဲဒါတွေ ထားလိုက်တော့ .."

"သူ့ကျတော့ .. ဟွန်း .."

"လှလွန်း ရေ .."

"ရှင် ..."

"ပါးစပ်လေးခဏပိတ်ထား .. ကျုပ် ညည်းကိုပြောနေတာ မဟုတ်ဘူး .."

"အား .. ကျွတ် .. ကျွတ် .."

ဟင်!...၊

လေး မျက်နှာမဲ့သွားပြီး ခေါင်းနှိပ်လိုက်သဖြင့် လှလွန်း ကို ဆူနေသည့် ဒေါ်ငြိမ်းချမ်း ဖျတ်ခနဲလှည့်ကြည့်သည်။

"ဘာဖြစ်လို့လဲ .. ခေါင်းမူးလို့လား .."

"ဟုတ် .. ဘယ်လိုကြီးလဲ မသိဘူး .."

လေး ညာဏ်များလိုက်တာကို လှလွန်း ကတော့ သိနေ၏။ ဟိုတစ်ခါ စကားအစ်ကြည့်တုန်းကတော့ ဘာမှမဟုတ်သလိုလို လေး ဖြေခဲ့ဖူးသည်၊

ဒါပေမယ့် ကိုကိုကြီးနဲ့ လေး တို့ရဲ့ ဆက်ဆံရေးကို သူမ မသင်္ကာပေ..

လေး ကလည်း မကြည်ဖြူမကျေနပ်လျှင် အသံကုန်အော်ပစ်ဖို့ဝန်မလေးတဲ့သူ ..။

ကိုကိုကြီးက လူပျိုကြီးပီပီ ခပ်တည်တည်ရယ် ..။

တစ်ယောက်နဲ့တစ်ယောက် 'နှင်လာမလား၊ ငါလာရမလား' စောင့်ကြည့်ရင်း မနေ့တစ်နေ့ကလိုပါပဲဆိုရင် တီလေး စောင့်တနေတာ ဖေးပြီပေါ့ ..။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၂)

လေး နေမကောင်းဖြစ်နေသည်ဆိုတာနှင့် ဦးသော်တာ နဲ့ ချိုမိုင် တို့ ဒေါ်ငြိမ်းချမ်း အိမ်ကို ရောက်လာခဲ့ကြသည်။

"ဘိုးကိုး ပြန်ရောက်နေတာကြာပြီ မြေး၊ မြေးလေးကို ခွဲသွားရပေမယ့် ကြာကြာလည်း မနေနိုင်တော့ ပြန်လာခဲ့ရတယ်၊ ဒါပေမယ့် မြေးလေး အသားတကျနေပါစေဆိုပြီး အသိမပေးဘဲနေခဲ့တာ .."

"ဘိုးဘိုး အရမ်းရက်စက်တာပဲ .. အန်တီချို လည်း ဘာထူးလဲ လေး ဆီကို တစ်ခါမှ မလာဘူး .."

"လာချင်တာပေါ့ မီးလေးရယ် .."

"အဲဒါတွေက ဘိုးဘိုး ချမှတ်ခဲ့တဲ့ စည်းကမ်းတွေကြောင့်ပါ မြေးရယ် ..၊ သမီးချို က မယ်ငြိမ်း နဲ့တော့ ဖုန်းအမြဲဆက်သွယ်နေတာပါ၊ ဘာပဲဖြစ်ဖြစ် ဘိုးဘိုး မှားပါတယ်၊ မြေးလေးကို ဒီလောက်ထိ အလိုလိုက် မွေးမြူခဲ့ပြီးမှ အကောင်းဆုံးတွေဖြစ်ဖို့ လောဘကြီးခဲ့မိတာ .."

မြေးအဘိုးတွေ့ဆုံပွဲက ဝမ်းနည်းဝမ်းသာဖြစ်ရပေမယ့် ရယ်သံတွေတော့ တိတ်ဆိတ်နေခဲ့၏။

သို့သော် ဒေါ်ငြိမ်းချမ်း အချိုးတွေ ပြောင်းနေတာမြင်သွားရသဖြင့် ဦးသော်တာ ကျေနပ်သွားခဲ့လေသည်။



"ဒါနဲ့ မြေးက ကိုယ်ပိုင်ကုမ္ပဏီထူထောင်နေတယ်ဆို .. ဟုတ်လား .."

မောင့် ကို မြေးလို့ခေါ်လိုက်သဖြင့် ဒေါ်ငြိမ်းချမ်း မျက်နှာကြီး ချိုအီသွား၏။

"ကောင်းပါတယ် .. ပညာဟတ်ဆိုတာ ကိုယ့်ဘဝမြင့်မားဖို့ လမ်းကြောင်းကို မှန်ကန်စွာရွေးချယ်နိုင်စွမ်းရှိတဲ့သူလို့ဆိုတာ၊ ဘဝဟာ ကစားပွဲတစ်ခုမဟုတ်တဲ့အတွက် ကိုယ် ထွက်တဲ့တာကို ပြန်မဝင်ရဘူး .."

ဆုံးမစကားတွေလည်း ပြောသွားသေးသည်။ မောင့် လက်မောင်းကို ဆုပ်ကိုင်၍ ..၊

"ဘိုးဘိုး အကူအညီပေးနိုင်တာရှိရင် အချိန်မရွေးပဲ .. လိုအပ်တာရှိရင် ပြော .."

"ဟုတ်ကဲ့ပါ .."

"ဘိုးဘိုးမြေးလေး ဒီမိသားစုထဲရောက်လာတာ မမှားဘူးလို့ ခံစားမိလာတဲ့အတွက် ဘိုးဘိုး ဝမ်းသာတယ်၊ မှားပြီလားလို့ ပူပန်စိတ်တွေဖြစ်ခဲ့တဲ့အတွက်လည်း တောင်းပန်တယ်၊ တကယ်တော့ မြေးက သူငယ်ချင်းကောင်းနဲ့အတူ နွေးထွေးတဲ့မိသားစုဘဝလေးကို ပိုင်ဆိုင်ရတာပဲ-မြေးအတွက် ဘိုးဘိုး ကျေနပ်တယ် .."

မိသားစုနှစ်စုက နားလည်မှုတွေရသွားခဲ့ကြသည်။ မောင် နဲ့ လေး ကတော့ မူလရာသီထဲမှာ ပြန်လည်ပျော်မွေ့နေခဲ့လျက် ..၊

"ချစ်ကြဖို့ပဲလိုတော့တာကို .."

"ဘာပြောလိုက်တယ် ဖြူစင် .."

"လူလွန်း ပြောသလို ပြောပြတာလေ .."

ဒီနေ့ သူငယ်ချင်းတွေဆုံမိကြကာ သူတို့ဝယ်ခြမ်းလာကြသည့် သွားရည်စာတွေနှင့် နေ့လယ်ပိုင်းမှာ စားသောက်ရယ်မောကြပြီး ညနေပိုင်းမှာ ဂိမ်းဆော့တဲ့သူကဆော့၊ ချက်တင်ထိုင်တဲ့သူက တခိခိနှင့် ..၊

www.burmeseclassic.com

www.burmeseclassic.com



"လေး ရေ .. ဒီမှာ ဟိုတစ်ယောက် နင့်ကို မေးနေတယ်ဟ .."

"ဟိတ် .. ဟိတ် .. လေး ကို ခေါ်တဲ့သူ ငါ့ရန်သူ .."

လှလွန်း က ဂိမ်းဆော့ရင်း လှမ်းအော်၏။

"ဘာထဖြစ်တာလဲ .. ပိုင်ရှင်အနားမှာမရှိတုန်း ခဏသုံးစွဲကြည့်တာကို .."

"သုံးစွဲကြည့်ရအောင် ငါ့ယောက်မက နင်ကိုင်ထားတဲ့ မောက်စ်မဟုတ်ဘူး .. လုံးဝမရဘူး .."

"ဘာလို့မရရမှာလဲ ဟွန်း .. သူ့အစ်ကိုက ဘယ်လောက်နဲ့များ စပိုင်ခန့်ထားလိုက်လဲ မသိဘူး .."

"ဟုတ်ပ .. အဲ့တစ်ယောက် အရင်လိုကိုမဟုတ်ဘူး၊ လေး ကို သူ့ပစ္စည်းကျနေတာပဲ .. တုန်ခါနေတာ .."

ထိုစဉ် လေး က အနားကိုပြေးဝင်ထိုင်လိုက်သဖြင့် ..၊

"သေး ရေ .. နင်ကလည်း ခုမှ အိမ်ထောင်ရှင်မကြီးကျနေတာပဲ နော် .. ခဏလာထိုင်လိုက်၊ မီးဖိုချောင်ပြေးဝင်လိုက်နဲ့ ဟင်းမချက်တတ်ရင် မစားဘဲနေရတော့မယ့်အတိုင်း .."

လေး က ရယ်လိုက်ရင်း မော်နီတာကိုကြည့်ကာ ..၊

"အခု ဒီမျက်နှာတွေထက် ငါ စိတ်ဝင်စားတာ တွေ့နေပြီဟ .."

"ဒါပေါ့ .. ကိုကိုကြီးက .."

"မဟုတ်ပါဘူး .. ကိုကို့ကို ငါကဖြင့် ဟင်းတစ်အိုးလောက် စိတ်မဝင်စားပါဘူး .."

"ဟယ် ..."

လှလွန်း မျက်နှာငယ်လေးနှင့် လှည့်ကြည့်၏။ လေး က အသံထွက်အောင်ရယ်လိုက်ပြီး လှလွန်း ရဲ့ ခါးကို လှမ်းဆိတ်ကာ ..၊

"အခုလိုအချိန်မျိုးကိုပြောတာပါ၊ ငါ ချက်တဲ့ဟင်းက အနံ့လေးမွှေးလာတော့ ငါ ဘယ်လောက်ပျော်ရလဲ သိလား .."

ထိုအခါကျမှ လှလွန်း အပါအဝင် အားလုံး၏ မျက်နှာတွေမှာ



လေး ဆီက အပျော်တွေ ကူးစက်သွားခဲ့သလို အပြုံးတွေ လင်းလက်လာခဲ့၏။

ပြည့်စုံသာယာခဲ့သည့်ဘဝမှာ မီးဖိုချောင် ဗာယီရတွေဆိုတာ မိမိ ကျွမ်းကျင်ထားသင့်သော ပညာကိစ္စရပ်တွေဆိုတာလည်း သိပ် နားမလည်ခဲ့ပေ ..။

မိခင်နဲ့ အဒေါ်သားရင်းတွေ အစ်မကြီးတွေနဲ့ ကြီးပြင်းခဲ့ရရင်လည်း တစ်မျိုး ..။

လေး ရဲ့ ဘဝမှာ ဘိုးဘိုးတစ်ယောက်သာ မိဘ၊ ဘိုးဘိုးတစ်ယောက်ကပဲ မိသားစုဖြစ်နေခဲ့ရသည်။ ဘိုးဘိုးကလည်း လုပ်ငန်းလေးအနည်းအကျဉ်းကိုတောင် ယုံကြည်ရသည့်မိတ်ဆွေတွေနဲ့ လွှဲထားကာ လေး အတွက် အချိန်ပြည့်ရှိနေပေးခဲ့၏။

ထို့ကြောင့် မဆူရက် မငေါက်ရက်အောင် ယုယမွေးမြူလာခဲ့သည့် လေး ကို ဝင်လေ့လာစမ်း၊ တတ်အောင်သင်စမ်းဆိုတာမျိုးလည်း ဘယ်တုန်းကမှ မခိုင်းခဲ့ ..၊

"ပြောပါဦး .. အခု ဘာတွေချက်တတ်နေပြီလဲ .."

ဖြူစင် က မေးတော့ ဖေ့စ်ဘွတ်မှာ အလုပ်ရှုပ်နေရင်း ပြုံးပြပေမယ့် ရုတ်တရက်မဖြေနိုင် ..။

လှလွန်း နဲ့ ပုံရိပ် တို့က ဘာတွေပြောနေတာလဲဆိုပြီး ခေါင်းချင်းဆိုင်၍ လာငုံ့ကြည့်ကြသည်။

"နေ့ဖွဲ့သစ်ပါလား .."

ဒီတစ်ယောက်ကိုမြင်တော့ လှလွန်း မျက်နှာမဲ့သွားသည်။ အပျော်ဆိုတာ သိပေမယ့်လည်း သဝန်တိုစိတ်တွေပါ ဆက်တွဲဖြစ်လာကာ ..၊

"လေး နော် .. အဲ့ဒီတစ်ယောက်က နင့်ကို အတည်ကြီးဖြစ်အောင် ပြီး ကြည့်လုပ် .."

"အေးပါ .. ကြည့်လုပ်မှာပါ .."

ထိုစဉ် အခန်းဝမှာ ကိုကိုကြီးရဲ့ပုံရိပ် ပေါ်လာခဲ့ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ဒီထဲမှာ စုပြုံနေကြပြန်ပြီလား .."

"ဟယ် ..."

"ကိုကိုကြီး ပြန်လာပြီ .."

"လာ .. ငါတို့ခြံထဲ သွားရအောင် .."

ငုံ့နေသည့် ခေါင်းလေးပတ်ခနဲဖြစ်ကာ ကုန်းကွနေကြသည်များ မတ်မတ်စန့်စန့်တွေပြန်ဖြစ်၏။ ပြီးတော့ ချထားသည့် ဖုန်းလေးတွေ ပြေးကောက်၊ အိတ်လေးတွေထဲထည့်ကာ အလျှိုလျှိုထွက်သွားကြလေသည်။

မောင် က မော်နီတာပေါ်ကို လှမ်းကြည့်လိုက်ပြီး တိုက်ပုံအင်္ကျီ ချွတ်သည်။ ပြီးတော့ ..၊

"မ out လိုက်နဲ့ဦး .."

ဟင်!...၊

လေး မျက်ခုံးလေးပင့်သွားပြီးမှ out ပစ်လိုက်၏။ ပြီးတော့ ဘာမှ မဟုတ်သလို လေး နေရာမှ ထရပ်ကာ ..။

"ကိုကိုက စောလှချေလား .."

"ပြောနေတာကို ဘာလို့ out လိုက်တာလဲ .."

"အပျင်း .."

လေး က ရယ်ရင်း နှာခေါင်းလေးရှုံ့တွတွနှင့် ..၊

"ကိုကိုကလည်း လျှောက်နှောက်ထားတာတွေကို ကိုကို ဖတ်မှာ စိုးလို့ပေါ့ .."

"လျှောက်နှောက်ထားတာဆိုရင် ငါ ဖတ်တော့ ဘာဖြစ်သွားနိုင်လို့လဲ .."

"အလုပ်ရှုပ်တာပေါ့ .."

"နေဦး .."

လေး က အပြင်ထွက်ဖို့ပြင်တော့ မောင် က လက်ကိုဆွဲထားလိုက်ကာ ..၊



"ဒီမှာ ဖိုင်တွေ ဗီရိုထဲသွားထည့်ပေး .."

"လေး .. ဟင်းအိုးတွေသွားကြည့်ရဦးမှာ .."

"လာပြန်ပြီလား .. ဒီဟင်းအိုး .."

"လေး ဟင်းချက်သင်နေပါတယ်ဆိုမှ .."

"သင်နေလည်း ဒီနေ့အဖို့တော်ပြီ .. ပုဆိုးနဲ့ အင်္ကျီ သွားထုတ်ပေး.."

"ကိုကို ရေချိုးမလို့လား .."

"ဟုတ်တယ် .."

"အဲဒါ ကိုကို့ဘာသာ ရွေးထုတ်ပေါ့ ကိုကိုရဲ့ ကိုယ်ဝတ်ချင်တာ ကိုယ်ပဲသိတာကို .."

ပြောပြီး လက်လေးကို လွှဲရုန်းသည်။ မောင် က သူ့မရှေ့ကနေ ပိတ်ရပ်ထားလိုက်ပြီး ..၊

"တစ်သက်လုံး ကိုယ့်အကြိုက်နဲ့ နေလာပေမယ့် နှစ်ယောက် အတူနေရတော့မယ့်အချိန်ကစပြီး နှစ်ယောက်အကြိုက်ဖြစ်သွားပြီ၊ အဆင်ပြေမယ်ထင်တာ ထုတ်ထားလိုက် .."

"ကိုကို့ .."

ဒီတစ်ခါ သူ့လက်ကို လေး က ဆွဲထားကာ ..၊

"ကိုကို့ဟာတွေ လေး မှ မကြိုက်တာ .."

"ဘာ ..."

"ဟုတ်တယ် .. ပုဆိုး ဘယ်လိုအရောင်ဖြစ်ဖြစ် ရှပ်အင်္ကျီကြီးနဲ့ ကပ်လိုက်ရင် ဘာပုံဖြစ်သွားမလဲ၊ အဲဒါတွေကို ?တ်လည်းမဝင်စားဘူး"

"ဒါဆို ငါ့ကိုယ်ပေါ်မှာ မင်း စိတ်ဝင်စားတာ ဘာမှမရှိဘူးပေါ့.."

"မရှိဘူး .."

ပေါ့ပေါ့လေး ခေါင်းခါလိုက်သည့်အဖြေမှာ မောင့် မျက်နှာမည်း မှောင်သွားခဲ့၏။ ထို့ပြင် ခုနလေးတင် မြင်လိုက်ရသော ဖေ့စ်ဘွတ်ပေါ်က ချာတိတ်တစ်ယောက်ရဲ့ ပုံစံကို မြင်ယောင်သွား၏။

"ကိုကို့ကို ပုဆိုးကြီးတကားကားနဲ့ မြင်နေရတာ .."

www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒီတော့ ဘာဖြစ်လဲ .. ဆက်ပြော .."

"စိတ်ပျက်တာလေ .. ဟဲက်ပီးနယူးရီးယား ညကလည်း အဲ့ဒီပုဆိုးကြီးကြောင့် ရေကူးကန်ထဲမှာ .."

"လျှောက်ပြောမနေနဲ့ .."

"ကိုကိုပဲ မေးပြီးတော့ .."

လေး ကို သူကြည့်တော့ မီးနီးရောင်တီရှပ်လက်ပြတ်လေးနှင့် ပေါင်လယ်လောက်ဆောင်းဘီတိုလေး ဝတ်ထားသည်။ ဆံပင်တွေကို နောက်မှာ ဖြစ်သလိုစည်းထားကာ နဖူးနဲ့ နားသယ်စပ်ဆံစလေးတွေ တစ်မြိုက်နှစ်မြိုက်ပြုဆင်းနေကြသဖြင့် နဖတ်ဝင်းစိုနေသည့် မျက်နှာလေးက ကပိုကရိုဆန်ပေမယ့် လှနေ၏။

ကိုယ့်ပုံစံကိုတော့ ပြန်ငုံ့မကြည့်ဖြစ်တော့ပါ။

လေး ထံမှ ဒီလိုအပြောမျိုးကို ပထမဆုံး မခံရပ်နိုင်ဖြစ်ရခြင်းက ဒါကို ပြန်လည်ဖျောက်ဖျက်နိုင်ဖို့လည်း တော်တော်ကြီးခဲယဉ်းနေရကာ ..၊

"လေး သွားတော့မယ် .."

"ဟော့ ..."

လေး က ရောင်တွက်လျှင် ခြေလှမ်းရွှေ့လိုက်ပြီး ပိတ်ထားမိကာ..၊

"ပုဆိုးနဲ့ တိုက်ပုံကို မင်း သဘောကျတတ်အောင်ကြိုးစား၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒါကိုပဲ ဝတ်တတ်နေတဲ့ကောင်က မင်း ယောကျ်ားကြည်နူးမောင် ဖြစ်နေလို့ .."

လေး မျက်နှာလေးမသိမသာမဲ့သွားပြီး သူ့မျက်နှာကို မဲ့ထားသည့်အတိုင်းနဲ့ မော့ကြည့်သည်။

"နာမည်ကြီးကလည်း မိန်းမဆန်တာပဲ .."

"ဘာ ..."

"မောင် ဆိုရင်တောင် တော်သေးတယ် .."

"ဟုတ်လား .. ဒါဆို မင်းဘက်က ကိုယ့်အပေါ်အဆင်ပြေဖွယ်



တစ်ခုခုမြင်ထားတာ ကျန်သေးရဲ့လား .."

"ဝတ်စားပုံက ငွမ်းနေမှတော့ သွားပြီပေါ့ ကိုကိုရဲ့၊ နာမည်ကလည်း ကြည်နူးမောင် ဖြစ်ရသေးတယ် .."

"ဒါဆို တစ်ခုမှ အဆင်ပြေတာမရှိဘူးပဲ .."

"အဟွန်း ..."

အားတော့နာပါတယ် ဆိုသည့် အပြုံးလေးနှင့် လေး က ပခုံးလေးတွန့်လိုက်ရင်း လှည့်ထွက်သွားသည်။ သို့သော် တံခါးဖွင့်ဖို့လက်လှမ်းလိုက်သည်နှင့် သူမကိုယ်လေးကို မောင် က ဖျတ်ခနဲဆွဲလှည့်ယူလိုက်ကာ ..၊

"ကိုကိုနော် .."

"ဂျိမ်း ..."

တံခါးကို လှမ်းကန်ပိတ်လိုက်ပြီး မောင် က လေး တစ်ကိုယ်လုံးကို ပွေ့ပိုက်ထားလိုက်သည်။ ထို့နောက် ..၊

မွှန်းကြပ်စေသော နှောင်ဖွဲ့ခြင်းတို့မှာ လေး ကျရှုံးသွားခဲ့၏။

သိုသိပ်မွှေးဖြာသော အနမ်းများကြောင့် ညနေခင်းက မှောင်မိုက်သွားခဲ့သည်။

ကတုန်ကယင်ပြိုလဲခြင်းက မောင့် ကျောပြင်ကို ပြန်လည်ဖက်တွယ်ထားမိသကဲ့သို့ရှိကာ ..၊

အဲ့လူကြီးကို မုန်းတယ် ..၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၃)

"ဟတ်ချိုး ..."

"အင်း .. မစော အဆင်ပြေသလို လုပ်လိုက်လေ .."

"... ... ..."

"မဟုတ်ဘူး .. ခရီးသွားဖို့ကိစ္စက မိန်းကလေးနဲ့ မဖြစ်လို့ထင်တယ်၊ အဲဒါတွေကိုတော့ ကျွန်တော် လုပ်ပေးလို့မရဘူး မစော .."

"ဟ .. ဟတ်ချိုး ..."

ဖုန်းပြောရင်း ဟတ်ချိုးဖြစ်နေသည့် လေး ကို လှည့်ကြည့်မိသည်။ သူမက ဖုန်းနဲ့ မျက်နှာမှာ မခွာဘဲ မွေ့ရာစွန်းမှာ ခေါင်းအုံးတွေဆင့်ထားပြီး မှီထိုင်နေသည်။

"ဟုတ်တယ် မစော .. ကျွန်တော့် လုပ်ငန်းအတွက်လေ .."

"ဟတ်ချိုး .."

မောင် ပြန်လှည့်ကြည့်ကာ ဒီတစ်ခါ ခြေလှမ်းကျဲများနှင့် လျှောက်လာပြီး လေး ကိုင်ထားသည့်ဖုန်းကို ဖျတ်ခနဲ ဆွဲယူလိုက်သည်။

စခရင်မှာ မြင်လိုက်ရသည့်ပုံကြောင့် မောင့် မျက်နှာ တင်းသွားပြီး ဖုန်းကို မွေ့ရာပေါ် ပြန်ပစ်ချ၍ ...၊

"ဆော်ရီးပါ .. ကျွန်တော့်လုပ်ငန်းက ခုမှ ပရော့ဂျက်အဆင့်



အောင်မြင်ရုံပဲရှိသေးတာလေ .. အဲဒါ .."

သူ့စကားမဆုံးသေးခင် တစ်စုံတစ်ယောက်၏ လက်ထဲကို ဖုန်းကပါသွား၏။

လေး က ဖုန်းကို ဖျက်ချပစ်လိုက်၏။ ပြီးမှ စားပွဲပေါ်သွားတင်ထားလိုက်သည်။ မောင့် မျက်နှာက အေးစက်စက်တင်းမာခြင်းဖြင့် ...၊

"အဲဒါ ဘာလုပ်တာလဲ .."

"ဆွဲယူလိုက်တာလေ .. ကိုကို့ကျတော့ .. ဟတ်ချိုး .."

စကားမဆုံးခင် နှာချေပြီး နှာခေါင်းဖျားလေးကိုလည်း ပွတ်လိုက်သေးသည်။ ပြီးမှ ...၊

"သူများစကားပြောနေတာကို .."

"ဘာတွေပြောနေတာလဲ .. ဘယ်မှာလဲ .. အဲ့ဒီကောင်နဲ့ ပြောထားတာတွေ၊ အကောင့် ပတ်စ်ဝေါ့ဒ် ငါ့ကိုပြော .."

"ဘာလို့ပြောရမှာလဲ .. လေး တို့က ဒီလိုပဲ .."

"ဘာ ဒီလိုပဲလဲ .. မင်း .."

"ဟတ်ချိုး .. လေး တို့က သူငယ်ချင်းတွေအားလုံး .. ဟတ်ချိုး.."

"တော်တော့ .."

"အဲ့လောက် မအော်ပါနဲ့၊ လေး တို့ သူငယ်ချင်းတွေအားလုံးနဲ့ သူနဲ့ခင်တယ်၊ မရိုးသားတာတွေပြောနေတာလည်း .."

"ခင်လို့ပဲလား .."

"ဘာဖြစ်ဖြစ် ကိုကိုက လူကြီးဖြစ်ပြီး .."

"ဟုတ်တယ် .. အဲ့ဒီလူကြီးက မင်းလို ချာတိတ်မကို ယူထားပြီလို့ သိက္ခာတွေ၊ ပါဝါတွေကို ပစ်ချပြီး တန်ဖိုးမရှိတဲ့စကားတွေ ပြောနေရတာ .."

"ဘာ ..."

"မင်းကို ငါ အမြင်မတော်လို့ပြောတိုင်း မင်း ငါ့ကို တိုင်းစရာမလို

www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ငါ ပြောသမျှ ဗရုတ်သုတ်ခ တန်ဖိုးမဲ့တဲ့စကား ဘာမှမပါဘူး ..”

“ဟုတ်တယ် .. လေး က တန်ဖိုးကြီးတဲ့စကားမပြောတတ်ဘူး၊ အဲ့ဒီတော့ လိုက်ကြည့်မနေနဲ့ .. ကိုကို့ဘာသာ ..”

“ကိုယ့်ဘာသာနေရအောင် မင်းက ငါ့မိန်းမ ..”

လေး က မဲ့၍ ..၊

“သိနေကြရင် ပြီးတာပဲ ..”

“ဘာပြောလိုက်တယ် ..”

လေး က နှာခေါင်းယားလာသည့်မျက်နှာလေးနှင့် စကားပြန်မပြောနိုင်သေးဘဲ နှာခေါင်းကို လက်ဖနှောင့်လေးနဲ့ ဖိပွတ်နေသည်။

“လေး နဲ့ ကိုကို နားလည်နေကြတာပဲလေ .. မဟုတ်ဘူးလား ..”

“ဘာကို နားလည်တာလဲ ..”

“လေး ကိုကို့ကို လက်ထပ်ရတဲ့အတွက် စိတ်ညစ်သွားခဲ့တာ တစ်ခုကလွဲရင် ကိုကို့အပေါ် စိတ်ဒုက္ခပေးခဲ့မိတာရှိသလား ..”

“ဪ .. အင်း .. ပြောပါဦး ..”

“လေး ကိုလည်း ကိုကို နားလည်နေတာပဲ၊ အစတည်းက နေလာခဲ့တဲ့ ပုံစံကို .. ကိုကိုနဲ့ ..”

“အစတည်းက နေလာခဲ့တာတွေကို အခုထိ နားလည်ပေးခဲ့တာ ဘယ်လောက်ကြာပြီလဲ၊ ဘယ်လောက်ထိ ဆက်ပြီး နားလည်ပေးရဦးမလဲ၊ မင်း အဲဒီကောင်နဲ့ချည်းပဲ .. တောက် ..”

“လေး အပျင်းပြေ ပြောနေတာလို့ ပြောပြီးပြီပဲ ..”

“ဘာ ...”

မောင့် အသံက ဟိန်းထွက်သွားလျက် ..၊

“အပျင်းပြေ ဟုတ်လား .. မင်း ..”

သူ လေး ရဲ့ ပခုံးလေးနှစ်ဖက်ကို ဖျတ်ခနဲ ဆွဲယူလိုက်ပြီး မျက်နှာလေးကို စိုက်ကြည့်သည်။ ပြာလဲ့သော မျက်ဝန်းလေးတွေနဲ့ ဒီ မျက်နှာ



လေး ဘယ်လောက်ချစ်စရာကောင်းနေသလဲ ..။

ပြည့်တင်းသွယ်လျသော ကိုယ်ဟန်က ခြေလှမ်းသွားတာကအစ မြင်လိုက်တဲ့ မျက်လုံးထဲမှာ စွဲကျန်ခဲ့အောင် ဆွဲဆောင်မှုတွေအပြည့် ..။

သူမလေးမှာ အလေးအနက် ဘာမှမရှိဘူးဆိုတာသိပေမယ့် ဟိုတစ်ဖက်က လေးနက်မနေနိုင်ဘူးလား ..။

သူမရဲ့ မလေးနက်ခြင်းများစွာထဲမှာ ကိုယ်ကတော့ စောစီးစွာတည်းက ကန်ဆယ် လုပ်ခံထားရတဲ့သူ ..။

ဒါကြောင့် တစ်ကိုယ်ကောင်းဆန်သွားမှာတွေ ကလေးဆန်မှာတွေ သူ ဂရုမစိုက်နိုင်တော့ပေ ..။

“ခုကစပြီး မင်းကို ဖေ့စ်ဘွတ်(ခ်)သုံးခွင့်မပြုဘူး ..”

“ဟင် ...”

လေး ဆတ်ခနဲဖြစ်သွားသည်။

“ကိုကို .. ဘာ ..”

“မင်း အပျိုမဟုတ်တော့ဘူး ..”

“အို .. ပျိုပျိုအိုအို လေး အဲဒါတွေကို ထိပါးဖျက်ဆီးတဲ့အထိလည်း ..”

“မင်း ဘယ်လောက်ထိ ပျက်စီးလာမလဲဆိုတာ ငါ စောင့်ကြည့်မနေနိုင်ဘူး လေး .. နောက်ဆို ငါ့ဒီထက်အလုပ်ပိုရှုပ်တော့မယ်၊ မင်း ထင်သလိုနေနေတာကို နောက်ထပ်တစ်ယောက်က အမြင်မတော်လို့ တိုင်လာရင် အားလုံး ဂုဏ်သိက္ခာထိခိုက်မယ် ..”

“ကိုကိုနော် .. လေး တို့ အဲ့လောက်ထိကဲနေတာမဟုတ်ဘူး ..”

“ဘယ်လောက်ထိကဲသလဲ ငါ စိတ်ဝင်စားချိန်မရှိဘူးလို့ ပြောပြီးပြီလေ ..”

မောင် က သူ့ဘာသာအကျီသွားထုတ်နေရင်း ညဝတ်အကျီလဲဝတ်လိုက်သည်။ ပြီးတော့ လှည့်မကြည့်ဘဲ ..၊

www.burmeseclassic.com

www.burmeseclassic.com



“နှာတွေဒီလောက်ချေနေတာ ဆေးသောက်ပြီး အနွေးထည်ထပ် ဝတ်ထား ..”

“မဝတ်ဘူး .. သေလည်းအေးတာပဲ ..”

လေး က ဖုန်းကိုကောက်ယူလိုက်ပြီး ထွက်သွား၏။ မောင် က သူမကိုလှည့်ကြည့်ကာ ..၊

“ငါ သုံးတော့ ဘာတတ်နိုင်မှာလဲလို့ မင်း ထင်နေလား၊ ငါ့သူငယ် ချင်း ဟက်ကာတွေရှိတယ်၊ မင်း ကြိုက်သလောက်အကောင့်တွေဖွင့်..”

လေး ချာခနဲပြန်လှည့်လာကာ ခြေလှမ်းကျဲသလောက် မောင့် ရှေ့ ကို တန်းရောက်လာ၏။

“ကိုကို အဲလောက် ညစ်ပတ်မှန်း လေး ခုမှသိတယ် ..”

“ခုမှ မင်းနဲ့ ညားတာကိုး ..”

“အဲဒါဆို ထပ်လေ့လာထားဦး .. လေး ကို ကိုကို မမီသေးဘူး..”

ပြောပြီး လှည့်ထွက်သွားတာ ဆံနွယ်တွေ ဝေ့ခနဲဖြာသွားသည်။ မွှေးကြိုင်တာမဟုတ်သော သင်းပျံ့ပျံ့ဆံနွယ်ရနံ့က လူကို လက်တို့မျက်စ ပစ်သွားသလိုပင် ..။

ဒီကောင်မလေး ဘာတွေထပ်ရှုံ့ချင်လို့လဲ ..၊



အခန်း (၃၄)

“လေး .. မလိုက်ဘူး ..”

“မလိုက်လို့မရဘူး .. ဖနီးမောင်နဲ့တွေချည်း တက်ကြမှာ ..”

“ဒီမှာ ဒေါ်ကြီးရွှေ နေမကောင်းလို့ လေး ဝိုင်းကူရမှာ ..”

“လိုက်သွားပါအေ .. ကျုပ်ဘာသာ .. ရ ..”

ဒေါ်ငြိမ်းချမ်း စကားမဆုံးခင် လေး က သူမရဲ့ခန္ဓာကိုယ်ဝဝကြီး ကို နောက်ကနေ သိမ်းဖက်ထားလိုက်ကာ ..၊

“တီလေး တစ်ယောက်တည်းမဖြစ်ပါဘူး၊ ခုချိန်မှာမှ တီလေးက ညွှန်ကြား လေး က ချက်ဆိုတော့ အလုပ်လည်းပြီးတယ်၊ လေး လည်း ဟင်းချက်တတ်ရော ..”

မောင့် ပါးစပ်ပိတ်သွားသည်။ ဒီလိုပွဲမျိုးတွေဆို သူချည်းပဲတက်ရ တာ ဘယ်နှစ်ခါရှိပြီလဲ ..။

ဒေါ်ငြိမ်းချမ်း ကလည်း တူဖြစ်သူကို လှည့်ကြည့်ပြီး ခေါ်သွားဖို့ ခေါင်းညိတ်ပြပေမယ့် မောင် က လှည့်ထွက်သွားကာ ..၊

“နောက်နေ့ကစပြီး ချက်ပြုတ်ဖို့အလုပ်သမားရှာမယ် ..”

“ဟယ် .. ဖြစ်ပြီ ..”

ဒေါ်ငြိမ်းချမ်း ဒီအဖြစ်ကို ရောက်မှာ ဘယ်လောက်တောင်စိုးရိမ်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်မသိ၊ မျက်လုံးအပြုံးသား နှုတ်ခမ်းမစေ့နိုင်ဘဲနှင့် ..။

"လုပ်ချလိုက်ပြန်ပြီ လေး ရယ် .. ညည်း သတိလစ်နေတဲ့ ညနေကလည်း သင်း ဘယ်လောက်ဒေါ်တွေကန်နေလဲသိလား ..၊ တီလေးက ကက်ဖိုးကက်ဖဲ့လုပ်နေလို့ ဒီလိုဖြစ်တာ၊ အိမ်မှာ လုပ်မယ့်လူတွေရှိနေရင် ကြည့်မယ့်မျက်လုံးတွေလည်း ပိုရှာမှာ၊ ဒီနှစ်ယောက် ခုလို ဖြစ်ဖို့မရှိဘူးနဲ့ အဆုံးသတ်ကျတော့ ညည်းလေး ဘာမှမစားတာက အဓိကပါလာပါရော .."

ဒေါ်ငြိမ်းချမ်း က အသားဘူးတွေ ရေခဲပျော်ပြီလားကိုင်ကြည့်ပြီး ဟင်းသီးဟင်းရွက်တွေ ထုတ်နေရင်း ပါးစပ်ကလည်း ပြောလို့မနား..။

"ညည်းရောက်လာပြီးဟိုဟာမစားနိုင်၊ ဒီဟာမစားနိုင်ဖြစ်နေတည်းက အိမ်အကူခေါ်ဖို့ချည်းပဲ ပြောနေတာသိလား၊ ငါက မခေါ်ချင်လို့မဟုတ်ဘူး၊ လူစိမ်းတွေ ခေါ်ပြီး လူ့သစ်ပေါင်းရတဲ့အလုပ်လောက် စိတ်ပျက်စရာကောင်းတာရှိမလား .."

"ဟုတ်တယ် .."

"ဟုတ်ပြီကောအေ .. သူ့အကြောင်းမသိ၊ ကိုယ့်အကြောင်းမသိ၊ ယောဒီအိမ်အကြောင်းမသိရင် ပိုဆိုးဦးမယ်၊ စာရိတ္တတွေမကောင်းနေရင်ရော .. အဲဒါတွေ ကိုယ်က ကြိုသိနိုင်လို့လား .. ပွဲစားနဲ့ ဖုန်းတဂွမ်ဂွမ်ဆက်ပြီး လဲပေတော့ တစ်ယောက်ပြီးတစ်ယောက်ပဲ .."

"ဟုတ်လား .. လေး တို့ အိမ်မှာတော့ ဒီလိုမဟုတ်ဘူး .."

"ဘယ်ဟုတ်မလဲ .. တကယ်ရှာကြံပြီး ရက်ရက်ရောရောပေးခေါ်ထားတာကိုး၊ ပွဲစားဆီကမှမဟုတ်ဘဲ နောက်ပြီး ခြွေရံသင်းပင်းကောင်းနဲ့ နေရတဲ့ ကုသိုလ်ကံရှိတာလည်း အကျိုးပေးတစ်မျိုးပဲ၊ ငါတော့ အဲ့ဒါမျိုး မရခဲ့ဘူးပါဘူး .."

"ရခဲ့ဖူးရအောင် တီလေး ဘယ်နှစ်ခါခေါ်ဖူးလို့လဲ .."

"ဟင် .. ဟဲ့ .. မင်း မသွားသေးဘူးလား .."

မောင့် မျက်နှာက ရှုတည်တည်ကြီးရှိနေကာ အပြာနရောင် ရှပ်



အင်္ကျီပေါ်မှာ နံ့သာရောင်တိုက်ပုံနဲ့မို့ လူကတော့ လင်းနေ၏။ ပြီးတော့ မှောင်လဲ့နေသည့် မဲပြာရောင်ပုဆိုးကို ခြေဖျားကပ်ဝတ်ထားကာ ကတ္တီပါညှပ်ဖိနပ်စီးထားသည့် ခြေအစုံက နုရဲနေသည်။

လေး က လှည့်ကြည့်ပြီး ခြေဖျားထိမျက်လုံးတစ်ချက်ပဲခဲ့သည်။ ပြီးတော့ ရယ်မလိုတည်မလို မျက်နှာလေးကို ဖျတ်ခနဲရှေ့ပြန်လှည့်သွား၏။

ဒီလူကြီးနဲ့ အတူတူမသွားချင်ပါ။ အသက်ပိုကြီးရုံမတသည့်ပြင် ဝတ်ထားတာက ခပ်တုံးတုံး၊ အရပ်ရှည်တာကြီးက ဘယ်လိုမှ ယှဉ်တွဲသွားချင်စရာမရှိတာ အဆိုးဆုံး ..၊

ဒါတောင် ကတ္တီပါညှပ်ဖိနပ်တွေပဲ စီးထားသေးလို့ ..၊

"ပြီးရင် ကော်ဖီတစ်ခွက်လာပို့ပေး .."

လေး ရဲ့ ခေါင်းကိုနောက်ကနေ လက်ခုံနဲ့ ကပ်တွန်းပြီးပြောသည်၊ လေး ချာခနဲလှည့်လာကာ ..၊

"ကိုကို မသွားတော့ဘူးလား .."

"မသွားတော့ဘူး .."

"ဟာ!..."

ဒေါ်ငြိမ်းချမ်း ခေါင်းကြီးသွားသည့်မျက်နှာကြီး ထပ်ဖြစ်လေသည်၊ ကြည့်လိုက်တော့ မောင် က ထွက်သွားပြီဖြစ်၏။

"ဒီကောင်လေး စိုတွဲမတက်နိုင်ရင် မျက်နှာပူစရာကောင်းနေလို့ ဖြစ်မှာ .. ဒုက္ခပါပဲအေ .. ညည်းက ဘာကိစ္စမလိုက်ချင်ရတာတုံး .."

"ဘာမှမဟုတ်ပါဘူး တီလေးကလည်း ဒီနေ့ လှလွန်း တို့ ရှေ့ပင်န်ထွက်ကြတယ်လေ၊ အဲဒါ လေး အတွက် လက်ဆောင်တစ်ခုဝယ်လာမယ်တဲ့၊ လေး ကလည်း သူ့အကြိုက် ဖွယ်ဖွယ်ရာရာ ချက်ထားမယ်လို့ ကတိပေးထားတယ် .."

"ကဲ .. ကဲ .. ကော်ဖီဖျော်ပေးလိုက်မယ် .. ယူသွားလိုက်ဦး .."

"လေး ဖျော်လိုက်ပါ့မယ် .."

"ဖျော်တတ်လို့လားအေ့ .."

www.burmeseclassic.com

www.burmeseclassic.com



"ဖျော်တတ်နေပါပြီ .."

ခတ်ဘူးတွေ၊ သကြားဘူးတွေ အားလုံးဆွဲချနေတော့ လှမ်းကြည့်နေရင်း ခေါင်းငြိမ်းချမ်း သက်ပြင်းချမိသည်။ လေး ဘယ်လို ဖျော်နေသည်ကို မကြည့်လိုက်မိတာကတော့ ...၊

"ကိုကို .. ဒီမှာ .."

စားပွဲမှာ ငုတ်တုတ်ထိုင်ပြီး စီးကရက်သောက်နေသည့်မျက်နှာက တစ်ချက်မှ မော့မလာဘဲ ကော်ဖီပန်းကန်ချပေးပြီး ပြန်ရုတ်လိုက်သည့် လက်ကို မောင်က ဆွဲထားလိုက်၏။

"ခဏထိုင်ဦး .."

"လေး ..."

"ထိုင်ဆိုထိုင်ကွာ .."

မောင် က တစ်ဖက်ကခုံကို ခြေထောက်နဲ့ ချိတ်ဆွဲလိုက်ပြီး လေး နားကပ်ပေးလိုက်၏။ လေး က ဘာမှမမေးတော့ဘဲ ဝင်ထိုင်သည်။ ပြီးတော့ စီးကရက်မီးခိုးတစ်ချို့ကို နှာခေါင်းရှုံ့၍ လက်ဖျားလေးနဲ့ ခါထုတ်ပစ်၏။

ထိုမျက်နှာလေးကို ရူးစိုက်ကြည့်၍ စီးကရက်ကို စားပွဲနဲ့ ဖိကပ်ချေပစ်လိုက်ကာ ..၊

"မင်းဆီကို ဒေါက်တာဇင်မင်း ဖုန်းဆက်ထားလား .."

လေး မျက်မှောင်ကုတ်သွားသည်။ ပြီးမှ ခေါင်းညိတ်၍ ...၊

"ဆက်တယ် .. ကိုကိုက လေး ရဲ့ ဖုန်းကို ဖွင့်ကြည့်ထားတာလား .."

"မင်းဖုန်းကို ငါ ဖွင့်ကြည့်တယ်ဆိုရင်တောင် ကက်ဒ်ချိန်းထားတာ သုံးရက်ပဲရှိသေးတဲ့ မင့်ဖုန်းကို ဒေါက်တာဇင်မင်း သိနေတာက ပိုမဆန်းဘူးလား .."

"အဲ့ဒါ .. လေး မသိဘူး .."

"သူက နတ်မျက်စိရနေတာဖြစ်မယ် .."



"လေး ညာပြောနေတာမဟုတ်ဘူး ကိုကို .. သူက အန်တီချို နဲ့ နေ့တိုင်းတွေ့နေတာ၊ အခု နောက်ဖွင့်တဲ့ဆေးရုံအသစ်မှာ သူထိုင်တယ်၊ အဲဒီဆေးရုံက အန်တီချို ဘို့ ဖစ်(တ်)နက်(စ်)စင်တာနဲ့ ကပ်လျက်ပဲ.."

"မင့်ဖုန်းနံပါတ်ကို အန်တီချို က သိနေတယ်ပေါ့ .."

"သိတာပေါ့ .. ကက်ဒ်ချိန်းလိုက်တည်းက လေး ခေါ်ထားတာကို.."

မောင်က ထိုင်ရာမှထရပ်ကာ လေး မျက်နှာလေးကို မျက်လွှာစင်းချရင်း ငုံ့မိုးကြည့်၏။ ပြီးတော့ မျက်နှာခပ်လွှဲလွှဲထားလိုက်ရင်း ...၊

"မင်းကို ဘာပြောသွားလဲ .."

"သူ လက်မထပ်ဖြစ်ဘူးတဲ့ .."

မောင့် မျက်နှာ ဆတ်ခနဲလှည့်လာ၏။

"အဲဒီတော့ မင်း ဘယ်လိုဖြစ်သွားလဲ .."

လေး မျက်ဝန်းလေးတွေ ရူးရူးလက်လက်ဖြစ်လာသည်။

ဒီလိုလာပြောတုန်းက ဒေါက်တာဇင်မင်း ကို သူမ ဒေါသထွက်သွားခဲ့သည်။ သူကလည်း ကိုယ်ဘာတွေပြောပြော သူပြောချင်တာတွေ ပြောပြီး ဖုန်းချသွားခဲ့၏။ သို့သော် ..၊

"ကိုကို လေး ကို မေးနေတာတွေက လေး ကို တစ်ခုခုနဲ့ ပတ်ပေါက်နေသလိုပဲနော် .."

"အဲ့ဒီတစ်ခုခုကို မင်း သိလား၊ အဲဒါ ဂုဏ်သိက္ခာပဲ .. မင်းကို ငါ ဒီလိုမေးလိုက်တာနဲ့ မင်း ခံစားရတယ်၊ ငါ့မိန်းမနဲ့ ဒီလိုပတ်သက်မှုရှိနေတဲ့အကြောင်း ပြောသွားတဲ့ကောင်က မင်းကိုမေးပြီးရယ်သွားတာ ဆိုရင် ငါ ဘယ်လိုနေမလဲ .."

"ဒီလူ တမင်ပုတ်ခတ်ချင်နေတာ ကိုကို မသိလို့လား .."

"မင်းနဲ့ပတ်သက်မှ ငါ သူနဲ့သိတာလေ၊ ဒါဆို အန်တီချို နဲ့မင်း ကရော .."

မောင် က မေးဆတ်လိုက်ရင်း ...၊

"သူ ဒီလိုအခွင့်အရေးရအောင် လမ်းဖွင့်ပေးလိုက်တာလို့ထင်ရင်

www.burmeseclassic.com

www.burmeseclassic.com



မရဘူးလား ..."

"ကိုကို အန်တီချို ကို ..."

"မင်းပြောတဲ့ ရင်းနှီးမှုကိုတွက်ကြည့်ရင်ဒါပဲရှိတာလေ၊ ဒီအခြေအနေမှာ မင်းရဲ့ ဖုန်းနံပါတ်တောင်းတာကို ပေးသင့် မပေးသင့် သူ ဘယ်လို ဆုံးဖြတ်သင့်သလဲ ..."

"ကော်ဖီသွားပို့တာ ပြန်ဆင်းမလာပါလားမှတ်တယ်၊ ဒီမှာ စကားနပမ်းပွဲလုပ်နေကြတယ် ဟုတ်လား ..."

နှစ်ယောက်၏ တင်းမာမှုတွေက ဒေါ်ငြိမ်းချမ်း ရောက်လာတော့ ဒီမှာတင်ရပ်တန့်သွားခဲ့ကြပြီး ...၊

"သားကြီးက အပြင်မသွားတော့ဘူးဆို အဝတ်စားမလဲရသေးပါလား .. ဘာတွေအရေးတကြီး ငြင်းခုန်နေကြတာလဲ ..."

"ဘာမှမဟုတ်ပါဘူး ..."

မောင် က မျက်နှာလွှဲလိုက်ရင်း ကော်ဖီနှစ်ခွက်ကိုကောက်ကိုင်သည်။ လေး မျက်နှာလေးကိုကြည့်တော့ ဘာမှမဖြေဘဲနေပေမယ့် တစ်ခုခုဖြစ်ထားကြတာ သိသာ၏။

ဒါပေမယ့် ဒေါ်ငြိမ်းချမ်း မမေးတော့ဖို့ စိတ်ကူးကာ ...၊

"လေး က ကိုယ့်ယောက်ျားအတွက် အင်္ကျီလဲဖို့ သွားထုတ်ပေးလိုက်လေ ..."

မတ်တတ်ရပ်ပြီး နိုင်းနေသဖြင့် လေး ရဲ့ မလှမ်းချင်လှမ်းချင် ခြေလှမ်းတွေက မောင့် ရှေ့ကအဖြတ် ...၊

"ဖွိုး ..."

"အား ..."

မောင့် ပါးစပ်ထဲက ကော်ဖီတွေ လေး ရဲ့ ကိုယ်တစ်ခြမ်းမှာ အစက်အပြောက်များစွာအဖြစ် ပြေးမှန်သွားခဲ့လျက် ...၊

"ဟဲ့ .. အဲဒါ ဘာဖြစ်တာလဲ ..."

"ကိုကို လေး ကို တမင်လုပ်တာမို့လား ..."



မေးခွန်း တွေက ပြိုင်တူ ...၊

ထို့ပြင် ဆံပင်ဖျားတွေမှာပါ ပေကျံကုန်သဖြင့် လေး ရှုံ့မဲ့ခါချရင်း ငိုမဲ့မဲ့လေးဖြစ်လာကာ ...၊

"အရမ်းညစ်ပတ်တယ် သိလား .. သူများကို မကျေနပ်တိုင်း ကလဲ့စားချေတာ ..."

"ဘယ်လိုဖြစ်တာလဲ သားကြီးရယ် ..."

"ဘယ်လိုဖြစ်တာလဲသိရအောင် တီလေး သောက်ကြည့်ပါလား..."

"ဟင် ..."

အင်္ကျီပေါ်ကနေ ကော်ဖီစက်တွေကို ခါချနေသည့် လေး ရဲ့ လက်လေးတွေလည်း တုံ့ခနဲရပ်သွားသည်။ မောင် က လေး ရဲ့ မျက်နှာရှေ့မှာ ကော်ဖီပန်းကန်တိုးပေး၍ ...၊

"ရော့ .. သောက်ကြည့် ..."

"ဟင့်အင်း ..."

ခုန လူကို အတင်းစွပ်စွဲနေသည့်ပုံစံလေး ပျောက်သွားသဖြင့် ခေါင်းခါသည့် မျက်ဝန်းလေးတွေကိုကြည့်ရင်း မောင့် နှုတ်ခမ်းတွေ ပြုံးယောင်သမ်း၏။

"ငါ ထင်တယ် .. ဒီကလေးမ သကြားနဲ့ ဆားနဲ့ မှားခပ်ထည့်ပြီ ဟုတ်တယ်မို့လား ..."

ဒေါ်ငြိမ်းချမ်း နဲ့ လေး တို့ သကြားကိစ္စပြောနေကြစဉ် ဖုန်းမြည်လာသဖြင့် မောင် က ဖွင့်လိုက်ရင်း ...၊

"ဩော် .. ချစ်သဲ လား ..."

ချစ်သဲ ခေါ်သံကြောင့် အခန်းပြင်ထွက်လိုက်ပြီးမှ ဒေါ်ငြိမ်းချမ်းက ပြန်လှည့်ကြည့်သည်။ လေး ကတော့ အင်္ကျီထုတ်ပေးတာထက် သူ့ကိုယ်ပေါ်က အင်္ကျီတွေလဲဖို့က အရေးတကြီးလိုအပ်တာမို့ လိုင်းကာကို ဆွဲပိတ်လိုက်ပြီး တန်းဝင်သွား၏။

"ဟုတ်လား .. ကိုယ်တစ်ယောက်တည်းမှတ်လို့ အားနာနေတာ..

www.burmeseclassic.com

www.burmeseclassic.com



အဖော်ရှိသွားပြီပေါ့ ..”

“ .... .... .... ”

“ဘာရယ်မဟုတ်ပါဘူး .. စိတ်အနှောင့်အယှက်ဖြစ်စရာတွေ အရမ်းများနေလို့ ဒီနေ့သွားလာချင်စိတ်မရှိတော့တာ ..”

“တီလေးရေ .. လေး အင်္ကျီငြိနေတာ၊ ခဏလောက် လာလုပ်ပေးပါလား .. လေး .. လေး .. အ ..”

လိုက်ကာနောက်ကွယ်က လေး ရဲ့ အသံလေးကြောင့် မောင် လှမ်းကြည့်မိကာ ..၊

“အိုခေ .. ကိုယ် မနက်မှ သူ့ဆီ လှမ်းပြောလိုက်မယ်နော် ..”

နှုတ်ဆက်ပြီး ဖုန်းကို အိတ်ထဲပြန်ထည့်လိုက်ကာ လိုက်ကာနောက်ကို ဝင်လိုက်သွားမိ၏။

“တီလေးလားဟင် .. ဒီမှာ အင်္ကျီလည်ပင်းကချိတ် မဖြုတ်ဘဲ ချွတ်လိုက်မိလို့ ပြန်ဆွဲချတာလည်း ဆံပင်တွေနဲ့ ငြိနေတယ် .. လုပ်ပါဦး..”

အဖြူရောင် ခေါင်းစွပ်အင်္ကျီဆွဲချွတ်ဖို့ လုပ်နေသည့် သူမရဲ့ တစ်ကိုယ်လုံးအလှက မောင့် မျက်လုံးထဲမှာ လျှပ်စီးလက်သွားသည့်အတိုင်း..။

မောင် ချာခနဲ ပြန်လှည့်လိုက်၏။ သို့သော် ..၊

“အား .. သေပြီ ..”

ခြေလှမ်းတုံ့သွားပြီး သူပဲ ပြန်လှည့်၍ ..၊

“အ .. တီလေးက ညာဘက်က နားဆွဲနဲ့ ငြိနေတာ ဖြုတ်ပေးဦး၊ မေးဖျားထုတ်လို့ကိုမရတာ ..”

“ရပြီ ..”

ဟင်!...၊

အသံကြားလိုက်တာနှင့် လေး ဟင်ခနဲဖြစ်သွားသည်။ အင်္ကျီကြီး ခေါင်းမှာ စွပ်လျက်နှင့် ငြိမ်သက်သွားခဲ့ပြီး ချွတ်လို့ရနေပေမယ့် ဆွဲမချွတ်နိုင် ..၊

ပြန်စွပ်ချဖို့လည်း မကြိုးစားဘဲ ..၊



“ကိုကို .. ကိုကိုလားဟင် ..”

ဘာသံမှ မကြား ..၊

“ကိုကိုလားလို့ ..”

လှုပ်ရှားမှုတွေပါ ဆိတ်သုန်းနေကာမှ လက်ကိုဆန့်၍ ရှေ့ကို မရဲတရဲ လှမ်းတို့ကြည့်သည်။ တို့နေရင်း ကိုယ်တစ်ပတ်လှည့်သွားမှ အနားမှာ ဘယ်သူမှ မရှိတော့မှန်းသိလိုက်၏။

သူမ လုံးဝသိလိုက်ပါ၏။ ဒီအရှုပ်လာရှင်းပေးသွားတာ ကိုကို..။

အင်္ကျီကို ဆွဲချွတ်ပစ်လိုက်ပြီး စောင်တစ်ထည်ကမန်းကတန်းဆွဲပတ်ခြုံလိုက်မိ၏။ သူ အားလုံးမြင်သွားပြီးမှ မထူးတော့ပေမယ့် ရှက်သည့်စိတ်က စောင်ကို အထပ်ထပ်ရစ်ပတ်ခြုံလို့မပြီးနိုင် ..။

တီလေးဆိုရင်ရော နင် ဒီလို အကာအကွယ်မဲ့နေတဲ့ပုံစံနဲ့ ခေါ်သွင်းရလား ..။

သူမကိုက အိမ်မှာလို လွတ်လွတ်လပ်လပ် နေထိုင်သွားလာတတ်တဲ့အကျင့်တွေ ပါနေတာပါ။ ရှက်လွန်းလို့ လှည့်ပတ်အပြစ်တင်နေမိတာ ကိုယ့်ကိုယ်ကိုယ်လည်း ချန်မထားပေ ..။

ကန့်လန့်ကာနောက်က ထွက်ဖို့ကို အင်္ကျီတွေလဲလိုက်ပြီးတာတောင် ချောင်းကြည့်ရသေးသည်။

ကိုကို အပြင်တစ်ခါတည်း ထွက်သွားတာထင်သည်။ ဟုတ်ပါစေ..။

ကိုယ်ခေါ်နေတာ အသံမပေးဘူးဆိုတော့ ဒီကရှက်နေတာကို သူ သိမှာပဲ ..။ ဒါဆို ရှောင်သွားပြီဆိုတာ သေချာနေပါပြီ ..။ ကိုယ့်ဘာသာ သေချာလိုက်ပြီး ထွက်လာခဲ့မိသည်။

ထင်သည့်အတိုင်း အိပ်ခန်းထဲမှာ ကိုကို ရှိမနေတော့ပေ ..။ ပန်းနုရောင် လည်ထောင်လက်တိုပွပွလေးနဲ့ စတိုင်လ်ဘောင်းဘီအနက်လေး ဝတ်ထားသည့် ကိုယ့်ကိုယ်ကိုယ် ပြန်ငုံ့ကြည့်မိကာ ခုန ကိုကို မြင်သွားသည့်အဖြစ်ကိုတွေးမိတော့ ကြက်သီးတွေ ဖြန်းခနဲထ၏။

တီလေးကို ခေါ်တာ ဘာဖြစ်လို့ သူ ဝင်လာရတာလဲ ..၊

www.burmeseclassic.com

www.burmeseclassic.com



ရှက်သည့်စိတ်ကို ဒေါသနှင့် အစားထိုးကာ အခန်းထဲက အလျင်အမြန်ပြေးထွက်ခဲ့သည်။ သို့သော် အခန်းတံခါးဆွဲဖွင့်လိုက်သည်နှင့် အခန်းရှေ့ရောက်လာသည့် မောင် နဲ့ မျက်နှာချင်းဆိုင် ...၊

"ဟင်!..."

လေး ချက်ချင်း ကျောပေးလိုက်မိ၏။ မောင် က သူမနောက်ကျောလေးကို စိုက်ကြည့်ကာ ဘာလုပ်မှန်းမသိသဖြင့် ဘာမှမမေးဘဲ နေလိုက်သည်။ ပြီးတော့ ...၊

သူမကို ရှောင်သွားဖို့ ခြေလှမ်းရွှေ့လျှင် လေး ကလည်း သူ့လိုစိတ်ကူးနှင့် ခြေလှမ်း၏။

သို့သော် ပြင်လိုက်သည့် ဘယ်ခြေလှမ်းချင်းတူနေခဲ့၏။ လေး သူ့ကို ကျောပေးထားပေမယ့် သိနေသည်။

ထို့ကြောင့် ချက်ချင်းပြန်ရုတ်ပြီး ညာကို ရွှေ့လိုက်လျှင် မောင် ကလည်း ထိုနည်းတူ ...၊

"ကိုကို ဘာလို့ နှောင့်ယှက်နေတာလဲ .."

"ဘာ ..."

"လေး ကို ဘာလို့ လိုက်နှောင့်ယှက်နေတာလဲလို့ .."

"ဖြစ်ရမယ် .. မင်း .."

"ဖယ်ပေးပါလား .."

"မင်း ဖယ်ပေးရမှာလေ .. အခန်းထဲကနေ နောက်ပြန်ထွက်မလို့လား.."

"အဲဒါ .."

"မကြားဖူးဘူးလား .. အိမ်ကနောက်ပြန်ဘွက်တယ်ဆိုတာ မသာတွေပဲ ထွက်ကြတာ .."

လေး ရဲ့ ကျောပြင်လေး တောင့်ခနဲမတ်သွားတာကြည့်ပြီး မောင် က ပြုံးလိုက်သည်။

"သေတဲ့လူတွေ ရက်လည်ရင် နောက်ဆုံးအနေနဲ့ မိသားစုကို နှုတ်ဆက်ကြည့်ပြီး နောက်ပြန်ထွက်ကြတာတဲ့ .."



လေး အံကြိတ်ထားရင်း အသက်ရှူပြင်းလာခဲ့၏။ ဘာကြောင့်ဆိုတာ သိရက်နဲ့ လူကို သက်သက်မဲ့ မသာနဲ့ နှိုင်းနေတာ ..၊

"တစ်ချို့အိမ်တွေဆိုရင် ရက်လည်တဲ့ညဆို လှေကားအတက်အဆင်းမှာ ဆန်ကောထဲမှာ ပြာတွေခင်းပြီး ချထားကြတာတဲ့ .."

"ကိုကိုနော် .."

လေး ချာခနဲမျက်နှာချင်းဆိုင်လိုက်တော့ နီရဲနေသည့် မျက်နှာလေးက ငိုတော့မယ့်အတိုင်းရှိနေလျက် ..။

"ကိုယ် ကြားဖူးတာပြောတာပါ၊ မနက်မိုးလင်းရင် အဲဒီ ပြာတွေပေါ်မှာ .."

"ကိုကို့ ခြေရာကြီးထင်နေတာပဲတဲ့ .."

"ဟား .. ဟား .. ဟား .."

လေး သူ့ရင်ဘတ်ကို တွန်းပစ်လိုက်ကာ ..၊

"ကိုကို အရမ်းညစ်ပတ်တယ် သိလား၊ သူများအကျီလဲနေတဲ့နောက်ကို ဝင်လာပြီးတော့ .."

"ဝင်လာပြီး မင်းကို ဘာတွေလုပ်ခဲ့မိလဲ .. ပြော .."

မျက်နှာကိုငုံ့မိုးကြည့်နေသဖြင့် လေး ဆတ်ခနဲလှဲပစ်ကာ ..၊

"လေး ကိုကို့ကို ခေါ်တာမဟုတ်ဘူး .."

"ဒါပေမယ့် ကိုယ်ပဲရှိတာ .."

"ကိုကို မလာဘဲနေပါလား .."

ပြောရင်းနဲ့ ရှက်လာကာ လေး မျက်နှာလေးငုံ့ပြီး ထွက်ပြေးလာခဲ့၏။ မောင် က ရယ်နေရင်း လက်ကဆံပင်တွေကြားထဲရောက်၏။

ပြီးတော့ ရယ်လက်စမျက်နှာနှင့် ခေါင်းခါရင်း ...

အရူးမလေး ...

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၃၅)

"ဟာ .. ဒီအချိန်ရှိနေမှ .."

"ဒီအချိန်ရှိတဲ့ အထိစောင့်နေကြတဲ့လူတွေကို အားနာရမှာလေ .."

"ကဲ .. လာပါ ကိုမောင်ရယ်၊ မိန်းကလေးတွေလို မိတ်ကပ်ပြင်ရမှာလည်း မဟုတ်ဘဲနဲ့ .."

"မဟုတ်ဘူး .. ကျွန်တော်က မလာတော့ဘူးဆိုပြီး ခုပဲ ထမင်းစားတော့မလို့ .."

"စားပြီးသားဆိုရင်တောင် ရအောင်ခေါ်ဖို့လာကြနော် .. မင်းပါမှ ပွဲစည်မှာ၊ အခု စုံတွဲတွေဖြစ်ဖို့ ဘာအတွက်ညာအတွက်မလိုတော့ဘူး၊ အားလုံး ဟပီးအန်းဒင်း ဖြစ်သွားဖို့ပဲ .."

"ဟုတ်တယ် .. ဟုတ်တယ် .. ငါတို့လည်း တစ်ခြမ်းတည်းပဲ .."

"ဒီမှာ ချစ်သဲ လည်းရှိနေပါတယ်နော် .. လိုက်မှာသာလိုက်ခဲ့စမ်းပါ .."

ကားနှစ်စီးထိုးရပ်လာကာ ဧည့်ခန်းတစ်ခုလုံးမှာ ပွက်ပွက်ညံသွားသည်။

သန်းနိုင် တို့နှစ်ယောက်ပဲ သူငယ်ချင်းတွေဖြစ်လျက် အားလုံးက ရုံးကမိတ်ဆွေတွေဖြစ်သည်။ စုံတွဲနှစ်တွဲနှင့် စုံတွဲမဟုတ်သူတွေလည်းပါ



သည်။

ထိုအထဲမှာ အနီရောင်ကိုယ်ကျပ်ဒူးကျစကတ်ကျယ်ကျယ်လေးနှင့် ဆံပင်တွေခါးထိရှည်သော ချစ်သဲ ဆိုသည့် တစ်ယောက်က ထင်းနေ၏။

အနီရောင်မို့ပေါ်လွင်နေတာဖြစ်နိုင်ပေမယ့် သူမကိုက ဝင်းစက်နေအောင်လှတာဖြစ်သည်။

"ဟဲ့ .. အဲ့ဒီတစ်ယောက်က မျက်တောင်အတုတွေလာမသိဘူး၊ တော်တော်လှတယ်နော် .."

"အစစ်က ဒီလောက်မထူပါဘူးလေးရယ် .. သွား .. သွား နင် အဝတ်စားသွားလဲ .."

"ဘာလုပ်ဖို့လဲ .."

အပေါ်ကော်ရစ်ဒါကနေ ငုံ့ကြည့်ပြီး နှစ်ယောက်သားပခုံးချင်းတိုက်ကာ ..၊

"ဘာလုပ်ဖို့လဲဟုတ်လား .. ဟိုမှာ အိမ်တိုင်ရာရောက်လာခေါ်နေကြပြီလေ .."

"ကိုကို့ကိုခေါ်တာ ငါ့ကိုခေါ်တာမှမဟုတ်ဘဲ .."

"ကိုကိုကြီးက နင့်ကိုလာခေါ်တော့မှာမို့လို့ ငါပြောနေတာပေါ့၊ သွား .. လှလှလေးဝတ်ခဲ့၊ သူက လီဗာတွေစွတ်တင်နေရတာ၊ နင်က အေးဆေးလေးပဲဆိုတာ လုပ်ပြလိုက် .."

"ဟင့်အင်း .. မလိုက်ချင်ပါဘူး၊ ငါ မလိုက်ဘူးလို့ ကိုကို့ကို ပြောပြီးသား .."

ထိုစဉ် ဧည့်ခန်းမှာ အုပ်စုလိုက်ရယ်မောဆူညံကျန်ရစ်ရင်း မောင်က အပေါ်တက်လာ၏။

"တွေ့လား .. ကိုကိုကြီး လာခေါ်ပြီ .."

လေး မျက်နှာလေးမဲ့သွားကာ ဘယ်လိုငြင်းရမလဲ၊ ငြင်းလို့ကောင်းပါ့မလားလို့တွေးရင်း အိမ်ထိလာခေါ်ကြတာကို ထင်ငြင်းလို့မသင့်တော့

www.burmeseclassic.com

www.burmeseclassic.com



ခြင်းမှာ သက်ပြင်းချမိစဉ် ..၊

"လေး .."

မောင် က သူမကို လှမ်းခေါ်ရင်း ဆက်လျှောက်သွားကာ ..၊

"ကိုယ့်ကို အကျီလာထုတ်ပေးစမ်းပါ၊ ခြေလေးလက်လေးတော့ ခဏဝင်ဆေးလိုက်ဦးမယ်၊ လာကွာ .. မြန်သွားအောင်လို့ .."

ဟင်!...၊

ကိုကိုကြီးက လေး ကို မခေါ်ဘူးလား ..၊

လှလွန်း နဲ့ လေး မျက်လုံးချင်းဆုံသွားသည်။ လေး က ဖျတ်ခနဲ ပြန်လှဲပြီး အခန်းဆီထွက်သွား၏။

လှလွန်း စိတ်မကောင်းဖြစ်သွားမိလေသည်။

ကိုယ်က အတင်းမဲဆွယ်ဖျောင်းဖျနေခဲ့မိတာကပဲ သူမကို ဖိအားပေးသလိုဖြစ်ခဲ့ရပြီ ..။

လေး ကလည်း ပုံမှန်ဆိုရင်တော့ သူ့အတွက် အဝတ်အစားထုတ်ပေးရခြင်းကို စိတ်ပျက်စွာ ခေါင်းခါမိမှာပါ။ ဒီအခြေအနေမှာတော့ အသာတကြည်ပဲ ဝတ်စုံရွေးပေးလိုက်မိသည်။

ရှက်သည့်စိတ်သက်သက်လား၊ ဒေါသစိတ်လား ..၊

ဒေါသဆိုရင် ဘာကြောင့် ဖြစ်ရသည့်ဒေါသလဲ၊ သူမ ဘာမှမတွေးခဲ့ပေမယ့် ကိုယ့်ဘက်မှာဖြစ်ပျက်သွားတာကို ဖုံးကွယ်လိုခြင်းကြောင့်သာ နာခံခဲ့တာဖြစ်သည်။

အနက်ရောင်ပြေးနေသည့် စီးရောင်ပုဆိုးနှင့် ဘယ်ဘက်ရင်အုံတစ်ခြမ်းမှာ အနက်စင်းတစ်လိုင်းရစ်ထားသော ဇေဒါရောင်ဖျော့ဖျော့ရှပ်လက်ရှည်ကို ထုတ်ထားပေးလိုက်၏။

လေး ထုတ်ပေးထားတာကို ငုံ့ကြည့်ပြီး မောင် က လေး ကို တစ်ချက်တော့လှည့်ကြည့်၏။ လေး က အပြင်ပြန်ထွက်သွားပြီမို့ အရိပ်လေးပဲ မြင်လိုက်ရကာ သူ ဒီတိုင်းကောက်ဝတ်လိုက်သည်။

"ဟား .. တော်သေးတာပေါ့ကွာ .. ငါ့မိန်းမပါမလာတာ .."



"ဟော .. ဘာဖြစ်လို့လဲကွ .."

"ဟိုမှာ ဆင်းလာတဲ့မင်းသားကိုကြည့်ပါဦး၊ မိန်းမသာပါလာရင် ကျုန်တော့်ကို ပြန်အမ်းသွားနိုင်တယ်ဗျ .."

ဧည့်ခန်းမှာ ဆူညံခြင်းတွေ ထပ်မံဖြစ်ပေါ်လာကာ ချစ်သဲက နေရာမှထရပ်ပြီး ..၊

"သွားကြမယ်လေ .. ကိုမောင် လာပြီဥစ္စာ .."

"ဟော .. တွေ့လား .. ကိုမောင့် ကိုမြင်လိုက်တာနဲ့ တက်ကြွနေပြီ၊ ယုဇနဂါးဒင်းနိမှာတုန်းက ခေါင်တောင်တောင်နဲ့ လှည့်ပြန်ဖို့လုပ်နေတာ ဘယ်သူလဲမသိဘူး .."

"မမိုး ရေ .. လျှောက်နောက်မနေနဲ့ .. သူ့မိန်းမကြားလို့ ထွက်ရိုက်နေဦးမယ် .."

ချစ်သဲ က နာမည်နဲ့လိုက်အောင် စကားသံလေးကအစ သည်းသည်းလှုပ်ရှုံပျစ်နေလျက် ..၊

"ချစ်သဲ တို့က တက္ကသိုလ်မှာတည်းက ရင်းနှီးခဲ့တဲ့ဟာ .."

"သြော် .. ကဲ .. ဘယ်သူကစစ်မေးနေလို့လဲ၊ ဘယ်တုန်းက သံယောဇဉ်ဖြစ်ဖြစ် တို့ကလည်း ဘာမှမပြောရသေးပါဘူးနော် .."

"လာ .. ကိုမောင် .. ကားယူမနေနဲ့၊ ချစ်သဲ ကားနဲ့ပဲလိုက်ခဲ့တော့.."

ကားတွေဆီ ထွက်သွားကြတဲ့အထိ စကားသံတွေကိုကြားနေရကာ မျက်လုံးကလည်းမြင်နေရသမျှကို မျက်စိအောက်က မပျောက်မချင်း ကြည့်နေမိခဲ့သည့်အဖြစ် ..။

"အယ် .. ကြည့်ဦး၊ ကိုကိုကြီးကို သူ့ကားထဲဆွဲသွင်းသွားလိုက်တာ နောက်ကျန်တဲ့ခြေထောက်တစ်ဖက်ကိုများ လိုက်'မ'ပေးဦးမလား မသိဘူး၊ ဟွန်း .. လာပြန်ပြီ နောက်ထပ် ဆောမာလာ တစ်ယောက်၊ မိန်းမတွေများ အဲ့လိုဟာတွေကြောင့် သိက္ခာကျတာ .."

မျက်စောင်းထိုးပြီး လှည့်ကြည့်လိုက်တော့ လေး က ဖုန်းကိုင်ထားပြီး ဂိမ်းဆော့နေ၏။ ဒီမှာပဲအတူတူရပ်နေကြတာကို လေး မမြင်ဘာ

www.burmeseclassic.com

www.burmeseclassic.com



သား .. တမင်မမြင်သလိုနေတာလာ ..။

ဂိမ်းဆော့ပြီဆို တခြားအာရုံမရှိလောက်အောင်ဖြစ်သွားတတ်သည့် ဆလး အကြောင်းလည်း သိထားသဖြင့် လှလွန်း မချင့်မရဲဖြစ်သွားမိ၏။

"နင်ကလည်း အတင်းတုပ်ရတာ အရသာမရှိလိုက်တာဟာ၊ ပါသွားတာ နင့်ယောက်ျားနော် .."

"အဲဒါ ဘာဖြစ်လဲ .."

"ဟိုမှာ အလုပရေးနဲ့ ဆွဲလွဲပွတ်ကပ်ပါသွားတာ .."

"ကားထဲရောက်ရင် ဒီ့ထက်ခရီးပေါက်နိုင်သေးတယ် .."

ဂိမ်းဆော့နေတာကို လှလွန်း လိုက်ကြည့်ရင်း တအံ့တသြမော့ကြည့်မိသည်။ စကားပြောရင်းနဲ့ မမှားယွင်းအောင် ဆော့နေနိုင်တာ အာဂပါလား ..။

"လေး .. နင် မြင်လိုက်တယ်ပေါ့ .."

"မြင်သားပဲ .."

"ငါ့ကိုလည်း စကားပြောနေသေးတယ်နော် .. ငါသာဆို ဒီလိုအာရုံများရင် ရှုံးပြီ .."

"ဘာများစရာရှိလို့လဲ .. သူ အဲ့လိုလွတ်လပ်မှုတွေကို ခံမင်တတ်လာမှ ငါ့ကို စာနာမှာ .."

"ဘယ်လို .."

"ငါ့အတွက် အပြစ်ထောက်စရာတစ်ခုဖြစ်လာအောင် ဒီမှာတမင်လာကြည့်နေတာဥစ္စာ .."

"လေး ရယ် .. နင် အဲ့လိုတော့ .."

"ဘာဖြစ်လဲ .. မဟုတ်ရင် သူပဲ လူတော်လူတတ်၊ ဆရာကြီးသိပ်လုပ်ချင်တာ .."

လှလွန်း မျက်နှာလေးငယ်နေ၏။ ဒီအချိန်က တီလေး ဘုရားရှိခိုးချိန်ဖြစ်နေတာမို့ သူမအတွက် တစ်အားယုတ်နေရတာဖြစ်သည်။

မဟုတ်လို့ကတော့ ချစ်သဲ ဆိုတဲ့ အမျိုးသမီးနဲ့ ဟိုမိန်းမနှစ်ယောက်



ဒီလောက်အူမြူးခွင့်ရကြမှာ မဟုတ်ပေ ..။

ကိုကိုကြီးလည်း လေး ကို တစ်ချက်မှ လှည့်မကြည့်ဘဲ ဒီပုံစံမျိုးနဲ့ လိုက်သွားလို့မရနိုင် ..။

ဘုရားရှိခိုးလျှင် ပုတီးစိပ်တာ တရားထိုင်တာတွေအပြင် မေတ္တာပို့အမျှဝေတာတွေကပဲ နာရီဝက်မကကြာသည်။ အချိန်အားလုံး မကြာဘူးဆို နှစ်နာရီလောက်ရှိလိမ့်မည်။

"တီလေး ကလည်း ဘုရားရှိခိုးနေတာ မပြီးတော့ဘူး .."

မပြုံးရှုကောင်းပေမယ့် လှလွန်း ရှုံ့တွညည်းညူမိ၏။

လေး တို့က အေးဆေးပဲလို့တွေးမိတော့လည်း စိတ်ညစ်ရလေသည်။

ဒါပေမယ့် သူမ မသိသည့် လေး ရဲ့ ရင်ထဲမှာတော့ ရှက်ရွံ့ခံပြင်းခြင်းတွေ မထင်မှတ်ဘဲ ထုထည်ကြီးမားနေခဲ့၏။ ထို့ပြင် ..၊

ချစ်သဲ ဆိုသည့် မျက်နှာကို ဂိမ်းမျက်နှာပေါ်မှာ ခဏခဏပေါ်လာနေသဖြင့် တက်ခေါက်မိ၏။ ခါးထိရှည်သော ဆံနွယ်တွေက ကြေးနီရောင်လဲ့နေကြသည်။

နှုတ်ခမ်းနီကလည်း ကြေးနီရောင်လက်နေလျက် မျက်ခွံပြေပြေမှာ ဟောင် ဒီတိုင်းအရောင်တူ ..။ ကိုယ်လုံးကလည်း လှသည်။ အနီရဲရဲနှင့် သူမရဲ့ ဝင်းမွန်နေသည့် အသားရောင်က လိုက်ဖက်၏။

ကိုကို့ဘေးမှာ ဒီလို မိန်းမမျိုးတွေရှိနေမည်လို့ မထင်ခဲ့မိတာ အမှန်ပင် ..။ စောမာလာ မှစ၍ တခြားအမျိုးသမီးတွေကလည်း ကိုကို့ အရွယ်ယဉ်စစ ပုံတုံးတုံးတွေမို့ ကိုကို့ကို သူမ မျက်လုံးထဲမှာ မငြိခဲ့ပါ။

ဒီနေ့ကျမှ ကိုယ် ရွေးထုတ်ပေးလိုက်သည့်ဝတ်စုံနဲ့ ကိုကို့ဘေးမှာ ချစ်သဲက လိုက်ဖက်စွာ ..၊

"ဒုန်း ..."

"အ ..."

မွေ့ရာခင်းကို ဆွဲလွဲခါပစ်နေရင်း မှန်တင်ခုံပေါ်က ပေါင်ဒါဘူး

www.burmeseclassic.com

www.burmeseclassic.com



ကြီးက စောင် နဲ့ ငြိပါလာပြီး ဒုန်းခနဲကျ၏။ ခြေထောက်ပေါ် အဖျား ခတ်မိသဖြင့် လေး မျက်နှာရှုံ့မဲ့သွား၏။

"လေး ရေ .."

"ရှင် ..."

"ဘာဖြစ်တာလဲ .."

ဘုရားခန်းကထွက်လာသည့် တီလေး က ပေါင်ဒါဘူးကျသံကို ကြားသွားပြီး အခန်းရှေ့ရောက်လာ၏။

"ဘာမှမဟုတ်ဘူး တီလေး .. အေးဆေး .."

"သားကြီး အထဲမှာရှိလား .."

"ဟင့်အင်း ..."

"ဘာ!..."

"မရှိဘူး .. အပြင်ထွက်သွားတယ်လို့ .."

"အပြင်ကိုဟုတ်လား .. ဘယ်တုန်းကလဲ၊ ဒီအချိန်ထိ ဘာကိစ္စမို့လို့လဲ .."

ထိုစဉ် လှလွန်း ရဲ့ အသံလေး လှေကားဘက်ကနေ ပေါ်လာသဖြင့် ဒေါ်ငြိမ်းချမ်း အသံလည်း ထိုဆီရှေ့ရှု၍ ဝေးကွာသွားခဲ့၏။

"ကိုကိုကြီး သူ့သူငယ်ချင်းတွေ လာ'မ' သွားကြတယ် တီလေး ရယ်၊ မိန်းမတွေရောပဲ .. ဝတ်စားထားလိုက်တာများ တကယ့်အလန်းပဲ.."

"မိန်းမတွေဟုတ်လား .. အလုပ်က အသစ်တောင် မစရသေးဘူး၊ ဒီဘက်မှာလည်း မိန်းကလေးတွေပါနေပြန်ပြီလား .."

"ပါတာပေါ့ .. စောမာလာကြီး ထက် ဆယ်ဆ .."

စကားသံတွေ ပျောက်သွားတဲ့အထိ နားထောင်ရင်း လေး နှုတ်ခမ်းမဲ့မိသည်။ ယောကျ်ားတစ်ယောက်ရဲ့ လွတ်လပ်ခြင်းကို ဘယ်လိုစည်းကမ်းသတ်မှတ်ချက်တွေနဲ့ ကန့်သတ်ထားလို့ရမှာလဲ ..။

နာရီကြည့်တော့ ညကိုးနာရီခွဲနေပါပြီ။

"ငါ ဒီအချိန်ထိ တစ်ခါမှ နေဖူးခဲ့တာမဟုတ်ဘူး၊ လေး နဲ့ ညည်း နဲ့ စောင့်လိုက် .."

"တီလေး ကလည်း လေး က ပိုတောင်အိပ်ရေးမက်သေးတယ်၊ နှိုးမနေပါနဲ့ .. သမီးလည်း အိပ်ချင်နေပြီ၊ ဒေါ်ကြီးရွှေ ကို စောင့်နိုင်းလိုက်ပါ .."

"မလုပ်စမ်းပါနဲ့အေ .. သူ ယောင်နေတာနဲ့ပဲ ဒီအိမ်မှာ ညဉ့်နက်သန်းခေါင် ဝင်ထွက်သွားလာနေကြတာ လူသိပါတယ် .."

"ဘာဖြစ်လဲ .. ကိုပဲ့ကိစ္စနဲ့ ကိုယ်ပဲပဲဟာ .."

"ညည်း တိတ်တိတ်နေစမ်းပါ၊ လေး ကို ငါ နှိုးပါ့မယ် .."

တိတ်ဆိတ်နေပြီမို့ လှေကားကနေ ပြောလာကြသည့်အသံတွေကို လေး ကြားလိုက်သည်။

ထို့ကြောင့် တံခါးပြေးဟလိုက်ပြီး မွေ့ရာပေါ်ပြေးတက်သည်၊ စောင်ကို ခါးမှာဖြစ်သလိုတင်ကာ ခြေထောက်နှစ်ချောင်းလက်နှစ်ဖက်ကို အိပ်မောကျနေသလို ပစ်စလက်ခတ်ပုံခင်းထားလိုက်၏။

"ဟော့တော့ .."

"သမီး ပြောသားပဲ .."

"အေးလေ .. ဒီအချိန်ရှိပြီဟာကို .."

တူဝရီးနှစ်ယောက် တံခါးကြားကနေလာကြည့်ပြီး စာနာစွာ ဆုတ်ပြန်သွားကြတော့ လေး စိတ်တော့မကောင်းပေ ..။

တခြားကိစ္စအတွက်ဆို ရှေ့ကပြေးထိုင်ပေးလိုက်မှာပေမယ့် ကိုကို့ကို တံခါးစောင့်ဖွင့်ပေးဖို့ကတော့ ဆောရီး ..။

သို့သော် သိပ်မကြာခင် လှလွန်း ပြန်တက်လာကာ ..၊

"လေး ရေ .."

ဟင်!...၊

မွေ့ရာပေါ်မှာ ဝမ်းလျားမှောက်လျက်လေး ပက်ပင်ကြီးမိသွားသဖြင့် လေး က ရယ်ကျဲကျဲကြည့်ကာ ..၊

"တီလေး ကို မတိုင်နဲ့ .. လိမ္မာတယ် .."

www.burmeseclassic.com

www.burmeseclassic.com



"မတိုင်ပါဘူး .. ငါက နင် တကယ်အိပ်ပြီထင်နေတာ၊ လိုင်းပေါ်မှာတွေ့လို့ .."

"ငါ အိပ်မပျော်လို့ ပြန်ထနေတာ၊ ကိုကို့ကိုတော့ စောင့်မနေချင်ပါဘူး၊ သူ့ဘာသာ အုပ်စုလိုက် ပျော်ပါးနေတာ အလုပ်ကိစ္စမှ မဟုတ်တာကို .."

"အေးပါ .. ငါ အဲ့ဒါပြောမလို့ တက်လာတာပါ၊ ကိုကိုကြီး ဖုန်းဆက်တယ်၊ သူ့မှာ သော့အပိုပါလာတယ်တဲ့ ညဉ့်နက်နေရင် စောင့်မနေတော့နဲ့တဲ့ .."

ပြောပြီး တံခါးဘောင်မှာကိုင်ထားသည့် လက်ကို ဖြုတ်ကာ ..၊

"လိုက်သွားတည်းက အစီအစဉ်နဲ့ သိလား .. ကိုကိုကြီးလည်း တော်တော်လည်လာပြီ၊ စောမာလာ တုန်းက ပုံတုံးကြီးမို့ ခပ်တည်တည်နေတာ ဖြစ်မယ်၊ ချစ်သဲ ဆိုတာလေးက အလန်းလွန် အလွန်လန်းလေးလေ .."

လှလွန်း တကယ်ကို မကျေနပ်လို့ ပွစိပွစိပြောသွားတာဖြစ်သည်။ လေး အတွက်ကတော့ မခံချင်စရာတွေတစ်ရစ်ပြီးတစ်ရစ် တင်ကျန်ရစ်၏။

ကိုယ့်ကိုကျတော့ သိက္ခာလေးနဲ့နေပါ၊ စည်းကမ်းရှိပါစေနဲ့ သူ့ကျတော့ ညဆယ်နာရီဆယ့်တစ်နာရီထိ လမ်းပေါ်မှာ နေနေတာ သိက္ခာတွေလား ..။

လေး ရေချိုးခန်းဝင်ရင်း နေ့စွဲသစ် နဲ့ ပြောဖြစ်ကြတော့ အိမ်ထောင်ရေးအကြောင်းတွေပါသွားခဲ့၏။

"တမင်ပြောနေတာလား .. မယုံဘူး .."

"မယုံရင် ပိုကောင်းတယ် .. ဒီကလည်း အဲ့ဒါတွေကို မေ့ထားချင်နေတာ .."

"တကယ်ကြီးလား .. လေး က မချစ်ဘဲယူလိုက်ရတာလား .."

"မသိတော့ပါဘူး .. အခြေအနေတွေက ပြောရခက်ပ[?] .."



"ပြောပြမယ်ဆို သိချင်တယ် .."

"မပြောတော့ဘူး .."

"တို့သိပါရစေ .. လေး အတွက် ပူလောင်မှုတွေရှိနေရင် မျှဝေခံစားဖော်ပေါ့ .."

"ဒေါက် .. ဒေါက် ."

"လေး ..."

"... ... ..."

"ကောင်မလေး .."

မောင့် အသံမှန်းသိလိုက်တော့ မျက်နှာပေါ်က ရေစက်တွေကို သပ်ချလိုက်ပြီး ဖုန်းကို ကောက်ယူကာ ..၊

"ချပ် ..."

တံခါးပွင့်သွားတာနှင့် ဖျတ်ခနဲမျက်လုံးချင်းဆုံကြကာ မောင့် အကြည့်တွေက လေး ကိုင်ထားသည့် ဖုန်းဆီ တန်းရောက်သွားသည်။

"ဒီအချိန်ထိ မအိပ်သေးတာ ဒါ လုပ်နေတာလား .."

လေး က နှာခေါင်းလေးတစ်ချက်တွန့်၍ မဲ့ကာ ..၊

"အိပ်နေတာပဲ .. ရေအိမ်ဝင်ချင်လို့ ထလာတာ .."

သဘာဝကျအောင် မျက်ကြောလေးစင်းပြီး လည်ပင်းကိုကုတ်လိုက် ဂုတ်ပိုးကိုကုတ်လိုက် လုပ်ပြလိုက်သေးသည်။

ဒါမှ အေးဆေးမှာမို့ အလျင်အမြန်သရုပ်ဆောင်လိုက်ရခြင်းဖြစ်သည်။ မဟုတ်လျှင် စကားတွေများလာနိုင်ဖွယ်ရှိသည့်ပြင် ဒါလေးယူပေးပါ၊ ဟိုသင်းလေး သိမ်းပေးပါ စသဖြင့်တွေ ပါလာတော့မည်။

"ဝါး ..."

လက်ဝါးလေးနဲ့အုပ်၍ သမ်းပြလိုက်ရင်းသူ့ကိုရှောင်ထွက်လာခဲ့သည်။

"လေး ..."

သူက အထဲမဝင်ဘဲ ချာခနဲပြန်လိုက်လာကာ ..၊

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ .. နေဦး .."

အပြောနဲ့အတူ လေး ကိုင်ထားသည့်ဖုန်းကို နောက်ကနေ ဆွဲယူလိုက်၏။ အစတည်းက အုံ့ဖွဲ့နေခဲ့သည့် ဓါးသတွေက လေး သူ့ဘက်ကို ဆတ်ခနဲပြန်လှည့်၍ ..။

"ကိုကို .. အဲလို ကလေးဆန်ဆန်တွေ မလုပ်နဲ့နော် .."

"ဟွန်း ..."

မောင့် မျက်နှာကနီနေသည်။ မျက်ဝန်းထောင့်တွေပါ နီချင်ချင်ဖြစ်နေကာ ပို၍စူးလက်နေကြ၏ ။ လေး ကို တစ်ချက်မဲ့ကြည့်ပြီး ဖုန်းကို ဖွင့်ကြည့်နေသည်။ ပြီးမှ လက်ကိုဆွဲ၍ ပြန်ထည့်ပေးကာ ...၊

"မင်း အဲ့လိုမိန်းကလေးမှန်း ငါ သိပြီးသားပဲ၊ ဘာတွေစိုးရိမ်နေတာလဲ .."

"ဘာ ..."

"ကိုယ် ခေါင်းတွေအရမ်းကိုက်နေလို့ ကော်ဖီတစ်ခွက်လောက်သွားဖျော်ပေး .."

ဖုန်းထဲက နေ့စွဲသစ် နဲ့ ပြောထားတွေကို ဖတ်ကြည့်ပြီးမှ ဘာမှမဖြစ်သလိုပြုံးလိုက်သည့် မဲ့ပြုံးကြောင့် လေး ခံရခက်သွား၏။

"ကိုကို ဘာပြောလိုက်တယ်၊ လေး က .. လေး ကို ဘယ်လိုမိန်းကလေးလို့ ပြောလိုက်တာလဲ .."

"နောက်တစ်ခေါက် ထပ်ပြောလို့ကောင်းတဲ့စကားတွေမှ မဟုတ်ဘဲကွာ .. ထားလိုက်စမ်းပါ၊ ကော်ဖီသွားဖျော် .. သွား .."

ပြောပြီး လေး ကို ရှောင်၍ အခန်းထဲဝင်သွားသည်။ မွေ့ရာကြီးပေါ်မှာ သူ ချွတ်ပြီး ဒီတိုင်းလှမ်းတင်ထားသည့် ရှပ်အင်္ကျီက အလွှားလိုက်ရှိနေပြီး ပုဆိုးက တန်းပေါ်မှာ ..၊

သူ အင်္ကျီအဝတ်စားလဲပြီးမှ လေး ကို လိုက်ရှာတာမှန်းသိလိုက်သည်။ ထိုအခါကျမှ သူ့ကိုယ်ပေါ်က ကြည်ပြာရောင်ခေါင်းစွပ်ဆွယ်တာကို သတိထားမိသည်။



"ဟော့ .. ဘာကြည့်နေတာလဲ .."

"လေး .. ကိုကို့ကို အမူးပြေအောင် ပြုစုဖို့စောင့်နေတာမဟုတ်ဘူး .."

"ဘာ ..."

မောင့် မျက်နှာ တင်းခနဲဖြစ်သွားသည်။ စားပွဲပေါ်မှာ မီးခြစ်နဲ့ စီးကရက်ဘူးကို ပစ်ချထားခဲ့ပြီး လေး မျက်နှာရှေ့ရောက်လာ၏။

"မင်း ဘာပြောလိုက်တယ် လေး .."

နီရဲနေသည့် မျက်နှာက အေးစက်ခြင်းတို့ဆောင်း၍ အံကြိတ်လျက်..၊

"ဟုတ်လား .. ငါကတော့ မင်း ဘယ်ကောင်နဲ့ ဘယ်လိုကျူနေနေ သဘောထားကြီးကြီး ထားနိုင်ဖို့ အမြဲတမ်းကြိုးစားနေခဲ့ရတဲ့ ကောင်လေ.."

ပြောပြီး မျက်နှာချင်းထိမတတ် ရှေ့တိုးလာ၏။ ပြီးတော့ ပြန်ဆုတ်သွားကာ ..၊

"ကျွတ် .. ဆောရီး .."

နားထင်ကို လက်ချောင်းတို့နှင့် ခပ်ဖိဖိထောက်၍ မျက်လုံးတွေ ခဏမှိတ်ပစ်သည်။ ပြီးမှ ..၊

"မင်းကို အဲ့ဒီလို ကလက်တက်တက်စကားတွေ ကိုယ်ပြောခဲ့မိတယ်၊ ပြောပြီးရင်လည်း မှားသွားပြီမှန်း ကိုယ်သိတယ် .. ဒါပေမယ့်.."

သူ့စိတ်တွေ လှုပ်ရှားနေတာကို ထိန်းချုပ်ဖို့ကြိုးစားရင်း မလွယ်ဘဲဖြစ်လာ၏။ အဖြူရောင် လက်တိုဂါဝန်ပွပွလေးနှင့် ဆံပင်တွေကို ဘီးကုတ်လေးနဲ့ သိမ်းလုန်ထားသည့် မျက်နှာဖြူညက်ညက်လေးက အဖြူရောင်တွေနဲ့ မဟာဆန်နေ၏။

ခဏခဏ သပ်ချနေသဖြင့် ရေစက်တို့မရှိတော့ဘဲ ပြောင်ပြောင်လေး ဖြစ်လာတော့ နငယ်ဝင်းစိုသည့်အလှက ပို၍ပေါ်လွင်လာသည်။

သူ့မလေးကို သူ သဝန်တိုနေမိပြဆိုတာ ..န်မခံချင် ..။ ဒီလိုမျိုးမဖြစ်ဖို့လည်း ဆုတောင်းခဲ့ဖူး၏။ ဒါပေမယ့် နှလုံးသားရဲ့ဆန္ဒမှန်သမျှကို ဦးနှောက်က မထိန်းချုပ်နိုင် ..။

"မင်း .. မင်းကို ကိုယ် ဒီထက်ဘာတွေလိုက်ပြောပေးရဦးမှာလဲ၊

www.burmeseclassic.com

www.burmeseclassic.com



ဒီထက် နားလည်ဖို့ဘယ်လိုကြိုးစားရမလဲ ..."

"နေပါဦး ကိုကိုရဲ့၊ လေး ကိုချည်းပဲ ကိုကို သည်းခံနားလည်နေရတယ်လို့ ပြောနေကာလား .. ကိုကို့ကျတော့ ဘယ်လိုနေနေ ဘာလုပ်လုပ်ပေါ့ ..."

"ဘာ ..."

"လေး ကလည်း မပြောချင်ပါဘူး၊ ယောကျ်ားဆိုတဲ့လူက တခြားမိန်းမနဲ့ တွဲသွားလို့ မခံနိုင်ဖြစ်ရပါတယ်ဆိုရင် ဒါကို သဝန်တိုတာလို့ ခေါင်းစဉ်တပ်ကြဦးမယ်၊ ဒါပေမယ့် ကိုကိုက စပြောလာပြီဆိုတော့ လေး ကလည်း ပြောရမှာပဲ ..."

ပြောဆိုသည့်အကြည့်နှင့် မောင်က မေးဆတ်၍ ခေါင်းညိတ်၏။

"ကိုကို မိန်းမတစ်ယောက်နဲ့ လက်ချင်းချိတ်ထွက်သွားတယ် ..."

"ကိုယ်တို့အားလုံး ရှစ်ယောက်ရှိတယ်၊ နှစ်ယောက်တည်း မဟုတ်ဘူး..."

"ကိုကို့ကို ခုနစ်ယောက်စလုံးက လက်လာချိတ်တာမှ မဟုတ်ဘဲ ..."

"လျှောက်မပြောနဲ့ လေး .. ပြောဆိုပုတ်ခတ်ရင်း ထိမိကိုင်မိတာထက် ဘာမှမပိုဘူး ..."

"ဟုတ်လား .. ပြီးရောလေ၊ အဲ့ဒီလိုနေထိုင်ခြင်းမှာ အမြင်မတော်တာ မရှိဘူးလို့ အန်ဒါလိုင်းပိတ်ထားလိုက်မယ် ..."

မောင် ကွက်ခနဲမျက်နှာပျက်သွားသည်။ လေး က လှဲပြီးမှ ငုတ်တုတ်လေးပြန်ထထိုင်လိုက်ကာ ...၊

"အပြင်မှာ တစ်ညလုံးနေပြီး ဆယ့်တစ်နာရီကျော်မှ ပြန်ရောက်လာတာ အရက်နံ့လေးတသင်းသင်းနဲ့ ..."

"မိတ်ဆွေတစ်ယောက်ရဲ့ ဘတ်ချလာနိုက်ကို ဆက်သွားကြတာ၊ ယောကျ်ားလေးတွေနည်းပဲ အသောက်အစားတော့ ပါတာပေါ့၊ ကိုယ်မူးနေတဲ့ပုံ ပေါက်နေလို့လား ..."

"ဒါဆို ယိုင်မှုမနေအောင် ထိန်းနိုင်ရင်လည်း သောက်ခွင့်ရှိတာပေါ့ .. အိုခေ ..."



"ကောင်မလေး ..."

မောင် က မွေ့ရာပေါ်ကို အိခနဲထိုင်ချလိုက်ပြီး လေး ရဲ့ လက်မောင်းလေးတစ်ဖက်ကို ဆုပ်ကိုင်လိုက်၏။

"မင်း ဘာသဘောနဲ့ တစ်ခုချင်းလိုက်ပြီး အပြစ်ထောက်နေတာလဲ ..."

"ထောက်စရာရှိလို့ ထောက်တာလေ .. လေး မဟုတ်တာပြောနေတာမှမဟုတ်ဘဲ ..."

"မဟုတ်ဘူး .. မင်း မျက်လုံးထဲမှာ ရည်ရွယ်ချက်တွေပြည့်နေတယ်၊ ဘာဖြစ်လို့ မင်း ကိုယ့်ကို ဒီလောက်တောင်မလိုအပ်ဘူးဖြစ်နေတာလဲ ..."

"ဘာတွေပြောနေတာလဲ .. လေး ပြောနေတာ ရိုးရိုးလေးပဲ၊ ကိုကိုပဲ လေး ပြောသမျှကို ဘာဖြစ်လို့တစ်ခုချင်းလိုက်ရှင်းနေလဲ ..."

"မင်း ပြောတာတွေက ..."

"ကိုကို လေး ကို ပြောတတ်လွန်းလို့ ကိုကိုကရော ဘယ်လိုလူမို့လို့လဲလို့ တွေးကြည့်ထားတာလေ .. ကိုကို့ကို စစ်မေးနေတာမှမဟုတ်ဘဲ ..."

"လေး .. မင်း ကိုယ့်အနေအထိုင်ကို သဲသောမကျရင် ပြောလို့ရတယ်.."

"ဟွန့် .."

"ကိုယ် သွားလာနေတာ မကြိုက်ရင်လည်း ဒါ မကြိုက်ဘူးလို့ တစ်ခွန်းပဲပြောလိုက် ..."

"ဘာလို့ပြောရမှာလဲ ..."

"ဟုတ်တယ် .. မင်းမှ စိတ်မဝင်စားတာ၊ အဲ့ဒါကြောင့် ကိုယ်သိချင်တယ်၊ မင်းအတွက် ကိုယ်က ဘယ်နေရာမှာမှ မလိုအပ်ဘူးလား.. မင်း မျက်လုံးထဲမှာ ဘာမှမဟုတ်တဲ့ ယောကျ်ားတစ်ယောက်လား ..."

"ကိုကို့အတွက် ဟုတ်လို့ရတာတွေ ပုံအောနေလို့ ဒီမေးခွန်းထွက်လာတာလား ကိုကို ..."

"ကျွတ် ..."

စိတ်ပျက်သွားသည့်မျက်နှာကိုကြည့်ပြီး လေး က သူ့လက်ကို ခါချ

www.burmeseclassic.com

www.burmeseclassic.com



ပစ်လိုက်၏။ သူ့မှာပဲ ပြောစရာတွေရှိနေတာလား၊ ဒီမှာ သူများအရှက်ကွဲခဲ့ရတာ ဘယ်သူမှ မသိပေမယ့် ခုထိ မျက်နှာမှာ အပူလောင်ခံထားရသလို ရှိနေတုန်း ...။

ဒီတစ်ခါ ထပ်ခေါ်ရင်တော့ မပြင်းသင့်တော့ပါဘူးလို့တွေးပြီး စိတ်ရောကိုယ်ပါ လျှော့ချထားခဲ့သည်။ သူ အိမ်ပေါ်တက်လာတော့ ခေါင်းညိတ်ဖို့ခက်နေတာကို ဟန်ကြီးပန်ကြီးတွေနဲ့ ခင်းကျင်းပြင်ဆင်ထားလိုက်သေးသည်။

တော်ပါသေးသည်။ လုလွန်း ပြောလိုက်တုန်းကသာ အခန်းထဲပြေးဝင်ပြီး အဝတ်စားလဲထားလိုက်မိလျှင် ကွဲပြီ ...၊

"လေး ကို မေးခွန်းတွေမေးနေမယ့်အစား ကိုကိုလည်း နေတတ်သလိုနေ .. လေး လည်း .."

"ငါက ဘာလုပ်နေလို့ မင်းကို လုပ်ချင်ရာလုပ်ခွင့်ပြုရမှာလဲ ..၊ ငါ လုံးဝ ခွင့်ပြုမပေးနိုင်တော့တာ အဲဒါ .."

ဒေါသကြောင့် စကားလုံးတွေက ကြမ်းလာသည်။ လေး ရင်ထဲမှာ သူ့အော်သံကြောင့် ကျင်ခနဲစူးနင့်သွားသည်။ ရှယ်တူတာန်းတူနဲ့ ယှဉ်လုပနေတာလေးကျတော့ တလေးတစားရယ်မောပြုံးရွှင်စွာ ဆက်ဆံလို့ ..။

ကိုယ်ကတော့ သူ့မျက်လုံးထဲမဝင်တဲ့ ကလေးကလား အမှိုက်တစလိုမျိုး ..၊

ဒေါသတွေ အမိန့်ပေးချုပ်ကိုင်ခြင်းတွေနဲ့ တင်းမာနေသည့် မျက်နှာကို စေ့စေ့ကြည့်ကာ လေး က ခုတင်ပေါ်က ဆင်းလိုက်၏။

"ကိုကို့ သဘောအားလုံး ဖြစ်ခွင့်ရနေပြီလို့ထင်ရင် မှားသွားပြီ ကိုကို .. လေး ကို ကို့ကို လက်ထပ်ယူထားနိုင်ပေမယ့် လေး ရဲ့ စိတ်ကို ချုပ်ကိုင်ဖို့ မစဉ်းစားနဲ့၊ ကိုကို့လို ထင်သလိုမသွားလာနိုင်ရင်တောင် ကိုယ့်စိတ်နဲ့ကိုယ် .."

"မင်း အဲ့ဒီလို စိန်ခေါ်ရင် ကိုယ်ကလည်း နောက်ကျကျန်ခဲ့မှာ မဟုတ်ဘူး .."



"အား ..."

မောင် က လေး ရဲ့ လက်ဖဝါးလေးကို ဖျတ်ခနဲဖမ်းဆွဲသည်။

ရုတ်တရက်ကြီးမို့ မရှောင်လိုက်နိုင်ဘဲ လေး တစ်ကိုယ်လုံး သူ့ရင်ခွင်ထဲ ယိုင်ကျလာလျှင် ...၊

"ကိုကိုနော် .."

လေး ကိုယ်လေး မွေ့ရာထက်သို့ ပက်လက်လေးပစ်ကျသွားခဲ့၏။ မျက်နှာရှေ့မှာ မောင့် မျက်နှာအုပ်မိုးကျလာလျက် သူ့လက်ကလေးတွေကို မွေ့ရာထက်မှာ ဖိကပ်ချုပ်ထား၍ ...၊

"ဘယ်လိုလဲ .."

"ကိုကို လွှတ်နော် .. အဲလိုအနိုင်ကျင့်လိုက်လည်း ကိုကို လေး ရဲ့ စိတ်ကိုတော့ ဘယ်တော့မှရမှာမဟုတ်ဘူး .."

"ကိုယ် သိတယ် .. ဒါပေမယ့် မင်းကမှ မလိမ္မာတာ .."

"ဟင့်အင်း .."

လေး မျက်နှာလေးထက်မှာ အနမ်းတွေ နွေးနွေးဖြာဖြာဆင်းကျလာခဲ့သည်။ စက္ကန့်တွေ တချပ်ချပ်ပြေးလွှားနေသံကို ကြားနေရတာလား၊ သူမရဲ့ ရင်ခုန်သံတွေလား ..။

သူ့အနမ်းတွေမှာ လေး ခဏတစ်ဖြုတ် တုန်ယင်ပြိုလဲသွားခဲ့ပြီး အသိတရားတွေ ဖျတ်ခနဲဝင်လာသည်။ ဒါ အချစ်နဲ့ရယူချင်တာ မဟုတ်ဘူး၊ နင့်ကို အနိုင်ကျင့်တာ လေး .. ချုပ်ကိုင်အနိုင်ယူဖို့ နောက်ထပ်ခြေလှမ်းတိုးလိုက်တာ အရှုံးမပေးနဲ့ ..။

"ဟင့်အင်း .. လွှတ် .."

လေး အတင်းဆောင့်ခါရုန်းပစ်လိုက်လျှင် မောင့် မျက်နှာ လည်ထွက်သွားသည်။ မျက်လုံးတွေထဲမှာ ပြာမိုက်သွားခြင်းတစ်ချက်နှင့် မောင်းခနဲ မီးပွင့်သွားသလိုပင် ..။

"လေး .. မင်း!..."

လေး မွေ့ရာထက်က လူးလဲထထိုင်လိုက်မိတာ အကျီတွေ ဆံပင်

www.burmeseclassic.com

www.burmeseclassic.com



တွေ ဖိသပ်ဆွဲချရင်း သူနဲ့ ဝေးအောင် ထပ်ဆုတ်လိုက်၏။

"မင်း ကိုယ့်ကို ဒီလောက်ထိတောင်လား .."

ဟင် ...။

သူ့နှာခေါင်းကို အုပ်ထားသည့်လက်မှာ သွေးစကိုမြင်လိုက်လျှင် လေး မျက်လုံးပြူးသွားသည်။

ထို့ပြင် မောင့် မျက်ဝန်းမှာ မျက်ရည်ရောင်တွေ လက်နေတာ ကြေကွဲသွားတာလား၊ နာကျင်မှုကြောင့်လား မသိ ..။

"မင်း မှန်ပါတယ် .. ကိုယ် မှားသွားတာ .."

သွေးကိုကြည့်ပြီးမှ သူ ထပ်ပြောသည်။ ပြီးတော့ မွေ့ရာပေါ်က ဆင်းရပ်လိုက်ရင်း ..၊

"ဆောရီးပါ .. နောက် ဒီလိုမဖြစ်စေရဘူး .."

မဟုတ်ဘူး ...။

သူ ထွက်သွားတော့ လေး ပြေးလိုက်မိသေးသည်။ ပြီးမှ ရပ်တန့်ကျန်ရစ်ရင်း ..၊

လေး အဲ့လောက်ထိဖြစ်အောင် မရည်ရွယ်ဘူး ကိုကို ..။

သွေးတွေနဲ့ ကိုကို့မျက်နှာက အာရုံထဲမှာ စွဲကျန်ခဲ့ရင်း လေး မျက်ရည်တွေ စီးလာသည်။ မွေ့ရာထက်မှာ ပြေးထိုင်မိတော့ မျက်ရည်စက်တို့ ပိုးပိုးပေါက်ပေါက်ကြွေ၏။

တစ်ခါမှ မခံစားခဲ့ဘူးသော ပူလောင်ခြင်းတို့ဖြင့် လေး ငိုနေတာ မပြီးနိုင် ..။

အချိန်သည် ညဥ့်၏ အမှောင်ထုကို တရွေ့ရွေ့ဝါးမြိုသွားခဲ့ပြီးနောက်..



## အခန်း (၃၆)

"ဒီနေ့မှ သူဌေးက ရောက်မလာလို့လေ .."

ချစ်သဲ နဲ့ ညီလွင် တို့ မနက်ရုံးစ်နာရီမထိုးခင် ရောက်လာကြသည်။

"ဘယ်လိုဖြစ်ရတာလဲ သူဌေးရယ် .. ဒီနေ့ ပရိဖ့်ခ်တေးရှင့် ရှိတယ်လေ .."

"ကိုမောင် နှာခေါင်းက ပလ်တ်စတာက ဘာဖြစ်လို့လဲ .."

ကော်ဖီဝိုင်းက ထွက်လာကြတာမို့ ညှိခန်းမှာပဲ အတူတူထိုင်လိုက်ကြကာ ..၊

"ညက ကိုယ် နည်းနည်းမူးသွားလို့ ရေချိုးခန်းထဲမှာ တစ်ခုခုနဲ့ ဆောင့်မိတာထင်တယ်၊ မသိလိုက်ဘူး .."

"ဟောဗျာ .."

"ဟုတ်တယ် .. အဲဒါကြောင့် ကိုညီ တို့ကို ချစ်သဲ ပြောတာပေါ့၊ ကိုမောင့် ကို အဲလောက်မလုပ်ပါနဲ့လို့၊ ချစ်သဲ နေခဲ့ရတာ စိတ်ကိုမဖြောင့်ဘူး .."

"သိပ်မများဘူးပဲထင်တာကွာ .. တကယ်ပါ၊ တစ်ခါတလေ ကိုယ်တို့ဆုံရင် ဒီလောက်တော့ လုပ်ဖြစ်ကြတာပဲ .."

www.burmeseclassic.com

www.burmeseclassic.com



မောင့် မျက်နှာကတော့ မိတ်ဆွေတွေကို လိမ်ညာပြောရသည့်အတွက် မလုံလဲခြင်းနှင့် အတွင်းကြေဒဏ်ရာ၏ နာကျင်မှုကြောင့် မကြည်လင် ...။

တစ်ညလုံး ဒေဠ်ခန်းကဆိုဖာပေါ်မှာပဲ မျက်လုံးအကြောင်သားနဲ့ ရှိနေခဲ့လျက် မိုးလင်းခါနီးတော့ စရန့်တာမှာ ဒရင်းမ်ဘက်ဒ်နဲ့လှဲရင်း မေးဟာစ်ဝက် နိုးတစ်ဝက်နှင့် ...။

"အန့်တို့သဘောပြောရရင်တော့ လူငယ်ပေါက်စလေးအရွယ် မဟုတ်တော့လို့ မိဘက နေရာတကာ မတားဆီးမချုပ်ချယ်ပေမယ့် ကိုယ်လုပ်သမျှ မှန်နေပြီလို့ထင်တာ မကောင်းဘူး .."

ထိုနေ့က ဒေါ်ငြိမ်းချမ်း မျက်နှာ မကြည်လင်ပါ။ သို့သော် နောက်နေ့များမှာ ရက်ဆက်ရောက်လာခဲ့သည့် ချစ်သဲ နဲ့ အပြောအဆိုတွေ လေပေးဖြောင့်လာခဲ့သည်။

လှလွန်း ကိုယ်တိုင် အံ့သြနေရသည့်အဖြစ် ...၊

"အို .. များလှချေလား သမီးရယ် .."

"မများပါဘူး .. ချစ်သဲ ဆို အမြဲတမ်း စားနေရလို့ အီနေပြီ .."

စားပွဲပေါ်မှာ သစ်ခေါင်းပုပ်ရှည်စစ်စစ်တွေနှင့် နီရဲမွှေးပျံ့နေသော ဆတ်သားခြောက်တွေက နည်းတဲ့အထုပ်ကြီးမဟုတ် ...။

ထို့ပြင် အကောင်းစားပြင်သစ်ရေမွှေးဘူးကြီးတွေ သုံးမျိုးလောက်ပါသေးသည်။ ပြီးတော့ မိကျောင်းရေအစစ်နှင့် ဆလင်းဘတ်ခ်ကချည်းနှစ်လုံး ...။

"ငါ့အတွက်ပါ ပါတယ်သိလား၊ သူ့ကို မိုးကောင်းသူဌေးရဲ့ သမီးမှန်း သိစေချင်လို့ ပြောရတာလည်း၊ အဓော .. သူ့အိမ်က လူကြုံပေးလိုက်တဲ့ပစ္စည်းတွေပါ၊ နိုင်ငံခြားရောက်နေတဲ့ အစ်ကိုဝမ်းကွဲတွေက ပို့လိုက်တာပါနဲ့ ပစ္စည်းတွေမှ တစ်ပုံကြီးပဲ .."

လှလွန်း က လေး ရဲ့ ဘေးမှာ လာထိုင်ပြီးပြောပြနေသည်။ ပြီးတော့ ဖုန်းထဲကိုလည်း လှမ်းကြည့်သေးသည်။



"နှင် ဘယ်သူနဲ့ပြောနေတာလဲ .."

"အဆိုတော် 'နှင်းစက်သွင်' နဲ့ပါ .."

"အေး .. ဟုတ်တယ်၊ သူ့သီချင်းလေးတွေကောင်းတယ်နော် .. နင် နေ့စွဲသစ် နဲ့ တွေ့သေးလား .."

"အင်း ..."

"ဟိုလိုဒီလိုတွေ ပြောနေသေးလား .. သူ .."

"ငါ ပြောလိုက်ပြီ .."

"ဟင် .. ဟုတ်လား .. သူ ယုံလား .."

"မသိဘူး .."

"လေး .. နင် ငါ့ကို ခုတစ်လော စကားပြောတာ အေးစက်စက်နဲ့ပါလား၊ ဘာလဲ ချစ်သဲ လာနေတဲ့ကိစ္စကြောင့် စိတ်မကောင်းဖြစ်နေတာလား .."

"ဟင့်အင်း .."

လေး က လှည့်မကြည့်တဲ့ အဆိုတော်နဲ့သာ အပြန်အလှန်ပို့ယူနေ၏၊

"နင့်ကို တီလေးကတောင် ပြောနေသေးတယ်၊ ငါတို့အိမ်က သာလိကာလေး တိတ်နေပါလားတဲ့၊ နင်နဲ့ ကိုကိုကြီးနဲ့ ရန်များဖြစ် .."

"မဖြစ်ပါဘူး .."

စကားမဆုံးခင်တင် ဖြေလိုက်ပြီး နေရာမှ ထသွားသည်။ ပြီးတော့ မွေ့ရာထက်မှာ လှဲချလိုက်ရင်း ...၊

"အစတည်းက သူနေတဲ့စတိုင်လ်နဲ့ ငါနေတဲ့ပုံက လိုင်းမှ မတူတာ .."

"မဟုတ်သေးပါဘူး လေး ရယ် .. ဒီရက်ပိုင်းမှာမှ တစ်မျိုးကြီးဖြစ်နေကြတာ၊ ငါ ခံစားမိပါတယ်၊ ကိုကိုကြီး နှာခေါင်းက ဒဏ်ရာက.."

"ငါ့ကြောင့် .."

www.burmeseclassic.com

www.burmeseclassic.com



ဟင်!…၊

လှလွန်း ပါးစပ်လေးအဟောင်းသားနှင့် မွေ့ရာနားထလျှောက်လာ၏။

"လေး .."

"ဘာမှထပ်မမေးနဲ့ဟာ .. ဒီလိုပဲ ပြောဆိုရင်း ပုတ်မိခတ်မိတွေ ဖြစ်ကုန်တာ .."

"လေး ရယ် .."

"ဘာဖြစ်လို့လဲ .. ကိုကိုက အဲဒါကို မကျေမနပ်ပြန်ပြောနေလို့လား .."

ဖုန်းကိုပစ်ချပြီး ခေါက်ခုံထိုင်လိုက်သည့် လေး ရဲ့ အသံဟန်ပန်က ရန်လိုနေ၏။ သို့သော် မျက်ဝန်းလေးထဲမှာတော့ ငွေ့ရည်ဖွဲ့လျက်…၊

"ဟုတ်တယ် ငါ့ကြောင့် ဒဏ်ရာရသွားတယ်၊ အခု ချစ်သဲ ဆိုတဲ့ အလုပဂေးက သူ့ကို သနားကြင်နာမှုတွေနဲ့ အဖော်ပြုဖို့လာနေတယ်၊ သူ ဘာလုပ်မှာလဲ .. သူ ဖြစ်ချင်သလိုဖြစ်ပေးဖို့ ငါ့ဘက်က အဆင်သင့်ပဲ.."

"ဟင့်အင်း .. ဟင့်အင်း .. ကိုကိုကြီးက ဘာမှမပြောဘူး၊ ချစ်သဲကိုလည်း .."

"ကိုကိုကြီးဘက်က အေးဆေးပါလို့ ပြောမလို့လား လှလွန်း .."

"ငါပြောပါရစေဦး လေး ရယ်၊ နှင် ချစ်သဲ ပြောတာတွေကို ကြားလိုက်တယ်ပေါ့ .."

"မျက်နှာစုံညီရှေ့မှာ ပြောနေကြတာ ငါက နားလေးမှမဟုတ်ဘဲ.."

လှလွန်း က ဘာပြောရမှန်းမသိအောင် ဖြေသိမ့်ဖို့ခက်သွား၏။

"ကိုမောင့် အိမ်ထောင်ရေးအကြောင်းကို သန်းနိုင် တို့ဆီက ချစ်သဲ ကြားပါတယ်၊ ဖူးစာဆိုတာ တော်တော်ထူးဆန်းတာပဲနော် .. ဒါပေမယ့် ဖူးစာဖက်တိုင်းတော့ မပြကြပါဘူး၊ ချစ်သဲ တို့ ကြည့်လေ .. ချစ်သူနဲ့ ပေါင်းရပေမယ့် တကယ့်ခဏလေးပဲ .."



ဤသို့အစချီခဲ့သည့် စကားတွေရဲ့နောက် …၊

"ကိုမောင် က အရမ်းအေးချမ်းတာ သဘောထားပြည့်ဝတယ်၊ တည်ကြည်တယ်၊ သူ့အလုပ်မှာလည်း သူ အတော်ဆုံးပဲ၊ တော်လို့သာ အခု ကုမ္ပဏီပိုင်ရှင်ဖြစ်သွားတာပေါ့၊ သူ ဒီအလုပ်ကို ထူထောင်မယ်ဆိုတည်းက ရှယ်ယာထည့်မယ့်လုပ်ငန်းရှင်တွေရော အဖက်ဖက်ကနေ အားပေးကူညီချင်တဲ့ မိတ်ဆွေတွေရော ဝိုင်းဝိုင်းကိုလည်နေတာပဲ .."

"ကိုမောင့် လို လူကို စိတ်တေလေဖြစ်သွားမှာစိုးတယ်၊ ဒါကြောင့် သူ့ခြေရိပ်ပဲ လိုက်ကြည့်နေရတာပေါ့၊ ချစ်သဲ တို့လည်း ရှယ်ယာဝင်ထွေ ဖြစ်နေတော့ သူ တိုးတက်မှ ကိုယ်ကြီးပွားမှာလေ .."

"ချစ်သဲ ရှိပါတယ်၊ ကိုမောင့် အတွက် ဘာမှမပူနဲ့၊ လုပ်ငန်းစတော့မယ်ဆိုမှ သူ စိတ်ညစ်နေတဲ့ပုံပေါက်နေလို့ အားလုံးက စိုးရိမ်နေကြတာ၊ ချစ်သဲ ဒီကိုချောင်းပေါက်အောင်လာနေရတာကိုတော့ မျက်စိမနောက်ဘူးမို့လားဟင် .."

စသဖြင့်သော စကားလုံးချိုချိုတို့က ဒေါ်ငြိမ်းချမ်း ရဲ့ ဇီဇာကြောင်တတ်သည့်အကြည့်တွေပေါ်မှာ လွှမ်းမိုးနိုင်ခဲ့၏။ မနက်ပိုင်းဆို အိမ်ပေါ်ရောက်လာရင်တောင် ကားနဲ့ရောက်လာတတ်ပြီး မောင့် ကို တစ်ခါတည်း တင်ခေါ်သွားတတ်တာတွေရှိလာခဲ့သည်။

'ပေးကမ်းခြင်းသည် အောင်နိုင်ခြင်း' ဆိုသည့် စကားအတိုင်း တကယ်ဖြစ်လာခဲ့တာလားမသိ ..။ အိမ်မှာ မိသားစုဝင်တစ်ယောက်လိုတောင် ဖြစ်နေတော့သည်။

"ငါလည်း တီလေးကိုအံ့ဩနေတာ၊ ဒါပေမယ့် သူ့ကို ရင်းနှီးသွားတာပဲရှိတာ၊ နင့်ကိုလည်း တီလေးက မမြင်ရင်မေးနေတာပဲ၊ သူ့ကျေနပ်အားရနေအောင် နင်က အခန်းအောင်းမနေပါနဲ့ လေး ရယ်၊ မနက်ပိုင်း ခဏလေးပဲ ကော်ဖီဝင်သောက်ပြီး ခေါ်ကြီးရှေ့ နားမှာတွေ့တယ် .. ပြီးရင် ပျောက်သွားရော .."

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး ရေခဲသေတ္တာထဲက အသားငါးတွေထုတ်ထားတဲ့ အချိန်ဆို ငါ နလုံးမကောင်းလို့ပါ .."

"လေး ..."

"ဟင် ..."

"နင်နဲ့ ကိုကိုကြီးနဲ့ ဒီထက်ပြတ်တောက်ကုန်မယ့်လမ်းတော့ မထွင်ပါနဲ့ဟာ .. နော် .. ငါက ချစ်သဲ နဲ့ အပြိုင်ဝင်လုပါလို့ပြောနေတာမဟုတ်ပါဘူး၊ ဒါပေမယ့် သူတို့က ကုမ္ပဏီမှာ တစ်နေ့ကုန်အတူရှိနေကြမှာဟ.. ပြန်လာမှသာ လင်မယားက မျက်နှာချင်းဆိုင်ရတာလေ .."

"အဲဒီတော့ ဘာဖြစ်လဲ လှလွန်း .. သူနဲ့ စိတ်တူကိုယ်တူ ဝါသနာတူကို သာယာသွားမယ်ဆိုတာ သဘာဝကျတာပဲ .."

"နင်ကလည်း ပြောလေဆိုးလေပဲ .."

"ငါနဲ့ လက်ထပ်ခဲ့ရတာက ငါ့ကြောင့်လို့ပြောရင်ရတယ်၊ အခု ငါ့ကြောင့် သူ ထပ်ပြီး အနာတရဖြစ်သွားပြန်ပြီ၊ သူနဲ့ငါ နီးစပ်ဖို့က အဝေးကြီးပဲ .."

"လေး ရေ .. ကောင်မလေး .."

ခေါ်သံနဲ့အတူ ခေါင်းချမ်း အခန်းရှေ့ရောက်လာကာ ဝင်မလာဘဲ တံခါးခေါက်၍ ...၊

"သားကြီးရဲ့ ကုမ္ပဏီကိုသွားကြည့်မလို့ တော်ကြာ ချစ်သဲ လာခေါ်မှာ၊ ရွှေနားပေ မထနိုင်သေးဘူးဆိုတော့ ချဉ်ဟင်းလေးတစ်အိုးတော့ ဆင်းတည်ထားလိုက်ဦးနော် .."

"ဟုတ်ကဲ့ .."

"ရွှေနားပေ ကို အနားမှာထိုင်နေပေးဖို့ တီလေး ပြောခဲ့တယ် သိလား၊ လှလွန်း ရေချိုးနေလားမသိဘူး၊ သူ့ကိုပါ ခေါ်သွားမှာ .."

ပြောပြီး ထွက်ခွာသွား၏။ လှလွန်း မျက်နှာလေးစူပွသွားကာ ...၊

"ချဉ်ဟင်းက မစားရလည်း ဘာဖြစ်လဲ .. အဲဒါ အပြန် ဟိုမိန်းမ



ပါလာမှာပဲ၊ ချက်မထားနဲ့ လေး .. လမ်းရောက်ရင် ငါ တီလေးကိုပြောဦးမှာ .."

မကျေမနပ်ပြောရင်း နေရာမှ လှည့်ထွက်ခဲ့စဉ် လေး ရဲ့ ဖုန်းမြည်သံကြောင့် နှစ်ယောက်စလုံး ဖုန်းဆီ မျက်လုံးတွေရောက်သွားကြ၏။

လှလွန်း ချက်ချင်းပြန်လှည့်လာကာ ...၊

"ကိုကိုကြီးဆီက ထင်တယ် .."

လေး က ခေါင်းညိတ်ပြ၍ ...၊

"ဟုတ်တယ် .. ကိုင်လိုက်စမ်းပါ .."

"လေး ရယ် .. နင်ကလည်း .."

"ငါ မပြောချင်လို့ပါဆို .. နင် ဒါလေးတောင် မလုပ်ပေးချင်ဘူးလား .."

လှလွန်း က ခေါင်းလေးညိတ်ပြီး ကောက်ကိုင်ရှာ၏။

"ဟလို ..."

"လေး က ဘယ်မှာလဲ .. ပေးလိုက် .."

မောင့် အသံကလည်း အနားမှာ လေး ရှိနေတာ သိနေတာမျိုး...

"ကိုကိုကြီး လေး က .."

"အနားမှာရှိတယ်မို့လား .. ပေးလိုက်ဆို .."

လှလွန်း က ဖုန်းလှမ်းပေးတော့ လေး က ဆောင့်ဆွဲယူလိုက်ပြီး...

"ပြော ..."

"ဘာလုပ်နေလဲ .."

"ထိုင်နေတာ .."

မောင့် အသံ ခဏတိတ်သွားသည်။

"ချစ်သဲ လာခေါ်လိမ့်မယ် .. တီလေး တို့လာရင် လိုက်ခဲ့ .."

"မလိုက်ဘူး .."

"ကောင်မလေး .. မင်းကို လိုက်မလားလို့မေးနေတာမဟုတ်ဘူး.."

www.burmeseclassic.com

www.burmeseclassic.com



"လေး ကလည်း မလိုက်ရင်ရလားလို့ မေးနေတာမှ မဟုတ်ဘဲ.."

"လေး .. မင်းကို ဒင်နာစားပွဲလောက်ကို လိုက်ခဲ့ခိုင်းနေတာမဟုတ်ဘူး၊ အလုပ်ကိစ္စအတွက် မီတင်ရှိတယ်၊ ပရိုဂျဲန်မတားရှန့် လုပ်ဖို့တွေရော အဲဒါတွေ မင်းနဲ့ မဆိုင်ဘူးလား .."

"လေး ဘာမှသိတာ မရှိဘူး ကိုကို .. ကိုကိုတို့ဘာသာ အလုပ်ကိစ္စတွေလုံးထွေးနေတဲ့ကြားမှာ .."

"မင်းက ငါ့မိန်းမပဲ .. အလုပ်ကိစ္စဟုတ်ဟုတ် မဟုတ်ဟုတ် ငါ့ဘေးမှာ မင်းရှိနေရမှာပေါ့၊ လိုက်ခဲ့ .. ဒါပဲ .."

ဖုန်းချသွားပေမယ့် လေး က ကိုင်ထားမိဆဲဖြစ်သည်။

သူမ ဘာဖြစ်နေတာလဲ ကိုယ့်ကိုယ်ကိုယ်လည်း မသိချင်ပေ ..။ မောင် တို့ သူငယ်ချင်းအုပ်စုတွေမှာ နိုင်ငံခြားပြန် ဗိသုကာပညာရှင်တွေ ချည်းပဲဖြစ်သည်။

ချစ်သဲ က ဟုတ်,မဟုတ်တော့မသိ၊ ဒါပေမယ့် သူမက အင်္ဂလိပ်စကားပြောကျွမ်းကျင်သည်။ နောက်ထပ် ဘာသာစကားနှစ်မျိုးလည်း ကျွမ်းကျင်သေးသည်လို့လည်း သိရ၏။

သူမရင်ထဲမှာ မခံစားခဲ့ဖူးသော သိမ်ငယ်မှုတွေ လွှမ်းမိုးလာခဲ့ပြီဖြစ်၏။ အထူးသဖြင့် တီလေး၏ ဆက်ဆံရေးကြောင့် နာကျင်မိသည်။

ကိုယ့်ကို တစ်စက်လေးမှ ကြည့်မရပါဟု ပြောခဲ့ဖူးသည်။ ရောက်လာတည်းက ခုချိန်ထိလည်း လေး လုပ်သမျှ အပြစ်တွေ့တာနှင့် ရင်ဘတ်စည်တီးကဲ့ရယ်ခဲ့တဲ့သူ ..။ ဒါတွေကို အရင်က ပန်းနဲ့ပေါက်သည်ထင်ခဲ့ပေမယ့် နှိုင်းယှဉ်ဖယ်ကျဉ်ခံရသည့်အခါမှာ ရှက်ရွံ့သိမ်ငယ်ခြင်းတွေ ဖြစ်ခဲ့ရ၏။

ကိုကို နားလည်ပေးခဲ့တာတွေကိုသိပေမယ့် ကိုယ်ကလည်း ထိခိုက်ဒဏ်ရာဖြစ်လောက်အောင် ကျူးလွန်စော်ကားခဲ့တာမှန်သည့်တိုင်အောင်..၊

ကိုကိုကစပြီး နူးညံ့ပျော့ပျောင်းလာတာကိုပဲ လိုချင်သည်။ ကိုကို့



ရဲ့ ဝတ္တုရားဆန်ဆန် အေးစက်သော လေသံဟန်ပန်တွေကို ကြားရတိုင်း 'ငါမှားခဲ့တယ်' ဆိုတာကို မေ့သွားခဲ့၏။

ဘယ်သူဘာပြောပြော အကောင်းနဲ့ မတုံ့ပြန်ချင် ..၊

"လေး .. ကိုကိုပြောကြ တစ်ခါတည်းလိုက်ခဲ့ဖို့ပြောတာမို့လား – သွားမယ် .. အကျီထလဲ .."

"ဟင့်အင်း .."

လက်ကိုဆွဲထားသဖြင့် လှလွန်း ရဲ့ လက်ကို ခါထုတ်ပစ်လိုက်သည်။

"ငါ မလိုက်ချင်ဘူး လှလွန်း .. အခု ကိုကို ဖုန်းဆက်တာလည်း တီလေးကို လုံးဝမပြောနဲ့ .."

ကိုယ့်အတွက် ဘာလုပ်ရမယ်ဆိုတာ တီလေးကိုယ်တိုင် ခွဲတမ်းချခဲ့ပြီးသား ..၊

လေး က ခေါင်းမာမာနှင့် ငြင်းဆန်ကျန်ရစ်ရင်း ချိုမိုင့် ဆီကို ဖုန်းခေါ်၍ ..၊

"အန်တီချို .. ဒီည လေး အန်တီချို နဲ့ လာအိပ်ချင်တယ် .."

"ဘာ!...."

"အခု ညနေခြောက်နာရီလောက်ကျ လာခဲ့မယ်လေ .."

"ဘာတွေပြောနေတာလဲ မီးလေးရယ်၊ မောင် နဲ့ အဆင်မပြေလို့လား .. အခု မီးလေးက ဘယ်မှာလဲ၊ အန်တီချို က အန်ကယ့်လ်သော့ဆီ သွားနေတာ၊ နေ့လယ် မောင့် ကုမ္ပဏီမှာ မိတ်ဆက်ညစာခံပွဲရှိတယ်လေ၊ မီလေးက .."

"အန်တီချို .. လေး ပြောလို့ရဦးမှာလား .."

"ဟင် .. အောင်မယ်လေး ဒေါသတွေထွက်နေတာလား မသိပါဘူး၊ ကောင်းကောင်းလည်း မကြားရဘူး .. ပြောလေ မီး .."

"အန်တီချို က ဘိုးဘိုးဆီ ဘာသွားလုပ်မှာလဲ .."

www.burmeseclassic.com

www.burmeseclassic.com



"မီးလေးတို့ မိတ်ဆက်ညှိ်ခံပွဲဖိတ်ထားလို့ အတူသွားဖို့လေ၊ မီးလေး ပြောစရာရှိရင် ဟိုမှာဆုံမှာပဲ ပြောတော့လေ .. နော် .."

"လေး မသွားပါဘူး .. ဒါပဲ .."

ကြားကြား မကြားကြား ဖုန်းချပစ်လိုက်သည်။ ကုမ္ပဏီမှာ အဆောက်အဦးနေရာချထားတာလေး သွားကြည့်ဖို့ကို ဘာဖြစ်လို့ အထူးတက်ရောက်ခွင့်ရတဲ့ညှိ်ခံပွဲကြီးတစ်ခုလို အင်တိုက်အားတိုက်ပြင်ဆင်နေတာလဲ..။

လေး တစ်ယောက်တည်း ဖုန်းကိုင်၍ ငုတ်တုတ်လေးငိုင်နေမိစဉ်မောင့် ဆီက ဖုန်းထပ်ဝင်လာ၏။

"လေး .. မင်း ဘာလို့ မလိုက်ခဲ့တာလဲ .."

"မလိုက်ချင်ဘူးလို့ ပြောနေတာပဲဟာ .."

"တောက် ..."

"ကိုကို လေး ကို တက်မခေါက်နဲ့နော် .."

"ဟုတ်တယ် .. တစ်ခါတည်း ရိုက်သတ်ပစ်ဖို့ကောင်းနေတာ.."

"သိတယ်၊ ဘာလို့မသိရမှာလဲ .. ရှင်ကြီး ဒဏ်ရာရသွားတည်းက လူကို အငြိုးကြီးငြိုးနေတာ .."

"လျှောက်ပြောမနေနဲ့ ခု ချက်ချင်း ဖုန်းချပြီး အကျီသွားလဲ .."

"ဟင့်အင်း မလိုက် .."

လေး ဘာမှမပြောရသေးဘဲ ဖုန်းချသွားသည်။ ဘာလို့လိုက်ရမှာလဲ မလိုက်ဘူး ..။

ဟိုမှာ မိသားစုတွေနဲ့ ကုမ္ပဏီဝန်ထမ်းတွေအပြင် တခြားဧည့်သည်တွေရော ရှိမနေနိုင်ဘူးလား ..။

ကိုယ်ကလိုက်သွားပြီး ကလေးဆန်သူ၊ ယောကျ်ားကို ဂရုမစိုက်တတ်သူအဖြစ်နဲ့ ထောင့်တစ်နေရာမှာ အဝတ်စတစ်စလို အပုံလိုက်ချထားခံရမယ့်အဖြစ် ..။

သူ့အသိုင်းအဝိုင်း ပတ်ဝန်းကျင်ကို တွေးမိလိုက်တာနှင့် ချစ်သဲ



မျက်နှာက ကွက်ခနဲပေါ်လာသည်။ ကိုကိုနဲ့ ချစ်သဲ ကို ပူးတွဲမြင်လိုက်ရတိုင်း သူတို့အကြောင်း ခေါင်းထဲရောက်လာခဲ့တိုင်း သူမရင်ထဲမှာ တစ်စုံတရာကြောင့် နင့်နေခဲ့၏။

ဒါ ဘာလဲဆိုတာလည်း သူမ မသိချင် ..။

ကိုယ် ခံစားရတဲ့အတိုင်း နေထိုင်မိခြင်းအတွက် ဘယ်သူတွေ ဘယ်လိုထင်ကြပါစေ ..၊

တစ်ခါတလေ ငိုချင်လာလိုက်၊ တစ်ခါတလေ ဒေါသတွေဖြစ်လိုက် ..၊

ကိုကို့မျက်နှာကို ချောင်းကြည့်ပြီး ကိုယ့်အပေါ် ပုံချလာမယ့် ဒေါသကို တိုင်းတာနေမိတဲ့အခါ ငါ မှားတာပဲလို့ ခံယူထားမိသော်လည်း ကိုကို့ရှေ့ ရောက်သွားတာနဲ့ အတိုက်အခံပြောဖို့ဘာ ပြင်ဆင်ပြီးသားဖြစ်နေခဲ့၏။

ခုလည်း သူမ အားလုံးကျေနပ်ဖို့အတွက် မလိုက်လျောနိုင်ပေ ..။ သူတို့တွေ စုဝေးရောက်ရှိနေကြသည့်အရပ်ကို ဘယ်တော့မှ မသွားဖို့ ဆုံးဖြတ်၍ မှန်တင်ခုံရှေ့ပြေးထိုင်ပြီး အလှတွေပြင်နေမိသည်။

လှလွန်း က ဟိုကိုပါသွားပြီမို့ ဖြူစင် နဲ့ ပုံရိပ် တို့ကိုခေါ်ဖို့ သတိရ၏။ တီလေး ခိုင်းခဲ့သည့် ချည်ဟင်းတစ်အိုးတော့ ပြေးတည်လိုက်ဦးမည်။

ပြီးတာနှင့် အပြင်မှာ လျှောက်လိမ့်နေဖို့ ဆုံးဖြတ်လိုက်သည်။

"ဟော့တော် .. ပြင်ဆင်ထားပြီးမှ ဟင်းဝင်ချက်တယ် .."

လေး ချက်ပြုတ်နေကာမှ နေမကောင်းဖြစ်နေသည့် ရွှေနှားပေက လှုပ်လီလှုပ်လဲ့ဝင်လာ၏။ လေး မျက်နှာလေးပေါ်က အစီအစဉ်တကျ လှပနေသည့် ကာလာဘွေကိုကြည့်၍ ကိုယ်မှာဆင်ထားသည့် အဝတ်အစားတွေပေါ် တစ်ခါတည်း မျက်လုံးရောက်ကာ ..၊

"စကက်ကျပ်ကျပ်နဲ့ ပေါက်မြင့်ဖိနပ်ကြီး တစ်တောင်လောက်နဲ့ ဟယ် .."

www.burmeseclassic.com

www.burmeseclassic.com



လှည့်ကြည့်ပြီး ရယ်တော့ လေး ရဲ့ နားဆွဲဝိုင်းကြီးနဲ့ လည်ပင်းက ရောင်စုံပုတီးရှည်တွေက လှုပ်လှုပ်ခတ်ခတ် ..။

"ရပါတယ် .. အဲဒီမှာထိုင်နေ .. ဘာမှမဖြစ်ဘူး .."

လေး က မျက်နှာလှည့်၍ အမူအရာတွေနဲ့ ပြောပြလိုက်တော့ ရွှေနားမေ က နားလည်သဖြင့် ..၊

"ဒေါ်ကြီး လုပ်နိုင်ပါတယ်၊ သွားစရာရှိတာ သွားလေ .. ထားခဲ့.."

"ရပါတယ်ဆိုမှ .."

"အောင်မယ်လေး .. မအော်ပါနဲ့ ကြားပါတယ် .."

မျက်နှာကိုပဲ အာရုံစိုက်နားထွံ့နေသဖြင့် လေး က အော်ပြောလိုက်တော့ ရွှေနားမေ ရှုံ့မဲ့သွားသည်။ ပြီးတော့ ထိုင်ချလိုက်ပြီးရယ်ကာ ..၊

"လုပ်ပါ .. ဘာပဲလုပ်လုပ် ထော်လော်ကန့်လန့်တွေချည်းဖြစ်နေ ပေမယ့် ငါတို့ ကောင်မလေးလောက် ချစ်ဖို့ကောင်းတာ မရှိဘူး .."

ဒီစကားကြားမှ လေး မျက်နှာလေးရယ်နေရာကနေ တည်တည် ငြိမ်ငြိမ်လေး ပြောင်းလဲသွားခဲ့သည်။ ပြီးတော့ ကိုကို့ကို သတိရသွား၏။

တစ်ခါတည်းရိုက်သတ်ပစ်ဖို့ကောင်းနေသည်တဲ့ ..၊

ဘယ်သူကရော ချစ်ပါခင်ပါပြောနေလို့လဲ ..၊



## အခန်း (၃၇)

ကုမ္ပဏီအဆောက်အဦးက နှစ်ထပ်ပေမယ့် အောက်ထပ်မျက်နှာစာ လေးဘက်စလုံးမှာ မှန်တွေချည်းဖြစ်လျက် ပန်းနုရောင်အဖြူဖျော့ကြွေ ပြားတွေ ခင်းထားသဖြင့် လက်တောက်နေသည်။

ထို့ပြင် တာဝန်အလိုက် စားပွဲနဲ့ ကွန်ပျူတာတွေ သတ်မှတ်ပြင် ဆင်ထားပုံက ရှင်းလင်းသေသပ်မှုနှင့် ထည်ဝါခြင်းကိုလည်း ပေါ်လွင် စေ၏။

"ဒီဘက် နောက်ဆုံးအခန်းတွဲမှာ သင်တန်းခန်းမရှိတယ်၊ လာမယ့် တစ်ရက်နေ့ဆို သတ်မှတ်ချက်တွေ စကြော်ညာမှာ၊ ကျွန်တော့်သုပ်ငန်း အတွက် ကျွမ်းကျင်ရမယ့်အပိုင်းတွေကိုပဲ သင်ပေးမှာ၊ စာမေးပွဲအောင် တဲ့သူရဲ့ ကျွမ်းကျင်တဲ့ဘာသာရပ်အလိုက် ကုမ္ပဏီမှာ ပြန်ခန့်မယ် .."

ပရောဂျက်တာနဲ့ပြပြီးပေမယ့် မောင် က အခန်းတိုင်းကို ကိုယ်တိုင်လိုက်ပြသည်။ သူ့ဘေးမှာ ချစ်သဲ က တတွဲတွဲပါနေသဖြင့် ဒေါ် ငြိမ်းချမ်း နဲ့ လှလွန်း တို့ မကြာခဏ မျက်လုံးချင်းဆုံမိ၏။

"ဟုတ်ကဲ့ ထရိန်နင်ပါပဲ .. အလုပ်လုပ်နေရင်း သင်တန်းချိန်ကို

www.burmeseclassic.com



ထည့်ပေးရမှာလည်းရှိတော့ ကျွန်တော့်ပရော့ဂျက်မှာ သင်တန်းကိစ္စက လည်း မိန်း(န်)ဆက်တာ တစ်ခုပါပဲ၊ ကွန်စထွရက်ရှင်သက်သက်မဟုတ်ဘဲ ဒီဇိုင်းကစပြီး အတွင်းဒီကရေးရှင်းထိ အားလုံး ကျွန်တော့်တစ်လက်တည်းကပဲ ...”

သူ ရှင်းပြတာကို အားလုံးက ကျေနပ်နေကြသည်။

“ဒါနဲ့ မောင်ကြည်နူးမောင် က ဦးဘောဂ ရဲ့ အိမ်ဆောက်ပစ္စည်းစက်ရုံကို ပြန်လွှဲယူလိုက်တယ်ဆိုတာ ဟုတ်လား ..”

“ဟုတ်ပါတယ် .. စက်ကကျမယ့်ပစ္စည်းအားလုံးရဲ့ ကွာလတီနဲ့ တစ်ဆင့်ဝယ်နေရတဲ့အချိန်တွေ ကြန့်ကြာမှာစိုးလို့ပါ ..”

ကြည့်ရှုအကဲခတ်ရုံပဲတတ်နိုင်သည့် ဒေါ်ငြိမ်းချမ်း က အားလုံးကို ခပ်လှမ်းလှမ်းကကြည့်ရင်း သက်ပြင်းချနေခဲ့၏။ ပြီးတော့ ...၊

“ငါ့သားကြီး တော်တာကို သဘောတော့ကျပါရဲ့ ဒေါ့ကလူတွေ မျက်လုံးကြီးတဝင်းဝင်းနဲ့ အထင်ကြီးသဘောကျနေတာမြင်ရတာတော့ ရင်လေးစရာပဲ ..”

လှလွန်း က ဒေါ်ငြိမ်းချမ်း ပြောတာကိုကြားပေမယ့် သူ့မအာရုံက ချစ်သဲ ဆီပဲရောက်နေသဖြင့် ပြောနေကြသာတွေကို သေချာကြားလိုက်၏။

“အေးပေါ့ကွာ .. လူငယ်တွေထူးချွန်လာရင် ကျုပ်တို့တွေက ကျားကန်ထားရတဲ့ တဲအိုကြီးတွေပါပဲ၊ မောင်ရင်တို့ ဇနီးမောင်နှံက စိတ်ကူးကိုယ်တူငယ်ငယ်ရွယ်ရွယ်လေးတွေဆိုတော့ တစ်ယောက်တစ်နေရာခွဲပြီး အုပ်ချုပ်ရင်လည်း အဆင်ပြေနေမှာကိုး ..”

“ဒါနဲ့ ကိုကြည်နူးမောင် တို့ လက်ထပ်လိုက်တာ မသိလိုက်ဘူးဗျာ .. ကျွန်တော်တို့က မြဝတီဘက်ရောက်နေလို့လေ၊ ဘယ်လိုလဲ မိတ်ဆက်ပေးဦးလေ ..”



ချစ်သဲ ကို မေးဆတ်ပြတော့ မောင် မျက်နှာပျက်သွားသည်။ ချစ်သဲ မျက်နှာလေးကို အားနာသလိုကြည့်၍ ဒီစကားအတွက် ဖြေရှင်းဖို့ပြင်လျှင် ...၊

“ဒီထဲမှာ နေရာစုံအောင် လိုက်ပြဦးမယ်လေ .. ပြီးမှ မိတ်ဆုံစားပွဲလေးမှာ အားလုံး မိတ်ဆက်ကြတာပေါ့ ..”

ချစ်သဲ က မောင် ဘာမှမပြောခင်ဝင်ပြောလိုက်ကာ မောင့် လက်မောင်းကို ဆုပ်ကိုင်ရင်းမော့ကြည့်၍ ...၊

“ရပါတယ် ကိုမောင် ရဲ့ .. ချစ်သဲ ကို အားမနာပါနဲ့၊ တော်ကြာဧည့်သည်တွေက ‘မှားပြောမိလေခြင်း’ ဆိုပြီး ကိုယ့်ကို ပြန်အားနာနေရင် မျက်နှာထားရတွေခက်ကုန်မှာပေါ့ ..”

“ဇနီးမောင်နှံကတော့ လိုက်ဖက်ပါ့ဗျာ .. စိတ်ချမ်းသာစရာပါပဲ”

မသိတဲ့လူတွေကလည်း ဒီနေရာမှာမှ တစ်စုတစ်ဝေးတည်း လာစုနေကြသလား မှတ်ရသည်။ ဒီလောက်ထိ ပြောနေကြတာကို အပြုံးမပျက်အလိုက်အထိုက်ပြောနေတာတော့ မဟုတ်တော့ဘူးထင်သည်။

မောင့် မျက်နှာကိုကြည့်တော့ အားနာနေရုံလား၊ အလိုမကျတာလား .. ဒါမှမဟုတ် သဘောကျရက်သွေးဖြန်းနေတာမျိုးလား ...။

တူဝရီးနှစ်ယောက် အကဲခတ်နေပေမယ့် ဘာအဖြေမှ မရကြပေ...။ ဒါပေမယ့် ချစ်သဲ အခွင့်အရေးယူနေတာကတော့ သိသာလွန်းနေသည်မို့...၊

“တီလေး တွေ့လား ..”

“တွေ့တယ် ..”

“ဘာတွေ့တာလဲ .. သမီးပြောတာက တီလေးရဲ့ အချစ်တော် ချစ်သဲ မမကြီး ကိုကိုကြီးလက်ကိုတွဲပြီး လူတွေဘာလိုလိုထင်သွားအောင်လုပ်နေတာ ..”

www.burmeseclassic.com

www.burmeseclassic.com



"အေးလေ .. ငါလည်း အဲဒါကိုပြောနေတာပဲ၊ ညည်းအစ်ကိုကိုယ်တိုင်ကများ သဘောတွေကျနေတာလား .."

"အဲဒါဆိုရင်လည်း တီလေးကြောင့်ပဲ .."

"ဘာရယ် .."

"ဟုတ်တယ် .. အဲဒီမိန်းမ တီလေးကိုလာဘ်ထိုးပြီး အိမ်မှာ ရွှေလမ်းငွေလမ်းဖောက်နေတာ .."

ဒေါ်ငြိမ်းချမ်း မျက်လုံးပြူးကြီးနှင့် လှည့်ကြည့်၏။

"ဒီမှာ မယ်လှလွန်း ရေ .. ကျုပ်က လာဘ်စားပြီး မှိန်းတုတ်နေတာ မဟုတ်ဘူးနော် .. လူကြီးပီပီ အရှည်မြင်လို့ တမင်တကာ ကြားဝင်ရစ်လိုက်တာ .."

ဒေါ်ငြိမ်းချမ်း ရင်ထဲက စကားလုံးတွေ ထွက်လာသည်။ တကယ်က မောင့်ဆီးကို ရောက်လာသမျှ မိန်းကလေးတွေမှာ လောဘတွေနဲ့ချည်း ဖြစ်နေသဖြင့် ကွယ်ရာမှာ တစ်ခုခု ချွတ်ချော်များပွင့်သွားမှာစိုးလို့ပါ ..။

လေး နဲ့ လက်ထပ်ထားပေမယ့် လေး လောက် ကလေးဆန်တာမရှိ ..။

မောင် ကလည်း သူ တကယ်မြတ်နိုးနေရင်တောင် မိန်းမငယ်လေးတစ်ယောက်ရဲ့ အကြိုက်လိုက်ပြီး နူးညံ့ယုယမှာမဟုတ်တာကို တွက်မိနေသည်။

ဒီနှစ်ယောက်ကို အကဲခတ်နေမိရင်း ချစ်သဲ လို ရဲတင်းလွန်းသည့် မိန်းကလေး ကြားဝင်လာတော့ သူမ ဒီတိုင်းကြည့်မနေနိုင်တော့ပေ ..။

'ကြက်တူရွေးကတော်တော် .. မယ်ဆော်က ကဲကဲ' လို့လည်း အပြောမခံနိုင်သည်မို့ သူမ ခြေလှမ်းသမျှ ပုတ်ခတ်ဖယ်ရှားနိုင်ဖို့ ချစ်သလိုခင်သလိုပုံစံနဲ့ ဝင်ရောနေရတာဖြစ်သည်။

"ခုပဲကြည့်ဦးလေ .. ကောင်မလေး အိမ်မှာ ဖုန်းတစ်လုံးနဲ့ ဒူးနဲ့



နေနိုင်တာ .."

ပြောပြနေရင်း မောင်တို့အုပ်စုကိုလည်း လှမ်းကြည့်ရင်းနှင့် ဒေါ်ငြိမ်းချမ်း မှဲ့နေ၏။

"သူ့ကို ဘယ်သူမှမသိဘဲ ဒီမှာ ဇနီးမောင်နှံလို့ လူတွေထင်ကုန်ကြပြီ .."

"တီလေး ပြောတာတွေ သမီးဖြင့် ယုံတောင်မယုံချင်တော့ဘူး.."

"ဘာ ..."

"ဟုတ်တယ် .. လေး ကို မလိုက်လာဖို့ တီလေးပဲပြောခဲ့တာလေ၊ ဟင်းတောင် ချက်ခိုင်းလိုက်သေးတယ် .."

"အဲ့ဒါကလည်း ဒီမှာ ဒီလိုလူအုပ်ကြီးနဲ့ ပျော်ရွှင်တာနဲ့ လင်မယားနှုတ္တူ တွဲတက်သင့်တဲ့ပွဲမျိုး ခင်းကျင်းထားတာမှန်း ငါမှ မသိခဲ့တာ.."

"မမငြိမ်း .. လေး ရော .."

ဟင်!...၊

ပြောလို့မှမဆုံးခင် ချိုမိုင့် ကို တွေ့လိုက်ရသဖြင့် ဒေါ်ငြိမ်းချမ်း ရုတ်တရက် ဘာဖြေရမှန်းမသိ ..။

"ဟယ် .. ဘိုးဘိုးသော် ပါလာတယ် .."

လှလွန်း က ပြောမှ လှမ်းကြည့်မိသည်။ မောင် က ဦးသော်တာနဲ့ ဧည့်သည်နှစ်ယောက်ကို မိတ်ဆက်ပေးနေ၏။ ချိုမိုင် က လှည့်ကြည့်ရင်း ခေါင်းညိတ်၍ ...၊

"ဟုတ်တယ်လေ .. အန်ကယ်လ်သော် ကို မောင် ပဲ ဖုန်းဆက်တာ၊ ချို တို့ရဲ့ မီးလေးက ဘယ်မှာလဲ .."

"လေး က .."

"လေး လိုက်မလာဘူး အန်တီချို .."

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို!..."

ချိုမိုင် မျက်နှာပျက်သွားသည်။ ပြီးမှ သူမ ဖုန်းပြောခဲ့တာကို သတိရကာ ...।

"ကျန်ခဲ့တာမို့လား .. လိုက်လာဖို့ နောက်ကျနေတာထင်တယ် .."

ဒေါ်ငြိမ်းချမ်း စိတ်ညစ်နေရင်း လှမ်းကြည့်လိုက်တော့ မောင် က လည်း တမင်တကာလှည့်ကြည့်တာနှင့် ဆုံမိ၏။ မောင်လည်း လေး ကို မျှော်နေသည်ပဲ ...।

လူကြီးမို့ အခြေအနေကို အကဲခတ်ရင်း နားလည်လာ၏။

"ငါ့ကြောင့် .."

ဟင် ...।

ဒေါ်ငြိမ်းချမ်း ရေရွတ်လိုက်တာကို ချိုမိုင် နဲ့ လှလွန်း တို့ ကြား လိုက်ကြသဖြင့် ပြိုင်တူလှည့်ကြည့်ကြသည်။

ဒေါ်ငြိမ်းချမ်း ရင်နင့်ခံစားနေခဲ့ရင်း ရုတ်တရက် ဘယ်သူ့ကိုမှ ရှင်းမပြနိုင် ...။

ဒါတွေ ဒီလိုဖြစ်အောင် အကွက်ရွှေ့ကောင်းခဲ့တာ ချစ်သဲ မှန်းသိ လိုက်ပြီပေမယ့် သူမက မောင့် ဘေးမှာ နေရာယူထားပြီးဖြစ်နေခဲ့၏။

ဒီရက်ပိုင်းမှာမှ မိသားစုရဲ့ ရင်းနှီးမှုတွေကို အရယူပြီး မောင် နဲ့ လုပ်ငန်းအပေါ်မှာ သူမလောက် နားလည်ဂရုစိုက်ပေးနိုင်တာ သူမပဲရှိ သည်။

ရောက်လာတိုင်း မောင့် ကို နားလည်တာတွေပြောသည်။ အလုပ် ကိစ္စတွေဆို သူမ ပြောမှပဲ အသေးစိတ်သိရတဲ့အထိ အလုပ်အပေါ်မှာ ဂရုစိုက်တာတွေကိုပြခဲ့၏။

ဒေါ်ငြိမ်းချမ်း ၏ သံသယကြီးတတ်သည့် မျက်လုံးတွေအောက်



ကနေ လိမ္မာပါးနပ်စွာ ရှောင်ထွက်သွားနိုင်သလို လိုချင်တဲ့အကွက်ကို ရွှေ့ သွားခဲ့၏။

"မဟုတ်ဘူး .. သူ့ကို ငါ ကြည်ဖြူပေးခဲ့တာ ဒီလိုဖြစ်ဖို့မဟုတ်ဘူး .."

ဒေါ်ငြိမ်းချမ်း ရဲ့ မျက်လုံးတွေ မောင် တို့ လူစုဆီမှာ စူးစိုက်နေခဲ့ ရင်း ကိုယ် ဘာလုပ်ရမည်ကို အမြန်ဆုံး အဖြေထုတ်နိုင်အောင် စဉ်းစား နေမိ၏။

ချစ်သဲ သည် မောင့် ဘေးမှာ တွယ်ဟ၍တွဲ၍ လိုက်ပါနေရင်း ဧည့် သည်တွေကို အပြုံးလှလှနှင့် ရှင်းပြပြောဆိုနေကာ မောင် က ဒီဘက်ကို တစ်ချက်ကြည့်လိုက်တာနှင့် ဆုံမိပြီး ဒေါ်ငြိမ်းချမ်း ဆုံးဖြတ်လိုက်သည်။

"ငါ သွားမှဖြစ်မယ် .."

"ဟင်!..."

"တီလေး ဘာပြောတာလဲ .."

ဒေါ်ငြိမ်းချမ်း ဘယ်သူမေးတာကိုမှ မဖြေနိုင်ဘဲ မောင့် ဘေးနားတို အနီးဆုံးရောက်ဖို့သာ ရှေ့ရှု၍ ...।

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၃၈)

"လေး ရယ် နင် ဘာလုပ်နေတာလဲဟင်၊ နင် ကိုကိုကြီးကို ချစ်ချစ် မချစ်ချစ် ဂရုစိုက်စိုက် မစိုက်စိုက်ဟာ .. ငါတို့တွေအားလုံးရဲ့ မျက်နှာကိုတော့ ငဲ့ပါဦး၊ ငါတို့က နင့်ကိုပဲ ကိုကိုကြီးရဲ့ဇနီး၊ ငါတို့မိသားစုဝင်လို့ သတ်မှတ်ခဲ့တာ .. ချစ်ခဲ့ကြတာလေ .."

"ဘာတွေပြောနေတာလဲ လှလွန်း ..၊ ချစ်သဲ နဲ့ ကိုကိုက ခုရောနောက်ရော အတူတူအမြဲတမ်းရှိနေကြမယ့်လူတွေ မဟုတ်ဘူးလား .. တီလေးကိုယ်တိုင် သူ့ ဘော်လွန်းလို့ ကျေနပ်နေခဲ့တာပဲ .."

"အခု အားလုံး လွဲကုန်ပြီ .. တီလေးကလည်း နင်ထင်သလိုမဟုတ်ဘူးသိလား .. ကုမ္ပဏီဖွင့်ပွဲမဟုတ်သေးပေမယ့် စီးပွားရေးလုပ်ငန်းရှင်တွေအများကြီးပဲ .. လုပ်ငန်းသစ်ထူထောင်ချင်တဲ့ သူဌေးတွေရောပဲ၊ ငါတို့ အဲ့ဒါတွေကို ဘာမှမသိခဲ့ရဘူး .."

လှလွန်း က အလျင်စလိုရှင်းပြနိုင်ပေမယ့် လိုရင်းကိုမြင်အောင်ပြောပြနေတာဖြစ်သည်။ တီလေးရဲ့ မျက်နှာကြီး ချုံးချုံးကျပျက်ယွင်းသွားတည်းက သူမ အကဲဖမ်းမိခဲ့သည်။

ဘယ်သူမှ မထင်မှတ်လောက်သည့် တစ်ထောင့်တစ်နေရာကနေ



ချစ်သဲ အပိုင်ရိုက်ချလိုက်ပြီမှန်းလည်း တွက်မိသွား၏။ ထို့ကြောင့် လေးကို အချိန်မီလာဖို့ခေါ်ရတာဖြစ်သည်။

"တီလေး တင်မကဘူး .. ငါတို့အားလုံးကို ချစ်သဲ ဆိုတဲ့မိန်းမ မျက်စိပိတ်နားပိတ်လုပ်ပြီး နေရာဝင်လုလိုက်တာ .."

"အခု အဲ့ဒီမှာ ဘာတွေဖြစ်နေလို့လဲ .."

"ဘာတွေဖြစ်နေလဲဆိုတာ နင် လိုက်လာရင် သိမှာပဲ၊ နင် လာမှရမှာ လေး ..၊ လူတွေအားလုံးက သူ့ကိုပဲ ကိုကို့ရဲ့ ဇနီးလို့ ထင်ကုန်ကြပြီ .."

ဖုန်းကိုင်ရင်း လေး ဒေါသထွက်သွားသည်။

"အဲဒါ သူက သာယာနေလို့ပေါ့ ..၊ မဟုတ်တာကို မဟုတ်တဲ့အကြောင်းရှင်းပြလို့ရတယ် .."

"မဟုတ်ဘူး .. မရဘူး .. ယောကျ်ားတစ်ယောက်က ဒီလိုဖြေရှင်းချက်မျိုး ဝင်လုပေးလို့ကောင်းမလား၊ ကိုကိုကြီးက ရှင်းပြဖို့ကြိုးစားတိုင်း သူက ရှေ့ကနေ ချော်လဲရောထိုင်စကားတွေနဲ့ ဖုံးပစ်လိုက်တယ်၊ လူတွေအများကြီး တစ်ယောက်တစ်ခွန်းပြောလာကြပြီဆိုရင် တစ်ဦးတစ်ယောက်ဖြေရှင်းတာက အလိုလိုပျောက်သွားတာပဲ .."

"လေး .. မီးလေးရေ .."

လှလွန်း အသံကနေ အန်တီချို့ အသံဖြစ်သွားသဖြင့် ကားကိုလမ်းဘေးတစ်နေရာမှာ ချရပ်လိုက်ရသည်။

"မိုက်လှချေလား မီးရယ် .. ဟင် .. ခုတင်ပဲ မောင့်ကို မီးလေးစိတ်ကောက်နေတယ်ဆိုတာ အန်တီချို သိတာ ..၊ ကိုယ့်ယောကျ်ားက ဘယ်လိုလူမို့လို့လဲ .. မီး အဲလောက်ထိ ကလေးဆန်နေတာ အန်တီချိုယုံတောင်မယုံနိုင်ဘူး၊ အခု ဒီလုပ်ငန်းကြီးက မီးလေးတို့ရဲ့ အကြီးကျယ်ဆုံး ပထမဆုံး စီးပွားရေးနယ်ပယ်မဟုတ်ဘူးလား ..၊ မောင် ဘေးမှာ

www.burmeseclassic.com

www.burmeseclassic.com



မီးလေးက လက်တွဲပြီး အားလုံးနဲ့ မိတ်ဆက်ရမှာလေ ..”

“ဒါက အလုပ်လုပ်နေတာပဲ အန်တီချို၊ သူတို့ဘာသာ အလုပ်နဲ့ ရောပြီး အခွင့်အရေးယူနေတာ ..”

“သူတို့ဆိုတာ မောင့် ကိုပါ ထည့်ပြောလိုက်တာလား .. မောင် က ..”

“ကိုကိုနဲ့ သူနဲ့ ဒီလုပ်ငန်းကို အတူတူကြိုးစားကြမယ်လို့ အိမ်မှာ ပြောနေကြတာ မီးမှန်နေတာပဲလေ ..၊ တီလေးလည်း သဘောတွေကျ နေတာပဲ ..”

“မီးလေးက မမငြိမ်း ကို အထင်လွဲနေတဲ့ပုံပါလား၊ ဒီမှာ မီးလေး ဘယ်သူ့ကိုမှ လက်ညှိုးမထိုးနဲ့ .. ဘယ်သူ့ကြောင့်ဖြစ်ဖြစ် မောင် က မီးလေး ယောကျ်ား ..”

“အဲဒီ ယောကျ်ားကပဲ ..”

ပြောရင်းနဲ့ လေး မျက်ရည်တွေ လည်လာသည်။ ဆားမှာထိုင်နေ ကြသည့် ဖြူစင် တို့လည်း ပျော်ပျော်ပါးပါးထွက်လာကြသည်ပဲ ထင်ခဲ့ တာမို့ လေး မျက်ရည်တွေပြည့်ကယ်လာတော့ တအံ့တသြငေးနေကြ၏။

ဒီပြဿနာတွေကို သူမတို့ သေချာမသိခဲ့ပါလား ..။

“သူတို့ချင်းပဲ အဲဒါတွေကို နားလည်ရှိင်းပင်းကြတာ၊ လေး က အိမ်မှာ ဘာမှ ..”

“အဲဒါ မီးဘာသာ သီးခြားခွဲထွက်ပြီး ထင်သလိုတွေးနေတာ၊ ဘာပဲ ဖြစ်ဖြစ် အချိန်လည်းမရှိတော့ဘူး၊ မီး သိထားရမှာက ယောကျ်ားနဲ့ မာနပြိုင်ပြီး တခြား မိန်းမတစ်ယောက်ကို နေရာဖယ်ပေးလိုက်မှာလား..”

နှုတ်ခမ်းလေးတွေ လှုပ်ခတ်တုန်ယင်လာကာ လေး ရဲ့ မျက်ရည် စက်တွေ ပိုးပိုးပေါက်ပေါက်ကျလာကြ၏။

“ဒီမိန်းကလေးက လူတိုင်းက သူ့ကို မောင့် ဇနီးလိုထင်အောင်



လက်နက်မျိုးစုံနဲ့အရယူနေတာ၊ ဒါကို ဒီတိုင်းကြည့်နေလိုက်ရင်တော့ နောက်နေ့တွေမှာ ညည်းလေးအတွက် နေရာမရှိနိုင်တော့ဘူး .. ဒါပဲ”

ဖုန်းပြောနေရင်း ဒေါသကြောင့်လား၊ မချင့်မရဲဖြစ်ရလွန်းတာလား မသိ ချိုမိုင့် အသံတွေက ငိုသံတွေလို တုန်ခါနေသည်။

“အန်တီချို လေး က မလာဘူးတဲ့လားဟင် ..”

ချိုနိုင် က မျက်တောင်တွေ ဖိခတ်နေရင်း ခေါင်းခါ၍ ..၊

“လာမှာမဟုတ်ပါဘူး၊ သူလာရင်လည်း ဒီမှာပြီးသွားပြီပဲ ..”

သိပ်မိုက်တဲ့ မိန်းကလေး၊ သူမလေးအတွက် စိတ်အေးရပြီဆိုပြီး အန်ကယ်လ်သော် ဘယ်လောက်ထိ စိတ်ချမ်းသာနေခဲ့သလဲ ..။

ဒီလုပ်ငန်း တကယ်ကို တူတူတန်တန်ထဖြစ်လာပြီဆိုတည်းက ဘယ်လိုပံ့ပိုးပေးမယ်၊ ဘာတွေစီစဉ်ရမယ်နဲ့ ဒီနေရာထိ တက်ကြွစွာ ရောက်လာခဲ့သည်။ ကိုယ့်မြေးလေးအစား မဟုတ်တဲ့မိန်းကလေးတစ် ယောက်က မောင့် ဘေးမှာ ယှဉ်တွဲပြုံးကြည်နေတာ ဒီအဘိုးရင်ထဲမှာ ဘယ်လိုနေမလဲ ..။

ချိုမိုင့် မျက်နှာကိုကြည့်၍ လှလွန်း က ဖုန်းပြန်ခေါ်သည်။ လေး က မကိုင်တော့ပေ ..။

ဒေါ်ငြိမ်းချမ်း ကတော့ ချစ်သဲ ရဲ့ လုပ်ရပ်အပေါ် ခံပြင်းနေသည့် စိတ်နှင့် ပြောလက်စစကားလုံးတွေထဲ ထိုးဖောက်ဝင်နိုင်ဖို့ အနားမှာပဲ ရပ်နေခဲ့လျက် ..၊

“ကိုကြည်နူးမောင် တို့ လက်တွဲညီညီလှုပ်ရှားနေကြတာတော့ အားကျတယ်ဗျာ .. စိတ်တူကိုယ်တူ ရည်မှန်းချက်တူညီဖို့ဆိုတာ လွယ် တာမဟုတ်ဘူး ..”

“ဟုတ်တယ် .. ပြီးတော့ စီးပွားရေးပလန်တစ်ခုချလိုက်တယ်ဆို တာ စိတ်ကူးနဲ့ တိုက်ဆောက်လိုက်တာပဲ၊ လက်တွေ့တစ်ထပ်တည်း

www.burmeseclassic.com

www.burmeseclassic.com



ပါလာဖို့က ဘယ်လိုလူမှ ဒီလောက်မြန်မြန် အကောင်အထည်ဖော်နိုင်ဖို့ မလွယ်ဘူးနော် ..”

“ရည်ရွယ်ချက်က အစတည်းက ရှိထားခဲ့တာပါ၊ ကျွန်တော် ဒီလောက် လွယ်လွယ်နဲ့ လုပ်နိုင်ခဲ့တာတော့ မဟုတ်ပါဘူး၊ ပြီးတော့ ကျွန်တော့်အတွက် အစစအရာရာ ဦးဆောင်ပဲ့ပြင်ပေးခဲ့တဲ့ ကျွန်တော့် အဒေါ် ..”

မောင် က ဒေါ်ငြိမ်းချမ်း ရှိနေသည့်ဘက်ကို လှည့်၍ ညွှန်ပြသည်။ ထိုအခါကျမှ ဒေါ်ငြိမ်းချမ်း က မောင့် ရဲ့ ညာဘက်ဘေးကို အနီးကပ် ရောက်နိုင်ခဲ့၏။

“ကျွန်တော့်တီလေးက မိခင်တစ်ယောက်လို အုပ်ထိန်းနိုင်သလောက် သူငယ်ချင်းလိုလည်း ရင်းနှီးခွင့်ပေးတယ်၊ လူကြီးအုပ်ထိန်းသူပေမယ့် လူငယ်တွေအပေါ်မှာ နားလည်ပေးတတ်တယ်၊ ဒါကြောင့် ဘာပဲလုပ်လုပ် တီလေးရဲ့လမ်းပြဦးဆောင်မှုမကင်းပါဘူး ..”

“ဟုတ်လား .. ဂုဏ်ယူပါတယ်ဗျာ၊ ဒါကြောင့်လည်း တူဝရီးတွေက မောင်နှမတွေလိုပဲ နပျိုလန်းဆန်းကြတာထင်ပါရဲ့၊ မောင်ကြည်နူးမောင်တို့ မိသားစုကို မြင်လိုက်တည်းက နွေးထွေးတဲ့ခံစားမှုမျိုးလည်းရခဲ့ပါတယ်၊ ဘာပဲဖြစ်ဖြစ် ခေါင်းဆောင်ကောင်းလို့သာ ငယ်သားတွေ စည်းလုံးတာပါ ..”

“ကိုမောင် တို့ လုပ်ငန်းမှာ ကျွန်မတို့ကို ရှယ်ယာလက်ခံပေးရမယ်နော် ..”

“ဟုတ်တယ် .. ရေရှည်ရေတိုကြည့်ဖို့မလိုဘူး၊ ခေါင်းဆောင်ပါဝင်တဲ့လူတွေကြည့်တည်းက ဒီလုပ်ငန်းတိုးတက်မှာပဲဆိုတာ သိပြီးသား..”

“ဗိသုကာပညာရှင်တွေ ဦးစီးဦးဆောင်ပြုထားတဲ့ ဆောက်လုပ်ရေးလုပ်ငန်းကြီးက ဘယ်လိုလုပ် မတိုးတက်ဘဲ ရှိပါ့မလဲ၊ ကျုပ်တို့ကိုလည်း



ချန်မထားနဲ့နော် .. စီးပွားရေးလုပ်ငန်းတစ်ခုဟာ ကာလအခြေအနေကြောင့် နောက်ရောက်သွားတာ ရှေ့ရောက်နေတာတွေရှိရင်ရှိမယ်၊ အလုပ်ပေါ်မှာ စေတနာနဲ့ ဝါသနာကြီးတဲ့သူကတော့ ခိုင်ခိုင်မာမာ ရပ်တည်ကျန်ခဲ့မှာပဲ ..”

“ဟုတ်တာပေါ့ .. ဟုတ်တာပေါ့ ..”

“ကျွန်မတို့ကတော့ ယောဒီလူငယ်တွေစုံတွဲကို ယုံကြည်တယ်–”

“အန်တီသက် .. ကျွန်တော်တို့က ..”

“လာပါ .. လန့်ချ်မှာ စကားတွေအများကြီးပြောလို့ရတာပဲဟာ– အားလုံးပဲ အထူးစပါယ်ရှယ်ခင်းကျင်းတဲ့ ကျွန်မတို့ရဲ့ လန့်ချ်ကို သုံးဆောင်ဖို့ အပေါ်ထပ်ကို ကြွကြပါရှင် ..”

“ကောင်းပါ့ .. ကောင်းပါ့ .. မျက်နှာလေးက လှသလောက်၊ ပညာလေးလည်းတော်၊ အပြောလေးကလည်း ချိုအီတော့ ယောက္ခမ– အဲ .. အဒေါ်ပေါ့နော် .. အဒေါ်ဖြစ်တဲ့သူ ဘယ်လောက်များ ..”

ဒေါ်ငြိမ်းချမ်း ကို စနောက်ဖို့ စကားဦးသမ်းလာရာ ...၊

“ကျွန်မကလည်း ကျွန်မရဲ့တူမ ချွေးမလေးကို ဖွဲ့ထုတ်ချင်တာပါပဲ၊ ဒါပေမယ့် သူက ပါမလာသေးတော့ ဘာမှမပြောနိုင်ဘူးဖြစ်နေရတယ် .. ဟွန်း .. ဟွန်း ..”

ချစ်သဲ ကို စိုက်ခနဲကြည့်ပြီး ဒေါ်ငြိမ်းချမ်း က ပိုင်နိုင်စွာပြုံးသည်။

“ဒီသမီးလေးရဲ့ ယောက္ခမ မဖြစ်ရပေမယ့် ကျွန်မ ချွေးမလေးကလည်း နုနုငယ်ငယ်ချစ်စရာလေးပါပဲ ..”

“အို .. ဟုတ်လား ..”

“မှားကုန်ပြီဗျာ .. အားနာစရာပဲ ..”

“ဒါဆို မိန်းကလေးကရော ..”

“အဲ့ .. အဲ့ဒါက ..”

www.burmeseclassic.com

www.burmeseclassic.com



“သူက .. အိမ်မှာပဲ .. ဟို ..”

မောင် ပြောရခက်နေစဉ် သူနဲ့ ချစ်သဲ ရဲ့ ကြားမှာ တိုးဝင်ရောက်ရှိလာခဲ့သည့် အဖြူရောင်အရိပ်လေးတစ်ရိပ် ..၊

“လေး ရောက်ပြီ ကိုကို ..”

“ဟင် .. လေး ..”

ဒေါ်ငြိမ်းချမ်း မျက်နှာကြီး ပြုံးချိုသွားလိုက်တာ ဘယ်လိုသကာလောင်းလို့မှ မီမည်မထင် ..၊

လေး သည် ပုလဲရောင်ကိုယ်ကပ်ဂါဝန်ပျော့ပျော့လေးနှင့် ဆံပင်တွေကို ဖြန့်ချထားပေမယ့် နဖူးကနေ ပွပွလေးသိမ်းလှန်ထား၏။

ရိုးရိုးခုံမြင့် အဖြူရောင် ကြိုးသိုင်းဖိနပ်လေးကို စီးထားကာ နှုတ်ခမ်းသားလေးတွေကလည်း ပန်းပုလဲရောင်လေး လက်နေ၏။

မောင် ငုံ့ကြည့်လိုက်သည့်အကြည့်တွေထဲမှာ မြတ်နိုးသော၊ ကြည့်မဝနိုင်သော ကြည်နူးပီတိများနဲ့ဖြစ်ကာ ပြုံးမလိုတည်မလိုတစ်ချိန်လုံးရှိနေသည့် မျက်နှာက အပြုံးတို့နှင့် နပျိုသွားခဲ့၏။

လေး က မောင့် လက်မောင်းကို ဆွဲချိတ်၍ ဖက်ထားလိုက်ကာ..၊

“လေး က ဘိုးဘိုးတို့ မလာသေးဘူးထင်လို့ သွားခေါ်နေတာ၊ ဖုန်းခေါ်တာလည်း မရတော့ လွဲကုန်တာပေါ့ .. ကိုကို စိတ်ဆိုးနေလားဟင် ..”

မောင် ဘာမှမပြောဘဲ ခေါင်းခါပြသည်။ ပြီးတော့ လေး ရဲ့ ပခုံးလေးကို ဖက်ထားလိုက်ပြီး ..၊

“သူက ကျွန်တော့်ဇနီးပါ နာမည်က ဒီကောင်မလေး တဲ့ ..”

“ဟော့တော် ...”

“ဒီကောင်မလေး တဲ့လား ..”

“ဒါကြောင့် လေး လို့ ပြောနေတာကိုး ..”



“သမီးလေးက ချစ်ဖို့ကောင်းလိုက်တာ ..”

“သမီးရေ အန်တီတို့က ပြန်ပြီးမိတ်ဆက်ရတော့မယ်၊ အန်တီက ဒေါ်နှင်းသူဇာ တဲ့ .. ဒီမှာသူက အန်တီ့ခင်ပွန်း ..”

တစ်ယောက်စနစ်ယောက်စက ပြန်ပြီးမိတ်ဆက်ကြသည်။ လေး ရဲ့ နုငယ်သောချစ်စဖွယ်လေးကြောင့် ချစ်သဲ ကို လှတာတွေပြောနေကြသည့် စကားတွေ ပျောက်ဆုံးသွားခဲ့၏။

“သမီးလေးက သွက်သွက်လက်လက် ချစ်စရာလေးပဲ၊ သူက သူ့ဒွေးဦးသော်တာ ရဲ့ တစ်ဦးတည်းသော မြေးလေးပေါ့နော် .. ကြည့်ပါဦး ကျွန်မတို့က ဘိုးအေကိုသားမှာထားပြီး မမေးမစမ်းဘဲ ထင်ရာတွေ ပြောနေမိကြတာ ..”

“ရပါတယ် အန်ကယ်လ်ရယ် .. ချစ်သဲ ကလည်း အန်တီ့ကို မိဘအရာထားပြီး လေးစားနေတာပါ၊ မိသားစုတွေပဲဟာ ..”

“ဒါတော့ဒါပေါ့ သမီးရယ် .. တစ်ခါနှစ်ခါတည်းလည်း မဟုတ်ဘူးလေ .. ခဏခဏကြီးထင်သလိုပြောနေခဲ့မိတာ၊ အားလုံးကို တောင်းပန်ရတော့မှာပဲ ..”

တစ်ချို့ကတော့ ချစ်သဲ ဘယ်လိုအကွက်ချွေ့တာလဲဆိုတာ မသိကြပေ ..။ သူတို့ရဲ့ မှားယွင်းနေခြင်းအပေါ် သည်းခံမျိုသိပ်ပေးနေသည်သာထင်ပြီး အားနာနေကြ၏။

အားနာလို့တောင်းပန်လေ ချစ်သဲ ရဲ့ လုပ်ရပ်က ထင်ရှားလာလေဆိုတာ မသိ ..။

“မလွယ်ဘူး သိလား .. နောက်ဆို ထင်ဇာသာင်ထင်မှားနဲ့ မပြောမိအောင် ဆင်ခြင်မှ ..”

ဒေါ်ငြိမ်းချမ်း က နားလည်သည့်အပြုံးနှင့် ခေါင်းငြိမ့်ပြကာ ..၊

“ဒီလောက် အားနာဖို့မလိုပါဘူးရှင် .. ရင်းနှီးမှုဆိုတာ မှားယွင်း

www.burmeseclassic.com

www.burmeseclassic.com



မှုတွေအပေါ် သည်းခံနိုင်ခြင်းပါပဲ၊ ထင်ယောင်ထင်မှားဘယ်လောက် ဖြစ်နေနေ မသိသေးခင်ခဏပေါ့ ..”

ချစ်သဲ ကို စူးစူးခနဲကြည့်လိုက်ပြီးမှ ..၊

“ကျွန်မက စိုးရိမ်နေတာတစ်ခုပဲ၊ ဒီပတ်ဝန်းကျင်မှာများ သမီး ချစ်သဲ ရဲ့ ခင်ပွန်းရှိနေရင် ကျွန်မတို့တွေက မရှင်းပြဘဲ မှိန်းတုတ်နေတယ် ထင်သွားမှာ ..”

မှတ်ထားလိုက်စမ်း ချစ်သဲ ..၊

ငါ့သားကြီးကို ရှင်းပြခွင့်မရအောင် ညည်းရဲ့ သဘောကောင်းမနောကောင်း စည်းရုံးခြင်းတွေနဲ့ ဖုံးကွယ်ဖို့ကြိုးစားခဲ့တာတွေ ဘယ်လိုလဲ ..။

ဒီပွဲမှာ သူမသာ ဝင်မရှင်းခဲ့လျှင် ဒါမှမဟုတ် လေး သာ ရောက်မလာခဲ့လျှင် ..၊

နောက်ထပ် အကျယ်တဝင့်ပြောလာဖို့လည်း မရှိတော့သည့် အကြောင်းအရာတစ်ခုက ရှင်းပြဖို့လည်းမလိုတော့ဘဲ သူမက မောင့် ဇနီးအဖြစ် အဖတ်တင်ကျန်ရစ်ခဲ့မည်။

ဒါကို လက်တို့ပြီး လိုက်ရှင်းပြဖို့လည်း မကောင်းတတ်တော့သည့် အခြေအနေမှာ မောင့် ဘက်ကလည်း ကိုယ့်ဇနီးလိုလိုနဲ့ပဲ ငြိမ်နေလိုက်ရမှာဖြစ်၏။

ချစ်သဲ လိုချင်ခဲ့တာ ဒီလိုပုံစံမျိုး ..၊

လူ့အယောက်သုံးဆယ်စာလောက် ဝင်ဆံ့နိုင်သော စားပွဲရှည်ကြီးမှာ နေရာယူကြတော့ ချစ်သဲ က မောင့် အတွင်းရေးမှူးလိုလို၊ ဘာလိုလိုနှင့် ရှုလအစီအစဉ်အတိုင်း မောင့် သားမှာဖြစ်သည်။

ဒါပေမယ့် လေး က လက်တို့သတိပေးစရာမလိုပေ ..။

“ကိုကို ထိုင်လေ ..”



ထိုင်ခါနီးမှ ဖုန်းလာသဖြင့် မောင် က ပြန်ထဖို့ပြင်လျှင် လေး က လက်ကိုဆွဲပြီး ထိုင်ခိုင်းကာ ..၊

“ဒီမှာလည်း လူကြီးတွေနဲ့ အလုပ်ကိစ္စပြောနေကြတာ ကိုကိုရယ်၊ ထမင်းလည်း စားရဦးမှာကို ဖုန်းခဏပိတ်ထားလိုက်ပါ၊ လေး ယူထားမယ် ပေး ..”

ဖုန်းကို ဆွဲယူပစ်လိုက်တာ ဖွတ်တရွှတ် ..၊

ပြီးတော့ အားလုံးကိုပြုံးပြကာ ..၊

“သုံးဆောင်ကြပါရှင် .. လေး က နောက်ကျနေတော့ အားလုံးနဲ့ စကားမပြောရသေးဘူး၊ ထမင်းစားရင်း ပြောမယ်နော် ..”

“ဟုတ်တာပေါ့ .. စားသောက်ရင်း စကားပြောရင်း ထမင်းပိုမြိန်တယ် ..”

“ဟွန်း .. လေး က စီးပွားရေးကိစ္စတွေမှာ သိပ်မသိတော့ ပြောမှားဆိုမှားဖြစ်ရင် ကိုကို့ ဂုဏ်သိက္ခာထိခိုက်မှာစိုးလို့ ..”

“မဟုတ်တာ သမီးလေးရယ် .. မသိတာကို သိအောင်ကြိုးစားရမယ်၊ မတတ်သေးရင် တတ်အောင်သင်ရတယ်၊ ကိုယ့်ခင်ပွန်းသည် လုပ်တဲ့အလုပ်ကို ငါနဲ့ မဆိုင်ဘူးဆိုပြီး ဘယ်တော့မှမနေနဲ့ .. သိလား..”

“ဟုတ် .. အန်ကယ်လ် ..”

“အေးအေး .. သမီးက သွက်သွက်ထက်ထက်လေးပဲ သင်လွယ်တတ်လွယ်မှာပါ ..”

“သဲန့်ခ်ယူပါ ..”

လေး ထင်တိုင်းကြပစ်လိုက်သည်။ စိတ်ထဲမှာတော့ ဒါတွေကို ကိုကို စိတ်ချမ်းသာဖို့လုပ်ပြနေတာမဟုတ်ဘူးလို့ တင်းထားမိ၏။

ဒါပေမယ့် ဘိုးဘိုးကတော့ ပြန်သွားပါပြီ။ လေး မလာခင်မှလေးမှာပဲ ခေါင်းမကြည်လို့ဆိုပြီး ပြန်သွားပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ အားလုံးပြေလည်သွားပြီဆိုမှ ဘိုးဘိုးရှေ့ကို ပြေးသွားရဲမှာမို့ ...၊

"ကိုကို့ စားလေ ဘာဖြစ်လို့ လေး ကိုပဲ ကြည့်နေတာလဲ .. လေး ကို စိတ်ဆိုးနေလို့လား .."

"သမီးရေ လူကြီးတွေကို အရင်ဦးချရတယ်လေ၊ ဘာဖြစ်လို့ သားကြီးပန်းကန်ထဲ အရင်ထည့်ပေးတာလဲ .."

"အိုး .. အိုး .. ဒါ သဘာဝကျတာပဲဗျာ .. သူ့ခင်ပွန်းက သူ့ရဲ့ အိမ်ဦးနတ်လေ .."

"ဟုတ်တယ်လေ .. လုပ်ပါစေ၊ အားလုံး မိသားစုတွေဝိုင်းဖွဲ့စားသောက်ကြတယ်လို့ပဲ သဘောထားလိုက်၊ သမီးလေးက အရမ်းချစ်ဖို့ကောင်းတာပဲ .."

အားလုံးရဲ့ ချစ်ခြင်းတွေကို စုပြုံရယူပြီးတာနှင့် လေး ဒီနေရာက ခွာဖို့ ခြေလှမ်းပြင်၏။ ကြည့်လိုက်တိုင်း လှလွန်း ကလည်း ကိုယ့်နားမှာ ရှိမနေခြင်းကြောင့် တစ်ယောက်တည်း အကြံအိုက်နေ၏။

မောင့် လက်ကိုချိတ်၍ တတွဲတွဲလိုက်ပါနေရင်း လက်ကိုလွှတ်ကာ မသိမသာနောက်ချန်နေမိသည်။ ပြီးတော့ မောင် စကားပြောနေမှ အနားကပ်၍ ...၊

"လေး ပြန်နှင့်တော့မယ် ကိုကို .."

သူ ဘာမှမမေးမြန်း မတားဆီးနိုင်အောင် မအားလပ်သည့်အချိန်ကို တမင်ရွေးပြောပေမယ့် လေး ခြေလှမ်းပြန်ရုတ်လိုက်တာနှင့် မောင်က လက်ကိုဖမ်းကိုင်ထားလိုက်ပြီး ...၊

"နေဦး .."

လေး မျက်နှာလေးမဲ့သွားသည်။

"သမီးက ဘာတွေကပ်ပူနေတာလဲကွ .. သူလည်း နားချင်လို့နေ



မှာပေါ့ .. ပေးနားလိုက်ပါ ကိုမောင် ရ .."

မကြာသေးခင်ကမှ သိရတဲ့ ဦးအောင်ထွန်း ဆိုသည့် ချည်မျှင်စက်ရုံပိုင်ရှင် သူဌေးကြီးပါ။

ထိုလူကြီးက နှာခေါင်းပွပွကြီးကြီးနှင့် နှုတ်ခမ်းကလည်း တွဲသည်။ ထိုပြင် သဘောကောင်း၍ ဖော်ရွေသည့်မျက်နှာကြီးကလည်း ချစ်ခင်ဖို့ကောင်း၏။

ရှုံ့မဲ့မဲ့ဖြစ်နေသည့် လေး မျက်နှာလေး ချက်ချင်းပြုံးသွားကာ ...၊

"ဟုတ် .. ဟိုလေ .."

"ခဏနေဦးလို့ .."

မောင် က လက်လေးကိုဖိဆွဲထားပြီး လေး ဆက်မပြောနိုင်ခင် ပိတ်ပြော၏။ ရုန်းကြည့်တော့လည်း မရ၊ လေး သူ့နဲ့လည်း မခေါ်ချင်ဘဲ ဖြစ်နေကာ ...၊

"ကိုကို့ .."

လူတွေ ခဏလေးမျက်ခြေပြတ်သွားတုန်း လက်ကိုဆောင့်ရုန်းလိုက်ကာ ...၊

"ဘိုးဘိုးက လေး ကို စိတ်ဆိုးသွားတာ .."

"ဘာအကြောင်းနဲ့လဲ .."

"ဘာအကြောင်းလဲဆိုတော့ ကိုကို သိတာပဲ၊ အဲဒါ ဘိုးဘိုးဆီကို လေး သွားမှဖြစ်မယ် .."

"မင်းကို မသွားရဘူးပြောမိလို့လား .. ကိုယ် လိုက်ပို့မယ် ခဏစောင့် .."

"ဟင့်အင်း .. မပို့နဲ့ .."

လက်ကိုပြန်ဆွဲလိုက်သဖြင့် လေး က လက်လေးနောက်ပစ်ဝှက်လိုက်ပြီး ကလေးလို နောက်ဆုတ်ရှောင်၏။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ချာခနဲလှည့်ထွက်သွားလေသည်။

ကျွတ် .. ဒီကောင်မလေးတော့ ..။

"ကိုမောင် .."

လေး နောက်ကို လိုက်ဖို့ပြင်လိုက်သည့် သူ့ရှေ့မှာ ချစ်သဲ က ပိတ်ရပ်ထားလိုက်ကာ ..။

"သင်တန်းကိစ္စအတွက် ပါမောက္ခ ဒေါ်နီချို က တွေ့ဖို့စောင့်နေတယ် .."

"ဩော် .. ဟုတ်တယ် .. ဆောရီး .."

လေး ကို လှမ်းကြည့်ရင်း နဖူးတစ်ချက်ကုတ်၏။ ချစ်သဲ က ဒီပွဲအစတုန်းကလောက် ချိုကြည်မနေသော်လည်း အပြုံးယဲ့ယဲ့နှင့် ရှိနေဆဲဖြစ်ကာ ..။

"ဘာလဲ ..ကလေး စိတ်ကောက်သွားတာ ပြေးချော့ရမယ့်တာဝန်ပိုလာလို့လား .."

"မဟုတ်ပါဘူးကွာ .. အတူတူပြန်လို့ရနေတာကို .."

"သူ တခြားသွားဖို့ရှိသေးလို့ ဖြစ်မှာပေါ့ ကိုမောင် ရယ်၊ သူ ရောက်တဲ့ပုံကြည့်ရတာ ဒီကိုလာဖို့ပြင်ဆင်ထားတာမဟုတ်သလိုပဲနော် .."

ချစ်သဲ ပြောလိုက်မှ မောင် စဉ်းစားမိသလို မျက်မှောင်ကုတ်သွားသည်။

"ကိုမောင် နဲ့ ဒီကောင်မလေး အဆင်မပြေဖြစ်ထားကြတာ ချစ်သဲ သိပါတယ်၊ ဘယ်သူပြောပြောမပြောပြောကို မောင် တို့ကို ပုံစံတွေက သိသာတာပဲဟာ .."

သူ့ပုံစံ ဒီလိုဖြစ်သွားတာလား ..။

မောင် စိတ်မကောင်းဖြစ်သွားမိသည်။ လေး က ငယ်တဲ့သူဖြစ်သည်။ ကိုယ့်ဘက်မှာ အနာတရဖြစ်ရတာကြောင့် စိတ်ဆိုးနေမိသလို



ဖြစ်ခဲ့လျှင် ကိုယ်ကသာမပြည့်ဝတဲ့သူဖြစ်တော့မည်။

အေးလူတောင် အကဲခတ်မိသည်ဆိုလျှင် လေး က ဘယ်လိုထင်မလဲ ..။

သူမလေး ဒါကြောင့် ဘယ်လိုခံစားနေရရှာမလဲ ..။

"ကိုမောင် .."

"ဟင် ..."

ချစ်သဲ က မောင် ငိုင်တွေသွားတာကို အဓိပ္ပာယ်တစ်မျိုးကောက်လိုက်ပြီး ပြုံးသည်။

"အဲဒါကြောင့် ချစ်သဲ က မောင် အဆင်ပြေအောင် ကြိုးစားပေးခဲ့တာပါ .."

"ဘယ်လို ..."

"အခု ကုမ္ပဏီလုပ်ငန်းကြီးတစ်ခုရဲ့ အင်ထရီမှာ ချစ်သဲ တို့ ဘာတွေလုပ်နေတာ ဘယ်လိုတင်ပြမှာတွေက အရမ်းအရေးကြီးတယ်မို့လား၊ လေး က ကလေးဆန်လွန်းတယ်၊ ပြီးတော့ .. ခုလို မောင့် အပေါ်မှာ အဲ .. ကိုမောင့် အပေါ်မှာ သူ့အမြင်မကြည်လင်နေဘူးဆိုရင် ပိုဆိုးကုန်မှာလေ .."

"အဲဒါတွေ ကိုယ်ကတော့ ထည့်မတွက်ဘူး ချစ်သဲ၊ သူ ကလေးဆန်တာ ဒီနေရာမှာ ဆွဲမထုတ်သင့်တာတွေထိ သူ့ဘက်ကို ကပ်ဆယ်လုပ်ရတော့မယ်ဆိုရင် အဲဒါ ကိုယ့်ကိုယ်ကိုယ် ကြက်ခြေခတ်လိုက်ရတာနဲ့ ဘာမှမထူးဘူး .."

ချစ်သဲ မျက်နှာ အံ့သြဟန်လေးတွေဖြစ်ထွန်းသွား၏။ မောင့်လေသံ က နိုင်မာခြင်းအပြည့်နှင့် ..။

"ဘဝနှစ်ခုပေါင်းစပ်ထူထောင်ပြီးပြီဆိုရင် သူက ကိုယ်၊ ကိုယ်က သူပဲ .. တစ်ယောက်ရဲ့ ဆိုးမွေကောင်းမွေကို တစ်ယောက်က လက်ခံ

www.burmeseclassic.com

www.burmeseclassic.com



နိုင်အောင် ကြိုးစားရမှာပေါ့ .. မဟုတ်ဘူးလား ..”

“ကိုမောင့် ဘက်မှာ အဲဒီလောက်ထိပြင်ဆင်ထားမှန်း ချစ်သဲ မသိခဲ့ဘူး တကယ် ..”

“ဒါကတော့ မင်းဘက်က စေတနာပိုသွားခဲ့တာပဲဖြစ်မှာပါ၊ အိမ်ထောင်ရေးဆိုတာလည်း မေးမြန်းစုံစမ်းကြည့်လို့ကောင်းတဲ့အရာမှ မဟုတ်ဘဲ ..”

‘ကိုယ့်ကို နေရာတကာဝင်ပါတာကိုး’ လို့ ပြောလိုက်တာလား..။

မောင် က ခြေသည်တစ်ယောက်နဲ့ စကားလှည့်ပြောနေပြီပေမယ့် ချစ်သဲ မျက်နှာလေး တည်တည်တင်းတင်းလေးဖြစ်ကျန်ရစ်၏။

ဒီကောင်မလေး ကို မောင် က ချစ်နေတာလား ..၊



## အခန်း (၃၉)

“ကျွတ် ...”

ဖုန်းဆက်တာ နှစ်ခါရှိနေပြီ ..၊

တစ်ချက်လေးမှ ကိုင်ဖော်မရ ..၊

ဖုန်းမကိုင်တတ်တဲ့ ဒီကောင်မလေး ရဲ့ အကျင့်ကြောင့် ဒေါသထွက်ရတဲ့ဒုက္ခကို လွယ်ပိုးရင်း အိမ်ထိလိုက်သွားရတော့သည်။ ဟိုရောက်တော့ သူ့မှာ ရှေ့ရင်ဆို့ ..၊

“ပြန်သွားပြီလေ မောင် ရဲ့ .. အန်ကယ်လ်သော် တောင် ဆေးသောက်ပြီး ခဏမှိန်းဦးမယ်ဆိုပြီး လှဲနေတယ် ..”

“လေး နဲ့ ဘိုးဘိုးသော် စကားပြောလိုက်ရသေးလား အန်တီချို..”

“ပြောရတာပေါ့ .. သူ့ဘိုးဘိုးကို သူကိုယ်တိုင်ဆေးတိုက်သွားတာ ဘာမှစိတ်မပူနဲ့ မြေးအဘိုးနှစ်ယောက် အဆင်ပြေတယ် ..”

“ဟုတ်ကဲ့ .. ဘိုးဘိုးသော် ပြန်သွားတာ ကျွန်တော်က မသိလိုက်ဘူးဆိုတော့ စိတ်အနှောင့်အယှက်ဖြစ်သွားတယ်ပဲထင်နေတာ ..”

“ဟုတ်တော့ ဟုတ်လိမ့်မယ် .. အန်တီချို လည်း စိတ်ထဲမှာ နည်းနည်းတော့ ကသိကအောက်ဖြစ်သွားမိတယ်လေ၊ အဲဒါတွေက သားနဲ့

www.burmeseclassic.com

www.burmeseclassic.com



မဆိုင်ပါဘူး၊ ကိုယ့်ကလေးမိုက်တာကိုပဲ မချင့်မရဲဖြစ်ရတာပါ၊ ဒါပေမယ့် မီးလေးရောက်လာတော့ မမငြိမ်း ဖုန်းဆက်တယ်လေ ..”

နောက်ဆုံး အိမ်ကိုပဲ လှမ်းဆက်ရကာ ..၊

“လေး ပြန်ရောက်ပြီလား ..”

“ရောက်ပြီ ကိုကိုကြီး .. ကိုကိုကြီး အခုပြန်လာပြီလား၊ ညီမလေးတို့က ညနေစာစားဖို့ပြင်နေတာ၊ ကိုကိုကြီး ပြန်လာပြီဆို စောင့်နေမယ်လေ ..”

“မစောင့်နဲ့တော့ ..”

ဒီကောင်မလေး ဖုန်းမကိုင်တာကိုပဲ စိတ်တိုနေမိကာ အလုပ်ကိစ္စ မပြတ်သေးသည်တို့ကို ဖုန်းနဲ့ပြောရင်း စီစဉ်နေရာချနေရသည်။

အိမ်ရောက်လာတော့ ထမင်းစားခန်းထဲမှာ ဆူညံနေကာ ..၊

“ဖြစ်ရတယ် လေး ရယ် .. ကန်စွန်းရွက်ကိုများ အပင်လိုက် ထည့်ချက်ရတယ်လို့ ..”

“တီလေးပဲ ဇလုတ်ဇခုလေး စားချင်တာဆို ..”

“ဩော် .. ဇလုတ်ဇခု ဆိုတာကိုတော့သိတယ် ..”

“ဟင့်အင်း .. ခေါက်ကြီးရွှေ ကို မေးကြည့်တာ ..”

“မေးကြည့်တော့ ညည်းက ဘာသွားပြောလိုက်တာလဲ ရွှေနားပေ၊ ဒီတိုင်းပစ်ထည့်လိုက်လို့ပြောလိုက်တာလား ..”

သူ တံခါးဝမှာရပ်ပြီး အထဲကိုလှမ်းကြည့်တော့ လေး က ခေါင်းစွပ်ဆွယ်တာလက်ရှည်ခါးက တိုနံ့နံ့လေးနှင့် သရီးကွာတားဘောင်းဘီရှည်အဖြူကျပ်ကျပ်လေးကို ဝတ်ထားသည်။

ဆံပင်တွေကို အားလုံးအပြောင်သိမ်း၍ ခေါင်းစည်းကွင်းအဖြူလေးနဲ့ နောက်မှာ ခပ်မြင့်မြင့်တင်စည်းထား၏။

နားကွင်းအဖြူလေးတွေ တဖျတ်ဖျတ်လှုပ်ခါနေကာ တီလေးနဲ့ ခေါက်ကြီးရွှေ မျက်နှာတွေကို ကူးလူးကြည့်နေသဖြင့် မျက်နှာလေးရော



နားဆွဲကွင်းလေးတွေရော တစ်ချက်မှ အနားမရကြရှာ ..။

သူ့မလေး၏ အိမ်နေရင်း စတိုင်လ်ကိုက ဒီတိုင်းပဲဖြစ်ကာ လေး ကို မြင်လိုက်ရတိုင်း စိတ်ပျက်ရိုးအီသွားသည်ဆိုတာ မရှိခဲ့ဘူးပေ ..။

ပြင်ပြင် မပြင်ပြင်လှနေ၏။ ပြောပြော မပြောပြော စကားပြောနေတတ်သည့် မျက်ဝန်းလေးတွေနှင့် အမြဲတမ်းစိုအိနေသော နှုတ်ခမ်းလေးတွေကိုလည်း ပိုင်ဆိုင်လေသည်။

သူ့ကို ခေါ်ငြိမ်းချမ်း က လှမ်းမြင်သွားကာ အရင်းကနေဆွဲကိုင်ထားသည့် ကန်စွန်းရိုးကို ပန်းကန်ထဲပြန်ထည့်လိုက်ပြီး ..၊

“ကဲ .. လာ .. လာ .. ဟိုမှာ ပွဲကြီးပွဲကောင်းဆင်နွှဲခဲ့ရပေမယ့် ဗိုက်ထဲမှာ ဘာမှမရှိခဲ့ဘူးမို့လား .. တစ်ခါတည်းဝင်စားလိုက်၊ ယောအီမှာ ကန်စွန်းရွက်ငါးခေါင်း .. ဟင် ..”

ကန်စွန်းရိုးကိုပြန်ချ၍ ငါးခေါင်းကိုခပ်လိုက်တော့ ပဲ့ရွဲ့ကျန်ခဲ့တာ တစ်ချို့အပြင် ဖွန်းထဲမှာပါလာသည့် ပါးဟပ်ရိုးကြီးတွေက ပြူးတူးပြဲတဲ ..

“ဟဲ့ .. ဒါ .. ဒါကြီးကို ဒီတိုင်းထည့်လိုက်တယ် ..”

နောက်ထပ် ပြတ်ရွေ့ကြောင်းတစ်ခုပေါ်လာတော့ လေး ခေါင်းလေးမတ်သွားပြန်ကာ ..၊

“အဲဒါကြီးကို လေး မှ မကိုင်ရဲတာ ..”

“ရွှေနားပေ ..”

ခေါ်ငြိမ်းချမ်း စိတ်တိုတိုနှင့် အသံကုန်ခေါ်၏။ ရွှေနားပေ မျက်လုံးပြူးခနဲဖြစ်သွားပြီးမှ အနားတိုးလာကာ ..၊

“မမကြီး ဘာဖြစ်လို့လဲ ..”

“ဒီမှာ ဒါကြီး .. ဒါကြီးကို ဘာဖြစ်လို့မကိုင်ဘဲ ချပေးထားတာလဲ ..”

“အဲ့ဒါ ချဉ်ဟင်းချက်ရမယ်ဆိုမှ ဟိုဘက်ရပ်ကွက်ကညနေဈေးလေးမှာ ခြံ .. ခြံစောင့်ကို ပြေးဝယ်ခိုင်းရတာ ..”

“ဝယ်တာတွေ မပြောနဲ့ ညည်းဘာသာ ဟိုဘက်ရပ်ကွက်ကဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ် .. မြစ်ထဲကို ခုပဲ ဒိုင်ဗင်ထိုးဆင်းပြီးဖမ်းလာလာ ကောင်မလေးချက်ဖို့ ဒီတိုင်းချပေးထားရလားလို့ ..”

တအားအော်ပြောနေသဖြင့် လေး နဲ့ လှလွန်း တို့ မျက်နှာလေးတွေ ရှုံ့မဲ့လျက် ပန်းလေးတွေပါ ကျုံ့နေကြ၏။ ရွှေနားပေ ကတော့ ဒေါ်ငြိမ်းချမ်း ကို ပြူးပြဲကြည့်၍ နားစွံ့နေရဆဲဖြစ်ကာ ..၊

“သူက လုပ်တတ်တယ် .. ဒေါ်ကြီးနားနေပါဆိုလို့ ..”

“အောင်မယ်လေး .. နားပါဆိုတိုင်းပဲ ကွယ်ရာမှာ စိတ်ချလက်ချ နားနေရသလားလို့ ..”

“ဒုန်း ...”

“အောင်မယ်လေး ..”

“ဩော် .. ဒါကျတော့ နားကကြားသွားသပေါ့ ..”

“ကြည့် .. ကြည့်နေတာကိုး မမကြီးရဲ့၊ မမကြီး အဲဒီဖန်ခွက်ကို ဆောင့်ချတော့မယ်ဆိုပြီး ..”

“တော်စမ်း ..”

“ဟုတ် ...”

“ဘာလုပ်တာလဲ .. ဒါ ..”

“မ .. မကြီးပဲ ကိုင်ထားဆို ..”

“အောင်မယ်လေး ငါ ထုလိုက်ရရင်တော့ သေတော့မယ်နော်..”

“သေနေပါပြီ မမကြီးရဲ့ ..”

“ဘာ ...”

“ဟိုမှာ .. ငါး .. ငါးက မျက်လုံးတောင်ဖိတ်နေပြီဥစ္စာ သေနေပါပြီ ..”

“ရွှေနားပေ ...”

“ရှင် ...”

“ခစ် .. ခစ် .. ခစ် ..”



“ဘာရယ်ကြတာလဲ .. နင်တို့က ..”

လေး နဲ့ လှလွန်း ပါးစပ်တွေ ချက်ချင်းပိတ်သွား၏။ မောင် က ဝင်လာပြီး ထမင်းစားပွဲကို ငုံ့ကြည့်သည်။ မန်ကျည်းရွက်နုနုနဲ့ ကန်စွန်း ရွက်နဲ့ ငါးခေါင်းချဉ်ဟင်းက အညာဆန်ဆန် စားချင်စရာလေးပါ ..။

သူ ငုံ့ကြည့်လိုက်တော့ လေး ကလည်း မော့ကြည့်၏။ ပြီးတော့ လည်ပင်းလေးပွတ်၍ မဲ့တဲ့တဲ့ ..၊

“ဒီဟင်းက ကောင်မလေး ချက်ထားတာလား ..”

“ဟုတ်ပါ့ရှင် .. ညနေစာချဉ်ဟင်းလေးတစ်ခွက် ချက်ထားလို့ ပြောခဲ့မိပါတယ်၊ မသိတဲ့လူက .. မကြားတဲ့လူကို ဆရာတင်ခိုင်းခဲ့မိတာ ငါ့အမှား ..”

အမုန်းမပါသော ဒေါသမျက်စောင်းနှင့် ဒေါ်ငြိမ်းချမ်း က လေး ကိုကြည့်၍ ..၊

“ဟောဒီ ရွှေမင်းသမီးကလေ လုပ်တတ်ချင်တာလည်း များလို့ လုပ်ချလိုက်ရင်လည်း အားလုံး ဟင်ခနဲ ဟာခနဲပဲ ..”

“တီလေးကလည်း လေး က အညီအဟောက်တွေကိုင်လို့မရဘူးဆိုမှ .. ချက်ပြုတ်ပေးမယ်ဆိုလည်း အသားငါးတွေတော့ ကိုင်ရမှာပေါ့ .. အဲဒါ ဒေါ်ကြီးရွှေ အပြစ်ပဲ ..”

လှလွန်း က လေး ဘက်ကနေ ကာကွယ်ရင်း ရွှေနားပေ ကို လက်ညှိုးထိုးသည်။ ရွှေနားပေ က မကြားတစ်ချက်ကြားတစ်ချက်နှင့် ..၊

“တကယ်ပြောတာပါ .. ငါးကသေနေပါပြီ၊ ပါးဟပ်မထုတ်လည်း ဟင်းအိုးထဲထည့်လိုက်မှတော့ သေပြီပေါ့ ..”

“အေးပါ .. အခုလိုရှင်းပြတာ ကျေးဇူးတင်ပါတယ် ရွှေနား ပေ .. ကြွပါ .. ဒီနားက မြန်မြန်ကြွပါတော့ ..”

“ဟုတ်ကဲ့ ..”

“ဟဲ့ .. ဟဲ့ .. မစားရသေးဘူးလေ .. ဘာလုပ်တာတုံး ..”

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ငြိမ်းချမ်း ဟင်းပန်းကန်တွေကို ကပျာကယာပြန်ဆွဲထားပြီး အော်မှ ..၊

"မမကြီးပဲ ရှင်းပစ်လိုက်တော့ဆို .."

"တော်ပါပြီ .. တော်ပါပြီ .. ငါတော့ အသက်ထွက်တော့မှာပဲ၊ သားကြီးရေ .. ရွှေနားပေ ကို ခေါ်သွားစမ်းပါဟဲ့ .."

"ခစ် .. ခစ် .. ခစ် .."

လှလွန်း က တွင်တွင်ရယ်နေကာ ရွှေနားပေ ကို သွားတော့ဖို့ လက်ခါပြလိုက်၏။ လေး ကလည်း သိသည်။ ရွှေနားပေ ပြီးလျှင် ကိုယ့်အလှည့်ပဲဟု ..၊

"လေး .. နင်က ဘယ်လဲ .."

ချဉ်ဟင်းပန်းကန်ကိုကိုင်ပြီး လေး က ထရပ်လိုက်တော့ လှလွန်း တအံ့တသြ ..။

"ဒါ .. ဒါကြီး သွားထားလိုက်တော့မယ်လေ .. တော်ကြာ .."

"ဘာမှမဖြစ်ဘူး .. ချထားလိုက် .. ချထားလိုက် .."

ဒေါ်ငြိမ်းချမ်း က ရှုံ့မဲ့နေသည့်မျက်နှာကြီးကို ပြန်လျှော့ချကာ..၊

"တခြားဟင်းတွေရှိနေတာပဲဥစ္စာ အဲဒီပန်းကန် ဘေးနည်းနည်း ရွှေ့ထားလိုက်ပေါ့၊ သားကြီး ထိုင်လေ .."

"ကျွန်တော် မစားတော့ဘူး .."

ပြောပြီး လေး ရဲ့ ဘေးမှာ လက်ထောက်၍ ငုံ့ကာ ..၊

"လေး ထမင်းစားနေတာလား .."

"ဟင့်အင်း .."

"မစားရသေးပါဘူး သားရယ်၊ မင်းက မစောင့်နဲ့ဆိုပေမယ့် ပြန်လာပြီမှန်းသိလို့ ပြင်ဆင်ပြီး စောင့်နေကြတာလေ .."

"ဟုတ်လား .. ဒါဆို တီလေးတို့ပဲစားနှင့်လေ၊ လေး ကို ကျွန်တော် လက်ဆောင်ပေးစရာရှိလို့ .."



"ဟော!..."

"ဟာ .. ကိုကိုကြီးနော် .. ညီမလေးလည်းရှိသေးတာကို .."

"ကဲပါဟယ် .. ညည်းလေးကို ကျုပ်ကပေးပါ့မယ်၊ အဲဒီနှစ်ယောက် အပေးအယူတွေမြန်မြန်တည့်ကြပါစေပဲ ဆုတောင်းစမ်းပါ၊ တော်ကြာ ကျုပ်သားကြီးကို အပျိုကြီးက ချိန်လိုက်၊ တစ်ခုလပ်မုဆိုးမက ချိန်လိုက်နဲ့ အကုသိုလ်တွေ များရလွန်းလို့ .."

ဒေါ်ငြိမ်းချမ်း က ပေါ်တင်ပဲ ဖွင့်ပြောညည်းညူကာ ..၊

"ကောင်မလေးရယ် .. တီလေးက ကျုပ်ဂုဏ်မလေးလည်းတော်သေးတဲ့ ညည်းလေးကိုပဲ ချွေးမတော်ချင်တာပါ၊ ဟောဒီပါးစပ်က ဘာတွေပြောနေနေ တစ်မျိုးတစ်မည်ထင်ပြီး နောက်ထပ်တစ်ခါ ဘေးထွက်မနေပါနဲ့အေ .."

လေး မျက်လွှာချသွားကာ မနေတတ်သလိုလေးနှင့် ပခုံးပွတ်လိုက် ပါးကိုင်လိုက် ..၊

"ညားကြတာလည်း တစ်လကိုးသီတင်းမဟုတ်တော့ဘူး၊ ခုထိလဲ လင်မယားနဲ့ကို မတူကြဘူး .."

ဘုရား ..၊

လေး မျက်ခုံးလေးတွေ ပင့်တက်သွားသည်။ ဒေါ်ငြိမ်းချမ်း ကတော့ ဆံပင်သပ်သလိုလိုနှင့် မျက်နှာလွှဲဖို့ပြင်နေသည့် မောင် ကိုပဲကြည့်နေလျက် ..၊

"တီလေး .. ဒီနေ့လိုအဖြစ်မျိုး နောက်ထပ်မကြုံချင်တော့ဘူးနော် သားကြီး .. အေး .. နောက်တစ်ခါဆိုရင်လည်း ခုလို ယဉ်ယဉ်ကျေးကျေး ဖြေရှင်းနေမှာမဟုတ်တော့ဘူး .."

"တီလေးရာ .. အဲဒါ နားလည်မှုလွဲကြတာပါ .. ချစ်သဲ .."

"တော်ပြီ .. အဲဒီနာမည်ထပ်မခေါ်နဲ့ .. နောက်တစ်ခါ ဘာပဲဖြစ်ဖြစ် ကိုယ့်မိန်းမနဲ့ ကိုယ်လုပ် .."

www.burmeseclassic.com

www.burmeseclassic.com



"ဟား …"

"ကုမ္ပဏီဖွင့်ပြီးရင်ပြောတာလေ .. မသိတာကို သိအောင်သင်ပေး၊ များနေလည်း ပြင်ပေးရမှာပေါ့ .. တီလေးကတော့ လင်မယားချင်းလုပ်တာကိုပဲ သဘောကျတယ် .."

"တီလေးကလည်း .."

လုလွန်း မျက်စိမျက်နှာပျက်နှင့် တားကာမှ ခေါ်ငြိမ်းချမ်း မျက်တောင် တဖျက်ဖျက်ခတ်လျက် ..၊

"မဟုတ်ဘူးလေ .. ငါပြောတာက .."

လေး ကတော့ ဖျတ်ခနဲထပြေးသွားလေသည်။

"အေးပေ့ .. အဲဒီလိုထင်သွားလည်း ပြီးတာပဲ၊ ကျုပ်က မြေးလိုချင်လှပြီ .. မြန်မြန်ကြင်နာကြဖို့က လိုရင်းပဲ .."

မောင် မြန်မြန်ဆန်ဆန်ထွက်လာခဲ့တာတောင် ကြားအောင်လှမ်းအော်လိုက်သေးသည်။

ပြီးတော့ ..၊

"ကတည်း ဘယ်လိုများ လင်မယားတမ်းကစားနေကြတာလဲ မသိဘူး .."

ဤ



## အခန်း (၄၀)

"လေး .. လေး .. အဲ့ဒါတွေက ဘာလုပ်တာလဲ .."

ကျောပိုးအိတ်သေးသေးလေးထဲကို အဝတ်ခေါက်တွေဖြစ်သလို ထိုးထည့်နေရင်း လေး က လှည့်ကြည့်ကာ ..၊

"လေး .. ဘိုးဘိုးကိုပြောခဲ့ပြီးပြီ .."

"ဘာကိုလဲ .."

"ဘိုးဘိုးနဲ့ ခဏပြန်နေမယ်လို့ .."

"ဘာပြောတယ် .."

သူမဘေးကို ဘယ်လိုခြေလှမ်းနဲ့ ရောက်သွားခဲ့မှန်း မသိလိုက် ..။

ယောက်ျားကိုထားခဲ့ပြီး မိဘအိမ်ပြန်မည့်အဖြစ်ကို သူမက အပေါ်ထပ်နဲ့ အောက်ထပ်အခန်းပြောင်းအိပ်မယ့်ပုံမျိုးနှင့် ဘာမှမဟုတ်သလိုလို ..။

"ဘိုးဘိုး နေမကောင်းဘူးလေ .. ပြီးတော့ လေး ဒီမှာနေရင် ကိုကိုနဲ့လည်း အဆင်ပြေတာမဟုတ်ဘူး .."

"ဟာကွာ .."

"ဒီမှာ မနေချင်ဘူး၊ ဘိုးဘိုးဆီမှာ တစ်လလောက် .."

"မင်း အိမ်ထောင်သည်ဖြစ်နေကာမှ မပျော်လို့ မိဘအိမ်ပြန်တယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ လူကြားကောင်းသလား ပြန်စဉ်းစားဦး ..."

"လူကြားကောင်းဖို့ ကြိုးစားနေစရာမှလိုပါဘူး၊ ကိုယ် စိတ်ချမ်းသာဖို့အဓိကပဲ ..."

"ဟော့ ..."

"ကိုကို ဖယ်နော် .. လေး .. ဒီအိတ်လေးတစ်လုံးစာပဲ ယူမှာ .."

"အဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့ပဲဖြစ်ဖြစ် လုံးဝခွင့်မပြုဘူး .."

အင်္ကျီခေါက်လေးကိုင်ထားသည့်လက်ကို အင်္ကျီပြန်လွတ်ကျအောင် ခါချလိုက်ပြီး မောင် က လေး ရဲ့ လက်မောင်းလေးနှစ်ဖက်ကိုဆွဲလှည့်လိုက်သည်။

"ကိုယ့်ကို ထပ်မနှိပ်စက်ပါနဲ့တော့ လေး ရယ် .. မင်းကို ကိုယ် အာဏာပါဝါတွေနဲ့ တားဆီးနေတာမဟုတ်ဘူး၊ တောင်းပန်နေတာ တစ်လ မပြောနဲ့ တစ်ညလေးတောင် မင်းကို ကိုယ်မခွဲနိုင်ဘူး .."

"အပိုတွေလျှောက်ပြောနေတာ .."

"ဘာကိုအပိုလို့ ပြောတာလဲ .."

"လေး ကြောင့် ကိုကို နှာခေါင်းထိသွားတုန်းက တစ်ညလုံးအပြင်မှာ .."

"မင်းက ကိုယ့်ကို မအိပ်ဘဲ ငုတ်တုတ်ထိုင်စောင့်နေလို့လား ပြောပါဦး .."

"ဒါကတော့ .."

"ဟွန့် ..."

မောင် က လေး မျက်နှာလေးကို ငုံ့မိုးကြည့်ရင်း ပြုံး၍ ..။

"မင်းနဲ့တစ်ခန်းတည်း အတူရှိရှိ မရှိရှိ မင်းကို မနမ်းဘဲ ကိုယ် တစ်ညမှ မအိပ်ဖူးဘူး .."

ဟင်!...၊

လေး သူ့မျက်နှာကို ဖျတ်ခနဲမော့ကြည့်သည်။ ရယ်မြူးရိပ်တို့နှင့် ကြည်စင်နေသော မျက်နှာက မျက်လုံးချင်းဆုံကာမှ ရယ်ကာ ..၊



"ဘိုးဘိုးသော် ကို မင်း ဘယ်လောက်ချစ်မှန်း ကိုယ်သိပါတယ်၊ ဟိုမှာ သွားအိပ်ဖို့ကလွဲရင် မင်း စိတ်ချမ်းသာအောင် ကိုယ်အားလုံးကို လိုက်လျောမယ် ဟုတ်ပြီလား .. ဒါတွေတော့ မလုပ်နဲ့ .."

မောင် က အဝတ်တွေထည့်လက်စနှင့်အိတ်ကို ဗီရိုတွေရှေ့ထိ လွှဲပစ်လိုက်ကာ ..၊

"ကိုယ့်ကို နောက်ထပ်ပစ်ထားဖို့ စိတ်ကူးတွေ ဘယ်တော့မှ မကူးမိစေနဲ့ .."

လေး ရဲ့ ပခုံးလေးကိုသိမ်းဖက်ကာ မွေ့ရာစပ်မှာ အတူတူထိုင်လိုက်ကာ ..၊

"ဒီမှာ မင်းကို ကိုယ်ပေးမလို့ .."

မြင်လိုက်တည်းက လက်စွပ်မှန်းသိသည်။ ထို့ကြောင့် လက်ကို ဆုပ်ထားလိုက်ပြီး ခေါင်းခါ၍ ..၊

"လက်စွပ်လေးပေးပြီး အားလုံးကို ပြည်ဖုံးကားချဖို့ မကြိုးစားနဲ့ ကိုကို .. မရဘူး .."

"ဘာဖြစ်လို့လဲ .."

"ကိုကို့ကို လေး မကျေနပ်ဘူး .."

"ကိုယ့်ကို .."

"ဟုတ်တယ် .."

"ဒါဆိုပြော .."

"ပြောရင် ကိုကိုက မဟုတ်ရပါဘူး၊ ဘာဘူး .. ညာဘူးနဲ့ လုပ်မှာပဲ .."

မောင် က လေး ရဲ့ လက်သီးဆုပ်လေးကို ခပ်ဖိဖိဆွဲယူထားပြီး ရယ်ကာ ..၊

"ဘာဘူး .. ညာဘူးတွေမပါဘဲ ရှင်းပြမယ်ဆိုရင်ရော .. လက်စွပ်ဆောင်ပေးရမှာပေါ့ကွ .. ကိုယ့်ဘက်ကလည်း ဒီအခွင့်အရေးတော့ ရသင့်တာပေါ့ .."

www.burmeseclassic.com

www.burmeseclassic.com



"ကိုကို စပ်ဖြဲဖြဲနဲ့ လေး ကို လာစမနေနဲ့နော် .."

ပြောလိုက်မှ အသံထွက်အောင်ရယ်ကာ လေး ရဲ့ ပါးလေးတစ်ဖက်ကို ခပ်ဖွဖွလိမ်ဆွဲ၍ ...၊

"စတာမဟုတ်ဘူးကွ .. မင်း ပြောသမျှချစ်ဖို့ကောင်းနေလို့ ဒေါသထွက်ဖို့မေ့နေတာ .."

"ဟွန်း ..."

လေး က ပါးချိုင့်လေး လှစ်ခနဲပေါ်သွားအောင်မဲ့ပစ်၏။

"ပြောလေ .. ကိုယ့်ကို ဘာမကျေနပ်တာလဲ .."

"ဒီနေ့ ဖြစ်လာရတဲ့စိတ်ရှုပ်ရတဲ့အကြောင်းတွေ ဘယ်က အခြေခံလာတာလဲ ကိုကို တကယ်မသိဘူးပေါ့ .."

မောင့် မျက်နှာတည်သွားပြီး မျက်မှောင်တစ်ချက်ကုတ်၏။ ပြီးမှ..

"ဟုတ်တယ် .. ဒီနေ့ထိ ကိုယ် အမှတ်တမဲ့ပဲ၊ ဒါပေမယ့် ခုတော့ သိပါပြီ .. ဒါပေမယ့်ကွာ .."

"ဒါပေမယ့်တွေ များလှချေလား .."

"များရတဲ့အကြောင်းက မင်းရဲ့ အခြေခံအကြောင်းတရားကနေလာတာဆိုတော့ ကိုယ် မသိခဲ့တာတွေကစပြောရတာလေ၊ ပြောကြေးဆို ကိုယ်ကတော့ မင်းနဲ့လည်း ပတ်သက်တယ်ထင်တာပဲ .."

"ဘယ်လို ..."

မောင် က ခပ်တည်တည်ပြန်ကြည့်၍ ..၊

"မင်း ကိုယ့်ကို ပစ်ထားလို့ နမျောစရာကြီးဆိုပြီး အိတ်ထဲကောက်ထည့်ဖို့ကြံတဲ့သူကကြံတာ ဘာဖြစ်လို့ ကိုယ့်အပြစ်ဖြစ်ရမှာလဲ .."

"ဩော် .. ဩော် .."

"ကျပျောက်တဲ့ လူကလည်း တန်ဖိုးထားရမှန်းမသိဘဲ ပစ်ထားတုန်းကထားပြီး သူများလက်ထဲရောက်တော့မယ်ဆိုမှ ပြေးလွှားပြီး လိုက်လုတယ် .."

"ကိုကိုနော် .."



"ဒါပေမယ့် မောင် ဆိုတဲ့ သက်ရှိလူသားလေးကလည်း ဥစ္စာရှင်မှန်တဲ့သူဆီပဲ .."

"တွေ့လား .. သူ့ကိုယ်သူ အသားယူပြောနေတာ၊ အဲ့ဒီမှာ လဲသေလိုက်လေ၊ ရှင့်လို ကုန်ပုပ်အသိုးအပွကို ပြိုင်ဆိုင်လိုက်လုဖို့များ .. ဟွန်း.."

"ဟား .. ဟား .. ဟား .."

"ကိုကိုနော် .. ဘာလုပ် .."

လေး ထရုပ်လိုက်တာနှင့် မောင် က ရင်ခွင်ထဲဆွဲပွေ့ထားလိုက်ပြီး အတင်းလိုက်နမ်း၏။ သူမ ပြန်ထရုန်းဖို့ကြိုးစားရင်း ရုန်းရင်း နှစ်ယောက်အတူ မွေ့ရာပေါ် လဲကျသွားကြ၏။

ငြင်းဆန်၍မရသော အနမ်းတို့ဖြင့် စကားသံတို့ ခေတ္တဆိတ်သုန်းနေခဲ့ပြီးနောက် ..၊

"ကိုယ်တို့နှစ်ယောက်ကြားမှာ ဘေးလူတွေ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ကြားဝင်လို့မရဘူး၊ အဲ့ဒါ မင်း နားလည်လား ..၊ မင်းကို ကိုယ်ချစ်တယ်၊ ကိုယ့်ဇနီးမဖြစ်ခင်တည်းက မင်းရဲ့ ပုံရိပ်လေးတွေက နှစ်သက်စရာအပြစ်နဲ့ ကိုယ့်ရင်ထဲမှာ စွဲထင်နေခဲ့တာ၊ အဲ့ဒီ မသိစိတ်က မင်း ကိုယ့်ရင်ခွင်ထဲ ရောက်လာတာနဲ့ မြတ်မြတ်နိုးနိုးချစ်မိတဲ့စိတ်တွေ ဖြစ်သွားတာပဲ.."

လေး သူ့မျက်နှာကို စူးစမ်းသလိုငေးကြည့်နေမိသည်။ အပြင်မှာ ညီအစ်ကိုမသိတသိအချိန်ဖြစ်နေသော်လည်း အခန်းထဲမှာတော့ မှောင်နေပါပြီ။

မောင့် မျက်နှာကို မြင်နေရတာက ကိုယ့်မျက်နှာထက်မှာ ထိဘေ့ မတတ်စိုးမိုးနေ၍ဖြစ်ကာ တစ်ယောက်၏ ထွက်သက်လေငွေ့နွေးသာ တစ်ယောက်မျက်နှာကို ရိုက်ပုတ်ကျီစယ်နေ၏။

မောင် က လေး ရဲ့ မေးဖျားလေးနဲ့ ပါးပြင်လေးကို တယုတယ ပွတ်သပ်ငေးရင်း ...၊

"မင်း ကြည်ဖြူလာတာကို လိုချင်လို့ ကိုယ်စောင့်နေတာ ဘေးလူတွေ ဘယ်လိုထင်စရာဖြစ်ဖြစ် မင်းကလွဲပြီး ကိုယ် ဘယ်မိန်းမကိုမှ

www.burmeseclassic.com



စိတ်မကူးဘူး လေး ..၊ အဲဒီလိုကိစ္စတွေမှာ ကိုယ် ဝါသနာမထုံခဲ့သလို မင်းကို ပိုင်ဆိုင်ပြီးမှ ပိုဝေးသွားတယ်၊ ကိုယ့်မျက်လုံးထဲမှာ မင်း တစ်ယောက်ကိုပဲမြင်တာ .."

လေး ရင်တွေ တဒိန်းဒိန်းဆောင့်ခုန်လာသည်။ မောင့် မျက်ဝန်းတွေကို ရင်ဆိုင်မကြည့်ရဲတော့သလိုဖြစ်လာကာ မျက်နှာလွှဲချင်ပေမယ့် မောင် က မျက်နှာလေးကို သိမ်းပိုက်စိုးမိုးထားခဲ့ပြီး ..၊

"မင်း ကိုယ့်နောက်လိုက်လာတော့ ကိုယ် အရမ်းပျော်သွားတာ .."

"အဲဒါ ဟိုတစ်ယောက် အနိုင်ယူသွားတာ မခံချင်လို့ .."

"အဟွန့် .."

"တီလေးတို့ အန်တီချို တို့ကိုလည်း သနားလို့ .."

"ကိုယ့်ကို သဝန်တိုလို့မဟုတ်ဘူးပေါ့ .."

"မဟုတ်ပါဘူး .."

"ကိုယ့်မျက်နှာကြည့်ပြီး ပြောကွာ .."

"ကိုကိုနော် .."

"လေး .. ကိုကို့ကို ချစ်တယ်မို့လားဟင် .."

"ဆုတောင်းလေ .."

"ဘာလို့ဆုတောင်းနေမှာလဲ .. ခုပဲ ရအောင်မေးမှာ .."

"ဟာ .. ဘာလဲ .. မသိဘူး .. သွား .."

မောင် က ဖုန်းဖွင့်ပြီး အလင်းရောင်နဲ့ လေး မျက်နှာလေးကို ထိုးကြည့်၏။ ပြီးတော့ရယ်ကာ ..၊

"ပါးပြင်လေးတွေ နီရဲနေတာ ဘာဖြစ်လို့လဲ သိလား .."

"မသိဘူးဆို .. ကိုကိုနော် .."

"သိအောင်ပြောပြမလို့ .."

"ဟင့်အင်း .. ဟင့်အင်း .."

လေး မျက်လုံးတွေ မှိတ်ပစ်လိုက်ရင်း ရင်ခုန်သံတို့ကြောင့် တင်ကိုယ့်လုံး တုန်ယင်အေးခဲသွားသလိုပင် ..။ အချစ်ဆိုတာ ဘာရယ်လို့



ခွဲခြားဆန်းစစ်ဖို့က ရင်ခုန်သံတွေနဲ့ လုံးထွေးလဲပြိုရင်း ..၊

"ဒေါက် .. ဒေါက် ..."

"လေး ရေ .. မီးလေး .."

"ဒေါက် .. ဒေါက် .."

တံခါးခေါက်လိုက် ခေါ်လိုက်နှင့် ရွှေနှားပေ က အခန်းရှေ့မှာ ဖွဲကြီးကြီးနှင့် ရပ်စောင့်ခေါ်နေ၏။

"လေး ရေ .. အခန်းထဲမှာလည်း မီးဖွင့်တာမတွေ့ဘူး .."

"ဒေါက် .. ဒေါက် .."

"အထဲက ပိတ်ထားတာဆိုတော့ လူရှိမှာပါ .. လေး ရေ .."

"ဟဲ့ .. ဟဲ့ .. ရွှေနှားပေ .. မယ်ရွှေနှား ရေ ..၊ အဲ့ဒီမှာ ဘာလုပ်နေတာလဲ .. ဒါကြီးက ဘာကြီးလဲ .."

ရွှေနှားပေ ရေရွတ်သံတွေကြားကာ ဒေါ်ငြိမ်းချမ်း ကမန်းကတန်း ပြေးတက်လာပြီး ..၊

"သူများလင်မယားအခန်းရှေ့မှာ ဘာလာလုပ်နေတာလဲ ညည်းက.."

မီးရောင်ကို မျက်နှာမူ၍ သူ မြင်အောင်မေးရသည်။ ရွှေနှားပေ က ဒေါ်ငြိမ်းချမ်း မျက်နှာကိုသေချာကြည့်၍ မေးခွန်းကို အဓိပ္ပာယ်ရှာကာ ..၊

"လေး က ဆပ်ပြာဘူးယူလာခိုင်းလို့ .."

ဘုရားရေ ..!

ဒေါ်ငြိမ်းချမ်း မျက်လုံးကြီး ထွက်ကျမတတ်ပြူးကျယ်သွား၏။ ရွှေနှားပေ က သူမ မကြားရတိုင်း သူများကိုလည်း အော်ပြောတတ်သည့်အကျင့် ပါနေသည်ဖြစ်ရာ ..၊

"ဆပ်ပြာဘူးလေ .. ဒီမှာ .."

ဘူးကြီးကို ကိုင်လှုပ်ပြကာ ..၊

"လေး က သူ သုံးနေကျဆပ်ပြာဘူး ယူလာပေးပါဆိုလို့ .."

"အောင်မယ်လေး တိုးတိုးပြောစမ်းပါဟဲ့ .. လာ .. လာခဲ့ .. တော်

www.burmeseclassic.com

www.burmeseclassic.com



တော့ ..”

“ဆပ်ပြာဘူးပေးလိုက်ဦးမယ်လေ .. ရေချိုးခန်းထဲကဘူးက ကုန်နေလို့ သွားဝယ်လာခဲ့တာ ..”

“အေး .. ကျေးဇူးအရမ်းတင်တာပဲတဲ့၊ ညည်းကို လာစမ်းပါအေ အောင်မယ်လေး ငါ့ကိုယ်လုံးကြီးနဲ့ သင်းပါးစပ်ကို အမီပြေးလာရတာ မောလို့သေတော့မယ် ..”

“ကျွန်မ မမောပါဘူး .. ဒီတစ်လမ်းကျော်မှာ စတိုးဆိုင်ရှိတာပဲဟာ ..”

ပြောတော့ .. ပြောတော့ ရွှေနားပေ ကျေးဇူးရှင်မရဲ့ ...၊

ဒေါ်ငြိမ်းချမ်း လှေကားအောက်ရောက်တော့ ယောဟဲဆိုက်နေခဲ့ပြီး ...။

ဒီဆပ်ပြာဘူးကို လေး က ဘာလုပ်ဖို့လဲ ...၊

တွေးကြည့်တော့လည်း မပေါ်နိုင် ...၊

အိမ်ကထွက်သွားဖို့စိတ်ကူးနှင့် သုံးနေကျဆပ်ပြာနဲ့ ရေမွှေးကို သယ်သွားဖို့ လေး တောင်းထားတာကိုမသိ ...။

ဆပ်ပြာဘူးကြီး အိပ်ခန်းထဲထိ ယူခိုင်းပြီးတော့မှား ဒီကောင်မလေး...။

ဒေါ်ငြိမ်းချမ်း ရင်တုန်မပြေနိုင် ...၊

ချစ်တာတော့ ချစ်တာပေါ့ .. ဒါပေမယ့် ...၊

***ပရိသတ်အတွက်***

***ထာဝရ***

www.burmeseclassic.com